
www.dhammaransi.com

# ဘဝနှင့်ရင်းရသော အတွေးအမြင်များ

အတွဲ (၂)

## မေတ္တာရှင်

(ရွှေပြည်သာ)



www.dhammaransi.com

# ဘဝနှင့်ရင်းရသော အတွေးအမြင်များ

အတွဲ (၂)

## မေတ္တာရှင်

(ရွှေပြည်သာ)

[illegible]

www.dhammaransi.com

www.mettashin.com

- ၁၃၂၆ ခုနှစ်၊ တပို့တွဲလဆန်း (၁၅)ရက်၊ အင်္ဂါနေ့ (၁၆-၂-၆၅)၊ မန္တလေးတိုင်း၊ အမရပူရမြို့နန်းတော်ရာ၊ စံပြသစ် ရပ်ကွက်၌ ခမည်းတော် ဦးထီး၊ မယ်တော် ဒေါ်သိန်းရင်တို့မှ ဖွားမြင်သည်။
- ၁၃၃၈ ခုနှစ်တွင် မူလ ဆီးဘန်နီကျောင်းတိုက်ပညာ့ဗိမာန် သာသနာပြုကျောင်း ဆရာတော်ဦးပညာသာမိကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘဝသို့ရောက်ရှိသည်။
- ၁၃၄၆၊ကဆုန်လဆန်း (၁၅)ရက်နေ့တွင်မန္တလေးမြို့၊ တောင်ပြင် မိုးတားကျောင်းတိုက်ခဏ္ဍသိမ်၌ မိုးတားတိုက် အုပ်ဆရာတော် ဦးမေလိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိသည်။
- ရဟန်းဒကာ၊ ရဟန်းအမများမှာ မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ သီတာအေး (၉၀၂)ရပ်ကွက်မှ ဦးဝင်းမြင့်+ဒေါ်ထွေး၊ ဦးဝင်းမြ+ဒေါ်ခင်မူ တို့ဖြစ်သည်။
- ၁၃၄၃ ခုနှစ်မှစ၍ မန္တလေးမြို့ ၊ မူလ ဆီးဘန်နီကျောင်းတိုက်ပညာ့ဗိမာန် သာသနာပြုကျောင်း မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ သာသနာ့မူလိကာရာမ ကျောင်းသစ်ကျောင်းစာသင်တိုက်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကျောင်းကိုက်တို့၌ "ငယ်၊ လတ်၊ ကြီး" အောင်မြင်၍ ဓမ္မာစရိယတန်းရောက်သည်ထိ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

www.dhammaransi.com
www.mettashin.com

- ဆရာနည်းရအောင် အချိန်ယူ၍ အားထုတ်ခဲ့သော ဝိပဿနာနည်းများမှာ -
  မိုးကုတ်ဝိပဿနာ၊ ကသစ်ပိုင်ဝိပဿနာ၊ ပခုက္ကူဝိပဿနာ သင်တန်းတရားတို့ဖြစ်သည်။
  ကျမ်းစာအုပ်များကို ဆရာအနေထား၍ လေ့လာအားထုတ်ခဲ့သော နည်းများမှာ -
  မဟာစည် ဝိပဿနာ၊
  စွန်းလွန်း ဝိပဿနာ၊
  သဲအင်းဂူ ဝိပဿနာ၊
  သစ္စာဒီပက ဝိပဿနာ၊
  ညောင်လွန့်တောရ (ဘုံကျဉ်း) ဝိပဿနာ၊
  အမြိုက် ဝိပဿနာ၊
  လယ်တီ ဝိပဿနာ တို့ဖြစ်သည်။
- ၁၉၉၉ ခုနှစ်တွင် **"မျက်ရည်မကျခင်သိစေချင်"** စာအုပ်ကို စတင်ရေးသား ထုတ်ဝေခဲ့သည်။
- ယခုအခါ ရွှေပြည်သာမြို့၊ မန္တလေးကျောင်းတိုက်၊ မှော်ဘီမြို့၊ သုဒ္ဓဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ မြိတ်မြို့၊ သစ်ညီနောင် ဓမ္မရိပ်သာကျောင်းတိုက်၊ ကော့သောင်းမြို့၊ ဝေနေယျ သုခဓမ္မရိပ်သာကျောင်းတိုက်တို့တွင် သီတင်းသုံးလျက် ပြည်တွင်း၊ ပြည်ပသို့ လှည့်လည်၍ ဝိပဿနာတရားများကို ဟောကြားပြသလျက်ရှိသည်။

www.dhammaransi.com
www.mettashin.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျွန်ုပ်နှင့် စာပေခရီး | ၁ |
| ၂။ | စာပေသုံးမျိုး | ၁ |
| ၃။ | ဇေတဝန်ကျောင်း သုတေသန | ၄ |
| ၄။ | ဗုဒ္ဓဘာသာနှစ်မျိုး | ၆ |
| ၅။ | အာစရိယဗုဒ္ဓဘာသာဝင်(သို့)တကယ့် ဗုဒ္ဓဘာသာဝင်မပြီး | ၉ |
| ၆။ | ပျော်စရာကောင်းသော ဘာသာရေးစာအုပ် | ၁၁ |
| ၇။ | အရက်သမားကို သောတာပန်တည်စေသူ | ၁၄ |
| ၈။ | ငွေရလို့ တရားနာရာမှတစ်ဆင့် | ၁၆ |
| ၉။ | သာသနာကို ကြိုက်သော်လည်း မကြိုသူ | ၁၈ |
| ၁၀။ | မျက်ရည်မကျခင်သိစေချင် | ၂၀ |
| ၁၁။ | အချိန်နှင့်ပတ်သက်သောအတွေးအမြင် | ၂၃ |
| ၁၂။ | ထောင်ထွက်တစ်ဦး၏ ဖွင့်ဟဝန်ခံချက် | ၂၅ |
| ၁၃။ | ဦးပဉ္စင်းသုံးပါး | ၂၉ |
| ၁၄။ | သွေးလှူချင်စိတ်ပျောက်စေသောလူနာ | ၃၃ |
| ၁၅။ | တပည့်သားသမီးဆုံးမနည်း | ၃၇ |
| ၁၆။ | ပုထုဇဉ်တွေ ကြိုတင်မသိနိုင်သောအရာများ | ၄၀ |
| ၁၇။ | အပါယ်မလားသော ကုသိုလ်များ | ၄၃ |
| ၁၈။ | မသေခင်ကြိုမြင်ရသော နိမိတ်များ | ၄၆ |
| ၁၉။ | သရဏဂုံကြောင့် ရဟန္တာဖြစ်သူ | ၅၂ |
| ၂၀။ | တိပိဋကဆရာတော် (၁၁)ပါး | ၅၄ |
| ၂၁။ | အစ်ဝင်ပုဆိန်ထွက် | ၅၆ |
| ၂၂။ | ဘာသာအယူဝါဒစစ်တမ်း | ၅၈ |
| ၂၃။ | မြန်မာမျိုးမပျောက်စေဖို့ | ၆၀ |
| ၂၄။ | အာဏာပါးကွက်သားဆင် | ၆၂ |
| ၂၅။ | မာနနှင့် ဒေါသ၏ဆိုးကျိုး | ၆၄ |

www.dhammaransi.com
www.mettashin.com


| | | |
|---|---|---|
| ၂၆။ | ကျောင်းကင်မှ ကြွလာသော ပုဒ္ဓဆင်းတုတော်များ | ၆၈ |
| ၂၇။ | ကံအကျိုးပေးကို ဆန်းစစ်ခြင်း | ၇၀ |
| ၂၈။ | နတ်ကိုနှင်ထုတ်သော အနာထပိဏ် | ၇၃ |
| ၂၉။ | အကုသိုလ်နှင့် အကျိုးပေးသူဆိုတာ | ၇၆ |
| ၃၀။ | အကုသိုလ်ကိုပယ်သူ အလာတနှင့် | |
| | ကုသိုလ်ကိုပယ်သူ ဗိဇက | ၇၈ |
| ၃၁။ | တမလွန်ဘဝကို လက်မခံလျှင် | ၈၁ |
| ၃၂။ | ကာမေသု၏ ဆိုးကျိုးတို့ကို | |
| | လျှောက်ထားသော ရှစာမင်းသမီး | ၈၃ |
| ၃၃။ | အဖြေမကောင်းဘာသာပြောင်း | ၈၇ |
| ၃၄။ | ကြီးလေးသော အကုသိုလ်ကံများ | ၉၀ |
| ၃၅။ | ဒုဋ္ဌဂါမဏီကို နတ်ပြည်သို့ ပို့ပေးသောဒါန | ၉၂ |
| ၃၆။ | တမ္ဗဒါဌိကနှင့်တူသော ပုထုဇဉ်များ | ၉၅ |
| ၃၇။ | နတ်ပြည်၌ မင်္ဂဖိုလ်ရပုံလေးမျိုး | ၁၀၁ |
| ၃၈။ | ကုသိုလ်ပထမဇောအကျိုးပေးပုံ | ၁၀၄ |
| ၃၉။ | ကားကြောင့်ဒုက္ခရောက်ရသူ | ၁၀၆ |
| ၄၀။ | တရုတ်များ စီးပွားရေး | |
| | အောင်မြင်ခြင်း၏အကြောင်း | ၁၀၇ |
| ၄၁။ | ဆရာကောင်းဂုဏ်အင်္ဂါ (၂)ပါး | ၁၀၉ |
| ၄၂။ | အတုယူစရာထေရ် ဆရာနှစ်ပါး | ၁၁၁ |
| ၄၃။ | လွယ်သောကရုဏာ ခက်သောမုဒိတာ | ၁၁၂ |
| ၄၄။ | သံယောဇဉ် ဆယ်ပါးကို မင်္ဂပယ်သတ်ပုံ | ၁၁၃ |
| ၄၅။ | ဣသာကြောင့် ချက်ခြင်းသေရသူ | ၁၁၆ |
| ၄၆။ | မစ္ဆရိယ(၅)မျိုး | ၁၁၈ |
| ၄၇။ | သွေးအန်သေရသော သိဋ္ဌည်းနှင့် ဂျိန်း | ၁၂၁ |
| ၄၈။ | လောသကတိဿခံရသောမစ္ဆရိယဆိုးကျိုးများ | ၁၂၅ |
| ၄၉။ | ဝန်တိုခြင်းရဲ့ အဓိပ္ပါယ်အကျယ် | ၁၃၂ |
| ၅၀။ | မြှောက်ပင့်ခြင်းနှင့် ချီးမွမ်းခြင်း | ၁၃၃ |

www.dhammaransi.com
www.mettashin.com


| | | |
|---|---|---|
| ၅၁။ | မစိုးရိမ်ဆရာတော်၏ ချီးမွမ်းစကား | ၁၃၅ |
| ၅၂။ | အောက်စ်ဖို့တက္ကသိုလ်ကဆရာ | ၁၃၆ |
| ၅၃။ | ကုသိုလ်သတ္တမဇော အကျိုးပေးပုံ | ၁၄၀ |
| ၅၄။ | ကုသိုလ်အလယ်ဇောငါးချက်အကျိုးပေးပုံ | ၁၄၄ |
| ၅၅။ | အဆိုးလောကဓံကို မခံနိုင်သူ အသောက | ၁၄၈ |
| ၅၆။ | လူသောတာပန်နှင့် ရဟန်းသောတာပန် | ၁၅၀ |
| ၅၇။ | အကုသိုလ်ပထမဇောအကျိုးပေးပုံ | ၁၅၂ |
| ၅၈။ | ခွေးလိုသေရသော ကျော်တင့် | ၁၅၅ |
| ၅၉။ | အကုသိုလ်သတ္တမဇော အကျိုးပေးပုံ | ၁၅၆ |
| ၆၀။ | အကုသိုလ်အလယ်ဇောငါးချက် အကျိုးပေးပုံ | ၁၅၈ |
| ၆၁။ | သဒ္ဓမ္မဖျက်ခြင်း၏ ကောင်းကျိုးများ | ၁၅၉ |
| ၆၂။ | တွေးခေါ် စဉ်းစားဖို့ပျင်းကြသည် | ၁၆၂ |
| ၆၃။ | သိသင့်ဖွယ်ရာ လူလေးဖြာ | ၁၆၅ |
| ၆၄။ | ဆုတ်ကပ်တွင်း အနားယူနည်း | ၁၆၈ |
| ၆၅။ | နောက်ကျမှသိရသော တန်ဖိုးသုံးခု | ၁၇၂ |
| ၆၆။ | အရှူးနှင့် ခရီးရှည် | ၁၇၆ |
| ၆၇။ | ဘာသာတန်ဖိုး | ၁၇၈ |
| ၆၈။ | ရဟန်းပြုရတဲ့ ရည်ရွယ်ချက် | ၁၈၁ |
| ၆၉။ | ဦးလောကနာထ၏မေတ္တာ | ၁၈၄ |
| ၇၀။ | မေတ္တာပွားကျိုး (၁၁)မျိုး | ၁၈၅ |
| ၇၁။ | အမြဲအားဖြည့်ထားရမည့် မေတ္တာဘက်ထရီ | ၁၉၀ |
| ၇၂။ | ရုပ်ဖြစ်ကြောင်း တရားလေးပါး | ၁၉၄ |
| ၇၃။ | အရိုးတောင်းလက်ဖက်ဦးကျော်သိန်း၏မေတ္တာ | ၁၉၈ |
| ၇၄။ | သံမဏိသူဌေး၏ အတွေးအမြင် | ၂၀၁ |
| ၇၅။ | တိပိဋကချင်းတူသော်လည်း သာသနာပြုအောင်မြင်ပုံခြင်းမတူ | ၂၀၃ |
| ၇၆။ | ကြီးမြတ်သူတို့နေရာ | ၂၀၆ |
| ၇၇။ | ဆိုက်ကားဖြင့် တရားပွဲကြွသော တိပိဋကဆရာတော် | ၂၀၈ |

www.dhammaransi.com
www.mettashin.com

| | | |
|---|---|---|
| ၇၈။ | မေတ္တာစွမ်းနှင့်ဓားစွမ်း | ၂၁၀ |
| ၇၉။ | ခြင်္သေ့မင်းနှင့်မေတ္တာ | ၂၁၄ |
| ၈၀။ | ဗုဒ္ဓဘာသာကို အသက်ထက်တန်ဖိုးထားသည် | ၂၁၆ |
| ၈၁။ | သောကကြောင့်ဖြစ်သော ရောဂါများ | ၂၁၉ |
| ၈၂။ | လူ့လောကနှင့် ချမ်းသာပျော်ရွှင်ခြင်း | ၂၂၀ |
| ၈၃။ | ချမ်းသာအောင်နေတတ်လျှင်ချမ်းသာမည် | ၂၂၀ |
| ၈၄။ | အနေမတတ်၍ရောဂါရခြင်း | ၂၂၂ |
| ၈၅။ | စိတ်ကြောင့် ကိုယ်တွင် အနာရောဂါလက္ခဏာများ ပေါ်ရ၏ | ၂၂၃ |
| ၈၆။ | စိတ်ကြောင့်ဖြစ်သော ဝေဒနာများ | ၂၂၅ |
| ၈၇။ | စိတ်လှုပ်ရှားမှုကြောင့် ရောဂါအန္တရာယ်များ ဖြစ်ပေါ်ပုံ | ၂၂၇ |
| ၈၈။ | ခေတ်မီဆေးပညာနှင့် စိတ်လှုပ်ရှားမှုရောဂါများ | ၂၂၈ |
| ၈၉။ | စိတ်ကြောင့်ဖြစ်သောရောဂါသည် ကိုယ်ခန္ဓာ၌ တကယ်ခံစားရသည့်ရောဂါဖြစ်၏ | ၂၃၁ |
| ၉၀။ | ဗဟုသုတရှိသူများတွင် စိတ်ကြောင့် ပို၍ ရောဂါရတတ်၏ | ၂၃၂ |
| ၉၁။ | စိတ်ဆိုးသည့်အခါ ဖြစ်ပေါ်လာတတ်သည့် စိတ်လှုပ်ရှားမှု လက္ခဏာများ | ၂၃၄ |
| ၉၂။ | ရုတ်တရက် စိတ်အကြီးအကျယ်လှုပ်ရှားလျှင် ကြီးကျယ်သော ဝေဒနာရတတ်၏ | ၂၃၆ |
| ၉၃။ | စိတ်လှုပ်ရှားမှုကြောင့် နှာပ်ကြောအဖွဲ့မှတစ်ဆင့် ရောဂါရရှိပုံ နှာပ်ကြောအဖွဲ့မှတစ်ဆင့် စိတ်လှုပ်ရှားမှုပေါ်ပေါက်ထင်ရှားခြင်း | ၂၄၀ |
| ၉၄။ | စိတ်လှုပ်ရှားမှုကြောင့် အစာအိမ်ကြွက်သားများ ပြောင်းလဲပုံ | ၂၄၂ |
| ၉၅။ | ခန္ဓာကိုယ်တွင်းရှိ အူမကြီးသည် စိတ်၏ကြေးမုံပြင် သဖွယ်ဖြစ်၏ | ၂၄၄ |

www.dhammaransi.com
www.mettashin.com

၉၆။ စိတ်လှုပ်ရှားမှုကြောင့် ဝမ်းနာခြင်း ၂၄၅

၉၇။ စိတ်လှုပ်ရှားခြင်းနှင့် အူအတက်နာရောဂါ ၂၄၆

၉၈။ စိတ်လှုပ်ရှားမှု့ကြောင့်လေတက်ခြင်း ၂၄၈

၉၉။ စိတ်လှုပ်ရှားခြင်းကြောင့် သွေးကြောကြွက်သားများ၌ ဖြစ်ပေါ်လာသော လက္ခဏာများ ၂၅၀

၁၀၀။ စိတ်လှုပ်ရှားခြင်းကြောင့် အရေပြားပေါ်၌ ဝေဒနာပေါ်ခြင်း ၂၅၀

၁၀၁။ စိတ်လှုပ်ရှားမှုကြောင့် ကိုယ်ပေါ်ကြွက်သားတို့တွင် ဝေဒနာပေါ်ခြင်း ၂၅၃

၁၀၂။ စိတ်လှုပ်ရှား၍ အသက်ရှုပြင်းသည့်အခါ ဖြစ်ပေါ်တတ်သည့်လက္ခဏာများ ၂၅၆

၁၀၃။ အိပ်နေစဉ် အသက်ပြင်းစွာ ရှူတတ်သည် ၂၅၈

၁၀၄။ စိတ်ကြောင့်ဖြစ်သော ပန်းနာရောဂါ ၂၅၉

၁၀၅။ ကောင်းသော စိတ်အာရုံသည်အသက်ရှည်ဆေး ၂၆၀

၁၀၆။ ၁၂၈၇ ခုနှစ်ခန့်က ဗုဒ္ဓဘာသာသို့ကူးပြောင်းခြင်း ၂၆၄

၁၀၇။ ခရစ်ယာန်ဘာသာကို ရှေးဦးစွာ ကျွန်ုပ်စဉ်းစားခြင်း ၂၆၄

၁၀၈။ နှစ်ခြင်းမင်္ဂလာခံယူခြင်းအကြောင်း ၂၆၅

၁၀၉။ ခရစ်ယာန်ဇနီးကွယ်လွန်၍ ဗုဒ္ဓဘာသာကို ယုံကြည်သူနှင့် လက်ထပ်ခြင်းအကြောင်း ၂၆၇

၁၁၀။ မမကြီး၏ မေတ္တာကြောင့် ငှက်သတ္တဝါများ အသက်ဘေးမှ ချမ်းသာကြခြင်း ၂၇၀

၁၁၁။ သနားစရာကောင်းသော မောက်တင်ငှက်၏အကြောင်း ၂၇၃

၁၁၂။ သည်းထန်စွာဖျား၍ ဆုတောင်းခြင်း ၂၇၄

၁၁၃။ အဖျားသက်သာ၍ ပခုက္ကူမြို့သို့ ဆင်းသွားရာလမ်းခရီး၌ဖြစ်ပျက်သော အကြောင်းများ ၂၇၆

၁၁၄။ ပခုက္ကူမြို့မှာ ခရစ်ယာန်ဘာသာကို စွန့်ခြင်းအကြောင်း ၂၇၈

www.dhammaransi.com
www.mettashin.com

၁၁၅။ အနုမောဒနာကောင်းချီးပေးသောစာ ၂၈၀
၁၁၆။ ဘုရားသစ္စာအာနုဘော်အကြောင်း ၂၈၂
၁၁၇။ ဗုဒ္ဓဘာသာတရားသည် ဉာဏ်နှင့်ယှဉ်သော
တရားဖြစ်သည် ၂၈၄
၁၁၈။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တော်ကောင်းတို့ သိသာရန်
ဖော်ပြချက်များ ၂၈၈
၁၁၉။ နိဿာပမာဖမေတ္တာ ၃၀၀
၁၂၀။ ပြိုင်ပွဲနှစ်မျိုး ၃၀၂
၁၂၁။ သာသနာပြုခြင်း ၃၁၅
၁၂၂။ အိန္ဒိယမှာ သာသနာကွယ်ခြင်းအကြောင်းရင်း ၃၂၂
၁၂၃။ မြန်မာနိုင်ငံရှားနိုင်ငံမဖြစ်ဖို့ ၃၃၂
၁၂၄။ ရေရှင်ဆရာတော် ၃၃၃
၁၂၅။ ဆရာကောင်းအင်္ဂါ(၇)ဖြာ ၃၄၁
၁၂၆။ သာသနာပြုခြင်း(၁) ၃၄၂
၁၂၇။ သာသနာပြုခြင်း(၂) ၃၄၄
၁၂၈။ သာသနာပြုခြင်း (၃) ၃၄၇
၁၂၉။ သာသနာပြုခြင်း (၄) ၃၅၉
၁၃၀။ ဓမ္မမိဋ္ဌာန်ဘာသာရွေးနည်း ၃၆၅
၁၃၁။ သောတာပန်ဂုဏ်ရည် ၃၉၁
၁၃၂။ မရဏာနုဿတိဘာဝနာပွားများခြင်းအကျိုး ၃၉၅
၁၃၃။ နတ်ပြည်အာမိဗ္ဗာယ်နှင့် နတ်သက်ကို
လူသက်ဖြင့် တွက်ပြခြင်း ၃၉၈
၁၃၄။ လောဘ၏ ဆိုးကျိုးသုံးခု ၄၀၁
၁၃၅။ ဒေါသ၏ ဆိုးကျိုးသုံးခု ၄၀၃
၁၃၆။ မောဟ၏ ဆိုးကျိုးသုံးခု ၄၀၄
၁၃၇။ ကုသိုလ်လေးမျိုး ၄၀၇
၁၃၈။ တစ်သိန်းကျော်အလှူ ၄၁၀

# ကျွန်ုပ်နှင့်စာပေခရီး

စာပေဝါသနာကို ကာတွန်းမှစခဲ့သော ကျွန်ုပ်သည် တဖြည်းဖြည်းနှင့် မဂ္ဂဇင်းပါဖတ်လာသည်။ ထိုမှတဆင့်သိုင်းဝတ္ထုများ၊ အချစ်ဝတ္ထုများ၊ ဘဝပေးဝတ္ထုများအထိ ဖတ်လာသည်။ နှစ်ကြာလာသည်နှင့် စာပေဝါသနာကကြီးရင့်လာရာ ဗုဒ္ဓသမ္မာစာအုပ်ကို အငမ်းမရဖတ်ရှုသည့်အဆင့်ထိ ရောက်လာသည်။ (၁၉)နှစ်သားအရွယ်လောက်တွင်ကား အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ရတနာ့ဂုဏ်ရည်စာအုပ်မှတဆင့် ဘာသာရေးစာအုပ်များကို အဖတ်များလာခဲ့သည်။ ယင်းစာအုပ်ကို မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့၊ သာသနာ့မူလိကာရာမကျောင်း သစ်ကျောင်းစာသင်တိုက်တွင် စတင်ဖတ်ရှုရခြင်းဖြစ်သည်။ စာပေဝါသနာပါသော၊ စာအုပ်အစုံရှိသော စာချဆရာတော်ဦးနန္ဒာဘာသ၏ ကျောင်းဆောင်ပေါ်တွင်နေခွင့်ရခြင်းကလည်း ကျွန်ုပ်ကို စာရေးဆရာဘဝသို့ မြန်မြန်ရောက်အောင် တွန်းပို့ပေးလိုက်သကဲ့သို့ ရှိသည်။ ဂန္ဓာရုံဆရာတော်ဘုရားကြီး ရေးသားသော ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာရေး၊ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓစာအုပ်များကို ကျွန်ုပ်တစ်ဆက်တည်း ဖတ်ခွင့်ရခဲ့ခြင်းမှာ ဆရာတော် ဦးနန္ဒာဘာသ၏ ကျေးဇူးကြောင့်ဖြစ်သည်။

### စာပေသုံးမျိုး

စာပေသည် ကွမ်းယာနှင့်တူသောစာပေ၊ ကြံနှင့်တူသောစာပေ၊ နွားနို့နှင့်တူသောစာပေဟုသုံးမျိုးရှိသည်။ ကွမ်းယာသည် ဝါးပြီးလျှင်

www.dhammaransi.com



အရည်ရောအဖတ်ပါတွေးပစ်ရသကဲ့သို့ ဖတ်ပြီးလျှင် လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုး တစ်ခုမှမရသော အပစ်အခတ် အချစ်အသတ် အညစ်အပတ်သက်သက်စာများကို ကွမ်းယာနှင့်တူသည်ဟု ဆိုခြင်းဖြစ်သည်။ ယင်းစာပေမျိုးကား မဖတ်လေကောင်းလေဖြစ်၏ ကြံသည်ဝါးပြီးလျှင် အရည်ကိုသာ မျိုချပြီး အဖတ်ကိုထွေးပစ်ရသကဲ့သို့ လောကီကောင်းကျိုးကိုသာပေးပြီး လောကုတ္တရာကောင်းကျိုး သံသရာကောင်းကျိုးကို မပေးနိုင်သော ဘဝပြုပြင်ရေးဝတ္ထု၊ ဆောင်းပါးများ၊ တက်ကျမ်းများကို ကြံနှင့်တူသော စာပေဟုဆိုခြင်း ဖြစ်သည်။ ထိုစာပေမျိုးကိုကား အချိန်အသင့်အတင့်ယူ၍ ဖတ်ရှုသင့်ပေသည်။

နွားနို့သည် ပါးစပ်ထဲလောင်းထည့်ပြီးလျှင် အရည်ရော မလိုင်အဖတ်ပါမျိုချရသကဲ့သို့ လောကီ၊ လောကုတ္တရာကောင်းကျိုး နှစ်မျိုးလုံးပေးသော ဘာသာရေးစာပေမျိုးကိုနွားနို့နှင့်တူသောစာပေဟု ဆိုခြင်းဖြစ်သည်။ ထိုစာပေမျိုးကိုကားအချိန်မရရအောင်ယူ၍ ဖတ်ရှုသင့်ပေသည်။

ဖော်ပြပါစာပေသုံးမျိုးအဓိပ္ပာယ်ကို ကျွန်ုပ်အသက်အတော်ကြီးမှတွေ့ရခြင်းဖြစ်သည်။ ဘာသာရေးစာပေကိုသာ အဓိကထားပြီး ဖတ်ရှုသင့်သည်ဟူသော အတွေးအခေါ်ကိုကျွန်ုပ်သည် မိမိကိုယ်တွေ့နှင့်ရင်းပြီးရခဲ့ခြင်းဖြစ်သည်၊ စာပေသုံးမျိုးလုံးဖတ်ရှုနေရာမှ အနှစ်အသားအပြည့်ဆုံးစာပေကို မှန်ကန်စွာရွေးချယ်တတ်လာခြင်းဖြစ်သည်။

ဤနေရာ၌တပည့်သားသမီးအပေါ် စေတနာလွန်ကဲပြီး ဘာသာရေးစာအုပ်တစ်မျိုးတည်းသာဖတ်ရမည်။ သို့မဟုတ် တက်ကျမ်းတစ်မျိုးတည်းသာဖတ်ရမည်၊ ကျန်စာပေများမဖတ်ရဟု အတင်းအဓမ္မချုပ်ချယ်သော ဆရာမိဘများအား ကျွန်ုပ်ဘဝနှင့်ရင်းပြီးမှရခဲ့သော အကြံကောင်းတစ်ခုကိုပေးချင်သည်။ ကျွန်ုပ်(၁၃)နှစ်သား ကိုရင်ဝတ်စအရွယ်က ကာတွန်း။ မဂ္ဂဇင်း၊ လုံးချင်းဝတ္ထုရရာကို သဲကြီးမဲကြီးဖတ်နေချိန်ပင်ဖြစ်၏။

ရှင်ပြုစဉ်ကဥပဇ္ဈာယ်ဆရာသည် ကျွန်ုပ်လုံးချင်းဝတ္ထုများဖတ်သည်ကို လုံးလုံးမကြိုက်၊ မင်းပျက်စီးလိမ့်မယ်၊ ဒီဝတ္ထုတွေမဖတ်ရ

www.dhammaransi.com



ဘူးဟုဆိုကာ တားမြစ်သည်။ စာပေဖတ်ကာစလူငယ်တစ်ယောက် အနေဖြင့် ဘယ်စာအုပ်ကိုဖတ်ဖတ် ဗဟုသုတ တစ်ခုခုရလိုက်သည်သာဖြစ်၏။ ထို့ကြောင့် ဥပဇ္ဈာယ်ဆရာတော်၏စကားကို နားမထောင် ဆက်ပြီးခိုးဖတ်သည်။

ရိုးရိုးပြောပြီးတားမရသောအခါ ဆရာကရိုက်နှက်ပြီး တားမြစ်သည်။ ဒါလည်းမရ တနည်းနည်းဖြင့် ရအောင်ဖတ်သည်။ ဥပဇ္ဈာယ်ဆရာ တကယ်ဆုံးမသင့်သည်က လုံးချင်းဝတ္ထုထက်ကောင်းသော ဘာသာရေးစာအုပ်ကောင်းလေးများကိုရှာပြီး ကျွန်ုပ်ကိုဖတ်ခိုင်းရမှာဖြစ်သည်။

ထိုအခါ ဘယ်စာမဆိုဖတ်နေသော ကျွန်ုပ်သည် ဆရာပေးသော ဘာသာရေးစာအုပ်ကို ဇကန်မုချဖတ်မည်သာဖြစ်၏။ ထိုအခါ လုံးချင်းဝတ္ထုနှင့် ဘာသာရေးစာအုပ်တို့၏ အနှစ်အသားကို ကိုယ်တိုင်ခွဲနိုင်သွားပြီး ဘာသာရေးစာပေကိုသာ ရွေးချယ်တော့မည်ဖြစ်၏။

ယခုခေတ်တစ်ချို့သော မိဘများသည်လည်း မိမိတို့ သားသမီးများကို ဘယ်စာအုပ်ပဲဖတ်ရမယ်၊ ဘယ်စာအုပ်တော့မဖတ်ရဘူးဟု တင်းတင်းကြပ်ကြပ်ပညတ်ခြင်းသည် စာပေလေ့လာဖတ်ရှုချင်စိတ်ကို ကုန်ခမ်းသွားအောင် လုပ်ပစ်သည်နှင့်တူသည်။ ထိုသို့မလုပ်သင့်ပါ စာပေဝါသနာပါကာစတွင် ကာတွန်း၊ မဂ္ဂဇင်း၊ ဝတ္ထုကြိုက်ရာကို လွတ်လပ်စွာဖတ်ရှုပါစေ။

သားသမီးများက စာပေသက်အတော်ကြာသည်အထိ ဘာသာရေးစာပေဖက်ကူးမလာဘူးဆိုသောအခါကျမှ ဘာသာရေးစာအုပ်ကောင်းလေးများကို သူတို့နေရာတွင် မသိမသာချပေးထားသင့်သည်။ ဒီစာအုပ်ကို မဖြစ်မနေဖတ်ရမည်ဟူ၍ အာဏာဖြင့်မခိုင်းသင့် မိဘကိုကြောက်၍ဖတ်ရသောစာအုပ်သည် မည်၍မည်မျှပင် ကောင်းကောင်း လူငယ်၏စိတ်ထဲတွင်ဘယ်လိုမှ အရသာပေါ်လိမ့်မည်မဟုတ်ပေ။

ကျွန်ုပ်သုံးတန်းကျောင်းသားအရွယ်က စာပေနှင့်ပတ်သက်၍ စိတ်ဆင်းရဲစရာတစ်ခုကြုံခဲ့ရ၏ ။ ကျွန်ုပ်သည်ပင်ကိုယ်ကပင် စာပေဝါသနာပါသူဖြစ်ခြင်းကြောင့် ဆရာကပေးလိုက်သောအိမ်စာများ

www.dhammaransi.com



ပြီးသည်နှင့် ကာတွန်းစာအုပ်ကောက်ဖတ်တော့သည်။ ထိုကိုးနှစ်သား အရွယ်ဦးနှောက်သည် ကာတွန်းလောက်နှင့်သာတန်သေးသည်ကိုလည်း စာရှုသူများ သတိထားခဲ့ပါ။

ကျွန်ုပ်ကာတွန်းစာအုပ်များဖတ်သည်ကို ဖခင်ကမကျေနပ်၊ သူကိုယ်တိုင် ဘုန်းကြီးကျောင်းသားဖြစ်ခဲ့သောကြောင့် သူ့သားဖြစ်သူ ကျွန်ုပ်ကိုလည်း ဘာသာရေးအကြောင်းတွေကို သိစေချင်ဟန်တူပါသည်။ ဖခင်၏စေတနာကမှန်သော်လည်း အပြုအမူကမမှန် ကျွန်ုပ်လက်ထဲမှ ကာတွန်းစာအုပ်ကိုဖြတ်ကနဲ ပုတ်ချလိုက်ရင်း

"မင်းဒီကာတွန်းတွေဖတ်နေလို့ ဘာအကျိုးရှိမှာလဲ၊ နောက်မဖတ်နဲ့၊ ရော့ ဒီမင်္ဂလာအမေးအဖြေစာအုပ်ကို သေချာမှတ်မိအောင်ဖတ်၊ ငါပြန်လာရင်မေးကြည့်မယ်၊ မဖြေနိုင်ရင်တော့ သေဖို့သာပြင်"

ဟုပြောကာ ရေးစာအုပ်ကြီးတစ်အုပ်ထိုးပေးပြီး အလုပ်သွားလေပြီ ဖခင်အနေဖြင့် ကျွန်ုပ်ကိုရိုက်ဖို့ရည်ရွယ်ချက်တော့ ရှိဟန်မတူ မဖတ်မှာစိုးသောကြောင့် ခြောက်လှန့်ခဲ့ခြင်းသာဖြစ်သည်။

သို့သော်ဆင်ကျိစားရာ ဆိတ်မခံသာဟူသောစကားအတိုင်း ကျွန်ုပ်ကားဖခင်ပြန်မလာမချင်း တစ်နေကုန်စိတ်ဆင်းရဲရတော့၏။ ကျွန်ုပ် ဦးနှောက်နှင့် ဘယ်လိုမှမမှီသောမင်္ဂလသုတ်အမေးအဖြေကျမ်းကြီးကို ကြောက်ကြောက်နှင့် စိတ်မပါဘဲ တစ်နေကုန်ကြည့်နေရတော့သည်။ မေးတာမရလျှင် ရိုက်မည်ဟုဆိုထားသည်မဟုတ်ပါလား။

ကြောက်ကြောက်နှင့်ဖတ်ရှုထားရာမှ တစ်ချို့တစ်ဝက်ကို မှတ်မိနေပါသေးသည်။

## ဇေတဝန်ကျောင်း သုတေသန

မေး။ မင်္ဂလသုတ်ဟောကြားရာ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းသော ကျောင်းဒကာ၏အမည်ကို ဖော်ပြပါ။

ဖြေ။ အနာထပိဏ်ဖြစ်ပါသည်။

မေး။ အဘယ့်ကြောင့် အနာထပိဏ်ဟုခေါ်သနည်း။

ဖြေ။ ကိုးကွယ်ရာ အားကိုးရာ မရှိသူများကို ထမင်းပေးတတ်သောကြောင့် အနာထပိဏ်ဟုခေါ်ပါသည်။

www.dhammaransi.com



မေး။ အဘယ်ကြောင့် ဇေတဝန်ဟုခေါ်သနည်း။

ဖြေ။ ဇေတမင်းသား၏ ဥယျာဉ်မြေနေရာကိုဝယ်၍ ဆောက်လုပ်ထားခြင်းဖြစ်သောကြောင့် ဇေတဝန်ဟုခေါ်ပါသည်။

မေး။ မြေအတွက်ကုန်ကျငွေ၊ ကျောင်းအတွက်ကုန်ကျငွေ၊ ကျောင်းတက်ပွဲအတွက်ကုန်ကျငွေတို့ကို အသီးသီးဖော်ပြပါ။

ဖြေ။ မြေအတွက် ၁၈ကုဋေ၊ ကျောင်းအတွက် ၁၈ကုဋေ၊ ကျောင်းတက်ပွဲအတွက် ၁၈ကုဋေ စုစုပေါင်း ၅၄ကုဋေ ကုန်ကျသည်။

(၉) နှစ်သားအရွယ် နုနယ်လှသေးသောကျွန်ုပ်အတွက် အထက်ပါ အကြောင်းအရာများသည် မြင့်မားလွန်း၏။ လူ့ဘဝနှင့် ရဟန္တာဖြစ်လျှင်(၇)ရက်အတွင်း ရဟန်းဘောင်သို့ဝင်လျှင်ဝင်၊ မဝင်လျှင် ပရိနိဗ္ဗာန်ပြုရသည်။ ရှင်းအောင်ပြောလျှင် သေသွားသည်။ ဤသို့ သေရခြင်းသည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရခြင်း၊ ရဟန္တာဖြစ်ရခြင်းက မကောင်း၍မဟုတ်၊

အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရခြင်း၊ ရဟန္တာဖြစ်ရခြင်းတို့က ကောင်းလွန်းအားကြီးနေသောကြောင့် လူ့ဘဝ လူ့ခန္ဓာကခံနိုင်ရည်မရှိ၍ ရဟန်းဘောင်ဝင်ရခြင်း၊ သို့မဟုတ် သေရခြင်းဖြစ်သည်။ ထိုနည်းတူ မင်္ဂလသုတ် အမေးအဖြေကြီးကို ဖတ်ရသည့်အတွက်ကျွန်ုပ် စိတ်ဆင်းရဲရခြင်းသည် စာပေကမကောင်းသောကြောင့်မဟုတ်။

စာပေကကောင်းလွန်းအားကြီးပြီး ကျွန်ုပ်ဦးနှောက်က မလိုက်နိုင်သောကြောင့်သာဖြစ်ပါ၏။ ထိုနေ့ညအလုပ်ကပြန်လာသောအခါ ဖခင်ကားကျွန်ုပ်ကို တကယ်မမေးပါ။ နောက်ထပ်လည်း ထိုအမေးအဖြေကျမ်းကြီးကို ဆက်မဖတ်ခိုင်းတော့ပါ။ အကယ်၍ဖခင်သည် ထိုစာအုပ်ကြီးကိုသာ ရက်ပေါင်းများစွာကျွန်ုပ်ကိုဆက်၍ဖတ်ခိုင်းနေမည်ဆိုလျှင် ကျွန်ုပ်ကား စာပေကို ကြောက်လန့်သွားပြီး ဘာစာမှမဖတ်ချင်တော့သော နလပိန်တုံးတစ်ကောင် ဖြစ်သွားနိုင်ပေသည်။

ထို့ကြောင့် မိဘဆရာများသည် ဦးနှောက်နုနယ်သေးသော ကလေးငယ်များကို အဆင့်မြင့်သောဘာသာရေးစာအုပ်ကြီးများကို ဖတ်မဖတ်ခိုင်းသင့်ကြောင်း ကျွန်ုပ်ကိုယ်တွေ့ဖြစ်ရပ်က သင်ခန်းစာပေး

www.dhammaransi.com



နေသည်။ ဦးနှောက်ဖွံ့ဖြိုးသော အရွယ်ရောက်နေပါလျက် ကွမ်းယာနှင့်တူသော စာပေတွင်သာအချိန်ကုန်နေကြသူများကို ကြံနှင့်တူသောစာပေ၊ နွားနို့နှင့်တူသောစာပေ အဆင့်ရောက်အောင် စည်းရုံးနည်းကိုယ်တွေ့တစ်ခုကို **တင်ပြချင်ပေသည်။**

ရွှေပြည်သာမြို့၊ (၆) ရပ်ကွက်ထဲတွင်ဘုန်းကြီးကျောင်းပေါင်း (၇၀) ခန့် ရှိသည်။ သံလွင်လမ်းဘေးနားတွင် မုန့်မျိုးစုံနှင့် ကွမ်းယာဆိုင်လေးတစ်ဆိုင်ရှိသည်။ ဆိုင်ရှင်မှာ ကိုမြင့်စိုး နှင့် မသင်းသင်းတို့ဖြစ်သည်။ သင်းသင်းမှာ အသက် (၂၇) နှစ်ခန့် အရွယ်အိမ်ထောင်သည် ဖြစ်နေသော်လည်း ဘာသာရေးစာပေ လုံးဝဖတ်ရှုခြင်းမရှိ၊ ကွမ်းယာနှင့်တူသော စာအုပ်များကိုကား ဈေးရောင်းရင်းနေ့စဉ် ဖတ်နေသည်ကို တွေ့ရသည်။

သူတို့သည် ကျောင်းဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စများကို ကူညီဆောင်ရွက်ပေးလေ့ရှိသည့်အတွက် သံဃာတော်များနှင့် ရင်းနှီးခင်မင်ကြသည်။ တစ်နေ့သူ့သားလေးမွေးနေ့ ကုသိုလ်အဖြစ် ဆွမ်းလာပို့သော သင်းသင်းအား ကျွန်ုပ်က

## ဗုဒ္ဓဘာသာနှစ်မျိုး

"သင်းသင်း နင်ဆွမ်းလာပို့တဲ့အတွက် တခြားအနုမောဒနာတရားတွေမဟောတော့ဘူး။ ဗုဒ္ဓဘာသာနှစ်မျိုးအကြောင်းဟောမယ်၊ နာပြီးတဲ့အခါ နင်ကိုယ်တိုင် ဘယ်ဗုဒ္ဓဘာသာအမျိုးအစားထဲပါတယ်ဆိုတာ ဆုံးဖြတ်ပေါ့"

"မှန်ပါ ဟောပါဘုရား"

"ဗုဒ္ဓဘာသာဟာ ဇာတိဗုဒ္ဓဘာသာ၊ အာဂတရ ဗုဒ္ဓဘာသာလို့ နှစ်မျိုးရှိတယ်၊ မြန်မာလို နားလည်အောင်ပြောရရင် မိရိုးဖလာဗုဒ္ဓဘာသာနဲ့ တကယ့်ဗုဒ္ဓဘာသာပေါ့၊ မိမိရဲ့ အဖိုး၊ အဖွား၊ အဖေ၊ အမေတွေက ဗုဒ္ဓဘာသာဖြစ်လို့သာ မိမိလည်း ဗုဒ္ဓဘာသာဖြစ်လိုက်ရတယ်၊ ဗုဒ္ဓဘာသာအကြောင်း ဘာမှနားမလည်ဘူး၊ တရားလဲမနာဘူး၊ ဘာသာရေးစာအုပ် စာစောင်တွေကိုလည်း မဖတ်ဘူး၊ ဘတ်သိနားလည်တဲ့ ဆရာဘုန်းကြီးများကိုလည်း မေးမြန်းလျှောက်ထားခြင်းမပြုဘူး"

"အဲဒီလို ရတနာသုံးပါးအကြောင်းဘာမှမသိဘဲနဲ့ မိဘရိုးရာအလိုက်ကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာမျိုးကိုမိရိုးဖလာ ဗုဒ္ဓဘာသာ လို့ခေါ်

www.dhammaransi.com



တယ်၊ တကယ့်ဗုဒ္ဓဘာသာဆိုတာက ဗုဒ္ဓဘာသာအကြောင်းသေချာ သိအောင်တရားနာတယ်၊ စာပေဖတ်တယ်၊ ဆရာဘုန်းကြီးများထံ မေးမြန်းလျှောက်ထားတယ်၊ ဒီတော့ ရတနာသုံးပါးအကြောင်း တကယ်သိသွားပြီး တကယ်နှစ်နှစ်ကာကာ ကြည်ညိုကိုးကွယ်သူကိုတော့ တကယ့်ဗုဒ္ဓဘာသာလို့ခေါ်တယ် "

" ဒီလိုဆိုရင်တော့ တပည့်တော်မဟာ မိရိုးဖလာဗုဒ္ဓဘာသာထဲမှာပဲ ပါနေတယ်ဘုရား "

" ဒါဆိုရင် တကယ့်ဗုဒ္ဓဘာသာဖြစ်အောင်ကြိုးစားပေါ့ "

" ဗုဒ္ဓဘာသာနှစ်မျိုးလုံး ဘုရားသွား ကျောင်းတက်၊ ဒါနပြုအတူတူပဲဘုရား တကယ့်ဗုဒ္ဓဘာသာဖြစ်တော့ဘယ်လိုများထူးသွားသလဲဘုရား"

" ထူးတဲ့နေရာ နှစ်နေရာရှိတယ်။ ဘာသာခြားနှင့် အိမ်ထောင်ကျပြီဆိုရင် မိရိုးဖလာဗုဒ္ဓဘာသာက ဘာသာခြားနောက်တစ်ခါတည်းပါသွားတာပဲ၊ တကယ့်ဗုဒ္ဓဘာသာက မပါဘူး။ ကိုယ့်ဘာသာဘက်ကိုသာ သူတစ်ပါးကိုပါအောင်ဆွဲဆောင်နိုင်တယ်။ ဘာသာခြားဘက်က လာဘ်လာဘနဲ့ ဆွဲဆောင်လာတဲ့အခါမှာ မိရိုးဖလာဗုဒ္ဓဘာသာကပါသွားတာပဲ။ တကယ့်ဗုဒ္ဓဘာသာကမပါဘူး "

"ဒီရန်ကုန်မှာတင် လက်တွေ့နှစ်ခုပြမယ်၊ ၆/၇ ရပ်ကွက် ရန်ကုန်ပန်းခြံထဲက ကောင်လေးတစ်ယောက်ဟာ ဘာသာခြားကောင်မလေးကိုယူပြီး ဘာသာပါပြောင်းသွားခဲ့တယ်၊ အဲဒါမိရိုးဖလာဗုဒ္ဓဘာသာပဲ့ပေါ့၊ အရာဝတ္ထုတစ်ခု မည်၍မည်မျှတန်ဖိုးကြီးတယ်ဆိုတာ တန်ဖိုးသိသူ အပေါ်မှာမူတည်ပြီး အမျိုးမျိုးကွဲပြားသွားတယ်၊ တို့အမရပူရနယ်မှာ ယာသမားတစ်ယောက် ကျောက်စိမ်းတုံးတစ်တုံးရသွားတယ်၊ ကျောက်စိမ်း တန်ဖိုးသိပ်သိသူမဟုတ်တော့ ကျောက်ပွဲစားတစ်ယောက်ထံ ငါးသိန်းနဲ့ရောင်းလိုက်တယ်။"

"ကျောက်ပွဲစားက ကျောက်တွင်းပိုင်ရှင်သူဌေးကြီးဆီ သွားရောင်းတော့ သိန်းငါးဆယ်ရသွားတယ်၊ ကျောက်တွင်းပိုင်ရှင်က တစ်ဖက်နိုင်ငံထိသွားရောင်းတော့ သိန်းငါးရာယိရသတဲ့၊ တကယ်တော့ ဒီကျောက်

စိမ်းဟာဒီထက်မက သိန်းပေါင်းများစွာတန်ဦးမှာပါ ဒါပေ ယ့် ငါးသိန်း လောက်ပဲ တန်ဖိုးသိတဲ့ယာသမားမှာ ငါးသိန်းပဲရတာပေါ့။ သိန်းငါးဆယ် လောက်တန်ဖိုးသိတဲ့ ပွဲစားကတော့သိန်းငါးဆယ်ရတာပေါ့။"

"သိန်းငါးရာထိတန်ဖိုးသိတဲ့ သူဌေးကတော့သိန်းငါးရာထိရတာ ပေါ့။ ဒီထက်တန်ဖိုးသိတဲ့ တစ်ဖက်နိုင်ငံကလူတွေက သိန်းငါးထောင်၊ သိန်းငါးသောင်းဆက်ပြီးရနေကြမှာပါ။ ဒီဖြစ်ရပ်အတိုင်းပဲ ဗုဒ္ဓဘာသာ ဟာလည်း တန်ဖိုးဖြတ်မရတဲ့ ကျောက်စိမ်းတုံးကြီးလိုပဲ"

"လူချမ်းသာနတ်ချမ်းသာတန်ဖိုးလောက်ပဲသိပြီး ဒါန၊ သီလကို ကျင့်ကြံရင် လူ့ချမ်းသာ၊ နတ်ချမ်းသာကိုရမှာပဲ၊ ဗြဟ္မာချမ်းသာတန်ဖိုး လောက်ပဲသိပြီးကျင့်ကြံရင် ဗြဟ္မာချမ်းသာကိုရမှာပဲ။ နိဗ္ဗာန်ချမ်းသာ တန်ဖိုးထိသိပြီး ဝိပဿနာတရားကို နာကြားအားထုတ်လျှင် နိဗ္ဗာန် ချမ်းသာကိုရမှာပဲ။ ၆/၉ ထဲကကောင်လေးကတော့ ဗုဒ္ဓဘာသာရဲ့ တန်ဖိုးကိုဘာမှမသိဘူး၊ ဒီတော့သူ့အတွက် ဗုဒ္ဓဘာသာဟာတန်ဖိုး မရှိဘူး ဖြစ်နေတာပေါ့"

"ဒါကြောင့် သင်းသင်းတို့ကို ဗုဒ္ဓဘာသာရဲ့တန်ဖိုးကိုသိအောင် လို့ တကယ့်ဗုဒ္ဓဘာသာဖြစ်အောင် ကြိုးစားလို့ပြောနေရတာပေါ့။တန်ဖိုး မသိသူအတွက် တန်ဖိုးမရှိဖြစ်ရပုံကို မဃဒေဝမှာ ရေးထားတာက

ရတနာဟုတုံ၊ တစ်စုံတစ်ခု၊ ဝတ္ထုအမျိုး၊
ဖိုးအနဂ်ပြည့်၊ ပြည်တန်မှည့်လည်း၊
သုံးမည့်သူက၊ သုံးမချလျှင်၊
မြေမှထင်စွာ၊ ကြက်ယက်ရာ၌၊
ရတနာပတ္တမြား၊ ပေါ်သော့လားသို့၊
သုံးစားမဝင်၊ ကဲမထင်ဘူးတဲ့။

ကြက်တစ်ကောင်ဟာ အစာရှာဖို့မြေမှာယက်ရင်း ပြည်တန်တဲ့ ပတ္တမြားတစ်လုံးပေါ်လာသတဲ့။ တန်ဖိုးမသိတဲ့ကြက်က ပတ္တမြားကို ခြေနဲ့ကန်ပစ်ခဲ့ပြီး ဆန်ကွဲနဲ့ပိုးမွှားကိုသာကောက်စားသလို ဘဝခေတ်မှာ လည်း ဆန်လေးတစ်အိတ်၊ ဆီလေးတစ်ပုံးမက်ပြီး ဘာသာခြားကို ပြောင်း သွားကြသူတွေဟာ ပတ္တမြားရဲ့တန်ဖိုးကို ကြက်ကမသိသလို ဗုဒ္ဓဘာသာ ရဲ့တန်ဖိုးကို မသိကြသူတွေပဲပေါ့။"

www.dhammaransi.com



## အာစာရဗုဒ္ဓဘာသာဝင် (သို့) တကယ့်ဗုဒ္ဓဘာသာဝင် မပြုံး

ဗုဒ္ဓဘာသာရဲ့တန်ဖိုးကိုသိကြတဲ့ တကယ့်ဗုဒ္ဓဘာသာတွေကျတော့ အိမ်ထောင်ဘက်ဘာသာခြားကို မိမိဘာသာထဲဝင်အောင် စွမ်းဆောင်နိုင်တယ်၊ တို့စာချဘုန်းကြီးဘဝက တွေ့ခဲ့ဖူးတဲ့မပြုံးဆိုတဲ့ကလေးမလေးတစ်ယောက်အကြောင်း ပြောပြမယ်၊ သူဟာ ကိုမျိုးဆွေဆိုတဲ့ ခရစ်ယာန်ဘာသာဝင်တစ်ယောက်နဲ့အိမ်ထောင်ကျတယ်၊ ကိုမျိုးဆွေဟာ အဖေ အင်္ဂလိပ်၊ အမေမြန်မာ ကပြားပေါ့"

"ကိုမျိုးဆွေဟာ ဘုရားပန်းတွေရောင်းပြီး သားမယားကို လုပ်ကျွေးတယ်၊ သူ့ခင်ပွန်းသည်ကိုငါးပါးသီလလုံအောင်ထိမ်းသိမ်းဖို့ ဆွဲဆောင်တဲ့ မပြုံးရဲ့နည်းလေးကို ဗုဒ္ဓဘာသာတိုင်းသိသင့်တယ်၊ သဘာဝတရားဟာ လူမျိုး၊ ဘာသာကွဲပြားရုံနဲ့ ပြောင်းလဲမသွားကောင်းဘူး၊ ဥပမာ ထန်းလျက်ရဲ့ချိုတဲ့ သဘာဝဟာဘယ်လူမျိုး၊ ဘယ်ဘာသာဝင်စားစား ချိုရမှာပဲ၊ ဖောက်ပြန်မသွားကောင်းဘူး။

ထို့အတူ သူ့အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်ရင်ကာယကံကုသိုလ်ဖြစ်သွားတာပဲ၊ ကုသိုလ်ဖြစ်သွားတာနဲ့ ဖြစ်ရာဘဝမှာ အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ အခြွေအရံများခြင်းစတဲ့ ကောင်းကျိုးတွေကို ဘယ်ဘာသာဝင်မဆို၊ ဘယ်လူမျိုးမဆိုခံစားရမှာပဲ။

သူတစ်ပါးဥစ္စာကို မတရားယူခြင်းမှ ရှောင်ကြဉ်ရင်လဲ ဖြစ်ရာဘဝမှာ စီးပွားဥစ္စာတိုးတက်ချမ်းသာခြင်း၊ မိမိရဲ့စည်းစိမ်ဥစ္စာကို မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေခံဆိုးဆိုတဲ့ ရန်သူမျိုးငါးပါးမဖျက်ဆီးနိုင်တဲ့ ကောင်းကျိုးတွေကို ဘယ်ဘာသာဝင်မဆို၊ ဘယ်လူမျိုးမဆိုခံစားရမှာပဲ။

သူတစ်ပါးသားမယားကို ပြစ်မှားဖျက်ဆီးခြင်းမှ ရှောင်ကြဉ်လိုက်မယ်ဆိုရင် လူချစ်လူခင်ပေါမယ်၊ စီးပွားလာဘ်လာဘ တိုးတက်မယ်၊ မြင့်မြတ်တဲ့ ယောက်ျားဘဝကိုသာရောက်မယ်၊ ချစ်တဲ့သူနဲ့ ပေါင်းဖော်ရမယ်စတဲ့ကောင်းကျိုးတွေကို ဘာသာမရွေး၊ လူမျိုးမရွေး ခံစားရမှာပဲ။

မုသားစကားပြောခြင်းမှ ရှောင်ကြဉ်ရင် စကားပီသမယ်၊ သွားတွေညီညာလှပမယ်၊ ဩဇာအာဏာညောင်းမယ်စတဲ့ ကောင်းကျိုးတွေကို ဘာသာမရွေး၊ လူမျိုးမရွေး ခံစားရမှာပဲ။

www.dhammaransi.com



သေရည်သေရက်နဲ့တကွ မူးယစ်ဆေးဝါးကို သုံးစွဲခြင်းမှရှောင်ကြဉ်ခဲ့ရင် ဖြစ်ရာဘဝမှာ ပျင်းခြင်း၊ မေ့ခြင်း၊ ရူးခြင်း ဆိုတာတွေမဖြစ်တော့ဘူးတဲ့၊ ဒါကကုသိုလ်ကို ဥပမာပေးလိုက်တာ၊ အကုသိုလ်ကို ဥပမာပေးရရင် ငရုပ်သီးကို ဘယ်ဘာသာဝင် ဘယ်လူမျိုးဘဲစားစား ပူလောင်မှာ စပ်မှာပဲ၊ သဘာဝတရားကိုး။

ထို့အတူ သူ့အသက်ကိုသတ်ရင် ကာယကံအကုသိုလ်ပဲ၊ အကုသိုလ် ဖြစ်ရင် ဖြစ်ရာဘဝမှာ အသက်တိုခြင်း၊ အနာရောဂါများခြင်း၊ တစ်ယောက်ထဲ အထီးကျန်ဖြစ်ခြင်း စတဲ့မကောင်းကျိုးတွေကို ဘယ်ဘာသာဝင်ဘယ်လူမျိုးမဆိုခံစားရမှာပဲ။

သူတစ်ပါးဥစ္စာကို မတရားသောနည်းနဲ့ရယူလိုက်ရင် ဖြစ်ရာဘဝမှာ စီးပွားဥစ္စာရှာမရဘဲ ဆင်းရဲငတ်ပြတ်ခြင်း၊ ရှာဖြေနိုင်ရင်လဲ ရန်သူမျိုးငါးပါး ဖျက်ဆီးခံရခြင်းဆိုတဲ့ ဆိုးကျိုးတို့ကို ဘယ်ဘာသာဝင်၊ ဘယ်လူမျိုးမဆို ခံစားရမှာပဲ။

သူတစ်ပါးသားမယားကို ပြစ်မှားဖျက်ဆီးလိုက်ရင် လူမုန်းများခြင်း၊ စီးပွားလာဘ်လာဘဆုတ်ယုတ်ခြင်း၊ ယုတ်ညံ့တဲ့ မိန်းကလေးဘဝကိုသာ ရောက်ခြင်းဆိုတဲ့ ဆိုးကျိုးတွေကို ဘယ်ဘာသာဝင်၊ ဘယ်လူမျိုးမဆို ခံစားရမှာပဲ။

မုသားစကားပြောလိုက်မယ်ဆိုရင် စကားမပီခြင်း၊ သွားမညီခြင်း၊ (ခေါခြင်း) ဩဇာအာဏာမရှိခြင်းစတဲ့ ဆိုးကျိုးတွေကို ဘယ်ဘာသာဝင်မဆို ခံစားရမှာပဲ။ သေရည်သေရက်မူးယစ် ဆေးဝါးတွေသုံးစွဲမယ်ဆိုရင် ဖြစ်ရာဘဝမှာ ပျင်းခြင်း၊ မေ့ခြင်း၊ ရူးခြင်း ဆိုတဲ့ဆိုးကျိုးတွေကို ဘယ်ဘာသာဝင်မဆိုခံစားရမှာပဲ။

တကယ့်ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ မပြုံးကအခုလို သဘာဝကျကျပြောပြတော့ ကိုမျိုးဆွေလဲ စိတ်ဝင်စားလာပြီး ငါးပါးသီလလုံခြုံတဲ့သူဖြစ်လာတယ်၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဣဇ္ဈတိဘိက္ခဝေသီလဝတော စေတောပဏိဓိဝိသုဒ္ဓတ္တာ - သီလစင်ကြယ်သူအားစိတ်အလိုဆန္ဒများပြည့်စုံလာတယ်လို့ ဟောကြားထားတယ်။

ဒီဒေသနာတော်အတိုင်းပဲ ကိုမျိုးဆွေသန္တာန်မှာ ကိုယ်ကျင့်သီလကုသိုလ်တွေအားကောင်းလာတော့ ပန်းတွေဟာပိုရောင်းကောင်းလာပြီး

www.dhammaransi.com



အမြတ်တွေပို့ရလာတာပေါ့။ လက်တွေ့ဆိုတော့ ကိုမျိုးဆွေက ကြာလေ ယုံလေဖြစ်လာပြီး မင်းတို့ဗုဒ္ဓဘာသာမှာ တခြားလုပ်စရာကုသိုလ်ရှိရင် ပြောပြစမ်းပါဦးလို့မေးလာသတဲ့။

ဒီအခါမပြုံးက ဗုဒ္ဓါနုဿတိဘာဝနာနဲ့ မေတ္တာဘာဝနာပွားနည်းကိုသင်ပေးလိုက်တယ်၊ ကိုမျိုးဆွေရယ် ပန်းရောင်းရင်းနဲ့ အရဟံ၊ လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့၏ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေ၏ လို့စိတ်ထဲကရွတ်ဆိုနေရင် ဗုဒ္ဓါနုဿတိဘာဝနာပွားများပြီးသား ဖြစ်သွားတာပဲ။

လူနတ်ဗြဟ္မာသတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ၊ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေလို့ စိတ်ထဲကဆိုနေလိုက်တာနဲ့ မေတ္တာဘာဝနာပွားပြီးသားဖြစ်တာပဲလို့သင်ပေးလိုက်သတဲ့။ ကိုမျိုးဆွေလဲ ဘာဝနာနှစ်မျိုးလုံးကို စွမ်းနိုင်သမျှပွားများအားထုတ်သတဲ့။

အဲဒီကုသိုလ်တွေကြောင့်ပဲ စီးပွားရေးဟာတစ်နေ့တစ်ခြားကောင်းလာလိုက်တာ အခုဆိုရင် ကိုယ်ပိုင်တိုက်နဲ့ကားနဲ့ဖြစ်နေကြပြီ၊ ကိုမျိုးဆွေကိုယ်တိုင်လဲ တကယ့်ဗုဒ္ဓဘာသာဖြစ်သွားတာပေါ့၊ ဒါ့ကြောင့် သင်းသင်းတို့လဲ တကယ့်ဗုဒ္ဓဘာသာဖြစ်အောင် ဘာသာရေးစာအုပ်ကောင်းလေးတွေ ဖတ်ပေးရတယ်"

" ဖတ်တော့ဖတ်ချင်သားဘုရား၊ ဒါပေမယ့်ဘာသာရေးစာအုပ်တွေက ပျင်းစရာကောင်းတာနဲ့မဖတ်ဖြစ်တာ။"

## ပျော်စရာကောင်းသောဘာသာရေးစာအုပ်

ပျော်စရာကောင်းတဲ့ဘာသာရေးစာအုပ်တွေရှိပါတယ်ဟရော့ ပဲဟာဒီမယ်ငွေဥဒေါင်းရဲ့ဗုဒ္ဓစာပန်းချီပထမတွဲ နည်းနည်းဖတ်ကြည့် ကောင်းမှဆက်ဖတ်ပေါ့"

ဗုဒ္ဓစာပန်းချီစာအုပ်မှ တဆင့်အခုဆိုလျှင်သင်းသင်းတစ်ယောက် ဘာသာရေးစာအုပ်များကို အမိကထား၍ဖတ်ရှုလာသော တကယ့်ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်သွားလေပြီ၊ အကြောင်းတိုက်ဆိုင်လာသဖြင့် ဝိပဿနာတရားကို နာကြားအားထုတ်ချင်လာအောင်

www.dhammaransi.com



ဆွဲဆောင်သိမ်းသွင်းနည်း ကိုယ်တွေ့တစ်ခုကိုလည်းဆက်လက်တင်ပြချင်သည်။

၁၃၆၄ ခုတန်ဆောင်မုန်းလဆန်း(၁၀)ရက်မှ(၁၂)ရက်အထိ သုံးညတိုင်တိုင် တနင်္သာရီတိုင်း၊ ပုလောမြို့ မြို့တော်ခန်းမတွင်တရားချီးမြှင့်ပို့ မြို့နယ်ထေရဝါဒသာသနာပြုအဖွဲ့မှ အတွင်းရေးမှူး ဦးဇော်မင်းနိုင် ကိုယ်တိုင်လာပင့်သည်။ ဤအတွေးအမြင်မှတ်တမ်းကို ပုလောမြို့ ဂန္ဓကုဋိကျောင်းဆောင်တွင် ရေးသားနေခြင်းဖြစ်သည်။

တရားပွဲတော်နှစ်ညသာပြီးသွားသည်။ မြို့နယ်ထေရဝါဒ သာသနာပြုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်သာနှင့်တကွအဖွဲ့ဝင် တော်တော်များများတရားလာနာသည်ကိုမတွေ့ရ၊ သူတို့ကအကြောင်းအမျိုးမျိုးပြသော်လည်း တရားမနာဖြစ်ခြင်း၏ အဓိကအကြောင်းမှာ တရားနာလိုသော ဆန္ဒမရှိသောကြောင့်ပင်ဖြစ်သည်။

မြို့သူမြို့သားများစိတ်ဝင်စားအောင် မစီစဉ်တတ်မှုကြောင့် ပထမညက ခန်းမကြီးသုံးပုံပုံ တစ်ပုံလောက်သာ ပရိသတ်ရှိသည်။ ထို့ကြောင့်ပထမညတရားပွဲအပြီးတွင် ကျွန်ုပ်က

" ပရိသတ်များကိုအတွေးအခေါ်တစ်ခုလောက် ပေးလိုက်ချင်ပါတယ်၊ သားသမီးဟာသုံးမျိုးရှိပါတယ်၊ မိဘထက်သီလ သမာဓိ ပညာသာလွန်တဲ့ အတိဇာတသားသမီး၊ မိဘနဲ့သီလ သမာဓိ ပညာတန်းတူလိုက်တဲ့ အနုဇာတသားသမီး၊ မိဘထက်သီလ သမာဓိ ပညာနည်းပါးတဲ့ အဝဇာတသားသမီးတို့ပါပဲ။"

"သားသမီးသုံးမျိုးကွဲသလို မိဘကလည်း သုံးမျိုးကွဲသွားတာပါပဲ၊ မိမိရဲ့ရင်သွေးတွေကို မိမိထက်တော်တဲ့ အတိဇာတသားသမီးဖြစ်အောင် ပျိုးထောင်နိုင်တဲ့ မိဘတွေဟာအတော်ဆုံးမိဘတွေပါ။ မိမိနဲ့တန်းတူလိုက်ရုံ ပျိုးထောင်နိုင်တဲ့ မိဘကတော့ သင့်ရုံမိဘပေါ့၊ မိမိထက်နိမ့်တဲ့ အဝဇာတ သားသမီးမျိုးရဲ့မိဘများကိုတော့ အညံ့ဆုံးလို့ပဲဆိုရမှာပါ။

" အတိဇာတသားသမီးဖြစ်အောင် ပျိုးထောင်ဖို့အတွက် အင်္ဂါနှစ်ချက်ပဲလိုပါတယ်။ တစ်အချက်သားသမီးများကို ငယ်ရွယ်စဉ်ကတည်းက စာပေဝါသနာပါအောင် လေ့ကျင့်ပေးရမယ်၊ နှစ်အချက်ကအခုလို

www.dhammaransi.com



တရားပွဲတွေမှာ တရားနာတတ်အောင်ခေါ်လာပေးရမယ်။ ဒီနှစ်ချက် ပြည့်စုံရင် ဒီကလေးဟာ အပတိဇာတသားသမီးဖြစ်ဖို့ အတော်လေး သေချာသွားပါပြီ"။

"စိတ်ဝင်စားစရာ ဘာသာရေးစာအုပ်ကောင်းလေးတွေကို ဖတ်ခိုင်းတာ၊ တရားနာခိုင်းတာတွေဟာ ရင်သွေးငယ်တွေရဲ့ နှလုံးသားမှာ ဘုရားတည်ပေးတာပဲပေါ့၊ ဗုဒ္ဓဘာသာအများစုဟာ မြေပြင်မှာဘုရား၊ ပုထိုး၊ စေတီတွေမရေမတွက်နိုင်အောင် တည်တတ်ကြပေမယ့် ကလေး တွေရဲ့ နှလုံးသားမှာ အသိဉာဏ်ဘုရားတည်ပေးဖို့ကိုတော့ သတိမထားမိ ကြဘာများပါတယ်၊"

"သာသနာကွယ်ပျောက်ဖို့ တကယ့်အရေး တကယ့်ဘေးနဲ့ ကြုံ လာကြပြီဆိုရင် မြေပြင်မှာတည်ထားတဲ့ ဘုရားပုထိုး၊ စေတီ အဆောက် အဦးတွေက ဘာမှမတတ်နိုင်ပါဘူး၊ အိန္ဒိယ၊ အာဖဂန်နစ္စတန်၊ မလေး ရှား၊ အင်ဒိုနီးရှား စတဲ့နိုင်ငံတွေဟာ တစ်ချိန်ကဗုဒ္ဓဘာသာနိုင်ငံတွေပါ၊ အာဖဂန်နစ္စတန်မှာ ပေထာစ်ရာကျော်ရုပ်တော်မူ ကျောက်ဆင်းတု ရုပ်ပွားတော်ကြီးနှစ်ဆူ"

"အင်ဒိုနီးရှားမှာ ဗောရောဗုဒုလို့အမည်ရတဲ့ ကမ္ဘာ့အကြီးဆုံး ကျောက်စေတီကြီး၊ အိန္ဒိယမှာဆိုရင် မဟာဗောဓိစေတီနဲ့ အဆောက် အဦးမျိုးစုံ ဒါတွေရှိနေသေးလို့သာ ဒီနိုင်ငံတွေဟာ တစ်ချိန်က ဗုဒ္ဓ ဘာသာနိုင်ငံပဲလို့သိခဲ့ကြတာပါ။ အခုဆိုရင် အဲဒီနိုင်ငံတွေမှာ ဗုဒ္ဓဘာ သာမရှိတော့သလောက်ဖြစ်သွားပါပြီ"၊

"မြေပြင်မှာတည်ခဲ့ကြတဲ့ စေတီပုထိုး၊ အဆောက်အဦးတွေဟာ ဗုဒ္ဓသာသနာမကွယ်ပျောက်အောင် မတတ်နိုင်ခဲ့ကြပါဘူး၊ ကလေးတွေရဲ့ နှလုံးသားမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှု အသိဉာဏ်ဘုရားတွေတည်ပေးမှ သာ နောင်တစ်ချိန်မှာ ဒီသာသနာမကွယ်ပျောက်အောင် မျိုးဆက် သစ်တွေက ထိန်းသိမ်းကြမှာပါ"။

"သီရိလင်္ကာသောကမင်းကြီးသာသနာပြုစဉ် သာသနာတော်နှစ် (၂၀၀)ကျော်လောက်ကဆိုရင် ကမ္ဘာ့လူဦးရေ ငါးပုံပုံ လေးပုံဟာ ဗုဒ္ဓ ဘာသာတွေပါ၊ နောက်ပိုင်းမှာ ဗုဒ္ဓဘာသာအများစုဟာ မြေပြင်မှာ

www.dhammaransi.com



သာ ဘုရားတွေတည်ကြပြီး ကလေးတွေရဲ့နှလုံးသားမှာ ဘုရားတည် မပေးတဲ့အတွက် အခုအချိန်ကာလ (၂၀၀၂)မှာတော့ ဗုဒ္ဓဘာသာဦးရေဟာ ကမ္ဘောဒီးယားနိုင်ငံမှာ ... ဟာ ကမ္ဘာ့လူဦးရေ ဆယ်ပုံပုံတစ်ပုံပဲရှိပါတော့တယ်"။

"ကမ္ဘာ့လူဦးရေ သန်းငါးထောင်ကျော်မှာ မဟာယာနထေရဝါဒ နှစ်မျိုးပေါင်းမှ ဗုဒ္ဓဘာသာဝင်ဦးရေဟာ သန်းငါးရာကျော်ကျော်လေးပဲ ရှိပါတယ်။ ကမ္ဘာ့လူဦးရေ ငါးပုံပုံလေးပုံ အများဆုံးအဘင့်ကနေ ကမ္ဘာ့ လူဦးရေဆယ်ပုံပုံတစ်ပုံ အနည်းဆုံးအဆင့်ထိအောင် ဘာဖြစ်လို့လျော့ ကျသွားရတာလဲဆိုရင် ကလေးတွေရဲ့ နှလုံးသားမှာ ဘုရားတည်မပေးခဲ့ လို့ပါပဲ"။

## အရက်သမားကို သောတာပန်တည်စေသူ

"ဒါကြောင့် မြေပြင်မှာ ဘုရားအဆူပေါင်းများစွာ တည်နေသလို ကလေးတွေရဲ့နှလုံးသားမှာလဲ ဘုရားတည်ပေးကြဖို့ အတွက် နက်ဖြန်တရားပွဲမှာ ကလေးတွေကိုပါ တရားနာပါအောင်ခေါ်ခဲ့ကြပါ။ ရင်သွေးတွေရဲ့နှလုံးသားမှာ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဘုရားတည်ပေးခဲ့ကြတဲ့ မိဘနှစ်ဦးရဲ့စွမ်းဆောင်ချက်များကိုလည်း အတုယူဖွယ်ရာ နိဂုံးချုပ် အနေနဲ့ ပြောပြပါဦးမယ်"။

"တစ်ဦးသောမိဘက လွန်ခဲ့သော (၂၅၄၆)နှစ်ခန့်၊ ဘုရားရှင် လက်ထက်ကပါ၊ အမည်က ဗုဒ္ဓဘာသာအားလုံး သိပြီးသား အနာထပိဏ် ပါ၊ အနာထပိဏ်ဟာ အတိဇာတသမီးနဲ့ အဝဇာတသားတို့အတွက် ဝမ်း နည်းဝမ်းသာတစ်ကြိမ်စီဖြစ်ခဲ့ရပါတယ်၊ သမီးဖြစ်သူ သုမနဒေဝီဟာ အသက်ငယ်ငယ်မှာဘဲ ရောဂါတစ်ခုနဲ့ သေလုဆဲဆဲဖြစ်နေပါပြီ"

"သောတာပန်အဆင့်သာရှိသေးတဲ့ အနာထပိဏ်ဟာ သောက မီး အနည်းငယ်တော့တောက်လောင်သေးတာပါပဲ။ ပိုပြီးသောကမီး တောက်လောင်စရာဖြစ်သွားတာက သေခါနီးသမီးက "မောင်လေးအစ်မ အတွက်မစိုးရိမ်နဲ့၊ တရားကိုသာ ကြိုးစားပါ"လို့ မှာသွားတဲ့ စကား လေးပါပဲ။ ဒီစကားမှာပြီးတာနဲ့ သမီးဖြစ်သူဆုံးသွားရှာတယ်"။

"အနာထပိဏ်သူဌေးကြီးက ငါ့သမီးတော့ သေခါနီးဂယောင် ချောက်ချားဖြစ်ပြီး အဖေဖြစ်တဲ့ငါ့ကိုတောင် မောင်လေးလို့ခေါ်ပြီး

www.dhammaransi.com



သေသွားရှာတယ်။ အားထုတ်ထားတဲ့ကုသိုလ်တွေကို အာရုံမပြုနိုင်ရှာဘူး အပါယ်လေးပါးသွားပြီယင်ပါရဲ့လို့အောက်မေ့ပြီး အာဃာတ်စိတ်မကောင်း ဖြစ်သွားတယ် ဝမ်းနည်းသွားတာပေါ့"။

"ဒီအကြောင်းကိုဘုရားရှင်ဆီ သွားလျှောက်ထားတဲ့အခါကျ တော့ ဘုရားရှင်က "သူဌေးကြီး သင့်သမီးသုမနဒေဝီဟာ တရား လက်လွတ် ဂယောင်ချောက်ချားဖြစ်ပြီး သေသွားတာမဟုတ်ဘူး၊ ရထား တဲ့ တရားအဆင့်အတန်းအရ သင့်ကိုမောင်လေးလို့ခေါ်သွားခြင်း ဖြစ် တယ်"

"သင့်သမီး သုမနဒေဝီဟာသကဒါဂါမ်တည်ပြီးဖြစ်လို့သင့်ထက် တရားတစ်ဆင့်မြင့်တယ်၊ လောကအလိုအရ သင်ကဖခင်ဖြစ်လို့သူထက် မြင့်တာမှန်တယ်။ ဒါပေမယ့် လောကုတ္တရာတရားအလိုကျတော့သူက သကဒါဂါမ်၊သင်က သောတာပန်ဖြစ်လို့ သင့်သမီးသုမနဒေဝီက သင့် ထက်မြင့်နေပြန်တယ်"။

" ဒါ့ကြောင့်လောကုတ္တရာတရားအလိုအရ သင်ကသမီးထက် ငယ်တဲ့အတွက်ကြောင့် မောင်လေးလို့ခေါ်ခဲ့ခြင်းဖြစ်တယ်၊ သင့်ကိုလည်း တရားတစ်ဆင့်ထက်တစ်ဆင့်မြင့်ပြီး ကြိုးစားအားထုတ်စေချင်တဲ့သဘော ပါလို့ရှင်းပြမှ ဝမ်းနည်းရာကတစ်ဆင့် ဝမ်းသာရပြန်သတဲ့"။

" နောက်တစ်ကြိမ်ဝမ်းနည်း ဝမ်းသာဖြစ်ရပြန်တာက သူ့သား မောင်ကာဠအတွက်ပါ။ အနာထပိဏ်ဟာ တစ်ရက်တစ်ရက်ကို ဘုရား အမှူးရှိတဲ့ သံဃာနှစ်ထောင်၊ နှစ်ထောင်ပင့်ပြီး နေ့စဉ်ဆွမ်းကပ်နေသူပါ၊ အနာထပိဏ်ဟာ ဘုရားအမှူးရှိတဲ့ သံဃာများနဲ့အဲသလောက် ရင်းနှီး ကျွမ်းဝင်ပေမယ့် မောင်ကာဠကတော့ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ကို တစ်ကြိမ်တစ်ခါတောင်ဦးမချဘူးဘူးတဲ့"။

"သားသမီး ၃မျိုးထဲမှာတော့ အဝဇာတသားသမီးမျိုးပေါ့၊ ဒီ အတွက်လဲ အနာထပိဏ်ဟာနေ့စဉ် ဝမ်းနည်းနေရတယ် စိတ်ဆင်းရဲနေ ရတယ်"

"အဖေဖြစ်သူကသောတာပန်ကျောင်းဒကာ၊ သားဖြစ်သူက ရတနာသုံးပါးကို ဦးချရမှန်းတောင်မသိတဲ့ အန္ဓဗာလပုထုဇဉ်၊

www.dhammaransi.com



အရက်သမား၊ ဖဲသမား၊ ဘယ်လောက်ကွာခြားနေသလဲလို့ အဲဒီလို သားဆိုးမျိုးကို သောတာပန်အရိယာတစ်ယောက်ဖြစ်သွားအောင် လုပ်ခဲ့တဲ့ အနာထပိဏ်ရဲ့နည်းလေးကသူ့သားကို ငွေတစ်ရာပေးပြီး ဥပုသ်စောင့်ခိုင်း လိုက်တာပါပဲ"။

" မောင်ကာဠကလဲ ငွေတစ်ရာလိုချင်တာနဲ့ ဥပုသ်နေ့တိုင်း ဘုရားကျောင်းတော်သွားတယ်၊ ဘုရားလဲမဖူးဘူး၊ တရားလဲမနာဘူး တော်ရာထိုးအိပ်ပြန်လာတာပဲ၊ ညနေပြန်ရောက်တာနဲ့ အနာထပိဏ်ကလဲ ပေးထားတဲ့ကတိအတိုင်း ငွေတစ်ရာပေးလိုက်တာပဲ"။

" ငွေတစ်ရာပေးနေရင်းက ဥပုသ်ပါတ်အတော်ကြာတော့ အနာထပိဏ်ကတစ်ဆင့်မြှင့်လိုက်တယ်၊ ဘုရားရှင်ရဲ့တရားကို မှတ်မိအောင်နာခဲ့ပါ။ ငွေတစ်ထောင်ထိတိုးပေးမယ်တဲ့၊ ဒီတော့ မောင်ကာဠ ငွေတစ်ထောင်မျက်နှာနဲ့ ဘုရားတရားတော်ကိုဝင်နာတယ်၊ တရားလည်းဆုံးရော သောတာပန်လဲတည်တာပါပဲ"။

"နောက်တစ်နေ့မှာ သောတာပန်မောင်ကာဠကိုယ်တိုင် ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဦးဆောင်ပြီး အိမ်ကိုဆွမ်းစားပင့်လာပါတယ်။ လမ်းမှာ မောင်ကာဠက ဆုတောင်းနေတယ်။ ငါ့အဖေဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေရှေ့မှာ ငါ့ကိုငွေတစ်ထောင်မပေးပါစေနဲ့တဲ့ သူ့ဖခင်က ငွေပေးပြီးတရားနာခိုင်းတဲ့အဖြစ်ကို သံဃာတော်တွေသိသွားမှာ သူသိပ်စိုးရိမ်တာပေါ့"။

"ဒါကိုအနာထပိဏ်ကဘယ်သိမှာလဲ၊ သံဃာတော်တွေရှေ့မှာ တရားနာခငွေတစ်ထောင်ကို ထုတ်ပေးတာပါပဲ၊ မောင်ကာဠက ငွေကို မယူတော့ပဲ ဖခင်ကိုတောင်းပန်စကားပြောရှာပါတယ်။ ဗုဒ္ဓကရှင်းပြမှပဲ အနာထပိဏ်ဟာ သူ့သားသောတာပန်ဖြစ်မှန်းသိသွားပါတယ်"။

## ငွေရလို့တရားနာရာမှတစ်ဆင့်

"အခု ၂၀ရာစုအတွင်းမှာလဲ အဲဒီနည်းကိုသုံးခဲ့လို့အောင်မြင်မှုရသွားတဲ့ဖြစ်ရပ်တစ်ခုကို ပြောပြပါဦးမယ်။ ၂၀၀၀ခုနှစ်ငါးလပိုင်းလောက်တုန်းက တနင်္သာရီမြို့နယ်အတွင်းက ကျေးရွာအတော်များများကို သာသနာပြုတရားဟောကြွခဲ့ရင်းက ဝမ်းနာလို့ခေါ်တဲ့ ရွာကြီးတစ်ရွာကို ရောက်ခဲ့ပါတယ်"။

www.dhammaransi.com



"ဟောခဲ့တဲ့နှစ်ညလုံးလုံး ရှေ့ဆုံးကနေစိတ်ပါလက်ပါ တရားနာနေတဲ့ အသက် (၇၀)ကျော်လောက်ရှိတဲ့ အမေအိုတစ်ယောက်ကို သတိထားမိနေတယ်။ နောက်ဆုံးညဟောပြီးတော့ နဝကမ္မနဲ့ လှူဒွယ်ဝတ္ထုတွေလာကပ်မှ အမေအိုကိုသေချာမေးကြည့်ရတယ်"။

"ဒါယိကာမကြီးတရားနာဝါသနာပါတယ်ထင်တယ်လို့ မေးကြည့်လိုက်တော့ အမေအိုကပြောတယ်၊ တပည့်တော်ငယ်ငယ် ကတော့ ဝါသနာမပါဘူးဘုရား။ တပည့်တော်အမေက တရားပွဲရှိလို့ လာခေါ်ရင် တပည့်တော်မလိုက်ချင်မှန်းသိတော့ မုန့်ဖိုးပေးမယ်တဲ့၊ ဘယ်လောက်ပေးမှာလဲလို့ မေးလိုက်တော့ ဆရာတော်ဟောတဲ့တရားကို လေးပုံတပုံ ပြန်ပြောနိုင်ရင် တမတ်ပေးမယ်တဲ့။ နှစ်ပုံပြောနိုင်ရင် ငါးမူး၊ သုံးပုံပြောနိုင်ရင်သုံးမတ်၊ လေးပုံလုံးပြောနိုင်ရင် တစ်ကျပ်တဲ့။ ဒီတော့ တပည့်တော်မလဲ ငွေလိုချင်တော့ တရားပွဲရှိတိုင်း လိုက်နာတာပဲတဲ့၊ ပြန်ပြောပြနိုင်ရင်လဲ ပေးထားတဲ့ ကတိအတိုင်း မုန့်ဖိုးကလဲ တကယ်ပေးတာပဲတဲ့။ တဖြေးဖြေးအရွယ်ရလာလို့ တရားအရသာ သိသွားတဲ့အခါကျတော့ မုန့်ဖိုးမပက်တော့ဘဲ တရားပွဲလို့ ကြားတာနဲ့ ရှေ့ဆုံးကချည်းပြေးနာတာ အခုအရွယ်ထိအောင်ပါပဲတဲ့။ ဒီအမေကြီးဟာ တရားကပေးတဲ့ အသိတရားတွေကြောင့် ဘုရားအမ၊ ကျောင်းအမ၊ သူဌေးကတော်ကြီး တစ်ယောက်ဖြစ်နေပါပြီ"။

"ဒါကြောင့် ပရိသတ်များလည်း ကိုယ့်ရင်သွေးတွေကို တရားအမွေပေးနိုင်အောင် မနက်ဖြန်ခေါ်ခဲ့ကြပါ။ ရိုးရိုးခေါ်မရရင် အနာထပိဏ်နည်းအတိုင်း မုန့်ဖိုးပေးပြီးခေါ်ခဲ့ကြပါ"။

ရင်းတိုက်တွန်းချက်ကြောင့် ဒုတိယညတွင် ပုလောမြို့နယ်၊ ခန်းမကြီးသုံးပုံပုံ နှစ်ပုံကျော်လောက်ထိ ပရိသတ်များပြားလာသည်။ သို့သော် ထေရဝါဒသာသနာပြုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဖောင်သာတို့အဖွဲ့အတော်များများတရားနာရာမှာ ပါမလာသေး၊ တတိယည နောက်ဆုံးဟောမည့်ည နေ့ဆွမ်းကို ဦးဖောင်သာတို့အိမ်မှကပ်သည်။

ဆွမ်းကပ်မီ အနုမောဒနာတရားဟောကြားရာတွင် ယခုည ဟောကြားမည့် "မဂ်တား ဖိုလ်တားအန္တရာယ်များ" အမည်ရှိ ဝိပဿနာတရားကိုနာသင့်ခြင်းအကြောင်းကို ဥက္ကဋ္ဌနှင့်တကွ အဖွဲ့ဝင်များအား အောက်ပါအတိုင်း စည်းရုံးဟောကြားခဲ့သည်။

www.dhammaransi.com



"ဦးပဥ္စင်းယခုလိုပုလောဖြို့ကို တရားဟောရောက်လာတာ ဟာ မြို့နယ်ထေရဝါဒအဖွဲ့ဝင်များရဲ့ ပင့်လျှောက်မှုကြောင့်ဖြစ်ပါတယ်။ တရားပွဲနှစ်ညပြီးသာသွားတယ် ထေရဝါဒအဖွဲ့ဝင်အတော်တော်များ များ တရားနာတာမတွေ့ရပါဘူး။ ဒီနေ့ညနောက်ဆုံး ဝိပဿနာတရား ကိုတော့ အဖွဲ့ဝင်များအားလုံး နာယူစေချင်ပါတယ်"

"ဘာဖြစ်လို့နာစေချင်တာလဲဆိုတော့ နောက်ဘဝရောက်ရင် တခြားဘာသာကိုပြောင်းမသွားစေချင်လို့ပါ။ ဒါန၊ သီလ၊ သမထဆိုတဲ့ လောကီကုသိုလ်တွေဘယ်လောက်ပင်ရှိရှိ ဝိပဿနာတရားရဲ့ အခြေခံဖြစ်တဲ့ နာမ်နဲ့ရုပ်ကိုပိုင်းခြားပြီးသေချာသိတဲ့ နာမရူပပရိစ္ဆေဒ ဉာဏ်၊ ဒီနာမ်ရုပ် သို့မဟုတ် ခန္ဓာငါးပါးဖြစ်ခြင်းအကြောင်းကို သိမ်းဆည်း ပြီးသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ဒီဉာဏ်နှစ်ပါးမရသေးဘဲ သေသွားမယ် ဆိုရင် နောက်ဘဝမှာ ဘာသာခြားမိစ္ဆာဒိဋ္ဌိဖြစ်သွားနိုင်ပါသေးတယ်"

## သာသနာကိုကြိုက်သော်လည်းမကြုံသူ

"သာသနာကို ကြိုက်သော်လည်းမကြုံတဲ့ ပုဂ္ဂိုလ်ကတော့ သုဒ္ဓေါ ဒနမင်းကြီးကိုးကွယ်တဲ့ ဒေဝီလရသေ့ကြီးပါပဲ။ ရသေ့ကြီးဟာ ဈေ့ဖြစ် ပြီးသား ကမ္ဘာပေါင်းလေးဆယ် နောင်ဖြစ်လတံ့၊ ကမ္ဘာပေါင်းလေးဆယ် ကို မြင်နိုင်စွမ်းရှိတဲ့ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်ထူးကြီးတစ်ယောက် ပါ၊ နေ့ခင်းအခါမှာ တာဝတိံသာနတ်ပြည်တက်နေပြီး ညအခါမှလူ့ပြည် မှာ ဆင်းနေပါတယ်"။

"တစ်နေ့ တာဝတိံသာကနတ်သား နတ်သမီးတွေ ထူးထူးခြား ခြား ဖော်ဟစ်မြူးတူးနေတာကို တွေ့တာနဲ့မေးကြည့်လိုက်တော့ လူ့ပြည် မှာဘုရားအလောင်း သိဒ္ဓတ္ထမင်းသားလေးကို ဖွားမြင်တယ်ဆိုတာသိလိုက် ရတာပါပဲ။ သူ့ကိုကိုးကွယ်တဲ့ သုဒ္ဓေါဒနမင်းကြီးရဲ့ မိဖုရားခေါင်ကြီး မာယာဒေဝီကမွေးဖွားတယ်ဆိုတာသိလိုက်ရင်ပဲ ချက်ခြင်းလူ့ပြည်ကို ဆင်းလိုက်သွားပါတယ်"။

"ဘုရားအလောင်းဆိုတာဖူးမြင်ရခဲဘယ် မဟုတ်လား။ ဟို ရောက်တော့ ဘုရားအလောင်း နီတာရဲလေးကို မြင်လိုက်ရင်ပဲ အဘိ ညာဉ်တန်ခိုးနဲ့ ကြည့်လိုက်တော့ ဘုရားစင်စစ်ကေန်အမှန်ဖြစ်မယ်ဆိုတာ

www.dhammaransi.com



သိသွားတယ်။ ဒီအခါမှာ ရသေ့ကြီးဟာ အားရပါးရရယ်ခြင်း၊ သည်းထန်စွာငိုခြင်း နှစ်မျိုးကိုပြုတယ်။ ရယ်ခြင်းငိုခြင်းအကြောင်းကို သုဒ္ဓေါဒနမင်းကြီးကမေးကြည့်တော့သူဖြေလိုက်တာက"။

"သင်မင်းကြီးနဲ့တကွ ဝေနေယျအများစုဟာ ဒီကလေးဘုရားဖြစ်တဲ့အခါ ဟောကြားတဲ့တရားတွေကို နာကြားရပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြတော့မယ်။ အပါယ်လေးပါးကိုဘယ်တော့မှမကျရတော့ဘူး၊ ဒါ့ကြောင့် သင်တို့အတွက် ဝမ်းသာလို့ ရယ်ခြင်းဖြစ်ပါတယ်။ ဒီကလေးဘုရားဖြစ်တဲ့အခါ ကျွန်ုပ်ကလူ့ဘဝမှာမရှိတော့ပါဘူး နာမ်တရားသာရှိတဲ့ အရူပပြဟ္မာ့ဘုံကို ရောက်နေပါပြီ"

"သစ္စာလေးပါးတရားတော်တွေကို နာယူနိုင်စွမ်းမရှိတော့ပါဘူး ငါ့အတွက်တော့ ရှုံးခြင်းကြီးမက ရှုံးရပါပြီ။ ဒီအတွက် ငိုကြွေးရခြင်းဖြစ်ပါတယ်တဲ့၊ သူပြောတဲ့အတိုင်းပဲ အခုအချိန်အခါမှာ သူဟာအရူပဘုံကို ရောက်နေပါပြီ။ ဝိပဿနာတရားနာခြင်း၊ အားထုတ်ခြင်း လုံးဝမလုပ်နိုင်တော့ပါဘူး ဒါ့ကြောင့်ဒေဝိလ ရသေ့ကြီးကတော့ သာသနာကိုကြိုက်သော်လည်းမကြုံတဲ့ပုဂ္ဂိုလ်ဘဲဖြစ်ပါတယ်"။

"သာသနာနဲ့ကြုံလဲမကြုံ၊ ကြိုက်လဲမကြိုက်တဲ့ ပုဂ္ဂိုလ်ဆိုတာကတော့ အပါယ်လေးဘုံသားတွေပါပဲ၊ သူတို့ပင်ကိုယ်ကလဲ သစ္စာတရားကို သိနိုင်စွမ်းမရှိတဲ့အတွက် သာသနာနဲ့မကြုံဘူးလို့လဲ ဆိုနိုင်ပါတယ်၊ သူတို့ဟာ မဂ်ဖိုလ်ကိုလိုချင်ရမှန်းကို မသိတဲ့အတွက်မကြိုက်ဘူးလို့လဲ ဆိုနိုင်ပါတယ်"။

"သာသနာနဲ့ကြုံလဲကြုံ၊ ကြိုက်လဲကြိုက်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ဗုဒ္ဓဘာသာလည်းဖြစ် ဝိပဿနာတရားကိုလည်း နာကြားအားထုတ် နေကြသူများပဲဖြစ်ပါတယ်။ သစ္စာလေးပါးတရားကို သိနိုင်တဲ့ အချိန်အခါကို ဗုဒ္ဓကနှစ်ပေါင်းငါးထောင်ထားခဲ့ပါတယ်၊ ဒါကိုသာသနာ နှစ်ငါးထောင်လို့ခေါ်ကြတာပါ။ အခုဆိုရင်နှစ်ပေါင်း (၂၅၄၆)နှစ် ရှိသွားပါပြီ"။

"နောက်နှစ်ပေါင်း (၂၄၅၄)နှစ်ပဲ ကျန်ပါတော့တယ်။ ဒီသာသနာ နှစ်ပေါင်းနှစ်ထောင့်လေးရာကျော်ကရော မိမိနဲ့ ဘယ်လောက်ဆိုင်ဘုန်းလို့ ဆန်းစစ်ကြည့်ပါဦး။ တချို့က သာသနာနှစ် နှစ်ထောင်ကျော်ကြီး

www.dhammaransi.com



ကျန်သေးတာပဲ ဝိပဿနာတရားမလိုက်စားသေးပါဘူးဆိုပြီး ပေါ့ပေါ့တန်တန် နေမိတတ်ကြတယ်"။

"အဲဒီပုဂ္ဂိုလ်မျိုးတွေကို မေးကြည့်ချင်ပါတယ် ကျန်တဲ့သာသနာ နှစ်ပေါင်းနှစ်ထောင်ကျော်နဲ့ ကိုယ်နဲ့ဘယ်လောက်ဆိုင်သလဲဆိုတာကိုပေါ့ တကယ်တော့ သာသနာနဲ့ကိုယ်နဲ့ဆိုင်တဲ့ အချိန်ဟာ မသေခင် နာရီပိုင်းလေးတင်ပါပဲ။ ဒီနေ့သေတာနဲ့ မနက်ဖြန်သာသနာဟာကိုယ်နဲ့ မဆိုင်တော့ပါဘူး၊ ဒါကြောင့်အသေမဦးခင်မှာ ဝိပဿနာဉာဏ်ဦးဖို့အတွက် ကနေ့ည ဝိပဿနာတရားကို ဒေါက်တာအောင်သာနဲ့တကွ မြို့နယ်ထေရဝါဒ လူပုဂ္ဂိုလ်သာသနာပြုအဖွဲ့ဝင်များ လာရောက်တရားနာယူဖို့ ဦးပဥ္စင်းကိုယ်တိုင် မေတ္တာရှေ့ထားပြီး ဖိတ်ကြားလိုက်ပါတယ်"။

ဝမ်းသာစရာကောင်းပါသည်။ နောက်ဆုံးည များပြားလှသော ပရိသတ်များ၏ရှေ့တွင် ဒေါက်တာအောင်သာနှင့်တကွ ထေရဝါဒအဖွဲ့ဝင်များကိုအားတက်ဖွယ်ရာတွေ့ရသည်။

ဤအခန်းများကိုဖတ်ရှုခြင်းဖြင့် စာရှုသူများသည် ဘာသာရေး စာပေကို ဖတ်ချင်အောင်ဆွဲဆောင်နည်း၊ လူငယ်များတရားနာချင်အောင်ဆွဲဆောင်နည်း၊ လူလတ်ပိုင်းများ ဝိပဿနာတရားကိုနာယူ အားထုတ်ချင်အောင်ဆွဲဆောင်နည်းများကို ရရှိနိုင်ပါသည်။ ထိုအတိုင်းပဲ အောင်မြင်အောင်ဆွဲဆောင်ကြပါဟု တိုက်တွန်းပါသည်။

## မျက်ရည်မကျခင် သိစေချင်

ကျွန်ုပ်၏စာပေခရီးအကြောင်းကိုဆက်ရလျှင် များသောအားဖြင့် စာရေးဆရာလောင်းများ ပထမဆုံးရေးသောအရာသည် ဆောင်းပါး သော်လည်းကောင်း၊ ဝတ္ထုတိုသော်လည်းကောင်း၊ ဝတ္ထုရှည် သော်လည်းကောင်း၊ စာညွှန့်သော်လည်းကောင်း၊ ကဗျာသော်လည်းကောင်း တစ်ခုခု ဖြစ်ရသည်သာ။ ကျွန်ုပ်ကားထိုသို့မဟုတ် ရေးရေးခြင်း ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရများကို ပြည့်စုံအောင်ဖော်ပြသည့် ဘာသာရေးလုံးချင်းစာအုပ်တစ်အုပ်ဖြစ်နေခြင်းပင်တည်း။ စာအုပ်အမည်ကား မျက်ရည်မကျခင်သိစေချင်။

www.dhammaransi.com



၁၉နှစ်သားအရွယ်ကရေးခဲ့သော စာမူသည်(၃၅)နှစ်အရွယ် အရောက်မှာပင် ပထမဆုံးလုံးချင်းစာအုပ်အဖြစ်သို့ရောက်ခဲ့သည်။ (၁)နှစ်အတွင်းမှာပင် (၅)ကြိမ်ခန့်ထပ်မံပုံနှိပ်ထုတ်ဝေခဲ့ရသည်။ ဤစာအုပ်သည် မေတ္တာရှင်(ရွှေပြည်သာ)ဟူသော ကလောင်အမည်ကို စာပေလောကတွင် ကမ္ဘည်းတင်ပေးခဲ့သည်။

ဤစာအုပ်သည် အိပ်ပျော်နေသောဗုဒ္ဓဘာသာဝင်များကို လှုပ်နှိုးခဲ့သည်။ သူများယောင်လို့ယောင် အမောင်တောင်မှန်း မြောက်မှန်း မသိသော မိရိုးဖလာဗုဒ္ဓဘာသာအဖြစ်မှ ဟာကယ့်ဗုဒ္ဓဘာသာဖြစ်လာကြသည်။ ဤစာအုပ်ကို ဖတ်ရသည့်အတွက် မိမိကိုယ်မိမိသေကြောင်းကြံစည်မည့်အစီအမည်များကို စွန့်လွှတ်လိုက်သူများမှာလည်း ဒုနှင့်ဒေး။

လေလွင့်ပျက်စီးနေသောလူငယ်အချို့သည်လည်း ဤစာအုပ်၏ အစွမ်းဖြင့် လူတော်လူကောင်းများဖြစ်လာပြီး လောကီလောကုတ္တရာကောင်းကျိုးများကို အောင်မြင်စွာဆောင်ရွက်နေကြသူများမှာလည်း မနည်းလှ။ ထိုအကြောင်းများကို ကာယကံရှင်များကိုယ်တိုင်လာရောက်လျှောက်ထားခြင်း၊ စာရေးခြင်းဟူသောအကြောင်းများကြောင့် သိရခြင်းဖြစ်သည်။ ထိုအထဲမှ လူကိုယ်တိုင်လာရောက်လျှောက်ထားသော အမျိုးသားနှစ်ယောက်အကြောင်းကို ဖော်ပြပါမည်။

ပထမတစ်ဦးမှာ လှိုင်သာယာမြို့မှ ကိုအောင်မြင့်ဆိုသော လူငယ်တစ်ယောက်ဖြစ်သည်။ သူသည် ခိုးရာပါပစ္စည်းလက်ခံမှုတစ်ခုဖြင့် ထောင်ကျသွားခဲ့သည်။ သူ့တွင်ဇနီးနှင့်သားနှစ်ယောက်ကျန်ရစ်သည်။ ဇနီးသည်သည်မိဘများရှိရာ ရွှေပြည်သာသို့ရောက်လာပြီးဈေးရောင်းကာ ဆင်းရဲပင်ပန်းစွာအသက်မွေးရသည်။

သူထောင်သက်သုံးနှစ်ခန့်ကြာသော အချိန်မှာပင် ဇနီးသည်က နောက်အိမ်ထောင်ပြုလိုက်သည်။ ကိုအောင်မြင့်ကားမသိရှာ။ တစ်နေ့တွင် ၁၃ နှစ်သားနှင့် ၁၀နှစ်သားအရွယ်ခန့်ရှိသော သူ့သားနှစ်ယောက်ကျွန်ုပ် ကျောင်းတွင်ရှင်ပြုကြသည်။ လိုအပ်နေသော ပရိက္ခရာများကို ကျွန်ုပ်ကပင်စိုက်ထုတ်လှူဒါန်းလိုက်သည်။

www.dhammaransi.com



ကိုရင်ဝတ်ပြီး သုံးရက်ခန့်အရမှာပင် အကြီးကိုရင်ဥတ္တရက

"ဆရာတော်တပည့်တော်တို့အဖေက တပည့်တော်တို့ကို ကိုရင်ဝတ်နဲ့တွေ့ဖူးချင်တယ်ဆိုလို့ ခဏသွားခွင့်ပြုပါဘုရား"

" ဟာ အလှူရှင်နေ့ကပါတာ မင်းတို့အဖေမဟုတ်ဘူးလား"

" မဟုတ်ဘူးဘုရား အဲဒါကအမေ့ရဲ့နောက်အိမ်ထောင်ပါ"

"မင်းအဖေက ဘယ်မှာရှိသလဲ"

"အင်းစိန်ထောင်ထဲမှာဘုရား"

"လွတ်ဖို့တော်တော်လိုသေးသလား"

"နောက်နှစ်နှစ်လောက်ဆိုလွတ်တော့မယ်လို့ပြောတယ် ဘုရား"

ကျွန်ုပ်မမြင်ရသော ထိုသူကိုကရုဏာသက်သွားမိသည်။ ထို့ကြောင့် မျက်ရည်မကျခင်သိစေချင် စာအုပ်လေးတစ်အုပ်ကိုယူကာ ဆိုင်းထိုးလိုက်ပြီး ဥတ္တရကိုလှမ်းပေးလိုက်ကာ. .

"အဲဒီစာအုပ်ကို ကိုရင့်အဖေပေးလိုက်ပါ။ ဆရာတော်ကိုယ်တိုင်မေတ္တာလက်ဆောင်ပေးလိုက်တယ်လို့လဲပြောပေါ့"

ကိုရင်လေးများ လူဝတ်လဲသွားသည်နှင့် သူတို့မိသားစုအကြောင်းကို ကျွန်ုပ်ဘာမှမသိရတော့။ နှစ်နှစ်ဟူသောအချိန်သည် ဘယ်လိုကဘယ်လိုကုန်သွားလိုက်သည်မသိ။ စာရေး၊ တရားဟော၊ တရားပြအလုပ်တွေဖြင့် ဒေါင်ချာစိုင်းနေသော ကျွန်ုပ်သည်နားချိန်မရှိ။ အလုပ်တစ်ခုမှအလုပ်တစ်ခုသို့ပြောင်းခြင်းကိုပင် နားခြင်းဟုသဘောထားရတော့သည်။

အသက်တစ်ရာကျော်နေရသည့်တိုင် ကျွန်ုပ်လုပ်လိုသောအလုပ်များကားပြီးစီးမည်မဟုတ်။ ထို့ကြောင့် အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည် ကျန်နေတဲ့သာသနာအလုပ်တွေ ဆက်လုပ်ဖို့အတွက် နောင်ဘဝလူပဲပြန်ဖြစ်ချင်တယ်ဟု ပြောခြင်းဖြစ်ပါလိမ့်မည်။ တစ်နေ့စာကြည့်ခန်းအတွင်း စာရေးနေစဉ် ဒကာတစ်ယောက်ဝင်လာပြီးဦးချသည်၊ ကျွန်ုပ်ကားသူ့ကို တစ်ခါမှမမြင်ဘူး။

ကျွန်ုပ်သည်အမျိုးသားဧည့်သည်များကို စာရေးရင်း စာကြည့်ရင်းပင် အတွေ့ခံပါသည်။ စကားပေမရှည်ဘဲ ကျွန်ုပ်အလုပ်ကို အားနာ

www.dhammaransi.com



ပြီး မြန်မြန်ပြန်စေဖို့အတွက်ဖြစ်သည်။ အမျိုးသမီးစည့်သည်များကိုသာ လျှင် ဧည့်ခန်းတွင်ထွက်တွေ့သည်။ အမျိုးသမီးမို့ စာကြည့်ခန်းအတွင်း မသင့်လျော်သည့်အတွက် ဧည့်ခန်း၌ထွက်တွေ့ရသည်ကို ပရှေးချောတို့က သဘောမပေါက်ကြ။

ဆရာတော်ကအေးအေးဆေးဆေးပဲ အလုပ်မရှိဘူးဟုထင်ကာ လောကီအကြောင်းအရာတွေကို အကြာကြီးလျှောက်ပြောနေတတ်ကြသည်။ ကျွန်ုပ်၏တန်ဖိုးရှိသောအချိန်ကို အမျိုးသမီးများက အများဆုံး ဖြုန်းကြသည်။ သို့သော်ကျွန်ုပ်၏ စားရေးသောက်ရေး၊ ကျန်းမာရေးများကိုလည်း ထိုအမျိုးသမီးများကပင်အများဆုံး ပြုစုစောင့်ရှောက်ကြရာ အဆိုးကိုအကောင်းနှင့် ထေရန်သာရှိတော့သည်။

## အချိန်နှင့်ပတ်သက်သော အတွေးအမြင်

ကျွန်ုပ်အယူအဆအရ အချိန်ကိုတန်ဖိုးမထားသူများသည် အသက်ကိုတန်ဖိုးမထားသူများသာဖြစ်သည်။ အချိန်ကိုအလကား ဖြုန်းပစ်သူများသည် အသက်ကို အလကားဖြုန်းပစ်သူများသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်တိုလေးများကို ပေါင်းစည်းထားသည်ကိုပင် အသက်ဟုခေါ်သောကြောင့်ပင်တည်း။

ဂျပန်ပြည်မှ အချမ်းသာဆုံး ဆယ်ဦးစာရင်းဝင် သူကြွယ်လေးတစ်ယောက် စီးပွားရေးကိစ္စတစ်ခုဖြင့် မြန်မာပြည်သို့ရောက်လာသည်။

ထိုအခါ စာရေးဆရာချစ်စံဝင်းကမေးခွန်းတစ်ခုမေးလိုက်သည်။ မေးခွန်းက ကျွန်တော်တို့မြန်မာပြည်ဟာ သယံဇာတတွေလည်း အလျှံပယ်ပေါကြွယ်ဝပါတယ်၊ အခုနိုင်ငံတော်အစိုးရကလည်း စျေးကွက်စီးပွားရေးတွေ ဖွင့်ပြီးလွတ်လပ်စွာပြည်တွင်းပြည်ပ ရောင်းဝယ်ဖောက်ကားခွင့်ကို ပေးနေပါပြီ။ ဒီအခြေအနေမျိုးနဲ့ဆိုရင် မြန်မာပြည်ဟာနှစ်ဘယ်လောက်အကြာမှာ ကြီးပွားချမ်းသာလာနိုင်ပါသလဲ။

ထိုအခါ ဂျပန်သူဌေးလေးပြန်ဖြေသည်က

"စျေးကွက်စီးပွားရေးတွေ ဘယ်လောက်ဖွင့်ဖွင့်၊ သယံဇာတတွေဘယ်လောက်ပေါပေါ မြန်မာလူငယ်တွေ လက်ဖက်ရည်ဆိုင်တွေမှာ

www.dhammaransi.com



ထိုင်ပြီး အချိန်ဖြုန်းနေသ၍ မြန်မာပြည်ဟာ တော်ဘော်နဲ့ကြီးပွားလာမှာ မဟုတ်သေးပါဘူး "တဲ့။

အချိန်ကို အလဟဿဖြုန်းတီးနေကြသော မြန်မာလူငယ်များသတိပြုစရာပင်ဖြစ်ပါ၏။ထို့ကြောင့်ဗုဒ္ဓက မောဃကာလံနစေပယေ အချိန်ကိုအချည်းနှီး အလဟဿမကုန်ဆုံးစေရာဟု ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ လောကီလောကုတ္တရာစာပေပညာရှင် ဦးဗဂျိုင်ိုက

> ကြီးပွားချမ်းသာလိုသူဟူသမျှတို့သည် မည်သည့်နာရီမိနစ်စက္ကန့်မဆို ကုသိုလ် ပညာ ဥစ္စာ ဤသုံးမျိုးတွင် တစ်မျိုးမျိုးကိုရအပ်၏။ ဤသုံးမျိုးတွင် တစ်မျိုးမျိုးမှမရလျှင် အချိန်ကိုအလွဲသုံးစားပြုသည်မည်တော့၏။

ဟု သတိပေးခဲ့၏။ အာနိုးဘင်းနက်အမည်ရှိ စာရေးဆရာကြီးတစ်ဦးက အချိန်နှင့်ပတ်သက်၍

> အချိန်ဟာ ကြွယ်ဝချမ်းသာမှုအတွက်ဘယ်သူ့ကိုမှ အထူးအခွင့်အရေးမပေးဘူး၊ ပညာထူးချွန်မှုအတွက် အခွင့်ထူးခံလည်းမရှိဘူး၊ ပညာတတ်ကိုလည်းဘယ်အခါမှ တစ်နေ့တစ်နာရီဆုအဖြစ် ပိုမပေးပါဘူး၊ အပြစ်ဒဏ်ပေးတာလဲမရှိပါဘူး၊ အတိုင်းအဆမရှိ အင်မတန်အဖိုးတန်တဲ့ ဒီပစ္စည်းကို သင်ဖြုန်းချင်တိုင်းဖြုန်းပစ်လို့ သင့်ကိုဆက်ပြီးမပေးဘူးလို့လည်း မရှိဘူး။
>
> ဘယ်လိုတန်ခိုးရှင်ကမှ ဒီလူဟာအရူး၊ ဒါမှမဟုတ် လူလိမ်လူကောက် အချိန်နှင့်မတန်ဘူး မရသင့်ဘူး၊ အချိန်ပေးတဲ့မီတာဖြတ်ပစ်မယ်လို့လဲ မဆိုနိုင်ဘူး။ဘဏ်များက အာမခံချက်ထက်သေချာခိုင်မာသေးတယ်၊ တနင်္ဂနွေနေ့တွေမှာလဲ ပေးမြဲပေးတာပဲ၊ ရပ်မသွားဘူး၊ မထိခိုက်ဘူး၊ တစ်ခုတော့ရှိတယ်၊ ကြိုထုတ်လို့တော့မရဘူး၊ ဒီတော့ အကြွေးမတင်ဘူး။
>
> ကျန်နေတဲ့အချိန်ပိုင်းကလေးကိုတော့ ဖြုန်းပစ်ချင်လဲ ဖြုန်းပစ်နိုင်တယ်၊ နက်ဖြန်ကိုတော့ ဖြုန်းလို့မရဘူး

www.dhammaransi.com



သင့်အတွက်ကောင်းကောင်းသိမ်းထားတယ်၊ နောင်လာမည့် နာရီပိုင်းကိုလဲဖြုန်းပစ်လို့မရဘူး သင့်အတွက်သိမ်းထား ဟာပဲ။

နေ့စဉ်ရှိနေတဲ့၂၄နာရီဟာသင်နေရတဲ့အချိန်ပဲ၊ ဒီအထဲက ကျန်းမာရေး၊ ပျော်ရွှင်မှု၊ ငွေကြေး၊ စိတ်ကျေနပ်မှု၊ လေးစားခံရမှုနဲ့ မပျောက်ပျက်နိုင်တဲ့ သင့်ဝိညာဉ်လည်ပတ်မှုအတွက် သင်လုံးပန်းရတာပဲ။

ဟုပြောခဲ့၏။ လူတစ်ယောက်တစ်သက်တာ နေရချိန်အတွင်း အလုပ်လုပ်ချိန်ထက် တစ်ခြားအချိန်များက ပိုများနေကြောင်းကို ဆရာကြီး ပိမိုးနင်းက အောက်ပါအတိုင်းတွက်ချက်ပြခဲ့သည်။ ဤတွက်ချက်မှုကား အသက်(၆၀)နှစ်နှင့် လေးလခန့်နေရမည့် လူတစ်ယောက်ကို တွက်ချက်ပေးခြင်းပင်ဖြစ်၏။

| | | |
|---|---|---|
| အိပ်ချိန် | ------------- | ၂၀နှစ် |
| စားသောက်ချိန် | ------------- | ၃နှစ် |
| စားသောက်ရန်စောင့်ရချိန် | ------------- | ၉လ |
| အပျော်အပါးချိန် | ------------- | ၇နှစ် ၆လ |
| လမ်းလျှောက်ချိန်ကစားချိန် | ------------- | ၆နှစ် ၇လ |
| အဝတ်အစားလဲချိန် | ------------- | ၂နှစ် ၆လ |
| အလကားနေချိန် | ------------- | ၂နှစ် ၆လ |
| အလုပ်လုပ်ချိန် | ------------- | ၁၇နှစ် ၆လ |

## ထောင်ထွက်တစ်ဦး၏ ဖွင့်ဟဝန်ခံချက်

ဖော်ပြပါတွက်ချက်မှုကို လေ့လာကြည့်လျှင် လူတစ်ယောက် မကြီးပွားခြင်း၏ အဓိကအကြောင်းမှာ အလုပ်မလုပ်မှုကြောင့်ဟုသည်မှာ ထင်ရှား၏။ အခန်းတွင်းသို့ဝင်လာသော ဒကာအကြောင်းကို ဆက်ရလျှင် ကျွန်ုပ်ကို ဦးချပြီးသည်နှင့်ဒကာက . .

" တပည့်တော် မောင်အောင်မြင့်ပါ၊ ဆရာတော်ကျောင်းမှာ ကိုရင်ဝတ်သွားတဲ့ ကိုရင်ဉတ္တရတို့အဖေပါဘုရား "

" သြော် မှတ်မိပြီ ထောင်ကလွတ်လာတာကြာပြီလား "

www.dhammaransi.com



" လေးငါးလတော့ရှိပါပြီ ဘုရား "

" ဦးပဉ္ဇင်းပေးလိုက်တဲ့စာအုပ်လေး ဖတ်ရတယ်မဟုတ်လား"

" ဖတ်ရပါတယ်ဘုရား အခုအဲဒီအကြောင်းကို လျှောက်ထားရင်း ဆရာတော်ဆီကိုလာခဲ့တာပါ၊ တပည့်တော်မနေ့ညက သေမလို့ဘုရား၊ မျက်ရည်မကျခင်သိစေချင်စာအုပ်လေးက ကယ်လိုက်လို့အခု မသေတာပါ ဘုရား။"

" ဘယ်လို ဘယ်လို ဦးအောင်မြင့်သေမှာကို စာအုပ်ကဘယ်လို ကယ်တာလဲ။"

"အစကနေလျှောက်မှ ရှင်းပါလိမ့်မယ်ဘုရား၊ တပည့်တော် ထောင်ထဲရှိစဉ်မှာ ဇနီးဖြစ်သူကနောက်အိမ်ထောင်ပြုတယ်ဘုရား၊ တပည့်တော်ကတော့အားကိုးရာရှာဖို့ ယူတယ်ပဲသဘောထားပြီး ခွင့်လွှတ်လိုက်ပါတယ်၊ ဒါပေမဲ့ ငါထောင်ကလွတ်လာရင်တော့၊ အဲဒီလူကိုကွာလိုက်ပါ၊ သားသမီးတွေ ရှေ့ရေးကိုကြည့်ပြီး မင်းနဲ့ငါနဲ့ပြန်ပေါင်းကြမယ်၊ ငါတို့မိသားစုဘဝသစ်ထူထောင်ဖို့အတွက် ငါအစွမ်းကုန်ကြိုးစားမယ်လို့ ပြောလိုက်တော့ သူကလည်းလက်ခံပါတယ်။"

"တပည့်တော် ထောင်ကထွက်ထွက်ခြင်း သူလည်းနောက်ယောကျ်ားနဲ့ကွာရှင်းပြီး တပည့်တော်ကိုပြန်ပေါင်းပါတယ်၊ တပည့်တော်က လည်း သူ့အပြစ်ကိုခွင့်လွှတ်ပါတယ်၊ ဘဝသစ်အတွက်တပည့်တော်က ရှေ့ဆောင်ပြီး စီးပွားရေးတွေကို ကြိုးစားလို့ အဆင်ပြေစပဲရှိပါသေးတယ်၊ အခုအိမ်မှာရှိသမျှ အတွင်းပစ္စည်းတွေယူပြီး နောက်ယောကျ်ားနဲ့ လိုက်ပြေးသွားပြီဘုရား။"

" ဒို ဖြစ်မှဖြစ်ရလေ လုပ်ရက်လိုက်တာ"

" လေ့လော့်ရင်းတက်ကျိုးဆိုတဲ့စကားလို တပည့်တော်လည်း ခေတ်တော်ကိုစိတ်ခါတ်ကျသွားတာနဲ့ မခနညကဘုရင့်နောင်တံတားကြီးပေါ် တစ်ယောက်တည်း တက်သွားတယ်ဘုရား "

" ဘာလုပ်မလို့လဲ "

" တံတားပေါ် ကခုန်ချသေမလို့ဘုရား "

" ဟာ ဒကာတော်ကလည်း မဟုတ်တာကြံရတယ်လို့ "

www.dhammaransi.com



"သွားတုန်းကတော့ တကယ့်ကိုခုန်ချသေပလို့သွားတာပဲဘုရား ဒီလောက်စိတ်ဆင်းရဲစရာကောင်းတဲ့ လူ့လောကကြီးမှာ နေချင်စိတ်လည်းမရှိတော့ဘူးဘုရား၊ အဲဒီကံတားပေါ်ရောက်လို့ ခုန်ချခါနီးမှ ဆရာပော်ရေးတဲ့ မျက်ရည်မကျခင်သိစေချင်စာအုပ်ထဲက လူ့ဘဝရခဲ့တဲ့အကြောင်းအရာလေးတွေကို ပြန်တွေးမိတာနဲ့ ခုန်မချဖြစ်တော့တာဘုရား"

" တပည့်တော် အခုကျန်ခဲ့တဲ့ သားသမီးတွေ မျက်နှာမငယ်အောင် ဆက်ကြိုးစားဟော့မယ်ဘုရား၊ အကျင့်မကောင်းတဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်ဘဝကိုအပျက်စီးမခံတော့ပါဘူး ဘုရား၊ ဒီလိုအသိတွေ ပေါ်လာရခြင်းရဲ့ အဓိကအကြောင်းဟာ မျက်ရည်မကျခင်သိစေချင်ဆိုတဲ့ စာအုပ်ကလေးကို ဖတ်မိခဲ့လို့ပါပဲ ဘုရား၊ ဒါကြောင့်ဒီစာအုပ်ကိုရေးသားတဲ့ ဆရာတော်ကို ကျေးဇူးတင်တဲ့အနေနဲ့ လာကန်တော့တာပါဘုရား။"

ကျွန်ုပ်ရင်ထဲတွင် ဘာနှင့်မျှနှိုင်းပြလို့မရသော ပီတိတစ်မျိုးကို သိမ့်ကနဲနေအောင် ခံစားလိုက်ရသည်။ စာရေးဆရာတိုင်း၊ တရားဟောဆရာတိုင်း လိုချင်သောအရာတစ်ခုပင်ဖြစ်၏ ။ ဤတစ်ခုအတွက် စာရေးနေကြသည် တရားဟောနေကြသည်ဆိုလျှင်လည်းမမှားပေ။ ပရိသတ်များတာတစ်ခုလောက်ကိုသာကြည့်၍ အောင်မြင်နေသော စာရေးဆရာ အောင်မြင်နေသော ဓမ္မကထိကဟု သတ်မှတ်သည်မှာ ရာနှုန်းပြည့်မှန်ကန်မှု မရှိပေ။ သူရေးသောစာအတိုင်း၊ သူဟောသောတရားအတိုင်း ဘယ်၍ဘယ်မျှလောက် လိုက်နာကျင့်ကြံကြသည်ဟူသော ပေတံဖြင့်သာ စာရေးဆရာဓမ္မကထိကတို့၏ အောင်မြင်မှု မအောင်မြင်မှုတို့ကို နှိုင်းယှဉ်တိုင်းတာသင့်သည်။ ထိုစာအုပ်ထုတ်ဝေသော ၁၉၉၉ခုနှစ် အတွင်းမှာပင် မအူပင်မြို့နယ် စပ်ချောင်းကျေးရွာမှ မောင်မြင့်သူဆီက စာတစ်စောင်ရောက်လာခဲ့ပါသည်။

မောင်မြင့်သူသည် မိဘများဆုံးပါးသွားချိန်မှစ၍ စိတ်လေလွင့်ကာပျက်စီးသွားခဲ့သည်။ ထိုအချိန်အတွင်းမှာပင် မျက်ရည်မကျခင်သိစေချင် စာအုပ်လေးကိုဖတ်မိရာမှ ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရကို ကောင်းစွာ နားလည်သွားပြီး

www.dhammaransi.com



လူသူတော်ကောင်းလေးဖြစ်သွားကာ ယင်းစာအုပ်ကလေးကို ငှားဖတ်စေခြင်း ဖြင့် လူငယ်အတော်အတော်များများကို သူတော်ကောင်းဘဝသို့ ရောက် စေခဲ့သည်။

ယခုဆိုလျှင် စစ်ချောင်းရွာတွင် ကိုယ်ပိုင်စာကြည့်တိုက်တစ်ခုကိုပင် တည်ထောင်ထားနိုင်ပြီဖြစ်သဖြင့် လူငယ်များ၏အနာဂတ်အတွက် ဝမ်းသာအားတက်စရာကောင်းလှသည်။ ၂၀၀၂ခုနှစ်လေးလပိုင်းခန့်က ရွှေပြည်သာသို့အရောက်လာပြီး ကျွန်ုပ်ကိုကန်တော့ခဲ့သည်။ သူ၏ စာကြည့်တိုက်အတွက် လောကီလောကုတ္တရာစာအုပ် ၁၀အုပ်ခန့်ပင် ကျွန်ုပ်ကလှူလိုက်ပါသေးသည်။

တစ်ဆက်တည်း သတိရသဖြင့် ရွှေပြည်သာမြို့၊ (၉)ရပ်ကွက်၊ ဆင်ဖြူပန်းခြံမှ ဒကာကြီးတစ်ယောက်ကိုလည်း သတိရလာမိသည်။ ထိုဒကာကြီးသည် အခါတွင်းငါးရက် ကျွန်ုပ်ကျောင်းတွင် ဒုလ္လဘရဟန်းလာဝတ်သည်။ ကျွန်ုပ်သည် ဗုဒ္ဓဘာသာများသာသနာကိုအနီးကပ်ကြည်ညိုစေနိုင်ရန်အတွက် ဒုလ္လဘဝတ်သူများ ဝတ်ရာစဏတာအချိန်အတွင်း အကျိုးများရန် စည်းကမ်းအချို့ သတ်မှတ်ပေးထားသည်။

(၁) ဆွမ်းခံချိန်မှတစ်ပါး ကျောင်းပြင်မထွက်ရ။

(၂) အကြောင်းကိစ္စရှိ၍ မြို့တွင်းကြွလိုလျှင် ဆရာတော်ကို လျှောက်ထားရမည်။

(၃) ကွမ်း ဆေးလိပ် မသုံးဆောင်ရ။

(၄) တစ်နေ့တရားတစ်ကြိမ်ထိုင်၍ သုံးကြိမ်နာရမည်။

(၅) ကျန်အချိန်များတွင် ဘာသာရေးစာအုပ်ကောင်းများကို ဖတ်ရှုမှတ်သားရမည်။

ဘိုးရာဇုရေးသားသော ဦးပဉ္စင်းသုံးပါးအမည်ရှိ ကဗျာလေးကို ရွတ်ပြပြီး ထိုကဗျာအတွင်းမှ ဦးပဉ္စင်းသုံးပါးလိုမနေကြရန် ဩဝါဒပေးသည်။ ထိုကဗျာမှာ ဒုလ္လဘဝတ်ရဟန်းတိုင်းအတွက် သတိပေးရေးသားထားခြင်းဖြစ်သည်။ ဒုလ္လဘရဟန်းများများဝတ်ပေးသော ကျောင်းတိုင်းတွင် ဂျတ်စက္ကူတွင် ခေသချာရေးပြီး ကပ်ထားသင့်သည်။

www.dhammaransi.com


( ဦးပဥ္စင်းသုံးပါး )

ဒုလ္လဘာဦးပဥ္စင်း၊
သိမ်ဆင်းပြီးနေ့ မပျော်မွေ့၍
ရက်မစေ့ခင်၊ လူထွက်ချင်ကာ၊
ကြင်ယာဇနီး၊ ခေါ်တွေးပြီးလျှင်၊
ဇွတ်ကြီးပြင်ဆင်နိုင်းတော့သည်၊
ဦးပြင်ဆင်ပါဘုရား။
ဒုလ္လဘာဦးပဥ္စင်း၊
သိမ်ဆင်းပြီးနေ့ စိတ်ငြီးငွေ့ဟု၊
ပုတီးမကိုင်၊ မထိုင်တရား၊
တစ်ဝါးဝါးသမ်း၊ ကြမ်းနှင့်ကျောခင်း၊
ပျင်းဆင်းရတင်ကျင့်တော့သည်၊
ဦးပျင်းဆင်းပါဘုရား။

ဒုလ္လဘာဦးပဥ္စင်း၊
သိမ်ဆင်းပြီးနေ့ စိတ်ငြိမ်မေ့ဟု၊
လူ့ဘဝတွင်၊ အမျှင်မပြတ်၊ တရစပ်ရှုပ်၊
သူ့အလုပ်များဒုမှနားဟု၊
အိပ်စားနှစ်လီ ကျင့်တော့သည်၊
ဦးပင်စင်ပါဘုရား။

ရခဲပေစွ၊ ဒုလ္လဘာဟု၊
ဗုဒ္ဓအမွေ၊ ခံယူပေလည်း၊
မမွနည်းယူ၊ ကျင့်မှုမရှိ၊
အသိမလိုက်၊ စရိုက်မပြင်၊
အရှင်သုံးပါး၊ ပဥ္စင်းများတို့၊
ဘုရားအမွေ၊ မရစေကောင်း၊
ပါရမီဟောင်းလောင်းဖြစ်တော့သည်၊
ဦးတင်ပါသည်ဘုရား။
(ဘိုးရာဇ)
၂၀၀၀ပြည့်နှစ်-ဖေဖော်ရီလထုတ်
မမွရုံသီမဂ္ဂဇင်းမှ။

www.dhammaransi.com



ထိုသို့စည်းကမ်းကြပ်သော်လည်း ဗုဒ္ဓဝါဒအနှစ်သာရကို ရလိုသူများကား နှစ်စဉ်ဒုလ္လဘရဟန်းဝတ်ကြ၏။ သင်္ကြန်အကြတ်နေ့ညတွင် ရွှေပြည်သာမြို့ ၅/၇ ရပ်ကွက်တွင် ညတရားပွဲရှိရာ ဒုလ္လဘရဟန်းများကိုပါ တရားနာရန်ပင့်လာခိုင်းလိုက်သည်။ ကျွန်ုပ်ဟောသောတရားကား မျက်ရည်မကျခင်သိစေချင်။

အခါတွင်းပြီး ဒုလ္လဘများလူဝတ်လဲကြသည်။ သူတို့သည်မိသားစုဝမ်းရေးအတွက် မသေမချင်းရုန်းကန်နေကြရမည့်သူများ ဖြစ်သည်။ လူဝတ်လဲပြီး တစ်ပတ်ခန့်အကြာမှာပင် အသက်(၄၈)နှစ်ခန့်ရှိဆင်ဖြူပန်းခြံမှ ယင်းဒကာကြီးကျောင်းသို့ရောက်လာသည်။ ကျွန်ုပ်ကား ရုတ်တရက်မမှတ်မိ သူကလျှောက်ထားသည်။

" တပည့်တော် ဆရာတော်ရဲ့ကျောင်းမှာ ဒုလ္လဘရဟန်းဝတ်မှပဲ တကယ့်ဗုဒ္ဓဘာသာအဖြစ်ကို ရောက်ပါတယ်ဘုရား၊ ရက်အတိအကျပြောရရင်တော့ မျက်ရည်မကျခင်သိစေချင် တရားကိုနာရတဲ့ သင်္ကြန်အကြတ်နေ့ကပါပဲဘုရား၊ ခုဆိုရင်တပည့်တော် တစ်သက်လုံးသောက်လာတဲ့ အရက်ကိုလည်းဖြတ်လိုက်ပါပြီဘုရား။"

" တပည့်တော် မြို့ထဲကကုမ္ပဏီတစ်ခုမှာ ဒေါ်လာစားနဲ့ လုပ်ပါတယ်ဘုရား၊ ဝင်ငွေကောင်းပေမဲ့ အသောက်အစား၊ ကစားရှိတဲ့အတွက် စားရရုံပဲကျန်ပါတယ် အခုဆိုရင် အသောက်အစား၊ အပျော်အပါး၊ ကစားတစ်ခုမှ မရှိတော့ပါဘူးဘုရား။"

"မျက်ရည်မကျခင် သိစေချင်" တရားက တပည့်တော်ရဲ့ဘဝကို ပြောင်းလဲပေးခဲ့သလို တခြားသူတွေရဲ့ဘဝကိုလည်း ပြောင်းလဲပေးနိုင်မယ်လို့ ထင်တဲ့အတွက် တရားခွေကိုကူးယူပြီး သူငယ်ချင်းတွေကိုနာယူစေရာ မှာ တပည့်တော်လိုပဲ သူငယ်ချင်းလေးယောက် ကျွတ်သွားပါပြီဘုရား၊ ခုလာခဲ့တာကတော့ ဆရာတော်ကို ကျေးဇူးတင်လွန်းလို့ကန်တော့ချင်တာရော"...

"မျက်ရည်မကျခင်သိစေချင်တရားပော်က ညွှန်ပြတဲ့အတိုင်း ဗုဒ္ဓဘာသာရဲ့ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်ဖို့အတွက် အိမ်တွင်းဝိပဿနာကျင့်စဉ် ဝိပဿနာတရားခွေ (၁၅)ခွေတွဲကို ပူဇော်ပြီးနာယူဖို့အတွက်ပါရောက်လာတာပါဘုရား။"

www.dhammaransi.com



တရားဟောဆရာများအတွက် ဤကဲ့သို့သောအခါထက် ဝမ်းသာစရာကောင်းသောကာလ အဘယ်မှာရှိပါမည်နည်း။ ဤကား ကျွန်ုပ် သတိရသလောက်သော မျက်ရည်မကျခင်သိစေချင်ကြောင့် ကောင်းကျိုးခံစားရသူအချို့ပင်ဖြစ်၏။ ကျွန်ုပ်မသိရသော ကောင်းကျိုး ခံစားရသူအများအပြားရှိကြပါလိမ့်ဦးမည်။ ဤစာအုပ်သည်ပင် ကျွန်ုပ်၏သာသနာပြုနယ်ပယ်ကိုလည်း ချဲ့ထွင်ပေးခဲ့သည်။

ဤစာအုပ်ကိုဖတ်ရသော မြိတ်မြို့မှ ဦးဝင်းမြအောင်၊ ဦးဝင်း အောင်၊ ဦးမြင့်ဆွေ၊ ဦးဟုန်တင်၊ ဦးတင့်လွင်၊ ဦးမောင်ကြီး၊ ဦးထိန်လင်း၊ ဦးဖွမ် လေးကျွန်းဆိမ်မီးသိမ်တော်ကြီးဂေါပက အတွင်းရေးမှူး ဦးဘွန်း ကြည်တို့သည် ကျွန်ုပ်ကိုမမြင်ဘူးသေးဘဲ ကြည်ညိုလေးစားပြီး စာဖြင့် တရားပွဲပင့်လျှောက်ကြသည်။

လေးညခန့် တရားဟောရန်ပင့်လျှောက်ကြသော်လည်း တရား နာပရိသတ်များ၏ တောင်းဆိုမှုကြောင့် ရပ်ကွက်အသီးသီးတွင် (၄၄) ညတိတိ ဟောကြားပေးခဲ့ရသည်။ ဦးဝင်းအောင်၏ စိတ်အား ထက်သန်စွာ စီစဉ်ပေးမှုကြောင့်လည်း မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ်အတွင်းမှ ကျေးရွာအသီးသီးတွင် (၄၄)ည တိတိဆက်လက် ဟောပေးခဲ့ရပြန်သည်။

(၈၈)ညတိတိနာကြားရသော်လည်း မြိတ်မြို့နယ်နှင့် တနင်္သာရီ မြို့နယ်အတွင်းမှ ပရိသတ်များကား အားရကျေနပ်မှုမရှိကြသေး။ ထို့ ကြောင့်မြိတ်မြို့နယ်၊ နောက်လယ်ရပ်မှ ဦးမောင်မောင်စိုးနှင့် ဒေါ်ရှုဟုန် မိသားစုက ကျောက်ဖြူတောင်ရွာတွင် မြေကွက်လှူသဖြင့် သစ်ညီနောင် ရွှေပြည်သာ ဓမ္မရိပ်သာဖွင့်လှစ်ပြီး သုတ္တန်နှင့် ဝိပဿနာတရားများ ဟောကြားပြသနေသည်မှာ ၂၀၀၂ ခုနှစ် ဆိုလျှင် နှစ်ပါပင်ပြည့်ခဲ့ပါပြီ။

ယိုစာအုပ်ရေးဖြစ်ခြင်း၏ အကြောင်းပြနိဒါန်းကို စာအုပ်မှာ ရေးခဲ့သည့်အတိုင်းဖော်ပြရလျှင်

လွန်ခဲ့သော(၁၅)နှစ်ခန့်၊ ၁၃၄၃ ခုနှစ် ပြာသိုလ၏တစ်ခုသော ညတစ်ည၊ အချိန်အားဖြင့်ည(၁၁)နာရီကျော်နေပြီမို့ မြင်းခြံခရိုင်၊ တောင် သာမြို့၏ကျက်သရေဆောင် သာသနာ့မူလိကာရာမ ကျောင်းသစ် ကျောင်းစာသင်တိုက်ကြီးအတွင်းမှ စာချစာသင် သံဃာတော် အရှင်မြတ်

www.dhammaransi.com



(၇၀)ကျော်တို့ မိမိတို့ အိပ်ယာအသီးသီးတွင် ကျိန်းစက်တော် မူနေကြပြီ ဖြစ်သည်။

ထိုအချိန်မှာပင် ရုတ်တရက်မြင်းခွာသံများကြားလိုက်ရသဖြင့် စာရေးသူကအိပ်ယာမှ ထထိုင်ကာနားကို အသာစွင့်ထားလိုက်မိသည်။ အချိန်မတော် မြင်းလှည်းဝင်လာပြီဆိုသည်နှင့် သွေးအလှူခံလာခြင်း ဆိုသည်ကိုတော့ တပ်အပ်သိလိုက်ပါပြီ။ တောင်သာမြို့လေးမှာ ခရိုင်ထဲ တွင်ပါဝင်သော နယ်မြို့လေးတစ်မြို့သာဖြစ်သောကြောင့် လူသိတော့ သိပ်မများလှပါ။

သို့သော်မြို့သူ၊ မြို့သားများ၏ စေတနာ၊ ကျောင်းသစ်ကျောင်း စာသင်တိုက်မှ ပဓာနနာယကဆရာတော်နှင့် စာချဆရာတော်များ၏ မေတ္တာကြောင့် စာရေးသူကဲ့သို့ မန္တလေးမြို့ပေါ်မှ ရှင်ဖြစ်သော စာသင်သားအချို့ပင် ဤကျောင်းတိုက်သို့ လာရောက်ပညာသင်ကြားရသည် အထိ သူ့အတိုင်းအတာနှင့်သူတော့ ထင်ရှားသောမြို့တစ်မြို့ပင်။

ရန်ကုန်၊ မန္တလေးဆေးရုံကြီးများကဲ့သို့ ခေတ်မီပစ္စည်းများ အပြည့်အစုံမရှိသေးသောကြောင့် တောင်သာမြို့နယ်ဆေးရုံမှာ သွေးလှူရှင်ရှိသော်လည်း သွေးများကိုကြိုတင်အလှူခံပြီး သိုမှီးသိမ်းဆည်းထားနိုင်စွမ်းမရှိပါ။ ထို့ကြောင့်လည်း သွေးလိုသော အရေးပေါ်လူနာရောက်လာသော အခါတွင်မှ ဦးရေများများ သွေးလှူလေ့ရှိသော စာရေးသူတို့ကျောင်းတိုက် နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့သို့ သွေးအလှူလာခံလေ့ရှိသည်။

ကျောင်းတိုက်မှဝါတော်အကြီးဆုံး ပဓာနနာယကနှင့်စာချဆရာတော်ဖြစ်တော်မူသောဆရာတော်ဦးနန္ဒောဘာသ၏ နည်းပေးလမ်းပြမှုကြောင့် စာရေးသူတို့သည်လည်း(၁၈)နှစ်သား အရွယ်မှစတင်သွေးလှူခဲ့ရာ ယခု ၂၀၀၂ ဆိုလျှင် အကြိမ်ပေါင်း(၅၀) ရှိခဲ့လေပြီ။ သွေးလှူတတ်ရန်နည်းပေးလမ်းပြ အားပေးတိုက်တွန်းခဲ့သော ဆရာတော်ဦးနန္ဒောဘာသ၏ ကျေးဇူးကို ဘယ်သောအခါမှ မေ့နိုင်စွမ်းရှိမည် မဟုတ်ပါ။

ဆရာတော်ကိုယ်တိုင်လည်း အကြိမ်(၂၁)ကျော် သွေးလှူခဲ့ပြီး ကျန်းမာရေးကြောင့် နောက်ပိုင်းလှူခွင့်မရတော့ခြင်းဖြစ်ကြောင်း သိရပါသည်။ နာရီဝက်ခန့်ရှိပြီဖြစ်သော်လည်း သွေးအလှူခံလာသော မြင်း

www.dhammaransi.com



လှည်းပြန်ထွက်သွားတာ မတွေ့ရသောကြောင့် သွေးအလှူရှင် မရသေးကြောင်းကို ဏာပ်ဆင့်သိလိုက်ရပြန်သည်။

သံယာ(၇၀)ကျော်တွင် သွေးလှူနိုင်သောသံယာ(၄၀)ကျော်လောက်ရှိသောကြောင့် တစ်ပါးမဟုတ်တစ်ပါးတော့ ရရမည်ဟု စာရေးသူတွက်ဆထားသည်။ စာရေးသူချက်ချင်းထမသွားသည်မှာ ပထမအကြိမ်လှူပြီးတာလေးလအတိအကျ မပြည့်သေးသောကြောင့်ပင်။

ကြာကြာဝါးမည့်သွား၊ အရိုးကြည့်ရှောင်ဟူသော စကားအတိုင်းအမြဲတမ်း သွေးလှူနေမည့်သူတစ်ယောက်အနေဖြင့် ဗိပိကျန်းမာရေးကိုလည်း ဂရုစိုက်ရမည်ဆိုသည့်အသိတရားက လွှမ်းမိုးထားသောကြောင့်လည်း တခြားလေးလပြည့်ပြီးသူများကို မျှော်ကိုး၍ချက်ချင်းထမသွားခြင်းပါ။

သို့သော်နာရီဝက်ရှိသည်အထိ သွေးလှူရှင် မရသေးဘူးဆိုသောအခါ လူနာအတွက်အသက်အန္တရာယ် စိုးရိမ်ရသည်။ ဒီလိုနေနေလို့မဖြစ်တော့ဘူးဟူသောအတွေးနှင့်အတူ စာရေးသူခြေလှမ်းများက ကျောင်းတံခါးပေါက်ဆီသို့ ဦးတည်လိုက်သည်။ တံခါးပေါက်ကပွင့်ခနဖြီးသား၊ ဟုတ်တာပေါ့၊ ဆရာတော်ဦးနန္ဒာဘာသတော့ ခြောက်ဧကခန့်ကျယ်သော ကျောင်းဝိုက်ဝင်းကြီးအတွင်း လှည့်ပတ်၍ သွေးလှူရှင်ရှာနေလောက်ပေပြီ။

ကျောင်းရှေ့အရောက်မှာပင် ကိုရင်ဣန္ဒဝံသကိုအသင့် တွေ့လိုက်ရသည်နှင့်. . .

## သွေးလှူချင်စိတ်ပျောက်စေသောလူနာ

"ကိုရင်ဣန္ဒဝံသ သွေးလှူရှင်မရသေးဘူးတဲ့လား"

"မရတာမဟုတ်ဘူး သွေးလှူရှင်ကိုယ်တော်တွေက ဒီလူနာမျိုးကို သွေးမလှူချင်လို့ ရှာမရဖြစ်နေတာ"

"ဟာ ဘာဖြစ်လို့ မလှူချင်ကြတာတဲ့လဲ။"

"လူနာကကိုယ့်ကိုယ်ကို သေကြောင်းကြံပြီးဆေးသောက်တာတဲ့အဲဒါကြောင့် အသက်သေချင်လို့ သေကြောင်းကြံတဲ့လူနာကိုအသက်ပြန်ရှင်အောင် လှူနေစရာမလိုပါဘူးဆိုပြီး မလှူကြတာပေါ့ "

www.dhammaransi.com



"အဲဒီအယူအဆကို တပည့်တော်လက်မခံဘူး၊ အရှင်ဘုရား ရော လက်ခံသလား ကိုရင်ဣန္ဒဝံသ။"

"တပည့်တော်တော့လက်ခံတယ်၊ အဲဒါကြောင့် တပည့်တော် လည်း လိုက်မလှူတာ။"

" ဒါဆို အရှင်ဘုရားကို တစ်ခုလောက်မေးပါရစေ၊ တလောက ရပ်ကွက်ထဲမှာ ရွှေပန်းထိမ်အိမ်ကနှစ်နှစ်သားအရွယ် ကလေးတစ် ယောက် ရွှေချေးချွတ်တဲ့ ငရဲမီးတွေကိုသောက်မိလို့ သေသွားတယ်၊ ဒီက လေးသေသွားရတာဟာ ငရဲမီးတွေကိုသောက်တဲ့ ကလေးရဲ့အပြစ်လား ဒါမှမဟုတ် ငရဲမီးကိုကလေးနဲ့လွတ်ရာကျွတ်ရာမှာ မထားမိတဲ့ မိဘရဲ့ အပြစ်လား"

"ကိုရင်ဇဝနကလဲ ဒါကတော့လူကြီးမိဘတွေရဲ့ အပြစ်ပေါ့ ဟိုနှစ်နှစ်သားအရွယ်ကလေးကတော့ဘာသိတာမှတ်လို့။"

"အဲဒါဆိုရင် အခုသေကြောင်းကြံတဲ့ လူနာကိစ္စမှာလည်း သေ ကြောင်းကြံတဲ့လူနာမှာဘာအပြစ်မှမရှိဘူး၊ အရှင်ဘုရားတို့ တပည့်တော် တို့သံဃာတော်တွေနဲ့ မိဘတွေမှာပဲအပြစ်ရှိတယ် "

"ဟောဗျာ ကိုရင်ဇဝနကြည့်လည်းလုပ်ဦး ဘုန်းကြီးအမှု ရွာ ပတ်လို့သာ ကြားဖူးတယ်၊ အရှင်ဘုရားလုပ်မှ ရွာအမှုဘုန်းကြီးပတ် ဖြစ်နေပါလား "

"ဒါလည်းဖြစ်သင့်လို့ဖြစ်တာဘဲလို့မှတ်ကြရအောင် အရှင် ဘုရား၊ တရုတ်ပညာရှိကြီးကွန်ဖြူးရှပ်ရဲ့ အဆိုအမိန့်လေးတစ်ခုကြားဖူး လား မသိဘူး "

" ဆိုစမ်းပါဦး "

"ကွန်ဖြူးရှပ်ကပြောတယ်၊ သဘောထားမပြည့်ဝတဲ့သူဟာ သူ တစ်ပါးအပြစ်ကိုပဲမြင်လေ့ရှိတယ်၊ သဘောထားပြည့်ဝတဲ့သူကျတော့ ကိုယ့်ကိုယ်ကိုပဲအပြစ်မြင်တယ်၊ ပိုပြီးသဘောထားပြည့်ဝတဲ့သူကျတော့ ဘယ်သူ့ကိုမှ အပြစ်မမြင်တော့ဘူးတဲ့၊ အဲဒီတော့ အရှင်ဘုရားတို့ တပည့်တော်တို့လည်း သဘောထားပြည့်ဝတဲ့သူထဲပါအောင် ကိုယ့်အပြစ် ကိုပဲ ရှာကြည့်ကြရအောင်။"

www.dhammaransi.com



" အခုသင်္ကြောင်းကြဲတဲ့ကိစ္စမှာ သင်္ကြောင်းကြဲတဲ့လူနာဟာ ဘဝတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာတန်ဖိုး၊ ဘာသာအနှစ်သာရ ဘာမှ မသိရှာဘူး၊ ဒါ့ကြောင့်လည်း လူ့ဘဝတစ်ခုကိုလွယ်လွယ် ပြန်ရမယ် ထင်လို့သာ ကိုယ့်ကိုကိုယ်သင်္ကြောင်းကြဲတာပေါ့ "

" ဒါ့ကြောင့်ကြဲတဲ့လူနာမှာ အပြစ်မရှိဘူးလို့ပြောခဲ့တာပေါ့၊ သံဃာများနှင့်မိဘများက ဘာကြောင့်အပြစ်ရှိသလဲဆိုတော့ ဒီလူနာကို အခုလို သင်္ကြောင်းမကြဲစည်မီ အချိန်တုန်းကတည်းက ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရကို သေချာချာ နားလည်အောင် ဗိုက်ထဲမှာ ဘုရားတည်မပေးပေးပဲ့အတွက်ပဲ "

" ဘယ်လို ဗိုက်ထဲမှာ ဘုရားတည်မပေးတဲ့အတွက်ဟုတ်လား"

" ဟုတ်တယ် ဒါကတင်စားပြောတာပါ၊ အရှင်ဘုရားအချိန် ရရင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေထဲဝင်ကြည့်၊ အလှူခံပုံးတွေမှာ ရေးထားတဲ့စာက ကလေးများဗိုက်ထဲဘုရားတည်ရန်တဲ့၊ ဘယ်လောက် ကောင်းလိုက်တဲ့ ရည်ရွယ်ချက်လဲလို့ "

" အမိဝမ်းဗိုက်ကနေနယ်ငယ်ရွယ်တဲ့ ကလေးဘဝကတည်းက ဘာသာရေးအသိဉာဏ်တွေကို အပြည့်အဝသွင်းပေးထားရမယ်ဆိုတာပဲ၊ ဒါကိုအတုယူပြီး ဗုဒ္ဓဘာသာကလေးများကိုလည်း ငယ်ရွယ်စဉ်ကတည်း က ယဉ်ကျေးမှုဘာသာရေးသင်တန်းတွေအပြည့်အဝ သင်ပေးနိုင်အောင် ဆရာရော ဒကာပါလက်တွဲပြီး သေသေချာချာကြိုးစားသင့်ကြပြီ "

" မြေပြင်မှာတည်တဲ့ဘုရားထက်၊ ဗုဒ္ဓဘာသာ ကလေးငယ် တွေရဲ့ နှလုံးသားမှာတည်တဲ့ဘုရားက သာသနာအတွက်ပိုပြီး ကျေးဇူး များမယ်ဆိုတာကို အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ ကမ္ဘာကျော် ဗောဓိဗုဒ္ဓ ကျောက်စေတီကြီးက သက်သေပြနေပြီလေ။"

" ကလေးတွေရဲ့နှလုံးသားထဲမှာ တည်ထားတဲ့ဘုရားမရှိတော့ အရင်တုန်းက ဗုဒ္ဓဘာသာဖြစ်ခဲ့တဲ့ အင်ဒိုနီးရှားတစ်ပြည်လုံးဟာ အခု အချိန်မှာတော့ တခြားဘာသာတွေရဲ့ လက်ထဲရောက်ခဲ့ရပြီမဟုတ်လား ဒီဘာသာခြားတွေရဲ့ အန္တရာယ်မျိုးကျတော့ မြေပြင်မှာတည်ထားတဲ့ ဗောဓိဗုဒ္ဓ ကျောက်စေတီကြီးက ဘာမှမတတ်နိုင်တော့ဘူးမဟုတ်လား"

www.dhammaransi.com



" ကဲတော်ပြီ၊ စကားသိပ်ရှည်နေလို့ လူနာအသက်မမီဘူး ဖြစ်နေဦးမယ်၊ တပည့်တော်ကတော့ သွေးလည်းလှူမယ်၊ အာသာရေး အသိဉာဏ်ခမ္မကိုလည်းလှူမယ် "

ပြောပြောဆိုဆိုဖြင့်ထွက်ခဲ့ရာ သွေးအလှူခံလာသော မြင်းလှည်းနားသို့ရောက်လာသည်နှင့် စိုးရိမ်တကြီးဖြင့် သွေးအလှူရှင်ကို စောင့်မျှော်နေသည့် အသက်(၅၀)အရွယ် ဒကာကြီးတစ်ဦးကို တွေ့လိုက်ရသည်။ စာရေးသူက

" ဒကာကြီးသွေးအလှူရှင်ကိုရပြီလား "

" မရသေးပါဘုရား "

" သွေးဘယ်နှစ်ပုလင်းလဲ "

" တစ်ပုလင်းပါဘုရား "

" အမျိုးအစားကရော "

" ဘီသွေးပါဘုရား "

" ကဲ ဒါဆိုရင် သွားကြစို့၊ ကိုရင်ပဲလှူမယ် တခြားစောင့်မနေနဲ့ ရမှာလည်းမဟုတ်ဘူး၊ ကိုရင်ဣန္ဒဝံသ ဆရာတော်ဦးနန္ဒာဘာသကို လျှောက်လိုက်ပါ၊ သွေးလှူဖို့ တပည့်တော်လိုက်သွားပြီ "

ကျောင်းနှင့်တစ်မိုင်သာသာခန့်ဝေးသော ဆေးရုံဆီသို့ မြင်းလှည်းမောင်းထွက်လာသည်နှင့် စာရေးသူက မျက်နှာတွင် ညှိုးလျော်ကြေကွဲရိပ် ထင်နေသည့်ဒကာကြီးအား မေးကြည့်လိုက်သည်၊

" ဒကာကြီး လူနာကဘယ်လိုဖြစ်တာတုန်း၊ နည်းနည်းလောက်ပြောပြပါလား "

" မှန်ပါ့ ပြောပြပါ့မယ်ဘုရား၊ တပည့်တော်တို့က တောကပါဘုရား၊ သမီးလေးကိုစာတတ်ပေတတ်ဖြစ်စေချင်လို့ မြို့ပေါ်က သူ့ဦးလေး အိမ်မှာနေစေပြီး ကျောင်းတက်နိုင်းပါတယ်ဘုရား၊ အဲဒါ ပီနှစ်ဆယ်တန်းစာမေးပွဲကျတော့ စာမကြိုးစားဘဲ အပျော်အပါးနဲ့ အချိန်ကုန်နေလို့ ဖြစ်မှာပဲလို့ထင်ပြီး လူရှေ့သူရှေ့မှာ ရိုက်နှက်ဆုံးမမိပါတယ် ဘုရား၊ အဲဒါသမီးလေးကအရှက်ရပြီး အာမိတွန်ဆေးပြားတွေကို တစ်ပုလင်းလုံးသောက်ပစ်လိုက်တာပါပဲ ဘုရား။"

www.dhammaransi.com



" တပည့်တော်တို့ သိတဲ့အချိန်ကျတော့ ပါးစပ်ကအမြှုပ်တွေ တောင်ထွက်နေပြီ၊ ဒါနဲ့ဆေးရုံကိုချက်ချင်းပြေးလာကြတာပဲဘုရား၊ ဆေးရုံကသွေးလိုတယ်၊ သွေးသွင်းကုရမယ်လို့ဆိုတာနဲ့ အရှင်ဘုရားတို့ ကျောင်းကို သွေးအလှူခံရောက်လာခဲ့တာပါ၊ နောက်မှသိရတာက သမီးလေးစာမေးပွဲကျတာ အပျော်အပါးကြောင့်မဟုတ်ဘဲ စာမေးပွဲဖြေ ခါနီးကပ်ပြီး ဖျားသွားလို့တဲ့ဘုရား၊ မစူးစမ်း မဆင်ခြင်ဘဲလူရှေ့သူရှေ့မှာ ရိုက်နှက်ဆုံးမတဲ့ တပည့်တော်တို့အပြစ်ပါဘုရား "

ပြောနေရင်းပင် ဒကာကြီး၏မျက်လုံးမှ မျက်ရည်များစီးကျလာသည်ကိုတွေ့လိုက်ရသဖြင့် စကားလမ်းကြောင်းကို တစ်နေရာသို့ ပြောင်းပေးလိုက်ရသည်။

" အဆိုးထဲကအကောင်းပေါ့ ဒကာကြီးရယ်၊ နောက်သားသမီးတွေဆုံးမတဲ့အခါ ဒီလိုမဖြစ်ဖို့အတွက် သင်ခန်းစာယူရမှာပေါ့၊ စိတ်ပညာကျွမ်းတွေရဲ့ အဆိုအရ လူဟာကိုယ့်ကိုကိုယ်အထင်အကြီးဆုံးပဲတဲ့၊ ကလေးသူငယ်တွေရဲ့ တလူလူတက်နေတဲ့ အညွန့်ကို မိဘဆရာတွေက ချိုးသလိုမဖြစ်မိအောင် အမြဲတမ်းဂရုစိုက်ကြရမယ်၊ ဒါကြောင့် ရှေးဆရာများက မိမိတပည့်သားသမီးကို ဆုံးမတာတောင် အဆုံးအမတတ်ဖို့အတွက် နည်းလမ်းလေးတွေ ပေးထားတယ်။"

## တပည့်သားသမီးဆုံးမနည်း

တစ်ရံတစ်ဆစ်၊ အပြစ်အနာ၊
တွေ့သောအခါဝယ်၊ ကွယ်ရာခေါ်၍၊
ဆုံးမလေ့၏၊ သူရှေ့ သူ့မျှော်က်၊
ပွဲမြင်ရောက်သော်၊ မြှောက်မြှောက်စားစား၊
သားအားပိုက်မြူ၊ မိဘကျူးသို့၊
ကျေးဇူးကိုသာ၊ ရှာ၍ချည်းဆို။

အဓိပ္ပါယ်က တပည့်သားသမီးကို အပြစ်ပြောပြီးဆုံးမစရာရှိလျှင်ကွယ်ရာမှာခေါ်ပြီး တိုးတိုးတိတ်တိတ်ဆုံးမပါတဲ့၊ လူရှေ့သူရှေ့မှာဆိုရင်တော့ တပည့်သားသမီးရဲ့ကောင်းကွက်ကိုသာရှာပြီး ချီးမွမ်းပါတဲ့ မိဘ ဆရာတွေအတွက် မှတ်သားစရာပေါ့ ဒကာကြီး "

www.dhammaransi.com



" အရှင်ကသာ ဒီနည်းလမ်းကိုသိထားရင် တပည့်တော်သမီးလေး ဒီအဖြစ်ဆိုးမျိုးဘယ်ကြုံရမှာတုန်းဘုရား။"

ဘယ်လိုပင်စကားလမ်းကြောင်း ပြောင်းပေးသော်လည်း ဒကာကြီး၏မျက်ရည်တို့က စဲမသွားခဲ့ပါ။ သို့နှင့်ပင် ဆေးရုံဝင်းထဲသို့ မြင်းလှည်းရောက်သည်နှင့် စာရေးသူကသွေးဖောက်သော အခန်းထဲ ခပ်သွက်သွက်ဝင်သွားလိုက်သည်။ သွေးဖောက်နေဆဲအချိန်မှာလည်း အာနိသင်ပိုရှိရန်၊ သွေးကဆေးကဲ့သို့အစွမ်းထက်ရန် လူနာသို့မှန်းပြီး မေတ္တာပို့နေလိုက်သည်၊ သွေးဖောက်ပြီးသည်နှင့် စောစောကဒကာကြီး အခန်းထဲသို့ဝင်လာကာ. . .

"အရှင်ဘုရား သမီးလေးအဖြစ်က သေမယ်ရှင်မယ်ဆိုတာ တပ်အပ်သေချာမပြောနိုင်တော့ ဖြစ်နိုင်ရင် လူနာဆောင်ထဲခေတ္တကြွပြီး သိသင့်သိထိုက်တဲ့တရားလေးများကို ဟောကြားပေးပါဘုရား၊"

စာရေးသူခေါင်းငြိမ့်ပြပြီး လူနာရှင်ဒကာကြီးနှင့်အတူလိုက်သွားသည်၊ လူနာဆောင်ထဲရောက်တော့ စာရေးသူကိုယ်မှ ထုတ်သွားသောသွေးများကို လူနာအားချက်ချင်းပြန်သွင်းပေးနေသည်ကို တွေ့ရသည်။ ထူးခြားသောမြင်ကွင်းတစ်ခုက စာရေးသူမျက်စေ့ထဲမှ မထွက်။ သေလုမျောပါးဝေဒနာခံစားနေရသော်လည်း၊ လူနာမိန်းကလေး၏ မျက်နှာက တင်းမာခက်ထန်သယောင်ရှိနေသည်။

စကားကား မပြောနိုင်ရှာတော့ပါ၊ သွေးအလှူရှင် ကိုရင်ကြွလာသည်ဟု မိဘများကပြောလိုက်သည်နှင့် မျက်လုံးကိုတော့အားယူပြီးဖွင့်လိုက်သည်ကို တွေ့လိုက်ရသည်။

အချိန်ကသိပ်တန်ဖိုးရှိနေသည်။ စာရေးသူက အချိန်မဆွဲတော့ဘဲ လူနာကို ခေတ္တစိုက်ကြည့်ပြီး စိတ်ထဲမှမေတ္တာပို့လိုက်ပြီးနောက် လူ့ဘဝအပါအဝင် ရခဲခြင်းတရားငါးပါး၊ ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရ၊ ထို့နောက် ပုထုဇဉ်တိုင်း အားကိုးအားထားပြုရမည့် အပါယ်မလားစေသော ကုသိုလ် ၇ မျိုး၊ သေခါနီးတွင် ဂတိကောင်းရန် စိတ်ထားပုံမှစ၍ တစ်နာရီခန့်ကြာအောင် တရားအလှူကိုပေးလှူလိုက်ပါသည်။

www.dhammaransi.com



တရားအဆုံးတွင် လူနာရှင်များရော ဆေးရုံဝန်ထမ်းများပါ အားလုံးဝမ်းသာအားရသာခုခေါ်ကြသည်။ ထူးခြားသည်က ဒေါသအရှိန်ဖြင့် တင်းမာသယောင်ရှိနေသော ဆယ်တန်းကျောင်းသူကလေး၏ မျက်နှာမှာ နူးညံ့ပျော့ပျောင်းလာပြီး လက်အုပ်ချီကန်တော့ချင်သည့်အမူအရာကိုပြသဖြင့် မိဘများက သူမ၏လက်ကိုလက်အုပ်ချီပြီး ရင်ဘတ်ပေါ် တင်ပေးလိုက်ကြခြင်းပင်။

မျက်စိကိုအားယူဖွင့်ရင်း စာရေးသူကို ကန်တော့ရင်းကပင် ဝမ်းသာကြည်နူးနေသောမျက်နှာအသွင်မှ တဖန်ဝမ်းနည်းကြေကွဲသည့်မျက်နှာသို့ချက်ခြင်းပြောင်းသွားပြီး မျက်ရည်များပိုးပိုးပေါက်ပေါက်လိမ့်ဆင်းလာကြသည်။ မျက်နှာအမူအရာဖြင့်သာ ပြောပြနိုင်ရှာသော ဆယ်တန်းကျောင်းသူလေး၏ စကားကို စာရေးသူဘယ်လိုမှ နားမလည်နိုင်ခဲ့။

သူပြောပြလိုသော စကားများ၏အဓိပ္ပါယ်ကို နောက်သုံးရက်ကြာမှသိရသည်။ လူနာရှင်ဒကာကြီးကျောင်းသို့ ရောက်လာပြီး

"အရှင်ဘုရား တပည့်တော်သမီးလေး ဆုံးသွားပါပြီဘုရား။ သက်သာသလိုတော့ဖြစ်သွားသေးတယ်ဘုရား။ အဲဒီအချိန်လေးမှာ မနည်းအားယူပြီး အရှင်ဘုရားကို လျှောက်ထားခိုင်းတာလေးလည်းရှိလို့ လာလျှောက်တာပါဘုရား။ သမီးလေး ပြောသွားတာကတော့ ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရကို မသေခင်မှာ သိရလို့ သူသိပ်ပြီးဝမ်းသာပါသတဲ့ဘုရား။"

"အရှင်ဘုရားကိုလည်း သွေးတင်မက တရားပါလှူတဲ့အတွက် ကျေးဇူးအထူးတင်ကြောင်းကို သေချာလျှောက်ထားခိုင်းပါတယ်။ တရားဆုံးတဲ့နောက် သူ့မျက်နှာကြည်လင်သွားတာက မသေခင်မှာသိသင့်သိထိုက်တဲ့တရားကို သိရလို့ပါတဲ့။ သူ့မျက်နှာညှိုးသွားပြီးမျက်ရည်ကျတာကိုလည်း တစ်မျိုးမထင်ပါနဲ့တဲ့။ အဲဒါကတော့ ရခဲတဲ့လူ့ဘဝထဲကနေ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရ ဘာတစ်ခုမှထုတ်မယူနိုင်တော့တဲ့အတွက် ဝမ်းနည်းပြီး ငိုမိတာပါတဲ့ဘုရား။"

ဟု လျှောက်ထားသွားရာ ဒကာကြီး၏ လျှောက်ထားသံက နားထဲမှ မထွက်။ သြော် ဆယ်တန်းကျောင်းသူလေးကား ဘဝတန်ဖိုး၊

www.dhammaransi.com



ဘာသာတန်ဖိုး၊ ဘာအနှစ်သာရ၊ ဘာသာအနှစ်သာရတို့ကို မျက်ရည်ကျပြီးမှ သိသွားတာပါလား။ ကျန်သောဒကာ၊ ဒကာမများ ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရများကို ဆယ်တန်းကျောင်းသူလေးကဲ့သို့ မျက်ရည်ကျပြီးမှ မသိစေချင်ပါ။

မျက်ရည်မကျခင်ကပင် ဘဝတန်ဖိုး၊ ဘာသာတန်ဖိုး၊ ဘဝအနှစ်သာရ၊ ဘာသာအနှစ်သာရများကို သိစေချင်လှပါသည်။ ထို့ကြောင့်လည်း ဤကျမ်းစာကို မျက်ရည်မကျခင်သိစေချင်ဟု အမည်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုက်ရပါသည်။

ဤကား ယင်းစာအုပ်၌ပါသော နိဒါန်းပင်ဖြစ်သည်။ ဤမှနောက်၌ကား အရေးတကြီးသိသင်သော အချက်များကိုသာ ထုတ်နုတ်၍ ရေးသားသွားပါမည်။

## ပုထုဇဉ်တွေကြိုတင်မသိနိုင်သောအရာများ

"ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ပုထုဇဉ်များ ကြိုတင်မသိနိုင်သော အရာ ငါးမျိုးကိုဖွင့်ပြထားသည်၊ ယင်းတို့ကား. . .

| | | |
|---|---|---|
| ဇီဝိတ | - | ဘယ်အသက်အရွယ်၌ သေရမည်၊ |
| ဗျာဓိ | - | ဘယ်အနာရောဂါနှင့် သေရမည်၊ |
| ကာလ | - | နံနက် နေ့လည် ည ဘယ်ကာလ၌သေရမည်၊ |
| ဒေဟနိက္ခေပန | - | ဘယ်နေရာသေမည်ဘယ်သုသာန်သင်္ချိုင်းမည်၊ |
| ဂတိ | - | သေပြီးနောက်ဘယ်ဘုံရောက်မည်တို့ကို ကြိုတင်မသိနိုင်ခြင်းတို့ပင်ဖြစ်၏။ ထိုအချက်များကို သတိထားပြီး သေဘို့ရာကြိုတင်ပြင်ဆင်ထားသူကား အင်မတန်ရှား၏။ အမှုမဲ့ အမှတ်မဲ့နေပြီး အမှုမဲ့ အမှတ်မဲ့ သေကြသူသာများ၏။ ထို့ကြောင့်လည်း သေသွားကြသော လူများတွင် ကောင်းသောဂတိသို့ ရောက်သူက နည်းပြီး မကောင်းသော ဂတိသို့ ရောက်သူက များခြင်းဖြစ်၏။ |

www.dhammaransi.com



ထို့ကြောင့် ဗုဒ္ဓက ဓမ္မပဒတွင်

အန္ဓဘူတော အယံ လောကော၊
တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊
အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

ဟုဟောတော်မူခဲ့ခြင်းဖြစ်၏။ အဓိပ္ပါယ်ကား

ဤလူများသည် ပညာမျက်စိမရှိသောသူကန်းများသာဖြစ်၏။ ဤလောက၌ အနည်းငယ်မျှသောသူသာ အနိစ္စ၊ ဒုက္ခစသော ဝိပဿနာကိုပွားများရှုမြင်နိုင်၏။ မုဆိုး၏ ပိုက်ကွန်မှလွတ်ထွက်သောငှက်သည် နည်းသကဲ့သို့ သေသောသူတို့တွင် နတ်ပြည်သို့သွားသော သူသည်နည်းလှ၏"ဟူ၍ဖြစ်၏။

မှန်လှပေ၏ ပုထုဇဉ်ဆိုလျှင် ဘဝအာမခံချက် ဘာတခုမျှမရှိ၊ ဘယ်အသက်အရွယ်သေရမည်လည်းမသိ၊ ဘယ်အနာ ရောဂါနှင့် သေရမည်လည်းမသိ၊ နံနက် နေ့လည် ည ဘယ်ကာလ သေရမည်လည်းမသိ၊ ဘယ်နေရာသေမည်၊ ဘယ်သုသာန်မှာ သင်္ဂြိုဟ်မည်လည်းမသိ၊ ဘယ်ဘုံရောက်မည်လည်းမသိ၊ မှန်းသမ်းရမ်းသမ်းပြီး နေနေကြရသည်။

ထို့ကြောင့်လည်း ပုထုဇဉ်ဆိုလျှင် လူများကိုမဆိုထားဘိ ရဟန်းတော်အချို့ပင် အပါယ်လေးပါးကျကြရ၏။ သာဓက တစ်ခုပြပါအံ့၊ လွန်ခဲ့သောနှစ်ပေါင်းရှစ်ဆယ်ကျော်ကာလ အင်္ဂလိပ်မင်းအုပ်စိုးစဉ် အချိန်တုန်းကပင်ဖြစ်၏။ ထိုစဉ်ကစာရေး၊ စာချ၊ တရားဟောတရားပြ လေးမျိုးလုံးဖြင့် အောင်မြင်စွာသာသနာပြုတော်မူခဲ့သော ရှားရှားပါးပါး ဆရာတော်ကြီးတစ်ပါးပေါ်ပေါက်တော်မူခဲ့၏။

အများသိ မုံရွာမြို့မှ လယ်တီဆရာတော်ဘုရားကြီးပင်ဖြစ်၏။ တစ်ခါတွင်ဆရာတော်ဘုရားကြီးသည် ဓာတ်တရား၊ ပရမတ်တရား ဝိပဿနာတရားများကို မြန်မာတစ်ပြည်လုံးလှည့်လည် ဟောကြားရင်းဖြင့် ရန်ကုန်တိုင်း၊ ခရမ်းမြို့သို့ရောက်တော်မူခဲ့သည်။ ရွာကျောင်းတစ်ကျောင်းတွင်တည်းခိုနေသနိုက်တစ်ညတွင် တရားအမှတ်ဖြင့် စင်္ကြံကြွ

www.dhammaransi.com



နေသော ဆရာတော်ကြီးရှိရာသို့စပါးထည့်သော ပုတ်လောက်ပမာဏ ရှိသည့် သရဲကြီးတစ်ကောင်သည်ရွေ့ရှုလာနေ၏။

အနားရောက်လျှင်ဆရာတော်ကြီးကိုဦးချပြီး

"ဆရာတော်ဘုရား တပည့်တော်ကို ကယ်တင်တော်မူပါ၊ တပည့်တော်ဟာလွန်ခဲ့တဲ့လေးလခန့်က ပျံလွန်တော်မူခဲ့တဲ့ ဒီကျောင်းက ကျောင်းထိုင်ဘုန်းကြီးတစ်ပါးပါဘုရား"ဟုလျှောက်၏။

ဆရာတော်ကားသုသာန်ဓုတင်ဆောင်သူဖြစ်၍ မကောင်းဆိုးဝါးများကို မကြာခဏတွေ့နေကျဖြစ်ရကား အထူးအဆန်း မဟုတ်တော့။ ထို့ကြောင့်တည်ငြိမ်စွာပင် ပြန်လည်မိန့်တော်မူ၏။

"အရှင်ဘုရားဟာ ဒကာ၊ ဒကာမတွေကိုတောင် အပါယ်မကျအောင် ဟောပြောဆုံးမနေပြီး ကိုယ့်ကိုယ်ကိုအပါယ်မကျအောင်တော့ မစောင့်ရှောက်နိုင်ဘူးလား။"

"အပြစ်တင်ရင်လည်းခံရတော့မှာပဲဘုရား၊ သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ စွဲလမ်းတပ်မက်တဲ့ လောဘနဲ့သေရင် ပြိတ္တာဘုံကျရောက်မယ် ဆိုတာတပည့်တော်သိပါတယ်ဘုရား၊ ဒါ့ကြောင့် ပျံတော်မူခါနီးမှာ ဘာမှမစွဲလမ်းဘဲတရားကိုအာရုံပြုနေပါတယ်၊ ဒီအချိန်မှာ မသိတတ်တဲ့ ဒကာမတစ်ယောက်က ဆရာတော်ဘုရား ဆရာတော်ဘုရားရဲ့ကျောင်းကြီးကို ဘယ်သူ့မှမအပ်ရသေးပါလား ဘုရားလို့ လှမ်းလျှောက်လိုက်ပါတယ်။"

" ဒီအခါမှာတပည့်တော်စိတ်ဟာ ကျောင်းအပေါ်ကို ရောက်သွားတယ်ဘုရား၊ ဒီအချိန်မှာစုတိစိတ်ကျလိုက်တော့ ကျောင်းပေါ်ကို စွဲလမ်းသလို ဖြစ်သွားတဲ့အတွက် အခုလို ပြိတ္တာဘဝကိုရောက်ခဲ့ ရတာပါ ဘုရား။"

လယ်တီဆရာတော်ဘုရားကြီးသည် ဘဝအာမခံချက်မရှိသော ပုထုဇဉ်များ၏ အသက်ရှင်မှုကိုကြီးစွာသံဝေဂရတော်မူပြီးနောက်တစ်နေ့မှာပင် ကျေးရွာမှ ဒကာ၊ ဒကာမများအား အသိပေးပြီးလျှင် ရဟန်းသံဃာများပင့်ဆွမ်းတွေသင်္ကန်းတွေ လှူကာအမျှပေးလိုက်မှ ကျောင်းထိုင်ဘုန်းကြီးသည် ပြိတ္တာဘဝမှလွတ်မြောက်သွားခဲ့ရသည်။

www.dhammaransi.com



ကာမဂုဏ်မှခွာရှောင်ပြီး သက်န်းဝတ်နေသောပုထုဇဉ် ရဟန်းပင်လျှင် ထိုကဲ့သို့အပါယ်ကျသေးလျှင် စွဲလမ်းတပ်မက်စရာများလှသော လူ့လောကအတွင်းမှ လူသားများဆိုလျှင်ကား ပို၍ပင်ကျတော့မည်ဖြစ်၏။ ထိုသို့ဆိုလျှင် အရိယာမဖြစ်ခင်စပ်ကြား အပါယ်မကျဖို့အတွက် အားကိုးစရာကုသိုလ်ကိုရှာဖွေရပေမည်။

ပုထုဇဉ်တိုင်းအရိယာမဖြစ်ခင်စပ်ကြား အပါယ်မလားစေရန် အားကိုးစရာကွန်းထောက်တစ်ခုအနေဖြင့် အဂ္ဂုတ္တိုရ်အဋ္ဌကထာ၌အပါယ်မလားသောကုသိုလ် (၇)မျိုးကိုဖွင့်ပြထားသည်။ သဲကုန်းသပိတ်အိုင်ဆရာတော် ဦးဉာဏိဿရကလွယ်ကူစွာမှတ်ယူနိုင်ရန် လင်္ကာလေးသီပြထားသည်မှာ

**အပါယ်မလားသောကုသိုလ်များ**

ရတနာရွှဲလုံး၊ ပုလဲကုံးစိန်စီ၊
မြဲအသုံးသမ္မဂ္ဂီငယ်၊ ပဉ္စသီနေ့တိုင်း၊
နိဗ္ဗဒ္ဓမဝေးလံ၊ စာရေးတန်ဆွမ်းဝတ်ရက်ပိုင်း၊
ဝါသက်န်း မသွေမှန် ရေတာစ်ကာန်နက်ရှိုင်း၊
အနေတန်ခက်အကိုင်းရယ်နဲ့၊
ယှက်သိုင်းတဲ့ကျောင်းငယ်၊
သည်ခုနစ်အိမ်ကာလစွဲ၊
ဒါနမြဲသုံးဆောက်တည်ဘွယ်၊
သောတာပန့်ဇာတ်အနွယ်၊
အမြွတ်နယ်ခိုမိုးလို့၊
ဟိုအသီးသုံးတိုက်တစ်သူ၊
ဆုံးအမြိုက်ယူ၊
ရေဒါနသီတဂူငယ်၊
အရည်တူလှူမြဲကွဲ့လေး။
ဟူ၍ဖြစ်၏၊ လင်္ကာ၏စကားပြေမှာ၊
၁၊ သရဏဂုံသုံးပါးစွဲမြဲသူ၊
၂၊ ငါးပါးသီလလုံခြုံသူ၊

www.dhammaransi.com



၃၊ အရက်ဆွမ်း နေ့ဆွမ်း နေ့စဉ်လှူသူ၊
၄၊ စာရေးတံမဲလှူဒါန်းသူ၊
၅၊ ဝါဆိုသင်္ကန်းလှူသူ၊
၆၊ ရေတွင်း၊ ရေကန်လှူသူ၊
၇၊ သံဃိကကျောင်းလှူသူ၊

ဤကုသိုလ်ရှင်များသည် သေသောအခါအပါယ်မကျနိုင်ဟု ဆိုလို၏။ ထို့ကြောင့် ဝိပဿနာတရားကို မရှုပွားနိုင်သေးသော ပုထုဇဉ် မှန်လျှင် ယင်းကုသိုလ် (၇) မျိုးလုံးဖြစ်စေ၊ (၂) မျိုး၊ (၃) မျိုးဖြစ်စေ၊ အနည်းဆုံးတစ်မျိုး ဖြစ်စေ စွဲမြဲမြဲပြုလုပ်မည်ဆိုလျှင် အပါယ်ဘေးမှ ကင်းဝေးပေ လိမ့်မည်။ ဤ၌ သရဏဂုံကြောင့် အပါယ်ဘေးမှ ကင်းဝေးသော သာဓက နှစ်ခုကို ထုတ်ပြပါမည်။ မထုတ်မီ သရဏဂုံတည်ခြင်း၏ ကောင်းကျိုးများ မှုကို ဦးစွာပြမည်။

မူလပဏ္ဏာသအဋ္ဌကထာ၌ သရဏဂုံတည်ရကျိုး (၅) မျိုးကို ဖွင့်ပြထားသည်မှာ. . .

သရဏဂတော တာဝ သရဏဂတာနံ ဘယံ သန္တာသံ
ဒုက္ခံ ဒုဂ္ဂတိ ပရိကိလေသံ ဟိံသတိ ဝိနာသေတီတိ
အတ္ထော ရတနတ္တယဿေဝေတံ အဓိဝစနံ
ဟူ၍ဖြစ်၏။ အဓိပ္ပါယ်အချုပ်ကား. . .

သရဏဂုံတည်မြဲသောသူသည် ဘေးရန်ကင်းခြင်း၊ ကြောက် လန့်မှုကင်းခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကင်းခြင်း၊ အပါယ်လေးပါး သို့မကျခြင်း စိတ်၏ညစ်နွမ်းမှုများ ပယ်ဖျောက်ခြင်းဟူသော ကောင်း ကျိုးငါးမျိုးတို့ကို ခံစားရမည်ဟုဆိုလို၏။ ထိုကောင်းကျိုး ငါးမျိုးထဲမှ သရဏဂုံကိုတစ်ခဏတာတည်မှုကြောင့် နတ်ပြည်ရောက်ရပုံ စတင် ပြပါအံ့။

## မကယ်နိုင်သောဘေး

ရေဘေး မီးဘေး၊ ပြည်ပျက်ဘေးကား၊
ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏၊
အိုဘေးနာဘေး၊ သေခြင်းဘေးဟု၊

www.dhammaransi.com


ဤဘေးသုံးပါး၊ လွန်ကြီးမားက၊
သားနှင့်အမိ၊ ဖြစ်တုံဘိလည်း။
မျက်စိအောက်တွင်၊ ငင်ခွင်တင်လျှက်၊
သက်ပင်ရေးပိုင်၊ မကယ်နိုင်ဘူး။
လက်မှိုင်ချကာ၊ နေရစ္စာရှင့်။
(မဃဒေဝ)

သီပိုင်ပိုင်ကျွန်း၊ မဓုအင်္ဂဏာ အမည်ရှိ တံငါရွာမှ ဒမိဠတံငါသည်ကြီးအတွက် နောက်ဆုံးထွက်သက်ကို ယူတ်ရန်အချိန်ကားနီးလာလေပြီ။ သူသည် ရင်ဘတ်ကြီးဖုံကြွလာသည်အထိ လေကိုပင်ပန်းခဲယဉ်းစွာ ရှူသွင်းနေရ၏။ ရေဘေး၊ မီးဘေး၊ ပြည်ပျက်ဘေးကား သားနှင့်အမိ သမီးနှင့်အဖ ဆယ်ရေးတစ်ရေးတော့ ကယ်တင်နိုင်သေး၏။

ယခုလို အိုဘေး၊ နာဘေး၊ သေဘေးမျိုးကား တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုမှမကယ်နိုင်တော့။ ဒမိဠ၏ ဘဝတစ်လျှောက်လုံး ငါးတွေသတ်ဖြတ်ဖမ်းဆီးသော ပါဏာတိပါတအကုသိုလ်ကံတွေဖြင့်သာ အချိန်ကုန်ခဲ့ရ၏။ ကမ္ဘာလောကရှိ လူသားအားလုံးအသက်ရှည်ချင်ကြ၏၊ ကျန်းမာချင်ကြ၏၊ သက်ရှည်ကျန်းမာဖေအာင်လည်းနည်းမျိုးစုံဖြင့်ကြိုးစားကြ၏။

သို့သော် တချို့လူကား အသက်ရှည်ကျန်းမာပြီး တချို့လူကား အသက်တိုပြီး ရောဂါများကြ၏။ အသက်ရှည်ကျန်းမာချင်တာခြင်းလည်းတူပါလျှက်၊ အသက်ရှည်ကျန်းမာအောင်ကြိုးစားတာခြင်းလည်းတူပါလျှက် အဘယ်ကြောင့်တချို့က အသက်ရှည်ကျန်းမာပြီး၊ တချို့ကအသက်တိုကာ ရောဂါများရသနည်း။

ဤမေးခွန်း၏ အဖြေကို သဘာဝကျအောင်ဘုရားမှတစ်ပါး ကမ္ဘာလောကရှိ မည်သည့်ပညာရှိမှ မှန်ကန်အောင် ဖြေဆိုနိုင်မည် မဟုတ်ပေ။ လွန်ခဲ့သော ၂၅၄၆နှစ်ခန့်က သုဘအမည်ရှိပုဏ္ဏား တစ်ယောက်သည် အထက်ပါမေးခွန်းကို ဗုဒ္ဓအားမေးတော်မူခဲ့၏။ ထိုအခါ ဗုဒ္ဓကသူတစ်ပါးကို သတ်ဖြတ်ညှင်းဆဲသူများအသက်တို၍ ရောဂါများပြီး သူတစ်ပါးကို သတ်ဖြတ်ညှင်းဆဲခြင်းမှ ရှောင်ကြဉ်သူများ အသက်ရှည်ပြီး ကျန်းမာသည်ဟု တိကျစွာ ဖြေတော်မူခဲ့သည်။

ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်

www.dhammaransi.com



သူ့အသက်သတ်သူများသည် ဖြစ်ရာဘဝတွင်
ကိုယ်လက်အင်္ဂါချို့တဲ့စွာ မွေးဖွားလာတတ်သည်။ ပွဲပြာ
သော အဆင်းရှိပြီး အရုပ်ဆိုးတတ်သည်။ အားအင်ချိနဲ့
လူစဉ်မမှီဖြစ်တက်သည်။
လေးကန်ထိုင်းမှိုင်းနေတတ်သည်။
အမြဲတမ်းကြောက်လန့်နေတတ်သည်။
သူတစ်ပါး၏သတ်ဖြတ်ခြင်းကို ခံရသည်။
အနာရောဂါများတတ်သည်။
အခြွေအရံမရှိဘဲ အထီးကျန်နေရတတ်သည်။
အသက်တိုတတ်သည်။

ဒမိဠတံငါသည်သည် အသက်ဖြဝကျော်အရွယ်မှာပင် သေဘို့ရာ ဖြစ်နေခြင်းသည် ပါဏာတိပါတအကုသိုလ်ကံကြောင့်ပင်ဖြစ်၏။ပုထုဇဉ်များ သေခါနီးလျှင် မိမိရောက်မည့်ဘုံဌာနကို မသေခင်ကြိုမြင်ရသည်။ ထိုသို့မြင်ရခြင်းကို ဂတိနိမိတ်ဟုခေါ်သည်။

## မသေခင်ကြိုမြင်ရသောနိမိတ်များ

လူ့ဘဝရောက်မည်ဆိုလျှင် အမိဝမ်းရေကမ္ဘလာ အနီအဆင်း သဏ္ဍာန်ကိုမြင်ရသည်။ တိရစ္ဆာန်ဖြစ်မည်ဆိုလျှင် မိခင်ဖြစ်မည့် တိရစ္ဆာန်မ၏ ပုံသဏ္ဍာန်ကိုမြင်ရသည်။ပြိတ္တာဖြစ်မည်ဆိုလျှင် တောကြီး၊တောင်ကြီး၊ အင်းကြီး၊ အိုင်ကြီးများကို မြင်ရတတ်သည်။ နတ်ပြည်ရောက်မည်ဆိုလျှင် နတ်သမီး၊ နတ်သားများ၊ ဗိမာန်များ ပဒေသာပင်များကို မြင်ရသည်။ ငရဲကျမည်ဆိုလျှင် မိမိကို ကိုက်ခဲမည့် ခွေးနက်ကြီးများ၊ ညှင်းဆဲမည့် ငရဲသားများ၊ ငရဲမီးများကို အခုတကယ် ကြုံနေရသလို ကြောက်မက် ဖွယ်မြင်ကြရသည်။

ဒမိဠတံငါသည်ကား ငရဲဘုံသို့သွားမှာဖြစ်၏။ ထို့ကြောင့်ငရဲ နိမိတ်များကိုမြင်ရလေရာ " အမလေးခွေးတွေကိုက်ကုန်ပြီ၊ ကယ်ကြပါဦး ဗျာ ခွေးတွေကိုမောင်းပေးကြပါဦး၊ မီးတွေကိုငြိမ်းပေးကြပါကြောက်ပါပြီဗျာ"

www.dhammaransi.com



စသောအသံနက်ကြီးများဖြင့် လူးလှိမ့်အော်ဟစ်နေတော့၏။ သူငရဲကျဖို့အချိန်ကား မိနစ်ပိုင်းသာလိုတော့သည်။ သူလုပ်ကိုင်ကျွေးမွေးသည်ကို တစ်သက်လုံးထိုင်စားလာကြသော သားမယားများလည်း ဘာမှမတတ်နိုင်။ အနားမှထိုင်၍သာ ကြည့်နေရတော့သည်။ သူအကုသိုလ်အဖြစ်ခံပြီး ရှာဖွေလာသောဥစ္စာကို သုံးစွဲကြသောအခါတုန်းက မိသားစုအကုန်လုံးဖြစ်၏။

ထိုအကုသိုလ်ကြောင့် ငရဲခံရသောအခါတွင်ကား သူတစ်ယောက်တည်းသာတည်း။ ဒမိဠတံငါသည်ကြီးအဖြစ်က မိသားစုအားအကုသိုလ်အလုပ်ဖြင့် ရှာဖွေကျွေးမွေးနေသောအိမ်ထောင်ဦးစီးများကို သတိပေးနေသကဲ့သို့ဖြစ်၏။ ထိုအချိန်မှာပင် စူဠပိဏ္ဍပါတိကတိဿမည်သော ဆွမ်းခံရဟန်းတစ်ပါးအိမ်ရှေ့သို့ ရောက်လာ၏။

ဒမိဠ၏အသံကိုကြားလိုက်သည်နှင့် မထေရ်မြတ်က ငရဲသို့သွားတော့မည်မှန်းသိလိုက်ပါပြီ။

"ဒီဒကာကြီးဟာ ငါ့ကိုဆွမ်းလောင်းလှူဘူးတယ်။ သူဆွမ်းလောင်းလှူဘူးတဲ့ရဟန်းတစ်ပါးရှေ့မှာတော့ ငရဲကိုမကျသင့်ဘူး။ ငါတတ်နိုင်သမျှ ကြိုးစားမယ်". . .

ဟူသောအတွေးနှင့်အတူ ဒမိဠအိမ်ပေါ်သို့ ကြွသွားလိုက်သည်။ အိမ်သူအိမ်သားများက ဒမိဠ၏ခေါင်းရင်း၌ နေရာခင်းပေးကြ၏။ နေရာတွင်ထိုင်ပြီးသည်နှင့် မထေရ်မြတ်က

"ဒကာကြီး အခုကြွလာသူဟာ ဒကာကြီးဆွမ်းလှူဘူးတဲ့ရဟန်းတစ်ပါးဖြစ်ပါတယ်။ သရဏဂုံနဲ့ငါးပါးသီလဆောက်တည်ပေးချင်ပါတယ်။ ဒကာကြီးနောက်ကလိုက်ဆိုပါ။ ပါးစပ်ကမဆိုနိုင်ရင် စိတ်ထဲကဆိုပါ သရဏဂုံနဲ့ငါးပါးသီလက ဒကာကြီးကိုကောင်းရာသုဂတိပို့ပေးလိမ့်မယ်"

ဟုပြောပြီး သရဏဂုံနှင့်ငါးပါးသီလကို ရှေ့မှတိုင်ပေး၏။ ဒမိဠကလည်း နောက်မှလေသံလေးဖြင့်လိုက်ဆို၏။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

www.dhammaransi.com



**"ဓမ္မံ သရဏံ ဂစ္ဆာမိ"**

တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**"သံဃံ သရဏံ ဂစ္ဆာမိ"**

သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သေချိန်ကနီးကပ်နေပြီဖြစ်ရကား ဒမိဋ္ဌသည် ငါးပါးသီလကို ဆက်ဆောက်တည်ချိန်မရတော့ဘဲ သရဏဂုံအဆုံးမှာပင် သေဆုံးသွားသည်။ သရဏဂုံ၏အစွမ်းကား အံ့မခန်းပါတကား။ နှစ်ပေါင်း ၅၀ ကျော် ပြုခဲ့သောပါဏာတိပါတအကုသိုလ်ကံများကြောင့် ထင်နေသောငရဲနိမိတ်များအကုန်ပျောက်သွားပြီး နတ်သမီး၊ နတ်သား၊ ဗိမာန်၊ ပဒေသာပင်များ ထင်လာကာ လူ့သက်ဖြင့်ဆိုလျှင် အနှစ်ကိုးသန်းလောက်ရှည်သော စတုမဟာရာဇ်ဘုံသို့ ရောက်သွားခဲ့ရသည်။

နတ်ပြည်ရောက်ရောက်ခြင်း တံငါသည်ကြီးသည် ဇာတိဿရဉာဏ်ဖြင့် လူ့ဘဝကိုချက်ခြင်းပြန်အမှတ်ရ၏။

"ငါဟာ လူ့ဘဝက တံငါသည်တစ်ယောက်ပါ။ ငရဲမကျဘဲ ဘာဖြစ်လို့ နတ်ပြည်ရောက်လာရတာလဲ၊ သြော်ငါသေခါနီးမှာ မထေရ်တစ်ပါးက သရဏဂုံဆောက်တည်ပေးလိုက်လို့ပါလား၊ ငါ့ကျေးဇူးရှင် မထေရ်မြတ်ကို အသိပေးပြီး ကန်တော့သင့်တယ်"

ထိုအတွေးနှင့်အတူ နတ်ပြည်မှဆင်းသက်လာပြီး မထေရ်မြတ်ရှေ့သို့ရောက်လာ၏။ မသဂြိုဟ်ရသေးသော သူ့အလောင်းဘေးမှာတင် ထိုင်ကာ မထေရ်မြတ်အား ကျေးဇူးတင်စကားလျှောက်ထားလေ၏။

"အရှင်ဘုရား၏ ကျေးဇူးကြီးမားလှပါတယ်ဘုရား။ ငရဲပြည်ရောက်ရမယ့်တပည့်တော်ဟာ အရှင်ဘုရားဆောက်တည်ပေးတဲ့ သရဏဂုံကြောင့် နတ်ပြည်ရောက်ခဲ့ရပါပြီဘုရား။ အကယ်၍များ တပည့်တော်ဟာ ငါးပါးသီလထိ ဆောက်တည်ပြီးမှ သေခဲ့မယ်ဆိုရင် ဒီနတ်ဘုံထက် အဆင်း ပိုလှ၊ အခြံအရံပိုများ၊ အသက်ပိုရှည်တဲ့ အထက်နတ်ဘုံကိုရောက်ရမှာဘုရား။ အခုတော့ သရဏဂုံအဆုံးမှာတင် သေခဲ့ရလို့ စတုမဟာရာဇ်နတ်ဘုံလောက်ပဲရောက်ရတာပါဘုရား။ ဒကာ၊ ဒကာမတွေအပေါ် အင်မတန်ကျေးဇူးများတဲ့ ဒီသရဏဂုံတရားကို မကြာခဏများများကြီး ဟောကြားပေးပါဘုရား။"

www.dhammaransi.com



ဟုလျှောက်ထားကန်တော့ပြီးလျှင် နတ်ပြည်သို့ ပြန်တက်သွားလေတော့၏။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ- ဒုတိယတွဲ)

**မှတ်ချက်** ။ နတ်ပြည် ၆ ထပ် အမိပ္ပါယ်နှင့်သက်တမ်း။

| ဘုံ | ဘုံအမိပ္ပါယ် | သက်တမ်း |
|---|---|---|
| စတုမဟာရာဇ် | ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရဟုဆိုအပ်သောနတ်မင်းကြီးလေးပါးတို့နေရာဘုံ | အနှစ်ကိုးသန်း |
| တာဝတိံသာ | မာဃလုလင်နှင့်ကုသိုလ်ပြုဖက် ၃၃ ဦးတို့၏ နေရာဘုံ | ၃ကုဋေ အနှစ်ခြောက်သန်း |
| ယာမာ | ဆင်းရဲဒုက္ခမှကင်းသောနတ်တို့နေရာဘုံ | ၁၄ကုဋေ၄သန်း |
| တုသိတာ | မိမိ၏စည်းစိမ်ကျက်သရေတို့ကိုနှစ်သက်တတ်သောနတ်တို့၏ နေရာဘုံ | ၅၇ကုဋေ အနှစ်ခြောက်သန်း |
| နိမ္မာနရတိ | ကိုယ်တိုင်ဖန်ဆင်းထားသော စည်းစိမ်တို့ဖြင့် မွေ့လျော်တတ်သော နတ်တို့၏နေရာဘုံ | ၂၃၀ ကုဋေ နှစ်၄ သန်း |
| ပရနိမ္မိတဝသဝတ္တီ | သူများဖန်ဆင်းပေးသောစည်းစိမ်ကိုမိမိအလိုဆန္ဒအတိုင်းဖြစ်စေနိုင်သောနတ်တို့၏ နေရာဘုံ | ၉၂၁ ကုဋေ နှစ်၆သန်း |

မာရ်နတ်မင်းသည် ပရနိမ္မိတဝသဝတ္တီဘုံမှဖြစ်သည်။ နတ်ဘုံသည် လူ့ဘုံကဲ့သို့ ပဋိသန္ဓေမနေရ။ မိမိပြုခဲ့သော ကုသိုလ်အရပေါ်လာသော ဗိမာန်အတွင်း သို့မဟုတ် မိမိ၏ မိဘဖြစ်မည့်နတ်သား နတ်သမီးတို့ ရင်ခွင်အတွင်းတွင် နတ်သားတို့မှာ အသက် ၂၀ အရွယ်၊ နတ်သမီးတို့မှာ အသက် ၁၆ နှစ် အရွယ်သွားကနဲဖြစ်ကြရသည်။ ဩပပါတိက ပဋိသန္ဓေ သို့မဟုတ် ဥပပါတ် ပဋိသန္ဓေဟုခေါ်သည်။

(ဇာတက၊ ပထမ စာမျက်နှာ ၂၃၂)

ထိုနတ်တို့သည် ကာမဇရုပ်အားကောင်းသူများဖြစ်ကြ၍ ဩဇာအဆီအနှစ်ပြည့်စုံသော အာဟာရများကို မှီဝဲကြရသောကြောင့်လည်းကောင်း၊ လူတို့ကဲ့သို့ ရုပ်ခန္ဓာမအိုကုန်၊ အရေတွန့်တွဲ ရွတ်တွမှုမရှိ၊ သူတို့၏ အဆင်းသည်လည်းကောင်း၊ အခြေအရံသည်လည်းကောင်း၊ တစ်နေ့ထက်တစ်နေ့ နေ့ပျိုစည်ပင် တိုးပွားကြရသည်။

www.dhammaransi.com



ထို့ကြောင့် လူတို့၏အသက်အရွယ် ကြီးရင့်မှုကို ရုပ်ရည်ကျသင်းနေခြင်းက သက်သေခံသကဲ့သို့ နတ်တို့၏ အသက်အရွယ်ကြီးရင့်မှုကို ရုပ်ရည်နုပျိုလာခြင်းကလည်းကောင်း၊ စည်းစိမ် အခြံအရံတိုးပွားပြည့်စုံလာနေခြင်းကလည်းကောင်း၊ သက်သေခံလျှက်ရှိသည်။

(ဇာတက အဋ္ဌကထာ စတုတ္ထစာမျက်နှာ ၁၁၁)

၁။ ပန်ဆင်ထားသော ပန်းညှိုးနွမ်းခြင်း၊

၂။ အဝတ်တန်ဆာတို့ ညစ်နွမ်းခြင်း၊

၃။ ချိုင်းကြားမှ ချွေးယိုခြင်း၊

၄။ ယွက်မြဲ ကိုယ်ရောင်ပျောက်ခြင်း၊

၅။ မိမိဘုံဗိမာန်၌ မပျော်မွေ့နိုင်ခြင်း၊

ဤနိမိတ်ငါးမျိုးဖြစ်ပေါ်လာလျှင် နတ်များသည် မိမိသက်တမ်းကုန်၍ သို့မဟုတ်ကံကုန်၍သေတော့မည်ကို ကြိုတင်သိနိုင်သည်။ (ဣတိဝုတ် စာ- ၂၄၇)

သန့်ရှင်းစင်ကြယ်သော နတ်ဩဇာကိုသာ စားရသည့်အတွက် နတ်တို့၏ခန္ဓာတွင် ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ သလိပ် စသော အညစ်အကြေးများမရှိ၍ နတ်သမီးများလူမိန်းမများကဲ့သို့ မွေတာသွေးလာခြင်းမရှိ ကာမချမ်းသာခံစားရာတွင်ကား လူများနှင့် အတူတူသာဖြစ်၏။ သို့သော် အညစ်အကြေးများမဖြစ်ဘဲ သွေးသားလှုပ်ရှားရုံသာဖြစ်၏။ ယိုဖြစ်ရပ်များနှင့်စပ်၍ မှတ်ဖွယ်ကောင်းသော မန်လည်ဆရာတော်မေးပြီး မင်းကွန်းအလယ်တောရဆရာတော် ဖြေသော အမေးအဖြေသုံးစုံကို အမှတ်တရ ဖော်ပြအပ်ပါသည်။

၁။ (မေး) ဆကာမာဘုမိ၊ ကုမာရီနတ်အပျို
လူလိုပေတဲ့လား ၊ ပွင့်မြင်ငယ်မို့၊
တစ်လလျှင် ကြိမ်အညီပ၊
ချိန်ရာသီပေါ်တဲ့ ပန်းငယ်၊
လန်းပါစလား။

(ဖြေ) ဆကာမာဘုမိ ၊ ကုမာရီနတ်အပျို
လူလိုမဟုတ်ဘဲ ၊ ပွင့်မြင်ငယ်မို့၊
ချိန်ရာသီပေါ်တဲ့ ပန်းငယ်၊
လန်းကြမမြဲ။

www.dhammaransi.com



၂။ (မေး) အဖွေ့ပို ၊ မဖြေလိုစိတ်တော်ရှိပါနှင့်
ခင်သိသားမို့၊
နတ်ခြောက်ဆူ ၊ ချစ်သွေးနှစ်ကိုယ်မြှုတော့၊
ဟိုအမူလူလိုချင်းပေထင့် ၊ သင်းတဘယ်သို့၊
(ဖြေ) အဖေ့ပို ၊ မဖြေလိုစိတ်တော်ရှိပါဘူး၊
ကိုယ်သိသားမို့၊
နတ်ခြောက်ဆူ ၊ ချစ်သွေးနှစ်ကိုယ်မြှုကော့၊
ဟိုအမူလူလို ကျင့်ကြတယ် ၊ သင်းကဤသို့၊
၃။ (မေး) နတ်ခြောက်ဘုံ ၊ မောင်နှံစုံ လူလိုရှိတယ်လို့၊
ခင်သိမှုကား ၊ ပိန့်ပါရှင်၊ နတ်ကလျာ၊
လုံမယ်ခင်တို့၊
လူ့နှယ်ပင် နှုတ်ငုံပိုက်တယ် ၊ သားနို့တိုက်လား၊
(ဖြေ) နတ်ခြောက်ဘုံ ၊ မောင်နှံစုံ လူလိုရှိတယ်ဟု၊
မှန်ဘိမယွင်း ၊ မိန့်လိုက်ပြီ၊ နတ်ကလျာမယ်၊
ဒေဝီတို့ နှုတ်ငုံမျိုလွယ်မပိုက်တယ်၊
သားနို့တိုက်ကင်း။

**မှတ်ချက်။** ။နတ်တို့၏ ခန္ဓာကိုယ်သည် သုံးဂါဝုတ် ခြောက်မိုင်ခန့် ရှိသည်။ ထို့ကြောင့် သူတို့နေထိုင်ရာ ဗိမာန်များသည်လည်း လူ့ဘဝက ပြုခဲ့သော ကုသိုလ်အလိုက် မိုင်တစ်ရာကျော်၊ အချို့ မိုင်တစ်ထောင်ကျော်ထိအောင် ကြီးမားသည်။

ဒမိဋ္ဌတံငါသည်၏ ဖြစ်ရပ်ကို ဖော်ပြခြင်းမှာ တခဏတာ သရဏဂုံတည်ရခြင်း၏ ကောင်းကျိုးကို သိစေလို၍ဖြစ်သည်။ ယခု တစ်ဖန် တစ်ဘဝသော သရဏဂုံတည်ရခြင်း၏ ကောင်းကျိုးပြ ဖြစ်ရပ်ကိုလည်း ဆက်လက်တင်ပြမည်။

ဧတံ ခေါ သရဏံ ခေမံ၊
ဧတံ သရဏ မုတ္တမံ။
ဧတံ သရဏ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။ (ဓမ္မ၀၁၃)

www.dhammaransi.com



သရဏဂုံသုံးပါးသည် ဘေးအကင်းဆုံး ကိုးကွယ်ရာဖြစ်၏၊ သရဏဂုံသုံးပါးဂါထာသည် ဂါထာမှန်သမျှတို့တွင် အမြတ်ဆုံးဖြစ်၏၊ သရဏဂုံသုံးပါးကို အကြောင်းပြု၍ အိုဘေး၊ နာဘေး၊ သေဘေးဟုဆိုအပ်သော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်၏။

## သရဏဂုံကြောင့် ရဟန္တာဖြစ်သူ

သရဏဂုံသုံးပါးကို အကြောင်းပြု၍ နိဗ္ဗာန်ကိုရောက်နိုင်သည်ဟူသော ဗုဒ္ဓ၏ ဟောကြားချက်ကို သက်သေခံသည့် ဖြစ်ရပ်တစ်ခုကို ဖော်ပြအံ့။ ထေရာပါဒါန်ပါဠိတော်တွင် သရဏဂုံသုံးပါးကြောင့် ရဟန္တာဖြစ်ရသော မထေရ်မြတ်ကြီးတစ်ပါး၏ အကြောင်းပါရှိသည်။ ထိုမထေရ်မြတ်ကြီးသည် လွန်ခဲ့သော ၉၁ ကမ္ဘာထက်က ပွင့်တော်မူခဲ့သည့် အနောမဒဿီ မြတ်စွာဘုရားလက်ထက်အခါတော်တွင် စန္ဒဝတီ နေပြည်တော်၌ အမျိုးကောင်းသားတစ်ယောက်ဖြစ်ခဲ့၏။

သူသည် ရဟန်းဝတ်လိုသော်လည်း မျက်မမြင်မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးနေရသောကြောင့် မဝတ်နိုင်ရှာ။ ထို့ကြောင့် လူ့ဘဝနှင့် ရနိုင်သော ကုသိုလ်ကို ယူတော့မည်ဟူသော အတွေးနှင့် အနောမဒဿီ မြတ်စွာဘုရား၏ လက်ျာတော်ရံ အရှင်နိသဘမထေရ်ကို ပင့်ဖိတ်ပြီးလျှင် သရဏဂုံသုံးပါးကို ခံယူဆောက်တည်၏။

ထိုသရဏဂုံကို သူသည် အသက်ထက်ဆုံး စွဲမြဲခဲ့၏။ ထို့ကြောင့် သူသည်. . .

၉၁ ကမ္ဘာအပါယ်မလားရခြင်း၊

သိကြားမင်းဘဝ အကြိမ် (၈၀) ဖြစ်ရခြင်း၊

စကြာမင်းဘဝ (၇၅) ကြိမ် ဖြစ်ရခြင်း၊

ပဒေသရာဇ် ဧကရာဇ်လူ မင်းအဖြစ် မရေမတွက်နိုင်အောင် ဖြစ်ရခြင်း၏ ကောင်းကျိုးတို့ကို ခံစားရပြီးလျှင်

နောက်ဆုံး ပစ္ဆိမဘဝ၌ ယခုဂေါတမမြတ်စွာဘုရား သာသနာတွင် သာဝတ္ထိပြည်၌ မဟာသာလဟူသော သူဌေးမျိုး၌ ဖြစ်ရ၏၊ သူ (၇) နှစ်သားအရွယ်တွင် အခြားကလေးများနှင့်အတူ ပြေးလွှားဆော့

www.dhammaransi.com



ကစားရင်း ရဟန္တာကြီးတစ်ပါး သီတင်းသုံးသော ကျောင်းတစ်ကျောင်းထဲ ရောက်သွားကြ၏။ ရဟန္တာကြီးက ကလေးများကို ကောင်းမွန်စွာ ထိုင်စေပြီး သရဏဂုံ သုံးပါးကို ဆောက်တည်ပေး၏။

ကျန်ကလေးများမှာ သရဏဂုံတည်သော ကုသိုလ်လောက်သာ ရသော်လည်း လွန်ခဲ့သော ၉၁ ကမ္ဘာယက်က တစ်ဘဝတာ သရဏဂုံ တည်ခဲ့သော အမျိုးသားလေးမှာကား သရဏဂုံအဆုံးမှာပင် ကိလေသာ အာသဝေါ ကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ရသည်။ သရဏဂုံ အဆုံးမှာ ရဟန္တာဖြစ်သောကြောင့် ဂေါတမမြတ်စွာဘုရား သာသနာ တွင် တိသရဏဂမနိယမထေရ်ဟု ထင်ရှားခဲ့သည်။

## အဆစ်ရသော ကောင်းကျိုးများ

သရဏဂုံတည်သူ ၊ များဗိုလ်လူ အတူရမည်မှာ
အပူဇော်ခံခြင်းဉာဏ်ယက်ပြင်း၊ အလျှင်းအလိုပါ
နှစ်သက်ချစ်ခြင်း၊ ရွှေအဆင်း၊ မယွင်းတူလေပါ
ကျော်စောထင်ရှား၊စည်းစိမ်အား၊ များပြားခံစားရာ
**သရဏဂုံကောင်းကျိုး၊ ထိုရှစ်မျိုး၊ ရိုကျိုး ဆောင်ယူပါ။**

သရဏဂုံပြုသောသူများသည် ဖြစ်ရာဘဝတွင်-

၁။ သူတစ်ပါး၏ အပူဇော်ကို ခံရခြင်း၊
၂။ ဉာဏ်ပညာထက်မြက်ကောင်းမွန်ခြင်း၊
၃။ မိမိအလိုအတိုင်း သူတစ်ပါးက လိုက်ပါခြင်း၊
၄။ သူတစ်ပါးက အလိုလိုနှစ်သက်ခြင်း၊
၅။ သူတစ်ပါးက အလိုလိုချစ်ခင်ခြင်း၊
၆။ ရွှေအဆင်းနှင့်တူစွာ တင့်တယ်လှပခြင်း၊
၇။ နာမည်ကောင်းသတင်း ကျော်စောထင်ရှားခြင်း၊
၈။ စည်းစိမ်ဥစ္စာ ပေါများချမ်းသာခြင်း၊

ဟူသော ကောင်းကျိုး (၈)မျိုးကို အဆစ်သဘောဖြင့် ရရှိသေးသည်။

www.dhammaransi.com



## တိပိဋကဆရာတော် ၁၁ ပါး

ထိုရှစ်မျိုးတွင် ဉာဏ်ပညာထက်မြက် ကောင်းမွန်ခြင်း ဟူသော ထူးခြားသည့်အကျိုးတစ်ခုလည်း ပါဝင်လျက်ရှိ၏။ ဤတစ်ချက်နှင့်ပင် သရဏဂုံကိုတည်မြဲအောင် ကြိုးစားသင့်၏။ မြန်မာပြည်တွင် ၂၀၀၂ ခုနှစ်အတွင်း သံဃာတော် လေးသိန်းခန့်ရှိ၏။ တစ်ကမ္ဘာလုံးရှိ မဟာယာန၊ ထေရဝါဒ သံဃာတော်အားလုံးဆိုလျှင် လေးသန်းခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ထိုသံဃာလေးသန်းတွင် ပိဋကတ်သုံးပုံ အုပ် (၄၁)ကို အာဂုံဆောင်ပြီး အဋ္ဌကထာဋီကာ၊ အနု၊ မဓု၊ ယောဇနာ၊ ဂဏ္ဌိအုပ် (၁၀၀၀)ကျော်ခန့်ကို ရေးဖြေအောင်မြင်သော သံဃာတော်သည် (၁၁) ပါးသာရှိသေး၏။ ယင်းတို့မှာ. . .

| | | | |
|---|---|---|---|
| ၁။ | ဦးဝိစိတ္တသာရာဘိဝံသ | (မြင်းခြံ) | မန္တလေးတိုင်း |
| ၂။ | ဦးနေမိန္ဒ | (ပခုက္ကူ) | မကွေးတိုင်း |
| ၃။ | ဦးကောသလ္လ | (ပြည်) | ပဲခူးတိုင်း |
| ၄။ | ဦးသုမင်္ဂလာလင်္ကာရ | (ရွှေဘို) | စစ်ကိုင်းတိုင်း |
| ၅။ | ဦးသိရိန္ဒာဘိဝံသ | (ယော) | မကွေးတိုင်း |
| ၆။ | ဦးဝါယမိန္ဒာဘိဝံသ | (ရေစကြို) | မကွေးတိုင်း |
| ၇။ | ဦးသီလက္ခန္ဓာဘိဝံသ | (မော်ကျွန်း) | ဧရာဝတီတိုင်း |
| ၈။ | ဦးဝံသပါလာလင်္ကာရ | (မြင်းမူ) | စစ်ကိုင်း |
| ၉။ | ဦးဂန္ဓမာလာလင်္ကာရ | (မြင်းခြံ) | မန္တလေးတိုင်း |
| ၁၀။ | ဦးသုန္ဒရ | (မြိုင်) | မကွေးတိုင်း |
| ၁၁။ | ဦးဣန္ဒပါလ | | ရခိုင်ပြည်နယ် |

တို့ဖြစ်သည်။ ရေးဖြေဖြေသောအခါ တစ်ဘာသာလျှင် အမှတ်တစ်ရာပေးရာ၌ (၇၅)မှတ်ရမှ အောင်သည်။ (၈၅)မှတ်မှ ဂုဏ်ထူးအောင်အဖြစ်သတ်မှတ်သည်။ ထို (၁၁)ပါးတွင် ဦးသုမင်္ဂလာလင်္ကာရသည် သက်တော် (၂၇)နှစ်အရွယ်မှာပင် ပိဋကတ်သုံးပုံလုံးကို အောင်မြင်တော်မူသဖြင့် သက်တော်အငယ်ဆုံးဖြင့် အောင်မြင်တော်မူခြင်းဖြစ်သည်။

ဖော်ပြပါ ကောင်းကျိုးများကို သရဏဂုံတည်သူများသာ ရရှိမည်ဟုဆိုထားသဖြင့် သရဏဂုံပျက်သူများမရနိုင်ဆိုသည်မှာ ထင်ရှား၏။

www.dhammaransi.com



တို့ကြောင့် မူလပဏ္ဏာသအဋ္ဌကထာ၌လာသော သရဏဂုံပျက်ခြင်း နှစ်မျိုးကို ဗုဒ္ဓဘာသာတိုင်းသိသင့်၏။

သရဏဂမနဿ ဘေဒေါသာဝဇ္ဇောစ အနဝဇ္ဇောစ ဒုဝိဓော ဟောတိ

"သရဏဂုံပျက်ခြင်းသည် အပြစ်ရှိသော အကုသိုလ်ဖြစ်သော ပျက်ခြင်း၊ အပြစ်မရှိသော အကုသိုလ် မဖြစ်သော ပျက်ခြင်းဟု နှစ်မျိုး ရှိ၏။ ထိုနှစ်မျိုးတို့တွင်

**ကာလကိရိယဘေဒေါ အနဝဇ္ဇဘေဒေါတိ ဝုစ္စတိ။**

ပုထုဇဉ် ဗုဒ္ဓဘာသာဝင်တစ်ယောက်သေသွားလျှင် သရဏဂုံ ပျက်သည်။ ထိုကဲ့သို့ ပျက်ခြင်းသည် အပြစ်မရှိ၊ အကုသိုလ်မဖြစ်။

**အညသတ္ထာရာဒိသု အဟံ အတ္တာနံ ပရိစ္စဇာမိတိ၊**

**ဧဝံ အညသတ္ထာရုဒ္ဒေသဝသေန သာဝဇ္ဇဘေဒေါတိ ဝုစ္စတိ**

ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားသော ဘိုးတော်၊ မယ်တော်၊အတွင်း(၃၇)မင်း၊အပြင်(၃၇)မင်းစသောနတ်စိမ်းတို့ ရှေ့၌ အကျွန်ုပ်၏ အသက်နှင့်ခန္ဓာကိုယ်ကို အရှင်ကြီး အရှင်ကောင်းတို့အား အပ်နှင်းလှူဒါန်းကိုးကွယ်ပါ၏ဟု ဆို၍ ဦးချလိုက်လျှင် သရဏဂုံပျက်၏။ ဤကဲ့သို့ ပျက်ခြင်းသည် အပြစ်လည်းရှိ၏။ အကုသိုလ်လည်းဖြစ်၏။ တခြားဘာသာသို့ပြောင်း၍ သရဏဂုံပျက်ခြင်း၌ အပြစ်ရှိပုံ အကုသိုလ် ဖြစ်ပုံကား ပြောဘွယ်ရာပင် မလိုတော့ပေ။

ရတနာသုံးပါး၏ ကောင်းကျိုးများကို ကျကျနနမသိကြသူအများစုသည် တစ်ခဏတာ စီးပွားရေးအဆင်ပြေမှု၊ ရာထူးတက်မှုလေးကို မက်ပြီး သရဏဂုံအပျက်ခံတတ်ကြသည်။ ပြိတ္တာအနွယ်ဝင် နတ်စိမ်းမျိုးစုံ၊ ဘိုးတော်၊ မယ်တော်မျိုးစုံကို ကိုးကွယ်ကြသည်။ နတ်ကနားပေးကြသည်။

ဘိုးတော်၊ မယ်တော်ကိုးကွယ်တိုင်း၊ နတ်ကနားပေးတိုင်း၊ စီးပွားရေး ပြေလည်သည်လည်းမဟုတ်ပါ။ ရာထူးတက်သည်လည်း မဟုတ်ပါ။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဖြစ်ပြီး စီးပွားရေး ပြေလည်သွား၊ ရာထူးတက်သွားသည်လည်း တစ်ရာမှာ တစ်ယောက်တော့ရှိပါလိမ့်မည်။ တစ်ရာနှင့်တစ်ယောက်ကား စာဖွဲ့လောက်သည်တော့မဟုတ်။

www.dhammaransi.com



သို့သော် အဖိုးတန်အတွေးအခေါ်တစ်ခုကို စာရှုသူတို့အား ပေးရန်အတွက် ဘိုးတော်၊ မယ်တော်၊ နတ်စိမ်းတို့ကို ကိုးကွယ်လိုက်လျှင် စီးပွားရေးအဆင်ပြေသည် ရာထူးတက်သည်ပဲထားလိုက်ပါ။

## အပ်ဝင် ပုဆိန်ထွက်

ဘိုးတော်၊ မယ်တော်၊ နတ်စိမ်းတို့ကို ကိုးကွယ်လိုက်သည့်အတွက် ပေါများသော စီးပွားဥစ္စာသည် တစ်ခဏတာသို့မဟုတ် အလွန်ဆုံးတစ်ဘဝတာသာ သုံးရမည်ဖြစ်၏။ အပ်ဝင် ပုဆိန်ထွက် ဟူသော စကားအတိုင်း ထိုကဲ့သို့တစ်ဘဝတာ သုံးစွဲစရာ ဥစ္စာကြေး ငွေလေးရလာခြင်းသည် အပ်တစ်ချောင်းဝင်လာသည်နှင့်တူ၏။

ထိုသူသည် သရဏဂုံပျက်သွားသည့်အတွက် (၉၁) ကမ္ဘာ အပါယ် မလားရခြင်း၊ အကြိမ် (၈၀) သိကြားမင်း ဖြစ်ခြင်း စသော ကောင်းကျိုးများ မရရှိတော့ခြင်းသည် မိမိထံမှ ပုဆိန်တစ်ချောင်း ထွက်သွားသည်နှင့် တူလှ၏။ လောကအလိုကြည့်လျှင်ပင် အပ်လေးတစ်ချောင်းဝင်လာဖို့အတွက် ပုဆိန်တစ်ချောင်း အထွက်ခံရခြင်းသည် အင်မတန်နစ်နာလှ၏။

ထို့ကြောင့်တစ်ဘဝတာချမ်းသာမှုလေးကိုကြည့်ပြီး သရဏဂုံပျက်သူများမဖြစ်အောင်ထိန်းသိမ်းဖို့ကား ဗုဒ္ဓဘာသာဝင်တိုင်း၏ တာဝန်ပင်ဖြစ်၏။ ဖော်ပြခဲ့ပြီးသည်တို့ကား သရဏဂုံအစွမ်းကြောင့် အပါယ်လေးပါးမှလွတ်ပြီးနတ်ရွာသုဂတိသို့ရောက်ပုံ သာဓကများပင်ဖြစ်၏။ ယခုဆက်လက်ပြရန် အလှည့်ကျသည်ကား သရဏဂုံအစွမ်းကြောင့် ပစ္စက္ခတွင်ဘေးဆိုးအန္တရာယ်ဆိုးများမှ လွတ်မြောက်ပုံသာဓကပင်ဖြစ်၏။

အေဒီ ၁၀၄၃ ဝန်းကျင်ကပင်ဖြစ်၏။ ထိုအချိန်က ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းနေရာများအားလုံးကို ဟံသာဝတီနေပြည်တော်ဟုခေါ်၏။ အုပ်ချုပ်သောမင်း၏ အမည်ကား တိဿ၊ တိဿဘုရင်နှင့်တကွ တိုင်းသူပြည်သားများသည် ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း အမတ်အများစုကား ဗြဟ္မာကိုကိုးကွယ်သည့် ဗြဟ္မဏ ဘာသာဝင်များဖြစ်၏။

www.dhammaransi.com



ထို့ကြောင့် အမေတ်များသည် တိဿဘုရင်ကြီးကို နည်းမျိုးစုံဖြင့် ဆွဲဆောင်ရာ တစ်နေ့တွင် အောင်မြင်သွားတော့၏။ တိဿဘုရင်ကြီးကား ဗုဒ္ဓဘာသာမှ ဗြဟ္မဏဘာသာသို့ပြောင်းသွားလေပြီ။ ဗုဒ္ဓဘာသာနိုင်ငံတို့၌ ဘာသာခြားများကို ရာထူးကြီးကြီးပေးမိခြင်း၏ဆိုးကျိုးပင်ဖြစ်၏။ သို့သော် ဗုဒ္ဓဘာသာကား တုန်လှုပ်လိမ့်မည်မဟုတ်၊ ဗုဒ္ဓဘာသာကား ငါတို့ဘာသာကို လာကိုးကွယ်လှည့်ပါဟူ၍ လာဘ်လာဘပေးပြီး ဆွဲဆောင်ခေါ်ယူခြင်းမရှိ။

ထို့အတူ ငါတို့ဗုဒ္ဓဘာသာကိုမကိုးကွယ်နဲ့တော့ တခြား ဘာသာပြောင်းတော့ဟူ၍ နှင်ခြင်းလည်းမရှိ။ ထို့ပြင်ဗုဒ္ဓဘာသာတရားတော်များထဲမှ မရှင်းလင်းသောအချက်များ၊ မကြေလည်သော အချက်များကို မေးမြန်းနိုင်၏။ ဆွေးနွေးနိုင်၏။ ဝေဖန်နိုင်၏။ ကမ္ဘာပေါ်ရှိဘာသာအားလုံးတွင် လွတ်လပ်မှုအရှိဆုံး ဒီမိုကရေစီ အကျဆုံးဘာသာကား ဗုဒ္ဓဘာသာပင်ဖြစ်၏။

ဘာသာအယူဝါဒတစ်ခုကို မျက်စေ့မှိတ်မယုံကြည်ဘဲ အတ္တ၊ ပရ၊ ပစ္စက္ခ၊ သံသရာ ကောင်းကျိုးရှိ၊ မရှိ သုံးသပ်ဆင်ခြင်ပြီးမှ လက်ခံယုံကြည်ရန်ဗုဒ္ဓက သမာသမတ်ကျကျလမ်းချပြတော်မူခဲ့၏။ ဘုရားတစ်ဆူဖြစ်ပါလျှက် ငါ့တရားသာ အမှန်၊ တခြားတရားတွေအမှားဟု မပြောဘဲ ဘယ်တရားမဆို ဝေဖန်ဆန်းစစ်ပြီးမှ လက်ခံပါဟု ပြောပြောခဲ့ခြင်းသည် ဘာသာရေးလောကတွင် ဗုဒ္ဓတစ်ဆူသာရှိ၏။

" ကေသမုတ္တိသုတ်သည် ဘာသာရေးလောကတွင် ထင်ရှား၏။ သူတို့အရပ်သို့ကြွလာသော ဗုဒ္ဓကို ကာလာမအမျိုးသားတို့က

" အရှင်ဂေါတမ ဤအရပ်သို့ရောက်လာကြသော ဘာသာရေးခေါင်းဆောင်မှန်သမျှတို့သည် ငါတို့အယူသာမှန်ကန်ကောင်းမြတ်သည် တစ်ပါးသောအယူတို့ကား အမှားသာတည်းဟုပော ပြောလေ့ရှိပါသည်။ ဘာသာရေးခေါင်းဆောင်မှန်သမျှတို့က ထိုကဲ့သို့ ချည်းပောပြောလာသောအခါ ကျွန်ုပ်တို့မှာ ဘယ်ဝါဒက အမှား၊ ဘယ်ဝါဒကအမှန်ဟု မခွဲခြားနိုင် ဖြစ်နေပါသည်" ဟုလျှောက်၏။

www.dhammaransi.com



ထိုအခါက ဗုဒ္ဓက

"ကာလာမအနွယ်အမျိုးသားတို့ သင်တို့သည် အယူဝါဒတစ်ခုကို

၁။ တစ်ဆင့်ကြားသိရုံမျှဖြင့်လည်း အမှန်လို့မယူကြနဲ့၊

၂။ မိရိုးဖလာလက်ခံသောအယူဝါဒဖြစ်ရုံနဲ့လည်း အမှန်လို့ မယူကြနဲ့၊

၃။ ကောလဟာလအကြားနဲ့လည်း အမှန်လို့မယူကြနဲ့၊

၄။ ကျမ်းစာနဲ့ကိုက်ရုံမျှဖြင့်လည်း အမှန်လို့မယူကြနဲ့၊

၅။ ကြံဆ၍သိခြင်းမျိုးဖြင့်လည်း အမှန်လို့မယူကြနဲ့၊

၆။ နည်းမှီ၍ယူခြင်းမျိုးဖြင့်လည်း အမှန်လို့မယူကြနဲ့၊

၇။ ဆီလျော်သည်ဟုသုံးသပ်မိရုံမျှဖြင့်လည်း အမှန်လို့မယူကြနဲ့

၈။ အယူခြင်းထပ်မိရုံမျှဖြင့်လည်း အမှန်လို့မယူကြနဲ့၊

၉။ ယုံအပ်သူရဲ့စကားဖြစ်ရုံမျှနဲ့လည်း အမှန်လို့မယူကြနဲ့၊

၁၀။ ဆရာစွဲနဲ့လည်း အမှန်လို့မယူကြနဲ့၊

လက်တွေ့ကျင့်သုံးကြည့်လို့ကောင်းကျိုးတွေလည်းရမယ်၊ ပညာရှိသူတော်ကောင်းတွေကလည်း ချီးမွမ်းမယ် ဆိုရင် ဒီအယူဝါဒမျိုးကို ကောင်းတယ် လို့ သတ်မှတ်ပါ။ ကျင့်သုံးကြည့်လို့မကောင်းကျိုးတွေလည်း ရမယ်၊ ပညာရှိ သူတော်ကောင်းတွေကလည်း ကဲ့ရဲ့မယ်ဆိုရင် ဒီအယူဝါဒမျိုးကို မကောင်းတဲ့အယူဝါဒလို့ သတ်မှတ်ပြီးပယ်ပါ။

ထိုအယူဝါဒဆယ်မျိုးကို အကျဉ်းချုပ်မှတ်နိုင်ရန်အမရပူရမြို့ ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ဖော်ပြပါခေါင်းစဉ်လေးဖြင့် ကဗျာဖွဲ့သီပြခဲ့သည်။

## ဘာသာအယူဝါဒစစ်တမ်း

ဘာသာဝါဒ၊ မတူကြ၍
လောကအတွင်း၊ ငြင်းခုန်ခြင်းဖြင့်၊
ဆင်းရဲဒုက္ခ၊ ရောက်ကုန်ကြ၏
ဝါဒအယူ၊ မှားနဲ့မူကား
ဆူဆူဗုဒ္ဓ၊ ကယ်မရသည့်

www.dhammaransi.com



လေးဝပါယ်ဘုံ၊ ဘေးတွေ့ကြုံလိမ့်၊
စေ့စုံဉာဏ်ဖြင့်၊ မြော်ထောက်ချင့်ကာ
တစ်ဆင့်ကြားသိ၊ မိရိုးဖလာ
ကောဠာဟလ၊ ကျမ်းစာမျှနှင့်
ကြံဆနည်းမှီ၊ ဆိုလျော်သုံးသပ်
ယူခြင်းထပ်၍၊ ယုံအပ်သူပဲ
ဆရာစွဲဖြင့်၊ လွဲပုံစိတ်ချ
မယူကြလင့်၊ ဒိဋ္ဌကျင့်ကြံ
ကိုယ်ပိုင်ဉာဏ်ဖြင့်၊ မှားမှန်ကောင်းဆိုး
သိအောင်ကြိုးဟု၊ မျိုးကာလာမ၊ ဟောညွှန်ပြ
ဝါဒအယူစစ်တမ်းပေ။

ထိုကဲ့သို့လွတ်လပ်စွာတွေးခေါ်ဝေဖန်ခွင့်ကို ဗုဒ္ဓဝါဒမှ တစ်ပါး ဘယ်ဝါဒမှာမှမရနိုင်ပေ။ ၂၆-၁၁-၀၂ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က ဘီဘီစီ အသံလွှင့်ဌာနမှ ထူးခြားသောသတင်းတစ်ခုကို ကြားလိုက်ရသည်။ အီရန်နိုင်ငံရှိသမိုင်းပါမောက္ခတစ်ယောက်သည် သူတို့နိုင်ငံက ကိုးကွယ်သည့်ဘာသာကို မျက်စိမှိတ်ပြီးရမ်းမယုံကြဘဲ ဝေဖန်ဆန်းစစ်သင့်ကြောင်း ဟောကြားမိသဖြင့် နိုင်ငံတော်တရားရုံးက သေဒဏ်ချမှတ်ခဲ့သည်။

တက္ကသိုလ်ကျောင်းသားများက ဆန့်ကျင်ဆန္ဒပြသဖြင့် သေဒဏ်ပေးခြင်းကို ပြန်လည်ဆန်းစစ်နေကြောင်းဟူ၍ ဖြစ်သည်။ ဤဖြစ်ရပ်ကိုကြည့်ပါ။ တခြားဘာသာသည် ဝေဖန်ဆန်းစစ်ခွင့်ပေးဖို့နေနေသာ သာ၊ဝေဖန်ဆန်းစစ်ကြည့်သင့်ကြောင်း ပြောကြားရုံနှင့်ပင်သေဒဏ်ပေးခဲ့သည်။ မြန်မာပြည်ရှိ ဗုဒ္ဓဘာသာအများစုသည် ဗုဒ္ဓဝါဒကို ဝေဖန်ဆန်းစစ်ခြင်းမရှိကြ မလေ့လာကြ။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်နေသော်လည်း ဗုဒ္ဓဘာသာအကြောင်းကို တကယ်မသိကြ။ တကယ်မသိသောကြောင့်လည်း ဗုဒ္ဓဘာသာကို တကယ်တန်ဖိုးမထားကြခြင်းဖြစ်၏။ ဗုဒ္ဓဘာသာကို တကယ်တန်ဖိုးမထားခြင်း၏ ရလာဒ်ကား ဘာသာခြားနှင့် အိမ်ထောင်ကျလျှင်၊

www.dhammaransi.com



ဘာသာခြားက စီးပွားလာဘ်လာဘနှင့်ဆွဲဆောင်လာလျှင်၊ ဗုဒ္ဓဘာသာကို လွယ်လွယ်နှင့် စွန့်ပစ်ပြီး ဘာသာခြားသို့ပြောင်းသွားကြခြင်းပင် ဖြစ်သည်။

## မြန်မာမျိုးမပျောက်စေဖို့

မြန်မာများသည်အမျိုးနှင့်ဘာသာ မကွယ်ပျောက်လိုလျှင် အစ္စလာမ်ဘာသာဝင်တို့၏နည်းကိုပင် ပြန်လည်အတုယူရမည်ဖြစ်သည်။ ကမ္ဘာတွင်ဗုဒ္ဓဘာသာမြန်မာလူမျိုးမပျောက်လိုလျှင် ယိုပေါက်ကြီးသုံးခုကို ပိတ်လိုက်ရမည်။

၁။ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာဆိုင်မှတစ်ပါး အခြားဘာသာဝင်များဆိုင်တွင်မဝယ်ရ။ အထူးအားဖြင့် အစွန်းရောက် ဘာသာခြားများ အရောင်းဆိုင်များတွင်မဝယ်ရ။

၂။ မြန်မာအမျိုးသမီးများသည် ဘာသာခြား အမျိုးသားများကို လုံးဝမယူရ။ (အစ္စလာမ်အမျိုးသမီးများအိမ်ပြင်မထွက်ရခြင်းမှာ တခြားဘာသာဝင်အမျိုးသားများနှင့် မရစေရန် ထိန်းချုပ်ထားခြင်းဖြစ်သည်)။

၃။ ဗုဒ္ဓဘာသာပြန်မာတိုင်းရင်းသူများကိုယူပြီး ဘာသာခြားထဲဆွဲသွင်းသူများကို ပြင်းထန်စွာအရေးယူသော မျိုးစောင့်ဥပဒေကြီးကို နိုင်ငံတော်အစိုးရက ဦးဆောင်လျက် တစ်မျိုးသားလုံး ညီညွတ်စွာ ရေးဆွဲပြီး ပြဋ္ဌာန်းပေးရမည်။

ဗမီရန်နိုင်ငံသူတစ်ယောက်ကိုယူပြီး အစ္စလာမ်ဘာသာ ထဲ မဝင်သည့် ဂျာမန်အမျိုးသားတစ်ယောက်ကို ဗမီရန်တရားရုံးက သေဒဏ် ပေးခဲ့သည်။ အမျိုးသမီးကိုလည်း ကြိမ်ဒဏ်အချက်တစ်ရာချမှတ်သည်။ အပြစ်တင်ဘွယ်မရှိပေ။ ဗမီရန်အမျိုးသားများသည် သူတို့အမျိုးနှင့်သူတို့ ဘာသာကို မျိုးစောင့်ဥပဒေဆွဲ၍ စောင့်ရှောက်ကြခြင်းဖြစ်၏။

မြန်မာအမျိုးသားများလည်း သူတို့အတုကိုယူပြီး ကိုယ့်အမျိုးကို စောင့်ရှောက်ရန်သာဖြစ်၏။ ယိုကဲ့သို့သော အချက်များကို သတိမထားမိသောကြောင့် တီသဘုရင်ကြီးကား ဘာသာခြားဖြစ်သွားလေပြီ။ သူ ဘာသာခြားဖြစ်သည်နှင့် ဟံသာဝတီတစ်ပြည်လုံး ဗုဒ္ဓဘာသာကို မကိုးကွယ်ရ၊ ဗြဟ္မဏဘာသာကို ကူးပြောင်းကိုးကွယ်ကြရမည်။

ယနေ့မှစ၍ ဗုဒ္ဓဆင်းတုတော်တွေ့ရသော မိသားစုကို သေဒဏ်

www.dhammaransi.com



ချမှတ်မည်ဟူသော ဥပဒေကို ချမှတ်လိုက်သည်။ ထို့ကြောင့် သေဘေးကို ကြောက်ကြရသော ဗုဒ္ဓဘာသာဝင်များမှာ ဆင်းတုတော်များကို စွန့်ပစ်ပြီး ဗြဟ္မဏဘာသာသို့ဝင်ကြရသည်။ ဟိဿဘုရင်ကြီးမှစ၍ ဟံသာဝတီ တစ်ပြည်လုံး ဗြဟ္မဏဘာသာဝင်ဖြစ်သွားကြသော်လည်း တလထော် အမည်ရှိ မိန်းမပျိုလေးတစ်ဦးကား ဗြဟ္မဏဘာသာသို့မဝင်ခဲ့ပေ။

ငယ်ရွယ်သူတစ်ယောက်ဖြစ်သောကြောင့် အများကသူ့ကို သတိမထားမိကြ။ တစ်နေ့ ထိုနေ့သည်ကား တရားရှင်မဟု အမိပ္ပါယ်ရသော တလထော်၏ ရတနာသုံးပါးအပေါ် အသက်နှင့်လဲပြီး ယုံကြည်သော အဝစ္စပသာဒသဒ္ဓါကိုပြက်ပြက်ထင်ထင် တွေ့မြင်ကြရသည်။

တလထော်နှင့် မိန်းမပေါ်များမြစ်ယံတွင် ရေချိုးနေစဉ် မြစ်ညာမှ ရွေ့ချထားသော ဗုဒ္ဓဆင်းတုတော်ရှစ်ဆူ မျောလာသည်ကို တွေ့သည်နှင့် တလထော်သည် မရမကလိုက်ဆယ်တော့သည်။ သူကိုယ်တိုင်ဆယ်ရုံပင်မက သူ့သူငယ်ချင်းမများကိုပါ လှမ်းပြောလိုက်သေး၏။

"သူငယ်ချင်းမတို့ ဗုဒ္ဓဆင်းတုတော်များကို ဝိုင်းကူဆယ်ပေးကြပါ"

"တလထော် မဆယ်ပါနဲ့။ သေဘေးနဲ့နီးလှပါတယ်။ ဟိဿဘုရင်ကြီးက ဗုဒ္ဓဆင်းတုတော်တွေကို ကိုးကွယ်ရင် သေဒဏ်ချမှတ်မယ်လို့ အမိန့်တော်ပြန်ထားဘယ်"

"သူငယ်ချင်းမတို့ ရဲရဲဝံ့ဝံ့ဆယ်သာဆယ်ပေးကြပါ။ ဗုဒ္ဓဆင်းတုတော်ကို ကိုးကွယ်လို့သတ်မယ်ဆိုရင် သတ်ပါစေ။ ဆယ်ခါပြန်ခံသရဲပါတယ်။ သူငယ်ချင်းမတို့ကို ဘာအမှုမှမပတ်စေရပါဘူး"

တလထော်၏ အာမခံမှုကြောင့် ဝိုင်းဆယ်ပေးကြရာ ဆင်းတုတော်ရှစ်ဆူလုံးကိုပင့်ဆောင်ရရှိ၏။ သေဘေးကိုကြောက်သဖြင့် ဗုဒ္ဓဘာသာဝင်အချို့မျှောလိုက်သော ဆင်းတုတော်များပေတည်း။ တလထော်ကား ဆင်းတုတော်များကို အားရဝမ်းသာပင့်လာပြီးလျှင် အမွေးနံ့သာများပက်ဖြန်း၍ သူမ၏အခန်းခေါင်းရင်းတွင် ကျောင်းဆောင်ဆောက်ကာ ကိုးကွယ်ထားလိုက်၏။

မင်းနားတစ်ထောင်ဟူသော စကားအတိုင်း ထိုသတင်း ဟိဿ

www.dhammaransi.com



ဘုရင်နားပေါက်ကြားလေသောအခါ အမျက်ဒေါသကြီးစွာထွက်၍ တလထော်ကို မသေမခြင်း ဆင်နင်း၍သတ်ရန် အမိန့်ချမှတ်လိုက်လေ၏။ နောက်လူများ ဗုဒ္ဓဘာသာကို ပြန်မကိုးကွယ်ရဲအောင် ရက်စက်ကြမ်းကြုတ်သောပြစ်ဒဏ်ကို ချမှတ်ခြင်းဖြစ်၏။

ဆိုင်ရာပုဂ္ဂိုလ်များက တလထော်ကိုသွားရောက်ဖမ်းယူပြီးလျှင် အာဏာသားများလက်သို့ အပ်လိုက်လေ၏။ တလထော်ကား ဆင်နင်း၍ အသတ်ခံရပေတော့မည်။ ရုပ်ရည်ချောမောလှပသလောက် အသက်အရွယ်နုနယ်ပျိုမျစ်လှသော တလထော်အတွက် ဆင်နင်း၍ သတ်ရန်ချမှတ်သောပြစ်ဒဏ်ကား မတန်တဆကြီးမားလွန်းလှပါ၏။

စာဖတ်သူများအနေဖြင့် သေဒဏ်ကျသူများကို လည်ပင်းဖြတ်သတ်ခြင်း၊ မင်းမျိုးဖြစ်လျှင် မင်းသွေးမြေမကျကောင်းသောကြောင့် လည်မျိုကိုတုတ်တိုနှင့် ရိုက်သတ်ပြီး ကတ္တီပါအိတ်တွင်းထည့်၍ ရေနှစ်သတ်ခြင်း၊ ကြိုးစင်ဖြင့်သတ်ခြင်း၊ လျှပ်စစ်ကုလားထိုင်ဖြင့် သတ်ခြင်းတို့ကို ကြားဖူး ဖတ်ဖူးကြမည်ဖြစ်သော်လည်း ဆင်ဖြင့်သတ်ခြင်းကိုကား ကြားဖူး ဖတ်ဖူးသူနည်းမည်ထင်သောကြောင့် ဆင်ဖြင့် သတ်သောပြစ်ရပ်တစ်ခုကို မြန်မာ့သမိုင်းမှ ထုတ်နှုတ်တင်ပြပါမည်။

## အာဏာပါးကွက်သားဆင်

ပုဂံမင်းဆက်တစ်ခုဖြစ်သော ဥဇနာမင်းလက်ထက်တွင် ဖြစ်၏။ ကိုမင်းတွင် ဖအေတူမအေကွဲသားနှစ်ယောက်ရှိ၏။ အကြီးကိုသိဟသူဟုခေါ်၍ အငယ်ကို နရသိဟပတေ့ဟုခေါ်၏။ သိဟသူသည် အိမ်ရှေ့မင်းဖြစ်၍ ဘုရင်ပြီးလျှင် ရာထူးအကြီးဆုံးပေတည်း။

ထို့ကြောင့် ဂါရဝနိဝါတမရှိ၊ မောက်မာရိုင်းပြ၏၊ မာနကြီး၏၊ တစ်နေ့မင်းညီလာခံစဲ၍ သိဟသူလှည့်အပြန်တွင် လမ်းပေါ်၌အမတ်ချုပ်ကြီးရာဇသင်္ကြန်၏လက်မှဝတ်ထားသောအင်္ကျီအပိုစကြီးသည် ရောက်နေ၏။ ဘုရင်ကိုအာရုံစိုက်နေမိသဖြင့် ဖယ်မပေးမိ။ သိဟသူကား ရိုင်းစိုင်းသူပီပီ သူသွားမည့်လမ်းကို ဖယ်မပေးရကောင်းလားဟု ဒေါသဖြစ်ကာ ရာဇသင်္ကြန်၏ လက်အင်္ကျီစပေါ်ကွမ်းတံထွေးထွေးချလိုက်၏။

မပြောပလောက်သော ဤအပြုအမူ၏ တန်ပြန်သက်ရောက်မှုသည် သူ့အသက်ကိုပင် ရန်ရှာလာနိုင်သည်ဆိုသည်ကို သိဟသူ

www.dhammaransi.com



တစ်ယောက် သတိမထားနိုင်ခဲ့။ သေချာဝေဖန်ကြည့်လျှင် အရိုအသေပေးသူ ရှိခိုးသူနှင့်အရိုအသေခံသူ၊ အရှိခိုးခံသူနှစ်ဦးတို့တွင်. . .

အဘိဝါဒန သီလိဿ၊
နိစ္စံ ဝဍ္ဍာ ပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု၊ ဝဏ္ဏော၊ သုခံ ဗလံ။

ဟူသော အဋ္ဌာနာဠ်ိယသုတ်ပရိတ်နှင့်အညီ အရှိခိုးခံသူ၊ အရိုအသေခံသူကား ဘာမျှရ၍မသွား။ ရှိခိုးသောသူ အရိုအသေပြုသောသူသာလျှင် ဖြစ်ရာဘဝတွင် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများခြင်း၊ ခွန်အားဗလကြီးခြင်းဟူသော အကျိုးလေးမျိုးကို ခံစားရသည်။

အရှိခိုးခံရသူ၊ အရိုအသေပြုခံရသူကား ဘာမျှမရသည့်အပြင် အရှိခိုးခံထိုက်သည့် သီလ၊ သမာဓိ၊ ပညာမရှိခဲ့လျှင် အပါယ်ငရဲသို့ပင် ဆင်းလိုက်ရသေး၏။ သီဟသူကား ထိုအသိမျိုးမရှိ၊ ရှိခိုးလိုက်လျှင် အရိုအသေပြုလိုက်လျှင် အောက်ကျသွားမည်၊ သေးသိမ်သွားမည်၊ မိမိဂုဏ်သိက္ခာတွေကုန်သွားမည်ဟုထင်နေ၏။

ထို့ကြောင့် မိမိအဖိုးအရွယ်ရှိသော ရာဇသင်္ကြံကို အရိုအသေမပြုနိုင်ခြင်းဖြစ်၏။ ရာဇသင်္ကြံနံကား ကွမ်းတံတွေး အထွေးခံရသော အကျိုကိုမလျှော်မဖွတ်ဘဲသိမ်းထား၏။ တစ်ချိန်တွင် ဥဇနာမင်းနတ်ရွာစံ၍ သီဟသူ နန်းတက်၏၊ ထိုအချိန်တွင် နရသီဟပတေ့က သူ့ကိုမင်းဖြစ်အောင် အကျိုးဆောင်ပါ၊ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်ဟူ၍ ချဉ်းကပ်လာသောအခါ ရာဇသင်္ကြံက လွယ်ကူစွာ ခေါင်းငြိမ့်လိုက်ပြီ။

ကွမ်းတံတွေးအထွေးခံရသော အကျိုကိုပြ၍ စည်းရုံးလိုက်သည်နှင့် စစ်တပ်သည် ရာဇသင်္ကြံဖက်ပါသွား၏။

စစ်တပ်ကိုစည်းရုံးပြီးသည်နှင့် သီဟသူထံ တောထဲတွင် ဆင်ဖြူတော်ပေါ်ကြောင်းလိမ်ညာလျှောက်တင်ခိုင်းလိုက်၏။ သီဟသူကား ရာဇသင်္ကြံ၏ ပရိယာယ်ကိုမသိသဖြင့် ကိုယ်ရံတော်အနည်းငယ်ဖြင့် ဆင်ဖမ်းရန် တောတွင်းသို့ထွက်လာခဲ့သည်။ သီဟသူကား ရာဇသင်္ကြံ၏ လက်တွင်းသို့ သက်ဆင်းရလေပြီ။

www.dhammaransi.com



သီဟသူကား သေဘေးကိုကြောက်လှသဖြင့် ယိုးနန်းကိုစွန့်ပါမည်။ သူ့ဆင်းရဲတစ်ယောက်အနေဖြင့် အသက်ရှင်ခွင့်တောင်းခံသည်ကိုပင် ရာဇသင်္ကြိုက ခွင့်မပြုနိုင်။ မာနရှင် သီဟသူထွေးထားသော ကွမ်းတံတွေးပေးနေသည့် အကျိုကို ထုတ်ပြလိုက်သည်နှင့် အာဃာတ (ဒေါသ) သခင် ရာဇသင်္ကြိုကား ဘယ်လိုမှချမ်းသာပေးမည်မဟုတ်သည်ကို သီဟသူတစ်ယောက် ကောင်းကောင်းသိသွားလေပြီ။

## မာနနှင့်ဒေါသ၏ဆိုးကျိုး

မာနကိုလက်ခံမိသူ သီဟသူသည် သေခြင်းဆိုးဘေးနှင့်ကြုံရပြီး ဒေါသကိုလက်ခံမိသူ ရာဇသင်္ကြိုကား ငရဲကျမည့်ဘေးနှင့်ကြုံရမည်ဖြစ်၏။ ကောင်းကျိုးကား တစ်ခုမှမရှိ။ အဘယ်ကြောင့်နည်း။ မာနနှင့်ဒေါသသည် အကုသိုလ်စေတသိက်များဖြစ်၏။ အကုသိုလ်မှန်သမျှ မကောင်းကျိုးကိုသာ ပေးတတ်သောကြောင့်ပေတည်း။

ကြောက်လန့်တကြား အော်ဟစ်နေသော သီဟသူကို ရာဇဝတ်သားများအား စနစ်တကျသတ်ဖြတ်တတ်ရန် လေ့ကျင့်ပေးထားသော အာဏာပါးကွက်သားဆင်ကြီးသည် နှာခမောင်းဖြင့်ပတ်၍ ယူလိုက်ကာ မြေပေါ်တွင် ပက်လက်လှန်ချလိုက်၏။ ပြီးလျှင် သီဟသူ၏ ရင်ဘတ်ပေါ်ကို သူ့လက်တစ်ဖက်ဖြင့် မလှုပ်နိုင်အောင်ဖိထားပြီးလျှင် လက်မောင်းတစ်ခုလုံးကို ဦးစွာဆွဲဖြုတ်လိုက်၏။

မချိမဆန့်အော်လိုက်သော သီဟသူ၏အသံကား တောကြီးအတွင်းပဲ့တင်ထပ်သွား၏။ ဆင်ကြီးကား တစ်ချက်မတွန့်။ ကျန်ရှိနေသေးသည့် သီဟသူ၏လက်တစ်ချောင်းနှင့် ခြေနှစ်ချောင်းကိုပါ ဆက်၍ ဖြုတ်ပစ်၏။ လက်ခြေများကုန်သွားပြီဆိုသောအခါကျမှ သီဟသူ၏ ဦးခေါင်းကိုပါဆွဲဖြုတ်ပစ်၏။ ပြီးလျှင် ခြေလက်ခေါင်းမရှိတော့သော ခန္ဓာကိုယ်ကြီးကို စိစိညက်ညက်ကြေအောင်နင်းခြေပစ်လိုက်၏။ ဤကား အာဏာသားဆင်၏ သတ်နည်းပါတည်း။

ယခုတလထော်ကိုလည်း ထိုနည်းအတိုင်းပင် သတ်မည်ဖြစ်၏။ မြေပြင်ပေါ်တွင် ပက်လက်ကလေးဖြစ်နေသော တလထော်ကား

www.dhammaransi.com



သရဏဂုံသုံးပါးမှ တစ်ပါး ဘာမှအားကိုးစရာမရှိတော့သည့်အတွက် လက်အုပ်ချီကာ သရဏဂုံ သုံးပါးကိုသာလျှင် ရွတ်ဆိုဆောက်တည်နေတော့သည်။ အချိန်ကျသည်နှင့် အာဏာသားဆင်ကြမ်းကြီးသည် တလထော်ယံတစ်လှမ်းခြင်း ချဉ်းကပ်လာလေပြီ။ မင်းအာဏာကြောင့် လာကြည့်ကြရသော ပြည်သူပြည်သားများမှာကား တလထော်ကို သနားလွန်းသဖြင့် မကြည့်ရက်ကြ တစ်ချို့မျက်စေ့ကို မှိတ်လိုက်ကြ၏။

တစ်ချို့မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်ကြ၏။ သို့သော် ဘာသာခြားဖြစ်သွားပြီဖြစ်သော တိဿဘုရင်နှင့် မှူးမတ်များကား ကျေနပ်အားရသောမျက်လုံးများဖြင့်ကြည့်နေကြ၏။ တလထော်နားရောက်သည်နှင့် ဆင်ကြမ်းကြီးကား ဘာမှမလုပ်နိုင်တော့ဘဲ အသံနက်ကြီးဖြင့် အော်ကာထွက်ပြေးတော့၏။ ပြည်သူများစိတ်ချမ်းသာသွားသလောက် တိဿဘုရင်ကား အလွန်ဒေါသထွက်သွား၏။

"မောင်မင်းတို့ဟာ လူကြောက်တတ်တဲ့ဆင်ကို ခေါ်လာကြတယ်။ သွား နောက်ထပ် ဒီထက်ဆိုးတဲ့ဆင်ကြမ်းတစ်ကောင်ခေါ်လာခဲ့"

တိဿဘုရင်ကား ဆင်ကြီးသရဏဂုံကြောင့် ထွက်ပြေးသည်ကို မသိ။ ထို့ကြောင့် အထက်ပါအတိုင်းပြောဆိုနေခြင်းဖြစ်၏။ နောက်ထပ်ဆင်ကြမ်းကြီးတစ်ကောင်ဝင်လာပြန်၏။ သို့သော် သရဏဂုံဆောက်တည်နေသော တလထော်နား ရောက်သည်နှင့် အသံနက်ကြီးနှင့် အော်ကာထွက်ပြေးပြန်လေ၏။ သို့နှင့် တင်းကုပ်ထဲမှဆင်များသာကုန်သွားသည်၊ တလထော်ကို နင်းသတ်ရဲသောဆင်ကား တစ်ကောင်မှ မရှိ။

တိဿဘုရင်နှင့်မှူးမတ်များ မတွေးတတ်အောင်ဖြစ်သွား၏။ ဗြဟ္မဏအမတ်များကား တလထော်ကိုမသေသေအောင်သတ်ဖို့အရေးကြီးနေကြ၏။ ထို့ကြောင့် တိဿဘုရင်ကိုကပ်၍ လျှောက်တင်ကြပြန်၏။

"အရှင်မင်းကြီး တလထော်ကိုဆင်မနင်းရဲတာအမှန်ပါ။ ဆင်ဟာဘာ့ကြောင့်မနင်းရဲတာလဲဆိုရင် တလထော်ဟာစုန်းမ တစ်ယောက်ဖြစ်နေလို့ပါဘဲ အရှင်မင်းကြီး"

"ဒါဆိုရင် ဘယ်လိုသေအောင်သတ်ကြမလဲ"

"မှန်ပါ။ စုန်းမဆိုရင် အရှင်လတ်လတ်မီးရှို့သတ်ရကြောင်းပါ"

www.dhammaransi.com



"ကဲ ဒါဆိုရင် စုန်းမဖြစ်တဲ့ တလထော်ကို မသေမခြင်း မီးရှို့စေ"

မင်းကြီး၏ အမိန့်တော်အဆုံးမှာပင် အာဏာသားများက လောင်စာထင်းများကို အပုံကြီးဖြစ်နေအောင်စီကြ၏။ ထင်းခြောက်ပုံကြီးထဲတွင် လောင်လွယ်သောလောင်စာများကို အသင့်ထည့်ထား၏။ ပြီးလျှင် သရဏဂုံကို ရွတ်ဆိုဆောက်တည်နေသော တလထော်ကို ထင်းပုံပေါ်တင်လိုက်ကြ၏။ ထင်းပုံကြီးကို မီးရှို့ကြလေပြီ။ တလထော်ကား သရဏဂုံကိုသာ တွင်တွင်ရွတ်ဖတ်သရဇ္ဈာယ်နေ၏။ သရဏဂုံအစွမ်းကား အံ့မခန်းပါဘကား။ ထင်းပုံကြီးကား ဘယ်လိုမှမီးရှို့၍မရ၊ နည်းမျိုးစုံဖြင့် ကြိုးစားရှို့သော်လည်း ထင်းပုံကြီးကား မီးလောင်ခြင်းမရှိ၊ တိဿဘုရင်နှင့် အမတ်ကြီးများ ဦးနှောက်ခြောက်ကြရပြန်၏။

တိဿဘုရင်ကား စိတ်မရှည်တော့။ နောက်ဆုံးအမိန့်တစ်ခုကို ထုတ်ပြန်လိုက်၏။

"ဒီလောက်အသက်ပြင်းတဲ့ တလထော်ကိုအပြီးတိုင်မြေဖို့သတ်စေ"

မြေကျင်းကြီးတူးပြီးတလထော်ကို တွင်းထဲချလိုက်ကြသည်။ မြေများ ဖို့ခါနီးဆဲဆဲတွင် တွင်းနှုတ်ခမ်းသို့ တိဿဘုရင်ရောက်လာ၏။ ကျင်းထဲမှ တလထော်ကို သေချာလှမ်းကြည့်ရင်း အံ့ဩစိတ်၊ သနားစိတ်၊ လေးစားစိတ်များ အစီအရီဝင်လာကြ၏။ အံ့ဩသည်မှာ သူတို့ တစ်တွေက သူမကိုမသေသေအောင်နည်းမျိုးစုံဖြင့် သတ်နေကြသော်လည်း ထိတ်လန့်တုန်လှုပ်သောမျက်နှာကို မတွေ့ရခြင်းဖြစ်၏။

သူကြည်ညိုရာ ကိုးကွယ်တာကို ငါတို့က မတရားသဖြင့် အနိုင်ကျင့်နေတာပါလားဟု တွေးမိသဖြင့် သနားစိတ်ပေါ်လာရခြင်းဖြစ်၏။ ရတနာသုံးပါးကို ထက်ထက်သန်သန်ကြည်ညိုလို့သာ သတ်လို့မရတာ ထင်တယ်ဟု တွေးမိသောကြောင့် လေးစားကြည်ညိုစိတ်များ ပေါ်လာခြင်းဖြစ်၏။ ထို့ကြောင့်ပင် သူ့နှုတ်မှ မထင်မှတ်သောစကားလုံးများ ထွက်ကျသွား၏။

"တလထော် သင့်အိမ်မှာ သင်ကိုးကွယ်ထားတဲ့ ဗုဒ္ဓဆင်းတုတော်ရှစ်ဆူရှိတယ်လို့သိရတယ်၊ အဲဒီဆင်းတုတော်တွေဟာ သက်တော်ထင်ရှားဘုရားများကဲ့သို့ ကောင်းကင်ခရီးကစျာန်ယာဉ်စီးပြီး ဇီနန်းဇေတ်

www.dhammaransi.com


ထဲကြွလာအောင်ပင့်ဆောင်ပေးနိုင်မယ်ဆိုရင် သင့်ကိုသေဒဏ်ကလွှတ်မယ်၊ ငါနဲ့တကွ တိုင်းသူပြည်သားအားလုံး ဗုဒ္ဓဘာသာကိုပြန်ဝင်ကြမယ်"

မထင်မှတ်သောစကားသံကို ကြားလိုက်ရသည်နှင့် တလထော်သည် မြေတွင်းထက်သို့ တည်တည်ငြိမ်ငြိမ် မော့ကြည့်လိုက်၏။ တိဿဘုရင်နှင့် တလထော်တို့ အကြည့်ခြင်းဆုံသွားကြ၏။ ရေနစ်နေသူအဖို့ ကောက်ရိုးတစ်မျှင်သည်ပင် ဆွဲကိုင်ရာဖြစ်သကဲ့သို့ အသက်ရှင်ဖို့ရာ လမ်းမမြင်တော့သောသူမအတွက် ယခုပေးလိုက်သော အခွင့်အရေးသည်ပင် ဆွဲကိုင်အားကိုးစရာဖြစ်နေ၏။

ထို့ကြောင့် "အရှင်မင်းကြီး မင်းမှာသစ္စာ လူမှာကတိဆိုတဲ့စကားအတိုင်း အရှင်မင်းကြီးဆိုခဲ့တဲ့ သစ္စာစကားမှာသာ မှန်ကန်စွာတည်ပါစေ၊ ကျွန်တော်မျိုးမ ဗုဒ္ဓဆင်းတုတော်များကို ကြွလာအောင်ပင့်ပေးပါ့မယ်"

ဟုလျှောက်ထားဖြစ်အောင် လျှောက်ထားမိလိုက်သေး၏။ တိဿဘုရင်က ခေါင်းတစ်ချက်ငြိမ့်လိုက်ပြီး သူ့စကားကိုထပ်မံအတည်ပြုလိုက်၏။ တလထော်ကား လက်အုပ်လေးချီကာ သစ္စာပြုလေပြီ။

**"ဗုဒ္ဓဂုဏော အနန္တော**

**ဓမ္မဂုဏော အနန္တော**

**သံဃာဂုဏော အနန္တော**

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ ဂုဏ်တော်၊ ကျေးဇူးတော်၊ တန်ခိုးတော်တို့သည် မရေတွက်၊ မနှိုင်းယှဉ်နိုင်အောင် များပြားကြီးကျယ်လှပါသည်။ ဟံသာဝတီတစ်ပြည်လုံး ရတနာသုံးပါးကို စွန့်သော်လည်း တပည့်တော်မက မစွန့်ဘဲအသက်နဲ့လဲပြီး ကိုးကွယ်ဆည်းကပ်ခဲ့ပါသည်။ ဤသစ္စာစကားသည် မှန်ကန်ပါ၏။"

"ဤမှန်ကန်သော သစ္စာ၏ အာနုဘော်ကြောင့်လည်းကောင်း၊ ရတနာသုံးပါး၏ တန်ခိုးတေဇော်အာနုဘော်ကြောင့်လည်းကောင်း၊ တပည့်တော်မအိမ်မှာ ကိုးကွယ်ထားသော ဗုဒ္ဓဆင်းတုတော်ရှစ်ဆူတို့သည် ကောင်းကင်ခရီးက ဈာန်ယာဉ်စီးပြီး ကြွလာပါစေသား မြတ်စွာဘုရား။"

www.dhammaransi.com



## ကောင်းကင်မှကြွလာသောဆင်းတုများ

တလယော်၏သစ္စာစကားအဆုံးမှာပင် ဗုဒ္ဓဆင်းတုတော်ရှစ်ဆူတို့သည် သက်တော်ထင်ရှားဘုရားများကဲ့သို့ ကောင်းကင်ခရီးက ရှာန်ယာဉ်စီးပြီးကြွလာလေပြီ။ တလတော်သစ္စာပြုပင့်လိုက်ကာ ဗုဒ္ဓဆင်းတုတော်တွေ ကောင်းကင်ကကြွလာသတဲ့ဟူသော သတင်းသည် ဟံသာဝတီ တစ်ပြည်လုံးပြန့်နှံ့သွားကာ ပြည်သူပြည်သားများ အုတ်အော်သောင်းတင်း ဘုရားလာဖူးကြသည်မှာ နန်းတော်အဝင်း လူတွေပြည့်ညပ်သွားတော့၏။

နေရောင်တွင် ဆင်းတုတော်များ၏ ရွှေရောင်များဟပ်လျှက် တဝင်းဝင်းကြွလာသော ဆင်းတုတော်များကို မော်ဖူးရင်းဖြင့် တိဿဘုရင်ကြီး၏ မျက်လုံးအိမ်မှ နောင်တမျက်ရည်တို့ စီးကျနေသလို၊ ကျင်းထဲမှ တလတော်၏ မျက်လုံးအိမ်မှလည်း ငါ့ရဲ့သစ္စာတန်ခိုးကြောင့် တစ်ပြည်လုံး ဗုဒ္ဓဘာသာပြန်ဖြစ်ရတော့မယ်ဟူသော ပီတိမျက်ရည်တို့ကလည်း တလိမ့်ခြင်းစီးကျလာကြ၏။

ဗုဒ္ဓဆင်းတုတော်များ အသင့်ပြင်ထားသော ပလ္လင်ထက်တွင် ကိန်းဝပ်စံပယ်အပူဇော်ခံနေချိန်တွင် တိဿဘုရင်နှင့် တလတော် ဦးဆောင်သော ဟံသာဝတီပြည်သားများသည်လည်း ပလ္လင်ရှေ့တွင် အသီးအသီး နေရာယူပြီးကြလေပြီ။ ဗုဒ္ဓအယူဝါဒကို မယူလိုသော အမတ်များကိုကား တိုင်းပြည်မှအပြီးအပိုင်နှင်ထုတ်လိုက်ကြ၏။

ပြည်သူပြည်သားများစုံညီသည်နှင့် တလတော်က ရှေ့မှဦးဆောင်ပြီး သေသည်အထိမပျက်တမ်းတည်မည့် ရာသက်ပန်သရဏဂုံကို တစ်ပြိုင်နက်ဆောက်တည်ကြ၏။

**ဇီဝိတ ပရိယန္တိကံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ**

**ဇီဝိတ ပရိယန္တိကံ ဓမ္မံသရဏံ ဂစ္ဆာမိ**

**ဇီဝိတ ပရိယန္တိကံ သံဃံသရဏံ ဂစ္ဆာမိ**

အသက်ဆုံးသည်တိုင်အောင် ဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အသက်ဆုံးသည့်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အသက်ဆုံးသည့်တိုင်အောင် သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

www.dhammaransi.com



ဟံသာဝတီတစ်ပြည်လုံးကား တလယော်၏ ကျေးဇူးကြောင့် ဗုဒ္ဓဘာသာဖြစ်ရလေပြီ။ တိဿမင်းကြီးသည် သူ၏အဖြစ်ကို တလထော်ထံ ကျေနပ်လောက်သည်အထိ ဝန်ချတောင်းပန်၏။ သူတော်ကောင်းမလေးပိပိ တလယော်ကလည်း ကြည်ဖြူစွာ ခွင့်လွှတ်၏။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးအပေါ် အသက်နှင့်လဲပြီး ကြည်ညိုသော တလထော်၏ သဒ္ဓါဓါတ်ကို ဂုဏ်ပြုသည့်အနေဖြင့် တိဿမင်းကြီးက တလထော်ကို ဘဒြာဒေဝီဟူသောဘွဲ့မည်ဖြင့် မိဖုရားခေါင်ကြီးအဖြစ် မြှောက်စား၏။

မိဖုရားခေါင်ကြီးဖြစ်လာသော တလထော်သည် သာသနာကို အားရပါးရပြုခွင့်ရသွား၏။ ဟံသဝတီနယ်တစ်ဝိုက်တွင် ကျောင်းကန်ဘုရားများ များပြားစွာတည်ထောင်ပေးခဲ့၏။ ထိုအချိန်အခါက ဟံသာဝတီ နေပြည်တော်တွင် သာသနာရောင် ဝင်းဝင်းပြောင်နေခဲ့မည်မှာ သေချာ၏။ နှစ်ပေါင်းတစ်ဒထောင်ကျော်ကြာခဲ့ပြီဖြစ်သော ယခုအချိန်တွင်ကား ကျောင်းကန်ဘုရားများသည် မြေကြီးထဲရောက်သွားကြလေပြီ။

ပဲခူးမြို့ ရွှေသာလျောင်းဘုရားကြီး ဝင်ဝင်ခြင်း ညာဘက်တွင် ဘုရားဖူးများတည်းခိုရန် တန်ဆောင်းတစ်ခုရှိ၏။ ထိုတန်ဆောင်းကို ပေးထားသောအမည်ကား တလထော်။ ပဲခူးနယ်တွင် မည်သူတည်သည် မသိရသော မြသာလျောင်းအမည်ရှိသော ဆင်းတုတော်ကြီးတစ်ခုကို လည်း တွေ့ရှိနေပြန်၏။ ပဲခူးမြို့ မြေကြီးအတွင်းမှထွက်ပေါ် အပူဇော်ခံလာသော ရွှေသာလျောင်း၊ စိန်သာလျောင်း၊ မြသာလျောင်း ရုပ်ပွားတော်ကြီးများ၏ ဘုရားအမသည် တလထော်မဖြစ်နိုင်ဟု မည်သူပြောနိုင်မည်နည်း။

"ထိုအချိန်က ဟံသာဝတီနေပြည်တော်၏ အဝန်းအဝိုင်းအတွင်း မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း သုံးခုလုံးပါဝင်နေ၏။ ထိုအချိန်ကသာ ဗုဒ္ဓဘာသာပျောက်သွားခဲ့လျှင် ပုဂံကအနော်ရထာဘုရင်သည်လည်း မြန်မာတို့လက်တွင်းသို့ ဗုဒ္ဓဘာသာကို လက်ဆင့်ကမ်းနိုင်တော့မည် မဟုတ်ပေ။ ထို့ကြောင့် မြန်မာပြည်သားအားလုံး ဗုဒ္ဓဘာသာဖြစ်ရခြင်း၏ ပထမ ကျေးဇူးရှင်သည် တလထော်ဖြစ်ပြီး ဒုတိယကျေးဇူးရှင်သည် အနော်ရထာပင်ဖြစ်၏။

www.dhammaransi.com


ဤကား လူပုဂ္ဂိုလ်အနေဖြင့် ပြောခြင်းဖြစ်၏။ ရဟန်းပုဂ္ဂိုလ်အနေဖြင့်ကား အိန္ဒိယတောင်ပိုင်းသားဖြစ်သော အရှင်သောဏနှင့် အရှင်ဥတ္တရသည် ပထမကျေးဇူးရှင်ဖြစ်ပြီး ပွန်ပြည်နယ်မှ အရှင်ဝမ္မဒဿီခေါ် ရှင်အရဟံသည် ဒုတိယကျေးဇူးရှင်ဟုဆိုထိုက်၏။

**ကံအကျိုးပေးကိုဆန်းစစ်ခြင်း**

**ယာဒိသံ ဝပ္ပတေ ဗီဇံ၊**
**တာဒိသံ ဟရတေ ဖလံ။**
**ကလျာဏကာရီ ကလျာဏံ၊**
**ပါပကာရီ စ ပါပကံ။**

ချိုသောမျိုးစေ့ကို စိုက်ပျိုးအံ့၊ ချိုသော အသီးကိုရ၏။
ခါးသောမျိုးစေ့ကို စိုက်ပျိုးအံ့၊ ခါးသော အသီးကိုရ၏။
ထို့အတူ ကောင်းမှုကိုပြုအံ့၊ ကောင်းသောအကျိုးကို ခံစားရ၏၊ မကောင်းသောအမှုကိုပြုအံ့၊ မကောင်းသော အကျိုးကိုခံစားရ၏။

ဤဗုဒ္ဓ၏အဆုံးအမလေးသည် ဗုဒ္ဓဘာသာဝင်အားလုံး၏ ရင်ထဲတွင် ကိန်းဝပ်ပြီးသားဖြစ်၏။ ထို့ကြောင့် တလထော်သည် ရတနာသုံးပါးကိုဆည်းကပ်ကြည်ညို၏။ ထိုသို့ကြည်ညိုခြင်းသည် ကုသိုလ်ဖြစ်၏။ ကုသိုလ်ဖြစ်လျှင် ကောင်းကျိုးကိုသာ ပေးသင့်၏။ ယခုသော်ကား ဆင်နင်းခိုင်းခံရခြင်း၊ မီးရှို့ခံရခြင်းစသော မကောင်းကျိုးများကို ခံစားနေရ၏။ အထက်ပါဗုဒ္ဓအဆုံးအမနှင့် မဆန့်ကျင်ပါသလောဟု မေးဘွယ်ရှိ၏။ အဖြေကား မဆန့်ကျင်ပါ။

တလထော်နည်းတူ ကောင်းမှုကုသိုလ်တွေ တရစပ်လုပ်နေသည့်ကြားက ရုတ်တရက်မွဲသွားသော အနာထပိဏ်သူဌေးကြီးအကြောင်းကို ထုတ်ပြပါဦးမည်။ ဖြစ်ရပ်နှစ်ခုလုံးပြပြီးမှ အဖြေကိုရေးမည်။ အနာထပိဏ် သူဌေးကြီးသည် (၅၄) ကုဋေအကုန်ခံပြီး ဇေတဝန်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည့်အပြင် နေ့စဉ်သံဃာနှစ်ထောင် အိမ်မှာဆွမ်းကျွေး၏။ ထိုမျှကုသိုလ်တရားတွေလုပ်နေသည့်ကြားက အကုသိုလ်ဆိုးကျိုးတွေဒဏ်ကို အနာထပိဏ်သူဌေးကြီးအလူးအလဲခံရသည်။

အပေါင်းအသင်းများထံချေးထားသော (၁၈)ကုဋေသော ငွေများကိုလည်း ပြန်မရတော့။ ထို့ပြင် မြေတွင်မြှုပ်ထားသော (၁၈)ကုဋေသော ငွေများကလည်း ရေတိုက်စားပြီး မြစ်ထဲပါသွားသည်။ သောတာပန်အရိယာ ဖြစ်သောကြောင့် ဥစ္စာနည်းပါးသွားသော်လည်း သဒ္ဓါတရားကား လျော့ပါးမှုမရှိ။ ပင့်ထားသော သံဃာနှစ်ပါးကို တတ်နိုင်သော နည်းဖြင့် ဆွမ်းဆက်ကျွေးလျက်သာရှိ၏။

သို့သော် ဆွမ်းဟင်းကောင်းကောင်းကား မကျွေးနိုင်တော့။ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းသာ ကျွေးနိုင်တော့သည်။ ဤပူလောကဝါနပြုနေသော သူဌေးကြီးဘာ့ကြောင့် ဆင်းရဲသွားရသနည်း။ ရတနာသုံးပါးကို အသက်နှင့်လဲပြီး ကြည်ညိုနေပါလျက် တလထော်သည် အဘယ့်ကြောင့် စိတ်ဆင်းရဲစရာများနှင့် ကြုံရသနည်းဟူသော မေးခွန်းနှင့်အတူတူပင်ဖြစ်၏။ ဓမ္မပဒအဋ္ဌကထာ၌ ဗုဒ္ဓက တိတိကျကျ ဖြေထား၏။

**ဘဒြောပိ ပဿတိ ပါပံ၊**
**ယာဝ ဘဒြံ န ပစ္စတိ၊**
**ယဒါ စ ပစ္စတိ ဘဒြံ၊**
**အထ ဘဒြော ဘဒြာနိ ပဿတိ။**

လူတစ်ယောက်သည် ကောင်းမှုကုသိုလ်ပြုလုပ်ထား၏။ သူပြုလုပ်ထားသော ကုသိုလ်ကံသည် အကျိုးပေးချိန်မကျသေးလျှင် မကောင်းသော အကျိုးကို တွေ့ကြုံခံစားရ၏။ သူပြုထားသော ကုသိုလ်ကံ အကျိုးပေးချိန် ရောက်လာလျှင်ကား၊ ကောင်းမှုပြုထားသောသူသည် ကောင်းသောအကျိုးကိုသာ တွေ့ကြုံခံစားရတော့၏။

ဗုဒ္ဓ၏ အဖြေသည် ရှင်းလင်းပြတ်သားလှပါ၏။ တလထော်နှင့် အနာတပိဏ်တို့သည် ကောင်းမှုပြုထားကြသော်လည်း မကောင်းကျိုးများကို တွေ့ကြရသည်မှာ သူတို့ပြုထားသော ကောင်းမှုများက အကျိုးပေးချိန် မကျသေးသောကြောင့်ပင် ဖြစ်၏။ ထိုအချိန်တွင် အတိတ်က ပြုထားမိသော အကုသိုလ်ကံများက အရင်ဝင်ပြီး မကောင်းကျိုးပေးလိုက်သော ကြောင့် ဒုက္ခရောက်ကြရခြင်းဖြစ်၏။

www.dhammaransi.com



ကုသိုလ်ပြုသည်ဖြစ်စေ၊ အကုသိုလ်ပြုသည်ဖြစ်စေ၊ ကောင်းကျိုးဆိုးကျိုးပေးမည့်ဇောစေတနာ (၇)ချက်ဖြစ်၏။ ထို(၇)ချက်တွင် ပထမဇောစေတနာသည် ယခုဘဝအကျိုးပေး၏။ ဒိဋ္ဌဓမ္မဝေဒနီယကံဟု ခေါ်၏။ သတ္တမဇောစေတနာသည် ဒုတိယဘဝ (နောက်ဘဝ)အကျိုးပေး၏။ ဥပပဇ္ဇဝေဒနီယကံ ဟုခေါ်၏။ အလယ်ဇောငါးချက် စေတနာသည် တတိယဘဝမှစ၍ နိဗ္ဗာန်မရောက်မခြင်းလိုက်၍ အကျိုးပေး၏။ အပရာပရိယ ဝေဒနီယကံဟုခေါ်၏။

တလထော်နှင့် အနာထပိဏ်တို့ကောင်းမှုလုပ်နေသည့် ကြားထဲတွင် မကောင်းကျိုးကို ခံစားရသည်မှာ ယခုလုပ်နေသည့် ကုသိုလ်က အကျိုးပေးခွင့်မရမီ အတိတ်ကပြုခဲ့သော အလယ်ဇော (၅)ချက် အကုသိုလ် စေတနာကဝင်ပြီး အကျိုးပေးသွားခြင်းဖြစ်၏။ ဇောစေတနာ (၇)မျိုးတွင် ပထမဇောစေတနာနှင့် သတ္တမဇောစေတနာသည် အကျိုးပေးခွင့်မရဘဲ ပျက်သွားသောအခါများရှိ၏။ ထိုသို့အကျိုးမပေးဘဲ ပျက်သွားသောကံကို အဟောသိကံဟုခေါ်သည်။

အလယ်ဇောငါးချက်စေတနာကား အကျိုးမပေးဘဲ ပျက်သွားခြင်း ဟူ၍မရှိချေ။ ဤဇောစေတနာ (၇)ချက်အလှည့်ကျအကျိုးပေးပုံကို ဗုဒ္ဓဘာသာဝင်တိုင်းသိသင့်၏။ ဤသို့သိသဖြင့် မှားယွင်းဖောက်ပြန်စွာ အယူမှားသော မိစ္ဆာဒိဋ္ဌိအဖြစ်သို့ မရောက်ခြင်းအကျိုးရှိ၏။ လူသားတိုင်းသိသင့်၏။ ထိုသို့သိသဖြင့် လောကကို ဆိုးကျိုးပြုမည့်အလုပ်များကို ရှောင်ကြဉ်ဖြစ်ပြီး လောကကိုကောင်းကျိုးပြုမည့်အလုပ်များကို များများလုပ်ဖြစ်ခြင်းအကျိုးရှိ၏။

အနာထပိဏ်သူဌေးကြီးသည် ဤအချက်တို့ကို သိထားသဖြင့် မိစ္ဆာဒိဋ္ဌိအဖြစ်သို့ ရောက်မည့်ဘေးမှ ရှောင်ကြဉ်နိုင်ခဲ့၏။ အနာထပိဏ် သူဌေးကြီးဆင်းရဲနေချိန်တွင် မိစ္ဆာဒိဋ္ဌိဖြစ်သော တံခါးမုခ်စောင့်နတ်က ကိုယ်ထင်ပြပြီး စည်းရုံးသည်မှာ. . .

"သူဌေးကြီး သင်ယခုလိုဆင်းရဲခြင်းဟာ ရတနာသုံးပါးအပေါ် ကြည်ညိုပြီး တအားလှူနေလို့ဖြစ်တယ်၊ ဒါ့ကြောင့် ဒီနေ့ကစပြီး ရတနာသုံးပါးကို စွန့်လွှတ်လိုက်ပါ။ ဒီလိုစွန့်လွှတ်ရင် ဆုံးရှုံးသွားတဲ့ (၃၆)ကုဋေသော ဥစ္စာတွေကို ငါ့တန်ခိုးနဲ့ပြန်လုပ်ပေးမယ်။"

www.dhammaransi.com



အနာထပိဏ်သူဌေးကြီးရဲ့ နေရာမှာသာ တခြားလူတစ်ယောက် ဖြစ်ခဲ့ရင် ရတနာသုံးပါးကို စွန့်လွှတ်မှာ သေချာပါတယ်။ ဒေတနာ (၇)ချက်ရဲ့ အကျိုးပေးပုံကို သေချာသိထားတဲ့ အနာထပိဏ်သူဌေးက

## နတ်ကိုနှင်ထုတ်သော အနာထပိဏ်

"အသင်လိုနတ်မျိုး တစ်ယောက်မပြောနဲ့ အသိန်းအသောင်း လာပြောလည်း ငါ့ရဲ့သဒ္ဓါတရားဟာ တုန်လှုပ်မယ်မဟုတ်ဘူး၊ အသင် ဟာ သူတော်ကောင်းတွေရဲ့ နားနဲ့မသင့်လျော်တဲ့စကားကို လာပြော တယ်။ သင် ဆက်လက်နေခြင်းဖြင့် အကျိုးမရှိ ယခုချက်ခြင်း ငါ့အိမ်မှ ထွက်သွားလော့"ဟုဆိုကာ. . .

အိမ်စောင့်နတ်ကို နှင်ထုတ်လိုက်တော့၏။ နေစရာ မရှိတော့ သော အိမ်စောင့်နတ်သည် သာဝတ္ထိမြို့စောင့်နတ်ထံသွားပြီး အကူအညီ တောင်း၏။ မြို့စောင့်နတ်ကလည်း အနာထပိဏ်သူဌေးကြီး ကို လိုက်မပြောရဲ။ တစ်ဖန် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးထံ သွားပြန် ၏။ မထူးခြား၊ နောက်ဆုံးသိကြားမင်းထံရောက်သောအခါတွင်မှ သိကြားမင်းက. . .

"အသင်ဟာတော်တော်မိုက်မဲတာပဲ။ အရိယာသူတော်ကောင်း ကိုမှ သွားပြီးပြစ်မှားတယ်။ ငါလဲဘာမှမတတ်နိုင်ဘူး။ တစ်ခု တော့ရှိ တယ်။ သူတော်ကောင်းတွေဆိုတာ တောင်းပန်ရင်ကျေနပ် ခွင့်လွှတ် လိုက်တာပဲ၊ ဒီတော့ အနာထပိဏ်သူဌေးပြန်မရတဲ့ အကြွေး (၁၈)ကုဋေ ကို ပြန်ဆပ်အောင်လုပ်ပေးပါ။ မြစ်ထဲမျောပါသွားတဲ့ (၁၈)ကုဋေသော ဥစ္စာတွေကိုလည်း ပြန်ရအောင်လုပ်ပေးလိုက်ပါ။ အဲဒါတွေလုပ်ပေးပြီးမှ နောက်နောင်ကို ရတနာသုံးပါးမစော်ကားတဲ့စကား ဘယ်တော့မှ မပြောတော့ပါဘူး။ သူဌေးကြီးရဲ့တံခါးမုခ်မှာ ဆက်နေခွင့် ပေးပါလို့ တောင်းပန်ကြည့်ချေ"

ဟု အကြံပေးသဖြင့် ထိုအတိုင်းလိုက်နာရာ တံခါးတွင် ပြန်လည် နေခွင့်ရသွား၏။ ဤ၌ နတ်ကိုးကွယ်သူများကို သတိပေးစရာတစ်ခုပေါ် လာ၏။ တစ်ချို့သူများသည် နတ်ဆိုလျှင် အထင်ကြီး၏။ သာသနာပြု ကိုးကွယ်စရာ ဆည်းကပ်စရာနတ်ကောင်းဟု ချည်းထင်ကြ၏။ အမှန် ကား သာသနာဖျက် အဝေးမှရှောင်စရာနတ်တွေများစွာရှိ၏။

www.dhammaransi.com



ယခုအနာဂတ်ပိဋကသူဌေးကြီး၏ တံခါးမုခ်စောင့်နတ်ကိုကြည့်ပါ နတ်ကောင်းနတ်မြတ်မဟုတ် နတ်ဆိုးနတ်ယုတ်သာဖြစ်၏။ ထို့ကြောင့် ရတနာသုံးပါးကို မကိုးကွယ်ရန်ဖျားယောင်းခြင်းဖြစ်၏။ ပါရာဇိကကဏ် ပါဠိတော်၊ တတိယပါရာဇိကအဖွင့်တွင် သာသနာဖျက်နတ်ဆိုး နတ်ယုတ် တစ်ယောက်အကြောင်းပါလာ၏။

မြတ်စွာဘုရားဝေသာလီပြည်တွင် သီတင်းသုံးနေထိုင်စဉ် ရဟန်းတော်တို့အား ခန္ဓာကိုယ်ကို မတင့်မတယ်စက်ဆုပ်ရွံရှာဘွယ်ရာ အသုဘ ဘာဝနာပွားနည်းသင်ပေးပြီးလျှင် တောတစ်ခုသို့ဝင်၍တစ်ပါး တည်း ကေတရီသီတင်းသုံးနေတော်မူ၏။ ဝဂ္ဂုမုဒါမြစ်ကမ်းအနီး၌နေကြ သော ရဟန်းငါးရာတို့သည် အသုဘဘာဝနာကိုပွားရင်း ခန္ဓာကိုယ်ကို စက်ဆုပ်ရွံရှာလာ၏။

မတင့်တယ်ဟုသိလာ၏။ ထိုသို့သိလာလျှင် နောင်ခန္ဓာမရ အောင် ခန္ဓာငါးပါးအနိစ္စသည်ဖြင့် ဝိပဿနာဆက်ပွားရမည်။ ထိုအခါ အရဟတ္တမဂ်အရအတွဲဖိုလ်ရ၍ရဟန္တာဖြစ်သွားသည်နှင့် ဘဝတဏှာလုံး လုံးကြီးပြတ်၍ခန္ဓာဇာတ်သိမ်းမည်ဖြစ်သည်။ ဤသို့သောပရမတ်ပညာ နည်းရှာသောကြောင့် မတင့်တယ်သော ခန္ဓာကိုယ်ကြီးမမြင်ချင်တော့ဟု ဆိုကာ ကိုယ့်ကိုယ်ကိုသတ်သေကြသည်။ တစ်ပါးနှင့်တစ်ပါးကိုလည်းသတ်ခိုင်း ကြသည်၊

ရဟန်းတော်များလူမသတ်ရဟူသော ဝိနည်းပညတ်ချက်မရှိ သေးသောကြောင့် တစ်ပါးကိုတစ်ပါးသတ်ပေးမိကြခြင်းဖြစ်၏။ ထိုအချိန် တွင် ကျောင်း၌ကပ်ရပ်စားသောက်နေသော မိဂလဏ္ဍိကအမည်ရှိသော ရှင်ယောင်ကြီးသည် သက်နှ်းပရိက္ခရာရသဖြင့် ရဟန်းတော်တော်များများ ကိုသတ်ပေးလိုက်၏။ ရဟန်းခြောက်ဆယ်ကျော်ခန့်သူ့ကြောင့်သေသွား ကြသည်။ သူလည်းအတော်မောသွားသည်။

ဓားလည်းခုတ်ရလွန်းသဖြင့်အတော်တုံးသွားပြီး ရဟန်းတော် တို့၏ လည်ချောင်းသွေးများဖြင့်ပေကျံခြောက်ကပ်နေသည်။ ထို့ကြောင့် ဝဂ္ဂုမုဒါ မြစ်အတွင်း ဓားလာဆေးသည်။ ကျောက်မှာလည်းသွေးသည်။ သူသည် ဓားရေဆေးရင်းဖြင့် သူလုပ်ခဲ့သော အပြစ်များကို တွေးတော ကြောက်လန့်လာ၏။ ခေါင်းတခြား ကိုယ်တခြားဖြင့် အတုံးအရုံး

www.dhammaransi.com



ပျံ့တော်မူနေကြသော ရဟန်းတို့၏ အလောင်းကောင်များကို ပြန်လည်မြင်ယောင်လာရင်း ချောက်ချားလာ၏။

"ငါဟာသူတော်ကောင်းရဟန်းတော်ပေါင်းများစွာကို သတ်မိပြီ၊ တစ်ချိန်ဒီအပြစ်တွေကို ပြန်ခံရတော့မှာပဲ၊ ငါဟာလူ့ဘဝကို မကောင်းသောရခြင်းနဲ့ ရခဲ့တာပါလား"

ထိုအချိန်မှာပင်မြစ်ရေပြင်ပေါ်တွင် လမ်းလျှောက်လျှက် နတ်သားတစ်ယောက်ဘွားကနဲပေါ်လာ၏။ ထိုနတ်သားက

" မိဂလဏ္ဍိက အသင်ဟာလူ့ဘဝကို ကောင်းသောရခြင်းဖြင့် ရခဲ့တာပဲ၊ ရဟန်းတော်တွေကို သတ်ခြင်းဖြင့်သင့်မှာ အကုသိုလ်မဖြစ် ကုသိုလ်တရားသာဖြစ်၏။ အားကြိုးမာန်တက်ဆက်၍ လုပ်ဆောင်လေ"

ဟုပြောပြီးပျောက်ကွယ်သွား၏။ ခေတ်စကားဖြင့်ပြောရလျှင် အဆင်းတွင်ဘီးတပ်ပေးခြင်းသာဖြစ်၏။ ယခုခေတ်နတ်ကိုးကွယ်သူအများစုကဲ့သို့ နတ်ဆိုလျှင် သူတော်ကောင်းနတ်ကောင်းနတ်မြတ်ဟုချည်း ထင်မိသော မိဂလဏ္ဍိကသည် ဝမ်းသာအားတက်သွားကာ ကျောင်းတွင်းသို့ ဒုတိယ အကြိမ်ဝင်ရောက်ပြီးသတ်ဖြတ်ပေးလိုက်ရာ ရဟန်းတော်အပါး ငါးရာပျံလွန်တော်မူခဲ့ရသည်။

ထိုဖြစ်ရပ်ကို အကြောင်းပြု၍ ရဟန်းတော်များလူမသတ်ရဟူသောဥပဒေကို ဗုဒ္ဓကချမှတ်ပေးတော်မူခဲ့ခြင်းဖြစ်၏။ ဤဖြစ်ရပ်၌ ရဟန်းတော်များသေကြေပျက်စီးအောင် တိုက်တွန်းသော နတ်သည် အဘယ်မှာ နတ်ကောင်းနတ်မြတ်ဖြစ်နိုင်တော့မည်နည်း။ သာသနာကို ဖျက်ဆီးသော နတ်ဆိုးနတ်ယုတ်သာဖြစ်၏။

မြင်းခြံဘက်မှ မိတ်ဆွေရဟန်းတစ်ပါးရှိ၏။ သူသည် ကိုရင်ဘဝက မိုးကုတ်မြို့၊ သတိပဋ္ဌာန်စာသင်တိုက်တွင် စာပေသင်ကြား၏။ အသက်ပြည့်သောအခါ မိုးကုတ်မြို့မှ ရဟန်းဒကာပေါ်သဖြင့် မြင်းခြံမှ မိဘနှစ်ပါးထံ ရဟန်းခံပွဲအမီလာရန် စာရေးအကြောင်းကြားလိုက်၏။ ရဟန်းခံမည့်နေ့ ရောက်သောအခါ ဖခင်သာရောက်လာပြီး မိခင်ကပါမလာ။

အကြောင်းစုံမေးမြန်းကြည့်လိုက်သောအခါ မိဘများကိုးကွယ်သော ရိုးရာနတ်က မိခင်ကိုပူးဝင်ပြီးပြောသည်မှာ ရဟန်းခံပွဲသို့မသွားရ

www.dhammaransi.com



သွားလျှင်အပြန်အလောင်းသာတွေ့ရမည်ဟူ၏။ ထို့ကြောင့်မလိုက်ရဲဘဲ ကျန်ခဲ့ရ၏။ ဗုဒ္ဓသာသနာတွင် အမြင့်မြတ်ဆုံးဖြစ်သော ရဟန်းခံပွဲသို့ မသွားရန် တားမြစ်သော နတ်သည် သာသနာဖျက်နတ်ဆိုးနတ်ယုတ်မှ တစ်ပါးအဘယ်ကဲ့သို့သော နတ်မျိုးဖြစ်နိုင်ပါဦးမည်နည်း။

## အကုသိုလ်နှင့် အကျိုးပေးသူဆိုတာ

ရန်ကုန်မြို့တွင် ခါးပိုက်နှိုက်များမွေး၍ ချမ်းသာနေသူများ ငါးသတ်ရောင်း၍ ချမ်းသာနေသော အင်းသူကြီးများ၊ ကြက်၊ ဝက်၊ နွား များကို သတ်ရောင်းပြီးချမ်းသာနေသော သားသတ်လိုင်စင်ပိုင်ရှင်များ၊ လူသတ်လက်နက်များရောင်းပြီးချမ်းသာနေသူများကို အများစုက အကုသိုလ်နဲ့အကျိုးပေးတယ်ဟုပြောဆိုလေ့ရှိ၏။ ထိုစကားအရ အကု သိုလ်ကြောင့်ချမ်းသာနေသည့် သဘောမျိုးရောက်၏။ အကုသိုလ်ကား. .

အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာဟူသော ဒေသနာ အရ အကုသိုလ်သည် အပြစ်နှင့်တကွမကောင်းကျိုးကိုသာပေးခြင်း လက္ခဏာရှိ၏။ သို့ဖြစ်လျှင် ဖော်ပြပါပုဂ္ဂိုလ်များသည် အဘယ့်ကြောင့် အကုသိုလ်အလုပ်ဖြင့် ချမ်းသာနေကြသနည်း၊ တစ်ချို့သောစာရေး ဆရာများက ထိုသူတို့သည် အရင်ဘဝများက အကုသိုလ်ဖြင့်ရှာရသော ဥစ္စာများကို ဒါနကုသိုလ်ပြုခဲ့ကြသောကြောင့် ယခုဘဝတွင် အကုသိုလ် ဖြင့်ရှာသောအခါ အဆင်ပြေခြင်းဖြစ်သည်ဟုဆိုကြ၏။

ထိုမေးခွန်း၏ အဖြေကို ဗုဒ္ဓကဖော်ပြခဲ့သောအနာထပိဏ်ကို ကသော့ဒ္ဓိသုတ်တွင်ဟောကြားတော်မူခဲ့၏။ ဗုဒ္ဓ၏အဖြေကား. . .

**ပါပေါပိ ပဿတိ ဘဒြံ၊**
**ယာဝ ပါပံ န ပစ္စတိ။**
**ယဒါ စ ပစ္စတိ ပါပံ။**
**အထ ပါပေါ ပါပါနိ ပဿတိ။**

လူတစ်ယောက်သည် မကောင်းမှုအကုသိုလ်ကို ပြုလုပ် ထား၏။ သူပြုလုပ်ထားသော အကုသိုလ်ကံသည် အကျိုး ပေးချိန်မတန်သေးလျှင်ကောင်းသောအကျိုးကို တွေ့ကြုံ ခံစားရ၏။

www.dhammaransi.com


သူပြုထားသော အကုသိုလ်ကံအကျိုးပေးချိန်ရောက် လာလျှင်ကား မကောင်းမှုပြုထားသော ထိုသူသည် မကောင်းကျိုးကိုသာ တွေ့ကြုံခံစားရတော့၏။ ဟူ၍ဖြစ်၏။ ဤအဖြေကားပို၍ ရှင်းလင်း၏။ ခါးပိုက်နှိုက်မွေးသော သူဌေး၊ သားငါးသတ်သောသူဌေး၊ လက်နက်ရောင်းသော သူဌေးများ ချမ်းသာနေသည်မှာ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝကပြုခဲ့သော ဒါနကုသိုလ်ကြောင့်ဖြစ်၏။ ယခုပြုလုပ်နေသော အကုသိုလ်ကား အကျိုးပေး ချိန် မရောက်သေး။ စောင့်နေဟန်းသာဖြစ်၏။

ဤကဲ့သို့သေချာသိသွားလျှင် အကုသိုလ်ဖြင့် ချမ်းသာနေသူများကို အထင်ကြီးအားကျစိတ်များလျော့ပါးသွားပေလိမ့်မည်။

ဇောစေတနာ (၇)ချက် အကျိုးပေးပုံကို သေချာမသိသဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်သွားသူများကို ဇာတ်တော်ထဲမှာလည်းတွေ့ရ၏။ ယခုခေတ်မှာလည်း တွေ့ရ၏။ ဇာတ်တော်ထဲမှ ဖြစ်ရပ်ကိုဦးစွာပြအံ့၊ နာရဒဇာတ်တော်၌ လာသောဗိဒေဟရာဇ် အင်္ဂတိမင်းကြီးသည် ဒါန၊ သီလ၊ ဘာဝနာ သုံးပါးလုံးရှိသော သူတော်ကောင်းမင်းတစ်ပါးပင်ဖြစ်၏။

နန်းတော်၏ အရပ်လေးမျက်နှာတွင် မဏ္ဍပ်လေးခုဆောက်၍ နေ့စဉ်လှူတန်း၏။ တစ်နေ့တွင် အမြင်အမှားစွဲကိုးကွယ်သော တိတ္ထိဆရာကြီးတစ်ဦးထံ တရားသွားနာ၏။ ထိုဆရာကြီးက ကုသိုလ်၊ အကုသိုလ် ဆိုတာမရှိ၊ ကောင်းကျိုးဆိုးကျိုးဆိုတာလည်းမရှိ၊ ထို့ကြောင့် ကုသိုလ်ပြုလည်း ပြုရာမရောက်၊

အကုသိုလ်ပြုလည်း ပြုရာမရောက်၊ ကမ္ဘာပေါင်းရှစ်သောင်းလေးထောင်ရှိလျှင် သတ္တဝါတွေ အလိုလိုစင်ကြယ်ကြ၏ဟု အယူမှားကြီးကိုဟောပြလိုက်၏။ လူသားများကိုအဝီစိငရဲသို့ ချည်းပို့ပေးမည် အယူဝါဒဆိုးကြီးပင်ဖြစ်၏။ ဗုဒ္ဓလက်ထက်က ပူရဏကဿပနှင့် မက္ခလိဂေါသာလဟူသော တိတ္ထိဆရာကြီးနှစ်ဦးလည်း ယင်းဝါဒကို ဟောကြားခဲ့သေး၏။ ထိုတရားကိုနာရသောအခါ အင်္ဂတိမင်းကြီးသည် တွေဝေသွား ၏။ ဒါဆိုရင် ငါကုသိုလ်တွေပြုနေတာ အလကားဖြစ်သွားပြီလား၊ သူ့အသက်မသတ်၊ သူ့ဥစ္စာမခိုး၊ သူတစ်ပါးသားမယားမပြစ်မှားဘဲ ရှောင်ကြဉ်နေ

www.dhammaransi.com



တာတွေကရောဘာမှ အကျိုးမရှိတော့ဘူးလား။ ဒီအတိုင်း မှန်ရင်တော့ လူ့ဘဝရခိုက် ဘာမှရှောင်မနေဘဲ ကာမဂုဏ်မှန်သမျှကို တင်းပြည့်ကျပ်ပြည့်ခံစားသင့်တယ်ဟု တွေးမိ၏။

အဂ်တိမင်းကြီးသည် မိစ္ဆာအယူကို ရာဇိုင်နှုန်း၅၀ခန့် နှစ်သက်သွား၏။ ကုသိုလ်၊ အကုသိုလ်နှင့် ကောင်းကျိုးဆိုးကျိုးမရှိဟူသော အယူဝါဒသည် မကောင်းမှုမှာပျော်ပြီး၊ မဟုတ်တာမှန်သမျှ ထင်ရာ လုပ်ချင်သည့် အနွပုထုဇဉ်တိုင်းအတွက် သည်းခြေကြိုက်ပင်ဖြစ်၏။ ထို့ကြောင့်လည်း အရှည်အဝေးကို ဦးစားမပေးဘဲ အရေအတွက်ကိုသာ ဦးစားပေးသည့် တစ်ဖို့တည်းသမား ဂိုဏ်းဆရာအချို့သည် ယင်းဝါဒကို ခေတ်အဆက်ဆက် အသုံးပြုခဲ့ကြခြင်းဖြစ်၏။

ထိုအချိန်မှာပင် ပရိသတ်အတွင်းမှ အလာတအမည်ရှိ စစ်သူကြီးသည် တိတ္ထိဆရာကြီး၏ အယူဝါဒကို ကိုယ်တွေ့တစ်ခုဖြင့် ထောက်ခံလိုက်၏။

## အကုသိုလ်ကိုပယ်သူအလာတနှင့် ကုသိုလ်ကိုပယ်သူဗီဇက

အကုသိုလ်လုပ်ပေမဲ့၊ မကောင်းကျိုးခံစားစရာမလိုဘူးဆိုတဲ့ အယူဝါဒဟာ အလွန်မှန်ကန်ပါတယ်၊ ကျွန်ုပ်ကိုယ်တွေ့ကိုပြောပြပါ့မယ်၊ ကျွန်ုပ်ဟာအတိတ်ဘဝတစ်ခုကို ပြန်အမှတ်ရနိုင်တဲ့ ဇာတိဿရဉာဏ်ရှိပါတယ်၊ အတိတ်ဘဝတစ်ခုမှာ ကျွန်ုပ်ဟာ ပိင်္ဂလအမည်ရှိတဲ့ နွားသတ်သမားတစ်ယောက်ဖြစ်ခဲ့ပါတယ်။

နွားသတ်တဲ့အကုသိုလ်ကံတွေကို တစ်ဘဝလုံးလုပ်ခဲ့ပါတယ်၊ ကုသိုလ်ဆိုလို့ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး၊ ဒါပေမဲ့ အဲဒီဘဝကသေလို့ ဒီဘဝရောက်တဲ့အခါ အခုလိုစစ်သူကြီးရာထူးကိုရပြီး ကြွယ်ဝချမ်းသာနေပါတယ်၊ သူ့အသက်သတ်ခဲ့တဲ့ အကုသိုလ်ကံတွေရဲ့ဆိုးကျိုးကို ဘာမှ မခံစားရပါဘူး၊ ဒါကြောင့်အကုသိုလ်ဆိုတာလဲ မရှိဘူး မကောင်းကျိုးဆိုတာလဲ မရှိဘူးဆိုတဲ့တရားဟာ အင်မတန်မှန်ပါတယ်။

လုံးလုံးအမှားထက် အမှန်အနည်းငယ်ပါသော အမှားသည် လူသား၏စိတ်ကို ပိုမိုဆွဲဆောင်နိုင်၏။ အလာတ၏စကားသည် အမှန်အနည်းငယ်ပါသော အမှားကြီးသက်သက်သာဖြစ်၏။ အလာတသည်

www.dhammaransi.com



အရင်ဘဝက နွားသတ်သမားဖြစ်ခဲ့သည်မှာမှန်၏။ ယခုဘဝတွင် စစ်သူကြီးဖြစ်သည်မှာလည်း မှန်၏။ မှားခြင်းကား ပိဂ်လနွားသတ်သမား ဘဝမရောက်ခင် အရင်ဘဝကကုသိုလ်ကိုအမှတ်မရခြင်း မသိခြင်းဖြစ်၏။

နွားသတ်သမားဘဝမရောက်ခင် အရင်ဘဝတစ်ခုက သူသည် ကဿပဘုရားဓာတ်တော်ကို ဌာပနာထားသည့် စေတီတော်တွင် ရွှေပန်းခိုင်တစ်ခိုင်လှူခဲ့၏။ ထိုကုသိုလ်များ၏ အလယ်ဇောငါးချက် စေတနာက ယခုတတိယဘဝတွင် ချမ်းသာကြွယ်ဝသော စစ်သူကြီးအဖြစ်သို့ ပို့ပေးခြင်းဖြစ်သည်။ နွားသတ်သမားဘဝတွင် ပြုခဲ့သောအကုသိုလ် စေတနာများသည် မကောင်းကျိုးပေးရန် စောင့်နေဆဲသာဖြစ်၏။

ထိုသို့မသိသော အင်္ဂတိမင်းကြီးကား မိစ္ဆာအယူဝါဒကို နောင်ထပ် (၂၅)ရာခိုင်နှုန်းတိုးပြီး (၇၅)ရာခိုင်နှုန်းခန့် ကြိုက်သွားလေပြီ။ ရာနှုန်းပြည့်ဖြစ်ရန် (၂၅)ရာခိုင်နှုန်းသာလိုတော့၏။ ထိုအချိန်မှာပင် တရားနာပရိသတ်ထဲမှ ဗီဇကအမည်ရှိ ကျွန်တစ်ယောက်ကလည်း တိတ္ထိဆရာကြီး ဦးဂုဏ၏ တရားမှန်ကန်ကြောင်း ဝင်ရောက်ထောက်ခံပြန်၏။

“ ဆရာကြီးရဲ့တရားဟာမှန်ပါတယ်၊ ကျွန်ုပ်ဟာအရင်ဘဝက ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်တရားမျိုးစုံကို ပြုခဲ့တဲ့သူတော်ကောင်း တစ်ယောက်ပါ။ အခုဘဝကျတော့ တစ်နေ့တာ တစ်နေ့တောင်မမှန်ကန်တဲ့ကျွန်ဘဝကိုရောက်ရပါတယ်၊ ဒါကြောင့်. . .

ကုသိုလ်တရားဆိုတာမရှိဘူး၊ ကောင်းကျိုးဆိုတာလည်းမရှိဘူး ဆိုတဲ့ စကားဟာ အလွန်မှန်ကန်ပါတယ် ”

‘ဗီဇက ကျွန်သည်လည်း သူသိသလောက်သာပြောကြားခြင်းဖြစ်၏။ သူသည်သူတော်ကောင်းဘဝမရောက်ခင် အရင်ဘဝတစ်ခုက သာမန်လယ်သမားတစ်ယောက်ဖြစ်ခဲ့၏။ တစ်နေ့တွင်နွားတစ်ကောင် ပျောက်သွားသဖြင့် လိုက်ရှာရာတော်တော်နှင့်မတွေ့သဖြင့် ဒေါသထွက်နေ၏။ ထိုအချိန်မှာပင် လမ်းမှားလာသော ရဟန်းတစ်ပါးက လမ်းမှန်ကိုမေး၏၊ ဒေါသက မပြေချင်သဖြင့် မကြားချင်ယောင်ပြု၏။

www.dhammaransi.com



ရဟန်းကဒုတိယအကြိမ် ဆက်မေးသောအခါ

" ရဟန်းတွေက ကျွန်တွေအတိုင်းပဲ တော်တော်အမေးအမြန်းထူတယ် " ဟူသောစကားဖြင့် ရေရွတ်လိုက်၏။ ထိုကဲ့သို့ရဟန်းတစ်ပါးအား ကျွန်ဟူသောအသုံးအနှုန်းဖြင့် ပြောဆိုခဲ့သော ဝစီကံအကုသိုလ်အလယ်ဇောငါးချက်စေတနာက ယခုတတိယဘဝတွင် ကျွန်ဖြစ်အောင်ဆိုးကျိုးလာပေးခြင်းဖြစ်၏။

သူတော်ကောင်းဘဝက ပြုခဲ့သော ကုသိုလ်စေတနာများကားကောင်းကျိုးပေးရန် စောင့်နေတုန်းသာဖြစ်၏။ ထိုသို့ မသိသော အင်္ဂတိမင်းကြီး ကား မိစ္ဆာအယူကိုနောက်ထပ် (၂၅)ရာခိုင်နှုန်း ထပ်ကြိုက်သွားသောအခါ ရာနှုန်းပြည့်မိစ္ဆာဖြစ်သွားတော့၏။ ထို့ကြောင့် အလာတုန်းကတိတ္ထိဆရာကြီးကို ရှိခိုးသော်လည်းအပြန်တွင်ကား မရှိခိုးတော့ဘဲချက်ခြင်းထပြန်သွားတော့၏။

ထို့ကြောင့် တိတ္ထိဆရာကြီးကား ကိုယ့်ရှူးကိုယ်ပတ်ဟူသောစကားအတိုင်း အောင့်သက်သက်ဖြစ်ကာကျန်ခဲ့၏။ အင်္ဂတိမင်းကြီးသည်နန်းတော်ပြန်ရောက်သည်နှင့် တိုင်းပြည်အရေးကိစ္စများကို မှူးပတ်များထံအပ်နှံထားပြီးလျှင် အာရုံငါးပါးကာမဂုဏ်တရားကို အတိုင်းအဆမရှိခံစား၏။ လှပသောမိန်းကလေးဖြစ်လျှင် လင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အတင်းအဓမ္မသိမ်းယူပျော်ပါးတော့၏။ တစ်တိုင်းပြည်လုံး ကြိမ်မီးအုံးမျှ ပူလောင်ကြ၏။

အင်္ဂတိမင်းကြီးတွင် ရုစာအမည်ရှိ သမီးတော်တစ်ပါးရှိ၏။ သမီးတော်ကို နှစ်ပတ်လျှင်တစ်ကြိမ် ဒါနပြုရန်ငွေတစ်ထောင်ထုတ်ပေးလေ့ရှိ၏။ ထုံးစံအတိုင်း ငွေတစ်ထောင်ယူရန် သမီးတော်ရောက်လာသောအခါ အင်္ဂတိမင်းကြီးက. . .

" သမီးတော်ငွေတစ်ထောင်လည်း မယူနဲ့တော့၊ ဒါနလည်းမပြုနဲ့တော့၊ လူပါးလူနပ်တွေက အလှူခံပြီး လူနုံလူအတွေကလှူတာတဲ့၊ ကုသိုလ် အကုသိုလ်ဆိုတာလည်း မရှိဘူး၊ ကောင်းကျိုးဆိုးကျိုးဆိုတာလည်းမရှိဘူး၊ ကမ္ဘာကြီး ရှစ်သောင်းလေးထောင်ပြည့်ရင် လူတွေဟာအလိုလို စင်ကြယ်သွားကြတာဆိုတော့ ကုသိုလ်လုပ်လဲ အပိုပါပဲ သမီး

www.dhammaransi.com



တော်ရယ်၊ ဒီတော့ လူဖြစ်သခိုက် လူဖြစ်ကျိုးနပ်အောင် အာရုံငါးပါးကိုပဲ အမြဲတမ်းခံစားပေတော့၊ အခုခမည်းတော်လည်း အာရုံငါးပါးပဲ အချိန်ပြည့်ခံစားနေတယ်၊ ဘာကုသိုလ်မှ မလုပ်တော့ဘူး "

ဟုပြော၏။ ထို့ကြောင့်ဗုဒ္ဓက အပဏ္ဏက ဇာတ်တွင် တမလွန်ဘဝကိုလက်မခံခြင်းနှင့် လက်ခံခြင်းတို့အတွက် ဖြစ်ပေါ်နိုင်မည့် အကျိုးဆက်များကို တင်ပြထားသည်မှာ တွေးခေါ်မျှော်မြင်ဉာဏ်ရှိသူတိုင်း သဘောကျစရာပင်ဖြစ်၏။

## တမလွန်ဘဝကို လက်မခံလျှင်

သေလျှင်ပြတ်တာပဲ၊ နောက်ဘဝဆိုတာပရှိဘူးဟူ၍ တမလွန်ဘဝကိုလက်မခံသောသူသည် ကိုယ့်ကျိုး ကိုယ့်စီးပွားတစ်ခုတည်းကိုသာကြည့်ပြီး မကောင်းတာ မှန်သမျှ အကုန်လုပ်ရဲလာသည်။ ထို့ကြောင့် ယခုဘဝမှာပင် ပညာရှိသူတော်ကောင်းများ၏ ကဲ့ရဲ့ရှုတ်ချမှုကိုခံရ၏၊ ဤကား တမလွန်ဘဝကို လက်မခံခြင်းအတွက် ယခုဘဝခံစားရသော ဆိုးကျိုးဖြစ်၏။

သူထင်သလို တမလွန်ဘဝမရှိလျှင်ကား တော်ပါသေး၏၊ အကယ်၍ တမလွန်ဘဝရှိခဲ့လျှင် မကောင်းမှုကိုသာလုပ်ခဲ့သူဖြစ်သောကြောင့် မကောင်းသောဘုံ သို့ရောက်ပြီး မကောင်းကျိုးများကိုသာ ခံစားရ ပေလိမ့်မည်။ ထို့ကြောင့် တမလွန်ဘဝကို လက်မခံသောသူအတွက် ပစ္စက္ခရော သံသရာပါ မကောင်းပေ။

တမလွန်ဘဝကို လက်ခံသောသူသည်ကား မကောင်းတာလုပ်လျှင်မကောင်းကျိုးခံစားရမည်။ မကောင်းသောဘုံသို့ရောက်မည် ဟုယုံကြည်သောကြောင့် မကောင်းတာမှန်သမျှ မလုပ်ဖြစ်တော့၊ ကောင်း တာလုပ်လျှင် ကောင်းကျိုးရမည်။ ကောင်းသောဘုံရောက်မည်ဟူ၍ ယုံကြည်သောကြောင့် လောကကိုကောင်းကျိုးပြုသော ပရဟိတအလုပ် များကို များများလုပ်၏။ ထို့ကြောင့် ပညာရှိသူတော်ကောင်းများ၏ ချီးမွမ်းခြင်းကိုခံရ၏။ ဤကားတမလွန်ဘဝကို လက်ခံသည့်အတွက် ယခုဘဝရသောကောင်းကျိုးဖြစ်၏။

www.dhammaransi.com



ထိုသူသေသွားလျှင် နောင်ဘဝမရှိလျှင်လည်း ဘာမှမဖြစ် နောင်ဘဝရှိခဲ့လျှင်လည်း ကောင်းတာကို ပြုလုပ်ခဲ့သော သူဖြစ်သောကြောင့် ကောင်းသောဘုံရောက်ပြီး ကောင်းသောအကျိုးကိုသာ ခံစားရပါမည်၊ ဤကားတမလွန်ဘဝကို လက်ခံသူအတွက် သံသရာကောင်း ကျိုးဖြစ်၏။

ဤဒေသနာအတိုင်း၊ တမလွန်ဘဝကိုလက်မခံသော အင်္ဂတိမင်းကြီးကား မကောင်းတာမှန်သမျှ အကုန်လုပ်နေလေပြီ။ သမီးဖြစ်သော်လည်း အဖေထက်အသိဉာဏ် ကြီးသော အရှင်အာနန္ဒာလောင်း ရုစာမင်းသမီးက အယူမှန် ရောက်အောင် အမျိုးမျိုးဖြောင့်ဖျ၏။

" ဖခမည်းတော် အလာတနဲ့ ဗီဇကတို့လိုလူမိုက်တွေက ဦးဂုဏလို တိတ္ထိဆရာရဲ့ အယူဝါဒကိုယူတာမဆန်းပါ။ ဖခင်ကား အတွေးခေါ် ရှိသူဖြစ်ပါတယ်။ ဦးဂုဏရဲ့မိစ္ဆာ အယူကိုမယူသင့်ပါ၊ ကမ္ဘာကြီး ရှစ်သောင်းလေးထောင်ပြည့်ရင် လူတွေဟာအလိုလို စင်ကြယ်တယ်ဆိုရင် ဦးဂုဏကရော ဘာဖြစ်လို့ အဝတ်မဝတ်တဲ့အကျင့်ကို ကျင့်နေသလဲ၊ သူကိုယ်တိုင် သူဟောတဲ့တရားကို မယုံကြည်လို့ဆိုတာ ထင်ရှားနေပါတယ် ဒါကြောင့်ခမည်းတော်အနေနဲ့ အယူမှားကြီးကို စွန့်လွှတ်ပါလို့ တောင်းပန်ပါတယ်။"

" မစွန့်လွှတ်နိုင်ဘူးသမီးတော် ဦးဂုဏရဲ့ အယူဝါဒကိုပဲ ခမည်းတော်နှစ်သက်တော်မူတယ်။"

" လျှောက်ထားပါဦးမယ် ခမည်းတော်၊ အလာတနဲ့ ဗီဇကတို့ဟာ သူတို့ရဲ့ အတိတ်ဘဝ တစ်ဘဝကိုသာ သတိရတာပါ၊ သမီးတော်ကတော့ (၁၄)ဘဝထိသတိရ နေပါတယ်ခမည်းတော်၊ သမီးတော်ရဲ့ အတိတ်ဘဝတွေကို ခမည်းတော်သေချာ ဆန်းစစ်ကြည့်လိုက်တာနဲ့ ကုသိုလ်၊ အကုသိုလ် ထိုကုသိုလ် အကုသိုလ်ရဲ့ကောင်းကျိုး ဆိုးကျိုးတွေရှိတယ်ဆိုတာ ခမည်းတော် သေချာသိလာမှာပါ "

" ဟုတ်ရဲ့လားသမီးတော်၊ ခမည်းတော်တစ်ခါမှ မကြားဘူးပါလား "

" အကြောင်းမတိုက်ဆိုင်လို့ လျှောက်ထားခြင်းမပြုတာပါ ခမည်းတော်၊ အခုမလျှောက်တင်ရင် မဖြစ်တော့တဲ့ အခြေအနေကြောင့် လျှောက်တင်ရခြင်းဖြစ်ပါတယ် ခမည်းတော် "

" ကဲ-အဲဒါဆိုရင် လျှောက်တင်စေ "

www.dhammaransi.com



## ကာမေသု၏ ဆိုးကျိုးတို့ကို လျှောက်ထားသောရုစာမင်းသမီး

“ နားဆင်တော်မူပါခမည်းတော်၊ သမီးတော်ဟာ ဘဝတစ်ခုက ရွှေပန်းထိမ်သည်သားဖြစ်ခဲ့ရပါတယ်၊ မိတ်ဆွေယုတ်နဲ့ပေါင်းဖော်မိတာကြောင့် သူတစ်ပါးရဲ့ မယားနဲ့သမီးပျိုများကို ဖျက်ဆီးခဲ့မိပါတယ်”

“ အဲဒီဘဝကသေတဲ့အခါ ကောသမ္ဗီမြို့မှာ သူဌေးသားသွားဖြစ်ပါတယ်၊ ဒီဘဝမှာတော့ သူတော်ကောင်းနှင့်ပေါင်းမိပြီး ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို ပြုဖြစ်ပါတယ်၊ အလာတရဲ့စကားနဲ့ ပြောရရင် သမီးပန်းထိမ်သည်သားဘဝကပြုခဲ့တဲ့ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံတွေက ဆိုးကျိုးမပေးသလိုဖြစ်နေတာပေါ့ခမည်းတော် ”

“ အမှန်ကဆိုးကျိုးမပေးတာ မဟုတ်ပါဘူး၊ အချိန်မကျသေးလို့ စောင့်နေတာပဲဖြစ်ပါတယ်။ အခုသူဌေးသားဘဝကလည်းသေရော ကာမေသုမိစ္ဆာစာရအကုသိုလ်ကံတွေက အလှည့်ကျလာပြီး ရောရုဝငရဲကို ပစ်ချလိုက်ပါတယ်၊ ရောရုဝငရဲကလွတ်ပြန်တော့ ဘိန္နာဂတတိုင်းမှာ ဆိတ်ထီးကြီးတစ်ကောင်ဖြစ်ပါတယ်၊ ဆိတ်ထီးဖြစ်ရပေမယ့် ကာမေသုမိစ္ဆာစာရအကုသိုလ်အကျိုးဆက်ကြောင့် သင်းကွပ်ခံရပြီး အထီးမဟုတ် အမမဟုတ်ဘဝကို ရောက်ရပါတယ်”

“ ဆိတ်ဘဝကသေတော့ တောကြီးတစ်တောမှာ မျောက်ထီးတစ်ကောင်သွားဖြစ်ပါတယ်၊ မျောက်ဘဝမှာလည်း သင်းကွပ်ခံရတာပဲ ခမည်းတော် ”

“ မျောက်ဘဝမှာဘယ်သူက လာပြီးသင်းကွပ်သလဲသမီးတော်”

“ ကာမေသုမိစ္ဆာစာရအကုသိုလ်ကလာပြီး သင်းကွပ်တာပေါ့ ခမည်းတော်၊ ဖခင်ဖြစ်တဲ့မျောက်ထီးကြီးက ဒီကောင်ကြီးလာရင်ငါ့နေရာ ဝင်လုလိမ့်မယ်ဆိုပြီး မျောက်မတွေမကပ်ချင်အောင် သွားပါးစပ်နဲ့ ကိုက်ဖောက်ပစ်ခဲ့တာပါပဲ၊ မျောက်ဘဝကသေပြန်တော့ သုဒဿနတိုင်းမှာ နွားထီးကြီးတစ်ကောင်သွားဖြစ်ပါတယ် ခမည်းတော် ”

“ နွားဘဝမှာလည်းသင်းကွပ်ခံရတာပဲခမည်းတော်၊ နွားဘဝကသေပြန်တော့ ဝဇ္ဇတိုင်းမှာ ယောက်ျားအင်္ဂါ၊ မိန်းမအင်္ဂါနှစ်မျိုးလုံး မပါတဲ့ နပုံးဘဝရောက်ခဲ့ရပြန်ပါတယ်ခမည်းတော်၊ ဒါကြောင့်အကုသိုလ်ကံရဲ့ ဆိုးကျိုးဆိုတာ သေချာရှိပါတယ်ခမည်းတော်။”

www.dhammaransi.com



" အကုသိုလ်ကံရဲ့ ဆိုးကျိုးရှိသလို၊ ကုသိုလ်ကံရဲ့ ကောင်းကျိုး ဆိုတာလည်းရှိတာပါပဲ ခမည်းတော်။ ကောသမ္ဗီသူဌေးသားဘဝကပြုခဲ့တဲ့ ဒါန၊သီလ၊ဘာဝနာကုသိုလ်ကံတွေကြောင့် နပုံးဘဝကသေတဲ့အခါ သိကြားမင်းရဲ့မိဖုရားနတ်သမီးဘဝလေးခါ ဖြစ်ရပါတယ်။ ဇဝနအမည် ရှိတဲ့ နတ်သားရဲ့မိဖုရား နတ်သမီးအဖြစ် ဘစ်ဘဝဖြစ်ခဲ့ရပါတယ် "

" အခုသမီးဟာ အဲဒီနတ်သမီးဘဝကစုတေပြီး ခမည်းတော်ရဲ့ သမီးတော် ရုစာမင်းသမီးလာဖြစ်ရတာပါ၊ ဒီဘဝကသေရင် တာဝတိံသာ မှာ နတ်သမီးတစ်ဘဝဖြစ်ရဦးမှာပါ၊ အဲဒီဘဝကနောက်မှ မြင့်မြတ်တဲ့ ယောကျ်ားဘဝကို ပြန်ရောက်ရမှာဖြစ်ပါတယ် ခမည်းတော်။"

" ဒီလိုအမျိုးသမီးဘဝမှာချည့်ကျင်လည်နေရတာဟာ ကာမေသု မိစ္ဆာစာရအကုသိုလ်ကံရဲ့ ဆိုးကျိုးတွေပါပဲခမည်းတော်၊ ဒါကြောင့် ကုသိုလ်၊ အကုသိုလ်ဆိုတာမရှိ၊ ကောင်းကျိုးဆိုးကျိုးဆိုတာမရှိဆိုတဲ့ အယူဝါဒဆိုးကြီးကို စွန့်လွှတ်လိုက်ပါခမည်းတော်။"

" သမီးတော်ဘယ်လိုလျှောက်လျှောက် ခမည်းတော်ကတော့ မစွန့်လွှတ်နိုင်ဘူး။"

ထိုအခါ ရုစာမင်းသမီးသည် ခမည်းတော်အကျိုးအတွက် လောကကို သစ္စာပြုကာတိုင်တည်၏။

" ဤလောက၌ရှိကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့ ကျွန်ုပ် သည် သူတော်ကောင်းတရားခုနစ်ပါးကို ကျင့်ကြံအားထုတ်၏။ ဤ မှန်ကန်သောသစ္စာ၏အာနုဘော်ကြောင့် ကျွန်ုပ်ဖခင်၌စွဲကပ်နေသော အယူဝါဒဆိုးကြီးကို ပယ်ဖျောက်ပေးရန် ဤနန်းတော်ပေါ်သို့ ရောက်လာ ပါစေကုန်သတည်း။ "

ထိုအသံကိုကြားရသော ဘုရားအလောင်း နာဒရဗြဟ္မာမင်းက ရသေ့အသွင်ဖန်ဆင်းကာ နန်းရင်ပြင်ကောင်းကင်ထက်၌ ပေါ်လာ၏။ ရသေ့ကိုမြင်ရသည်နှင့် အင်္ဂတိမင်းကြီးက. . .

" အသင့်ကို အဘယ်သို့ ခေါ်သနည်း "

" နာဒရဗြဟ္မာမင်းဟု ခေါ်သည် "

"အသင်သည် အဘယ်ကြောင့် ယခုလိုကောင်းကင်မှာ ရပ်နိုင် သနည်း "

www.dhammaransi.com



" လူ့ဘဝဖြစ်စဉ်အခါက လောဘ၊ ဒေါသ၊ မောဟစသော အကုသိုလ်ကိလေသာများ အဖြစ်မခံဘဲ သမထဘာဝနာတရားများကို ပွားများခဲ့သောကြောင့် ဈာန်ကုသိုလ်များရပြီး ဗြဟ္မာမင်းဖြစ်ခဲ့ရတယ်၊ ဒီဈာန် ကုသိုလ်ကြောင့် ယခုလို ကောင်းကင်မှာ ရပ်တည်သွားလာနိုင်ခြင်း ဖြစ်တယ်"

" ဒါဆိုရင်ကုသိုလ်ဆိုတာရှိတယ်၊ ကောင်းကျိုးဆိုတာရှိတယ် နောက်ဘဝဆိုတာရှိတယ်လို့ အရှင်ရသေ့ဆိုလိုတာလား"

"ဆိုလိုတယ် ဒါဟာ ကျုပ်ရဲ့ ကိုယ်တွေ့ပဲ "

"အရှင်ရသေ့ပြောသလို နောက်ဘဝရှိတယ်ဆိုရင် တပည့်တော်ကိုငွေတစ်ထောင်ချေးပါ၊ အခုဘဝတော့ပြန်မဆပ်နိုင်ဘူး၊ နောက်ဘဝကျမှ ပြန်ဆပ်ပါ့မယ်၊ ဘယ်လိုလည်းအရှင်ရသေ့ ချေးနိုင်ပါ့မလား၊ နောင်ဘဝရှိတယ်လို့ အရှင်ရသေ့ ယုံကြည်ရိုးမှန်ရင်ချေးကိုချေးနိုင်ရမယ်။"

"နောင်ဘဝရှိတယ်လို့ ယုံကြည်တဲ့အတွက်ကြောင့်ပဲ မချေးနိုင်ဘူး အရှင်မင်းကြီး။"

" ဘယ်လိုကြောင့်ဆိုတာ ရှင်းပြပါဦးအရှင်ရသေ့ "

" ဟယ် မိစ္ဆာဒိဋ္ဌိအရှင်မင်းကြီး၊ ဤလူ့လောကဌ်ပင် လိမ်ညာကောက်ကျစ်၊ သောက်စားမူးယစ်နေသောသူကို အဘယ်သူသည် ယုံကြည်စွာ ပိုက်ဆံချေးမည်နည်း။ အဘယ်ကြောင့်မချေးသနည်းဆိုသော် ပြန်ရဖို့ရန် မျှော်လင့်ချက်လုံးလုံးမရှိသောကြောင့် ဖြစ်၏။ ထိုနည်းအတူ ယခုဘဝတွင် သင်မင်းကြီးသည် မကောင်းမှုမှန်သမျှကို ထင်သလိုပြုလုပ်နေ၏။ "

" ထို့ကြောင့်သင်သေလျှင် ငရဲကိုကျဖို့ရန် သေချာနေ၏၊ ငရဲကြီးရှစ်ထပ်တွင် အပေါ်ဆုံးအထပ်ဖြစ်သော သဉ္ဇီဝငရဲသို့ သင်ကျရောက်သွားလျှင် သင့်ခန္ဓာကိုယ်သည် ဆင်းရဲခြင်းဒုက္ခဝေဒနာကို ပြင်းထန်စွာခံရရန် ခြောက်မိုင်ခန့်ကြီးသွားရ၏၊ တဖန်လှံများ ဓားများဖြင့် ထိုးခုတ်သောအခါ ပိုမို၍ နာကျင်စေရန် သင့်အသားများသည် အနာပျောက်ခါနီး အသားနုများကဲ့သို့ ဖြစ်နေသေး၏ "

www.dhammaransi.com



“ငရဲသားများသည်သင့်ခန္ဓာကိုယ်ကြီးကို မြေကြီးပေါ်သို့ပစ်လှဲလိုက်ပြီးလျှင် ထန်းပင်လုံးပမာဏခန့်ကြီးမားသော သံချောင်းကြီးငါးချောင်း ဖြင့်ရင်ဘတ်တွင်တစ်ချက်၊ လက်နှစ်ဖက်ခြေနှစ်ဖက်တို့တွင်တစ်ချက်စီဖြင့် ငါးချက်နှက်လိုက်၏။ လှုပ်မရ လှည့်မရ ဖြစ်သွားသောအခါတွင်မှ ငရဲသားများက သင်၏ခန္ဓာကိုယ်ကြီးကို ဓားများ၊ လှံများ၊ ပေါက်ဆိန်များ၊ လွှများဖြင့် ထိုးကြ၊ ခုတ်ကြ၊ ဖြတ်ကြ၏။”

“လူ့သက်အားဖြင့် အနှစ်ကိုးသန်းမပြည့်မချင်း၊ သင်တားသေခြင်းမရှိ၊ လွတ်ခြင်းမရှိဘဲ အသည်းခိုက်အောင်နာကျင်သော ဒုက္ခဝေဒနာကို အဆက်မပြတ်ခံစားနေရ၏။ ထိုသို့ငရဲခံနေရသောသင်သည် ငါ၏ ကြွေးတစ်ကောင်ကို ဘယ်လိုနည်းဖြင့် ပြန်ဆပ်နိုင်မည်နည်း။”

“ထို့ကြောင့်ငါသည် မချေးနိုင်ဟု ဆိုခြင်းဖြစ်၏၊ ရေများရေနိုင်၊ မီးများမီးနိုင်ဟူသော စကားအတိုင်း အကုသိုလ်မီးများကနိုင်နေသောအခါ သင်ဘဝအဆက်ဆက်ကပြုခဲ့သော အကုသိုလ်ကံများသည် အလုံးအရင်းနှင့်လာ၍ ဤငရဲဘုံ၌ မကောင်းကျိုးများကို ဖြစ်စေ၏။”

“ ထို့ကြောင့် သဥ္ဇိုင်းငရဲသက် အနှစ်ကိုးသန်းပြည့်သွားလျှင် ဒုတိယမြောက်ကာဠသုတ်ငရဲသို့ကျပြန်၏။ထိုငရဲဘွင် နှစ်ပေါင်းသုံးကုဋေနှင့် အနှစ်ခြောက်သန်းခံရ၏။ ကာဠသုတ်ငရဲသက်ပြည့်လျှင် ဘဝါဘဝကပြုခဲ့သော အကုသိုလ်ကံများကြောင့် အောက်ဖြစ်သော သင်္ဃာတငရဲသို့ကျရဦးမည်ဖြစ်၏။ ”

“ မင်းကြီးအပယ်ငရဲသို့ကျရောက်နေသူတစ်ယောက် လူပြန်ဖြစ်ဖို့ ခဲယဉ်းပုံကို ဥပမာဆိုအံ့၊ သမုဒ္ဒရာကြီးထဲ၌အနှစ်တစ်ရာရှိမှ ရေပြင်ပေါ်သို့ ခေါင်းတစ်ခါပေါ်သော လိပ်ကန်းတစ်ကောင်ရှိ၏၊ ကိုသမုဒ္ဒရာထဲသို့ အပေါက်တစ်ပေါက်သာဖောက်ရသေးသော နွားလှည်းမှယမ်းပိုးတစ်ချောင်းကို ပစ်ချရမည်။ ”

“ ထမ်းပိုးကလည်းသူမျောချင်ရာ မျောနေမည်၊ လိပ်ကန်းကလည်း အနှစ်တစ်ရာပြည့်တဲ့အခါ သူပေါ်ချင်သည့်နေရာတွင်ပေါ်မည်၊ ခဲခဲယဉ်းယဉ်းဖြစ်ရမည်က မျောချင်ရာမျောနေသော ထမ်းပိုးကြီးကလိပ်ကန်းကြီးပေါ်လာမည့်နေရာတည့်တည့်သို့ ရောက်လာရမည်။

www.dhammaransi.com



ထိုအချိန်မှာပင် အနှစ်တစ်ရာပြည့်သဖြင့် လိပ်ကန်းကြီးကလည်း ရေပေါ်သို့ ပေါ်လာရမည်။"

"ထိုအခါ တစ်ပေါက်တည်းသာ ဖောက်ထားသော နွားလှည်းက ထမ်းပိုးပေါက်ထဲသို့ လိပ်ကန်းကြီး၏ဦးခေါင်းကလည်း ဝင်သွားရမည်၊ အဲသလိုဖြစ်ဖို့လွယ်ပါ့မလား အသင်မင်းကြီး"

"အရှင်ဘုရား မဖြစ်နိုင်အောင်ခဲယဉ်းလှပါတယ်"

"အသင်မင်းကြီး ထမ်းပိုးကလည်းရေထဲမှာ ဆွေးမသွားရင်၊ လိပ်ကန်းကြီးကလည်း မသေရင်၊ ထမ်းပိုးပေါက်ထဲ လိပ်ကန်းခေါင်း ဝင်သွားဖို့ရာ တစ်ခါမဟုတ်တစ်ခါတော့ ဖြစ်နိုင်ပါသေးတယ်"

"ငရဲကျသွားသူတစ်ယောက် လူပြန်ဖြစ်ဖို့ကတော့ အဲဒီဥပမာ ထက်အဆပေါင်းများစွာ ပိုမိုခဲယဉ်းပါတယ် အရှင်မင်းကြီး၊ အဲဒီလို ငရဲဘုံမှာ မလွတ်တန်းခံနေရပဲ့ သင့်လိုလူမျိုးဆီက ငါ့ရဲ့အကြွေး တစ်ထောင် ဘယ်လိုပြန်ရနိုင်မှာလဲ အရှင်မင်းကြီး "

"အရှင်ဘုရားတပည့်တော်နားလည်ပါပြီ၊ အမြင်လဲရှင်းပါပြီ မိစ္ဆာအယူကို စွန့်လွှတ်ပါတော့မယ်"

"ကောင်းလေစွ ကောင်းလေစွ အရှင်မင်းကြီး"

မှတ်ချက်။ ။ ဆက်စပ်မှုရှိနေသဖြင့် လူငယ်လူရွယ်များ ငရဲမှလွတ်ဖို့ ခဲယဉ်းပုံသိလွယ်ရန် ဗာလပဏ္ဍိတသုတ်ကိုပါထည့်သွင်း ရောစပ် ရေးသားခြင်းဖြစ်သည်။ ဤကားဇာတ်တော်၌လာသော ဇော (၇)ချက် အကျိုးပေးပုံ သေချာမသိသောကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်ပုံတည်း။ ယခုခေတ်၌လည်း ဇော(၇)ချက် အကျိုးပေးပုံ သေသေချာချာ မသိသော ကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်ပြီး ဘာသာပြောင်းသွားပုံကိုပြအံ့။

## အဖြေမကောင်း၊ဘာသာပြောင်း

လှိုင်မြို့နယ်၊ (၅)ရပ်ကွက်မှ ဈေးသည်မလေးတစ်ဦးသည် ဘာသာရေးလိုက်စားလာသည်နှင့် အမျှ သူမသိတတ်ခင်ကပြုခဲ့သော အကုသိုလ်များကို တွေးမိတိုင်း စိတ်ဆင်းရဲနေရှာ၏။ ပြုမိသောဒုစရိုက် မပြုမိသော သုစရိုက်တို့ကို တွေးမိတိုင်း စိတ်ဆင်းရဲခြင်းကို ကုက္ကုစ္စ ဖြစ်သည်ဟုခေါ်သည်။ အကုသိုလ်စေတသိက်တစ်မျိုးပင်ဖြစ်၏။

www.dhammaransi.com



ကြီးလေးသောအကုသိုလ်ကားမဟုတ်၊ အလေးမမှန်ခြင်း၊ လိမ်ပြောခြင်းတို့လောက်သာဖြစ်၏။ သူ၏သံသယကိုပယ်ဖျောက်နိုင်ရန် ဘာသာရေးကိစ္စများတွင် ဟိုစပ်စပ် ဒီစပ်စပ်ပါတတ်သော ဆိုင်နီးချင်း အမျိုးသားကြီးတစ်ယောက်ကို မေး၏။

" ဦးကြီး ကျွန်မတို့ဘာသာရေးအသိ နည်းစဉ်တုန်းက အလေးခိုးတာတို့ လိမ်ပြောတာတို့ ပြုခဲ့ဖူးပါတယ်၊ အခုဘာသာရေးကို နားလည်လာတဲ့အချိန်မှာတော့ မလုပ်တော့ပါဘူး၊ ကောင်းတဲ့အလုပ်တွေပဲလုပ်နေပါပြီ၊ အဲဒါဆိုရင် မသိတတ်ခင်က လုပ်ခဲ့မိတဲ့ မကောင်းမှုရဲ့ဆိုးကျိုးတွေက မလွတ်နိုင်ဘူးလား"

မေးသောသူသည် သာမန်ကာလျှံကာ မေးခြင်းမဟုတ် ဘဝသံသရာတစ်လျှောက်လုံးအတွက် တွေးခေါ်မျှော်မြင်ပြီး မေးခြင်း ဖြစ်၏။ သို့သော်ဖြေသူကား အလေးအနက်မထားဘဲ သာမန်ကာလျှံကာ ဖြေလိုက်၏။

"နင်မဟုတ်တာလုပ်ထားပြီးမှတော့ မဟုတ်တာခံရမှာပေါ့ ခုမှပျောက်ချင်လို့ဘယ်ရတော့မလဲ"

ထိုအဖြေကိုကြားလိုက်ရသောအခါ မိန်းကလေးသည် အားကိုးမဲ့သလိုဖြစ်သွား၏။ ဗုဒ္ဓဘာသာကိုလည်းအထင်သေးသွား၏။ သူမထံမှ စကားတစ်ခွန်းသာထွက်လာ၏။

"ဦးကြီးရယ် လောကမှာဖြစ်နေတဲ့ နှစ်ဖက်တိုက်ကြတဲ့ စစ်ပွဲတွေမှာတောင် တစ်ဖက်ကအလံဖြူပြပြီး ငြိမ်းချမ်းရေးယူလိုက်ရင်၊ တစ်ဖက်ကလည်း အပြစ်မယူဘဲ လိုက်လျောခွင့်လွှတ်သေးတာပဲ၊ သံသရာတစ်လျှောက်လုံးနဲ့ဆိုင်တဲ့ ဘာသာရေးကျတော့ အမှားကိုသိလို့ အမှန်ကိုပြင်တာတောင် ပြုခဲ့မိတဲ့အပြစ်တွေ ခွင့်မလွှတ်နိုင်ဘူးဆိုရင် ဒီဗုဒ္ဓဘာသာဟာ ကျွန်မတို့လို ပုဂ္ဂိုလ်တွေအတွက် ဘာမှအဓိပ္ပါယ် မရှိတော့ဘူး"

ထိုသို့ပြောပြီး နောက်တစ်နေ့မှာပင် ဘာသာခြားသို့ပြောင်းသွား၏။ ထိုဘာသာက လုပ်ခဲ့မိသောအပြစ်များကို ဘုရားထံခွင့်ပန်လိုက်လျှင် အပြစ်အားလုံးပျောက်သည်ဟု ဆွဲဆောင်ထားသည်။ အဖြေမကောင်း

www.dhammaransi.com



သည့်အတွက် မိန်းကလေးတစ်ယောက် ဘာသာပြောင်းသွားခဲ့လေပြီ။ ထို့ကြောင့်ဗုဒ္ဓဘာသာဝင်များ ဤဖြစ်ရပ်မှ သင်ခန်းစာယူရမည်မှာ ထိုကဲ့သို့ အရေးတကြီးထားပြီး မေးလာသောမေးခွန်းမျိုးကို မိမိကိုယ်တိုင်တဖက်သားနားလည်သဘောကျအောင် မဖြေနိုင်လျှင် ဖြေနိုင်သော လူပညာရှိ၊ ရဟန်းပညာရှိများထံ အရောက်ပို့ပေးရမည်ဟူသောအချက်ပင် ဖြစ်၏။

ယခုဖြစ်ရပ်ကဲ့သို့ပင် ပြည့်စုံရေလည်စွာ အဖြေမပေးတတ်မှုကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်သွားသော သီဟိုဠ်ကျွန်းမှ မင်းတစ်ပါးကို တွေ့ရသေး၏။ ယင်းမင်းသည် အယူမှားကို ယူသွားရုံပင်မကဘဲ ဗုဒ္ဓသာသနာကိုပင် ဖျက်ဆီးခဲ့သေး၏။ သာသနာနှစ် (၂၀၅၈)ခုနှစ်ခန့်က ပထမ ရာဇသီဟမင်းသည် ခမည်းတော်ကို သတ်ပြီး နန်းတက်သည်။

နောင်တွင် အသိတရားဝင်လာသဖြင့် သာသနာစောင့် မထေရ်ကြီး များထံချဉ်းကပ်ပြီး အဖသတ်သောကံပြေပျောက်ရန် အဘယ်ကုသိုလ် ကံပြုရပါမည်နည်းဟု လျှောက်၏။ မထေရ်ကြီးများက ပိတုဃာတကအဖ သတ်တဲ့ကံဆိုတာ အခြားမဲ့ဘဝမှာ အဝီစိကိုသေချာ ပေါက်ဆွဲချတဲ့ အနန္တရိယ ကံသာဖြစ်တယ်။ ဘယ်ကုသိုလ်နှင့်မျှ ပြေပျောက်အောင် မလုပ်နိုင်ဟု တုံးတိကြီးဖြေလိုက်၏။

ယင်းအဖြေသည် ပထမရာဇသီဟမင်းကို မိစ္ဆာဒိဋ္ဌိဘဝသို့ ရောက်စေသည့်အပြင် ဗုဒ္ဓသာသနာကို စိတ်နာသွားအောင် လုပ်လိုက်သကဲ့သို့လည်း ဖြစ်သွား၏။

ဤသာသနာသည် ငါပြုမိသည့် အဖသတ်ကံကိုပင် ပပျောက်အောင် မပြုလုပ်နိုင်၊ ဤသာသနာကိုထောက်ပံ့ချီးမြှင့်ခြင်းဖြင့် အကျိုးမရှိနိုင်ဟု တွက်ဆကာ မိစ္ဆာအယူကို ယူပြီးလျှင် သာသနာဘော်စောင့်ရဟန်းသံဃာများကို သတ်ဖြတ်ညှင်းဆဲခြင်း၊ အတင်းအကျပ်လူဝတ်လဲစေပြီး သာသနာတော်မှထွက်စေခြင်း။

စေတီပုထိုးများကို ဖျက်ဆီးခြင်း၊ ပိဋကတ်တော်များကို မီးတိုက်ခြင်း စသည်တို့ကိုပြုပြီး သာသနာတော်ကို ဖျက်ဆီးခဲ့သဖြင့် ထိုခေတ်အချိန်က သီဟိုဠ်သာသနာသည် အလွန်အားနည်းသွားခဲ့၏။ လှိုင်မြို့နယ်၊ (၅)ရပ်

www.dhammaransi.com



ကွက်မှ မိန်းကလေးနှင့် ပထမရာဇသီဟမင်းတို့သည် မပြည့်စုံသော အမှန်များနှင့် ကြုံကြရသောကြောင့် သူတို့အတွက် နစ်နာရခြင်း ဖြစ်၏။ သူတို့မေးသော မေးခွန်းများကို ပြည့်စုံမှန်ကန်အောင်ဖြေရလျှင် အကုသိုလ်ကံသည် လဟုကံ ပေါ့ပါးသော အကုသိုလ်ကံနှင့် ဂရုကံ လေးပင်သော အကုသိုလ်ကံဟု နှစ်မျိုးရှိ၏။ ဂရုကံ အကုသိုလ်ကံများမှာ

## ကြီးလေးသော အကုသိုလ်ကံများ

၁။ မာတုဃာတက - အမိသတ်သောကံ

၂။ ပိတုဃာတက - အဖသတ်သောကံ

၃။ အရဟန္တဃာတက - ရဟန္တာသတ်သောကံ

၄။ လောဟိတုပ္ပါဒက - ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုလုပ်သောကံ။

၅။ သံဃာဘေဒက - သံဃာသင်းခွဲသောကံ။

၆။ နိယတမိစ္ဆာဒိဋ္ဌိ - အယူမှားကို စွဲမြဲစွာယူသောကံ တို့ပင် ဖြစ်၏။

"လေးနံပါတ်၌ ဘုရားကိုသတ်သောကံဟု မဆိုဘဲ ဘုရားရှင်ကို သွေးစိမ်းတည်အောင်လုပ်သောကံဟုဆိုရခြင်းမှာ ဘုရားရှင်တို့ကို တစ်စုံ တစ်ယောက်ကမှ သတ်၍မရနိုင်သောကြောင့် သွေးစိမ်းတည်အောင်လုပ် သောကံဟု ဆိုခြင်းဖြစ်သည်။

## နိယတမိစ္ဆာဒိဋ္ဌိသည် သုံးမျိုးရှိသည်

၁။ အကြိယဒိဋ္ဌိ - အကြောင်းဖြစ်သော ကုသိုလ်၊ အကုသိုလ်ကို ပယ်ခြင်း။

၂။ နတ္ထိကဒိဋ္ဌိ - ကုသိုလ်၊ အကုသိုလ်၏ ကောင်းကျိုး ဆိုးကျိုးကိုပယ်ခြင်း။

၃။ အဟေတုကဒိဋ္ဌိ - ကုသိုလ် အကုသိုလ်နှင့် ကောင်းကျိုး ဆိုးကျိုး နှစ်မျိုးစလုံးကို ပယ်ခြင်းတို့ပင် ဖြစ်၏။

www.dhammaransi.com



ထိုဂရု(၆)ကံမျိုးမှတစ်ပါး ကျန်အကုသိုလ်ကံများကို လဟုကံဟု ခေါ်သည်။ လှိုင်မြို့နယ် (၅) ရပ်ကွက်မှ ကလေးမလေး၏ အကုသိုလ်ကံသည် လဟုကံသာဖြစ်၏။ ထိုလဟုကံ အကုသိုလ်များကို ဒါန၊ သီလ၊ သမထ၊ ဘာဝနာဟူသော လောကီကုသိုလ်ဖြင့် ဆိုးကျိုးပေးခွင့်မရအောင် တားနိုင်သည်။

သီဟိုဠ်ကျွန်းမှ ဒုဋ္ဌဂါမဏိမင်းကြီးသည် ဗုဒ္ဓသာသနာကို ဖျက်ဆီးနေကြသော ကျေးကုလားပေါင်း နှစ်သိန်းကျော်ကိုသတ်ဖြတ်ခဲ့ရ၏။ သီဟိုဠ် တစ်ကျွန်းလုံးကို အောင်မြင်၍ မင်းပြုသောအခါ ကျေးကုလားများကို သတ်ခဲ့ရသော အကုသိုလ်များကို တွေးမိပြီး စိတ်ဆင်းရဲရတော့သည်။

ဒုဋ္ဌဂါမဏိမင်းကြီး စားမဝင်၊ အိပ်မပျော်ဖြစ်နေသည်ကို သိသွားသော ပိယင်္ဂုကျွန်းမှ ရဟန္တာမထေရ်ကြီးရှစ်ပါးသည် မင်းကြီးထံ အရောက် ကြွလာကြပြီး အောက်ပါနှစ်ဂါထာကိုဟောခါ ယုံမှားသံသယကို ရှင်းလင်းပေးကြ၏။

**သဂ္ဂမဂ္ဂန္တရာယော စ၊**
**နတ္ထိ တေ တေန ကမ္မုနာ။**
**ဒိယဍ္ဎမနုဇာဝေတ္ထ၊**
**ယာတိတာ မနုဇာဒိပ။**

“မင်းကြီး ကျေးကုလားတို့ကို သတ်ဖြတ်မိသော အကုသိုလ်ကံသည် သင်မင်းကြီးအား နတ်ပြည်မရောက်အောင်၊ မဂ်ဖိုလ်မရအောင် မတားဆီးနိုင်ပါ။

သေသွားသည့် နှစ်သိန်းကျော်သော ကျေးကုလားတို့တွင် လူတစ်ယောက်နှင့် တစ်ခြမ်းလောက်သာ သတ်ရာရောက်သည်။

**သရဏေ သု ဋ္ဌိတော ဧကော၊**
**ပဉ္စသီလေပိ စာပရော။**
**မိစ္ဆာဒိဋ္ဌီ စ ဒုဿီလာ၊**
**သေသာ ပသုသမာ မတာ။**

သေသွားသောသူတို့တွင် လူတစ်ယောက်သည် သရဏဂုံသာ တည်၏။ လူတစ်ယောက်ကား သရဏဂုံ၊ ငါးပါးသီလနှစ်မျိုးစလုံးတည်၏။

www.dhammaransi.com



ထိုသူတို့မှ တစ်ပါး ကြွင်းသောသူတို့သည်ကား အယူမှားပြီး၊ သီလမရှိသူတို့သာဖြစ်၍ တိရစ္ဆာန်တို့နှင့်သာတူ၏။

သရဏဂုံသာတည်လျှင် လူတစ်ခြမ်း၊သရဏဂုံငါးပါးသီလနှစ်မျိုးလုံးတည်မှ လူတစ်ယောက်ဟုဆိုလို၏။ ထိုရှင်းလင်းချက်ကိုကြားရသောအခါတွင်မှ ဒုဋ္ဌဂါမဏိမင်းကြီးသည် ဝမ်းသာအားတက်သွားပြီး ဘုရားတည်၊ ကျောင်းဆောက်စသော ကုသိုလ်များကို ထက်သန်စွာပြုလုပ်သည်။ ဒါနကုသိုလ်စာရင်းများကို ပေရွက်တွင် မှတ်တမ်းတင်ထားစေပြီး မကြာ ခဏပြန်ဖတ်ကာ စာဂါနုဿတိကုသိုလ်ကိုယူလေ့ရှိ၏။

## ဒုဋ္ဌဂါမဏိကိုနတ်ပြည်သို့ပို့ပေးသောဒါန

ဒုဋ္ဌဂါမဏိမင်းကြီးသေခါနီးသောအခါ ဒါနစာရင်းကို အမတ်တစ်ယောက်အား ဖတ်စေပြီးနားထောင်သည်။ ညီတော်သဒ္ဓါတိဿမင်းနှင့်စစ်ဖြစ်စဉ်က စစ်ရှုံးပြီးတောထဲတွင် မြင်းတစ်စီး အပတ်တစ်ယောက်နှင့် ရှောင်ပုန်းနေစဉ် ပွဲတော်တည်ခါနီးတွင် နောက် ဆုံးကျန်နေသော ရိက္ခာကို မိမိအမက်မြင်းသုံးဦးအတွက် အညီအမျှ သုံးပုံပုံလိုက်၏။

ပြီးလျှင် ဦးဦးဖျားဖျား သံဃာအားမလှူဘဲ မစားတတ်သောအလေ့အထကြောင့် အလှူခံပုဂ္ဂိုလ်များရှိပါက ကြွရောက်လာရန် အမတ်အားသုံးကြိမ်တိုင်တိုင်ဟစ်ကြွေးပင့်လျှောက်စေသည်။ ထိုအသံကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားသွားသော ရဟန္တာအရှင်မြတ်တစ်ပါး ဒုဋ္ဌဂါမဏိမင်းကြီးကို ချီးမြှောက်ရန် ကြွလာပြီး ဆွမ်းရပ်သည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် မိမိစားမည့်အပုံကို မစားတော့ဘဲ အကုန်လှူဒါန်းလိုက်သည်။ ဆွမ်းကြီးလောင်း၊ ဆွမ်းကပ်၊ ဘုရားတည် ကျောင်းဆောက်၊ လမ်းပြင်၊ တံတားခင်းစသော ငွေကုန်ကြေးကျများပြားလှသော ကုသိုလ်များအနက် အခက်အခဲကြားမှလှူရသော စစ်အတွင်းက ဆွမ်းတစ်နပ်အလှူကိုသာ အားအရဆုံးဝမ်းအသာဆုံးဖြစ်ခဲ့သည်။ ထိုအလှူကို အာရုံပြု၍ စုတေခဲ့သဖြင့် လူသက်ဖြင့် (၅၇)ကုဋေအနှစ်ခြောက်သန်းအသက်ရှည်သော တုသိတာနတ်ဘုံသို့ရောက်ခဲ့သည်။

ဤကားလောကီဒါနကုသိုလ်ဖြင့် လဟုကံအကုသိုလ်များကို ဆိုးကျိုးပေးခွင့်မရအောင်တားဆီးထားနိုင်သော သာဓကပင်ဖြစ်၏။ သီလ၊

www.dhammaransi.com



သမထကုသိုလ်တို့ဖြင့် တားဆီးနိုင်ပုံသာစကေ များစွာပင်ရှိ၏။ စာလေးသွားမည်စိုး၍မပြတော့ပါ။ ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်ဖြင့်ဆိုလျှင် ကားပြုထားသည့်အကုသိုလ်ကံများသည် နောင်အခါလုံးလုံးအကျိုးပေးခွင့်မရအောင်ပျောက်သွား၏။

ရာဇဂြိုဟ်မြို့၌ တမ္ဗဒါဌိကအမည်ရှိသော လူမိုက်တစ်ယောက်ရှိ၏ တမ္ဗဒါဌိကဟူသည် နီသောမုတ်ဆိတ်ကျင်စွယ်ရှိသူဟု အဓိပ္ပါယ်ရ၏။ သူသည် သိတတ်သောအရွယ်မှစ၍ မကောင်းမှုမှန်သမျှ အကုန်လုပ်၏။ ဂရုကံအကုသိုလ် ၆ မျိုးသာလွတ်၏။

နှစ်အတန်ကြာသောအခါ တစ်ယောက်တည်းမိုက်ရတာအားမရသဖြင့် ဓားပြဂိုဏ်းကြီးတစ်ဂိုဏ်းထဲဝင်၏။ မျက်စေ့တစ်ဖက်လပ်ခြင်း၊ အမွှေးအမျှင်ပေါများခြင်း၊ ကိုယ်လုံးကိုယ်ထည်အဆမတန်ကြီးမားခြင်း၊ ခြေဖဝါးအပြားကြီးမားခြင်းစသောလက္ခဏာများကိုကြည့်၍ ဓားပြခေါင်းဆောင်က သူတို့အဖွဲ့ထဲသို့ဝင်ခွင့်မပေးခဲ့။

ဤကဲ့သို့သော လက္ခဏာများနှင့်ပြည့်စုံသောသူတစ်ယောက်သည် မိခင်ဖခင်၏လည်ချောင်းသွေးကိုပင်ဖောက်၍သောက်တတ်သည့် ရက်စက်ယုတ်မာသူမျိုးဖြစ်သည်။ အဖွဲ့သားအချင်းချင်းအပေါ် သစ္စာရှိဖို့၊ ကျေးဇူးသိဖို့ကား ဘယ်လိုမှမဖြစ်နိုင်ဟု ဓားပြခေါင်းဆောင်ကပြောလိုက်သေး၏။ သို့သော် တမ္ဗဒါဌိကကားစိတ်မာတ်ကျမသွား။

တစ်ဖို့သာကြည့်သော အတ္တသမားတို့မည်သည် မိမိအတွက်သာအကျိုးရှိမည်ဆိုလျှင် နည်းမျိုးစုံဖြင့် မရရအောင်ကြိုးစားတတ်၏။ ယခုလည်း တမ္ဗဒါဌိကသည် အတ္တသမားတစ်ယောက်သာဖြစ်ရကား ဓားပြဂိုဏ်းထဲဝင်ခွင့်ရရန် ဓားပြခေါင်းဆောင်၏ လက်ထောက်ထံဝင်ရောက်ချဉ်းကပ်၏။ လာဘ်ထိုး၏။ အနီးကပ်ပြုစု၏။

ကြာသောအခါ အားနာလာသောလက်ထောက်ကပင် အဖွဲ့ထဲဝင်ခွင့်ရရန် တာဝန်ခံသဖြင့် ဝင်ခွင့်ရသွား၏။ ဓားပြအဖွဲ့ထဲဝင်ခွင့်ရသွားခြင်းသည် တမ္ဗဒါဌိကအဖို့ ကန်တတ်သောမြင်းကိုချိုတပ်ပေးလိုက်သလိုပင် ဖြစ်၏။ အဖွဲ့၏ အားကိုရသွားသောအခါ မကောင်းမှုများကို အရင်ကထက် နှစ်ဆတိုးလုပ်၏။

www.dhammaransi.com



သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူတစ်ပါးသားမယားကို မတရားဖျက်ဆီးခြင်း၊ လိမ်ညာပြောဆိုခြင်း၊ သေရည်သေရက်သောက်ခြင်းဟူသော မကောင်းမှုများကိုလုပ်ရင်းဖြင့် သူနေရမည့်ဘဝတစ်သက်တာအချိန်များကို ကုန်လွန်စေ၏။ တစ်နေ့တွင်ကား သူတို့တစ်ဖွဲ့လုံးကို တပ်မတော်ကမိသွား၏။ အမှုစစ်ဆေးပြီးသောအခါ ဓားပြအဖွဲ့ဝင်ငါးရာလုံးခေါင်းဖြတ်သတ်ရန် သေဒဏ်အချခံရ၏။

အခက်အခဲဖြစ်လာသည်ကား ခေါင်းဖြတ်သတ်ပေးမည့် အာဏာသားမရှိခြင်းပင်ဖြစ်၏။ ထို့ကြောင့်တပ်မှူးများက ငါးကြင်းဆီဖြင့် ငါးကြင်း ပြန်ကြော်သည့်သဘောမျိုးဖြင့် ဓားပြခေါင်းဆောင်ထံ ချဉ်းကပ်၏။ သင်၏ အဖွဲ့သား (၄၉၉) ယောက်၏ခေါင်းများကိုဖြတ်သတ်ပေးလျှင် သင့်ကို သေဒဏ်ကလွတ်မည်။ အာဏာသားရာထူးကိုလည်း ပေးမည်ဟုဆိုကြ၏။ ဓားပြဖြစ်သော်လည်း အဖွဲ့သားများအပေါ် သစ္စာရှိသောခေါင်းဆောင်ကား ထိုအလုပ်ကို လက်မခံငြင်းဆန်လိုက်၏။

သူ့နည်းတူ တမ္ဗဒါဋ္ဌိကမှတစ်ပါး ကျန်သောအဖွဲ့သား (၄၉၈) ယောက်တို့ကလည်း ငြင်းကြမည်ဆိုသည်ကို အဖွဲ့ခေါင်းဆောင်က သေချာသိထား၏။ တမ္ဗဒါဋ္ဌိကကိုကား သူတာဝန်မခံနိုင်။ တမ္ဗဒါဋ္ဌိကဟူသော အမည်သည် အတ္တာဆန်ခြင်း၊ ရက်စက်ခြင်း၊ ယုတ်မာခြင်းဟူသော အမည်သုံးမျိုးကိုပေါင်းထားခြင်းဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင်သည် အရင်ကတည်းကသိထား၏။ ထို့ကြောင့်သူ၏ အဖွဲ့ထဲသို့ တမ္ဗဒါဋ္ဌိကကိုဝင်ခွင့်မပေးခဲ့ခြင်းဖြစ်၏။

ယခုလည်း သူထင်သည့်အတိုင်းဖြစ်လာခဲ့ပြီ။ တပ်မှူးသည် ဓားပြအဖွဲ့ဝင်များကို အချင်းချင်းပြန်သတ်ပေးနိုင် မပေးနိုင်ကို တစ်ယောက် ခြင်းမေးလာရာ ဓားပြခေါင်းဆောင်မှစ၍ ရေတွက်လျှင် (၄၉၉) ယောက်ရှိခဲ့ပြီ ပြန်သတ်မည်ဟုဖြေသူတစ်ယောက်မှမရှိသေး။ စစ်တိုက်နေသောအခါနှင့် ဒေါသဖြစ်နေသောအခါတို့တွင် သူသူကိုယ်ကိုယ်လူသတ်ရမှာ ဝန်မလေးကြပေ။

မည်သည့်ရန်ငြိုးရန်စမှမရှိသည့် လူတစ်ယောက်ကို သွေးအေးအေးဖြင့်သတ်ရမည့်အလုပ်ကား အတော်အတန်ရက်စက်သောလူတစ်

www.dhammaransi.com



ယောက်ပင်ပြုလုပ်ဖြစ်ဖို့မလွယ်ကူလှပေ။ နောက်ဆုံး တမ္ဗဒါဌိကအလှည့် အရောက်တွင်ကား ခေါင်းငြိမ့်လိုက်လေပြီ။ ပြီးလျှင် ခေါင်းဖြတ်သမားကြီးကိုကိုင်လျက် အဖွဲ့သား (၄၉၉) ယောက်တို့၏ခေါင်းတို့ကို ခဏခြင်း ဖြတ်ပစ်လိုက်၏။

ထိုနေ့မှာပင်အရပ်လေးမျက်နှာမှနောက်ထပ်မိလာသော ဓားပြ နှစ်ယောင်၏ခေါင်းတို့ကိုလည်းဖြတ်ခဲ့ပြန်၏။ ထိုနေ့မှစ၍သူသည် နှစ် ပေါင်း ၅၀ ခန့်ရာဇဝတ်သားတို့၏ ခေါင်းများကိုဖြတ်လာခဲ့ရာ သူ၏ အသက်ပင် ၇၀နားကပ်လာခဲ့ပြီ။ ထိုအချိန်ထိ သူတွင်ကုသိုလ်ဆို၍တစ် ကြိမ်မှမပြုခဲ့သေးပေ။

သွေးအားလေအားဆုတ်ယုတ်လာပြီဖြစ်သော တမ္ဗဒါဌိကသည် ရာဇဝတ်သားတို့၏ခေါင်းကိုဖြတ်သောအခါ အရင်လိုတစ်ချက်တည်းနှင့် မပြတ်တော့။ နှစ်ချက်သုံးချက်ဖြတ်နေရ၏။ ထိုအခါ ရာဇဝတ်သားတို့ မှာ နာကျင်သော ဝေဒနာကို မချိမဆန့်အကြာကြီးခံစားပြီးမှသေကြရ၏။ ထို့ကြောင့်ဆိုင်ရာပုဂ္ဂိုလ်များက တမ္ဗဒါဌိကကို အာဏာသားရာထူးမှ ချလိုက်ကြ၏။ ပင်စင်ပေးခြင်းဟုလည်းဆိုနိုင်၏။

ထိုပင်စင်ပေးသောနေ့သည်ကား တမ္ဗဒါဌိကသေရမည့်နေ့ပင် ဖြစ်၏။ နေ့လည်လောက်ဆိုလျှင် သူသေရတော့မည်၊ သူကားမသိ နောက်ဆုံးထုတ်ပေးလိုက်သော လခရိက္ခာလေးကိုကြည့်ကာ ဒါဟာ ငါ့အတွက် နောက်ဆုံးရတဲ့ငွေပဲ နောက်ထပ်ဒီလိုမရတော့ဘူး ဒီနောက် ဆုံးငွေကို ကောင်းကောင်းဟင်းချက်စားမယ်ဟုတွေး၏။

## တမ္ဗဒါဌိကနှင့်တူသော ပုထုဇဉ်များ

ပုထုဇဉ်လူသားအများစုသည် တမ္ဗဒါဌိကနှင့်တူ၏

**သတ္တိယာ ဝိယ ဩမဋ္ဌော၊**
**ဍယှမာနောဝ မတ္ထကေ၊**
**သက္ကာယဒိဋ္ဌိ ပဟာနာယ**
**သတော ဘိက္ခု ပရိဗ္ဗဇေ၊**

ချစ်သား ချစ်သမီးတို့ ရင်ဝ၌ လှံထိုးခံထားရသောသူ၊ ဦးခေါင်း၌မီးလောင်ခံနေရသောသူတို့သည် တခြားကိစ္စများကို ခဏထား၍ လှံ တို့ အမြန်ဆွဲနှုတ်၍ မီးကိုအမြန်ငြိမ်းရမည်သာဖြစ်၏။

www.dhammaransi.com



ထို့အတူ သတိရှိသောသူသည် အပါယ်မျိုးစေ့ဖြစ်သော ငါရှိသည်ဟူ၍ အယူမှားသည့်သက္ကာယဒိဋ္ဌိကိုပယ်ဖြုတ်ခြင်းငှာ ဝိပဿနာတရားကို အမြန်နာကြားအားထုတ်ရမည်ဖြစ်၏။

ဟုအရေးတကြီးမှာခဲ့သော်လည်း တမ္ဘဒါဠိကသည် သက္ကာယဒိဋ္ဌိ ပြုတ်ရန် ဝိပဿနာတရားကို နာကြားအားထုတ်ခြင်းမရှိဘဲ အစားနှင့် ပတ်သက်သော ကာမဂုဏ်ခံစားဖို့သာပြင်ဆင်နေ၏။ ထိုအတူ ပုထုဇဉ် လူသားအများစုသည်လည်း အပါယ်ဆွဲချမည့်ငါစွဲသက္ကာယဒိဋ္ဌိလုံးတံကြီး ကို နှုတ်ဖို့မကြိုးစားပဲ ကာမဂုဏ်ခံစားဖို့အတွက်သာကြိုးစားအားထုတ် နေကြ၏။

အံ့ဩစရာကောင်းသည်ကား ကာယကံရှင်ဖြစ်သော တမ္ဗဒါဠိ ကသည် မိမိသေမည်ငရဲကျမည်ကိုမသိသော်လည်း အဝေးမှာသီတင်း သုံးနေသော အရှင်သာရိပုတ္တရာကသိနေခြင်းပါတည်း၊ အတိတ်အကု သိုလ်ကံရှိသောကြောင့်သေမည့်ဘေးကားကယ်၍မရ။ ဝိပဿနာတရား ကိုနာလိုက်ရလျှင် ငရဲကျမည့်ဘေးမှကားလွတ်နိုင်စရာရှိသောကြောင့် သပိတ်သကန်းပြင်ကာ တမ္ဗဒါဠိကအိမ်ရှေ့သို့ဆွမ်းရပ်လိုက်၏။

ထိုအချိန်တွင် ချက်ပြုတ်ပြင်ဆင်ထားသော ထမင်းပွဲကြီးရှေ့ တွင် တမ္ဘဒါဠိကထိုင်နေလေပြီ။ စတင်စားသောက်ရန်လက်ဆေးလိုက် စဉ်မှာပင် အရှင်သာရိပုတ္တရာကိုမြင်သွား၏။ ထိုအခါကျမှ သူ့ဘဝ တစ်သက်တာတွင် တစ်ခါမှမတွေးဘူးသောအတွေးတစ်ခုကိုတွေးမိ၏၊

"ငါဟာအသက်(၇၀)နားသာနီးလာခဲ့တယ် ဘာကုသိုလ်တစ်ခုမှ မလုပ်ခဲ့ဘူးပါလား၊ ကြွလာတဲ့မထေရ်ကြီးဟာ ကြည်ညိုစရာကောင်းလိုက် တာ၊ ဒီတစ်ကြိမ်တော့ ဆွမ်းကျွေးတဲ့ကုသိုလ်ကိုရအောင်ယူလိုက်တော့ မယ်" ဟူသော အတွေးနှင့်အတူ မထေရ်၏သပိတ်ကိုသွားယူကာ အိမ် ထဲပင့်ပြီး ဆွမ်းကပ်လှူလိုက်၏။

ဆွမ်းကိစ္စပြီးသည်နှင့် အရှင်သာရိပုတ္တရာက ဝိပဿနာတရား ကိုစတင်ဟောကြား၏။ မြင်ခိုက် ကြားခိုက် နံခိုက်၊ စားခိုက်၊ ထိခိုက်၊ တွေးကြံသိခိုက်တွင် ငါ သူတစ်ပါးယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိဘဲ ခန္ဓာငါးပါး၊ တစ်နည်း ရုပ်နာမ်နှစ်ပါးသာဖြစ်ပြီး ပျက်သွားခြင်း

www.dhammaransi.com



ဖြစ်သည်ဟု ရုပ်နှင့်နာမ်ကို ပိုင်းပိုင်းခြားခြားသိသွားသော ဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်ဟုခေါ်၏။

ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးကိုလည်း ဗြဟ္မာ၊ ဝိဿနိုး၊ ထာဝရဘုရားစသည်တို့က ဖန်ဆင်းသည်မဟုတ်၊ခန္ဓာဒုက္ခကို မသိသောအဝိဇ္ဇာ၊ ခန္ဓာကိုလိုချင်သော တဏှာ၊ ကုသိုလ် အကုသိုလ်ကိုပြုခြင်းဟူသော ကံ၊ ဤသုံးပါးကြောင့်သာဖြစ်ရခြင်းဖြစ်သည်ဟု ခန္ဓာဖြစ်ခြင်း၏အကြောင်းကိုသိမ်းဆည်း၍ သိသောဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟုခေါ်၏။

ထိုဉာဏ်နှစ်ပါးကိုရသောသူကို စူဠသောတာပန်ဟုခေါ်၏ အပါယ်သို့မကျတော့ပေ။ ယင်းအဓိပ္ပါယ်ကိုရည်၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌

**ဣမိနာ ပန ဉာဏေန သမန္နာဂတော ဗုဒ္ဓသာသနေ**
**လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော**
**စူဠသောတာပန္နော နာမ ဟောတိ**

ဟုဖွင့်ပြခြင်းဖြစ်၏။ ဤဉာဏ်နှစ်ပါးလောက်ကိုကား ရုပ်နာမ်အပေါ်အယူမှားပျောက်အောင် ဟောပေးနိုင်သော ဆရာထံကတရားနာရုံနှင့်ပင်ရနိုင်၏။ အရှင်သာရိပုတ္တရာက ထိုဉာဏ်နှစ်ပါးရအောင် စတင်ဟောပေးနေခြင်းဖြစ်၏။ သို့သော် တမ္ဗဒါဌိကကား တရားအပေါ်ကိုစိတ်မဝင်စားဖြစ်နေ၏။ စိတ်မဝင်စားလျှင် ဟောနေသောတရားအဓိပ္ပါယ်ကို နားမလည်နိုင်။ နားမလည်လျှင် ငါ့ခွဲဒိဋ္ဌိမကွာနိုင်။

ငါ့ခွဲဒိဋ္ဌိမကွာလျှင် ဉာဏ်နှစ်ပါးကိုမရ၊ ဉာဏ်နှစ်ပါးကိုမရလျှင် စူဠသောတာပန်မဖြစ်၊ စူဠသောတာပန်မဖြစ်လျှင် အပါယ်တံခါးသည် မပိတ်နိုင်တော့၊ ထို့ကြောင့် တမ္ဗဒါဌိကတရားအပေါ် စိတ်မဝင်စားခြင်းအကြောင်းကိုမေးမြန်းရ၏။

"ဒကာကြီးတရားအပေါ် ဘာကြောင့်စိတ်မဝင်စားတာလဲ"

"မှန်ပါ တပည့်တော်ဟာ သိတတ်တဲ့အချိန်ကစပြီး အကုသိုလ်တွေချည်းလုပ်ခဲ့တာ အခုအချိန်တိုင်အောင်ပါပဲဘုရား ပြီးတော့ တပည့်တော် သတ်ခဲ့တာတွေက လူတွေချည်းပဲဆိုတော့ ဒီအပြစ်တွေပြန်ခံရရင် မချိမဆန့်မလွတ်တမ်းခံရမှာပါဘုရား"

"ဒီအပြစ်တွေအကြောင်းတွေးမိပြီး စိတ်ဆင်းရဲတာကြောင့် တရားအပေါ်စိတ်မဝင်စားနိုင်အောင်ဖြစ်နေတာပါဘုရား"

www.dhammaransi.com



အကုသိုလ် ဂရုကံဖိပါးမှလွတ်သည့်အတွက် တရားရနိုင်သော ကြောင့် အရှင်သာရိပုတ္တရာက ဝိပဿနာတရားကိုဟောပေးခြင်းဖြစ်၏။ တမ္ဗဒါဌိကကား ထိုသို့နားမလည်၊ သူလုပ်ခဲ့သော အကုသိုလ်ကံများသည် အပါယ်ငရဲသို့သာဆွဲချမည် မည်သည့်ကုသိုလ်နှင့်မျှတားၡ၍မရဟုထင်နေ၏။ ထို့ကြောင့် တရားအပေါ် စိတ်မဝင်စားနိုင်ခြင်းဖြစ်၏။ ထိုအခါ တမ္ဗဒါဌိက တရားရဖို့အတွက် အရှင်သာရိပုတ္တရာပရိယာယ်သုံးတော်မူရ၏။

"ဒကာကြီး ရာဇဝတ်သားတွေကိုသတ်တဲ့အခါ ဘုရင်ကခိုင်းလို့ သတ်တာလား ကိုယ့်ဖာသာသတ်ချင်လို့သတ်တာလား"

"ဘုရင်ကခိုင်းလို့သတ်ရတာပါဘုရား"

"ဘုရင်ကခိုင်းလို့သတ်ရတာဆိုရင် ဒကာကြီးမှာအပြစ်ရှိပါဦး မလား"

ထိုသို့မေးလိုက်သည်နှင့် တမ္ဗဒါဌိကသည် သူလိုရာဆွဲတွေးလိုက် ၏။ "ဒီလိုဆိုရင်ခိုင်းတဲ့ဘုရင်သာအပြစ်ရှိတာပဲ၊ ငါ့မှာအပြစ်မရှိနိုင်တော့ ဘူး"ဟု တွေးမိပြီး စိတ်ကြည်လင်သွား၏။ ထို့ကြောင့်

"အရှင်ဘုရားတပည့်တော်စိတ်တွေကြည်လင်သွားပါပြီ ဝိပဿ နာတရားကို ဆက်လက်ဟောကြားတော်မူပါ၊ ကောင်းစွာနာယူပါ့မည်"

ဟုလျှောက်၏ အမှန်ကား သူ့တွင်သတ်ဖြတ်သောအကုသိုလ် အပြစ်များရှိသည်သာဖြစ်၏။ သူစိတ်ဆင်းရဲပြီး တရား၌စိတ်မဝင်စား မည် စိုးသောကြောင့် "ဘုရင်ခိုင်းလို့သတ်ရတာဆိုရင် ဒကာကြီးမှာအပြစ် ရှိ ပါဦးမလား"ဟု ပရိယာယ်ဖြင့်ပြောခြင်းသာဖြစ်၏။ မုသားဖြစ်မည်စိုး သောကြောင့် အပြစ်မရှိဟု တိုက်ရိုက်မပြောခြင်းဖြစ်၏။

တရားအဆုံးတွင်ကား တမ္ဗဒါဌိကသည် နာမရူပပရိစ္ဆေဒဉာဏ် နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင် ရရှိသွား၏။ စူဠ သောတာပန်ဖြစ်သွား၏။ ဓမ္မပဒအဋ္ဌကထာ၌ကား

**သောတာပတ္တိမဂ္ဂဿ ဩရတော၊**

**အနုလောမိကဉာဏံ။**

ဟု ဖွင့်ပြ၏။ အဓိပ္ပာယ်ကား သောတာပတ္တိမဂ်၏ အောက်နား က အနုလောမိကဉာဏ်ကို ရသွားပြီဟု ဆိုခြင်းဖြစ်၏။ သောတာပတ္တိ

www.dhammaransi.com



မင်ကိုကားမရ။ စူဠသောတာပန် ပုထုဇဉ်အဆင့်လောက်သာ ရသွားပြီဟု ဆိုခြင်းနှင့် အတူတူပင်။

**မှတ်ချက်။** ။ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင် သိမြင်ရန် ကျွန်ုပ်ရေးသားသော မဂ်တားဖိုလ်တား အန္တရာယ်များ စာအုပ်ကို ဖတ်ရှုနိုင်သည်။ ဤကိုယ်ရေး မှတ်တမ်း ကျမ်းကြီး၌ကား ကျွန်ုပ်နှင့် ဝိပဿနာဟူသောအခန်းကျမှ အကျယ်ရေး သားမည်ဖြစ်သည်။

တရားဆုံးသည်နှင့် အရှင်သာရိပုတ္တရာမြန်ကြွရာ တမ္ဗဒါဌိကက အတော်လှမ်းလှမ်းရောက်အောင်လိုက်ပို့သည်။ တမ္ဗဒါဌိက၏စိတ် အစဉ်သည် ဝိပဿနာတရားတန်ခိုးကြောင့်ကြည်လင်စင်ကြယ်နေ၏။ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမပုဂ္ဂိုလ်သတ္တဝါဟူသည်မရှိ၊ ဖောက်ပြန်ပြောင်း လဲနေသော ရုပ်နှင့်အာရုံကိုသိတတ်သောနာမ်သာရှိသည်ဟူ၍ ရင်ထဲ တွင် အမြင်ရှင်းလင်းသွား၏။

စိတ်အစဉ်တွင် အယူမှားဒိဋ္ဌိတစ်လုံးစင်သွားသည်နှင့် ရုပ်တရားသည် အလွန်ကြည်လင်နေ၏။ အရှင်သာရိပုတ္တရာအားပို့ပြီးပြန် အလာတွင် လမ်း၌ ဘီလူးမတစ်ကောင်နှင့်ဆုံမိ၏။ ထိုဘီလူးမကား တမ္ဗဒါဌိကနှင့် ဘဝဆက်ရှိသူတစ်ယောက်ပင်ဖြစ်၏။ ကောင်းသောဘဝ ဆက်ကားမဟုတ်၊ ရန်စရန်ငြိုးဘဝဆက်ရှိသူပင်ဖြစ်၏။

အရင်ဘဝတစ်ခုတွင် ဘီလူးမကပြည့်တန်ဆာဖြစ်နေ၏။ တမ္ဗဒါဌိကအလောင်းက ကြမ်းတမ်းရက်စက်သော ယောကျ်ားတစ်ယောက် ဖြစ်နေ၏။ ထိုယောကျ်ားသည် ပြည့်တန်ဆာမကိုပေါင်းဖော်ပြီးလျှင် ရက်စက်စွာ သတ်ဖြတ်၍ လက်ဝတ်တန်ဆာများကို သိမ်းယူသွားခဲ့၏။ ထိုပြည့်တန်ဆာမသည် ယခုဘဝတွင် ဘီလူးမလာဖြစ်၏။ ကြမ်းတမ်း သော ယောကျ်ားက တမ္ဗဒါဌိကလာဖြစ်၏။

ဘီလူးမက တမ္ဗဒါဌိကကိုမြင်လည်းမြင်၏။ အရင်ဘဝကရန်သူ ဟောင်းမှန်းလည်းသိ၏။ တမ္ဗဒါဌိကကား ဘီလူးမကိုမြင်လည်းမမြင် ရန်သူဟောင်းမှန်းလည်းမသိ ဘီလူးမဘက်ကအခွင့်အရေးသာချင်တိုင်း သာနေ၏။ ထို့ကြောင့် နွားတစ်ကောင်ကိုဝင်ရောက်ပူးကပ်ပြီးလျှင် တမ္ဗဒါဌိကကို အပြေးဝင်ခွေ့လေတော့၏။

www.dhammaransi.com



တမ္ဗဒါဌိကကားမည်သို့မျှ မကာကွယ်နိုင်တော့ဘဲ လပ်းပေါ်မှာ ပင်သေပွဲဝင်ခဲ့ရ၏။ သို့သော် သေခါနီးအချိန်က နာကြားခဲ့ရသော ဝိပဿနာ တရားကောင်းကျိုးကြောင့် လူသက်ဖြင့်နှစ်ပေါင်း (၅၇)ကုဋေ အနှစ် ခြောက်သန်း အသက်ရှည်သည့် တုသိတာနတ်ဘုံသို့ရောက်ခဲ့ရ၏။ ဓမ္မပဒအဋ္ဌကထာတွင်ကား တမ္ဗဒါဌိကသေဆုံးပြီး နတ်ပြည်ရောက်သည့် အခန်းလောက်သာပါ၏။

နတ်ပြည်မှာ သောတာပန်တည်မတည် စသော သုံးသပ်ချက် များမပါပေ။ ကျွန်ုပ်သည် ထိုအချက်ကို သိလိုသဖြင့် ပိဋကတ်တွင် ရှာ ကြည့်ရာ တမ္ဗဒါဌိကကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင် ရပြီးသောသူများသည် နတ်ပြည်၌သောတာပန် တည်နိုင်ကြောင်းဘုရားဟောထားသည်ကိုတွေ့ရ၏။ဤနေရာ၌နတ်ပြည် ရောက်အောင်ပို့ပေးသော ကုသိုလ်တို့၏ထူးခြားချက်ကို ခွဲခြားဆန်းစစ် ပြအံ့။ ဒါနကုသိုလ်၊ သီလကုသိုလ်ကနတ်ပြည်ပို့ပေးခြင်းသည် နတ်စည်း စိမ်ကိုခံစားဖို့အတွက်သာဖြစ်၏။ မဂ်ဖိုလ်ရဖို့မပါပေ။

ဝိပဿနာကုသိုလ်ကနတ်ပြည်သို့ပို့ပေးခြင်းကား မဂ်ဖိုလ်ကို ချက်ခြင်းရစေဖို့အတွက်အဓိကဖြစ်၏။ စည်းစိမ်ခံစားဖို့က အဓိကမဟုတ် တော့ပေ။ ဝိပဿနာတရားကိုနာကြားအားထုတ်လိုက်သည့်အတွက် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးကိုရသွားသော သူ သည် သောတာပတ္တိမဂ်ကိုရရန် လက်တစ်ကမ်းသာလိုတော့၏။

ပါရမီမရင့်ကျက်သေးခြင်း။ မဂ်တားဖိုလ်တား အန္တရာယ်ငါးပါး တစ်ပါးပါးငြိနေခြင်းဟူသောအကြောင်းတစ်ခုခုကြောင့်သာ ယခုလူ့ဘဝ တွင် မဂ်ဖိုလ်မရခြင်း ဖြစ်၏။ ထို့ကြောင့် ယခု လူ့ဘဝကသေသည်နှင့် နောက်ဘဝတွင် မဂ်ဖိုလ်ကိုရဖို့ ဝိပဿနာကုသိုလ်တွင်တာဝန်ရှိနေ၏။

အကယ်၍ လူ့ဘဝမှ သေပြီး လူ့ဘဝသို့သာပြန်ရောက်မည်ဆို လျှင် မဂ်ဖိုလ်ကိုမြန်မြန်ရဖို့မလွယ်ကူ။ မိခင်ဝမ်းထဲဆယ်လ စောင့်ရမည်။ မွေးပြီးသောအခါ ဝိပဿနာတရားကို နားလည်သည့်အရွယ်ရောက် အောင် (၇)နှစ်စောင့်ရမည်။ နာကြားအားထုတ်ထားသော ဝိပဿနာ ကုသိုလ်က ထိုသို့အဖြစ်မခံနိုင်၊ နောက်ဘဝရောက်ရောက်ခြင်း မကြာမီ အချိန်အတွင်း မဂ်ဖိုလ်ရဖို့သူ့တွင် တာဝန်အပြည့်ရှိ၏။

www.dhammaransi.com



သို့အတွက် ရောက်ရောက်ခြင်းမဂ်ဖိုလ်ရနိုင်မည်ဘုံကို ကြည့်လိုက်သောအခါ နတ်ဘုံကိုတွေ့သွား၏။ နတ်ဘုံသည်ဥပပါတ်ပဋိသန္ဓေဖြစ်သောကြောင့် ကိုယ်ဝန်ဆောင်နေရသည်မဟုတ်၊ အမျိုးသားကနတ်သားဖြစ်မည်ဆိုလျှင် အသက် (၂၀) အရွယ်ဘွားကနဲတန်းဖြစ်၏။ အမျိုးသမီးက နတ်သမီးဖြစ်မည်ဆိုလျှင် (၁၆)နှစ်အရွယ်တန်းဖြစ်၏။

ထို့ကြောင့် နတ်ပြည်သို့ရောက်ရောက်ခြင်း လူ့ဘဝက နာကြားအားထုတ်ခဲ့သော ဝိပဿနာတရားကို ဆင်ခြင်ကြည့်လိုက်သည်နှင့် ချက်ခြင်းသောတာပန်တည်ကြခြင်းဖြစ်၏။ ဤနေရာ၌ ဝိပဿနာတရားကို နာကြားအားထုတ်နေကြသူများအားတက်ဖွယ်ကောင်းသည့် အင်္ဂုတ္တိုရ်ပါဠိတော်မှ သောတာနုဂတသုတ်အဓိပ္ပါယ်ကိုပြဆိုပါအံ့။

## နတ်ပြည်၌မဂ်ဖိုလ်ရပုံလေးမျိုး

၁။ သောတာနုဂမန

၂။ ဝစသာပရိစယ

၃။ မနသာနုပေက္ခန

၄။ ဒိဋ္ဌိယာ သုပ္ပဋိဝေဓ

၁။ သောတာနုဂမနသည် ပထမဆင့်ဖြစ်၏။ ဗုဒ္ဓဓမ္မကို နားယဉ်အောင်နာကြားခြင်းဖြစ်၏။

၂။ ဝစသာပရိစယသည် ဒုတိယဆင့်ဖြစ်၏။ ဗုဒ္ဓဓမ္မကို နှုတ်ပါးစပ်ဖြင့် လေ့ကျင့်ခြင်းဖြစ်၏။

၃။ မနသာနုပေက္ခနသည် ဗုဒ္ဓဓမ္မကို စိတ်ဖြင့်ရှုမြင်ခြင်းဖြစ်၏။

နှုတ်ဖြင့် ရွတ်ဖတ်ကျက်မှတ်ထားသော ဘုရားဟောတရားတော်ကို စိတ်ဖြင့် ကြံစည်သုံးသပ်သူအား ထိုထိုအရာဌာနများ၌ ထင်ရှားလာ၏။ ထွန်းညှိထားသော မီးရောင်အောက်ရှိ ရုပ်ဝတ္ထုတစ်ခုခုကဲ့သို့ပေါ်ထင်လာ၏။ ဤသည်ပင်လျှင် ဗုဒ္ဓဓမ္မကို စိတ်ဖြင့် ရှုမြင်ခြင်းဖြစ်၏ ဟူ၍အဋ္ဌကထာကဆိုထား၏။

၄။ ဒိဋ္ဌိယာသုပ္ပဋိဝေဓသည် စတုတ္ထဆင့်ဖြစ်၏။ ဗုဒ္ဓဓမ္မတည်းဟူသော ဘုရားဟောတရားတော်ကို ဉာဏ်အမြင်ဖြင့် ထိုးထွင်း

www.dhammaransi.com



သိမြင်ခြင်းဖြစ်၏။ အနက်အဓိပ္ပါယ်အားဖြင့်လည်းကောင်း၊ အကြောင်းအကျိုးအားဖြင့်လည်းကောင်း၊ ဉာဏ်ပညာဖြင့်ထိုးထွင်းသိမြင်ခြင်းသည် ဉာဏ်ဖြင့်ထိုးထွင်းသိမြင်ခြင်းဖြစ်၏ဟူ၍ အဋ္ဌကထာဆရာကဆိုထား၏။

သောတာနုဂမနစသောနည်းများဖြင့် ဗုဒ္ဓဓမ္မကို လေ့ကျက်ထားသောသူများသည်

၁။ သေခါနီးရောဂါပြင်းထန်၍ ဘုရားမေ့ တရားမေ့ဖြင့် သေသွားသည့်တိုင်အောင် အပါယ်သို့မကျဘဲ နတ်ပြည်သို့ရောက်ရှိကာ ကိုယ့်ဟာကိုယ်အလျှင်အမြန်တရားရ အရိယာဖြစ်သွား၏။

၂။ ကိုယ့်ဟာကိုယ်တရားထူးမရပါက အရှင်မဟာမောဂ္ဂလန်ကဲ့သို့သော တန်ခိုးကြီးရဟန္တာမထေရ်တစ်ပါးပါးက နတ်ပြည်တက်လာပြီး ဟောကြားသည့်တရားကို ကြားနာရသောအခါ လူ့ဘဝတုန်းကငါတို့ကျင့်ကြံအားထုတ်ခဲ့တဲ့ တရားဟာ ဒီတရားမျိုးပေပဲဟူ၍ သတိရကာ အလျင်အမြန်တရားထူးရ အရိယာဖြစ်၏။

၃။ ထိုနည်းနှစ်မျိုးဖြင့် တရားထူးမရလျှင် ပဉ္စာလစဏ္ဍာဟတ္ထကဗြဟ္မာ၊ သနင်္ကုမာရဗြဟ္မာအစရှိသော ဓမ္မကထိကနတ်သားတစ်ဦးဦးက ဟောကြားသည့်တရားကို ကြားနာရသောအခါ လူ့ဘဝကတရားကို ပြန်အမှတ်ရ၍ ချက်ခြင်းအရိယာဖြစ်တတ်သည်။

၄။ ထိုနည်းသုံးမျိုးဖြင့် အရိယာမဖြစ်လျှင် လူ့ဘဝက အတူတကွ တရားအားထုတ်ဖက် နတ်သားချင်း တွေ့ပြီး တရားအကြောင်း ဆွေးနွေးမိရာမှလည်း အရိယာဖြစ်သွားတတ်ကြသည်။

ဤကား ဝိပဿနာကုသိုလ်ဖြင့် အကုသိုလ်လဟုကံများကိုတားဆီးနိုင်ပုံသာဓကဖြစ်၏။ မဂ်ဖိုလ်ကုသိုလ်ဖြင့် အကုသိုလ်ကံများကိုအမြစ်ဖြတ်ပယ်သတ်နိုင်ပုံကား ထင်ရှားလှ၏။ အင်္ဂုလိမာလသည် လူပေါင်းထောင်ကျော်သတ်ခဲ့သော်လည်း မဂ်ဖိုလ်ကိုရသွားသည်နှင့်အပါယ်ချမည့်အကုသိုလ်ကံများအကုန်လွင့်ပျောက်သွားခဲ့၏။

ဤကားလှိုင်မြို့နယ် (၅)ရပ်ကွက်မှ မိန်းကလေး၏မေးခွန်းကို အကျယ်ဖြေဆိုခြင်းဖြစ်၏။ ဖခင်ကိုသတ်မိသော ပထမရာဇသီဟမင်း၏ မေးခွန်းကိုဖြေရလျှင် အဖသတ်ကံမှာ ဂရုကံဖြစ်သည့်အတွက် နောက်ဘဝတွင် အပါယ်ငရဲသို့ကျမည်ကားသေချာ၏။ အဝီစိငရဲထိကျမည်ဖြစ်၏။ ကုသိုလ်တရားမဆည်းပူးဘဲနေလျှင် ငရဲ၌ ပိုမိုကြာမြင့်စွာ ခံရမည်ဖြစ်၏။

www.dhammaransi.com



အဇာတသတ်မင်းသည် သောတာပန်ဖခင်ကိုသတ်မိခဲ့ခြင်းပင် ဖြစ်သော်လည်း ဗုဒ္ဓစကားနားထောင်ပြီး ကုသိုလ်တရားများဆည်းပူးခဲ့သောကြောင့် အဝီစိငရဲထိမကျတော့ဘဲ လောဟကုမ္ဘီခေါ် သံရေပူအိုးငရဲငယ်လောက်သာကျတော့၏။ အဆိုးနှင့်ကြုံနေရသောအခါတွင် မိမိထက်ဆိုးသောသူကိုလှမ်းကြည့်တတ်လျှင် အတန်ငယ်သက်သာသွားတတ်၏။

ထို့ကြောင့် ပထမရာဇသီဟမင်းသည် မိမိထက်ဆိုးသော သူကိုကြည့်ရမည်။ ပဉ္စာနန္တရိယကံငါးပါးထက်ဆိုးသောကံကား နိယတမိစ္ဆာဒိဋ္ဌိကံပင်ဖြစ်၏။ ကုသိုလ် အကုသိုလ် ဟူသည် မရှိ။ ကောင်းကျိုးဆိုးကျိုးဟူသည်မရှိဟုယူသော အယူကို နိယတမိစ္ဆာဒိဋ္ဌိခေါ်ကြောင်း ရှေ့ပိုင်းကရှင်းခဲ့ပြီဖြစ်၏။ ပဉ္စာနန္တရိယကံရှိသူရော နိယတမိစ္ဆာဒိဋ္ဌိရှိသူရောနှစ်ဦးလုံး အဝီစိသို့ကျကြမည်သာဖြစ်၏။

**မှတ်ချက်။** ။အဝီစိငရဲသက်သည် ဝိဝဋ္ဋဌာယီ တစ်ကပ်အသက်ရှည်သည်။ နှစ်ဖြင့်ရေတွက်၍မရအောင်ရှည်လျားလွန်းသဖြင့် ကပ်ဖြင့် ရေတွက်ရခြင်းဖြစ်သည်။

အဝီစိငရဲသို့ရောက်ပြီးမကြာမီမှာပင် ကမ္ဘာပျက်လျှင် ပဉ္စာနန္တရိယကံ ကျူးလွန်သူသည် ငရဲမှလွတ်၏။ နိယတမိစ္ဆာဒိဋ္ဌိရှိသူကားမလွတ်။ ဤကမ္ဘာပျက်လျှင် တခြားမပျက်သောကမ္ဘာက အဝီစိငရဲ၌ခံရသည်။ ခံစရာအဝီစိငရဲမရှိလျှင် စကြာဝဠာသုံးခု၏ အလယ်ကြားအရပ်၌ရှိသော လောကန္တရိက်ငရဲသို့ကျရောက်ရ၏။ ထိုအရပ်သည် နေရောင်မရောက်သောကြောင့် အမြဲမဲမှောင်နေ၏။

နိယတမိစ္ဆာဒိဋ္ဌိငရဲကောင်များ၏ ခန္ဓာကိုယ်သည် (၆)မိုင်ခန့်ကြီးမား၏။ လင်းနို့ကြီးများကဲ့သို့ စကြာဝဠာနံရံကိုတွယ်ကပ်နေရ၏။ အစာမစားရသဖြင့် အမြဲဆာလောင်မွတ်သိပ်နေ၏။ မမြင်မစမ်းဖြင့် ကုတ်ကပ်သွားလာရင်း တစ်ကောင်နှင့်တစ်ကောင်ထိမိကြလျှင် အစာမှတ်ပြီး အတင်းခုန်အုပ်ကိုက်ခဲကြ၏။

ထိုအခါ နှစ်ကောင်လုံး စကြာဝဠာအောက်ကရေပြင်ထဲသို့ ကျသွား၏။ နေအပူရှိန်ကို ကမ္ဘာပေါင်းများစွာမရသဖြင့် ရေများသည်

www.dhammaransi.com



အအေးဓါတ် (သီတတေဇော)အား ကြီးလွန်းရကား ကျလာသောငရဲကောင်တို့၏ကိုယ်သည် တစ်ခဏတာအတွင်း တစ်စစီဖြစ်ကာပျောက်သွား၏။ ထိုသို့သေပြီးသည်နှင့် အကုသိုလ်မကုန်သေးရကား ကြောငွေနံ့ရုံတွင်နောက်တစ်ကြိမ်ငရဲကောင်ပြန်ဖြစ်ရပြန်သည်။

ဤနိယတမိစ္ဆာဒိဋ္ဌိရှိသူနှင့်စာလျှင် အဖသတ်ကံသည် အနည်းငယ်သက်သာသေးကြောင်းကိုရှင်းပြရပေမည်။

## ကုသိုလ်ပထမဇောအကျိုးပေးပုံ

ဤအခန်း၌ ဗုဒ္ဓဘာသာဝင်များအယူမှားမဖြစ်ရေးအတွက် ကုသိုလ်ဇော (၇)ချက် အကုသိုလ်ဇော (၇)ချက်အကျိုးပေးပုံများကို အတိအကျထုတ်ပြတော့မည်ဖြစ်သည်။ ကုသိုလ်လုပ်လုပ် အကုသိုလ်လုပ်လုပ် ဇောစေတနာ (၇)ချက်စောသည်။ ထို (၇)ချက်တို့တွင် ပထမဇောက ယခုဘဝအကျိုးပေးသည်။ ဒိဋ္ဌဓမ္မဝေဒနီယကံဟုခေါ်၏။

အကျိုးပေးချိန်မှာ မပေးရလျှင် ပျက်သွားသည်လည်းရှိ၏။ ထိုသို့အကျိုးပေးခွင့်မရဘဲ ပျက်သွားသောကံကို အဟောသိကံဟုခေါ်၏၊ ဒါနစေတနာပထမဇောအကျိုးပေးပုံကိုပြအံ့။ လွန်ခဲ့သော နှစ်ပေါင်း ၈၀ (၁၉၂၀)ခန့်က ကိုသက်ရှည်အမည်ရှိအမျိုးသားတစ်ဦးသည်မြစ်ငယ်မှ မန္တလေးဈေးချိုသို့လာ၍ အသီးအနှံဟင်းသီးဟင်းရွက်များကို နေ့စဉ်ရောင်းချသည်။

သားဖြစ်သူ မောင်ကျော်ကိုပါ အကူအညီခေါ်လာလေ့ရှိသည် တစ်ကျပ်တစ်ပြားကို ပင်ပင်ပန်းပန်းရှာကြရသည်။ ထို့ကြောင့် စီစီစစ်စစ်သုံးကြသည်။ မဖြစ်မနေသုံးရသော အသုံးသာရှိ၏။ အပိုဖြုန်းခြင်းမရှိ။

ကြီးမြတ်သူဟူသမျှတို့
ယူကြသည့်မြတ်နေရာ၊
ရှောင်တစ်ခင်ခုချက်ခြင်း
လျှင်းမရပါ။
များသူတို့အိပ်နေရာ
ညခါပင်သူမနား၊

www.dhammaransi.com



အမြင့်ကိုသူမြင်လို့၊
သူ့အစဉ်နှစ်ဆတိုးလို့ရယ်
ကြိုးကုပ်လေသား။

(မြောင်းမြ ပဋ္ဌာနတာရဲ့ ဘာသန္တရဇွယ်စုံပညာရှင် ကမ္ဘာ့သာသနာပြု ဦးဉာဏိက (အင်္ဂလန်))

လောကီရေးမှာဖြစ်စေ လောကုတ္တရာရေးမှာဖြစ်စေ ကြီးကျယ်မြင့်မြတ်အောင်မြင်သူတို့၏ နေရာကို ခဏချင်းမရောက်နိုင်။ အဘယ့်ကြောင့်နည်း။ ထိုကြီးမြတ်နေသူများသည် အမြင့်ကိုမျှော်မှန်းပြီး သူတစ်ပါးအိပ်ချိန်မှာပင် နှစ်ဆတိုးကာ ကြိုးစားနေသူများဖြစ်ခြင်းကြောင့်ဟူ၍ အထက်ပါကဗျာလေးကဆိုလိုပေသည်။

ထိုကဗျာလေးနှင့်အညီ ဦးသက်ရှည်တို့သားအဖသည် အလုပ်ကို သူများထက်နှစ်ဆကြိုးစား၏။ နောင်တစ်ချိန်တွင် ပွဲရုံတောင်ပြီးကြီးပွားအောင်လုပ်ရန်လည်း ရည်ရွယ်ချက်ရှိ၏။ ထို့ကြောင့် အရင်းအနှီးအတော်အတန်စုမိသောအခါ ပွဲရုံအလုပ်အကြောင်းကိုအောက်ခြေမှစ၍ ပိုင်ပိုင်နိုင်နိုင်သိထားရန် ပွဲရုံတစ်ရုံတွင် သားအဖနှစ်ယောက်လုံး အလုပ်ဝင်လုပ်ကြ၏။ ကြီးပွားတိုးတက်ချင်သူလူငယ်များအတုယူရန် အချက်ပင်ဖြစ်၏။

လုပ်ငန်းတစ်ခုအကြောင်းကို
လေ့လာရုံနှင့်သေချာမသိနိုင်၊
လုပ်ကြည့်မှသာသေချာသိနိုင်သည်၊

ဟူသော အတွေးအခေါ်လေးတစ်ခုကို ဦးသက်ရှည်က ယခုခေတ်လူငယ်များအား လက်ဆင့်ကမ်းခဲ့ခြင်းပင်ဖြစ်၏။ ထို့ပြင်

လုပ်ငန်းတစ်ခုအကြောင်းကိုသေချာ
မသိဘဲ ငွေရှိရုံတစ်ခုနှင့်
လုပ်ဆောင်ခဲ့လျှင် အောင်မြင်ဖို့ထက်
ရှုံးဖို့ရာ ကိုးဆယ်ရာခိုင်နှုန်းသေချာသည်။

ဟူသောဒဿနတစ်ခုကိုလည်း ထပ်ဆင့်ထုတ်ယူနိုင်သေး၏။

www.dhammaransi.com



## ကားကြောင့်ဒုက္ခရောက်ရသူ

ရွှေပြည်သာမြို့နယ်မှ ကျွန်ုပ်၏ ဆွမ်းဒကာတစ်ဦးသည် နိုင်ငံခြားသင်္ဘောလိုက်ရာမှ ငွေအတော်စုမိသောအခါ ရွှေပြည်သာ ဖာင်းစိန်ပြေးသော လိုင်းကားတစ်စီးထောင်မည်ဖြစ်ကြောင်း ကျွန်ုပ်ကို အသိပေး၏။ ထိုအခါ ကျွန်ုပ်က

"ဒကာကြီး ကားအကြောင်း၊ လိုင်းအကြောင်း၊ ဒရိုင်ဘာ စပယ်ရာတွေအကြောင်းသေချာလေ့လာပြီးပြီလား။"

"ဘာမှမလေ့လာရသေးဘူးဘုရား"

"ဒါဆို ဒကာကြီးက ဘယ်သူ့အားကိုးနဲ့လုပ်ဖို့စိတ်ကူးမိတာလဲ"

"ကားမောင်းတဲ့အသိတစ်ယောက်က သူအားလုံးတာဝန်ယူပြီး လုပ်ပေးမယ်ဆိုလို့ဘုရား။"

"ဒကာကြီးသူတစ်ပါးအားကိုးပြီးလုပ်ရတဲ့အလုပ်ဆိုတာ အောင်မြင်ဖို့ရာထက် ရှုံးဖို့ရာက ရာခိုင်နှုန်းပိုများတယ်၊ ဥပမာဗျာ ဒကာကြီးက ကားစက်ပစ္စည်းတွေအကြောင်းဘာမှမသိတော့ မရိုးသားတဲ့ ဒရိုင်ဘာက စက်ပစ္စည်းအကောင်းစားတွေဖြုတ်ရောင်းပြီး အညံ့စားတွေထည့်ထားမယ်တဲ့ ကားကိုမြင်နေရပေမယ့် ဒကာကြီးဘာမှမသိနိုင်ဘူး"

"ပြီးတော့ ရတဲ့ ငွေတွေအကုန်မအပ်ဘဲချန်ထားမယ်ကဲ့ ဒကာကြီးဘယ်လိုလုပ်မလဲ၊ ဒါ့ကြောင့် ကျေးဇူးရှိတဲ့ ဆွမ်းအလှူရှင်တွေမို့ ဦးပဥ္ဇင်းအကြံပေးချင်တာက ကိုယ်ကိုယ်တိုင်နားမလည်တဲ့အလုပ်တစ်ခုကို သူတစ်ပါးအားကိုးပြီး ငွေတွေပုံအောမလုပ်ပါနဲ့၊ ဝါသနာပါလို့လုပ်ချင်တယ်ဆိုရင်လည်း သူတစ်ပါးအလိမ်မခံရအောင် ကားအကြောင်းစက်အကြောင်း ဒရိုင်ဘာအကြောင်းတွေကို အရင်နားလည်အောင် လေ့လာပါဦးလို့ ဆိုချင်တာပါပဲ။

စကားအဆုံးတွင် ဒကာကြီးအတော်တွေဝေသွားသည်၊ သူ သည် ထိုအချက်များကို တစ်ခါမှစဉ်းစားမိဟန်မတူ၊ အတန်ကြာမှ သူသည် မျက်နှာသေကလေးနှင့် . . .

"တပည့်တော် အဲဒါတွေ မစဉ်းစားမိဘူးဘုရား၊ စောစောကသာ ဒီလိုသိရင် တပည့်တော်နောက်ဆုတ်ပါတယ်ဘုရား၊ အခုတော့ ကားဝယ်ဖို့ စရံသတ်ပြီးသွားပြီဘုရား၊"

www.dhammaransi.com



ကားဝယ်ပြီးသည်နှင့် ကျွန်ုပ်ထင်သည့်အတိုင်းပင်ဖြစ်ချေပြီ။ စစခြင်းဆောက်နှင့်ထွင်းသည်ကား ကားပွဲစား၏ ခပ်များများလိုးဖြတ်သွားမှုကြောင့် အင်ဂျင်ကျနေသောကားကိုပင် ဈေးကြီးပေးပြီးဝယ်လိုက်ရသည်။

လိုင်းစဆွဲသည်နှင့် ကားကဆန္ဒပြလာသည်၊ နှစ်ရက်ဆွဲပြီးသည်နှင့် ငါးရက်လောက်ကပြန်ပြင်နေရသည်။ ခြောက်လခန့်ရှိသည်နှင့် ပြန်ပြင်ရသည့်ငွေမှာ နောက်ထပ်ကားတစ်စီးစာနီးပါးလောက်ဖြစ်သွားသည်။ (၁) နှစ်တာ သဘော်လိုက်ခဲ့သောငွေများအတောင်ပေါက်ပျံသွားကြလေပြီ။

နောက်ဆုံး မတတ်နိုင်တော့၍ ပြန်ရောင်းသောအခါတွင် ကားဈေးကမတရားအနှိမ်ခံရပြန်၏။ ထိုမှနောက်၌ကား ယင်းဒုက္ခကြီးလည် ကားလုပ်ငန်းအကြောင်းလုံးဝပါးစပ်မဟတော့ပေ။

## တရုတ်များစီးပွားရေးအောင်မြင်ခြင်း၏အကြောင်း

တရုတ်လူမျိုးများတွင် ဆင်းရဲသူအတော်ရှားသည်၊ လုပ်ငန်းကြီးတစ်ခုထူထောင်ပြီဆိုလျှင်လည်း အောင်မြင်သွားကြသူသာများ၏။ အဘယ့်ကြောင့်နည်း။ မိမိလုပ်သောလုပ်ငန်းဖအကြောင်းကို အောက်သတ်ကြေသောကြောင့်ဖြစ်၏။ လုပ်ငန်းကြီးကြီးလုပ်နေသောတရုတ်ကြီးများသည် သူတို့၏ သားများကို မန်နေဂျာကဲ့သို့အမြင့်ဆုံးရာထူးနေရာများသို့ တန်းခန့်ထားခြင်းမရှိချေ။

အောက်သတ်ကြေရန်ဟူသော ရည်ရွယ်ချက်ဖြင့် အောက်ဆုံးအလုပ်ကြမ်းသမားနေရာမှစ၍ ခိုင်းထားသည်။ ထိုသားများ လူကြီးနေရာ ရောက်လာသောအခါ အောက်တန်းမှစ၍ လုပ်ခဲ့ရသဖြင့် အောက်လူများ၏ လိမ်ညာမှုကိုမခံရခြင်း၊ လုပ်ငန်းကိုဘက်ပေါင်းစုံ ထောင့်ပေါင်းစုံမှ မြင်နိုင်သဖြင့် အကောင်းဆုံးဖြစ်အောင်ပြုပြင်နိုင်ခြင်းအကျိုးများကိုရသဖြင့် ကြီးပွားတိုးတက်မှုကို သေချာပေါက်ရကြခြင်းဖြစ်၏။

ယခုလည်း သူများပွဲရုံမှာ အောက်ခြေသိမ်းမှစ၍လုပ်သဖြင့် ဦးသက်ရှည်သည် ပွဲရုံအကြောင်းကို ကမှအအထိ ကျွမ်းကျွမ်းကျင်ကျင်သိသွား၏၊ သစ္စာရှိခြင်း၊ ကြိုးစားခြင်း၊ ရိုးသားခြင်း၊ စေတနာမေတ္တာ

www.dhammaransi.com



ထားခြင်းများသည် ကြီးပွားချမ်းသာစေနိုင်သော ပင်မအချက်ကြီးများ ပင်ဖြစ်၏။ နှစ်အတန်ကြာသောအခါ ပွဲရုံပိုင်ရှင်ကိုယ်တိုင်ကပင် လို အပ်သောအရင်းအနှီးအချို့ကိုထုတ်ပေးကာ ဦးသက်ရှည်တို့သားအဖ အား ကိုယ်ပိုင်ပွဲရုံခွဲထောင်ပေးခဲ့၏။

ထိုမှတစ်ဆင့် တဖြည်းဖြည်းနှင့် ကြီးပွားလာရာ ဘာသာရေး အခြေခံရှိသော ဦးသက်ရှည်က သားဖြစ်သူမောင်ကျော်အား ယခုလို ပြောပြ၏။

"သားရေ အဖေတို့မှာ အလွန်ဆင်းရဲတဲ့လောကမံကို ကြုံခဲ့ ကြရတယ်။ ဒါဟာ ဘာ့ကြောင့်လဲဆိုရင် ဒါနမရှိခဲ့ဘဲ့အတွက်ကြောင့်ပဲ မရှိလို့မလှူ မလှူလို့မရှိဆိုတဲ့စကားဟာ အင်မတန်မှန်တယ်၊ ဒါ့ကြောင့် ဒီနေ့ကစပြီး လှူနေကျ ဆွမ်းအလှူကင်မကဘဲ ပစ္စည်းလေးပါးအလှူထဲ မှာ ကုသိုလ်အကြီးမားဆုံးဖြစ်တဲ့ကျောင်းအလှူကိုလှူကြမယ်။"

ထိုသို့တိုင်ပင်ပြီး ကျောင်းလှူရန်ဟူသော ရည်ရွယ်ချက်ဖြင့် စီး ပွားရေးကို ပို၍ ကြိုးစား၏။ သားမယားအတွက်တစ်ခုတည်းကိုသာရည် မှန်းပြီးရှာဖွေသောစီးပွားရေးထက် သာသနာအတွက်ပါ ရည်မှန်းပြီး ရှာဖွေသော စီးပွားရေးသည် ပို၍အောင်မြင်၏၊ အဘယ့်ကြောင့်နည်း သာသနာအပေါ်ထားလိုက်သော စေတနာက ထူးခြားစွာအကျိုးပေးခြင်း ကြောင့်ပါတည်း။

ကုန်ရှုံးတော့တစ်ခေါက်
လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်
ဆရာကုန်ရှုံးတော့တစ်သံသရာလုံးမှောက်

ဟူသော စကားကို အလေးအနက်ထားသော ဦးသက်ရှည်သည် သံသရာအတွက် ဆရာကောင်းကိုရွေးနိုင်ခဲ့၏။ သူ၏ ငယ်ဆရာကား မြို့ပြင်ကြီးသင်္ဂြိုဟ်အဘိဓမ္မာကျမ်းကိုရေးခဲ့သော မြို့ပြင်ကြီး ဆရာတော်ပါတည်း။

ကြည်ညိုရာမှာ အများသံယာ
ကိုးကွယ်ရာမှာ ရွေးချယ်ပါ

ဟူသောစကားသည် ဆရာကောင်းကိုရွေးချယ်ရန်သတိပေးနေ ၏။ ဗုဒ္ဓဘာသာပီပီ ရဟန်းသံယာကို တွေ့လျှင် ကြည်ညိုရမည်သာဖြစ်

www.dhammaransi.com



၏။ ခွမ်းနိုင်သမျှ လှူဒါန်းရမည်သာဖြစ်၏။ သို့သော် သံသရာတစ်လျှောက်လုံးအတွက် ဆရာမှတ်မှတ် သမားမှတ်မှတ် ကိုးကွယ်ဘော့မည်ဆိုလျှင်ကား ရွေးချယ်ရတော့မည်ဖြစ်၏။

ဗုဒ္ဓလက်ထက်က မက္ခလိဂေါသာလ၊ ပူရာဏကဿပ၊ နိဂဏ္ဌနာဋပုတ္တ၊ အဇိတကေသကမ္ဗလ၊ သဉ္စယဗေလဋ္ဌပုတ္တဟူသော တိတ္ထိကြီးများကို ဆရာတင်မှားကြသောသူများသည် အဝီစိငရဲ၌ မလွတ်တန်းခံနေကြရပေပြီ။ သံသရာတွက် ဆရာရွေးနည်းကို ပယာဖေဝဠ်မန်လည်ဆရာတော်က . . .

## ဆရာကောင်းဂုဏ်အင်္ဂါ ၇ ပါး

ရှိသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်
လွဲမိုက်ဆုံးမ မေးသမျှခံ
မမွဲနက်နဲ၊ ဟောနိုင်မြဲ၍
ကျိုးနဲမတန်း ခုနှစ်ခန်းနှင့်
ပြည့်လျှမ်းညီညာ ဤဆရာ
ဖွေရှာတပည့်ခံ။
ဟူ၍ ရေးစပ်တော်မူခဲ့၏
သံသရာဆရာဖြစ်ထိုက်သောသူမှာ၊

၁။ ရှိသေထိုက်သောဂုဏ်၊
၂။ ချစ်ခင်ထိုက်သောဂုဏ်၊
၃။ ချီးမွမ်းထိုက်သောဂုဏ်၊
၄။ လွဲနေမိုက်နေသည်ကိုတည့်မတ်ဆုံးမနိုင်သောဂုဏ်၊
၅။ မေးလာသမျှကိုဖြေဆိုပေးနိုင်သောဂုဏ်၊
၆။ နက်နဲသောရုပ်တရားနာမ်တရားများကို ဒိဋ္ဌိပြုတ်အောင် ဟောပေးနိုင်သောဂုဏ်၊
၇။ အကျိုးရှိရာကိုညွှန်ပြနိုင်သောဂုဏ်၊

(၇)မျိုးနှင့်ပြည့်စုံရမည်ဟုဆိုလို၏။ မြို့ပြင်ကြီးဆရာတော်ကားယင်းဂုဏ် (၇)မျိုးနှင့်ပြည့်စုံပေ၏။ ကျောင်းလှူချင်သော စေတနာနှင့်ကြီးစားသောကြောင့် လုပ်ငန်းမှာအောင်မြင်၍လာရာ ကျောင်းတစ်

www.dhammaransi.com



ကျောင်းဆောက်လှူလောက်သည်အထိ ငွေကြေးပြည့်စုံလာသည်နှင့် ယေဆရာ၏ကျောင်းဝိုင်းထဲတွင် ကျောင်းဆောက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မြို့ပြင်ကြီးဆရာတော်ကိုသွားလျှောက်၏။

မြို့ပြင်ကြီးဆရာတော်က

"မောင်သက်ရှည် ဒါနပြုတော့မယ်ဆိုရင် တကယ်လိုအပ်နေတာလည်းဖြစ်ရမယ်၊ သာသနာ့အတွက်လည်း ကျေးဇူးများရမယ်၊ ဒီနှစ်ချက်ကို အဓိကထားပြီးလှူတတ်ရတယ်၊ လိုအပ်တဲ့နေရာမှာ လှူလိုက်တဲ့အတွက် ကာလဒါနဖြစ်သွားပြီးဖြစ်ရာဘဝအကျိုးပေးတဲ့အခါ ပထမအရွယ်ငယ်ငယ်လေးကတည်းကချမ်းသာခြင်းဆိုတဲ့ အကျိုးထူးတစ်ခုကိုပိုရတယ်။"

"သာသနာ့အတွက်ကျေးဇူးများတဲ့နေရာဆိုတာကတော့ ပရိယတ်ပဋိပတ်တစ်ခုခုကို တကယ်ကြိုးစားအားထုတ်နေတဲ့ ကျောင်းတိုက်တွေပဲပေါ့၊ ငါ့ကျောင်းဝိုင်းထဲမှာ ကျောင်းလာဆောက်ရင် သံဃာမှမရှိဘဲနဲ့ မင်းကျောင်းကြီးဟာ အလှပြထားသလိုပဲ ဖြစ်နေမှာပေါ့"

"ဒါဆိုရင် ဘယ်ကျောင်းတိုက်မှာသွားဆောက်ရမလဲဘုရား"

"ပန္တလေးဘုရားကြီးတိုက်ဟာ စာသင်သားသံဃာတွေသိပ်များတယ်၊ ကျောင်းလဲမလုံလောက်ဘူး၊ သံဃာတွေဟာကျပ်ကျပ်တည်းတည်းဆင်းဆင်းရဲရဲနေနေကြရတယ်၊ ဒါကြောင့် ဘုရားကြီးတိုက်မှာသွားဆောက်ပါ"

ဆရာကောင်းတပည့်ပီသသော ဦးသက်ရှည်ကလည်း မြို့ပြင်ကြီးဆရာတော်၏လမ်းညွှန်ချက်အတိုင်း ဘုရားကြီးတိုက်မှာပင် သွပ်မိုးပျဉ်ကာနှစ်ထပ်ကျောင်းဆောင်တစ်ခုဆောက်လုပ်လှူဒါန်းခဲ့သည်၊ ရဟန်းအချို့မှာ များသောအားဖြင့် ကိုယ့်ဘက်သာလျှင် မနာလိုခြင်းဣဿာနှင့် ကိုယ်ပစ္စည်းလေးပါးပေါများသလို တခြားရဟန်းကိုမပေါများစေလိုခြင်း မစ္ဆရိယအဖြစ်များကြ၏။

ယခုမြို့ပြင်ကြီးဆရာတော်သည်ကား သူတစ်ပါးပစ္စည်း လေးပါးပေါများသည်ကို ဣဿာမစ္ဆရိယဖြစ်ဖို့နေနေသာသာ မိမိရမည့် ကျောင်း

www.dhammaransi.com



ကိုပင်မယူဘဲ တခြားကျောင်းတိုက်သို့ လှူဒိုင်းနိုင်သောသူတော်ကောင်း စိတ်ဓာတ်သည်ကား အင်မတန်မှ အံ့ဩချီးကျူးဖွယ်ရာကောင်းလှပေ၏။

## အတုယူစရာထေရ်ဆရာနှစ်ပါး

မြို့ပြင်ကြီးဆရာတော်နည်းတူ အတုယူဖွယ်ကောင်းသော ဆရာတော်တပါးရှိသေး၏။ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး ပါတည်း။ တစ်ခါတွင် မန္တလေးမြို့မှ ဗန္ဓုလဦးဆိုင်က ဆရာတော်သီတင်းသုံးသော မင်းကွန်းဓမ္မာနာဒ ကျောင်းတိုက်ထဲတွင် နှစ်ထပ်တိုက်ကြီး တစ်လုံး ဆောက်လှူချင်ကြောင်း လာလျှောက်၏။

ဆရာတော်က လက်မခံဘဲ တကယ်လိုအပ်နေသည့် ရွှေရေးဆောင်စာသင်တိုက် အလယ်ကျောင်းကြီးကိုသာပြင်ဆင်ဆောက်လုပ်စေပါသည်။ ဗန္ဓုလဦးဆိုင်ကလည်း ဆရာတော်ဆန္ဒအတိုင်းပြင်ဆင်ဆောက်လုပ်ပေးခဲ့သည်။ သို့သော် ဣဿာမစ္ဆရိယကင်းစင်လှသောဆရာတော်၏ စိတ်ဓာတ်ကိုကြည်ညိုလွန်းလှသဖြင့် ပူဇော်သည့်အနေဖြင့် ဓမ္မာရုံကြီး တစ်ခုကိုကား ဓမ္မနာဒတိုက်ထဲတွင် ဆောက်လုပ်လှူဒါန်းခဲ့၏။ ဤနေရာ၌ ဆက်စပ်နေသဖြင့် ဣဿာမစ္ဆရိယဆိုးကျိုးများကို အနည်းငယ်ထုတ်ပြမည်ဖြစ်၏။

အပြင်မှလာသော ရန်သူကိုရှောင်ကွင်းရန်လွယ်ကူသော်လည်း မိမိစိတ်တွင်းမှလာသော ရန်သူကိုကား ရှောင်ကွင်းရန်ခဲယဉ်း၏။ ဣဿာမစ္ဆရိယသည် မိမိစိတ်တွင်းမှလာသောရန်သူဖြစ်၏။ထိုဣဿာ မစ္ဆရိယ၏ ဆိုးကျိုးများကို ညောင်တုန်းမြို့ ရွှေဟင်္သာတောရ စတုတ္ထစံကျောင်း ဆရာတော်ဘုရားကြီးက

## အတွင်းရန်သူ

ဣဿာမစ္ဆေ နှစ်ထွေဟီန<br>
ထိုဓမ္မတို့ ကျရောက်ကိန်းခို၊<br>
ယင်းပုဂ္ဂိုလ်ကား ထိုဤကာလ၊<br>
ဘဝစဉ် မရကောင်းကျိုး။

www.dhammaransi.com



မတိုးဂုဏ်သိန်၊ အရှိန်မဲ့ကင်း၊
ဆင်းရဲတွင်းသို့၊ သက်ဆင်းတတ်ပေ၊
သို့ဖြစ်ထွေကြောင့်၊ အရှည်မျှော်ထောက်၊
ဆင်းရဲကြောက်၍၊ အောက်အပါယ်ဝင်၊
ကင်းလိုလတ်မူ သတ္တုရန်နှစ်၊
ဆိုးအညစ်ကို အရစ်အရုံ၊
ပူးမခံဘဲ တွန်းလှန်ပယ်ခွင်း၊
ပြုထိုက်လျှင်းသည် အတွင်းရန်သူပါတကား။
မင်းရန်သူပါတကား။
ဟု ဖွဲ့ဆိုသတိပေးတော်မူခဲ့၏။

မနာလိုခြင်းနှင့်ဝန်တိုခြင်းတရားများကို မိမိသန္တာန်၌ လက်ခံလိုက်သည်နှင့် ရရှိမည့်ကောင်းကျိုးများကိုမရရှိတော့။ တိုးတက်မည့်ဂုဏ်သိမ်များရပ်တန့်သွားသည်။ အရှိန်သြဇာများကျဆင်းသွားသည်၊ ဖြစ်ရာဘဝဆင်းရဲခြင်းသို့လည်းရောက်ရသည်။ အပါယ်လေးပါးသို့လည်း လားရသည်။ ထို့ကြောင့်အတွင်းရန်သဖွယ်ဖြစ်သော ဣဿာမစ္ဆရိယတရားနှစ်ပါးကို မိမိသန္တာန်တွင် အပူးအကပ်မခံရအောင်ဂရုစိုက်ပါဟု ဖော်ပြပါလင်္ကာလေးက သတိပေးလိုခြင်းဖြစ်၏။

## လွယ်သောကရုဏာ ခက်သောမုဒိတာ

ပုထုဇဉ်လူသားအများစုသည် ကိုယ့်အောက်နိမ့်သော ဒုက္ခရောက်နေသူကိုတွေ့လျှင် ကရုဏာဖြစ်ဖို့လွယ်ကူသလောက် စီးပွား၊ ဥစ္စာရာထူး၊ အာဏာ ပညာကိုယ့်ထက်သာသူကိုတွေ့လျှင် မုဒိတာဖြစ်ဖို့ကားအင်မတန်မှ ခဲယဉ်းကတ်ကြ၏။ အဘယ့်ကြောင့်နည်း၊ ဣဿာမစ္ဆရိယဟူသော သံယောဇဉ်နှစ်ပါးသည် ပုထုဇဉ်လူသား၏ သန္တာန်၌အနုသယအနေဖြင့် အစဉ်ကိန်းအောင်းနေသောကြောင့်ပါတည်း။

ယမ်းမီးခြစ်ဘေးတွင် ကပ်ထားသော ယမ်းပြားထဲတွင်လည်းမီးမပါ၊ မီးခြစ်ဆံခေါင်းထဲတွင်လည်း မီးမပါ၊ သို့သော် ထိုနှစ်ခုပွတ်တိုက်မိသည်နှင့် မီးထတောက်လာခြင်းမှာ မီးတောက်စေနိုင်သော သဘော

www.dhammaransi.com



သတ္တိရှိနေခြင်းကြောင့်ဖြစ်၏။ အနုသယကိလေသာမှန်သမျှကို ထို့အတူ မှတ်အပ်၏။ ထို့ကြောင့် ပုထုဇဉ်လူသားသည် ကိုယ့်အောက်နိမ့်သူများ တန်းတူများနှင့် ပေါင်းသင်းဆက်ဆံရသောအခါ ဣဿာမစ္ဆရိယသည် မပေါ်ဘဲနေသဖြင့် မရှိဘူးဟုပင်ထင်ရ၏။

ကိုယ့်ထက်သာသောသူကိုတွေ့သောအခါတွင်မှ မနာလိုခြင်းနှင့် ဝန်တိုခြင်းတို့သည် ဘွားကနဲပေါ်လာတတ်၏။ အကြောင်းမတိုက်ဆိုင်လျှင် မရှိသကဲ့သို့ ငြိမ်သက်နေတတ်ပြီး အကြောင်းတိုက်ဆိုင်သောအခါတွင်မှ ရုတ်တရက်ပေါ်လာတတ်ခြင်းသည် အနုသယ၏ပင်ကိုယ်သဘောဖြစ်၏။ ကိုယ်နှုတ်ဖြင့်လွန်ကျူးလာသော ဝီတိက္ကမ ကိလေသာကို သီလဖြင့် သတ်နိုင်သည်။

စိတ်ထဲတွင် ထကြွသောင်းကျန်းလာသော ပရိယုဋ္ဌာနကိလေသာကို သမာဓိဖြင့် သတ်နိုင်သည်။ စိတ်အစဉ်တွင် ကိန်းဝပ်နေသော အနုသယ ကိလေသာကိုကား မဂ်ပညာဖြင့်သတ်မှရသည်။ ဤ၌သံယောဇဉ်ဆယ်ပါးကို မဂ်လေးပါးက အသီးသီးပယ်သတ်ပုံကိုသိအပ်၏။

### သံယောဇဉ်ဆယ်ပါးကိုမဂ်ပယ်သတ်ပုံ

၁။ ရုပ်နာမ်နှစ်ပါးကို ငါးစုပြုထားသော မရပ်မနားဖြစ်ပျက်နေသည့် ပရမတ်ခန္ဓာငါးပါးကို ငါ့ခန္ဓာဟု အယူမှားခြင်းကို ဒိဋ္ဌိ သံယောဇဉ်ဟုခေါ်၏။

၂။ ထိုတကယ်မရှိသောငါကို အရင်တုန်းကဖြစ်ခဲ့သလား၊ အခုလည်းဖြစ်ဆဲလား၊ နောင်လည်း ဖြစ်ဦးမှာလားဟု မဝေခွဲနိုင်ဘဲ ယုံမှားသံသယဖြစ်နေခြင်းကို ဝိစိကိစ္ဆာသံယောဇဉ်ဟုခေါ်၏။

၃။ နွားလို ခွေးလိုကျင့်မှ ကိလေသာစင်ကြယ်မည်ဟု အယူမှားခြင်းကို သီလဗ္ဗတပရာမာသသံယောဇဉ်ဟုခေါ်၏။

၄။ ကိုယ့်ထက်သာသောသူများအပေါ် မနာလိုဖြစ်ခြင်းကို ဣဿာသံယောဇဉ်ဟုခေါ်၏။

၅။ အရာဝတ္ထုအားလုံးကိုယ်ရသလို သူများမရစေလိုခြင်းကို မစ္ဆရိယသံယောဇဉ်ဟုခေါ်၏။

www.dhammaransi.com



သောတာပတ္တိမဂ်သည် ယင်းသံယောဇဉ် ငါးမျိုးကို အကြွင်းမဲ့ပယ်သတ်သည်။

၆။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ကာမဂုဏ်ငါးပါး၌ တပ်မက်စွဲလမ်းခြင်းကို ကာမရာဂ သံယောဇဉ်ဟုခေါ်၏။

၇။ စိတ်ဆိုးခြင်း အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း အာဃာတ ထားခြင်းကို ပဋိဃသံယောဇဉ်ဟုခေါ်၏။ ဖေါ်သနှင့် အတူတူယင်းနှစ်ပါးကို သကဒါဂါမိမဂ်က အကြမ်းစား လောက်သာပယ်သည် အနာဂါမိမဂ်က အကြွင်းမဲ့ ပယ်သတ်သည်။

၈။ ငါရှိ ငါသိ ငါတတ် ငါမြတ်ဟု မထောင်လွှားတက်ကြွခြင်းကို မာနသံယောဇဉ်ဟုခေါ်၏။

၉။ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဟုဆိုအပ်သောဘဝ သုံးပါး ကိုတပ်မက်မောခြင်းကို ဘဝရာဂသံယောဇဉ်ဟုခေါ်၏။

၁၀။ သစ္စာလေးပါးကို မသိခြင်းကို အဝိဇ္ဇာသံယောဇဉ်ဟု ခေါ်၏။

ဤသုံးပါးကိုကား အရဟတ္တမဂ်ကမှ ပယ်သတ်ပေးနိုင်သည်။

### သံယောဇဉ်ဆယ်ပါးဆောင်ပုဒ်

ရုပ်နာမ်အရှိ ငါယင်ဘိ ဒိဋ္ဌိသံယောဇဉ် (ဒိဋ္ဌိ)
ဝေခွဲမသိ ယုံမှားရှိ ဝိစိသံယောဇဉ်(ဝိစိကိစ္ဆာ)
နွားခွေးအတတ် ကျင့်မြတ်မှတ် သီလဗ်သံယောဇဉ်
(သီလဗ္ဗတပရာမာသ)
ကိုယ့်ထက်သာတာ လိုမနာ ဣဿာသံယောဇဉ်
ကိုယ့်စည်းစိမ်ကြည့်ဝန်တိုဘိ မစ္ဆရိသံယောဇဉ်
ကာမဂုဏ်ငါးဝ တပ်စွဲက ကာမသံယောဇဉ်
စိတ်ဆိုးဒေါသ၊ မျက်ထွက်က ပဋိဃသံယောဇဉ်
မောက်မာတက်ကြွ ထောင်လွှားက မာနသံယောဇဉ်
သုံးပါးဘဝ၊ မက်မောက၊ ဘဝသံယောဇဉ်

www.dhammaransi.com



အမှန်လေးဖြာ၊ မှားသိတာ၊ အဝိဇ္ဇာသံယောဇဉ်

ဤသတ်မှတ်ချက်အရ သောတာပတ္တိမဂ်ကိုမရသေးသော ပုထုဇဉ်မှန်သမျှ ကာသာမဇ္ဈရိယရှိနေသည်မှာသေချာ၏။ ရှိမှန်းသိလျှင် ကုန်အောင်ကြိုးစားကြရမည်။ ကာသာမဇ္ဈရိယကုန်အောင်ပယ်သတ်နည်းနှစ်နည်းရှိ၏။ ပထမနည်းကား ခန္ဓာဉာဏ်ရောက် ဝိပဿနာ တရားများကို နာကြားအားထုတ်ခြင်းပင်ဖြစ်၏။ ဒုတိယနည်းကားသော တာပတ္တိမဂ်ကိုရအောင်မကြိုးစားနိုင်သေးသူအဖို့ ကာသာမဇ္ဈရိယ၏ ဆိုးကျိုးများကို နာကြားဖတ်ရှုခြင်းပင်ဖြစ်၏။

မီးခဲကိုပူမှန်းသိသောအခါ မကိုင်တော့သကဲ့သို့ ကာသာမဇ္ဈရိယကို မကောင်းမှန်းသိသောအခါ မဖြစ်ချင်တော့ခြင်းပင်ဖြစ်၏။ မီးခဲကို မဖြစ်မနေကိုင်ရသောအခါ ပူမှန်းသိထားသောသူသည် မြန်မြန်ကိုင်ပြီး မြန်မြန်ပစ်ချသကဲ့သို့ အနုသယအနေဖြင့် ကိန်းနေသော ကာသာမဇ္ဈရိယသည် အကြောင်းတိုက်ဆိုင်၍ စိတ်သန္တာန်၌ ပရိယုဋ္ဌာနအနေဖြင့်ပေါ်လာသောအခါ မကောင်းကျိုးပေးမှန်းသိထားသော ပုထုဇဉ်သည်အသိဉာဏ်ဖြင့် မြန်မြန်ပယ်ဖျောက်ပစ်နိုင်၏။

ထို့ကြောင့် ကာသာမဇ္ဈရိယ၏ ဆိုးကျိုးများကို ပုထုဇဉ်တိုင်းသိထားသင့်၏။ ကာသာမဇ္ဈရိယ၏ဆိုးကျိုးကား နှယ်နှယ်ရရမဟုတ်၊ တရားစစ်တရားမှန်ကို ပွားများအားထုတ်နေပါလျှက် ရုပ်နာမ်အဖြစ်အပျက်ကို မမြင်အောင် မဂ်ဖိုလ်မရအောင်တားဆီးတတ်၏။

သုတ္တနိပါတ်ပါဠိတော်၌ အဇိတအမည်ရှိသော ရသေ့က ဗုဒ္ဓအား အောက်ပါမေးခွန်းကိုမေးဘူး၏။

ကေန သုနိဝုတော လောကော၊

ကေန သုနပကာသတိ၊

ကိဿာ ဘိလေပနံ ဗြူဟိ၊

ကိဿမဿံ မဟဗ္ဘယံ

မြတ်စွာဘုရား ရုပ်နာမ်လို့ခေါ်တဲ့ သင်္ခါရလောကကြီးကိုဖြစ်ပျက်အနေနဲ့မမြင်အောင် ဘယ်လိုအရာက ဖုံးကွယ်၍ထားပါသလဲ ဘုရား။

www.dhammaransi.com



ထိုအခါ ဗုဒ္ဓက

ဝေဝိဏ္ဍာ ပမာဒါဉာဏာပဘံနုကရောတိ

ဣဿာမစ္ဆရိယနှင့် မောဟတရားတို့ကြောင့် ရုပ်နာမ်အဖြစ်အပျက်တို့ကို မမြင်နိုင်ဟု ဟောတော်မူခဲ့၏။ ထို့ကြောင့် ဣဿာမစ္ဆရိယတရားနှစ်ပါးကို သောတာပတ္တိမဂ်နှင့်မသတ်မီ ထိုနှစ်ပါး၏ ဆိုးကျိုးကိုသိအောင်နာကြားပြီး အသိဉာဏ်နှင့်မြန်မြန်သတ်ယားရန် အလွန်အရေးကြီး၏။

မယဒေဝ၌ မနာလိုခြင်းဣဿာ၏ ဆိုးကျိုးကိုပြထားသည်မှာ

## ဣဿာကြောင့်ချက်ခြင်းသေရသူ

သူ၌ပြည့်စုံ စည်းစိမ်ပုံကို၊
မြင်တုံဘိလည်း မျက်စိစူးဝင်၊
မရှုချင်အောင် ဝမ်းတွင်းလှိုက်ဆူ၊
မငြူစူနှင့် ငြူစူတတ်က၊
နတ်မဟာရာဇ် ဒေဝါဖြစ်လျှက်၊
စင်စစ်လျှင်ခဆာ လတ်တလောဖြင့်၊
မနောပဒေါသိ မည်ရှိစိတ်ဆိုး၊
နတ်အမျိုးတို့ နှမ်းညှိုးခန္ဓာ၊
သေလွယ်စွာ၏။

ဟူ၍ ဖြစ်၏။ အခိပ္ပါယ်ကား နတ်ပြည်၌ မိမိစိတ်က မိမိကိုယ်ကိုပြန်လည်ဖျက်ဆီးသတ်ဖြတ်ခံရသောကြောင့် မနောပဒေါသိက အမည်ရသောနတ်တစ်မျိုးရှိ၏။ ထိုနတ်များသည် မိမိထက်စည်းစိမ်ဥစ္စာ အခြံအရံများသောနတ်တို့ကိုတွေ့ရသည့်အခါ မနာလိုစိတ်ပြင်းထန်စွာဖြစ်လျှက် စိုက်ကြည့်တတ်၏။

ထိုကဲ့သို့ကြည့်နေရင်းဖြင့် ဣဿာမီး၏ အပူရှိန်ကြောင့်ချက်ချင်းသေပြီးလျှင် အပီစိရေသို့ကျရ၏။ ဝေါသ၊ ဣဿာမစ္ဆရိယဆိုသောတရားဆိုးများသည် အင်မတန်ပူလောင်သော အကုသိုလ်ဓမ္မများပင်ဖြစ်၏။ နတ်များ၏ ခန္ဓာကိုယ်သည် နူးညံ့သိမ်မွေ့လွန်းသောကြောင့် ထိုတရားဆိုးများအလောင်ခံရသည်နှင့် ချက်ခြင်းသေဆုံးရခြင်းဖြစ်၏။

www.dhammaransi.com



လူသားတို့၏ ရုပ်ကားကြမ်းတမ်းလွန်းသောကြောင့် ထိုတရားဆိုးတို့ဖြစ်ပေါ်သော်လည်း ချက်ခြင်း မသေခြင်းဖြစ်၏။ သို့သော် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ စသည်တို့သည် ဒေါသ၊ ကြွဿာ မစ္ဆရိယ စသောတရားဆိုးများကြောင့် အများဆုံးဖြစ်ရခြင်း ဖြစ်၏။

ရုပ်ဓာတ်ကြမ်းတမ်းသော လူသားများကို ယင်းတရားဆိုးတို့က သေအောင်မလောင်ကျွမ်းနိုင်သော်လည်း ရောဂါဖြစ်အောင်ကား လောင်ကျွမ်းနိုင်သေးသည်သာဖြစ်၏။ ဝန်တိုခြင်း မစ္ဆရိယ၏ဆိုးကျိုးများကို နတ်သားတစ်ယောက်က ဗုဒ္ဓအားမေးလျှောက်ဘူး၏။

**မေး။** မြတ်စွာဘုရား စဉ်းလဲကောက်ကျစ်၍ နှမြောစေးနဲ ဝန်တိုသောသူများသည် သူတစ်ပါးအလှူဒါနကိုပင် အန္တရာယ်ပြုတတ်ကြပါ၏။ ထိုသူတို့၏ ပစ္စုပ္ပန်ဆိုးကျိုး၊ တမလွန်ဆိုးကျိုးများကို သိလိုပါတယ်ဘုရား။

**ဖြေ။** ၁။ ယေ ဓ မစ္ဆရိနော လောကေ
ဒကရိယာ ပရိဘာသကာ
အညေသံ ဒဒမာနာနံ
အန္တရာယကရာ နရာ။

၂။ နိရယံ တိရစ္ဆာနယောနိ
ယမလောကံ ဥပပဇ္ဇရေ
သစေ ဧန္တိ မနုဿတ္တံ
ဒလိဒ္ဒေ ဇာယရေ ကုလေ။

၃။ စောဠံ ပိဏ္ဍော ရတီ ခိဍ္ဍာ
ယတ္ထ ကိစ္ဆေန လဗ္ဘတိ
ပရတော အာသီသရေ ဗာလာ
တမ္ပိ တေသံ န လဗ္ဘတိ

၄။ ဒိဋ္ဌေ ဓမ္မေသ ဝိပါကော
သမ္ပရာယော စ ဒုဂ္ဂတိတိ။

(သဂါထာဝဂ္ဂသံယုတ် မစ္ဆရိသုတ်)

www.dhammaransi.com



သူတစ်ပါးအလှူကို အန္တရာယ်ပြုသည့်အထိ နှမြောစေးနဲဝန်တိုမှု မစ္ဆရိယရှိသူများသည် သေသောအခါ ငရဲဘုံ၊ တိရစ္ဆာန်ဘုံတို့ကိုကျ ရောက်ရသည်။ လူအဖြစ်ကိုရခဲ့လျှင် ဆင်းရဲနွမ်းပါးသောအမျိုး၌သာ ဖြစ်ရ၏။

ယင်းသို့ဖြစ်စဉ်အဝတ်အထည်၊ အစားအသောက်၊ မွေ့လျော် ပျော်ရွှင်မှုများကို ဆင်းရဲပင်ပန်းစွာရှာဖွေရ၏။ မစ္ဆရိယအကုသိုလ် ကြောင့် သူတစ်ပါးထံမှ ဥစ္စာ ငွေကြေးအကူအညီကိုဘယ်သောအခါမှ မရ၊ ဤသို့သူတစ်ပါးထံမှ ဥစ္စာငွေကြေးအကူအညီကိုမရခြင်းသည် မစ္ဆရိယရှိသူ ခံစားရသော ပစ္စုပ္ပန်ဆိုးကျိုးဖြစ်၏။ သေသောအခါ မကောင်းသောဘဝသို့ရောက်ရခြင်းသည် မစ္ဆရိယရှိသူအတွက် တမလွန် ဆိုးကျိုးပင်ဖြစ်၏။

## မစ္ဆရိယ (၅) မျိုး

ဤကား ဗုဒ္ဓကမစ္ဆရိယ၏ဆိုးကျိုးကိုအကြမ်းဖျင်းဖြေထားခြင်း ဖြစ်၏။ အဋ္ဌသာလိနီအဋ္ဌကထာ၌ မစ္ဆရိယငါးမျိုးနှင့်ဆိုးကျိုးများကို အနု စိတ်ဖော်ပြထား၏။ မစ္ဆရိယငါးမျိုးကား. . .

၁။ အာဝါသမစ္ဆရိယ
၂။ ကုလမစ္ဆရိယ
၃။ လာဘမစ္ဆရိယ
၄။ ဝဏ္ဏမစ္ဆရိယ
၅။ ဓမ္မမစ္ဆရိယ ...... တို့ဖြစ်၏။

အာဝါသမစ္ဆရိယဟူသည် မိမိ ကျောင်းကောင်းကောင်း အိမ်ကောင်းကောင်းရသလို သူတစ်ပါးကို မရစေလိုခြင်းပင်ဖြစ်၏။ အာဝါသမစ္ဆရိယရှိသူများသည် သေလွန်သောအခါ မိမိစွဲလမ်းရာအိမ် ပေါ်ကျောင်းပေါ်၌ ဘီလူးသော်လည်းကောင်း၊ ပြိတ္တာသော်လည်းကောင်း ဖြစ်ရတတ်သည်။ သို့မဟုတ် သံရေပူအိုးကြီးဖြင့် အမြဲအပြုတ်ခံနေရသော လောဟကုမ္ဘီငရဲအိုးသို့လည်းကျတတ်သည်။

ကုလမစ္ဆရိယဟူသည် လူပုဂ္ဂိုလ်ဆိုလျှင် မိမိနှင့်ခင်မင်နေသော မိတ်ဆွေများကို တခြားသူများနှင့် ခင်မင်သွားမှာစိုးရိမ်ခြင်း၊ အလို

www.dhammaransi.com



မရှိခြင်း ဖြစ်၏။ ရဟန်းပုဂ္ဂိုလ်ဆိုလျှင် မိမိကို ကိုးကွယ်နေသော ဒကာ ဒကာမများအား တခြားရဟန်းကောင်းများကို မကိုးကွယ်စေလိုခြင်းပင် ဖြစ်၏။ ယင်းကုလမစ္ဆရိယရှိသူများသည် ဖြစ်ရာဘဝ၌ပင် ပစ္စည်းလေးပါး ရှားပါးတတ်သည်၊ ယခုဘဝမှာပင် သွေးပွက်ပွက်အန်ပြီးလည်း သေတတ်သည်။

ဗုဒ္ဓလက်ထက်က ကုလမစ္ဆရိယကြောင့် သွေးအန်ပြီးသေရသော ပုဂ္ဂိုလ်နှစ်ယောက်ကိုတွေ့ရ၏။ သူတို့ကား သိဉ္စည်းဆရာကြီးနှင့် နိဂဏ္ဌနာဋ ပုတ္တတို့ပင်ဖြစ်၏။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အလောင်း ဥပတိဿနှင့် ကောလိတတို့သည် ဘုရားနှင့်မတွေ့မီက သိဉ္စည်းဆရာကြီးထံတွင် တပည့်ခံခဲ့ကြ၏။

သိဉ္စည်း၏အယူဝါဒတရားများသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်မဟုတ်မှန်းသိသဖြင့် သူငယ်ချင်းနှစ်ယောက် တိုင်ပင်ကာ ဆက်လက်တရားရှာရင်းဖြင့် အရှင်အဿဇိထံမှ သစ္စာလေးပါးအဓိပ္ပာယ်ပြဂါထာလေးတစ်ဂါထာကို နာယူရရာမှ အရှင်သာရိပုတ္တရာသောတာပန်တည်ခဲ့သည်။

အရှင်သာရိပုတ္တရာထံမှ တစ်ဆင့်ပြန်နာရင်းဖြင့် အရှင်မဟာမောဂ္ဂလာန်လည်း သောတာပန်တည်ခဲ့သည်။ သူတို့နှစ်ပါးကို သောတာပန်တည်စေသော ဂါထာလေးမှာ. . .

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော။
အာဟ တေသဉ္စ နိရောဓေါ၊
ဧဝံ ဝါဒီ မဟာသမဏော။

အို၊ နာ၊ သေဘေးတို့ဖြင့် အမြဲနှိပ်စက်ခံနေရသော (၃၁) ဘုံ ဒုက္ခသစ္စာတရားတို့သည် လိုချင်ခြင်း သမုဒယသစ္စာ၊ တဏှာလောဘကြောင့်ဖြစ်ရခြင်းဖြစ်၏။

ထိုဒုက္ခသမုဒယတို့ချုပ်ရာ နိဗ္ဗာန် နိရောဓသစ္စာကို လည်းကောင်း၊ ထိုနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့် မဂ္ဂသစ္စာကိုလည်းကောင်း၊ ဗုဒ္ဓသည် ဟောကြားတော်မူ၏။ ကြီးမြတ်သောရဟန်းဂေါတမသည် ဤသို့သော အယူဝါဒ ရှိ၏။

www.dhammaransi.com



တရားမှန်ကို သိသွားကြသော ဥပတိဿနှင့် ကောလိတသည် ဗုဒ္ဓထံသွားရန် သူတို့၏နောက်လိုက် (၂၅၀)နှင့် သိဉ္စည်းဆရာကြီး၏ နောက်လိုက် (၂၅၀) တို့ကို အသိပေး၏။ ထိုတပည့်ငါးရာတို့ကလည်း အတူလိုက် မည်ဖြစ်ကြောင်း ကတိပေးကြ၏။ ခေါင်းဆောင်နှစ်ယောက်၏ အရည်အချင်းကို ယုံကြည်သောကြောင့်ပင်ဖြစ်၏။

သနားတတ်သော ဥပတိဿသည် အယူမှားကန္တာရကြီးထဲတွင် သူတို့ဆရာကြီးကိုလည်း မထားရက်သဖြင့် ဗုဒ္ဓထံလိုက်ခဲ့ရန် အကျိုးအကြောင်းတရားသဘောများကို သဘာဝကျကျရှင်းပြပြီးခေါ်ယူ၏။ ထိုအခါ သိဉ္စည်းဆရာကြီးက. . .

"တပည့် အိုးစရည်းကြီးကနေ လက်ငင်အိုး အဖြစ်မခံနိုင်သလို ငါလည်း ဘုရားတစ်ဆူအမည်ခံနေရတဲ့ ဆရာကြီးဘဝကနေ သူတစ်ပါး တပည့်အဖြစ် မခံနိုင်တော့ဘူး။ ဂေါတမဗုဒ္ဓရဲ့တရားတွေဟာကောင်း မွန်မှန်ကန်တယ်ဆိုတာကိုတော့ ငါလက်ခံပါတယ်"

"ဆရာကြီး ဗုဒ္ဓရဲ့တရားတွေဟာ ကောင်းမွန်မှန်ကန်တယ်ဆိုတာ လက်ခံရင် ဗုဒ္ဓထံကို လိုက်ခဲ့သင့်ပါတယ်။ ပစ္စည်းလေးပါးနဲ့ တပည့် ဒကာ ဒကာမတွေကို တွယ်တာတပ်မက်တဲ့စိတ်နဲ့ ဘဝကို အနစ်မွန်း မခံသင့်ပါဘူး။ ပြီးတော့ ကျွန်ုပ်တို့နှစ်ယောက် ဗုဒ္ဓထံကို ထွက်ခွာတာနဲ့ ဒီမှာရှိနေကြတဲ့ တပည့်ငါးရာလုံးလိုက်ကြမှာဖြစ်ပါတယ်။ ဒါဆိုရင် ဆရာကြီးမှာ တပည့်အခြံအရံမရှိတော့ဘဲ ဒုက္ခရောက်ပါလိမ့်မယ်။

"ငါ့အတွက် တပည့်ဒကာ ဒကာမ မရှိမှာ မစိုးရိမ်ပါနဲ့ ဥပတိဿ၊ လောကမှာ အတွေးအခေါ်ပညာရှိသူနဲ့ မရှိသူဘယ်သူကများမယ် လို့ သင်ထင်သလဲ။"

"အတွေးအခေါ်ပညာမရှိသူကသာများပါတယ်ဆရာကြီး"

"မှန်တယ် ဥပတိဿ၊ ဒါ့ကြောင့် သင်ကဲ့သို့ အတွေးအခေါ် ပညာရှိတဲ့ လူအနည်းစုက ဗုဒ္ဓထံသွားကြပေမယ့်လို့ အတွေးအခေါ်ပညာ မရှိတဲ့သူအများစုကတော့ ငါ့ဆီကိုရောက်လာကြမှာပဲ၊ ဒါကြောင့် ငါ့မှာ တပည့်အခြံအရံများဖြိုးများနေမှာပါ။"

www.dhammaransi.com



## သွေးအန်သေရသော သိဋ္ဌည်းနှင့်ဂျိန်း

ဘယ်လိုမှ ပြောမရသည်နှင့် ဥပတိဿနှင့်ကောလိတတို့ သိဋ္ဌည်း ဆရာကြီးကျောင်းမှဖဲခွာသွား ကြသောအခါ တပည့်အခြံအရံ ငါးရာလုံး နောက်မှလိုက်၏။ တပည့်ငါးရာကျော်တို့ တစီတတန်းကြီး ထွက်ခွာသွားသည်ကို ကြည့်ရင်းဖြင့် ကုလမဋ္ဌရိယအပူမီးသည် သိဋ္ဌည်း ဆရာကြီး၏ ခန္ဓာတစ်ခုလုံးကို လောင်မြိုက်တော့၏။

ထို့ကြောင့် သွေးစိမ်းရှင်ရှင်များပါးစပ်မှ အန်ထွက်လေတော့သည်။ သွေးအန်ပြီးလဲသွားသော သိဋ္ဌည်းဆရာကြီးကိုမြင်လိုက်ရသဖြင့် ဥပတိဿက ဆရာကြီး၏ မူလတပည့်ရင်း ၂၅၀ကို ပိုင်းဝန်းပြုစုကုသရန်အတွက် ထားရစ်ခဲ့၏။ ဆရာကြီးထူထူထောင်ထောင်ဖြစ်သောအခါကျမှ ဗုဒ္ဓထံလိုက်ခဲ့ရန်မှာရ၏။

ထိုသွေးအန်သောဝေဒနာဖြင့်ပင် သိဋ္ဌည်းဆရာကြီးသေဆုံးပြီး အဝီစိငရဲသို့ကျရောက်ခဲ့ရပေသည်။ အကျင့်မှား အကြံမှားကိုမှားမှန်းသိလျက် မစွန့်လွှတ်နိုင်သူအတွက် ပေးဆပ်ရသည့်တန်ဖိုးကား များပြားလွန်းပေစွ-

ယုတ်မာဆိုးကောင်း ကျင့်မကောင်းကို၊
မှားကြောင်းတစီ သိလျှင်သိခြင်း၊
စွန့်ပယ်လျှင်းလော့ အတင်းယူစွဲ
ဖားမြွေခဲသို့ အမြဲမှတ်သို မစွန့်လိုက၊
ဤကိုယ်သုခ နေခင်မရဘူး

(မဃဒေဝ)

နိဂဏ္ဌနာဋပုတ္တအမည်ရှိသော တိတ္ထိဆရာကြီးသည်လည်း သူ့ကိုကိုးကွယ်သော ဥပါလိအမည်ရှိသူကြွယ်သည် ဘုရားတရားတော်ကိုနာကြားရရာမှ ရတနာသုံးပါးကိုဆည်းကပ်သော ဥပါသကာတစ်ယောက်ဖြစ်သွား၏။ ထိုအကြောင်းကိုသိရသည်နှင့် ငါ့ဒကာသည် ဗုဒ္ဓဂေါတမ၏ ဒကာဖြစ်သွားလေပြီဟူသော ကုလမဋ္ဌရိယကကိုယ်အတွင်းဝင်၍ မွှေလိုက်သောကြောင့် သွေးပွက်ပွက်အန်ခဲ့ရ၏။ နောက်ဆုံးယိုရောဂါနှင့်ပင်သေရ၏။

www.dhammaransi.com



လာဘ မစ္ဆရိယဟူသည် လူပုဂ္ဂိုလ်ဖြစ်လျှင် မိမိစီးပွားတက်သလို သူတစ်ပါးကို မတက်စေလိုခြင်းဖြစ်၏။ ရဟန်းပုဂ္ဂိုလ်ဖြစ်လျှင် မိမိပစ္စည်းလေးပါးပေါသလို သူတစ်ပါးကို မပေါစေလိုခြင်းဖြစ်၏။ ထိုလာဘမစ္ဆရိယရှိသူများသည် သေသောအခါ ဘီလူးသော်လည်းကောင်း၊ ပြိတ္တာသော်လည်းကောင်းဖြစ်ရသည်။ သို့မဟုတ် ဘင်ပုပ်ငရဲသို့ကျရသည်။

ဘင်ပုပ်ငရဲဟူသည် မစင်၊ ကျင်ကြီး၊ ကျင်ငယ်ရေများပြည့်နေသော အိုင်ကြီးထဲကျရောက်ခါ ပိန်းကောလေ့ပမာဏရှိသော ပိုးလောက်ကြီးများ၏ ထိုးဖောက်ကိုက်စားခြင်းကို ခံရသောဆင်းရဲပင်ဖြစ်၏။

ဝဏ္ဏမစ္ဆရိယဟူသည် သူတစ်ပါး၏ ကောင်းဂုဏ်ကို ကောင်းပါတယ်ဟု မချီးမွမ်းနိုင်ခြင်း၊ သူတစ်ပါးက ချီးမွမ်းသည်ကိုလည်း နားမထောင်လိုခြင်းတို့ပင်ဖြစ်၏။

ဓမ္မမစ္ဆရိယဟူသည် မိမိသိထားသော တရားအသိမျိုးကို သူတစ်ပါးအား မသိစေလိုခြင်းပင်ဖြစ်၏။ ထိုမစ္ဆရိယမျိုးရှိသူတို့သည် ဖြစ်ရာဘဝတွင် အဆင်းမလှခြင်း၊ ဆွံ့အခြင်းဟူသောဆိုးကျိုးများကို ခံစားရတတ်သည်။ လာဘမစ္ဆရိယနှင့်ပတ်သက်၍ လောဘကတိသအမည်ရှိ မထေရ်တစ်ပါးအကြောင်းကို ဗုဒ္ဓက ဓမ္မပဒတွင်ဟောကြားခဲ့၏။

ကဿပဘုရားလက်ထက်က ကျောင်းထိုင်ရဟန်းတစ်ပါးရှိ၏။ တစ်နေ့သော် သူ၏ကျောင်းဒကာက အာဂန္တုရဟန်းတစ်ပါးကို သူ၏ကျောင်းသို့ခေတ္တပင့်လာ၏။ ခရီးသွားအာဂန္တုရဟန်း၏ ဣန္ဒြေမှာ လွန်စွာကြည်လင်သောကြောင့် ကျောင်းဒကာသည် အလွန်ကြည်ညို၏။ ထို့ကြောင့် ဖြန်မကြွမခြင်း ပစ္စည်းလေးပါးကို တာဝန်ယူကြောင်း ဖိတ်မံလျှောက်ပါန်း၏။ ထိုအခါ ကျောင်းထိုင်ရဟန်းရင်ထဲ၌ မနာလိုခြင်း ဣဿာနှင့် ဝန်တိုခြင်းမစ္ဆရိယတို့ပြင်းထန်စွာဖြစ်၏။

ကျောင်းဒကာက မနက်မိုးလင်းလျှင် အာဂန္တုရဟန်းနှင့်အတူ ဆွမ်းစားကြွရန်ပင့်ဖိတ်၏။ ကျောင်းထိုင်ဘုန်းကြီးက မကျေနပ်။ သူ့ဒကာလှူသောဆွမ်းကို ဧည့်သည်ရဟန်းမစားစေချင်၊ ဤသဘောကား လာဘမစ္ဆရိယပင်ဖြစ်၏။ ထို့ကြောင့် ဧည့်သည်ရဟန်းကို ရန်သူလိုဆက်ဆံကာ စကားမပြောဘဲနေ၏။

သူ၏အကြီးဆုံးမှားယွင်းချက်ကား သူ ဣဿာမစ္ဆရိယဖြစ်နေသောရဟန်းကို ရဟန္တာဖြစ်ကြောင်း မသိသောအချက်ပင်ဖြစ်၏။ ထို့

www.dhammaransi.com



ကြောင့် ညကတည်းက ဆွမ်းစားကြွလျှင် ဧည့်သည်ရဟန်းမပါစေရန် မည်သို့လုပ်ရမည်ကိုစဉ်းစား၏။

"ငါ့ဒကာကျွေးလိုက်တဲ့ဆွမ်းကောင်း ဟင်းကောင်းတွေစားပြီးလျှင် ဒီကိုယ်တော် ငါ့ကျောင်းကခွာနိုင်မှာမဟုတ်တော့ဘူးဟူ၍လည်း ပူထူဇဉ်ပိပိ ကိုယ့်စိတ်နှင့်နှိုင်းကာတွေး၏။ မနက်စောစောရောက်သောအခါ ဧည့်သည် ရဟန်းအသံမကြားအောင် တိတ်တိတ်ထ၏။ ကိုယ်လက်သုတ်သင်ပြီး သောအခါ မုသားလွတ်ရုံပြောနိုင်ရန် ကျောက်စည်ကို လက်တစ်ချောင်းနှင့် ခေါက်၏။

ဧည့်သည်ရဟန်းကျိန်းစက်နေသောအခန်းတံခါးကို လက်သည်းနှင့် ထိရုံထိ၏။ ပြီးလျှင်သက်န်းရုံ သပိတ်ပိုက်ကာ တစ်ပါးတည်း ဆွမ်းစားကြွသွား၏။ ကျောင်းဒကာအိမ်ရောက်သောအခါ ဧည့်သည်ရဟန်းကို ကျောင်းဒကာကမေးလိုက်သည်နှင့်. . .

"သင်ဒကာကသာကြည်ညိုနေတာ သင့်ကိုယ်တော်ကဖြင့် အစားကောင်း အသောက်ကောင်းတွေစားပြီး တအားအိပ်နေလိုက်တာ ငါကျောက်စည်တွေထိုးပြီး သူ့အခန်းတံခါးကိုခေါက်တာတောင်မနိုးဘူး ဒါ့ကြောင့် တစ်ပါးတည်းပဲကြွခဲ့တာ၊ သင်က အဲဒီလိုအအိပ်ကြီးတာကိုပဲ ကြည်ညိုနေတာလား။"

ဟု ရဟန္တာကို ဒကာဖြစ်သူအကြည်ညိုပျက်အောင်ပြော၏။ သို့သော် ကျောင်းဒကာက ကျောင်းထိုင်ဘုန်းကြီးထက် အသိဉာဏ်ကြီး၏။ ကျောင်းထိုင်ဘုန်းကြီး၏ သန္တာန်၌ဖြစ်ပေါ်နေသော ဣဿာမစ္ဆရိယကို ရိပ်စားမိသောကြောင့် ဘာမှဆက်မလျှောက်တော့ဘဲ ကျောင်းထိုင်ဘုန်းကြီးတစ်ပါးတည်းကိုသာ ဆွမ်းကပ်လိုက်၏။ ပြီးသည်နှင့်သပိတ်ထဲတွင် မွှန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကိုထည့်ကာ

"အရှင်ဘုရား ဧည့်သည်ရဟန်းဟာ ခရီးပန်းလာလို့အိပ်ပျော်နေတာဖြစ်ကောင်းဖြစ်ပါလိမ့်မယ်ဘုရား၊ ဒါ့ကြောင့် အခုကပ်လိုက်တဲ့ဆွမ်းများကိုသာ ဧည့်သည်ရဟန်းကို ကပ်လှူလိုက်ပါဘုရား"

ဟုလျှောက်ထားပြီးကပ်လိုက်၏။ ကျောင်းထိုင်ဘုန်းကြီး၏ စိတ်ထဲတွင်ကား လာဘမစ္ဆရိယတရားများ အလိပ်လိုက်တက်လာ၏။ ဒီဆွမ်းကောင်းတွေကို ဒီကိုယ်တော်ကျွေးလို့မဖြစ်ဘူး တော်ရာမှာစွန့်

www.dhammaransi.com



ပစ်ခဲ့မယ်ဟုတွေးကာ မီးရှို့ထားသော လယ်တောတစ်ခုထဲသွန်ပစ်ခဲ့၏။ ထိုဖြစ်ရပ်တို့ကို အဘိညာဏ်တန်ခိုးဖြင့် သိမြင်နေသော ရဟန္တာမထေရ် မြတ်ကြီးသည် ငါဆက်ရှိနေရင် ပုထုဇဉ်ရဟန်းအဖို့ အပြစ်ပိုကြီးရန်သာ ရှိသည်ဟု တွေးမိသဖြင့် ကောင်းကင်ခရီးမှ ဈာန်ယာဉ်စီးကာချက်ခြင်း ကြွသွားလေ၏။

ကျောင်းရောက်၍ အာဂန္တုရဟန်းမရှိတော့သည်ကို တွေ့သောအခါတွင်မှ ကျောင်းထိုင်ရဟန်းသည် သူ့အပြစ်ကိုသဘောပေါက်ရတော့၏။ငါကား ရဟန္တာတစ်ပါး၏ လာဘ်ကို ဖျက်ဆီးမိပြီဟူသောနှလုံးမသာယာခြင်း ဒေါမနဿနှင့် သေလွန်သောကြောင့် အဝီစိငရဲ၌ နှစ်ပေါင်းကမ္ဘာနှင့်ချီ ကာခံရ၏။

ငရဲမှလွန်သောအခါ ဖောက်တန်းစားဘီလူးဘဝအကြိမ်ငါးရာ ဖြစ်ရ၏။ ၄၉၉ ဘဝလုံးငတ်ပြတ်ပြီးသေခဲ့ရ၏။ ငါးရာမြောက်ဘဝတွင် ကား ကိုယ်ဝန်အညစ်အကြေးပုံကြီးတစ်ပုံကို စားရသဖြင့် တစ်ကြိမ်သာ အစာဝဖူး၏။ ဘီလူးဘဝမှလွတ်သောအခါ ခွေးဘဝသို့အခါငါးရာ ရောက်ရပြန်၏။ ၄၉၉ ဘဝလုံး ငတ်ပြတ်ပြီးသေခဲ့ရ၏။

ငါးရာမြောက်ဘဝတွင်ကား အံဖတ်ပုံကြီးတစ်ပုံကို တွေ့ရသဖြင့် တစ်နပ်သာဝလင်အောင် စားရဘူး၏။ ဣဿာမစ္ဆရိယကို တစ်ခဏတာ လက်ခံထားမှုအတွက် ပေးဆပ်ရခြင်းကား ကြီးမားပေစွ။ ခွေးဘဝမှ စုတေသောအခါ ကာသိတိုင်းရှိ တစ်ခုသောရွာတွင် ပဋိသန္ဓေသွားနေ၏။

သူပဋိသန္ဓေနေသည်နှင့် တစ်အိမ်သားလုံးအလုပ်ရှာမရတော့ပဲ ငတ်မွတ်ဆင်းရဲကုန်ကြ၏။ ထမင်းကိုအသာထား၍ထမင်းရည်ကို ပင်နပ်မှန်အောင် မသောက်ရသည့်အခြေသို့ရောက်ကြ၏။ သူ၏ အမည် ကို မိတ္တဝိန္ဒကဟုမှည့်ခေါ်ကြ၏။ သူအရွယ်ရောက်သော အခါတွင်ကား ငတ်မွတ်မှုကိုသည်းမခံနိုင်တော့သဖြင့် သူ့ကိုအိမ်မှနှင် ထုတ်လိုက်ကြ၏။ သူထွက်သွားမှ အိမ်မှာစီးပွားရေးအဆင်ပြေသွား၏။

မိတ္တဝိန္ဒကသည် ထိုရွာမှထွက်ပြေးလာပြီးလျှင် ဗာရာဏသီပြည် သို့ရောက်၏။ သနားတတ်သော ဘုရားအလောင်း ဒိသာပါမောက္ခဆရာ ကြီးကခေါ်ယူကျွေးမွေးထား၏။ သူလက်ခံခဲ့သော ဣဿာမစ္ဆရိယမီး သည် သူ့ကိုသာမက သူနှင့်ဆက်စပ်သူဟူသမျှကို လောင်ကျွမ်း၏။ ယခု

www.dhammaransi.com



လည်းသူရောက်သွားသည်နှင့် ဒိသာပါမောက္ခဆရာကြီးမှာလာဘ်လာဘ တိတ်သွား၏။ ကြပ်တည်းဆင်းရဲလာ၏။

တစ်နေ့တွင်ကား မိတ္တဝိန္ဒကသည် ပညာသင်လူငယ်များနှင့် ရန်ဖြစ်ပြီး ဒိသာပါမောက္ခဆရာကြီးထံမှ ထွက်ပြေးခဲ့ပြန်၏။ ပစ္စန္တရာဇ် ရွာတစ်ရွာသို့ရောက်သောအခါ ဆင်းရဲသူမတစ်ယောက်နှင့် အိမ်ထောင် ကျ၏။ ကလေးနှစ်ယောက်ရ၏။ ရွာသားများက သနားသဖြင့် ရွာတံခါး တွင် ကင်းစောင့်တာဝန်ပေး၏။ ထိုရွာသည်လည်း မိတ္တဝိန္ဒကထံမှ ပါလာ သော ကာ္လဿာမဏ္ဍရိယ၏လောင်ကျွမ်းခြင်းကိုခံရ၏။

## လောသကာတိဿခံရသောမဏ္ဍရိယဆိုးကျိုးများ

ထိုရွာသည် မိတ္တဝိန္ဒကရောက်သောအခါမှစ၍ မီး(၇)ကြိမ် လောင်၏။ မင်းဒဏ် (၇)ကြိမ်သင့်၏။ တစ်ဖက်ဆည်ကန်ပေါက်ကာရေ (၇)ကြိမ်မြုပ်၏။ ထို့ကြောင့် မိတ္တဝိန္ဒကတို့မိသားစုကိုရွာမှ ခဲများဖြင့် ပစ်ပေါက်နှင် ထုတ်လိုက်ကြ၏။ သူတို့သည် ထွက်ပြေးလာရင်းဖြင့် တောတစ်တောသို့ ရောက်သောအခါ ဘီလူးများဖြင့်ရင်ဆိုင်တွေ့ကြ သည်။

ဘီလူးများက သူ၏မယားနှင့် သားနှစ်ယောက်ကို ဖမ်းဆီးစား သောက်လိုက်ကြ၏။ မိတ္တဝိန္ဒကကား ကိုယ်လွတ်ထွက်ပြေးရင်းဖြင့် ဂမ္ဘီ ရမည်သော သင်္ဘောဆိပ်ရွာသို့ရောက်သွား၏။ ပင်လယ်ကူးသင်္ဘော တစ်စီးကိုတွေ့ရသဖြင့် မာလိန်မှူးကိုတောင်းပန်ကာ ဘုမသိဘမသိနှင့် လိုက်သွား၏။

သမုဒ္ဒရာတွင်းရောက်သောအခါ (၇)ရက်စေ့သည်နှင့် သင်္ဘော သည် ရှေ့ဆက်သွား၍မရပဲရပ်နေတော့၏။ သင်္ဘောပေါ်၌ပါသော သူယုတ်မာ အကုသိုလ်ကြီးသူကြောင့်ဟုသိသွားသော မာလိန်မှူးသည် သင်္ဘောပေါ်၌ပါသူများကို သူယုတ်မာမဲချ၏။ သင်္ဘောသားငါးဆယ်ပါ လျှင် မဲလိပ်ငါးဆယ်လုပ်ပြီးတစ်လိပ်၌သူယုတ်မာဟုစာရေးထား၏။ ထိုမဲ ကိုနှိုက်မိသူသည် ဝါးတစ်စီးနှင့်သမုဒ္ဒရာထဲချထားခံရမည်ဖြစ်၏။

ထိုမဲကို မိတ္တဝိန္ဒကသည် (၇)ကြိမ်တိုင်တိုင်နှိုက်မိသောကြောင့် ဝါးတစ်စီးနှင့် သမုဒ္ဒရာထဲအချခံရ၏။ သူ့ကို ပစ်ချလိုက်သောအခါတွင်

www.dhammaransi.com



မှ သခေါ်ဂသည် လေးညှို့မှလွှတ်သောမျှားကဲ့သို့အရှိန်နှင့်ပြေးလေတော့၏။ မိတ္တဝိန္ဒကသည် ဝါးတစ်စီးဖြင့်မျောနေရာမှ ဝေမာနိကပြိတ္တာမလေး ယောက်ရှိသော ဖလ်ဗိမာန်သို့ရောက်သွား၏။

ထိုဝေမာနိကပြိတ္တာမလေးယောက်နှင့် (၇)ရက်နတ်စည်းစိမ် မျိုးကိုခံစားရ၏။ ကျောင်းထိုင်ဘုန်းကြီးဘဝက စောင့်ခဲ့သော သီလ ကုသိုလ်ကြောင့်ပင်ဖြစ်၏။ (၇)ရက်စေ့သောအခါ သူတို့ပြန်ရောက်သည့် အထိစောင့်ရန်မှာကြားပြီးငရဲခံရန်ထွက်ခွာသွားကြ၏။ သူတို့သည် (၇)ရက်စံ (၇)ရက်ခံကြရသူများဖြစ်၏။

သူတို့သည် လူ့ဘဝဖြစ်စဉ်အခါက မိဿကကံကိုပြုခဲ့ကြသော ကြောင့်ဖြစ်၏။ မိဿကကံဆိုသည်ကား ကုသိုလ်နှင့်အကုသိုလ်ရောနှော သော ကံဟုဆိုလို၏။ သူတို့သည် ကုသိုလ်လည်းပြု၏။ ထို့ကြောင့်နတ် စည်းစိမ်ကို (၇)ရက်ခံစားရ၏။ တစ်ဖန်သူတို့သည် တစ်ခဏတာချမ်း သာလေးကိုကြည့်ပြီး အကုသိုလ်ကိုလည်း ပြု၏။ ထို့ကြောင့် (၇)ရက် ငရဲခံရခြင်းဖြစ်၏။

(၃၁)ဘုံတွင် နတ်ဘုံနှင့် ဗြဟ္မာဘုံသည် စည်းစိမ်ချမ်းသာတွေ များလွန်းသောကြောင့် ကုသိုလ်ပါရမီကိုမဆည်းပူးနိုင်ပေ။ အပါယ် လေးဘုံကား ဆင်းရဲဒုက္ခတွေများလွန်းသောကြောင့် ကုသိုလ်ပါရမီကို မဆည်း ပူးနိုင်ခြင်းဖြစ်၏။ ထို့ကြောင့် ကုသိုလ်ပါရမီကို အပြည့်အဝ ဆည်းပူးနိုင်သောဘုံကား လူ့ဘုံသာဖြစ်၏။

ထို့ကြောင့် ဘုရားအလောင်းများသည် ပါရမီပြည့်ရန် လူ့ဘဝ သို့လာကြရခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း လူ့ဘဝရသခိုက် တွင် အကုသိုလ်များကိုအလျှင်းမပြုဘဲ နိဗ္ဗာန်ဦးတည်သော ကုသိုလ် တရားများကို အချိန်ပြည့်ကြိုးစားအားထုတ်သင့်၏။

ပြိတ္တာမများ ထွက်သွားသောအခါ မိတ္တဝိန္ဒကသည် (၇)ရက် စေ့အောင် မစောင့်နိုင်သဖြင့် ဝါးစည်းဖြင့် သမုဒ္ဒရာအတွင်းဆက်၍ မျောခဲ့ပြန်၏။ ရက်အတန်ကြာသောအခါ ဝေမာနိကပြိတ္တာမ ၈ ယောက် ရှိသော ငွေဗိမာန်သို့ရောက်ခဲ့ရပြန်၏။ ထို့အတူ (၇)ရက်ခံစားပြီး ထို ပြိတ္တာမများ ငရဲခံရန်သွားကြသောအခါ မစောင့်နိုင်ဘဲ ဝါးစည်းဖြင့် ဆက်မျောခဲ့ပြန်၏။

www.dhammaransi.com



ရက်အတန်ကြာသောအခါ ပြိတ္တာမ (၁၆)ယောက်ရှိသော ပတ္တမြားဗိမာန်၊ ပြိတ္တာမ (၃၂)ယောက်ရှိသော ရွှေဗိမာန်တို့တွင် (၇)ရက်စီနတ်စည်းစိမ်ခံစားပြီးဆက်မျောပြန်ရာ ဘီလူးမတစ်ယောက်မြို့ပြ၍နေသော ကျွန်းတစ်ကျွန်းသို့ရောက်သွား၏။ မိတ္တဝိန္ဒကသည် သာလောင်မွတ်သိပ်သဖြင့် ကျွန်းပေါ် လှည့်ပြီး အစာရှာ၏။

ထိုအချိန်တွင် ဘီလူးမသည် ဆိတ်မယောင်ဖန်ဆင်းပြီး ကျွန်းပေါ်လှည့်လည်သွားလာနေသခိုက်ဖြစ်၏။ ထိုဆိတ်မကိုတွေ့သောအခါ မိတ္တဝိန္ဒကသည်သတ်စားမည်ဟူသောစိတ်ဖြင့် ဆိတ်မ၏ခြေထောက်ကိုဖမ်းဆွဲလိုက်၏။ ထိုအခါ ဘီလူးမသည် ချက်ခြင်းဘီလူးမအသွင်ကိုပြန်ယူပြီးလျှင် မိတ္တဝိန္ဒက၏ခြေထောက်နှစ်ချောင်းကို ကိုင်ကာအားကုန်လွှဲပစ်လိုက်၏။

အရှိန်ဖြင့် လွင့်ထွက်လာသော မိတ္တဝိန္ဒက၏ ခန္ဓာကိုယ်သည် သမုဒ္ဒရာကိုပင်ကျော်ဖြတ်၍ ဗာရာဏသီမင်းကြီး၏ ဥယျာဉ်အတွင်းရှိ ခြုံပုတ်ကြီးတစ်ခုပေါ်သို့ကျသွား၏။ ထိုအချိန်တွင် မင်း၏ဆိတ်များ ပကြာခဏပျောက်သဖြင့် ဆိတ်ကျောင်းသားများက ဆိတ်များကိုအသာ လွှတ်ထားပြီး သူတို့က ပုန်းနေကာ ဆိတ်သူခိုးကိုစောင့်နေကြ၏။

ကံဆိုးသော မိတ္တဝိန္ဒကက ခြုံပေါ်မှဆင်းလာပြီးလျှင် အရပ်လေးမျက်နှာကိုလျှောက်ကြည့်ရင်းဖြင့် ဆိတ်များကိုမြင်သွား၏။ ထိုအခါ မိတ္တဝိန္ဒက က

"ငါဟာ ကျွန်းတစ်ကျွန်းပေါ် ကဆိတ်တစ်ကောင်ခြေထောက်ကို သွားဆွဲလိုက်လို့ ဆိတ်ကဘီလူးဖြစ်သွားပြီး ငါ့ခြေထောက်ကနေကိုင်ပစ်လိုက်တာ သမုဒ္ဒရာကိုကျော်ပြီး ဒီနေရာထိရောက်လာတယ်။ အခုလည်း ဆိတ်တွေကိုတွေ့ရပြန်ပြီ ဒီဆိတ်တစ်ကောင်ကောင်ရဲ့ ခြေထောက်ကို ဆွဲလိုက်ရင် ဆိတ်ကဘီလူးဖြစ်ပြီး ငါ့ခြေထောက်ကို ပြန်ကိုင်ပစ်လိုက်တာနဲ့ ငါပျော်ပါးခဲ့ဘူးတဲ့ ပြိတ္တာမတွေရဲ့ဗိမာန်ကို ပြန်ရောက်သွားနိုင်တယ်။"

ဟုတွေးပြီး ဆိတ်တစ်ကောင်၏ခြေထောက်ကိုသွားကိုင်၏။ သို့သော်ထိုဆိတ်ကား ဆိတ်အစစ်ဖြစ်ရကား သူထင်သလိုဖြစ်မလာဘဲ တစ်ပဲပဲနှင့်အော်ကာ ရုန်းကန်နေ၏။ ထိုအချိန်မှာပင် အသင့်စောင့်နေသော

www.dhammaransi.com



ဆိတ်ကျောင်းသားများက ဆိတ်သူခိုးဟုထင်ပြီး ဘုရင်ထံပို့ရန် ဖမ်းယူသွားကြ၏။ လမ်းတွင် ဗိသာပါမောက္ခဆရာကြီးနှင့်တွေ့ရာ ဆရာကြီး၏ ပြောဆိုတောင်းပန်ပေးမှုကြောင့် မင်းဒဏ်မှ လွတ်ခဲ့ရ၏။

ကိုဘဝမှစုတေမနေသေလွန်သောအခါ ဂေါတမဘုရားလက်ထက်တွင် အိမ်ခြေတစ်ထောင်ရှိသောရွာကြီးတစ်ရွာ၌ ပဋိသန္ဓေသွားနေ၏။ သူပဋိသန္ဓေနေသောအခါမှစ၍ ထိုရွာကြီးသည် မီး(၇)ကြိမ် လောင်၏။ မင်းဒဏ် (၇) ကြိမ်သင့်၏။ ဘာမှလုပ်ကိုင်စားသောက်၍ မရတော့ဘဲ တစ်ရွာလုံးငတ်ပြတ်ကုန်ကြတော့၏။ နောက်ဆုံး သူတစ်ပါးထံမှ တောင်းရမ်းစားသောအခါ၌ပင် ပေးချင်ကျွေးချင်သူမရှိ။

ထို့ကြောင့် ရွာသူကြီးက သူယုတ်မာတစ်ယောက်ယောက်သူတို့ရွာရှိ အိပ်တစ်အိမ်အိမ်တွင် ပဋိသန္ဓေနေပြီဆိုသည်ကို သိသဖြင့် အိမ်ခြေကို ငါးရာစီခွဲလိုက်၏။ ထိုအခါ ထိုသူငယ် မပါသောအိမ်ခြေငါးရာက အဆင်ပြေသွားပြီး ထိုသူငယ်ပါနေသော အိမ်ခြေငါးရာကား ငတ်မွတ်မြဲဆက်လက်ငတ်မွတ်နေ၏။

ထို့ကြောင့် (၂၅၀)စီထပ်ခွဲပြန်ရာ သူပါသောဘက်ကဆက်လက်ငတ်မွတ်နေပြန်၏။ ဣဿာမစ္ဆရိယဟူသောအတွင်းရန်သည်ကား ရဟန္တာဖြစ်ရမည့်နောက်ဆုံးဘဝအထိ လိုက်လံဒုက္ခပေးနေခြင်းဖြစ်၏။ နောက်ဆုံးအဆင့်ဆင့်ခွဲလာကြရာ သူတို့မိသားစုတစ်အိမ်သာကျန်တော့၏။ ထိုအခါကျမှ တစ်ရွာလုံးဒုက္ခပေးသော တရားခံကို သိသွားကြ၏။

သူ့ဖခင်သည်ပင် သည်းမခံနိုင်တော့ဘဲ ကိုယ်ဝန်အရင့်အမာကြီးနှင့် သူ့မိခင်ကိုပစ်ခွာသွားတော့၏။ သူ၏မိခင်သည် သူ့ကိုဆင်းရဲငြိုငြင်စွာမွေးဖွားရ၏။ သူ၏အမည်ကို လောသကတိဿဟုမှည့်၏။ လောသကတိဿ၏ ဣဿာမစ္ဆရိယမီးသည် တစ်ယောက်တည်းသာကျန်တော့သော မိခင်ကိုဆက်လောင်ပြန်၏။

သူ၏မိခင်သည် သူ့ကိုမွေးပြီးစားစရာလိုက်တောင်းလျှင်မည်သူမျှ မပေးကြတော့။ အမှန်မှာ နီတာရဲကလေးလေးကိုတွေ့လျှင် မည်သူမဆို သနားချစ်ခင်ကြသည်သာဖြစ်၏။ သို့သော် လောသကတိဿကိုတွေ့သောအခါ မသနားတော့ဘဲ မုန်းသွားကြသည်မှာ သူလက်ခံခဲ့မိသော ဣဿာမစ္ဆရိယကြောင့်ပင်ဖြစ်၏။

www.dhammaransi.com



ထို့ကြောင့် မိခင်ဖြစ်သူမှာ သူ့ကိုတစ်နေရာမှာခဏထားပြီး သွားတောင်းမှ စားစရာရ၏။ သူ (၇) နှစ်သားအရွယ်ရောက်သောအခါတွင်ကား သူ့မိခင်သည်ပင် သူ့ဒဏ်ကို ဆက်လက်မခံနိုင်တော့ဘဲ ထွက်ပြေးရတော့၏။ သို့သော် မိခင်ပီပီတောင်းစားရန် အိုးခြမ်းကွဲလေး တစ်ခုကိုကား သူ့လက်ထဲထည့်ပေးခဲ့ပါ၏။

လောသကတိဿသည် မိခင်ပေးခဲ့သော အိုးခြမ်းကွဲလေးကို ကိုင်ကာ တစ်လပ်းဝင် တစ်လမ်းထွက် သာဝတ္ထိတစ်မြို့လုံးလှည့်လှည်တောင်းရမ်း၏။ သို့သော် စားဝရာတစ်ဆုပ်တစ်ခဲပင် ပေးမည့်သူမရှိ။ သာဝတ္ထိမြို့သူမြို့သားများက သဒ္ဓါတရားမကောင်းသောကြောင့် မဟုတ်၊ သူ့သန္တာန်တွင် အရှိန်ဟပ်ကာ ပါလာသော ဣဿာမစ္ဆရိယကြောင့် ပေးချင်ကမ်းချင်စိတ်များကုန်ခမ်းသွားခြင်းဖြစ်၏။

သာဝတ္ထိမြို့ရှိ လူဦးရေခုနစ်ကုဋေတွင် ငါးကုဋေမှာ အရိယာပုဂ္ဂိုလ်ချည်းသာဖြစ်၏။ ထို့ကြောင့် သဒ္ဓါတရားကားရှိကြ၏။

လောသကတိဿ၏ အကုသိုလ်ကံကြောင့်သာ မပေးကမ်းလိုကြခြင်းဖြစ်သည်ဟုဆိုခဲ့ခြင်းဖြစ်သည်။ လောသကတိဿသူငယ်လေးသည် ခုနစ်နှစ်အရွယ်သို့တိုင်အောင် တစ်ရက်မှ ထမင်းကိုဝလင်အောင်မစားရပေ။

အိမ်ရှင်မများသည် ပန်းကန်ဆေးရေ အိုးဆေးရေများကို အိမ်ပေါက်ဝမှ လမ်းဘက်မြေပြင်ပေါ်သို့ပက်ချတတ်၏။ ထိုရေများမှပါလာတတ်သော ထမင်းစေ့အနည်းငယ်သည် သဲများ ဖုန်မှုန့်များလူးလျက်ဖို့ တစ်စေ့သည်တစ်စေ့ကြဲပြန့်နေတတ်၏၊ သူသည် ကျီးတစ်ကောင်ကဲ့သို့ ထိုထမင်းလုံးများကို တစ်စေ့ချင်းလိုက်၍ကောက်စားရ၏။ ဣဿာမစ္ဆရိယအတွက် ပေးဆပ်ရသော အရင်းအနှီးကားများပြားပေစွ။

ထိုအချိန်မှာပင် အရှင်သာရိပုတ္တရာနှင့်တွေ့ပြီး ရှင်သာမဏေဝတ်ခွင့်ရခဲ့သည်။ ထိုကမှ တစ်ဆင့်ရဟန်းဖြစ်ပြီးနောက် ကာလအတန်ကြာမှာပင် ကိလေသာအာသဝေါကုန်ခန်းသော ရဟန္တာဘသို့ရောက်ခဲ့သည်။ ရဟန္တာဖြစ်သွား၍ ကိလေသာအာသဝေါကုန်ခန်းသွားသော်လည်း ဝဋ်ကြွေးကားမကုန်ခန်းသေးပေ။ အဘယ်ကြောင့်ဆိုသော် သူသည် ရဟန္တာဖြစ်သွားပြီးသည့်တိုင်အောင် ဆွမ်းတစ်နပ်မှ ဝအောင်မစားရခြင်းကြောင့်ပါတည်း။

www.dhammaransi.com



သူ၏အကုသိုလ်ကြီးမားပုံကား သူဆွမ်းခံကြွ၍ ဆွမ်းလောင်းမည့်သူရှေ့ရောက်သွားလျှင် လောင်းရန်ပြင်ဆင်ထားသည့် ဆွမ်းအုပ်ထဲမှဆွမ်းများသည် အလိုလိုပျောက်သွားတတ်၏။ ထို့ကြောင့် အလှူရှင်ကတာကယ်မရှိတော့ဘူးထင်၍ ကန်တော့ဆွမ်းသာလောင်းတော့၏။

တစ်ခါတစ်ရံတွင်ကား ဆွမ်းလောင်းမည့်သူရှေ့ရောက်၍ သပိတ်ကို ဖွင့်လိုက်လျှင် သူ့သပိတ်ထဲတွင် လောင်းစရာမရှိတော့လောက်အောင် ဆွမ်းများပြည့်လျှံနေသည်ကိုလောင်းမည့်သူ၏မျက်စေ့ထဲတွင်မြင်သွား၏။ ထို့ကြောင့် မလောင်းတော့ဘဲ ဆွမ်းအုပ်ကို ပြန်ချလိုက်တော့၏။ ဣဿာမစ္ဆရိယ၏ ဆိုးကျိုးကား ကြောက်မက်ဖွယ်ကောင်းစွ။

အာဟာရဓါတ်အပြည့်အဝမရမှုကြောင့် လောသကတိဿမထေရ်သည် အသက်ငယ်ငယ်နှင့်ပင် ပရိနိဗ္ဗာန်ဝင်စံရမည့်နေ့သို့ ရောက်လာ၏။ အရှင်သာရိပုတ္တရာသည် တပည့်ဖြစ်သူ၏ ဝဋ်ကြွေးကို နားလည်၏။ တစ်ကြိမ်တစ်ခါမှ ဆွမ်းမဝသည်ကိုလည်းသိ၏။ ထို့ကြောင့် ပရိနိဗ္ဗာန် စံမည့်နေ့တွင်ကား ဆွမ်းတစ်နပ်ကိုဝဝလင်လင်ဘုဉ်းပေးသွားစေချင်၏။

ထို့ကြောင့် အရှင်မြတ်ကိုယ်တိုင်ဦးဆောင်ပြီး လောသကတိဿမထေရ်ကိုခေါ်ကာ နှစ်ပါးအတူဆွမ်းခံကြွ၏။ လောသကတိဿ မထေရ်၏ ဣဿာမစ္ဆရိယမီးသည် အရှင်သာရိပုတ္တရာကိုပင်လောင်ပြန်၏။ လောင်းလှူနေကြဆွမ်းအလှူရှင်များသည် ထိုနေ့ကျမှ တစ်ဦးမှ လောင်းဖော်မရတော့ပေ။

အိမ်ခြေအတော်ဆွမ်းရပ်ပြီးသည်အထိ တစ်စေ့မှ မရသောအခါ အရှင်သာရိပုတ္တရာသည် ရိပ်စားမိသွား၏။ ထို့ကြောင့် လောသကတိဿ မထေရ်ကို ကျောင်းပြန်လွှတ်ခါ တစ်ပါးတည်းဆွမ်းခံကြွရတော့၏။ ထိုအခါမှ အိမ်အားလုံးသည် အရင်အတိုင်းပြန်လောင်းလှူကြ၏ ဆွမ်းပြည့်စုံသည်နှင့် ကျောင်းပြန်ရန်ပြင်သောအခါ ဒကာ ဒကာမများက အိမ်မှာပင် ဘုဉ်းပေးရန် လျှောက်ထားကြ၏။

အရှင်သာရိပုတ္တရာက တပည့်ရဟန်းတစ်ပါးရှိသေးကြောင်း ပြောကြားသောအခါ ဒကာများက အိမ်မှာလည်းဘုဉ်းပေးပါ။ ကျောင်း

www.dhammaransi.com



မှုရဟန်းအတွက်လည်းပို့ပေးပါမည်ဟု တာဝန်ယူသဖြင့် လိုက်လျော လိုက်ရ၏။ ခဲဘွယ်ဘောဇဉ်များအပြည့်အစုံထည့်ကာ လောသကတိဿ မထေရ်ထံအမြန်ပို့စေ၏။ သို့သော် သွားပို့သော ဒကာများသည် လမ်းခုလတ်သို့ရောက်လျှင် လောသကတိဿ မထေရ်ကိုမေ့သွားကာ ခဲဘွယ်ဘောဇဉ် များကို စားပစ်လိုက်ကြ၏။

လောသကတိဿ မထေရ်၏ အကုသိုလ်ကြောင့် ထိုကဲ့သို့မေ့ လျော့သွားကြခြင်းဖြစ်၏။ အရှင်သာရိပုတ္တရာသည် ကျောင်းသို့ပြန် ရောက်သည်နှင့် လောသကတိဿ မထေရ်ကိုရှာကြည့်ရာ ဆွမ်းစား ကျောင်းထဲတွင် အရှင်သာရိပုတ္တရာမှာလိုက်သည့်အတိုင်း ငုတ်တုတ်လေး ထိုင်စောင့်နေသည်ကိုသာ သနားစဖွယ်တွေ့ရ၏။ အရှင်သာရိပုတ္တရာ သည် အနားသို့သွားကာမေးလိုက်၏။

"တပည့်လောသကတိဿ ဆွမ်းဘုဉ်းပေးပြီးပြီလော"

"မဘုဉ်းပေးရသေးပါဘုရား"

ဗိုဟ် ဖြစ်မှဖြစ်ရလေ။ ပို့ခိုင်းလိုက်တဲ့သူတွေကျောင်းကိုရောက် လာဟန်မတူဘူးဟုတွေးမိပြီး နေကိုကမန်းကတန်းမော့ကြည့်လိုက်ရာ မွန်းလွဲသွားလေပြီ။ လောသကတိဿ မထေရ်ကား မကြာမီအချိန်မှာပင် ပရိနိဗ္ဗာန်ဝင်စံပေတော့မည်၊ ဆွမ်းဝဝလင်လင်ဘုဉ်းပေးရဖို့နေ နေသာ သာ စားပင်မစားရတော့။

"တပည့်လောသကတိဿ ခဏစောင့်လော့ ငါယခုပင်ပြန်လာ မည်"

အရှင်သာရိပုတ္တရာသည် သက်န်းရုံသပိတ်ပိုက်ပြီး နောက်တစ် ကြိမ် အလှူခံကြွရပြန်၏။ သည်တစ်ခါကား အရပ်ထဲမကြွတော့။ အချိန် လည်းမရှိတော့ပေ၊ လောသကတိဿ မထေရ်ကား ပရိနိဗ္ဗာန်စံရန် အချိန်အလွန်နီးကပ်နေလေပြီ၊ ထို့ကြောင့် ကောသလမင်းကြီးနန်းတော် ထဲဝင် ရပ်ရတော့၏။

ကောသလမင်းကြီးသည် အရှင်သာရိပုတ္တရာကို ဖူးတွေ့ရသည် နှင့် သဒ္ဓါဖြစ်ကာ ဆွမ်းချိန်မဟုတ်သောကြောင့် စတုမဓုများကို သပိတ် အပြည့်လောင်းလှူလိုက်၏။ အရှင်သာရိပုတ္တရာသည် ကျောင်းသို့ပြန်

www.dhammaransi.com



မြန်ကြွကာ လောသကတိဿ မထေရ်ထံ ရှေးရှုသွား၏။ အနားရောက်သည်နှင့်

"လောသကတိဿ သင်၏ ဝဋ်ကြွေးကားကြီးမားလှ၏။ သပိတ်ကို သင့်လက်ထဲထည့်လိုက်လျှင် စတုမဓုများပျောက်ချင်ပျောက်သွားနိုင်သည်။ ထို့ကြောင့် ငါက သပိတ်ကိုပိုက်ထားမည်၊ သင်ကအလိုရှိသလောက်ယူ၍ ဘုဉ်းပေးလေ။"

ဟုပြောကာ နောက်ဆုံး ကျွေးမွေးတော်မူ၏။ လောသကတိဿ မထေရ်သည် ရဟန္တာဖြစ်ရသည့်ဘဝမှာပင် ကိုတစ်ကြိမ်သာဝဝလင်လင် ဘုဉ်းပေးပြီး ပရိနိဗ္ဗာန်ဝင်စံခဲ့ရ၏။

ဤကား လာဘမစ္ဆရိယနှင့်ပတ်သက်၍ ခံစားရသော ဆိုးကျိုးဖြစ်၏။ ဝဏ္ဏမစ္ဆရိယအကြောင်းကိုလည်း အနည်းငယ်ပြောချင်သေး၏။ ဝဏ္ဏမစ္ဆရိယဟူသည် သူတစ်ပါး၏ကောင်းဂုဏ်အပေါ် ဝန်တိုခြင်းပင်ဖြစ်၏။ တစ်နည်း သူတစ်ပါးကောင်းဂုဏ်ကို မချီးမွမ်းနိုင်ခြင်း ဝမ်းမသာနိုင်ခြင်း တစ်ပါးသူကချီးမွမ်းသည် ဝမ်းသာသည်ကိုလည်း အလိုမရှိခြင်းမျိုးဖြစ်၏။ဝန်တိုခြင်း၏ ခက်ဆစ်အဓိပ္ပါယ်ကို ထိးချိုင့်မြို့တည်တောဆရာတော်ဘုရားကြီးက ဒါနဟူသည်စာအုပ် စာမျက်နှာ ၆၄ ၌ဖွင့်ပြထားသည်မှာ

## ဝန်တိုခြင်းရဲ့အဓိပ္ပါယ်အကျယ်

ဝန်တိုဆိုတဲ့ မြန်မာစကားနှစ်လုံးမှာ (ဝန်) ဆိုတာ သူတစ်ပါး ကြီးပွားချမ်းသာတာကို ဝမ်းမြောက်ရမည့် တာဝန်ဖြစ်တယ်၊ လူတွေမှာ တာဝန်အသီးသီးရှိကြရာမှာပင် ကိုယ့်ထက် သာလွန်သူကို အမှန်တကယ် ကျေနပ်နှစ်သက်ဝမ်းမြောက်ရမည့်တာဝန်တစ်ခုလည်း ရှိနေပါသည်။ ဘာကြောင့် ဒီတာဝန်ရှိရတာတုန်းဆိုရင် လောကမှာ တိရစ္ဆာန်ဟာ ကိုယ့်ထက်သာသူကို မနာလိုဘာတ်ဘူး။ ဒါကြောင့် ကိုယ့်ထက်သာမည် ထင်ရတဲ့ရင်မသွေးငယ်ကိုသော်လည်း ငယ်စဉ်ကပင်သတ်ပစ်တတ်ကြတယ်။ လူဟာ တိရစ္ဆာန်မဟုတ်ဘူး။ တိရစ္ဆာန်ထက်မြင့်မြတ်သူ

www.dhammaransi.com



ဖြစ်တယ်။ တိရစ္ဆာန်ထက်မြင့်မြတ်တဲ့အတွက် မြင့်မြတ်တဲ့ စိတ်ရှိရမယ်။ ကိုယ့်ထက်သာသူကို မနှိမ်ရဘူး၊ ဖျောက် မပစ်ရဘူး၊ ချီးမွမ်းရမယ်၊ မြှောက်စားရမယ်၊ ဝမ်းမြောက် ရမယ်။

ဒါကြောင့် (ဝန်) ဆိုတာ သူတစ်ပါးကြီးပွားချမ်းသာတာကို ဝမ်းမြောက်ရမည့်တာဝန်လို့ဆိုလိုတယ်၊ (ကို)ဆိုတာက တွန့်တိုတာကိုဆိုလိုတယ်။ စကားနှစ်လုံးစပ်ရဲ့အဓိပ္ပါယ်က သူတစ်ပါးကြီးပွားချမ်းသာတာကို ဝမ်းမြောက်ရမည့် တာဝန်မှတွန့်တိုနေတယ်လို့ဆိုလိုတယ်။

ဟူ၍ဖြစ်၏။ များသောအားဖြင့် ပုဂ္ဂိုလ်အများစုမှာ သူတစ်ပါး ၏ ဖီးစေ့လောက်ရှိသော မကောင်းကွက်လေးကိုကား ရှာရှာဖွေဖွေမြင် ပြီး မေးငေါ့မဲ့ရွဲ့အပြစ်တင်တတ်သလောက် မြင့်မိုရ်တောင်လောက်ရှိ သော သူတစ်ပါး၏ ကောင်းကွက်ကိုကား မျက်စေ့လျှန်းနေတတ်ကြ၏။ ဝမ်းသာအားရချီးမွမ်းရန် ခက်ခဲနေတတ်ကြ၏။

## မြှောက်ပင့်ခြင်းနှင့်ချီးမွမ်းခြင်း

သူတစ်ပါး၏ ကောင်းဂုဏ်ကို မချီးမွမ်းနိုင်ခြင်းမှာ ဝဏ္ဏမစ္ဆရိယ ကြောင့်ဆိုသည်ကိုလည်း သိသူအလွန်နည်း၏။ မိမိသန္တာန်၌ ဖြစ်နေ သော ဝဏ္ဏမစ္ဆရိယကို ငါတို့က သူတစ်ပါးကိုမြှောက်ပင့်မပြော တတ်ဘူး ဟူသောစကားဖြင့် ဖုံးကွယ်တတ်ကြ၏။ မြှောက်ပင့်ခြင်းနှင့် ချီးမွမ်းခြင်း ကား ဆီနှင့်ရေလိုကွာခြားလွန်းလှ၏။

မြှောက်ပင့်ခြင်းသည် လောဘကြောင့်ဖြစ်၏၊
ချီးမွမ်းခြင်းသည် မုဒိတာကြောင့်ဖြစ်၏၊
မြှောက်ပင့်ခြင်းသည် အတ္တဟိတအတွက်ဖြစ်၏၊
ချီးမွမ်းခြင်းသည် ပရဟိတအတွက်ဖြစ်၏၊
မြှောက်ပင့်ခြင်းသည် မဟုတ်တာကို အဟုတ် လုပ်ပြောသဖြင့် မုသားစကားဖြစ်၏။ ချီးမွမ်း ခြင်းသည် တကယ့်ကိုတော်၍ တော်တယ်ဟု

www.dhammaransi.com



ပြောခြင်းဖြစ်၍ သစ္စာစကားဖြစ်၏။

မြှောက်ပင့်ခြင်းသည် သူယုတ်မာတို့၏ အလေ့အထဖြစ်၏။

ချီးမွမ်းခြင်းသည် သူတော်ကောင်းတို့၏ အလေ့အထဖြစ်၏။

ထို့ကြောင့် မြှောက်ပင့်ခြင်းနှင့် ချီးမွမ်းခြင်းကို ရောနှော၍ မသုံးသင့်ပေ။ သူတစ်ပါး၏ ကောင်းဂုဏ်ကို လိုက်လိုက်လှဲလှဲဝမ်းပန်း တသာ ချီးမွမ်းနိုင်သူမှာ သုံးဦးသာရှိ၏၊ ယင်းတို့ကား ကုသလမစ္ဆရိယ ကိုမဂ်ဖြင့် အမြစ်ပြတ်ပယ်သတ်ပြီးသော သောတာပန်အရိယာပုဂ္ဂိုလ်၊ ပင်ကိုယ်က ပင် ကုသလမစ္ဆရိယပါးရှားပြီး နှလုံးဖြူအူစင်းသောပုဂ္ဂိုလ်၊ ကုသလ မစ္ဆရိယ၏ဆိုးကျိုးများကို နာကြားဖတ်ရှုထားသဖြင့် အသိဉာဏ်ဖြင့် ယင်းစိတ်များပေါ်မလာအောင် ထိန်းသိမ်းထားနိုင်သူတို့ပင်ဖြစ်၏။

မိမိထက်အသက်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်း ကောင်း၊ ငယ်သောသူကိုပင် ဝမ်းသာအားရချီးမွမ်းနိုင်သော ဆရာတော် ကြီးတစ်ပါးအကြောင်းကိုဖော်ပြချင်၏၊ ယင်းဆရာတော်ကြီးကား အဘိ ဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ပထမမစိုးရိမ်ဆရာတော်ဘုရားကြီး ဦးသုရိယာဘိဝံသပင်ဖြစ်၏။

၁၃၃၁ ခုနှစ်ကပင်ဖြစ်၏။ မဟာစည်ဆရာတော်သည် ထို အချိန်က ယခုလောက်နာမည်မကြီးသေးပေ။ သက်တော်လည်းလေး ဆယ်ကျော်ငါးဆယ်ဝန်းကျင်သာရှိပါလိမ့်ဦးမည်။ မဟာစည်ဆရာတော် သည်ပင်ကိုယ်ဉာဏ်ထက်မြက်သည့်အပြင် စူးရှလေးနက်သော အတွေး အခေါ်လည်းရှိ၏။ မဟာစည်ဆရာတော်၏ဂုဏ်ရည်ကို ဆဋ္ဌသင်္ဂါယနာ တင်သောအခါတွင်မှ အားလုံးကသိကြရ၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ဆဋ္ဌသင်္ဂါယနာမူအတိုင်း စာအုပ်ရိုက် ဖို့ပြင်ဆင်သောအခါ သင်္ဂါယနာတင်သံဃာအားလုံးတွင် တူညီသောဆန္ဒ တစ်ခုရှိနေ၏။ ယင်းဆန္ဒကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ရေးသားသော အရှင် မဟာဗုဒ္ဓဃောသကိုနိုင်ငံခြားသား စာပေပညာရှင်တစ်ယောက်က အခြေအမြစ်မရှိသော အချက်များဖြင့် သိက္ခာချထားသည်ကို ပြန်လည် ဖြေရှင်းချက်နိဒါန်းရေးရန်ပင်ဖြစ်၏။ ကမ္ဘာသုံးပါဠိစကားဖြင့် ရေးသား ရမည်ဖြစ်ရာလွယ်ကူသောအရာ မဟုတ်ပေ။ ထိုတာဝန်ကို မဟာစည်

www.dhammaransi.com



ဆရာတော်၊ မင်းကွန်းတိပိဋကဆရာတော်၊ ဝိဇ္ဇာလင်္ကာရဆရာတော်ဦးဝိသုဒ္ဓါဘိဝံသတို့အား တာဝန်ပေးကြ၏။

ထိုနိဒါန်းကို ရေးမည့်သူသည် ပါဠိ၊ သက္ကတ၊ အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ရမည်။ ထို့အပြင် ဝိပဿနာတရားကို လက်တွေ့ကျင့်ကြံပွားများနေသူလည်းဖြစ်ရမည်ဖြစ်ရာ ထိုအင်္ဂါအားလုံးနှင့်ပြည့်စုံသည်မှာ မဟာစည်ဆရာတော်သာဖြစ်၏။ ထို့ကြောင့် ကျန်နှစ်ပါးက မဟာစည်ဆရာတော်ကိုပင်တစ်ပါးတည်းစိတ်ကြိုက်အပြီးရေးရန် ယုံကြည်စွာလွှဲအပ်တော်မူကြသည်။

ယခုစာရှုသူများစိတ်ပါဝင်စားစွာ ဖတ်ရှုနေရသော ဝိသုဒ္ဓိမဂ်မြန်မာပြန်နိဒါန်းရှည်ကြီးမှာ မဟာစည်ဆရာတော်ကြီး၏ လက်ရာပင်ဖြစ်၏။ ထို (၁၃၃၁) နှစ်က ညောင်ကန်အေးဆရာတော် ဦးက္ကန္ဒကသည် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ မဟာစည်ဆရာတော်ရေးသားသော ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယစာအုပ်ကြီးကို ဆရာတော်ကြီးထံသို့လာ၍ ဆက်ကပ်၏။

## မစိုးရိမ်ဆရာတော်၏ချီးမွမ်းစကား

ထိုအခါ မစိုးရိမ်ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယစာအုပ်ကြီးကိုကြည့်ပြီးလျှင်

"မဟာစည်ဆရာတော်ဟာ တို့များထက်ဉာဏ်သာတယ်၊ တို့များမမြင်တဲ့စာမှား ပေမှားများကိုမြင်အောင်ကြည့်နိုင်တယ်။ အရှင်အနုရုဒ္ဓါတို့ (သင်္ဂြိုဟ်ကျမ်းကို ရေးသော သီဟိုဠ်ရဟန်းတစ်ပါး)၊ ဋီကာကျော်ဆရာတို့အခြားကျမ်းပြုဆရာတော်တို့မမြင်တဲ့ အမှားများကိုတောင်မြင်အောင် ကြည့်နိုင်တယ်၊

သင်္ဂြိုဟ်ကမ္မဋ္ဌာန်းဒိဋ္ဌိဝိသုဒ္ဓိခန်းမှာ နာမ်ရုပ်တို့ကို လက္ခဏာ၊ ရသ၊ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့် ပိုင်းခြားသိရမည် ဆိုရာမှာ ပဒဋ္ဌာန်ကိုဒိဋ္ဌိဝိသုဒ္ဓိခန်း မှာမဆိုသေးဘဲ ကင်္ခါဝိတရဏဝိသုဒ္ဓိခန်းမှာမှ ဆိုသင့်ကြောင်းကို ဆဋ္ဌသင်္ဂါယနာတင်စဉ်အခါက မဟာစည် ဆရာတော်က ထောက်ပြနိုင်ခဲ့တယ်။ ဒီကရွှေ့ မဟာစည်ဆရာတော်ထက်သာသူကို မပြောနဲ့ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့ မလွယ်ဘူး။

www.dhammaransi.com



မဟာစည်ဆရာတော်ရဲ့ စွမ်းရည်သတ္တိကိုသိလို့လည်း ဝိဝိသုဒ္ဓိမဂ် မဟာဋီကာကို နိဿယပြုစုဖို့ တို့များက တိုက်တွန်းရတယ်။"

ဟု အားရဝမ်းသာ ပရိသတ်အလယ်တွင် ချီးမွမ်းတော်မူခဲ့သည်။ ထိုအချိန်က မစိုးရိမ်ဆရာတော်ဘုရားကြီးသည် သက်တော်အားဖြင့် ၈၀ ကျော်ကိုးဆယ်အရွယ်ဖြစ်၍ အသက်အားဖြင့်လည်း မဟာစည်ဆရာတော်ထက်ကြီးမားတော်မူသည်။ တစ်နိုင်ငံလုံးကလေးစားရသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကြီးကို ရရှိထားသဖြင့် ဂုဏ်အားဖြင့်လည်း မဟာစည်ဆရာတော်ထက်ကြီးမားတော်မူသည်။

ဤကဲ့သို့ မိမိထက်အသက်အားဖြင့်လည်းကောင်း ဂုဏ်အားဖြင့်လည်းကောင်း ငယ်သောသူတစ်ယောက်ကို ဝမ်းပန်းတသာလှိုက်လှိုက်လှဲလှဲချီးမွမ်းနိုင်ခြင်းမှာ ဝဏ္ဏမစ္ဆရိယကင်းရှင်းသောကြောင့်ပင်ဖြစ်၏။

## အောက်စ်ဖို့တက္ကသိုလ်ကဆရာ

ဂုဏမစ္ဆရိယပါးရှားပြီး တပည့်ကိုပင်ပြန်ချီးမွမ်းနိုင်သောဆရာတစ်ယောက်အကြောင်းကိုလည်း ဖတ်ခဲ့ရဘူး၏။ အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ တက္ကသိုလ်မှ ဆရာတစ်ယောက်သည် ခန်းမအတွင်း၌ တပည့်များအား စာသင်ပေးလျက်ရှိ၏။ စာသင်ချိန်တစ်ဝက်ခန့်အရောက်တွင် ဘဝပေးပါရမီအရ ထိုဘာသာရပ်ကို ဆရာထက်ကျွမ်းကျင်နေသော တပည့်တစ်ယောက်က ဆရာ၏ လိုအပ်ချက်ကို ထောက်ပြပြီး မြန်မြန်တဟ်သိနားလည်လွယ်သော သင်ပြနည်း တစ်ခုကိုလည်း တင်ပြလိုက်၏။

ဂုဏသာ,မစ္ဆရိယအားကြီးသော ဆရာသာဆိုလျှင် မင်းကဆရာလား၊ ငါကဆရာလားဟူသော စကားဖြင့် ရန်ရှာမည်သာဖြစ်၏။ ထိုဆရာကား ဂုဏမစ္ဆရိယကင်းရှင်းသူဖြစ်၏။ ထို့ကြောင့် ယင်းတပည့်ကို တလေးတစားလက်ဆွဲနှုတ်ဆက်ပြီး သူ့ထက်တော်သူဖြစ်ကြောင်း ချီးမွမ်းပြောဆိုခဲ့၏။

သင်တန်းနှစ်ကုန်သောအခါတွင်လည်း သူပြသော ဘာသာရပ်တွင်သူ့အစား တပည့်ဖြစ်သူကို ဆရာနေရာထား၍ ပြစေလျှင်ကျောင်းသူကျောင်းသားများယခုထက်ပို၍ မြန်မြန်တတ်လွယ် မည်ဖြစ်ကြောင်း

www.dhammaransi.com



အထက်သို့စာတင်ခဲ့သေးသည်။ မစိုးရိမ်ဆရာတော် ဘုရားကြီးသည်လည်းကောင်း၊ ယခုပြခဲ့သော ဆရာသည်လည်းကောင်း၊ သူများ၏ ဂုဏ်ကို ဝန်မတိုဘဲမြှင့်တင်ခဲ့သောကြောင့် သူတို့၏ ဂုဏ်သည်လည်း မြင့်တက်ခဲ့ ရ၏။ မစိုးရိမ်ဆရာတော်ဘုရားကြီးဆိုလျှင် တစ်ပြည်လုံးရှိ ဒကာဒကာမများ သာမက ဂိုဏ်းကြီးကိုးဂိုဏ်းမှ သံဃာတော် အားလုံး နီးပါးခန့်က ကြည်ညိုလေးစားကြသည်မှာ ဝဏ္ဏမစ္ဆရိယ ကင်းရှင်းသောကြောင့်ပင် ဖြစ်၏။

အောက်စ်ဖို့ တက္ကသိုလ်ကဆရာ၏ ဂုဏ်သတင်းသည်လည်း ယခုကဲ့သို့ အာရှနိုင်ငံများထိ ကျော်ကြားလာခြင်းမှာလည်း ဝဏ္ဏမစ္ဆရိယ တင်းရှင်းမှုကြောင့်ပင်ဖြစ်၏။ ထို့ကြောင့် မန်လည်ဆရာတော်က မဃဒေဝလင်္ကာတွင်

ညီရင်းနောင်ရင်း နွယ်မကင်းသား၊
သားချင်းမျိုးဖေါ် အကျော်ထင်ရှား၊
ဆွေတော်များကို တရားမပျက်၊
ပေတ္တာဆက်၍ မဖျက်ဆီးမှု၊
ချီးမြှောက်ပြုလော့ သူ့ကိုချီးမြှောက်၊
ကိုယ့်ဂုဏ်မြောက်၏ ယွင်းဖေါက်အလို၊
ဝန်မတိုနှင့် သူ့ကိုဂုဏ်နှိမ့်၊
ကိုယ့်ဂုဏ်နိမ့်၏။

(မဃဒေဝ)

ဟု စပ်ဆိုတော်မူခဲ့ခြင်းဖြစ်၏။ ဤမျှဆိုလျှင် ကျွန်ုပ်ပြောချင်သော ဏ္ဍသာမစ္ဆရိယအကြောင်းသည် လုံလောက်ပေပြီ။ ထို့ကြောင့် ကုသိုလ် ပဏာမဇောင်၏ အကျိုးပေးပုံကိုပြသော ဦးသက်ရှည်တို့သားအဖ အကြောင်းကို ဆက်ပါအံ့။ သူတို့သားအဖသည် မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက်တွင် သွပ်မိုးပျဉ်ကာနှစ်ထပ်ကျောင်းဆောင် တစ်ဆောင်ကို ဆောက်လုပ်ပြီးနောက် သဒ္ဓါစေတ်များပိုတက်လာ၏။

နောက်ထပ် စာသင်တိုက်ကြီးတစ်တိုက်လုံးကိုတည်ထောင်လှူဒါန်းချင်သည့်စိတ်များ တဖွားဖွားပေါ်လာ၏။ ထိုသဒ္ဓါစိတ်ကြောင့်ပင်

www.dhammaransi.com



သူတို့စီးပွားရေးသည် ဒီရေအလား တစ်နေ့တခြား တိုးပွားလာ၏။ ငွေအတော် စုမိသောအခါ ထိုအချိန်က မန္တလေးမြို့ဝန် ဦးပေစိပိုင်သော လေးကော ခန့်ကျယ်သည့်ဥယျာဉ်ကြီးတစ်ခုကိုဝယ်လိုက်၏။

ထိုဥယျာဉ်သည် သစ်ပင်ပန်းမာလ်တို့ဖြင့် အင်မတန်မှအေးချမ်းသာယာ၏။ တစ်ခါတွင် ရောဂါသည်းနေသော ကလေးလေးတစ်ယောက်ကိုမြန်မာသမားတော်ကြီးက အရိပ်အာဝါသကောင်းပြီးအေးမြသည့် ဥယျာဉ်ကြီးတစ်ခုထဲထားပြီးဆေးကုရမည်ဆိုသဖြင့် ကျောင်းတိုက်တည်မည့်ဥယျာဉ်ကြီးထဲ ခေတ္တလာထား၏။

မျက်နှာကြီးထဲကဖြစ်သဖြင့် လူနာလာကြည့်သောပရိသတ်အလွန်များ၏။ ထိုဥယျာဉ်ကြီးထဲရောက်သည်နှင့် ကလေးမှာတစ်နေ့တခြား ရောဂါသက်သာလာ၏။ လူနာမေးလာသူများက ကလေးအခြေအနေ ဘယ်လိုရှိသလဲဟုမေးလိုက်သည်နှင့် လူနာစောင့်များက "မစိုးရိမ်ရတော့ဘူး"ဟု မကြာခဏဖြေပေးရ၏။

ထိုအဖြေကို အစွဲပြု၍ ကျောင်းတိုက်တည်ကောင်ပြီးသောအခါ မစိုးရိမ်ကျောင်းတိုက်ဟု မှည့်ခေါ်ခြင်းဖြစ်၏။ ခြံဝင်းကြီးရသည် နှင့် မြေမျက်နှာပြင်ကို ညီညွှတ်အောင်ညှိ၏။ ပြီးလျှင် နှစ်ထပ်တိုက်ကြီးများကို တစ်လုံးပြီးတစ်လုံးဆက်တိုက်ဆောက်လာရာ ၁၄ လုံးခန့်ရှိ၏။ တစ်ထပ်တိုက်ကလည်း လေးလုံးခန့်ရှိသေး၏။

နှစ်ထပ်တိုက်တစ်လုံးတစ်လုံးသည် သေးသေးကွေးကွေးမဟုတ် အနံပေ ၅၀ အလျား ပေ ၈၀ ခန့်ထိရှိ၏။ ထို့ပြင် တိုက်အတွင်းပိုင်း တစ်ခုလုံးကို ရွှေအစစ်အပြည့်ချထားသေး၏။ ထိုအချိန်ကစပြီး ဦးသက်ရှည်တို့၏ စီးပွားရေးသည် မြန်မာပြည်တွင် အကောင်းဆုံးဟုပင်ဆိုထိုက်၏။ အောက်မြန်မာပြည်မှ ထွက်သမျှဆားများကို အထက်မြန်မာပြည်အတွက် တစ်ဦးတည်းကိုယ်စားလှယ်ယူ၏။

ထိုဆားအရောင်းအဝယ်မှ မြတ်သမျှငွေများကို သာသနာအတွက်သာ အသုံးချ၏။ တစ်ပြားမှ ကိုယ်ကျိုးမသုံး။ ထိုသို့စေတနာပြတ်သားခြင်းကြောင့်လည်း ဤမျှထိအောင်မြင်ခြင်းဖြစ်၏။

မြန်မာပြည်တွင် ဒကာတစ်ဦးတည်းဖြင့် စာသင်တိုက်ကြီးတစ်တိုက်တည်ဆောင်လှူဒါန်းခြင်းမျိုးကို ဤမစိုးရိမ်ကျောင်းတိုက်တစ်တိုက်

www.dhammaransi.com



သာ ကျွန်ုပ်တွေ့ဘူးသေးသည်။ ကျောင်းတိုက်တည်ဆောက်ပြီးနောက်တွင်လည်း စာချဆရာတော်များနှင့် စာသင်သားသံဃာတော်ငါးရာကျော်ကို လိုလေသေးမရှိအောင် ထောက်ပံ့လှူဒါန်း၏။

မိုးတွင်းဆွမ်းခံမထွက်နိုင်သော ရက်များတွင် ဆွမ်းအခက်အခဲမရှိစေရန် ဆွမ်းစားလက်မှတ်များကပ်ထား၏။ သံဃာတော်များသည် မန္တလေးမြို့တွင်းရှိ မည်သည့်ထမင်းဆိုင်တွင်မဆို ယင်းလက်မှတ်များကိုပေးပြီး ကြိုက်ရာဟင်းဖြင့် ဆွမ်းဘုဉ်းပေးနိုင်၏။ ဦးသက်ရှည်တို့သားအဖသည် တစ်ပတ်တစ်ခါ ရောက်လာပြီး ဆိုင်ရှင်များပြသောလက်မှတ်များအလိုက် ကျသင့်သမျှငွေကိုပေးချေကြ၏။

မမ္မပဒအဋ္ဌကထာတွင် ဒါနကုသိုလ်သည် ယခုဘ၀အကျိုးပေးရန်

၁။ အလှူခံပုဂ္ဂိုလ်သည် ဘုရားသော်လည်းကောင်း၊ ပစ္စေကဗုဒ္ဓါသော် လည်းကောင်း၊ ရဟန္တာသော် လည်းကောင်း၊ တစ်ပါးပါး ဖြစ်ခြင်း။

၂။ ထိုအရှင်မြတ်တို့သည် နိရောဓသမာပတ်မှထလာကာ စ ဖြစ်ခြင်း (မှတ်ချက်) နိရောဓသမာပတ်ဝင်စားချိန် (၇)ရက်အတွင်း ဘာအစာမှမစားသဖြင့် အစာဒုက်သော ပါစကာပမ်းမီးသည် ဝမ်းဗိုက်တစ်ခုလုံးကို လောင်ကျွမ်းလျှက်ရှိ၏။ နိရောဓသမာပတ်မှထကာစ ဆွမ်းခံထွက်ချိန်တွင်အကယ်၍ ဆွမ်းမရ၍မစားရလျှင် ပရိနိဗ္ဗာန်စံတော်မူရ၏။ ထို့ကြောင့် နိရောဓသမာပတ်မှ ထလာကာစအချိန်သည် ဆွမ်းကို အလွန်လိုအပ်နေသော အချိန်ဖြစ်၍ပေးလှူသူသည် ယခုချက်ခြင်း ကောင်းကျိုးခံစားရခြင်းဖြစ်၏။

၃။ လှူဘွယ်ဝတ္ထုသည် ဓမ္မိယလဒ္ဓ တရားသဖြင့် ရတာ ဖြစ်ခြင်း။

၄။ မလှူခင် လှူဆဲ လှူပြီးစေတနာသုံးတန်လုံးထက်သန်ကောင်းမွန်ခြင်း။

ဟူသော အင်္ဂါလေးချက်ညီရမည်ဟု ဖွင့်ပြ၏။ ဤသို့ဖွင့်ပြခြင်း

www.dhammaransi.com



ကား ယေဘုယျေန အများကိုကြည့်၍ ဖွင့်ပြခြင်းဖြစ်၏။ အပွကာ အနည်း ငယ်အားဖြင့်ကား ယင်းအင်္ဂါလေးချက်နှင့်အကုန် မညီသော်လည်း ယခု ဘဝကောင်းကျိုးပေးနိုင်သည်ဟု မှတ်ယူရမည်။ ဦးသက်ရှည်တို့သားအဖ ချမ်းသာသွားခြင်းသည် ကျောင်းလှူသော ဒါနကုသိုလ်ပထမဇောအကျိုး ပေးခြင်းပင်ဖြစ်၏။

## ကုသိုလ်သတ္တမဇောအကျိုးပေးပုံ

ကုသိုလ်ပြုစဉ် ဇောစေတနာ (၇)ချက်ဖြစ်ရာတွင် ပထမဇောက ယခုဘဝအကျိုးပေးပုံကိုပြပြီး၍ သတ္တမဇောစေတနာက ဒုတိယဘဝ၌ ကောင်းကျိုးပေးပုံလက်တွေ့သာဓကကိုပြအံ့။

တက္ကသိုလ်သျှင်သီရိရေးသားသော သေရွာပြန်တို့၏ ဖြစ်ရပ် မှန်အကြောင်းများစာအုပ်တွင် ပုဒ္ဓဘာသာဝင်တိုင်းအတွက် အားကျ စရာ အတုယူစရာဖြစ်ရပ်တစ်ခုပါရှိ၏။ နှစ်ပေါင်း (၅၀)ကျော်ခန့်ကြာခဲ့ ပြီဟုဆိုသောကြောင့် ၁၉၅၀ ခုနှစ်ခန့်လောက်ကပင်ဖြစ်၏။

ပဲခူးတိုင်း ဖြူးမြို့နယ် ဝဲကြီးအောက်ခုံရွာဦးကျောင်းတွင် ဦး ဇာဂရအမည်ရှိ ဆရာတော်ကြီးတစ်ပါးကျောင်းထိုင်သာသနာပြုချိန်ပင် ဖြစ်၏။ သက်တော် (၈၀)ကျော်လာသောအခါ ဆရာတော်ကြီးတွင် အိုနာ ရောဂါ စွဲကပ်လာပြီဖြစ်သဖြင့် အိပ်ယာထဲလဲနေချိန်ကများနေ၏။ တစ် ခါတွင် ရောဂါကပြင်းထန်လွန်းသဖြင့် ဆရာတော်ကြီးသတိလစ်မေ့မြော သွား၏။

ဆရာတော်ကြီး၏ အသိစိတ်သည် နတ်ပြည်သို့ရောက်သွား၏။ ရွှေဗိမာန်၊ ပတ္တမြားဗိမာန်စသောအားဖြင့် အမျိုးအစားများပြားသော ဗိမာန်မျိုးစုံကိုတွေ့ရ၏။ ဗိမာန်ပိုင်ရှင်နတ်သား၊ နတ်သမီးနှင့် အခြွေ အရံနတ်သားနတ်သမီးများကိုလည်း ကွဲပြားခြားနားစွာတွေ့မြင်ရ၏။ ကြီးမားသော ရွှေဗိမာန်ကြီးတစ်ခုရှေ့အရောက်တွင်ကား ဆရာတော် ကြီးသည် ထူးခြားမှုရှိနေသဖြင့် ခေတ္တရပ်၍မေးမိ၏။

"ဟေ့ ဒီဗိမာန်ကပိုင်ရှင်နတ်သား နတ်သမီးမရှိဘူးလား"

"မရှိသေးပါဘုရား ပိုင်ရှင်ဖြစ်မယ့် နတ်သမီးဟာ လူ့ပြည်မှာ ရှိနေပါသေးတယ်၊ သူ့ကုသိုလ်ကကြီးမားများပြားတဲ့အတွက် နတ်ပြည်မှာ သူမသေခင်ကြိုပြီး ဗိမာန်ပေါက်နှင့်တာဖြစ်ပါတယ်ဘုရား"

ဆရာတော်ကြီးသည် ထိုစကားကို အတော်စိတ်ဝင်စားသွား၏။ ဗုဒ္ဓလက်ထက်ကလည်း နန္ဒိယအမည်ရှိ ဒကာတစ်ယောက်သည် သံဃိကကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်း၏။ ထိုကျောင်းဒကာ မသေမီမှာပင် တာဝတိံသာနတ်ပြည်၌ ဗိမာန်ကြီးတစ်ခုကြိုပေါက်နေကြောင်းကို နတ်ပြည်သို့မကြွာခဏ တရားဟောသွားသော အရှင်မဟာမောဂ္ဂလာန်မှတစ်ဆင့်ပြည်သူပြည်သားအားလုံးသိကြရ၏။

ထိုအကြောင်းကို ဖတ်ဘူးထားသော ဆရာတော်က အခြွေအရံ နတ်သား၊ နတ်သမီးများကို ထပ်မေးလိုက်ပြန်၏။

"ဗိမာန်ရှင်ဖြစ်တဲ့အမျိုးသမီးက ဘယ်နိုင်ငံကလဲ မသိရဘူးလား"

"သိရပါတယ် ဘုရား ဆရာတော်တို့မြန်မာနိုင်ငံကပါပဲ"

"ဒါဆိုရင် လိပ်စာမပြောနိုင်ဘူးလား။ ကုသိုလ်ရှင်ကြိုပြီးဝမ်းသာအောင်ပြောပြထားချင်တယ်"။

"ပြောနိုင်ပါတယ်ဘုရား၊ တပည့်တော်တို့ကလည်း ကုသိုလ်ရှင်ကို ကြိုပြီးသိစေချင်ပါတယ်၊ ကုသိုလ်ရှင်ရဲ့အမည်နဲ့လိပ်စာက ဒေါ်ကုလားမ စမ်းမြိုင်ရပ်ကွက် ဖြူးမြို့နယ်၊ ပဲခူးတိုင်းကပါဘုရား။ဘာမှမပြောပလောက်တဲ့လူ့ဘဝကို မြန်မြန်ထားခဲ့ပြီး နတ်ပြည်ကို အမြန်လာဖို့ရာ တပည့်တော်တို့ မှာလိုက်တဲ့အကြောင်းကိုလည်း သေချာပြောပေးပါဘုရား"

ထိုစကားအဆုံးမှာပင် ဆရာတော်ကြီးသတိပြန်လည်လာ၏။ အနားမှာ အသင့်ရှိသော ဒကာတစ်ဦးကိုချက်ခြင်းပင်ရေးမှတ်ခိုင်း လိုက်၏။ ပြီးလျှင် လိပ်စာအတိုင်း လိုက်ရှာခိုင်းပြီးတွေ့လျှင် နတ်ပြည်၌ ကြိုတင် ဗိမာန်ပေါက်လောက်အောင် မည်ကဲ့သို့သော ကုသိုလ်မျိုး တွေလုပ်ထားကြောင်းကိုလည်း မေးခိုင်းလိုက်၏။ ကပ္ပိယဒကာများ စမ်းမြိုင်ရပ်ကွက်ကို ဖြူးမြို့နယ်အတွင်း အတော်နှံ့အောင်ရှာလိုက်ရ၏။

စမ်းမြိုင်သည် အရင်က တံငါသည်များအများဆုံးနေသော ရွာငယ်လေးတစ်ရွာသာဖြစ်၏။ ဖြူးမြို့နယ်ကြီး စည်ကားလာသောအခါ တွင်မှ ရပ်ကွက်တစ်ခုအဖြစ်သို့သတ်မှတ်လိုက်ခြင်းဖြစ်၏။ ထိုအချိန်က ရပ်ကွက် အဖြစ်သတ်မှတ်တာ မကြာသေးသဖြင့် ကပ္ပိယဒကာများ

www.dhammaransi.com



အတော်ကြာ အောင်ရှာလိုက်ရခြင်း ဖြစ်၏။ ညနေပိုင်းလောက်မှ ဒေါ်ကုလားမအိမ်ကို ရှာတွေ့ကြ၏။

ဒေါ်ကုလားမသည် သမီးတစ်ယောက်နှင့်အတူ ပဲပြုတ်ရောင်း စားသော မုဆိုးမတစ်ယောက်သာဖြစ်သည်။ အသက် ၅၀ကျော်ခန့်ရှိပြီ ဖြစ်၏။ ပဲပြုတ်သည်ဖြစ်သော်လည်း အဆင်းရဲကြီးကားမဟုတ်။တင့် တောင့် တင့်တယ်အနေအထားဖြင့်နေနိုင်ပေသည်။ ကပ္ပိယဒကာများက နတ်ပြည်မှာ ဗိမာန်ပေါက်သော ဒေါ်ကုလားမဆိုတာ ဟုတ်မှဟုတ်ပါ လေစဟု သံသယဝင်မိကြ၏။

ကပ္ပိယဒကာများကား ယခုခေတ် ဗုဒ္ဓဘာသာအများစုကဲ့သို့ သိမ်းနှင့်ေသာင်းနှင့်ချီ၍လှူနိုင်မှသာ အကျိုးပေးကောင်းမည်ဟု ထင်နေ ကြသောကြောင့်ပင်ဖြစ်၏။ စမ်းမြိုင်တစ်ရပ်ကွက်လုံးတွင် ဒေါ်ကုလားမ ဟူသောနာမည်သည် ဤတစ်ယောက်တည်းသာရှိသဖြင့် မှားစရာလည်း မရှိတော့။ ထို့ကြောင့် ဗိမာန်အကြောင်းကို ရှင်းပြပြီး ဘယ်လိုကုသိုလ် များပြုထားကြောင်းမေးမြန်းကြ၏၊ ဒေါ်ကုလားမက

"အခုလို တကူးတကလာပြောခိုင်းတဲ့ ဆရာတော်ကြီးကိုရော လာပြောပေးကြတဲ့ ပုဂ္ဂိုလ်အားလုံးကိုပါ ကျွန်မကျေးဇူးအထူးတင်ရှိပါ တယ်။ ကျွန်မဟာ မုဆိုးမတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် စီးပွားရေး မတောင့်တင်းပါဘူး၊ ဒါ့ကြောင့် သိန်းသောင်းချီကုန်တဲ့အလှူကြီးမျိုးကို တော့ မလှူခဲ့ဘူးပါဘူး"

"ဆရာကောင်းမိဘကောင်းတွေရဲ့ အဆုံးအမကြောင့် နေ့စဉ် မပြတ်ရနေတဲ့ ကုသိုလ်တစ်ခုတော့ရှိပါတယ်။ အဲဒါကတော့ ကိုယ့်အိမ် က ဗုဒ္ဓဆင်းတုတော်ကို နေ့စဉ်အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်း တဲ့ကုသိုလ်ပါဘဲ"

"ကျွန်မဆွမ်းတော်ကပ်တဲ့အခါ တကယ့်သက်တော်ထင်ရှား ဘုရားရှင်တစ်ဆူကို ကပ်လှူရသလို ရည်မှန်းပြီး တစ်ပါးစာဝလောက် သည်အထိ ပြည့်ပြည့်စုံစုံစီစဉ်ပါတယ်။ ဟင်းသုံးမျိုးချက်ရင် သုံးမျိုးလုံး ပန်းကန်သုံးလုံးနဲ့ထည့်ပါတယ်။ သောက်ရေ လက်ဆေးရေ လက်သုတ် ပုဝါအစုံအလင်နဲ့ကပ်တာပါ"

"အဲဒီလို ဆွမ်းကပ်ခဲ့တဲ့နှစ်ပေါင်းကတော့ ၃၀တောင်ကျော်နေ

www.dhammaransi.com



ပါပြီ။ နတ်ပြည်မှာ ကျွန်မအတွက် ဗိမာန်ပေါက်တယ်ဆိုရင်လည်း ဒီဆွမ်းတော်ကပ်တဲ့ကုသိုလ်ကြောင့်ပဲလို့ ယုံကြည်ပါတယ်"။

ဟု ရှင်းပြ၏။ မြတ်စွာဘုရား၏ သာသနာတော်နှင့် ကြုံတွေ့ရခြင်းသည် ဘဝပဒေသာပင်ကြီးတစ်ခုနှင့်ကြုံတွေ့ရသလိုပင်ဟုဆိုလျှင် မမှားချေ။ ပဒေသာပင်ကြီးမှလိုသောအရာကိုဆွတ်ခူး၍ ယူနိုင်သလို မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်ကြီးမှလည်း လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာနိဗ္ဗာန်ချမ်းသာလိုရာကို ဆွတ်ခူး၍ယူနိုင်၏။

ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းဖြင့် လူချမ်းသာနတ်ချမ်းသာကို ရနိုင်၏။ သမထဘာဝနာပွားများခြင်းဖြင့် ဗြဟ္မာချမ်းသာကို ရနိုင်၏။ ဝိပဿနာဘာဝနာကိုပွားများခြင်းဖြင့် နိဗ္ဗာန်ချမ်းသာကိုရနိုင်၏။ ဒါနပြုရာ၌လည်း စိတ်ထားတူလျှင်အကျိုးပေးတူနိုင်ပုံကို ဝိမာနဝတ္ထုပါဠိတော်၌

**စိတ်ထားတူရင်အကျိုးပေးတူ**

**တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊**
**သမေ စိတ္တံ သမံ ဖလံ။**
**စေတောပဏိဓိဟေတုဟိ၊**
**သတ္တာ ဂစ္ဆန္တိ သုဂတိံ။**

သက်တော်ထင်ရှားဘုရားစသည်၌လည်းကောင်း၊ ပရိနိဗ္ဗာန် စံပြီးသော ဘုရားရှင်တို့ကိုရည်မှန်း၍ ထုလုပ်ထားသော ရုပ်ပွားစေတီတော်တို့၌လည်းကောင်း၊ ကြည်ညို သောစိတ် အညီအမျှထားနိုင်လျှင် အကျိုးပေးလည်း အညီအမျှပင်ရ၏။

သတ္တဝါတို့သည် ကြည်ညိုသော သဒ္ဓါစိတ်ကြောင့်သာလျှင် ကောင်းသောဘဝသို့ရောက်ကြရကုန်၏

ဟု ဟောကြားထား၏။ ထိုဟောကြားချက်အတိုင်း ယုံကြည်လိုက်နာသောကြောင့် ဒေါ်ကုလားမအတွက် ဗိမာန်တစ်ခုသည် နတ်ပြည်၌ ကြိုတင်ပေါ်ပေါက်လာရခြင်းဖြစ်၏။

www.dhammaransi.com



## ကုသိုလ်အလယ်ဇောင်းချက်အကျိုးပေးပုံ

ရှင်လူသတ္တဝါ ထိုများစွာကား
အပရာပရိယ၊ ကံကိစ္စနှင့်
ကင်းကြသူဘိ မည်မရှိရှင့်
မသိနိုင်တောင်း ကံဆိုးကောင်းကို
ဥကွောင်းရွက်၍ အချက်သင့်ရာ
ခံရစွာ၏

(မဃဒေဝ)

ရှင်လူသတ္တဝါ ပုထုဇဉ်အများတို့သည် အပရာ ပရိယဝေဒနိယ ကံနှင့်ကင်းကြသူဟူ၍မရှိ။ အပရာပရိယကံများကို ခေါင်းပေါ် ရွက်ထား ပြီး အဆိုးအကောင်းအလိုက်ထိုက်သင့်သလို ခံစားကြရ၏ဟု လင်္ကာ ကဆိုလိုခြင်းဖြစ်၏။ ထိုလင်္ကာ၌ပါသော အပရာပရိယဝေဒနိယကံ ဆို သည်မှာ အလယ်ဇောင်းချက်စေတနာကို ပြောခြင်းဖြစ်၏။

သတ္တဝါတစ်ယောက်တွင် ဘဝတွေ မရေနိုင် မတွက်နိုင်အောင် များပြားသည်ဖြစ်ရာ ကောင်းကံဆိုးကံများကိုလည်း များစွာပြုခဲ့သည် သာဖြစ်၏။ ကောင်းသော ဇောစေတနာ (၇)ချက်၊ မကောင်းသောဇော စေတနာ (၇)ချက်တို့တွင် ပထမဘဝနှင့် ဒုတိယဘဝအကျိုးပေးမည့် ပထမဇောစေတနာနှင့် သတ္တမဇောစေတနာတို့သည် အခန့်မသင့်လျှင် အကျိုးမပေးဘဲပျက်သွားတတ်၏။

တတိယဘဝ၌အကျိုးပေးမည့်အလယ်ဇောင်းချက်စေတနာ ဇောသည်သာလျှင် ဘယ်သောအခါမှ ပျက်စီးသွားသည်ဟူ၍ မရှိဘဲ ကြောက်မုံ့ချကောင်းကျိုး ဆိုးကျိုးကိုပေး၏။ သတ္တဝါတစ်ယောက်သည် နိဗ္ဗာန်မရောက်မခြင်း မိမိပြုခဲ့သည့်အတိုင်း အပရာပရိယကံ၏ ကောင်း ကျိုးဆိုးကျိုးများကို မလွှတ်တမ်းခံကြရပည်။

ဤ၌ဥာဏ်နုသူတို့သိလွယ်ရန် သီရိဓမ္မာသောကမင်းကြီး၏ ဇာတ်ကြောင်းကို ထုတ်ပါအံ့။ ဇမ္ဗူဒီပမဇ္ဈိမဒေသမှထွက်ပေါ်ခဲ့သော သီရိဓမ္မာ သောကမင်းသည် အရင်က ဘာသာခြားဖြစ်၏။

ဘာသာခြားဘဝကအမည်မှာ စဏ္ဍာသောကမင်းဖြစ်၏။ စဏ္ဍာသောကဟူသည် ကြမ်းတမ်းသောမင်းဟုအဓိပ္ပါယ်ရ၏။ ဟုကယ်

www.dhammaransi.com



လည်း ကြွမ်းတမ်းခဲ့၏။ သူသည် မင်းအဖြစ်ကိုရရန် ညီအစ်ကိုတော်သော မင်းသားပေါင်းများစွာကို သတ်ဖြတ်ခဲ့၏။ သူ့နိုင်ငံ၏ မင်းအဖြစ်ကို ရသောအခါတွင်လည်း အားရတင်းတိမ်ခြင်းမရှိ၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၏ မင်းကြီးအဖြစ်ကို ရလိုသဖြင့် အိမ်နီးချင်းနိုင်ငံများကို လှည့်လည်စစ်တိုက်၏။

စဏ္ဍာသောကမင်း နောက်ဆုံးတိုက်ခဲ့ရသော နိုင်ငံကားမျိုးချစ်စိတ်အပြင်းထန်ဆုံးသော နိုင်ငံဖြစ်၏။ ထို့ကြောင့် လွယ်လွယ်နှင့်လက်နက်မချ၊ သူတို့နိုင်ငံကစစ်သည်များကုန်သွားသောအခါ အရပ်သားများက စစ်ရေးလေ့ကျင့်ပြီး စဏ္ဍာသောက၏တပ်များကို ဆက်တိုက်၏၊ စဏ္ဍာသောက ၏တပ်များပင်ရှုံးမလိုလိုဖြစ်သွားသဖြင့် စဏ္ဍာသောကကိုယ်တိုင်ဦးစီးပြီး ရက်စက်စွာတိုက်ခိုက်သတ်ဖြတ်၏။

အရပ်သားများတိုက်ခိုက်နေချိန်တွင် အရပ်သူအမျိုးသမီးများက စစ်ရေးလေ့ကျင့်နေကြ၏။ သူတို့သည် ဘုရင့်နောင်ကျော်ထင်နော်ရထာ စိတ်ဓာတ်ကဲ့သို့ နောက်သို့လှည့်မကြည့်ဘဲ ဖောင်ဖျက်ပြီးတိုက်ပွဲဝင်ကြခြင်း ဖြစ်၏။ ထို့ကြောင့် စဏ္ဍာသောက၏ တပ်သားပေါင်းများစွာ တိုက်ပွဲတွင်ကျ၏။ နှစ်ကြိမ်ခန့်အရှုံးနှင့်ရင်ဆိုင်ရ၏။

ဇမ္ဗူဒိပ်ကျွန်း၏ ဧကရာဇ်ဖြစ်ချင်သော စဏ္ဍာသောကကလည်း အလျှော့မပေး။ သူ့နိုင်ငံမှာရှိသမျှစစ်သည်များကို ပုံအောပြီးဘာမျှမရချင်နေ ထိုနိုင်ငံကြီး ပျက်စီးသွားလျှင် ထိုနိုင်ငံသူ နိုင်ငံသားအားလုံးသေသွားလျှင် တော်ပြီဟူသော စိတ်ဖြင့် အပြင်းအထန်ပြန်တိုက်၏၊ ထို့ကြောင့် အရပ်သားတပ်သားများအကုန်သေသွား၏။

ထိုအခါ အမျိုးသမီးတပ်သားများက လက်နက်ဆွဲတိုင်ပြီးဆက်လက်တိုက်ပြန်၏။ စစ်ပန်းနေပြီဖြစ်သော စဏ္ဍာသောက၏တပ်များသည် ဆုတ်ချင်စိတ်ပင်ပေါက်လာ၏။ တပ်မှူးများနှင့် စဏ္ဍာသောကကိုယ်တိုင် အကွပ်အညှပ်ကောင်းသောကြောင့်သာ ဆက်လက်တိုက်ကြခြင်းဖြစ်၏။ နောက်ဆုံးတွင်ကား ထိုနိုင်ငံရှိ လူသားအားလုံးနီးပါး သေသွားမှ စဏ္ဍာသောကတို့အနိုင်ရကြ၏။

ထိုနိုင်ငံကြီးတွင် လူလည်းမရှိတော့။ နိုင်ငံတစ်ခုလုံးလည်း စဏ္ဍာသောက၏ တပ်သားများလက်ချက်ဖြင့် မီးလောင်ပျက်စီးသွား

www.dhammaransi.com



လေပြီ။ စဏ္ဍာသောကသည် မီးလောင်ပြင်ကြီးသဖွယ်ဖြစ်နေသော စစ်မြေပြင် တစ်ခုလုံးကို လှည့်လည်ကြည့်ရှု၏။ လူသေညှော်နံ့များဖြင့် စစ်မြေပြင် တစ်ခုလုံး အော်ဂလီဆန်စရာကောင်းလှ၏။

တစ်နေရာအရောက်တွင် ကလေးငိုသံကြားသဖြင့် စဏ္ဍာသောက မပြေးကြည့်ရာ မီးလောင်ကျွမ်းနေသောအိမ်ထဲတွင် နို့ငတ်သဖြင့် ငိုကြွေးနေသော လသားအရွယ် ကလေးလေးတစ်ယောက်ကို အိပ်ယာပေါ်တွင် ပက်လက်တွေ့ရ၏။

နို့ချိုလည်းမစို့ရ အစာရေစာလည်းမစားရသဖြင့် ကလေးငယ်၏ ခန္ဓာကိုယ်သည် အရိုးပေါ်အရေတင်ဖြစ်ကာ ပိန်လှီဖျော့တော့ လျက်ရှိ၏။ သူ၏ မိဘနှစ်ပါးကား စဏ္ဍာသောကတို့ လက်ချက်ဖြင့် ဆုံးပါးခဲ့လေပြီ။ လူသားတစ်ဦးသာဖြစ်သော စဏ္ဍာသောက၏ ရင်ထဲတွင် နင့်ကနဲဖြစ်သွား၏။ ယို့ကြောင့် ကလေးငယ်ကို ကောက်ယူကာ ပွေ့ချီမိ၏။ ကလေးငယ်သည် သူ့ခန္ဓာကိုယ်ကို ပထမဆုံးလာထိသော စဏ္ဍာသောက၏ လက်ချောင်းတစ်ချောင်းကို အမိအရဆုပ်ကိုင်ပြီးလျှင် ပါးစပ်ထဲ အတင်း ဆွဲထည့်ကာ အငမ်းမရ စုပ်လျက်ရှိ၏။

ကြမ်းတမ်းသော စဏ္ဍာသောက၏ မျက်ရည်ပူနှစ်စက်သည် ကလေးငယ်၏ ရင်ဘတ်ပေါ်သို့ ကျသွား၏။ နိုင်ငံအလီလီကိုရက်စက်စွာ တိုက်ခိုက်သတ်ဖြတ်အနိုင်ယူခဲ့သော စစ်သူရဲကောင်းကြီး စဏ္ဍာသောက တစ်ယောက် လူမမယ်ကလေးငယ်ရှေ့တွင်ကား လက်မြှောက်ဒူးထောက် အရှုံးပေးလိုက်လေပြီ။

ထိုအရှုံးပေးမှုကား ယာယီမဟုတ်။ စဏ္ဍာသောက၏ တစ်သက်တာဘဝတစ်လျှောက်လုံးအရှုံးပေးလိုက်ခြင်းသာဖြစ်၏။ ထိုမှ နောက်၌ နိဂြောဓသာမဏေ၏ အဆုံးအမတရားကို နာရသောအခါတွင်ကား ဗုဒ္ဓဝါဒ၌ သက်ဝင်သွားပြီးလျှင် ပရဟိတသာသနာပြုလုပ်ငန်းကြီးများကို စွမ်းအားကုန်ပြုလုပ်သွားခဲ့၏။

ရေတွင်းပေါင်းရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် ဘုရားပုထိုးစေတီပေါင်းရှစ်သောင်း လေးထောင်ဟူသော သမိုင်းဝင်ဒါနကုသိုလ်ကြီးများသည် နောက်နှောင်းဘုရင်များ

www.dhammaransi.com



လိုက်မမီနိုင်စရာပင်မရှိ။ ဤဖြစ်ရပ်တို့ကို ရေးပြရခြင်းမှာ သီရိမမွှာသောကမင်း၌ ကုသိုလ် အကုသိုလ်နှစ်မျိုးလုံးရှိနေသည်ကို သိစေလိုခြင်းပင်ဖြစ်၏။

သီရိဓမ္မာသောကမင်းသာမဟုတ် ပုထုဇဉ်မှန်လျှင် ကုသိုလ် အကုသိုလ်နှစ်မျိုးလုံးရှိကြသူချည်းဖြစ်၏။ မကောင်းမှုအကုသိုလ်မှာသာ ပျော်မွေ့တတ်သောစိတ်၏ ဓမ္မတာသဘောကြောင့် အကုသိုလ်က ကုသိုလ်ထက်အလေးသာနေမည်ဆိုသည်ကိုလည်း ယုံမှားသံသယရှိစရာမလိုပေ။ ကုသိုလ် အကုသိုလ်နှစ်မျိုးလုံးရှိသော ပုထုဇဉ်များအဖို့ သေခါနီးအချိန်တွင် အရင်ထင်သော ကံကအရင်အကျိုးပေးမည်ဖြစ်၏။

ထို့ကြောင့် တစ်သက်လုံးသူများအသက်ကို သတ်လာသော ဒမိဠုတံငါသည်ကြီးသည် သေခါနီးအချိန်တွင် ဆောက်တည်လိုက်သော သရဏဂုံကုသိုလ်ကြောင့် စတုမဟာရာဇ်နတ်ဘုံသို့ရောက်ခဲ့ရခြင်းဖြစ်၏။ ယခုသီရိဓမ္မာသောကမင်းကြီးသည်ကား သေခါနီးအချိန်တွင် တွေဝေခဲ့သောကြောင့် အကုသိုလ်ကံများအရင်အကျိုးပေးခွင့်ရပြီး စပါးကြီးမြွေကြီးသွားဖြစ်ရ၏။

သူပြုခဲ့သော ဒါနကုသိုလ်များသည် ပထမဘဝ ဒုတိယဘဝတို့တွင် အကျိုးပေးခွင့်မရဘဲပျက်သွားခဲ့၏။ ထို့ကြောင့် ပထမဇောနှင့် သတ္တမဇောတို့သည် တစ်ခါတစ်ရံအကျိုးပေးခွင့်မရဘဲပျက်တတ်သည်ဟုဆိုခဲ့ခြင်းဖြစ်၏။ သို့သော် အလယ်ဇောငါးချက်စေတနာများကား မပျက်ကောင်းသောကြောင့် မြွေဘဝကသေသောအခါတွင် နတ်ပြည်သို့ပို့ပေးခဲ့၏။

စာအားရှိသူများ ဉာဏ်ကြီးသူများအတွက် ဤမျှရေးရုံနှင့် လုံလောက်သော်လည်း စာအားမရှိသူ ဉာဏ်နုသူများအတွက်ကား မလုံလောက်နိုင်သေးပါ။ ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီးကုသိုလ်များစွာရှိပါလျက် အပါယ်ကျရခြင်းအကြောင်းကို အသေးစိတ်ဝေဖန်ရေးသားဦးမည်။ အကောင်းအဆိုး လောကဓံတို့ကြောင့် မတုန်လှုပ်ခြင်းသည် ကုသိုလ်ဟုဆိုရမည့် မင်္ဂလာတစ်ပါးဖြစ်ကြောင်း ဗုဒ္ဓကမင်္ဂလသုတ်တွင် ဟောခဲ့၏။

www.dhammaransi.com



အကောင်းလောကဓံကြောင့် မတုန်လှုပ်ခြင်းဟူသည် လာဘ်ရခြင်း၊ အခြံအရံများခြင်း၊ ချီးမွမ်းခံရခြင်း၊ ချမ်းသာခြင်းဟူသော အကြောင်း တို့ကြောင့် မလောဘဖြစ်ခြင်း၊ ဘဝင်မမြင့်ခြင်း၊ တအားဝမ်းသာခြင်းမရှိမှုပင် ဖြစ်၏။ အဆိုးလောကဓံကြောင့် မတုန်လှုပ်ခြင်းဟူသည် လာဘ်မရခြင်း၊ အခြံအရံမရှိခြင်း၊ ကဲ့ရဲ့ခံရခြင်း၊ ဆင်းရဲခြင်းဟူသော အကြောင်းတို့ကြောင့် ဒေါသ (ဒေါသ)ဖြစ်ခြင်း၊ သိမ်ငယ်ခြင်း၊ တအားဝမ်းနည်းခြင်း မရှိမှုပင်ဖြစ်၏။

အကောင်းလောကဓံကြောင့် လောဘဖြစ်ခြင်းသည်လည်းကောင်း၊ အဆိုးလောကဓံကြောင့် ဒေါသဖြစ်ခြင်းသည်လည်းကောင်း အကုသိုလ်ချည်းသာဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက လောကဓံနှစ်မျိုးလုံးကြောင့် မတုန်လှုပ်ရန်ဟောကြားခြင်းဖြစ်၏။ သီရိဝဍ္ဍာသောကမင်းကြီး ဒါနကုသိုလ်တွေအများကြီးရှိလျက်နှင့် အပါယ်သို့ကျရခြင်းသည် လောကဓံကိုခံနိုင်ရည်မရှိသောကြောင့်ဟု ကောက်ချက်ချရမည်ဖြစ်၏။

သီရိဓမ္မာသောကမင်းကြီးသည် ကုဋေတစ်ရာပြည့်အောင်လှူဒါန်းဖို့ အဓိဋ္ဌာန်ထားသည်ဟုဆို၏။ သို့သော် ကုဋေတစ်ရာမပြည့်မီမှာ ပင်ရောဂါစွဲကပ်ပြီး ဗိမ်ယာထဲလဲ၏။ သူကား အားမလျှော့ ဘဏ္ဍာတိုက်ထဲမှ ရှိသမျှ ရွှေငွေများကို ကျောင်းများသို့ပို့ပြီး ကုဋေတစ်ရာပြည့်အောင် လှူခိုင်းနေ၏။ ကြာလာလျှင် ဘုရင့်ဘဏ္ဍာငွေများ လျော့ပါးလာမည်ကို စိုးရိမ်ကြသော မှူးမတ်များက အသောကမင်း၏ သားတစ်ယောက်ကို နန်းတင်ကာ အာဏာအပ်လိုက်၏။ ထိုအကြောင်းကို အသောကမင်းက မသိ။

ဗိမ်ယာထဲမှပင် ဘဏ္ဍာစိုးအားခေါ်ပြီး ရွှေငွေများကိုလှူခိုင်းပြန်၏။ ဘဏ္ဍာစိုးကား မင်းကြီးခိုင်းတိုင်းမလုပ်တော့။

## အဆိုးလောကဓံကိုမခံနိုင်သူအသောက

သားဖြစ်သူက အာဏာသိမ်းလိုက်ပြီဖြစ်ကြောင်း၊ မင်းကြီးလှူချင်တိုင်း လှူ၍မရနိုင်တော့ကြောင်းလျှောက်တင်လိုက်လျှင် အသောကမင်းကြီးသည် အလွန်ဝမ်းနည်းသွား၏။ သောကဖြစ်သွား၏၊ အဆိုးလောကဓံကြောင့်တုန်လှုပ်ခြင်းပင်ဖြစ်၏။ မျက်ရည်များပင်တွေတွေစီးကျလာ၏။ နောက်ဆုံး ကုဋေတစ်ရာမပြည့်ပြည့်အောင်လှူမည်ဟူသောစိတ်

www.dhammaransi.com



ဖြင့် သူ့ကိုယ်ပိုင်အဖြစ်နှင့်ရှိနေသော ရွှေကွမ်းအစ် ရွှေထုံးဘူးတို့ကိုပင် ကျောင်းသို့ ပို့လှူခိုင်း၏။

နောက်ဆုံး သူ့အခန်းတွင်း၌ ဘာမှလှူစရာမရှိသောအခါ ဆေးအဖြစ် ငုံထားသော ပါးစပ်တွင်းမှ ဖန်ခါးသီးခြမ်းလေးကိုထုတ်လျက် ဘဏ္ဍာစိုးအားကမ်းပေးပြီးလျှင်

"ငါကိုးကွယ်သော ဆရာတော် သံဃာတော်များကို လျှောက်ထားပါလေ။ အရင်တစ်ချိန်က ဇမ္ဗူဒိပ်မြေအပြင်ကို သာမကဒ်မြေအောက်တစ်ယူဇနာ (ရှစ်မိုင်) ကောင်းကင်တစ်ယူဇနာထိအာဏာစိုးပိုင်ခဲ့သော အသောကမင်းကြီးသည် ယခုသေခါနီးအချိန်တွင်ကား ပါးစပ်တွင်းငုံထားသော ဤဖန်ခါးသီးတစ်ခြမ်းသာပိုင်ဆိုင်ပါတော့သည်။

ဤဖန်ခါးသီးခြမ်းလေးကိုပင် နောက်ဆုံးအနေဖြင့် အသောကမင်းကြီးကလှူဒါန်းသွားကြောင်းသော်ချာလျှောက်ထားလေ။"

ဟုပြောပြီး တွေဝေသော မောဟစိတ်ဖြင့် ကံတော်ကုန်ခဲ့၏။ ထိုမောဟစိတ်ဖြင့် သေခဲ့သောကြောင့် တိရစ္ဆာန်ဘုံသို့ရောက်ရခြင်းဖြစ်၏။ အကယ်၍ လောကစံကိုခံနိုင်ရည်ရှိပြီး အမေသတတ်သူဆိုလျှင် ကျောင်းကန် ဘုရားလှူဒါန်းထားသောဒါနကုသိုလ်ကြီးများကို မဆိုထားနှင့် နောက်ဆုံး လှူဒါန်းသော ဖန်ခါးသီးတစ်ခြမ်းအလှူကို အာရုံပြုရုံနှင့် နတ်ပြည်သို့ အသာလေးရောက်နိုင်သည်။

ပြခဲ့ပြီးသော သီဟိုဠ်ကျွန်းမှ ဒုဋ္ဌဂါမဏိမင်းကြီးသည်လည်း ကျေး ကုလားပေါင်းနှစ်သိန်းကျော်တို့ကို သတ်ဖြတ်မိသည့်အကုသိုလ်ကံများ ရှိခဲ့သည်သာဖြစ်၏။ သို့သော် သေခါနီးအချိန်တွင် ရဟန္တာတစ်ပါးအား လှူခဲ့ဘူးသော ဆွမ်းတထပ်ကုသိုလ်ကို အောက်မေ့နိုင်သောကြောင့် တုသိတာနတ်ဘုံသို့ရောက်ခဲ့၏။

ထို့ကြောင့် သေပြီးသည့်နောက် ကျချင်ရာဘုံကျ ရောက်ချင်ရာဘုံရောက်ရသော ဝိနိပါတဘေးကြီးရှိနေသည့် ပုထုဇဉ်များသည် ဒုဂ္ဂတိဘဝသို့မရောက်ရန်အတွက် လောကစံကိုမတုန်လှုပ်ဖို့ သေခါနီးအချိန်တွင် ကုသိုလ်တရားကိုသာ အာရုံပြုဖို့ အထူးအရေးကြီး၏။

ကုသိုလ်တရားကိုအာရုံပြုဖို့ရာ အထူးရေးသားဖို့မလိုအပ်သော်လည်း လောကစံတရားကို မတုန်လှုပ်ဖို့အတွက်ကား ရေးသားရန်လိုအပ်

www.dhammaransi.com



၏။ လောကခံတရားကို မတုန်လှုပ်ရန် ခံနိုင်ရည်ရှိရန်ဖြစ်လာသမျှကို မမြဲခြင်းအနိစ္စဟု ရှုမြင်တတ်ရန်လို၏။ အနိစ္စကိုထိရောက်အောင်ရှုတတ်လိုလျှင် ဝိပဿနာတရားကို အခွင့်သင့်တိုင်းနာကြားသင့်၏။ နီးစပ်ရာ ဝိပဿနာစာအုပ်များကို လေ့လာဖတ်ရှုနိုင်၏။

မမြဲခြင်း အနိစ္စကို ရှုပွားနိုင်လျှင် အကောင်းလောကဓံကြောင့်ဖြစ်သော လောဘနှင့် အဆိုးလောကဓံကြောင့်ဖြစ်သော ဒေါသတို့သည် ဖြစ်ခွင့်မရတော့ပေ။ ထို့ကြောင့် အကုသိုလ်ကင်းသွား၏။ အကုသိုလ်ကင်းသည်နှင့် ဆင်းရဲလည်းကင်းရတော့၏။ ထို့ကြောင့် ရင့်ကျက်တည်ငြိမ်စွာ ရှင်သန်လိုသောသူသည် ဝိပဿနာတရားကို အချိန်ရသလောက်နာကြားအားထုတ်သင့်၏။

**မှတ်ချက်။** ကျွန်ုပ်ရေးသားသော မင်္ဂလာဖိုလ်တား အန္တရာယ်များ အမည်ရှိ ဝိပဿနာအခြေခံကျင့်စဉ်စာအုပ်များကို လေ့လာဖတ်ရှုနိုင်သည်။ ဝိပဿနာလိုက်စားစပ္ပဂ္ဂိုလ်များသည် ဆရာကြီးဦးကြင်ရွှေ၏ ပဋ္ဌာန်းဝိပဿနာသင်တန်းတရားခွေ (၁)နှစ်စာ (၃၆၅) ခွေကို အဦးဆုံး နာသင့်၏။ တရားနာပြီး၍ အခြေခံရသွားသောအခါ မိုးကုတ်ဆရာတော်ကြီး၏ တရားခွေများကိုနာသင့်၏။

## လှသောတာပန် နှင့် ရယာန်းသောတာပန်

ဤဝိပဿနာကမ္မဋ္ဌာန်းအရာမည်သည် အလွန်နက်နဲ သိမ်မွေ့လှ၏၊ ဟောပြောပြသဆုံးမသွန်သင်သော ဆရာသည်နေရာကျရန်လိုလှ၏၊ သိသင့်သောအရာ၌ နေရာ တကျသိနိုင်အောင် ဟောပြောမှုထင်မြင်အောင် အား ထုတ်ရမည့်အရာ၌ နေရာတကျထင်ကွက် မြင်ကွက်ပေါ်အောင် ပြသမှုသည်ကား ဆရာ့တာဝန် တည်း။

ထင်ကွက်မြင်ကွက်ပေါ်ရုံမျှနှင့် ကမ္မဋ္ဌာန်းကိစ္စ ခရီးရောက်နိုင်သေးသည် မဟုတ် ထင်မြင်အောင် အား ထုတ်ရန် အချက်ကို ဆရာသွန်သင်ပြသ၍ လှလှကြီး ရိပ် မိသောအခါ အထင်အမြင်နေ့စဉ်တိုးပွားစေရန် ရယာန်း

www.dhammaransi.com



ဖြစ်ခဲ့အံ့ ဆိတ်ငြိမ်ရာတောတောင်အရပ်သို့ ဝင်၍ထက်သန်သော ဝီရိယဖြင့်လရှည်နှစ်များအားထုတ်မှု။

လူဖြစ်ခဲ့အံ့အိမ်စီးပွားနှင့်တွဲဖက်၍ လရှည်နှစ်များ စွဲမြဲမှုသည်ကား တပည့်၏တာဝန်တည်း။ အာနာပါနအစရှိသော ကမ္မဋ္ဌာန်းမျိုးသည်ကား ပြောဟောမှုအလွန်လွယ်၏။ နိမိတ်အထင်ရအောင် အားထုတ်နိုင်မှု အလွန်ခဲယဉ်း၏။

အိမ်၌နေ၍ စီးပွားနှင့်တွဲဖက်ခြင်းငှာမရ ဆိတ်ငြိမ်ရာသို့ထွက်၍ အပြင်းအထန်အားထုတ်နိုင်မှ နိမိတ်ကိုရနိုင်၏။ ဝိပဿနာကမ္မဋ္ဌာန်းသည်မူကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ရင်းဖြစ်နိုင်၏။ ယာလုပ်ရင်းလည်းဖြစ်နိုင်၏။

လှေသွားရင်း ဝန်ထမ်းရင်း ရောင်းရင်းဝယ်ရင်းအစရှိသည်ဖြင့် အိမ်အလုပ်အိမ်စီးပွားနှင့် တွဲဖက်နိုင်သတည်း၊ ဘုရားလက်ထက်တော်၌ သမထကမ္မဋ္ဌာန်းကိုပေါက်ရောက်အောင်လုပ်နိုင်သောသူသည် အလွန်နည်း၏။

အိမ်၌နေ၍ အိမ်စီးပွားနှင့် တွဲဖက်၍ စွဲမြဲကြသူအလွန်များ၏။ ထိုစကားမှန်၏။ သမထကမ္မဋ္ဌာန်း ပေါက်ရောက်သူ လူ၌ အလွန်နည်း၏။ ရဟန်းတို့၌သာများ၏။

ဝိပဿနာ ကမ္မဋ္ဌာန်းပေါက်ရောက်၍ သောတာပန်အရိယာ ဖြစ်ကြသူကား လူ၌အလွန်များ၏၊ လူသောတာပန်တစ်ထောင်ကို ရဟန်းသောတာပန်တစ်ယောက်ကျယား၍ ရေတွက်သော်လည်း ရဟန်းဘက်က သာကုန်လေရာ၏။

လူဘက်မှာမကုန်လေရာ၊ ဤမျှလောက်များပြားရိပ်ထင်၏။ အဘယ့်ကြောင့်နည်း။ လောက၌ရှိရင်းကပင်ရဟန်းအလွန်နည်း၏၊ လူကမူ မရှိမတိုက်နှင့်အပြည့်ရှိ၏။

www.dhammaransi.com



လူသောတာပန်လည်းပြည့်မတတ် ပင်များလှ၏။ ထိုသို့ များလှခြင်းက ဒိပ်စီးပွားနှင့် ဝိပဿနာတွဲချင်တိုင်း တွဲသာလှလေသောကြောင့်တည်း။

အယုတ်အားဖြင့် အစေခံ ဒိပ်ကျွန်မ အခစား ကူလီပင်ဖြစ်သော်လည်း သံဝေဂသတိကောင်းကောင်းဖြင့် ရှုပါလျှင် ဝိပဿနာဖက်တွဲနိုင် တော့သည်သာတည်း။ ဤမျှ သောစကားစုဖြင့် ဝိပဿနာမှုမည်သည် လူတို့လည်း စွဲမြဲခြင်းငှာ အလွန်ကောင်းလှကြောင်း လိုရင်းစကားတည်း။

(လယ်တီဒီပနီပေါင်းချုပ်တတိယတွဲ)
စာမျက်နှာ (၃၁၆) အာဟာရဒီပနီကျမ်းမှ

## အကုသိုလ်ပထမဇော အကျိုးပေးပုံ

သူတစ်ပါး၏အသက်ကိုသတ်ဖြတ်မှုတို့တွင် လူ၏အသက်ကို သတ်ဖြတ်မှုသည် အကုသိုလ်အကြီးဆုံးဖြစ်၏။ ထို့ကြောင့် ရဟန်းတို့ အသက်နှင့်လဲပြီးစောင့်ထိန်းရသော ပါရာဇိက၊ သာသနာတော်မှ ဆုံးရှုံးစေအပ်သော သိက္ခာပုဒ်ကြီးလေးခုတို့တွင် လူအသက်ကို မသတ်ရဟူသော သိက္ခာပုဒ်ကြီးတစ်ခုပါရှိခြင်းဖြစ်၏၊ အောက်ထစ်ဆုံးအားဖြင့် ကိုယ်ဝန်ကျဆေးပေး၍ သန္ဓေသားကိုသေစေလျှင်ပင် ပါရာဇိကအာပတ်သင့်သည်။ ထိုပြစ်မှုကို ကျူးလွန်မိသော ရဟန်းသည် တစ်သက်လုံး ရဟန်းဘဝကို ပြန်မရနိုင်တော့ပေ။

အမှားကြာအမှန်ဖြစ်ဟူသော စကားအတိုင်း ယခုခေတ်တွင်ကား သန္ဓေသားကိုသတ်ဖြတ်ချင်တိုင်း သတ်ဖြတ်နေကြ၏။ ထိုပြစ်မှုကို တရားဥပဒေကထိရောက်အောင်အရေးမယူနိုင်သော်လည်း အကုသိုလ်ကံတည်း ဟူသော သဘာဝဥပဒေကားထိုက်သင့်သလိုဒဏ်ခတ်နေသည်သာဖြစ်၏။ သန္ဓေပျက်ဆေးဖျက်ဆေးများကို စားချင်တိုင်းစားနေကြသော မိန်းမတို့အား သဘာဝဥပဒေက ရင်သားကင်ဆာဖြစ်စေခြင်းဖြင့် ဒဏ်ခတ်ထား၏။

www.dhammaransi.com



ထို့ထက်ဆိုးလာသူများကို သားအိမ်ကင်ဆာဖြစ်နေခြင်းဖြင့်လည်း ဒဏ်ခတ်၏။ ထို့ထက်ရက်စက်ဆိုးဝါးလာသူများကို အကုသိုလ်ပဋိသန္ဓေကို ယခုဘဝမှာပင်ပြင်းထန်သော ဝေဒနာကို မခံမဆန့်ခံစားပြီး အသေဆိုးနှင့် သေအောင်ဒဏ်ခတ်၏။ လက်တွေ့သာဓကတစ်ခုပြအံ့၊ မြို့တစ်မြို့မှ လင်မယားနှစ်ယောက်သည် ယခုခေတ်ထုံးစံအတိုင်း ဖိမ်ထောင်ပြုလာကြသော်လည်း ကလေးမလိုချင်ကြ။

ထိုဖြစ်မှု့တွင် သားသမီးတို့ကို လက်ကြောတင်းအောင် လုပ်မကျွေးချင်သော ဖခင်မှာလည်း အပြစ်ရှိ၏။ ထိုအမျိုးသမီးသည် သန္ဓေပျက်ဆေးများကို စားပြီးရင်သွေးများကို သတ်ဖြတ်လာသည်မှာ သုံးယောက် ရှိသွားပြီဖြစ်၏။ သူတို့အမျိုးသမီးများလောကတွင် စကားတစ်ခွန်းရှိ၏၊ “သုံးလှည့် တစ်လှည့်”ဟူသောစကားပင်ဖြစ်၏။

အမိပွါယ်ကား ရင်သွေးများကို ရက်စက်စွာသတ်ဖြတ်နေသောအမျိုးသမီးသည် သုံးယောက်သတ်ပြီးလျှင် သူ့အလှည့်ရောက်ပြီဟုဆိုလို၏။ ထိုအမျိုးသမီးလည်း သုံးယောက်သတ်ပြီးပြီ။ လေးယောက်မြောက်ကလေးကား အသက်ပြင်းလှ၏။ သူမက ထုံးစံအတိုင်း ဆေးများစားသော်လည်း ပျက်ကျမသွား။ ဆေးစားရင်းနှင့်ပင် ကိုယ်ဝန်က တဖြေးဖြေးပေါ်လာ၏။ သူမကလည်း ဆေးပြင်းများကိုပို၍စား၏။

လင်သားကလည်းအားပေး၏၊ ခွေးများသည် ကာမဂုဏ်လည်းခံစား၏။ သဘာဝအရ ရလာသော ကလေးများကိုလည်း မငြီးမငြူမောင့်ရှောက်၏။ အသိဉာဏ်ကြီးမားလှပါသည်ဟု သတ်မှတ်ထားသောလူသားအချို့ကား ကာမဂုဏ်သာ ခံစားပြီး ကလေးကိုမရချင်ခြင်းသည်ခွေးတိရစ္ဆာန်ထက် သဘောထားသေးသိမ်ခြင်းဖြစ်၏။

ဆေးစားရင်းနှင့်ပင် သန္ဓေသားသည် ရင့်သထက်ရင့်လာရာခြောက်လကျော်ခုနစ်လထဲရောက်လာ၏။ ထိုအခါတွင်ကား ဆေးနှင့်သတ်၍မသေနိုင်တော့မှန်း ရိပ်မိသဖြင့် သန္ဓေဖျက်ပေးသော အရပ်လက်သည် ဖိမ်တစ်ဖိမ်သို့သွားပြီး ဒလိမ့်တုံးနှင့် ဖိချခြင်း၊ ကျောက်ပျဉ်အကြီးစား ဖြင့်ကြိတ်ချေခြင်း၊ ခြေထောက်ဖြင့်တက်နင်းခြင်းစသောနည်းမျိုးစုံဖြင့် သန္ဓေသားကို အသေသတ်ကြ၏။

www.dhammaransi.com



ကမ္မဝိပါကော အစိန္တိယော၊ ကံအကျိုးပေးကား မကြံစည်နိုင်လောက်အောင်အံ့ဩဖွယ်ကောင်းသည်ဟူသော ဗုဒ္ဓတရားတော်သည် မှန်ကန်လွန်းစွ။ လူ့ဘဝ၌ နေရမည့်ကုသိုလ်ကံကြီးမားလွန်းသော သန္ဓေသားကား ဘယ်လိုမှ ပျက်မကျ၊ သူများမကောင်းကြံ ကိုယ်ဘေးဒဏ်ထိဟူသော စကားအတိုင်း ထိုမိန်းမသည်သာလျှင် အင်္ဂါမှလည်းကောင်း၊ ပါးစပ်မှလည်းကောင်း သွေးများထွက်ကျလာသဖြင့် ဆေးရုံသို့အရေးပေါ်တင်လိုက်ရသည်။

ဆေးရုံမှဆရာဝန်များကလည်း ဖခင်နှင့်ဆွေမျိုးများ၏ဆန္ဒအရ မိခင်အသက်ကိုသာ အဓိကထားပြီးခွဲမွေးပေးကြသည်။ ကလေးအသက်ကို အသေဖက်ကထားပြီးခွဲခြင်းပင်ဖြစ်၏။ ခွဲမွေးပြီးသောအခါတွင်ကား ထင် သလိုဖြစ်မလာခဲ့။ အရှင်နေရာမှာထားသော မိခင်ကသေသွားပြီး အသေ နေရာမှာထားသော ကလေးကရှင်လာသည်။

သို့သော်သန္ဓေဖျက်ဆေးများဒဏ် အရပ်လက်သည်များ၏ ဒဏ်ကြောင့် ကလေး၏ခြေထောက်များမှာ မလှုပ်ရှားနိုင် မသွားလာနိုင်ဘဲ အကြောသေသကဲ့သို့ဖြစ်သွားသည်။

သုဒဿံ ဝဇ္ဇမညေသံ၊
အတ္တနော ပန ဒုဒ္ဒသံ။

(ဓမ္မပဒ)

သူတစ်ပါးအပြစ်ကိုမြင်လွယ်၏။
မိမိအပြစ်ကိုကားမြင်နိုင်ခဲ၏။

ဟူသော ဒေသနာအတိုင်း ကလေး၏ဖခင်သည် ကလေးကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သောသူတို့၏ အပြစ်ကိုကားမမြင်၊ သည်ကလေး မွေးရလို့ သူ့ဇနီးသေရသည်ဟုဆိုကာ ကလေး၏ မရှိသောအပြစ်ကိုအရှိလုပ်ပြီး မမွေးလိုဟုဆိုကာ ဆေးရုံထဲမှာပင်ထားပစ်ခဲ့၏။ ပစ္စည်းဥစ္စာ ဆင်းရဲသော်လည်း စေတနာမဆင်းရဲသော ထိုသူ၏အမဖြစ်သူက ဒုက္ခိတကလေးမလေးကို ရွှေပြည်သာသို့ ခေါ်ယူကာမွေးစားခဲ့၏။

သူတို့သည် ရွှေပြည်သာမြို့ (၄)ရပ်ကွက် တော်ဝင်လမ်းတွင် နေထိုင်၏။ သူဌေးတိုက်အိမ်ကြီးတစ်အိမ်ကိုအစောင့်အဖြစ်နေကြရခြင်း

www.dhammaransi.com



ဖြစ်၏။ ဗိုက်ကြီးကား အမြဲတမ်းသော့ခတ်လျက်သာထား၏။ သူတို့သည် ခြံထဲတွင် တစ်ဖက်ရပ်တဲလေးထိုးပြီးနေကြခြင်းဖြစ်၏။

ကျွန်ုပ်ဆီရောက်လာပြီး နာမည်တောင်းသဖြင့် ဂါကြမ္မာလမ်းကြောင်း မချောမွေ့သော်လည်း ရုပ်ရည်ချောမောလှပသောကြောင့် ချောစုဟူ၍နာမည်ပေးလိုက်၏။ ကျန်းမာရေးကောင်းရန် ကျွန်ုပ်ကို ယတြာသဘောမျိုးမရောင်းထားသောကြောင့် သမီးတစ်ယောက်လိုဖြစ်နေရကား နိုင်သမျှထောက်ပံ့ပေးပါ၏၊ ယခု (၂၀၀၃) ခုနှစ်အချိန်တွင်ကား (၅) နှစ်သမီးအရွယ်ခန့်ရှိနေလေပြီ။

ဤဖြစ်ရပ်၌ ချောစု၏ မိခင်အသေဆိုးနှင့်သေရခြင်းသည် သူ့အသက်ကိုသတ်ဖြတ်သော အကုသိုလ်ပဌမဇောက ယခုဘဝမှာပင် မကောင်းကျိုးပေးခြင်းဟုဆိုသင့်၏။ ဤဖြစ်ရပ်ကို တိုက်ဆိုင်လို့ဖြစ်တာပါဟု စောဒကတက်သူရှိခဲ့လျှင် ကျွန်ုပ်ကိုယ်တွေ့ ဒုတိယဖြစ်ရပ်တစ်ခုကို ထပ်ပြမည်။

## ခွေးလိုသေရသောကျော်တင့်

ကျွန်ုပ်မွေးဖွားရာ အမရပူရမြို့ နန်းတော်ရာ စံပြကွက်သစ်ရပ်ကွက်တွင် ခွေးများကိုမကြာခဏ သတ်စားလေ့ရှိသော ကျော်တင့်အမည်ရှိ အရက်သမားတစ်ယောက်ရှိ၏။ သူသည် သူတစ်ပါးခွေးများကိုဖမ်းပြီး မဟောင်နိုင်အောင် နှုတ်သီးကို ကြိုးအထပ်ထပ်ဖြင့် ချည်၏။ လက်ခြေများကိုလည်း မလှုပ်နိုင်အောင်တုပ်၏။

ပြီးလျှင် ရပ်ကွက်တောင်ဘက်ရှိ မြစ်ကြီးနားသွားရထားသံလမ်းကြီးပေါ် လည်ပင်းတင်ကာချထားလိုက်၏။ ရထားတစ်ခါဖြတ်သွားတိုင်း ခွေးတစ်ကောင်လည်ပင်းပြတ်သေနေသည်ကို ရပ်ကွက်သူ ရပ်ကွက်သားများမကြာခဏတွေ့ကြရ၏။ အော့ကြောလံတစ်ယောက်ဖြစ်သဖြင့် မည်သူမျှ အမုန်းခံပြီး မပြောကြ၊ တစ်နေ့တွင်ကား အကုသိုလ် ပဌမဇောဝေဒနာကမကောင်းကျိုးပေးသည်ကိုအားလုံးတွေ့ကြရ၏။

တစ်ညတွင် သူသည် ဆိုင်ထိုင်အရက်သောက်ပြီး မူးလာသည်နှင့် အိပ်ရန်အိမ်သို့ပြန်ခဲ့၏။ သို့သော်သူ၏ခြေလှမ်းများက အိမ်သို့မသွားဘဲ ရထားလမ်းဘက်သို့သွားနေ၏။ သူကားသတိမထားမိ၊ သူ၏မှတ်စိတ်ထဲတွင်ကား အိမ်သို့ရောက်သွားပြီး အိပ်ယာပေါ်လှဲချလိုက်၏။

www.dhammaransi.com



တကယ်လှဲချလိုက်သည်ကား သံလမ်းပေါ်သာဖြစ်၏၊ သံလမ်းအလယ်မှ ကန့်လန့်ဖြတ်လှဲချလိုက်ခြင်းဖြစ်၍ သံလမ်းတစ်ဖက်တွင် ခေါင်းတင်လျှက်ရှိပြီး ကျန်တစ်ဖက်တွင်ကား ခြေထောက်တင်လျှက်ရှိ၏၊ သူကား မူးမူးရူးရူးနှင့်တစ်ချိုးတည်းအိပ်ပျော်သွား၏။ သူထိုသို့အိပ်နေသည်ကိုလည်း မည်သူမျှမသိကြပေ၊

ထိုအချိန်မှာပင် ရထားတစ်စင်းရောက်လာပြီး ကြိတ်မိသွားရာ ကျော်တင့်မှာ သုံးပိုင်းပြတ်ပြီးသေဆုံးခဲ့ရ၏။ ရပ်ကွက်ထဲမှ ခွေးများကလည်း သူတို့အဖော်များကို သတ်ဖြတ်ခဲ့သောကြောင့် ရန်ငြိုးထားသလားမသိ။ ကျော်တင့်၏ကိုယ်ခန္ဓာအပိုင်းအစများကို ဟိုတစ်စ သည်တစ်စဆွဲယူသွားကြသဖြင့် ခြေလက်အင်္ဂါမစုံမလင်နှင့်ပင် ဖြစ်သလို သင်္ဂြိုဟ်လိုက်ကြရသည်။

## အကုသိုလ်သတ္တမဇောအကျိုးပေးပုံ

မည်သည့် အကုသိုလ်ကိုပြုလုပ်သည်ဖြစ်စေ ဇောစေတနာ (၇)ချက်ဇော၏။ ထိုတွင် ပထမဇောက ယခုဘဝမှာပင်မကောင်းကျိုးပေး၏၊ ရှေ့တွင်ပြခဲ့ပြီ၊ သတ္တမဇောကဒုတိယဘဝ (နောက်ဘဝ)တွင် မကောင်းကျိုးပေး၏။ အလယ်ဇော ငါးချက်စေတနာက တတိယဘဝမှစပြီး မကောင်းကျိုးပေး၏။ ယခုသတ္တမဇောစေတနာက ဒုတိယဘဝတွင် မကောင်းကျိုးပေးပုံကိုပြအံ့။

ပေတဝတ္ထုပါဠိတော်တွင် ထူးခြားဆန်းကျယ်သော ပြိတ္တာမတစ်ယောက်အကြောင်းကို ပြောကြားထား၏။ တစ်ခါတွင် ရဟန်းတော်များသည် သီတင်းကျွတ်သည်နှင့် ဗုဒ္ဓကိုဖူးကြရန် ခရီးလမ်းအတော်များများကို ဖြတ်လာခဲ့ကြရ၏။ သာဝတ္ထိမြို့အနီးတစ်နေရာအရောက်တွင် ထူးခြားဆန်းကျယ်သော ပြိတ္တာမတစ်ယောက်ကိုတွေ့ကြရ၏။

ထိုပြိတ္တာမကား ဆံပင်ဖါးလျားချထားပြီး အရိုးပေါ်အရေတင်ရုံပိန်ချိနေ၏။ ဝမ်းဗိုက်တွင်းမှ ကလီစာများကိုပင် မြင်နေရ၏ သူ့ပါးစပ်မှထွက်သောအပုပ်နံ့သည် သူ၏ပတ်ဝန်းကျင်တွင် ထောင်းထောင်းထအောင်နံနေ၏။ ပြုခဲ့သော အကုသိုလ်ကံကြောင့် မည်သည့်အစာကိုမျှ ရှာဖွေ၍မရဘဲ အမြဲဆာလောင်မွတ်သိပ်နေ၏၊

www.dhammaransi.com



ထူးခြားဆန်းကျယ်မှုသည်ကား သူသည်တစ်နေ့လျှင် သားငါး ယောက်မွေးပြီး ဆာလောင်မွတ်သိပ်မှုအားကြီးသောကြောင့် ထိုကလေး များကို သူကိုယ်တိုင်သတ်ဖြတ်ပြီးပြန်လည်စားသောက်ပစ်ခြင်းပါတည်း။ သူမ၏ ထိတ်လန့်ဖွယ်ဖြစ်ရပ်ကြောင့် ရဟန်းများသည် သူမ၏အတိတ် ကပြုခဲ့သော အကုသိုလ်ကံကို မေးမြန်းကြ၏။

ထိုပြိတ္တာမကပြောပြသဖြင့်သိရသည်မှာ သူမသည် အရင်ဘဝ ကယောက်ျားတစ်ယောက်နှင့်အိမ်ထောင်ကျသော်လည်း ကလေးမမွေး သောအမြုံမဖြစ်နေ၏။ သူများ၏သန္ဓေသားကိုပျက်စေလိုသော စေတ နာနှင့် ငှက်ဥ၊ ကြက်ဥ၊ ဘဲဥများကိုစားခဲ့ကြသူများသည်ဖြစ်ရာဘဝတွင် သားသမီးမရဖြစ်တတ်သည်၊ သူမက ကလေးမရသောကြောင့် ယောက်ျားသည် နောက်ထပ်မယားငယ်တစ်ယောက်ထပ်ယူလိုက်၏၊

မယားငယ်ကား လများမကြာမီမှာ ကိုယ်ဝန်ရှိ၏။ မယားကြီး သည် မယားငယ်သားမွေးလျှင် သူပိုပြီးမျက်နှာငယ်ရမည်ကိုစိုးရိမ်သော ကြောင့် မယားငယ်အပေါ် ဣဿမစ္ဆရိယဖြစ်ကာ သန္ဓေသားကိုသူတစ် ပါးမသိအောင် ဖျက်ချဖို့ဆေးပြင်းတစ်မျိုးကို အသင့်ရှာထား၏။ မယားငယ် အပေါ်လည်း စေတနာထားဟန်ဖြင့် ရောနှောပေါင်းသင်းပြီး သန္ဓေစတည်သည်နှင့် သူ့ကိုပြောပြပါ။ သန္ဓေဖွံ့ထွားအောင်စောင့် ရှောက်ကူညီမည်ဟုပြောထား၏။

မယားငယ်မှာ မယားကြီးစကားကိုယုံကြည်ပြီး သန္ဓေတည် သည်နှင့် ပြောပြလိုက်၏၊ အကြံသမား မယားကြီးသည် သန္ဓေရှိသည်ကို သိရသည်နှင့် သန္ဓေဖျက်ဆေးကို မလိမ့်တပတ်နှင့်အစာထဲရောထည့် ကာကျွေးလိုက်၏။ ထို့ကြောင့်သန္ဓေမှာပျက်ကျသွား၏၊ မယားငယ်ကား ငယ်ရွယ်သူဖြစ်သောကြောင့် မရိပ်မိ။ သူ့အလိုလိုပျက်ကျသည်ဟုသ ထင်၏။

ဒုတိယအကြိမ် သန္ဓေတည်သောအခါတွင်လည်း မယားကြီးကို ပြောပြပြန်၏။ မယားကြီးကား သန္ဓေကိုစောင့်ရှောက်သလိုလိုနှင့်ပျက် ဆေးကိုကျွေးလိုက်ပြန်သဖြင့် ပျက်ကျသွားပြန်၏။ ထိုအကြိမ်တွင်ကား မယားကြီး၏ ယုတ်ညံ့သောစိတ်ကို မယားငယ်သည်သတိထားမိသွား၏။

www.dhammaransi.com



ထို့ကြောင့် တတိယအကြိမ်သန္ဓေတည်သောအခါတွင်ကား မယားကြီးကိုပြောမပြတော့ပေ။ ထို့ကြောင့်မယားကြီးသည် ကိုယ်ဝန်ရင့်သောအခါမှသိ၏။

သို့သော် ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဟူသောစိတ်ဓာတ်မျိုးရှိသည့် မယားကြီးကား သိသည့်နေ့မှာပင် အစားအစာတစ်ခုနှင့်ရောပြီး ဆေးကိုကျွေးလိုက်ပြန်၏၊ သန္ဓေသားသည် ရင့်နေပြီဖြစ်သောကြောင့် ကလေးရော မိခင်ပါသေဆုံးသွား၏၊ ထိုအခါ လင်ယောကျ်ားနှင့် မယားငယ်၏ ဆွေမျိုးများက မယားကြီးကို အမျိုးမျိုးစစ်မေးကြ၏။

စိတ်ဓာတ်ညံ့ဖျင်းသောသူများသည် လုပ်ရဲသော်လည်း ခံရဲသော သတ္တိကားမရှိကြ။ ထို့ကြောင့်မယားကြီးသည် ပါဏာတိပါတကံအပြင် မုသာဝါဒကံကိုပါကျူးလွန်ပြန်၏။ သူမသည် သန္ဓေသားကိုဖျက်မချ ကြောင်း၊ အကယ်၍ ဖျက်ချပါလျှက် မချဟုလိမ်ပြောခဲ့လျှင် နောင်ဘဝတွင် မိမိမွေးသောသားငါးယောက်ကို မိမိကိုယ်တိုင်ပြန်စားသည့် ပြိတ္တာမ ဖြစ်ရပါစေဟု လိမ်လည်ကြိမ်ဆို၏။ သို့သော်သူမှာ လိမ်လည်ခြင်း အကုသိုလ်သာအဖတ်တင်၏။

သူ့စကားကိုမည်သူမျှ မယုံကြဘဲ ဝိုင်းဝန်းရိုက်နှက်သဖြင့် အသေဆိုးနှင့်သေခဲ့ရ၏။ ဤသို့အသေဆိုးနှင့်သေရခြင်းသည် အကုသိုလ်ပထမဇောက ဆိုးကျိုးပေးခြင်းဖြစ်၏။ ပြိတ္တာမလာဖြစ်ပြီး သားငါးယောက်ကို ပြန်စားနေရခြင်းသည် အကုသိုလ်သတ္တမဇောက ဆိုးကျိုးပေးခြင်းဖြစ်သည်။

## အကုသိုလ်အလယ်ဇောငါးချက်အကျိုးပေးပုံ

တာဝတိံသာနတ်ပြည်မှ သုဗြဟ္မာအမည်ရှိသော နတ်သားတွင် ဇနီး မယားနတ်သမီးပေါင်းတစ်ထောင်ရှိ၏။ တစ်နေ့တွင် ဥယျာဉ်ထဲ၌ ပျော်ပါးနေကြရင်း နတ်သမီးငါးရာသည် စုတိစိတ်ကျကာသေလွန်ပြီး အဝီစိ ငရဲသို့ကျသွား၏။ ဤဖြစ်ရပ်တွင် နတ်သမီးငါးရာသည် အဝီစိငရဲကျမည့် အကုသိုလ်ကံကို လူ့ဘဝကပြုလုပ်ခဲ့ကြခြင်းဖြစ်၏။ နတ်ဘဝတွင်ကား ထိုအကုသိုလ်မျိုးပြုလုပ်ရန် လမ်းစမရှိချေ။

ထိုလူ့ဘဝက ပြုခဲ့သော အဝီစိငရဲကျမည့်အကုသိုလ်သည် ပထမဇောအနေဖြင့်လည်း အကျိုးပေးခွင့်မရ၊ လူ့ဘဝမှ သူတို့သေသောအခါ

www.dhammaransi.com



တခြားပြုခဲ့သော ကုသိုလ်ကံများက အရင်ဝင်ပြီးနတ်ပြည်ပို့လိုက်သောကြောင့် သတ္တမဇောအာမေနဖြင့်လည်းအကျိုးပေးခွင့်မရ၊ နတ်သမီးများဘဝမှ သေသောအခါတွင်ကား အလယ်ဇောငါးချက်စေတနာကအခွင့်ရပြီဖြစ်သောကြောင့် အဝီစိငရဲသို့ပို့ခဲ့ခြင်းဖြစ်သည်။

ဤနေရာ၌ သနွေဖျက်ခြင်း၏ကောင်းကျိုးနှင့် ဆိုးကျိုး၊ သနွေမဖျက်ခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို ဝေဖန်ပြလို၏။ ဝေဖန်ချက်ကို သေချာဖတ်ပြီးလျှင် မိမိနှစ်သက်ရာလမ်းကို လိုက်ရန်သာဖြစ်၏။ သနွေဖျက်ခြင်းအတွက် ရလာသောကောင်းကျိုးမှာ စားမည့်ပါးစပ်ပေါက်တစ်ပေါက်တိုးမလာခြင်းတစ်ခုသာဖြစ်၏။

သနွေဖျက်ခြင်း၏ ဆိုးကျိုးများကား သူ့အသက်ကိုသတ်သောပထမဇောအကုသိုလ်စေတနာက ယခုဘဝမှာပင် ရင်သားကင်ဆာ သားအိမ်ကင်ဆာတို့ကိုဖြစ်စေ၏။ ခန္ဓာကိုယ်ကိုလည်း လူမြင်လို့မကောင်းသည်အထိ ဝဖြိုးလာစေ၏။ သနွေတားဆေးများများစားသော အမျိုးသမီးများသည် ငယ်ငယ်ရွယ်ရွယ်နှင့် ပုံပျက်ပန်းပျက်ကြီးဖြစ်အောင်ဝသွားသည်ကို မကြာခဏတွေ့ရ၏။

လူအသက်ကိုသတ်ခြင်းဖြစ်သောကြောင့် အကုသိုလ်ကံသည်ကြီးမား၏။ တစ်ဘဝမဟုတ် တစ်ဘဝတွင် ငရဲသို့ဆွဲချမည်ဖြစ်၏။ နတ်ပြည် ရောက်နေသည့်တိုင်အောင် ထိုသနွေဖျက်သည့်အကုသိုလ်ကံအကျိုးပေးချိန်တန်လာလျှင် ဖော်ပြခဲ့ပြီးသည့်နတ်သမီးငါးရာကဲ့သို့ ငရဲသို့အလွယ်တကူ ကျရောက်နိုင်သည်သာဖြစ်၏။ လူဖြစ်ခဲ့လျှင်လည်း ခြေလက်အင်္ဂါမစုံခြင်း၊ ရောဂါများခြင်း၊ အသက်တိုခြင်း၊ သူတစ်ပါး၏သတ်ဖြတ်မှုကို ခံရခြင်းစသောဆိုးကျိုးများကို သနွေဖျက်သူတိုင်း ခံစားရမည်ဖြစ်၏။

## သနွေမဖျက်ခြင်း၏ကောင်းကျိုးများ

သနွေမဖျက်ခြင်း၏ ဆိုးကျိုးကား စားမည့်ပါးစပ်ပေါက်တစ်ပေါက်တိုးလာခြင်းတစ်ခုသာဖြစ်၏။ သနွေမဖျက်ခြင်း၏ ကောင်းကျိုးများကား သဘာဝအတိုင်း သားသမီးတို့ကို ပုံမှန်ယူသူများသည် အလိုလိုသားဆက်ဝေးသွား၏။ လက်တွေ့သာကြေပြမည်။ ကျွန်ုပ်၏မိခင်

www.dhammaransi.com



သည် (၁၉)နှစ်သမီးအရွယ်က အိမ်ထောင်ကျ၏။ မည်သည့်သစ္စေတား ဆေးမှ မသုံးခဲ့။

ထို့ကြောင့် အလိုလိုသားဆက်ဝေးသွားပြီး (၃) နှစ်တစ်ကြိမ်သာ သားဖွား၏။ သွေးဆုံးချိန်အသက် (၄၀) အရွယ်ထိ သားသမီး (၉) ယောက်သာမွေး၏။ ယခု (၂၀၀၃) ခုနှစ်အချိန်တွင် အသက် (၇၁) နှစ်ရှိပြီး ကျန်းမာလျက်ရှိ၏။ ကျွန်ုပ်၏နှမသည်လည်း ထို (၁၉)နှစ် အရွယ်မှာပင်အိမ်ထောင်ကျ၏။ ကျွန်ုပ်၏ အဆုံးအမကြောင့်လည်း ကောင်း၊ မိခင်ကြီး၏ အဆုံးအမကြောင့်လည်းကောင်း ဘာတားဆေးမှ မသုံးခဲ့။

ထို့ကြောင့် မိခင်ကြီးကဲ့သို့သားဆက်အလိုလိုဝေးပြီး သုံးနှစ်တစ် ကြိမ်သာ သားရသည်။ ယခုဆိုလျှင် သားသမီးသုံးယောက်ရှိပြီဖြစ်၏။ ခန္ဓာကိုယ်မှာ ပုံပျက်ပန်းပျက်ဖြစ်မသွားဘဲ ကျန်းမာလျက်ပင်ရှိ၏။ ညီ တစ်ယောက်၏ဇနီးသည်ကား တားဆေးများစားသောကြောင့် ခန္ဓာကိုယ် မှာပုံပျက်သွားပြီး ကျန်းမာရေးညံ့လျက်ရှိ၏။

ထိုကဲ့သို့ သဘာဝအတိုင်း ကလေးယူသူများသည် ရင်သားကင် ဆာ သားအိမ်ကင်ဆာဖြစ်မှု ရာခိုင်နှုန်းအနည်းဆုံးဖြစ်ကြောင်းတွေ့ ရ၏။ ကလေးယူသည့်တွက် စားမည့်ပါးစပ်ပေါက်တိုးလာသည်ကားမှန် ပါ၏။ သို့သော် ထိုပါးစပ်ပေါက်ပိုင်ရှင်များကြောင့် ကြီးပွားချမ်းသာလာ သော မိသားစုများစွာရှိ၏။ ကျွန်ုပ်မိသားစုမှလက်တွေ့တစ်ခုကိုပြအံ့။

ကျွန်ုပ်အမအကြီးဆုံးသည် သားလေးယောက်သမီးတစ်ယောက် ရှိ၏။ သားသမီးများမရခင်ကလည်း သူတို့လင်မယားနှစ်ယောက်သည် စီးပွားရေးကို မျိုးစုံအောင်ကြိုးစားပြီးရှာဖွေကြ၏။ သို့သော် သူတို့ကု သိုလ်ကံကား စားလောက်အောင်အပြင်ပို၍မရ။ သားသမီးများရလာ စတွင် အနည်းငယ်ပို၍ရုန်းကန်ရသည်ကားမှန်ပါ၏။ သို့သော် ထို ခေတနာ၏ ကောင်းကျိုးကို ယခုဘဝမှာပင်ခံစားရ၏။

သားသမီးများအရွယ်ရောက်လာသည်နှင့် အကြီးဆုံးသမီးက အိမ်ဈေးဆိုင်ကို ဦးစီးရောင်း၏။ သားနှစ်ယောက်က ပန်းပုထု၏။ ကြိုးစားမှုကြောင့် နှစ်များမကြာမီမှာပင် ဆရာများဖြစ်ကုန်သဖြင့် ဝင်ငွေ အလွန်ကောင်း၏။ ယခုအချိန်တွင်ကား သူတို့သည် အပိုဖြစ်သော

www.dhammaransi.com



အိမ်နှင့်ခြံဝန်းတစ်ခုကိုပင်ဝယ်ယူထားနိုင်ပြီဖြစ်၏။

သူတို့လင်မယားနှစ်ယောက်တည်းရှာစဉ်က မကြီးပွားဘဲ သားသမီးများလက်ထက်မှ ကြီးပွားလာခြင်းသည် ထိုသားသမီးတို့တွင်ပါလာသောကုသိုလ်၏အကျိုးကို မိဘတို့ပါခံစားရခြင်းဖြစ်၏။

ထိုကဲ့သို့သော ဖြစ်ရပ်တစ်ခု ရန်ကုန်မြို့တွင်လည်းရှိ၏။ ဗဟန်း ရွှေဂုံတိုင်ဘက်နားတွင် ခြံဝန်းကျယ်ကြီးနှင့် သုံးထပ်တိုက်တစ်လုံးရှိ၏။ ခြံထဲတွင် ပန်းအလှများအပြင် ကမ္ဘာ့အဆင့်မီရေကူးကန်ကြီးတစ်ကန်လည်းရှိ၏။ ထိုခြံ၊ တိုက်နှင့် ရေကူးကန်များသည် သမီးငယ်တစ်ယောက်အတွက် ဖခင်ကဆောက်လုပ်ပေးခြင်းဟုဆိုလျှင် စာရှုသူများအံ့သြကြမည်ဖြစ်၏။ ထို့အတူ ရွှေရည်ဝင်းသည်လည်း အံ့သြခဲ့၏။ ထိုအကြောင်းကို ရွှေရည်ဝင်းပြန်ပြောသဖြင့် ကျွန်ုပ်သိရခြင်းဖြစ်၏။ ထိုခြံအတွင်းရှိ ပန်းရုံများထဲတွင် မိန်းကလေးနှစ်ယောက် လမ်းလျှောက်နေ၏။

တစ်ယောက်ကား ရွှေပြည်သာမှ ကျွန်ုပ်တပည့်မ ရွှေရည်ဝင်းဖြစ်၏။ ကျန်တစ်ယောက်ကား ၁၆ နှစ်အရွယ် ထိုတိုက်ကြီးပိုင်ရှင် သူဌေးပလေးပင်ဖြစ်၏။ လမ်းလျှောက်ရင်းမှ သူဌေးမလေးက မေးခွန်းတစ်ခုမေး၏။

"ရွှေရည်ဝင်း နင်ငွေဘယ်လောက်များများထိမြင်ဘူးလဲ"

"ငါးသိန်းလောက်ပဲမြင်ဘူးတယ်"

"ဒါဆိုရင် နင်ငွေအများကြီးမြင်ဘူးအောင် ပြမယ် တိုက်ပေါ်ကိုလိုက်ခဲ့"

တိုက်ခန်းတစ်ခုထဲသို့ရောက်သည်နှင့် ခြောက်ပေကျော်ခန့်မြင့်သော ဘီရိုကြီးတစ်လုံးကိုဖွင့်ပြလိုက်ရာ ငါးရာတန်များအုပ်လိုက်စီထည့်ထားသည်မှာ အပြည့်ဖြစ်၏။

ရွှေရည်ဝင်းကတောက်ပသောမျက်လုံးလေးများဖြင့် တအံ့တသြလှမ်းကြည့်ပြီးလျှင်

"ဟယ် အများကြီးပဲ၊ အဲဒါ ဘယ်လောက်ရှိသလဲ"

"သိန်းခုနှစ်ဆယ်ရှိတယ်"

"ဒီငွေတွေ ဘာလုပ်ဖို့ ဒီမှာလာထားတာလဲ"

www.dhammaransi.com



"အဖေက ငါ့အတွက် ဒီနေ့ စိန်တစ်ဆင်စာဝယ်ပေးမှာ အဲဒါ စိန်တစ်ဆင်စာအတွက် ပေးရမယ့်ငွေတွေပေါ့"

"နင်တို့အဖေက နင့်အပေါ် ကိုဘာဖြစ်လို့အဲဒီလောက်တောင် အလိုလိုက်ရတာလဲ"

"ငါပဋ္ဌာန်းသဇ္ဈာယ်နေတဲ့အချိန်ကစပြီး အဖေတို့စီးပွားရေးဟာ တအားတက်ခဲ့တယ်။ ငါလဲမွေးပြီးရော ငွေတွေဟာ သိမ်းမနိုင်လောက်အောင်ဝင်တော့တာပဲ၊ ဒါ့ကြောင့်အဖေက ငါ့ကြောင့်စီးပွားတက်တာဆိုပြီး ငါလိုချင်တာမှန်သမျှ အကုန်လုပ်ပေးတာပေါ့။

ဤဖြစ်ရပ်တို့ကို ထောက်ထား၍ သားသမီးယူခြင်း၏ ကောင်းကျိုးများလည်းရှိကြောင်းကို တင်ပြအပ်ပေသည်။

**တွေးခေါ်စဉ်းစားဖို့ ပျင်းကြသည်**

ဝါဒအသစ်အဆန်းတစ်ခုပေါ် လာသည့်အခါ ရာခိုင်နှုန်းအတော်များသည့် လူသတ္တဝါများသည် စဉ်းစားဖို့အတော်ပျင်းရိကြ၏။

နက်နဲသော အခြင်းအရာတစ်ခုကို စဉ်းစားရခြင်းအလုပ်သည် ဦးနှောက်ရှုပ်သည်ဟုဆိုကြ၏။ စဉ်းစားရသောအလုပ်၌ ဝါသနာပါသူ အနည်းငယ်တို့အဖို့မှာလည်း အမှန်သို့မရောက်နိုင်သည့်အတားအဆီးများရှိနေကြပြန်လေသည်။ ၎င်းအတားအဆီးများမှာ. . .

မိရိုးဖလာအစဉ်အလာကို မပယ်နိုင်ခြင်း၊ သဘာဝကျ မကျကို ဆုံးဖြတ်နိုင်သည့်ဉာဏ်မျိုးနုံ့နဲခြင်း။

မိမိအလိုဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့် သဘောတရားတစ်ခုကို လက်မခံလိုခြင်းတို့ဖြစ်ကြလေသည်။

*(ဆရာကြီးရွှေဥဒေါင်း)*

ဤမှနောက်၌ ဘဝတန်ဖိုးနှင့် ဘာသာတန်ဖိုးအကြောင်းကို မှတ်မိသမျှ ထုတ်နှုတ်၍ပြမည်ဖြစ်သည်။ အင်္ဂုတ္တိုရ်ပါဠိတော်၌ ပုဒ္ဓက

www.dhammaransi.com



ဗုဒ္ဓဘာရခဲ့ခြင်းတရားငါးပါးကိုဟောတော်မူခဲ့၏။ ယင်းတို့မှာ. .

၁။ ဘုရားတစ်ဆူဖြစ်ပေါ်လာဖို့ခဲယဉ်းခြင်း
၂။ လူ့ဘဝကိုရဖို့ခဲယဉ်းခြင်း
၃။ သဒ္ဓါတရားရှိသူဖြစ်ဖို့ခဲယဉ်းခြင်း
၄။ ရဟန်းဘဝကိုရခဲခြင်း
၅။ သူတော်ကောင်းတရားကိုကြားနာရခဲခြင်း

တို့ဖြစ်၏။ ထိုငါးခုတွင် လူ့ဘဝရခဲပုံကိုအကျယ်ချဲ့ပြမည် ဖြစ်သည်။ လောကီလောကုတ္တရာဗဟုသုတရှိသောလူငယ်တစ်ယောက်က အောက်ပါမေးခွန်းတစ်ခု ကျွန်ုပ်ကိုလာမေး၏။

**မေး။** ဆရာတော် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဗုဒ္ဓကလူ့ဘဝရခဲတယ်လို့ဟောထားပါတယ်။ ကမ္ဘာပေါ်ကြည့်လိုက်တော့လည်း လူဦးရေကသန်းပေါင်းခြောက်ထောင်လောက်ရှိနေပြီ။ တရုတ်ပြည်တစ်ပြည်ထဲမှာပဲ သန်းပေါင်း (၁၃၀၀) ကျော်နေပြီ။ ဒါတောင် မိသားတစ်စုမှာ ကလေးနှစ်ယောက်သာယူရမယ်လို့ သတ်မှတ်ထားလို့သာပေ့ါ။ အဲဒီတော့ အခုခေတ်အနေအထားနဲ့ဆိုရင် လူ့ဘဝရခဲတာဟုတ်ပါ့မလား ဘုရား။

လေးသင်္ချေကမ္ဘာတစ်သိန်းပါရမီဖြည့်ပြီးမှ ရခဲသောဉာဏ်တော်ကြီးဖြင့်ဟောခဲ့သော ဗုဒ္ဓတရားတော်များသည်ကာလ ဒေသကို အကြောင်းပြု၍ ဘယ်သောအခါမှ မှားယွင်းသွားသည်ဟူ၍မရှိခဲ့ပေ။ မိမိဉာဏ်က မလိုက်နိုင်၍ ဘဝင်မကျခြင်းသာဖြစ်တတ်သည်။ ဖော်ပြပါမေးခွန်းသည် ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်ကိုမလိုက်နိုင်၍ ထွက်ပေါ်လာသောမေးခွန်းသာ ဖြစ်၏၊ ထိုမေးခွန်းကိုအတွေးအခေါ်များစွာဖြင့် ဖြေဆိုမည်။

လောကၥ္၌ အနည်းအများ အကျဉ်းအကျယ်ဆိုသည်ကို နှိုင်းယှဉ်ကြည့်မှသာသိရ၏။ ငွေသိန်းပေါင်းတစ်ထောင်ထိ ချမ်းသာသော သူသည် မြန်မာပြည်အနေနှင့် အလွန်ချမ်းသာသောသူတစ်ယောက်ပင် ဖြစ်၏၊ အလွန်များသော ငွေပင်ဖြစ်၏။ သို့သော် ဒေါ်လာသန်းတစ်ထောင်ချမ်းသာသူနှင့်စာလိုက်သောအခါ ဘာမှမချမ်းသာတော့၊ ဘာမှမများတော့။

www.dhammaransi.com



ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရှမ်းပြည်နယ်တစ်ခုစာလောက်သာရှိသဖြင့် မြန်မာပြည်နှင့်စာလျှင် အလွန်သေးငယ်၏။ ထိုနိုင်ငံနှင့်စာလိုက်လျှင် မြန်မာပြည်ကို အလွန်ကြီးသည်ဟုဆိုရမည်ဖြစ်၏။ သို့သော် အမေရိကန်ပြည်ထောင်စုနှင့် စာလိုက်သောအခါ မြန်မာပြည်သည် ဘာမှမပြောပလောက်တော့။ အဘယ့်ကြောင့်ဆိုသော် အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံမျိုး (၃၀) နိုင်ငံလောက်ထိအောင်ကျယ်ဝန်းသောကြောင့်ပေတည်း။

ထို့ကြောင့် အနည်းအများ အကျဉ်းအကျယ်ဆိုသည်မှာ နှိုင်းယှဉ်ကြည့်မှသိနိုင်သည်ဟုဆိုခဲ့ရခြင်းဖြစ်၏။ ယခုလည်း လူသားတွေချည်းသာကြည့်မည်ဆိုလျှင် အများကြီးဟုထင်စရာပင်ဖြစ်၏။ သို့သော် အပါယ်လေးဘုံသားတို့နှင့် နှိုင်းယှဉ်ကြည့်လိုက်သောအခါ ဘာမှမပြောပလောက်တော့ပေ။ အပါယ်လေးဘုံတွင် လူသားတို့၏ ပကတိမျက်စေ့ဖြင့် မမြင်ရသော ငရဲ၊ ပြိတ္တာ၊ အသူရကာယ်တို့ကို ဘေးဖယ်ထားပါ။

တိရစ္ဆာန်တွေကိုကား လူတိုင်းတွေ့မြင်နေရသောကြောင့် ကမ္ဘာ့လူဦးရေကို တိရစ္ဆာန်တစ်မျိုးတည်းဖြင့်ပင် နှိုင်းယှဉ်ကြည့်ပါ။ တိရစ္ဆာန်အရေအတွက်ကိုမပြပြီ အမျိုးအစားကို အရင်ပြရလျှင် ကုန်းနေတိရစ္ဆာန် အမျိုးအစား (၉)ကုဋေရှိ၏။ ရေနေတိရစ္ဆာန်အမျိုးအစား ဆယ်ကုဋေရှိ၏။

ကမ္ဘာမှာရှိသည့်လူဦးရေကို မြန်မာမှာရှိသည့် ခြင်ကောင်ဦးရေတစ်မျိုးနှင့်ပဲ နှိုင်းယှဉ်ကြည့်လျှင် ခြင်ကောင်ဦးရေကအများအပြားသာနေပေသည်။ ထို့ကြောင့် အပါယ်ဘုံသားတို့နှင့် နှိုင်းယှဉ်ကြည့်လိုက်လျှင် ကမ္ဘာ့လူဦးရေသည် ဘာမျှမပြောပလောက်တော့ပေ။ လူနတ်ဗြဟ္မာဟုဆိုအပ်သော သုဂတိဘုံသားတွေထက် အပါယ်လေးဘုံဟုဆိုအပ်သော ဒုဂ္ဂတိဘုံသားတွေက အဆမတန်များပြားပုံကို လယ်တီဆရာတော်ဘုရားကြီးက ဘာဝနာဒီပနီ၌ ဥပမာတစ်မျိုးဖြင့်ပြသခဲ့သည်။

(၁၂) မိုင်ပတ်လည်နှင့် အမြင့် (၁၂) မိုင်ရှိသော ကျီထောင်ကြီးတစ်လုံးထဲသို့ သေးကွေးလှသော မုန်ညင်းဆံများကို အပြည့်ထည့်ရမည်၊

www.dhammaransi.com



အနှစ်တစ်ရာနေမှ မုန်ညင်းစေ့တစ်စေ့ကိုထုတ်ပစ်လျှင် ဂိုထောင်ကြီးထဲက မုန်ညင်းဆံတွေသာကုန်သွားမည်။ အသင်္ချေ၏အရေအတွက်ကား မကုန်။ အပါယ်ဘုံသားတွေထက်မှ သတ္တဝါပေါင်းအသင်္ချေကို ယူရမည်။ သုဂတိ ဘုံသားတွေထက်မှတစ်ယောက်ယူပြီးလဲပစ်ရမည်။

ထိုသို့လဲပစ်ခဲ့လျှင်ပင် တစ်ယောက်ချင်းသာ ယူနေရသော သုဂတိဘုံသားတွေကသာကုန်သွားမည်။ အပါယ်ဘုံသားတွေကား မကုန် အပါယ်ဘုံသားတို့သည် ထိုမျှလောက်ပင်များပြား၏။ ဤနှိုင်းယှဉ်ချက်ကို ထောက်သဖြင့်လည်း လူ့ဘဝရခဲကြောင်းသည် ထင်ရှား၏။

## သိသင့်ဖွယ်ရာလူ့လေးဖြာ

ဝိမာနဝတ္ထုအဋ္ဌကထာ၌လာသော လူလေးမျိုးနှင့် စစ်ကြည့်လျှင်လည်း တကယ့်လူအစစ်ကား ရှားပါးကြောင်းပေါ်လွင်၏။ ပိုမိုစိတ်ဝင်စားစေရန် ရန်ကုန်မှ ရဲစခန်းမှူးတစ်ယောက်၏ တကယ့်ဖြစ်ရပ်နှင့် အတူကွဲဖက်၍ဖော်ပြလိုက်ပေသည်။ ထိုစခန်းမှူးသည် တရားခံတစ်ယောက်ကို အရိပ်အခြေစောင့်ကြည့်ရန်အတွက် နံနက်စောစောထွက်လာခဲ့ပြီး အိမ်တစ်အိမ်၏ ဘေးနားမှစောင့်ကြည့်နေသည်။

ပိုက်ဆိုင်စွာပင် ရပ်စောင့်ကြည့်နေသောအိမ်သည် သံဃာတော်များကိုပင့်ဖိတ်ပြီး အရုဏ်ဆွမ်းကပ်ပြီး၍ တရားနာနေချိန်ဖြစ်၏။ ကြွလာသော ဆရာတော်က လူလေးမျိုးအကြောင်းတရားကို ဟောကြားလျက်ရှိ၏။ လူလေးမျိုးကား

၁။ လူငရဲသား၊
၂။ လူ့တိရစ္ဆာန်၊
၃။ လူ့ပြိတ္တာ၊
၄။ လူပရမတ္ထ တို့ဖြစ်၏။

သောင်းငါးထောင်စီ၊
သချာ်ညီ ရှစ်လီ ငရဲရွာ၊

ဆိုသော လင်္ကာအတိုင်း မြေကြီးကနေအောက် ယူဇနာ (၁၅၀၀၀) တွင် ပထမဆုံး သဥ္စိုင်းငရဲရှိ၏။ သဥ္စိုင်းငရဲကနေ နောက်ထပ်

www.dhammaransi.com



ယူဇနာ (၁၅၀၀၀)တွင် ကာဠသုတ်ငရဲရှိ၏။ အစဉ်အတိုင်း ယူဇနာ တစ်သောင်းငါးထောင်စီခြားပြီး ငရဲကြီးရှစ်ထပ်တည်ရှိနေ၏။

သဉ္ဇိုင်းငရဲသို့ရောက်သွားသောသူသည် အနှစ်ကိုးသန်းတိတိ ရပ်နားချိန်မရှိဘဲ မားများပေါက်ဆိန်များဖြင့် ခုတ်ထစ်ညှင်းဆဲခြင်းကို ခံရ၏။ အကုသိုလ်ကံမကုန်မခြင်း သေမသွားဘဲ နာကျင်ဆင်းရဲသော ဒုက္ခကိုမချိမဆန့်ခံစားရ၏၊ ထို့ကြောင့် ငရဲသားတို့မှာ ဒါန၊ သီလ ဘာဝနာဟူသော ကုသိုလ်တရားများကို တစ်ခုမှ ပြုလုပ်ချိန်မရပေ။

ထို့အတူ တစ်ချို့သည် လူကားဖြစ်လာပါ၏။ သို့သော်သူသည် မကောင်းမှု ဒုစရိုက်များကို ပြုလုပ်သောကြောင့် ထောင်တန်းကျပြီး ဆင်းရဲဒုက္ခများစွာ ခံကြရ၏။ဒါန သီလ ဘာဝနာကိုတစ်ခုမှ ပြုလုပ်ခွင့် မရ။ ထိုကဲ့သို့သော လူသားမျိုးကို ဗုဒ္ဓက လူအစစ်ဟု မသတ်မှတ်။ လူ့ငရဲသားဟုသတ်မှတ်၏။

တိရစ္ဆာန်သည် အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်း သုံးမျိုး ကိုသာပြုလုပ်ပြီး ဒါန သီလ ဘာဝနာကုသိုလ်တရားကိုတစ်ခုမှ မပြုလုပ် သကဲ့သို့ တချို့လူများသည် စီးပွားရှာခြင်း၊ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ် ခံစားခြင်းသုံးမျိုးကိုသာပြုလုပ်၏။ ဒါန သီလ ဘာဝနာကုသိုလ်တရား ကိုတစ်ခုမှ ပြုလုပ်ခြင်းမရှိ၊ ဤသို့သောလူသားမျိုးကို ဗုဒ္ဓက လူအစစ်ဟု မသတ်မှတ်၊ လူ့တိရစ္ဆာန်ဟု သတ်မှတ်တော်မူ၏။

သရဲ၊ တစ္ဆေ၊ မှင်စာကြွပ်၊ ဥစ္စာစောင့် အားလုံးကို စာပေ၌ ပေတပြိတ္တာဟုခေါ်၏။ ပြိတ္တာများသည် အကုသိုလ်ကံကြောင့် အစားအစာကို ဘယ်သောအခါမှ ဝလင်အောင်မရ၊ မရပ်မနားတစ်ဘဝ လုံးရှာဖွေရသော်လည်း မသေရုံသာစားရ၏။ လူများစွန့်ပစ်ထားသော စားကြွင်း စားကျန်များ တံတွေးများ၊ နှပ်များ၊ သလိပ်များ တွေ့သမျှကို ရှာဖွေစားသောက်ကြရ၏။ အစာကိုသာ တစ်ဘဝလုံးကုန်းရုန်း ရှာဖွေပြီး သေသွားကြ၏။

ဒါန သီလ ဘာဝနာကုသိုလ်တရားတစ်ခုကိုမှ မပြုလုပ်နိုင်။ ထို့အတူ တချို့လူလာဖြစ်သော်လည်း ဆင်းရဲနွမ်းပါးလွန်းသဖြင့် တစ်ဘဝ လုံးဝမ်းရေးတစ်ခုအတွက်သာရှာဖွေစားသောက်ရင်း တစ်ဘဝဆုံးသွား

၏။ ဒါန သီလ ဘာဝနာကုသိုလ်တရားတစ်ခုမှ မလုပ်နိုင်၊ ထိုသို့သော လူသားမျိုးကို လူ့ပြိတ္တာဟုခေါ်သည်၊ လူအစစ်မဟုတ်ပေ။

**စီးပွားရေးကိုလည်း** လူတန်းစေ့အောင် သမ္မာအာဇီဝကျကျ ရှာဖွေနိုင်ပြီး ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားကိုလည်း စွမ်းနိုင်သမျှ ပြုလုပ်နိုင်သော သူကိုသာလျှင် လူ့ပရမတ္ထလူအစစ်ဟုခေါ်သည်ဟု ဟောကြားပြီးနောက် တရားဟောဆရာတော်က အောက်ပါလင်္ကာလေး ရွတ်ကာ တရားကိုအဆုံးသတ်လိုက်သည်။

လူနှင့်တိရစ္ဆာန်ခြားနားဟန်၊
နှစ်တန်သိရမည်၊ အိပ်စားကာမ၊
သိရုံမျှ၊ မှတ်ကြလူမပီ၊
အကုသိုလ်ပယ် ကုသိုလ်ဆွယ်၊
ဟာကယ်လူပီသည်။
လူမပီက၊ အပါယ်ကျ၊
ဒုက္ခမလွတ်ပြီ
လူပီလေက ချမ်းသာရ၊
ရောက်ရနိဗ္ဗာန်ဆီ။

*(ဓမ္မဒူတအရှင်ပညာဇောတ)*

အိမ်ပေါ်မှ တရားနာပရိသတ်များကား မည်သို့ရှိသည်မသိ။ အိမ်အောက်မှ စခန်းမှူးကြီးသည်ကား အတော်သံဝေဂရသွား၏။ သူသည် လူအစစ်ပဖြစ်သေးဘဲ လူတိရစ္ဆာန်အဆင့်သာရှိသေးကြောင်း ကိုလည်း သိသွား၏။ ထို့ကြောင့်ထိုနေ့မှစ၍ အသောက်အစားစသော မကောင်းမှု မှန်သမျှကို ရှောင်ကြဉ်၍ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရား များကို နိုင်သမျှဆည်းပူး၏။

ထိုသို့ကုသိုလ်တရားများကို ဆည်းပူးအားထုတ်သောအခါတွင်မှ လအတန်ကြာလျှင် စခန်းမှူးသည် အကြောင်းတစ်ခုကြောင့် ရာထူးကျ သွား၏။ ထိုအခါ သူသည် ကုသိုလ်တရားအပေါ် ယုံမှားသံသယရှိ သွား၏။ အကုသိုလ်မျိုးစုံလျှောက်လုပ်နေစဉ်က ဘာမှမဖြစ်ဘဲ ယခုလို

www.dhammaransi.com



ကုသိုလ်တရားများကို ကြိုးစားသောအခါတွင်မှ ရာထူးကျသောအခါ ကုသိုလ်ကြောင့် ရာထူးကျသလားဟုထင်သွား၏။

ထိုအထင်အမြင်လွဲမှားမှုသည် ဆရာကောင်းနှင့်သာမတွေ့လျှင် ဘာသာပြောင်းကိုးကွယ်သည့်အဆင့်ထိရောက်အောင် အန္တရာယ်ပေးနိုင်၏။ ထိုစခန်းမှူးကား ကံကောင်း၏။ တရားဟော တရားပြ စာရေးစာချနေသော ဓမ္မဒူတအရှင်ပညာဇောတဆရာတော်ကြီးနှင့် တွေ့သွား၏။ ထိုဆရာတော်ကြီးကား နှောင်းလူတို့အတုယူဖွယ်စံပြဆရာတော်ကြီးတစ်ပါးပင်ဖြစ်၏။ များသောအားဖြင့် ရဟန်းတော်တို့သည် စာရေး စာချ တရားဟော တရားပြလေးမျိုးတို့တွင် တစ်မျိုးလောက်သာလုပ်နိုင်ကြ၏။

ဓမ္မဒူတဆရာတော်ကြီးကား စာသင်တိုက်ကြီးတွေဖွင့်ပြီး စာချပေး၏။ အနယ်နယ်အရပ်ရပ်ရိပ်သာများ တရားစခန်းများဖွင့်ပြီး တရားပြ၏။ ပင့်ဖိတ်ရာနယ်မျိုးစုံသို့လိုက်၍ တရားဟောပေး၏။ ကျမ်းစာအုပ်ပေါင်းများစွာကိုလည်း ရေးသားပြုစုခဲ့၏။ သက်တမ်းတိုလှသော ဆုပ်ကပ်ခေတ်ကြီးထဲတွင် ဆရာတော်၏ အနားယူနည်းကို ကျွန်ုပ်အလွန်သဘောကျ၏။ ဆရာတော်၏ အနားယူနည်းကို ဆရာတော်ကိုယ်တိုင်ယခုလိုရေးသားခဲ့၏။

## ဆုတ်ကပ်တွင်း အနားယူနည်း

အလုပ်တစ်ခုမှ နောက်အလုပ်တစ်ခု
သို့ပြောင်းလုပ်ခြင်းသည်ပင် ကျွန်ုပ်အတွက်
အနားယူခြင်းဖြစ်၏။

(ဓမ္မဒူတအရှင်ပညာဇောတ)

စခန်းမှူးသည် သူ၏ပြဿနာကို ဆရာတော်ကြီးထံတင်ပြ၏။ ဆရာတော်ကြီးက ယခုလိုရှင်းပေး၏။ လောကတွင် စကားပုံနှစ်ခုရှိ၏။ တစ်ခုကား ဗောဓိပင်ပျိုးမှ ခြေကျိုးရ၊ နောက်တစ်ခုကား ဗောဓိကိုင်းချိုးမှ ရွှေအိုးရဟူ၍ ဖြစ်၏။ အမျိုးသားတစ်ယောက်သည် ဗုဒ္ဓဂယာမှ ဗောဓိပင် ပျိုးတစ်ပင်ရအောင်ယူပြီး လူအများပူဇော်နိုင်အောင် ငွေကုန်ကြေးကျခံပြီးစိုက်ပျိုး၏။

www.dhammaransi.com



မလှူနိုင် ဈေးရောင်း၊ ကျောင်းမဆောက်နိုင် သစ်ပင်စိုက်ဟူသော စကားအတိုင်း ရိုးရိုးအရိပ်ရသစ်ပင်စိုက်ပျိုးပေးလျှင်ပင် ကျောင်းတစ်ဆောင် ဆောက်လှူသလောက်ကုသိုလ်ရ၏။ လှူပြီးရွှေ့လျားသွား၊ ကုသိုလ်မျိုးကို ဇင်္ဂမကုသိုလ်ဟုခေါ်၏။ အကျွေးအမွေးကုသိုလ်မျိုးတည်း။ လှူပြီးနောက် မပျက်မစီးဘဲ အမြဲတည်လျှက်ရှိသော ကုသိုလ်ကို ထာဝရကုသိုလ်ဟု ခေါ်၏။

ကျောင်းဆောက်ခြင်း၊ တံတားခင်းခြင်း၊ လမ်းပြင်ခြင်း၊ သစ်ပင်စိုက်ခြင်းစသော ကုသိုလ်မျိုးတည်း ထာဝရကုသိုလ်သည်ကား အလှူရှင်ကို နေ့စဉ်ကုသိုလ်တိုးပွားနေစေ၏။ ထိုအမျိုးသားသည် ဗောဓိပင်စိုက်ပျိုးသောကုသိုလ်ကိုပြုလုပ်ခဲ့မှု အိမ်ခြံတိုင်တစ်ခုမတော်တဆပိကျပြီး ပေါင်ကျိုးသွား၏။

အပေါ်ယံကြည့်လျှင် ဗောဓိပင်စိုက်ပျိုးသောကုသိုလ်ကို ပြုလုပ်ခဲမှ ပေါင်ကျိုးခြင်းဟူသောဆိုးကျိုးကိုခံစားရသလိုဖြစ်နေ၏။ အမှန်ကား ထိုသို့မဟုတ် ထိုသူသည် ဗောဓိပင်စိုက်ပျိုးခြင်းဟူသော ကုသိုလ်သာ မလုပ်လျှင် ထိုအချိန်က သေမည်ဖြစ်၏။ သေရမည့်အကုသိုလ်ကံများ သူ့တွင်ရှိနေ၏။

သို့သော် ဗောဓိပင်စိုက်ပျိုးခြင်းဟူသော ကုသိုလ်ကိုအချိန်မီပြုလုပ်လိုက်သည့်အတွက် သေမည့်အကုသိုလ်ကံများအရှိန်နည်းသွားပြီး ပေါင်လောက်သာကျိုးသွားခြင်းဖြစ်၏။ သက်သာသွားခြင်းဟုဆိုရပေမည်။ ထို့ကြောင့် ထူးခြားစွာမှတ်သားရမည်မှာ ကုသိုလ်တရားသည် အနဝဇ္ဇသုခဝိပါကလက္ခဏာအပြစ်ကင်း၍ ကောင်းကျိုးချမ်းသာကိုပေးရုံ သာမက အတိတ်ကပါလာသည့် အကုသိုလ်ကံများကိုလည်း တတ်နိုင်သမျှ ပယ်ဖျက်ပေးနိုင်စွမ်းရှိသည်ဟူသောအချက်ပင်ဖြစ်၏။ စခန်းမှူး သည်လည်း ယခုပစ္စုပ္ပန်ဘဝအတိတ်ဘဝကပြုခဲ့သော သေရမည့်အကု သိုလ်ကံများရှိနေ၏။

သို့သော် လူလေးမျိုးတရားကို နာကြားမိပြီး ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားများကို လအတန်ကြာပြုလုပ်လိုက်ခြင်းကြောင့် သေမည့်အဆင့်မှ ရာထူးကျသည့်အဆင့်လောက်သာရောက်သွားခြင်းဖြစ်၍ သက်သာသွားခြင်းဖြစ်၏။

www.dhammaransi.com



ဘောဓိကိုင်းချိုးမှ ရွှေအိုးရဟူသော စကား၏အဓိပ္ပါယ်ကား ရှုးရှုးမိုက်မိုက်အရက်သမားတစ်ယောက်သည် စေတီထိုက်သော ဗောဓိကိုင်းကိုသွားချိုးလိုက်၏၊ ဗောဓိပင်ကိုဖျက်ဆီးခြင်းသည် ဘုရားရှင်ကိုသွေးစိမ်းတည်အောင်လုပ်သော လောဟိတုပ္ပါဒကကံကဲ့သို့အပြစ်ကြီးသည်ဟုအဆိုရှိ၏။

မဇ္ဈာနန္တရိယကံတစ်မျိုးပင်ဖြစ်၏။ ထိုသို့ကြီးမားသော အကုသိုလ်ကိုပြုလုပ်ခါမှ ဗောဓိပင်ပေါ်မှ ရွှေအိုးတစ်လုံးကျလာပြီး ချမ်းသာသွားခဲ့၏။ အပေါ်ယံကြည့်လျှင် အကုသိုလ်လုပ်မှကောင်းကျိုးရသကဲ့သို့ဖြစ်နေ၏၊ အမှန်ကား ထိုသို့မဟုတ် ထိုလူမိုက်သည် ယင်းအချိန်က ရွှေအိုးအလုံးပေါင်းများစွာကို ရရှိမည့်ကုသိုလ်ကံများရှိနေ၏။ ရလည်းရတော့မည်ဖြစ်၏။

သို့သော် ဗောဓိကိုင်းချိုးခြင်းဟူသော အကုသိုလ်ကိုပြုလိုက်သည့်အတွက် တစ်လုံးတည်းသာရသွားခြင်းဖြစ်၏။ အရနည်းသွားခြင်းပင်ဖြစ်၏။ ထို့အတူ ယခုခေတ်တွင်လည်း မကောင်းမှုဖြင့် စီးပွားဖြစ်နေကြသူများရှိ၏၊ ထိုသူများသည် မကောင်းမှုဖြင့် စီးပွားမရှာဘဲ သမ္မာအာဇီဝနည်းဖြင့် စီးပွားရှာမည်ဆိုလျှင် ယခုထက်ပို၍ကြီးပွားချမ်းသာမည်သာဖြစ်၏။

မကောင်းမှုဖြင့် စီးပွားရှာလိုက်သည့်အတွက် ယခုမြင်ရသလောက်သာ ကြီးပွားတော့ခြင်းဖြစ်၏။ အရနည်းသွားသည်ဟုဆိုလို၏။

ထိုကဲ့သို့ရှင်းပြသောအခါကျမှ စခန်းမှူးသည် သံသယများကင်းရှင်းသွားပြီး ကုသိုလ်တရားများကို ဆက်လက်လိုက်စားသွား၏။ ဤကဲ့သို့ လူလေးမျိုးဖြင့် ခွဲကြည့်လိုက်လျှင်လည်း လူ့ပရမတ္တဟုဆိုအပ်သောလူစစ်စစ်သည်ကား ရှားပါးသွားသည်သာဖြစ်၏။

သံယုတ်ပါဠိတော် နခသိခုပမသုတ်၌လည်း ဗုဒ္ဓက လူ့ဘုံနှင့်တကွ သုဂတိဘုံသို့ရောက်ဖို့ခဲယဉ်းပုံကို ဥပမာနှင့်တကွ ပြခဲ့၏။ ဗုဒ္ဓသည် မြူမှုန်အနည်းငယ်ကို လက်သည်းခွံပေါ်သို့တင်ပြီး ပရိသတ်လေးပါးကို မေးတော်မူ၏၊ ငါဘုရားလက်သည်းခွံပေါ်က မြေမှုန့်နှင့်အောက်က မဟာ ပထဝီမြေကြီး အဘယ်ကများသနည်းဟူသော မေးခွန်းပင်ဖြစ်၏။

www.dhammaransi.com



ထိုအခါ ပရိသတ်များက လက်သည်းခွံပေါ်က မြေမှုန့်သည် ဘာမျှမပြောပလောက်ကြောင်း အောက်ကမဟာပထဝီမြေကြီးကသာ လျှင် မနှိုင်းစာလောက်အောင်ကြီးကျယ်များပြားကြောင်းဖြေကြ၏။ ထိုအခါဗုဒ္ဓက ယခုပြခဲ့သည့် ဥပမာအတိုင်း လူ့ဘဝမှသေပြီး လူ့ဘဝနှင့် ဟကွ သုဂတိဘုံသို့ရောက်ကြရသူများသည် ငါဘုရားလက်သည်းခွံပေါ်က မြေမှုန့်ပမာဏလောက်သာရှိ၏။

လူ့ဘဝမှ သေပြီး အပါယ်လေးဘုံသို့ရောက်ရသော လူသားများသည်ကား အောက်ကမဟာပထဝီမြေကြီးပမာဏလောက်ရှိသည်ဟု ဟောကြားတော်မူ၏။ ဤဒေသနာတော်ကိုထောက်ထားလိုက်လျှင် လူ့ဘဝသည် ခဲခဲယဉ်းယဉ်းရလာရခြင်းဖြစ်ကြောင်းထင်ရှား၏။

ဗာလပဏ္ဍိတသုတ်၌လည်း အပါယ်လေးဘုံသို့ ကျသွားရသော လူသားတစ်ယောက် လူ့ဘဝသို့ပြန်ရောက်ဖို့ ခဲယဉ်းပုံကို ကာဏကစ္ဆပ ဥပမာဖြင့် ဟောကြားခဲ့၏။ မြန်မာလိုလိပ်ကန်းဥပမာဟုခေါ်၏။ သမုဒ္ဒရာထဲတွင် အနှစ်တစ်ရာနေမှ ရေပေါ်သို့ နူတ်သီးလေးတစ်ခါပေါ်သော လိပ်ကန်းတစ်ကောင်ရှိ၏။

ထိုသမုဒ္ဒရာထဲသို့ အပေါက်တစ်ပေါက်သာဖောက်ရသေးသော နွားလှည်းကထမ်းပိုးတစ်ချောင်းပစ်ချလိုက်ရမည်၊ ခဲခဲယဉ်းယဉ်းဖြစ်ရမည်က မျောချင်ရာမျောနေသော ထမ်းပိုးကလိပ်ကန်းကြီးပေါ်မည့်နေရာတည့်တည့်သို့ရောက်လာရမည်၊ ထိုအချိန်မှာပင်အနှစ်တစ်ရာပြည့်သဖြင့် လိပ်ကန်းကြီးကလည်း ရေပေါ်သို့ပေါ်လာရမည်။

ကိုအခါ လိပ်ကန်းကြီး၏ ဦးခေါင်းသည် တစ်ပေါက်တည်းသာဖောက်ရသေးသော ထမ်းပိုးပေါက်ထဲသို့ဝင်သွားဖို့ရာ ဖြစ်နိုင်ပါမည်လောဟု ဗုဒ္ဓကမေးတော်မူ၏ ပရိသတ်များက မဖြစ်နိုင်လောက်အောင်ခဲယဉ်းပါကြောင်းဖြေဆိုကြ၏။ ထိုအခါ ဗုဒ္ဓက

ထမ်းပိုးကလည်း ရေထဲမှာ ဆွေးမြေ့ပျက်စီးမသွားလျှင် လိပ်ကန်းကြီးကလည်း မသေလျှင် တစ်ကြိမ်မဟုတ် တစ်ကြိမ်စွပ်မိချင်စွပ်မိနိုင်သေး၏။ ဖြစ်နိုင်သေး၏။ အပါယ်လေးဘုံသို့ကျသွားသော လူသား

www.dhammaransi.com



တစ်ယောက် လူ့ဘဝသို့ပြန်ရောက်ဖို့ရာကား ယခုပြခဲ့သော ဥပမာထက် အဆပေါင်းများစွာခဲယဉ်း၏ဟုဟောတော်မူ၏။

ဤဒေသနာကိုထောက်ကြည့်လျှင်လည်း လူ့ဘဝသည် ခဲယဉ်းစွာရလာခြင်းဖြစ်ကြောင်းထင်ရှား၏။ ဤမျှဆိုလျှင် ရလာသော လူ့ဘဝတန်ဖိုးကိုသိနိုင်ပြီဖြစ်၏။ ဤနေရာ၌ နောက်ကျမှသိရသော တန်ဖိုးသုံးခုကိုတင်ပြချင်၏။

## နောက်ကျမှသိရသော တန်ဖိုးသုံးခု

ကျန်းမာရေးတန်ဖိုးကို မကျန်းမာသောအခါမှသိသည်။
လွတ်လပ်ရေးတန်ဖိုးကို သူ့ကျွန်ဘဝရောက်မှသိသည်။
လူ့ဘဝတန်ဖိုးကို ငရဲပြည်ရောက်မှသိသည်။

လူ့ဘဝတန်ဖိုး ငရဲပြည်ရောက်မှ သိပုံကို ရှင်းအံ့။ ဗုဒ္ဓလက်ထက်က သာဝတ္ထိမြို့မှ ကောသလမင်းကြီးသည် လင်ရှိမယားတစ်ယောက်ကို တပ်မက်နှစ်သက်လျက်ရှိ၏။ ထို့ကြောင့်ညအခါမအိပ်နိုင်ဘဲ ထိုအမျိုးသမီးကို သိမ်းယူနိုင်ရန် မတရားသောနည်းလမ်းများကို ကြံစည်လျက်ရှိ၏။ ညသန်းခေါင်ရောက်သောအခါ မြေကြီးအောက်မှ ဒု၊ သ၊ န၊ သော ဟူသော အသံကြီးလေးသံကို ကြားရသဖြင့် မအိပ်နိုင်တော့ဘဲ ထိတ်လန့်ကြောက်ရွံ့စွာ မိုးလင်းခဲ့ရ၏။

မိုးလင်းသည်နှင့် ပုဏ္ဏားဆရာပုဏ္ဏားများကိုခေါ်၍ မေး၏။ ပုဏ္ဏားများကား ဘာမှမသိ၊ သို့သော် မသိဘူးဟုပြောလိုက်လျှင် မင်းကြီးအထင်သေးသွားမှာကြောက်သဖြင့် ထင်ရာစွပ်ပြီးလျှောက်တင်ကြ၏။ သူတို့လျှောက်တင်သည်ကား ဤအသံကြီးများသည် မင်းကြီးအတွက် အသက်အန္တရာယ်ဖြစ်မည့်အသံများဖြစ်သည်။

အသက်အန္တရာယ်မှလွတ်ချင်လျှင် သတ္တဝါတစ်ရာ၊ သတ္တဝါ သမီးတစ်ရာ၊ ဆင်တစ်ရာ၊ မြင်းတစ်ရာတို့၏ ခေါင်းများကို ဖြတ်သတ်ပြီး ယဇ်ပူဇော်လျှင် ရမည်ဟု၏။ အသိဉာဏ်နည်းသောမင်းကြီးသည် ပုဏ္ဏားဆရာတို့၏ စကားကိုယုံကြည်ပြီး ယဇ်ပူဇော်ရန် စီစဉ်လေတော့၏။

ဤဖြစ်ရပ်ကိုထောက်၍ ပုဏ္ဏားဆရာအချို့သည် လူများကို

www.dhammaransi.com



ခြောက်လှန့်စားသောက်နေကြသည်မှာ ယခုခေတ်မှာသာမဟုတ်၊ ဗုဒ္ဓလက်ထက်မှာကတည်းကရှိနေကြောင်းထင်ရှား၏။ ကောသလမင်းကြီးသည် ဘုရားရှင်ရှိပါလျှက် ဘုရားကိုဘေးချိတ်ထားပြီး ဗေဒင်ဆရာများ၏ စကားကိုယုံစားကာ သူတစ်ပါးအသက်သတ်ရန်လုံးပမ်း၏။

ထို့ကြောင့်ယခုခေတ်မှာသာ ဆရာဘုန်းကြီးကို ဘေးထားပြီး ဗေဒင်ဆရာ၏စကားကိုနားထောင်သူများရှိသည်မဟုတ်၊ ဗုဒ္ဓလက်ထက်မှာကတည်းက ရှိနေခြင်းဖြစ်၏။ တစ်မြို့လုံးငိုသံများဖြင့် ဆူညံနေသည်ကိုတွေ့သွားသော မလ္လိကာမိဖုရားကအကြောင်းစုံကိုစုံစမ်းပြီးလျှင် အလုံးစုံကိုသိမြင်တော်မူသော ဘုရားရှင်ရှိတော်မူနေပါလျှက် ဗေဒင်ဆရာတို့၏ စကားကိုယုံစားရသလောဟု ကောသလမင်းကြီးအား အပြစ်တင်ပြီးလျှင် ဘုရားရှင်ထံခေါ်သွား၏။

မလ္လိကာ လျှောက်ထားသဖြင့် အကြောင်းစုံကိုသိသွားသော ဗုဒ္ဓက မြေကြီးကပေါ်လာသော အသံကြီးများသည် လောဟကုမ္ဘီငရဲအိုးကအော်လိုက်သော သူဌေးသားလေးယောက်၏ အသံသာဖြစ်၏။ သင်မင်းကြီး၏ အသက်အန္တရာယ်နှင့် ဘာမှမဆိုင်ဟုရှင်းပြတော်မူသော အခါတွင်မှ ဗေဒင်ဆရာပုဏ္ဏားများသည် အလိမ်အညာများသာဖြစ်ကြောင်း ကောသလမင်းကြီးသိသွား၏။ သတ်မည့်သတ္တဝါများကိုလည်း လွှတ်ပေးစေ၏။

ယခုခေတ်လူများလည်း ကောသလမင်းကြီးကဲ့သို့ ပြတ်သားစွာ သိစေချင်၏။ ထိုသူဌေးသားလေးယောက်၏အကြောင်းကို မင်းကြီးက မေးလျှောက်သဖြင့် ဗုဒ္ဓကဟောပြ၏။ ထိုသူဌေးသားလေးယောက်သည် လူ့ဘဝက ဥစ္စာများသုံးမကုန်အောင်ပေါများသဖြင့် မည်ကဲ့သို့သော ကာမဂုဏ်မျိုးအတွက် အသပြာကိုအများဆုံးသုံးစွဲသင့်ကြောင်းတိုင်ပင်ကြ၏။

အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့အထိဟူသော ကာမဂုဏ်ငါးပါးတွင် မိန်းမအထိအတွေ့ဟူသော ကာမဂုဏ်အတွက် ငွေကြေးများကို အများဆုံးအသုံးပြုကြရန် သဘောတူတိုင်ပင်ပြီး သူတစ်ပါး၏ မယားများ၊ သမီးပျိုများကို ငွေပေးပြီး ဖျက်ဆီးကြ၏။ လူ့ဘဝကိုကာမ

www.dhammaransi.com



ဂုဏ်တစ်ခုအတွက်သာ အသုံးချကြခြင်းဖြစ်၏။

မမ္မပဒတွင် ဗုဒ္ဓက အတွေးအခေါ်တစ်ခုဟောထား၏။ ယင်းဂါထာကား

**မဏိံ မိဂေါ ပဿန္တောပိ၊**
**တိဏာံ ခါဒံဝ ဂစ္ဆတိ**
**လဒ္ဓကာလော ဒုပ္ပညောပိ**
**ကာမံ ဘုန္တံဝ ဂစ္ဆတိ။**

တောသမင်သည် ပြည်တန်ပတ္တမြားကိုမြင်သော်လည်း
(တန်ဖိုးမသိသဖြင့်) မြက်ကိုစားပြီးလိုရာသွားသကဲ့သို့
ပညာမဲ့သောသူသည် ရခဲလှသော လူ့ဘဝကိုရပါသော်
လည်း (တန်ဖိုးမသိသဖြင့်) ကာမဂုဏ်ကိုသာခံစားပြီး
အပါယ်လေးပါးသို့သွား၏။

ယခုသူဌေးသားလေးယောက်သည်လည်း လူ့ဘဝတန်ဖိုးကို မသိသည့်အတွက် ကာမဂုဏ်တစ်ခုသာခံစားပြီး အပါယ်သို့လားကြရခြင်းဖြစ်၏။ ဤဒေသနာတော်ကိုကြည့်၍ ပရိယတ်၊ ပဋိပတ်အကျော်အမော် ဆရာတော်ကြီးသုံးပါးတို့က ဖော်ပြပါ ကဗျာလင်္ကာလေးများကို စီကုံး ရေးသားကြခြင်းဖြစ်၏။

ငါးအာရုံဘင်အစု
ခင်မှုနဲ့နေ့ကုန်
သင်ယခုမေ့ပုံလို
တွေ့မကြုံစခန်း
ပါယ်လေးဝသောကဘုံမှာ
မျောရစ်ရှိတော့ခမန်း
အောက်ဝီစိသောင်းအင်္ဂုမှာ
ခေါင်းမပြူစတမ်း
နှစ်အရှည်နစ်မည့်လမ်းကိုလ
နင်မျှော်စမ်းနှင့်ကိုယ်
ဒေသနာထင်အလင်းရယ်နှင့်

www.dhammaransi.com



နင်အဖျင်းပိုထက်သာပို
သည်လောကစရိုက်ဗိုကို
မလိုက်လိုရှောင်ပစ်လို့
နောင်အသစ်တကယ်ပြင်လျှင်
ကောင်းဖို့အစဉ်
ခွင့်သာခိုက်ကမှမလိုက်ချင်လျှင်
အမိုက်နှင့်ပြင်ရှိသေးလေလိမ့်လား
ခွင့်သာဆဲကမ မခဲချင်လျှင်
အလွဲနှင့်ပြင်ရှိသေးလေလိမ့်လား
ခွင့်သာတုန်းကမ မရုန်းချင်လျှင်
အရှုံးနှင့်ပြင်ရှိသေးလေလိမ့်လား။
(လယ်တီဆရာတော်ဦးဉာဏ)

ကျိုးနက်မိုက်ခေါင် ဆင်သေကောင်ထက်
သောင်ကိုမလှမ်း ကမ်းသို့မတက်
အပုပ်မက်၍ စီးလျက်စားကာ
လိုက်လေပါက သမုဒ္ဒရာရောက်ဆိုက်
လှိုင်းဝဲရိုက်၍ ရေ၌မွန်းနစ်
ငါးစာဖြစ်သို့ စင်စစ်မှတ်ဆောင်
လူတို့ဘောင်ဝယ် အာရုံဝင်ထဲ
သေအောင်စွဲ၍ အမြဲနေငြား
သားမယားနှင့် ခံစားကာမ
လူထိုမျှကို ကာကပဉာ
ကျိုးပမာဟု မဟာဝိသုဒ်
မြတ်သမ္ဗုဒ်တို့ ရွှေနှုတ်လှစ်ချွေ
ဟောခဲ့ပေ၏
(မန်လည်ဆရာတော်ဦးဇဝန)

www.dhammaransi.com



## အရှူးနှင့်ခရီးရှည်

ခရီးကရှည် အရူးတွေ
စားရေကသိုး အဖော်ကဆိုးသနဲ့
အမျိုးမျိုးကာမဂုဏ်
အာရုံတွေအလွန်နှောက်တာကြောင့်
အပါယ်ဘုံအခါခါရောက်သော်လည်း
လွတ်မြောက်ဖို့ဝေး။

(အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဦးဇနက)

သံသရာခရီးက ရှည်လျားလွန်းသည်၊ လျှောက်လှမ်းသွားလာနေကြသူများက အမှားကိုအမှန်ထင်၊ မရှိကိုအရှိထင်နေကြသည့် ပုထုဇဉ်အရူးတွေသူတို့သည် ဒါန၊ သီလ၊ သမထဟုဆိုအပ်သော လောကီကုသိုလ်သာပါသွားသည်၊ ထိုကုသိုလ်များကလည်း သိုးသွားတတ်သည်၊ ခံစားပြီးလျှင် ကုန်သွားသည်။ နတ်ပြည်ဗြဟ္မာပြည်မှ အပါယ်ငရဲ သို့ပြန်ကျခြင်းသည်၊ ထိုသဘောပင်ဖြစ်၏။ ပုထုဇဉ်၏ အဖော်ကလည်း အဝိဇ္ဇာနှင့် တဏှာဟူသော ကိလေသာဆိုးများသာဖြစ်၏။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ကာမဂုဏ်ငါးပါး၏ နှောင့်ယှက်မှုကြောင့် ထိုပုထုဇဉ်သည် အပါယ်လေးဘုံသို့ အခါခါရောက်သော်လည်း လွတ်မြောက်ဖို့ဝေးလှ၏၊ ဟုဆိုလိုပေ၏။

ဤသူဌေးသားလေးယောက်သည်လည်း အတွေ့အထိဟူသော ဖေါဋ္ဌဗ္ဗာရုံကြောင့် အပါယ်ငရဲသို့ကျရောက်ခဲ့ရလေပြီ။ လွတ်မြောက်ဖို့ကား ဝေးလွန်းလှ၏။ ဒု၊ သ၊ န၊ သော ဟူသည် ငရဲ၏အမည်မဟုတ်။ သူတို့လေးယောက်၏ အော်သံသာဖြစ်၏။ ငရဲ၏အမည်ကား လောဟကုမ္ဘီသာ ဖြစ်၏။ သံရေပူအိုးငရဲဟုအဓိပ္ပါယ်ရ၏။

သူတို့သည် ငရဲအိုးအပေါ်မှ အောက်သို့ရောက်အောင် အနှစ်သုံးသောင်းကြာအောင် နစ်မြုပ်အပြုတ်ခံရ၏။ တစ်ဖန် အိုးနှုတ်ခမ်း

www.dhammaransi.com



ပေါ်သို့ ရောက်အောင် အနှစ်သုံးသောင်းကြာ၏။ အကုသိုလ်ကံကြောင့် သောမသွားဘဲ ပူလောင်ပြင်းပြသော ဒုက္ခကိုခံရ၏။ အနှစ်ခြောက်သောင်းကြာမှ ပွက်ပွက်ဆူနေသော သံရေပူပေါ်သို့ ခေါင်းလေးတစ်ခဏသာပေါ်ခွင့်ရ၏။

ထိုပေါ်ခွင့်ရသော အချိန်တွင် သူတို့၏ ဒုက္ခနှင့် နောင်တကို ဂါထာတစ်ဂါထာ၊စီဟစ်အော်ပြောဆိုကြ၏။ သို့သော် သံရေပူထက်သို့ ခေါင်းပေါ်ခွင့်အချိန်က တိုတောင်းလွန်းသောကြောင့် ဂါထာဆုံးအောင် မပြောနိုင်ဘဲ အစတစ်လုံးစီသာ ပြောဆိုပြီး သံရေပူထဲသို့ ပြန်လည်နစ်မြုပ်သွားခဲ့ရသည်။

သူဌေးသားလေးယောက်ပြောလိုသော ဂါထာအပြည့်အစုံကို ဗုဒ္ဓက အကျယ်ပြန်ဟောပြခဲ့၏။

**ဒုဇ္ဇီဝိတမဇီဝိမှ၊**
**ယေသံ နော န ဒဒါမသေ။**
**ဝိဇ္ဇမာနေသု ဘောဂေသု၊**
**ဒီပံ နာကမှ အတ္တနော။**

ငါတို့သည် သူတစ်ပါးကို၏ သားမယားများကို ဖျက်ဆီးခြင်းတည်းဟူသော မကောင်းမှုဖြင့် အသက်မွေးခဲ့ကြပြီ၊ ဥစ္စာစည်းစိမ်တို့များပြားစွာရှိလျက် လှူဒါန်းခြင်း ဒါနကို မပြုခဲ့ကြကုန်။ မိမိ၏မှီခိုအားထားရာ ကျွန်းကြီးသဖွယ်ဖြစ်သော ကုသိုလ်ကောင်းမှုကို မပြုမိခဲ့ကြကုန်၊

**သဋ္ဌိဝဿသဟဿာနိ၊**
**ပရိပုဏ္ဏာနိ သဗ္ဗသော။**
**နိရယေ ပစ္စမာနာနံ၊**
**ကဒါ အန္တော ဘဝိဿတိ။**

ဤလောဟကုမ္ဘီငရဲအိုး၌ နစ်မြုပ်လောင်ကျွက်ရသော နှစ်တို့ သည် အနှစ်ခြောက်သောင်းပင်ရှိခဲ့လေပြီ၊ အဘယ်အခါမှ ဤငရဲဘေး ကြီးမှလွတ်မြောက်နိုင်ပါမည်နည်း။

www.dhammaransi.com



**နတ္ထိ အဇ္ဈော ကုတော အဇ္ဈော၊**
**န အဇ္ဈော ပဋိဗိဿတိ။**
**ယဒါ စ ပဇ္ဇတိ ပါပံ၊**
**မမ တုယှဉ္စ မာရိသာ။**

အချင်းတို့၊ ငါသည်လည်းကောင်း သင်တို့သည်ခ လည်းကောင်း မကောင်းမှုကံများကို ပြုလုပ်ခဲ့ကြပြီ။ ထို့ကြောင့် ဤငရဲဘေးကြီးမှ လွတ်မြောက်ရန်အချိန် အဆုံးသည် မရှိပါတကား။

ဤငရဲဘေးကြီးမှ လွတ်မြောက်ရန်အချိန်အဆုံးသည် အဘယ် အခါမှ ဖြစ်ပါလေမည်နည်း။ ဤငရဲဘေးကြီးမှ လွတ်မြောက်ရန် အချိန်အဆုံးသည် ရေးရေးမျှပင် မထင်နိုင်ပါတကား။

သောဟံ နူန ဣတောဂန္တွာ၊
ယောနိ လဒ္ဓါ န မာနုသိံ။
ဝဒညူ သီလသမ္ပန္နော၊
ကာဟာမိ ကုသလံ ဗဟုံ။

ငါသည် ဤငရဲဘေးကြီးမှ လွတ်မြောက်၍ အလွန် ရခဲသော လူ့ဘဝကို ပြန်ရခဲ့မည်ဆိုလျှင် အလှူခံတို့၏ စကားကိုသိ၍ ငါးပါးသီလ ရှစ်ပါးသီလနှင့် ပြည့်စုံလျှက် များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြု လုပ်ပါတော့ မည်။

ဤဖြစ်ရပ်ကို ထောက်ထား၍ လူ့ဘဝတန်ဖိုးကို ငရဲပြည်ကျမှ သိသည်ဟု ဆိုခဲ့ရခြင်းဖြစ်၏။

## ဘာသာတန်ဖိုး

ဘဝတန်ဖိုးသိပြီးလျှင် ဘာသာတန်ဖိုးကို သိအောင်အားထုတ် သင့်၏။ တန်ဖိုးသိမှသာ တန်ဖိုးထားမည်ဖြစ်သည်။ ဆန်လေးတစ်အိတ် ဆီလေးတစ်ပုံးရလိုမှုကြောင့် ဘာသာပြောင်းသွားသူ အချို့ကို တွေ့ဘူးပေ လိမ့်မည်။ ထိုသူများသည် ဗုဒ္ဓဘာသာ၏ တန်ဖိုးကိုမသိသူများပင် ဖြစ်၏။ မည်မျှတန်ဖိုးကြီးမားသော ပစ္စည်းဥစ္စာဖြစ်ပါစေ တန်ဖိုးမသိ သူ၏

www.dhammaransi.com



လက်ထဲတွင် တန်ဖိုးမရှိသာဖြစ်နေပေမည်။ ဤကား လောကဓမ္မတာ တည်း။

ဗုဒ္ဓဘာသာသည် အရည်ကောင်းသော ကျောက်စိမ်းတုံးကြီး တစ်တုံးနှင့်တူ၏။ ကျောက်စိမ်းရည်အရည်အသွေးအဘယ်မျှပင် ကောင်း ကောင်း တန်ဖိုးသိသလောက်သာ တန်ဖိုးရှိ၏။ လက်တွေ့သာဓကပြအံ့ အမရပူရနယ်မှ ယာသမားတစ်ယောက်သည် အရည်အလွန်ကောင်း သော ကျောက်စိမ်းတုံးကြီးတစ်တုံးကို လမ်းဘေးမှရရှိသွား၏။

သူသည် ယာသမားဖြစ်သောကြောင့် ကျောက်စိမ်းတန်ဖိုးကို အနည်းငယ်သာသိ၏။ ထို့ကြောင့် ကျောက်ပွဲစားပေးသော ငါးသိန်းဖြင့် သာရောင်းလိုက်၏။ ထိုကျောက်ပွဲစားက ကျောက်တွင်းသူဌေးကို သွား ရောင်းသောအခါ သိန်းငါးဆယ်ရသွား၏။ ထိုကျောက်တွင်းသူဌေးက တစ်ဖက်နိုင်ငံသွားရောင်းသောအခါ သိန်းငါးရာရ၏။

တစ်ဖက်နိုင်ငံမှ ချမ်းသာသော နိုင်ငံကြီးတစ်နိုင်ငံသို့ ရောင်း သောအခါ သိန်းငါးထောင်ထိရသွား၏။ နောက်ထပ်လည်း ဘယ်၍ဘယ် မျှတန်ဖိုးတက်နေဦးမည်မသိပေ။ ဤကားလွန်ခဲ့သောနှစ်ပေါင်း (၃၀) ကျော်ခန့်ကဖြစ်ခဲ့သော တကယ့်ဖြစ်ရပ်တစ်ခုတည်း။ ဤဖြစ်ရပ်၌ ကျောက်စိမ်းတုံးကြီးသည် လွန်စွာတန်ဖိုးကြီးမားသည်တားမှန်၏။

သို့သော် ငါးသိန်းခန့်သာတန်ဖိုးသိသော ယာသမားအတွက် ငါးသိန်းသာ တန်ဖိုးရှိ၏၊ သိန်းငါးဆယ်တန်ဖိုးသိသော ကျောက်ပွဲစား အတွက် သိန်းငါးဆယ်တန်ဖိုးရှိ၏။ သိန်းငါးရာတန်ဖိုးသိသော ကျောက် တွင်းပိုင်ရှင်အတွက် သိန်းငါးရာတန်ဖိုးရှိ၏။ သိန်းငါးထောင်တန်ဖိုးသိ သော တစ်ဖက်နိုင်ငံသူဌေးအတွက် သိန်းငါးထောင်တန်ဖိုးရှိသွား၏။

ထို့အတူ ဗုဒ္ဓဘာသာသည်လည်း လူချမ်းသာနတ်ချမ်းသာရဖို့ လောက်သာ တန်ဖိုးသိသူအတွက် လူချမ်းသာ နတ်ချမ်းသာရဖို့လောက် သာ တန်ဖိုးရှိ၏၊ ဗြဟ္မာချမ်းသာရဖို့လောက်သာတန်ဖိုးသိသူအတွက် လည်း ဗြဟ္မာချမ်းသာရဖို့လောက်သာတန်ဖိုးရှိ၏။ နိဗ္ဗာန်ချမ်းသာရဖို့ လောက်ထိ တန်ဖိုးသိသူအတွက်ကား နိဗ္ဗာန်ချမ်းသာရဖို့လောက်ထိ တန်ဖိုးရှိ၏။

www.dhammaransi.com



တန်ဖိုးသိသူအတွက်သာ တန်ဖိုးရှိကြောင်းနှင့် ပတ်သက်၍ လင်္ကာလေးတစ်ပုဒ်ရှာဘူး၏။ ဖေါ်ပြခဲ့ပြီးသော မေ့ပဒဂါထာနှင့် သဘော သွားအတူတူပင်ဖြစ်၏။

ရတနာဟူတုံ တစ်စုံတစ်ခု၊
ဝတ္ထုအမျိုး ဖိုးအနက်ပြည့်၊
ပြည်တန်မှည့်လည်း သုံးမည့်သူက၊
သုံးမချလျှင် မြေမှုထင်စွာ၊
ကြက်ယက်ရာ၌ ရတနာပတ္တမြား၊
ပေါ်သော်လားသို့ သုံးစားမဝင်၊
ကဲမထင်ဘူး။

(မဃဒေဝ)

ပြည်တန်ပတ္တမြားဖြစ်သော်လည်း တန်ဖိုးမသိသူကြက်အတွက် တန်ဖိုးမရှိသလို ဗုဒ္ဓဘာသာ၏ တန်ဖိုးကို မသိသူအတွက် ဗုဒ္ဓဘာသာသည် တန်ဖိုးမရှိဖြစ်ခဲ့ရ၏။ ရွှေပြည်သာမြို့ ၆/၉ ရပ်ကွက်မှ အမျိုးသား တစ်ယောက်သည် ဘာသာခြားမိန်းကလေးတစ်ယောက်ကို ယူပြီး ဘာသာပြောင်းသွားခဲ့၏။

၅ ရပ်ကွက်မှ အမျိုးသမီးတစ်ဦးသည်လည်း အစ္စလာမ်ဘာသာ ဝင်အမျိုးသားတစ်ယောက်ကို ယူပြီး ထိုဘာသာထဲသို့ပြောင်းဝင်သွား၏။ ထိုသူသည် အရက်သမားလူရမ်းကားတစ်ယောက်သာဖြစ်ရကား မိန်းမ ကို မူးလာတိုင်း ရိုက်နှက်ညှင်းဆဲ၏။ ထို့ကြောင့် ယင်းအမျိုးသမီး၏ မျက်နှာသည် အမြဲတန်းအညိုအမည်းစွဲနေသည်သာများ၏။

ထိုအမျိုးသမီး၏အိမ်သည် ကျွန်ုပ်ရဟန်းအမကြီး၏အိမ်နှင့်ကပ် လျက်ဖြစ်သောကြောင့် သေချာသိရခြင်းဖြစ်၏။ ယခုအချိန်တွင်ကား ထို အမျိုးသမီးသည် အရိုက်အနှက်ခံရခြင်း ဘေးမှကင်းဝေးသွားပြီ ဖြစ်၏။ တခြားကြောင့်ကားမဟုတ်။ သူ့ယောကျ်ား အရက်နာကျပြီး သေဆုံးသွားသောကြောင့်ပင်ဖြစ်၏။

ဤကား ဗုဒ္ဓဘာသာသည် တန်ဖိုးမသိသူတို့အတွက် တန်ဖိုးမရှိ ဖြစ်ရပုံပင်၊ တစ်ဖန် တန်ဖိုးသိသူအတွက် တန်ဖိုးရှိပုံကို ဆက်၍ပြအံ့။

www.dhammaransi.com



သူ၏အမည်ကား ဆာဖါရေတိုစီအိုဗီ။ အီတလီနိုင်ငံ မီလန်မြို့တွင် မွေး၏။ အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ မာဟာဝေဒဘာသာရပ်ဖြင့် ဘီအက်စီဘွဲ့ကိုရ၏။

သူတို့တစ်မျိုးလုံး ခရစ်ယာန်ဘာသာဝင်များသာဖြစ်ကြ၏။ တစ်နေ့တွင် မိတ်ဆွေတစ်ယောက်ထံမှ ခရစ်စပတ်လက်ဆောင်အဖြစ် စာအုပ်တစ်အုပ်ရ၏။ ထိုစာအုပ်ကားဓမ္မပဒကို အင်္ဂလိပ်ဘာသာပြန်ထားသောစာအုပ်တည်း။

အတွေးအခေါ်ပညာဉာဏ်ကြီးမားသော သူသည် စာအုပ်ကိုဖတ်ပြီးသည်နှင့် ဗုဒ္ဓဘာသာဝင်ဖြစ်သွား၏။ ထို့နောက် အလယ်တောရဆရာတော်ကြီး၏ အကူအညီဖြင့် ရဟန်းဘောင်သို့အပြီးတက်ရောက်ခဲ့၏။ ဘွဲ့အမည်ကား ဦးလောကနာထ။ ဒုလ္လဘရဟန်း (၇)ရက် ဝတ်စဉ်အတွင်း မနည်းအောင့်အီးနေကြရသော မြန်မာပြည်မှ အမျိုးသားများအားကျစရာပင်ဖြစ်၏။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်ပြီးမှ ဘုရားဖြစ်ခဲ့ရသော မြတ်စွာဘုရားသည်ပင်လျှင် ရဟန်းဘဝကို ကိုးဘဝသာရခဲ့ဘူးရာ သာမန်အမျိုးသားတစ်ယောက်ရဟန်းဘဝရဘူးဖို့ကား အင်မတန်ခဲယဉ်းလှ၏။ ထို့ကြောင့် ရဟန်းဘဝရခဲသည်ဟူ၍ ဒုလ္လဘတရားငါးပါးတွင် ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။ သူသည်ရဟန်းဖြစ်ပြီးသည်နှင့် မြန်မာပြည်သို့ အရောက်လာကာ ပရိယတ္တိစာပေကိုသင်ယူ၏။

စာပေအတော်အတန်ပြည့်စုံသောအခါ ကမ္မဋ္ဌာန်းနည်းပြဆရာတော်ကြီးများထံနည်းခံ၍ ဝိပဿနာတရားကိုအားထုတ်၏။

## ရဟန်းပြုရတဲ့ရည်ရွယ်ချက်

ယဿတ္ထာဝ ကုလပုတ္တော အဂါရသ္မာ၊
အနဂါရိယံ ပဗ္ဗဇန္တိ။

အမျိုးကောင်းသားသည် ရဟန္တာဖြစ်ခြင်းအကျိုးငှာ
လူ့ဘောင်မှ ရဟန်းဘောင်သို့တက်ရောက်ကြကုန်၏။

ထိုရည်ရွယ်ချက်ကို ဦးလောကနာထသည် ဦးထိပ်မှာ ထား၏။

www.dhammaransi.com



ဗုဒ္ဓ၏သာဝက (၉၉) ရာခိုင်နှုန်းသည် ထိုရည်ရွယ်ချက်ဖြင့်သာလျှင် ရဟန်းဘောင်သို့ဝင်ရောက်ကြခြင်းဖြစ်၏။ ထို့ကြောင့် ဦးလောကနာထ သည် ဟိမဝန္တာတောထဲထိသွား၍ ဝိပဿနာတရားကို (၇)နှစ်တိတိအား ထုတ်၏၊ ဆွမ်းစားကွမ်းစားလေးလှိုင်လှိုင်လိုက်ရရုံနှင့် ရဟန်းဝတ်ရကျိုး နပ်ပြီဟုထင်နေကြသည့် မြန်မာပြည်မှ ရဟန်းတော်အများစုအားကျ အထုယူဘွယ်ရာပင်ဖြစ်၏။

ဦးလောကနာထသည် ဝိပဿနာတရားကို သူ့အတွက် စိတ်ချ ရအောင် အားထုတ်ပြီးသည်နှင့် မိဘနှစ်ပါးကို တရားနှင့်ကျေးဇူးဆပ် ဖို့ သတိရ၏။ သို့သော် မိဘနှစ်ပါးကား ကွယ်လွန်နှင့်လေပြီ၊ မိစ္ဆာဒိဋ္ဌိ အဖြစ်နှင့် သေသွားရသော မိဘနှစ်ပါးကို ဦးလောကနာထသည် လွန်စွာ သနား၏။

မိဘနှစ်ပါး နိုင်ငံတစ်ခုခုတွင် လူ့ဘဝပြန်ရောက်နေခဲ့လျှင် သူ့ တရားကို နာယူမိပြီး သမ္မာဒိဋ္ဌိဖြစ်ပါစေဟူသော စေတနာဖြင့် ကမ္ဘာကို သုံးပတ်ပတ်ပြီး ဗုဒ္ဓဒေသနာများကို ဟောကြားပြသခဲ့၏။

သူ့တရားကိုနာရပြီး ဗုဒ္ဓဘာသာသို့ကူးပြောင်းလာသော ဘာ သာခြားများအင်မတန်မှ များပြားလှသည်၊ တခါတွင် သူ့ဝမ်းဗိုက်၌ရောဂါ တစ်ခုဖြစ်၏။ ထို့ကြောင့် ခွဲစိတ်ကုသရန် အီတလီသို့ဒေတ္တပြန်ရ၏။ သူသည် မြန်မာနိုင်ငံရှိ ပြင်ဦးလွင်မြို့၌သာ အသက်ထက်ဆုံးနေရန် ဆုံးဖြတ်ချက်ချထား၏။

လူသားဖြစ်ရခြင်း
မြန်မာပြည်၌နေထိုင်ခွင့်ရခြင်း
အမျိုးသားဖြစ်ရခြင်း
ဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်း
ရဟန်းဘဝဖြင့် တရားအားထုတ်ခွင့်ရခြင်း

ဤအချက်ငါးချက်နှင့်ပြည့်စုံသော ဘဝမျိုးကိုနောက်ဘဝတွင် ရဖို့ရန် မလွယ်ကူကြောင်းကို သူကောင်းကောင်းကြီးတွေးခေါ်မိ၏။ ထို့ ကြောင့် မြန်မာပြည်၌ ရဟန်းဘဝဖြင့် အသက်ထက်ဆုံးနေသွားရန် ဆုံး

www.dhammaransi.com



ဖြတ်ခြင်းဖြစ်၏။ ခက်ခဲစွာရသောအရာကိုတန်ဖိုးထားတတ်ကြသည်မှာ လောကဓမ္မတာတစ်ခုပင်ဖြစ်၏။

ထိုသဘောတရားနှင့်ဆန့်ကျင်ဘက်ယူရလျှင် လွယ်ကူစွာရသောအရာကို တန်ဖိုးမထားအထင်သေးတတ်သည်မှာလည်း ဓမ္မတာတစ်ခုပင်ဖြစ်၏။ မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင်အချို့ ဗုဒ္ဓဘာသာကို တန်ဖိုးမထားခြင်း၊ မြန်မာပြည်ရှိ ရဟန်းတော်အချို့ ရဟန်းဘဝကို တန်ဖိုးမထားခြင်းတို့သည် အရလွယ်သောကြောင့်ပင်ဖြစ်၏။

အီတလီရှိဦးလေးဖြစ်သူ အိမ်တွင်တည်းခိုကာ ဆေးကုရ၏၊ ရောဂါပျောက်သွားသောအခါ ဦးလောကနာထသည် ဗုဒ္ဓဘာသာအပေါ် မည်မျှလောက်ထိတန်ဖိုးထားကြောင်းကို မှတ်ကျောက်တင်ကြည့်သကဲ့သို့ ဖြစ်သောပြဿနာတစ်ခုပေါ်ပေါက်၏။ သူ့ဦးလေးသည် သူ့ကို ဘာသာခြားသို့ ပြန်ရောက်အောင်နည်းမျိုးစုံဖြင့်ဆွဲဆောင်၏။

အနုနည်းဖြင့်မရသောအခါ အကျပ်ကိုင်သော အကြမ်းနည်းကို သုံးပြန်၏။ ဗုဒ္ဓဒေသနာများပေါကြားပြီး သာသနာမပြုရ၊ မြန်မာပြည်သို့ မပြန်ရ၊ မည်သည့်နေရာမှမသွားရဟူသော ပညတ်ချက်များဖြင့် ခြံဝန်းထဲ၌အကျယ်ချုပ်ထား၏။ ဦးလောကနာထသည် ဗုဒ္ဓဘာသာအပေါ် သာမန်ကာလျှံကာတန်ဖိုးထားခြင်းမဟုတ်၊ အသက်ထက်တန်ဖိုးထားခြင်းဖြစ်ကြောင်း သူ၏လုပ်ရပ်ကထင်ရှားစွာပြ၏။

မြန်မာပြည်မှာနေပြီး သာသနာပြုခွင့်မရလျှင် အသက်သာ အသေခံမည်ဟုပြောဆိုပြီး အစာရေစာအငတ်ခံကာ ဆန္ဒပြတော့၏။ သူ့ဦးလေးကလည်း အလျှော့မပေး၊ ဒီကောင်မနေနိုင်ပါဘူး နှစ်ရက်သုံးရက်နေ အစာပြန်စားမှာပါဟုထင်နေ၏။ လေးရက်ရှိသွားပြီ၊ ဦးလောကနာထကား လုံးဝအစာမစား၊ သွေးပေါင်များလည်း စိုးရိမ်ဖွယ်ရာ ကျဆင်းသွားပြီ။

သူ့ဦးလေးသည် စိုးရိပ်လာ၏၊ ငါးရက်မြောက်နေ့တွင်ကား အခြေ အနေမကောင်းတော့၊ အသက်အန္တရာယ်ပင်ရှိလာပြီ။ နောက်ဆုံးတွင် လူသေမှုဖြစ်ပြီး အမှုပတ်မှာကြောက်သဖြင့် သူ့ဦးလေးသည် သူ့ကို လက်မြှောက်အရှုံးပေးရတော့၏။ မြန်မာပြည်သို့ ပြန်ခွင့်ပြုရတော့၏။

www.dhammaransi.com



သို့သော် စိတ်တတ်ယုတ်ညံ့သူတို့၏ သဘာဝအတိုင်း လေယာဉ်ခရီး စရိတ် မလှူလိုက်ပါပေ။

ဗုဒ္ဓဘာသာရဟန်းတော်များကား ဖိတ်မံမထားလျှင် နှုတ်ဖြင့် အလှူခံခွင့်မရှိ၊ ဘာသာခြားတိုင်းပြည်တွင် မည်သူမှလည်း လှူရမှန်းမသိကြ။ သို့ဆိုလျှင် အီတလီနိုင်ငံမှနေ၍ မြန်မာပြည်သို့ရောက်အောင် ဦးလောကနာထမည်သို့သောနည်းဖြင့်လာမည်နည်း။ အံ့ဩကြည်ညို ဖွယ်ရာပင်ဖြစ်၏။ ဗုဒ္ဓသားတော်ဖြစ်သော ဦးလောကနာထသည် ဗုဒ္ဓရှင်တော်မြတ်၏ နည်းလမ်းအတိုင်း ခြေကျင်သာပြန်ကြွခဲ့ပါ၏။

အီတလီနိုင်ငံ မီလန်မြို့မှ ပြင်သစ်နိုင်ငံ မာဆေးမြို့ထိ ခြေကျင် လျှောက်၏။ ထိုမှတစ်ဆင့် ဆွစ်ဇာလန်၊ တူရကီ၊ ဩစတေးလျ၊ ပါလက်စတိုင်း၊ အိန္ဒိယစသောနိုင်ငံဆယ်နိုင်ငံကို ရှစ်လကျော်ကြာခြေကျင် လျှောက်ကာ မြန်မာပြည်သို့အရောက်ပြန်ခဲ့ပါ၏။ လမ်းတွင် အသက် အန္တရာယ်မျိုးစုံနှင့်ကြုံတွေ့ရ၏။

တူရကီနိုင်ငံရှိ တိုးရပ်စ်တောင်တန်းကြီးကို ဖြတ်သန်းသွားလို သူတို့သည် စစ်တပ်အစောင့်အရှောက်ဖြင့်သွားရ၏။ ဦးလောကနာထကား တစ်ပါးတည်းသာဖြတ်ခဲ့ရ၏။ တောကြီးတစ်တောသို့ဝင်လိုက်သည့် အခါ မျှော်လင့်ထားသည့်အတိုင်း လူရိုင်းဓားပြနှစ်ယောက်ထွက်လာပြီး ဦးလောကနာထကို တွန်းထိုးရိုက်ပုတ်ပြီးဆွဲခေါ်သွားကြ၏။

ထိုလူရိုင်းများသည် ဤတောင်တန်းသို့ဖြတ်လာသမျှလူများကို ပါသမျှပစ္စည်းအကုန်ယူပြီး ခေါင်းဖြတ်သတ်လေ့ရှိကြ၏။ ထိုအကြောင်း ကို ဦးလောကနာထလည်းကြားဘူးပြီးသားဖြစ်၏။ တခြားသွားစရာလမ်း မရှိ၍ စွန့်စားပြီးဖြတ်လာရခြင်းပင်၊ ဦးလောကနာထသည်သူ့ကိုသတ် ရန်ဆွဲခေါ်လာကြသော ဓားပြနှစ်ယောက်အပေါ်ရည်စူးသော ဥဒ္ဒိဿ မေတ္တာကို အထပ်ထပ်ပို့နေ၏။

## ဦးလောကနာထ၏မေတ္တာ

ဓားပြနှစ်ယောက်လုံး စိတ်ချမ်းသာကြပါစေ၊
ကိုယ်ကျန်းမာကြပါစေ ဒုက္ခအမျိုးမျိုးမှ ကင်းလွတ်ကြပါစေ၊
လွတ်မြောက်ရန် မကြိုးစားဘဲ အဘယ့်ကြောင့်မေတ္တာပို့ရ

www.dhammaransi.com



သနည်းဟူမူ ဘုရားစကားကို တစ်သွေမတိမ်းလိုက်နာသောကြောင့်ဟု ပင်ဆိုရပေမည် ဗုဒ္ဓက ကကစူပမသုတ်၌. . .

ချစ်သားချစ်သမီးတို့ ခိုးသားဓားပြတို့က သင်တို့၏ ဝမ်းဗိုက်ကို ထက်မြက်သောလွှကြီးဖြင့်တိုက်ဖြတ်၍ သတ်စေကာမူထိုသူတို့အပေါ် အမျက်ဒေါသမထွက်ဘဲ မေတ္တာပွား၍သာနေရမည်။ အမျက်ဒေါသ ထွက်သောသူ သည် ငါ့ဘုရားစကားတော်ကို မနာယူသူပင်ဖြစ်၏။

ဟုဟောကြားတော်မူခဲ့၏။ ဝေဘန်တတ်သူ၊ စောဒကတက်တတ် သူ တစ်ချို့က အသတ်ခံလိုက်ရင် အသက်တစ်ချောင်းအလကားမဆုံးရှုံး ဘူးလား ခုခံကာကွယ်လိုက်လို့ ထွက်ပြေးလို့လွတ်သွားရင် သာသနာဆက် မပြုနိုင်ဘူးလား စသောဖြင့် မေးလာနိုင်၏။ ထိုအတွေးမျိုးကို ဗုဒ္ဓက အရင်တွေးပြီးသားသာဖြစ်၏။

ထိုနည်းသည် စိတ်မချရသောနည်းဖြစ်၏။ ခုခံကာကွယ်လျှင် ထွက်ပြေးလျှင် လွတ်ချင်လည်း လွတ်နိုင်၏၊ မလွတ်ဘဲလည်း အသတ်ခံရ နိုင်၏။ လွတ်လျှင်ကား ကောင်းပါ၏။ မလွတ်ဘဲ ကြောက်စိတ် (ဒေါသ စိတ်) ဖြင့် အသတ်ခံရလျှင် ငရဲကျမည်ဖြစ်၍နစ်နာလှ၏။

ဒေါသစိတ်၊ ကြောက်စိတ်အဝင်မခံဘဲ မေတ္တာပွားပြီးနေလျှင် မေတ္တာစွမ်းကြောင့် ဘေးမှ လွတ်နိုင်၏။ မလွတ်၍အသတ်ခံရလျှင် လည်း မေတ္တာစိတ်ဖြင့် သေခြင်းကြောင့် ဗြဟ္မာ့ဘုံသို့သာရောက်မည်ဖြစ် ၏။ အရှုံးမရှိ။ ထို့ကြောင့် ဗုဒ္ဓက မေတ္တာဘာဝနာပွားပြီး သေခြင်းတရား ကို ရင်ဆိုင်ဖို့ တိုက်တွန်းခြင်းဖြစ်၏။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် မေတ္တာပွားရကျိုး (၁၁) မျိုးကို ဟော ထား၏။ ယင်းတို့ကား

### မေတ္တာပွားကျိုး (၁၁) မျိုး

၁။ ချမ်းချမ်းသာသာအိပ်ရခြင်း

၂။ ချမ်းချမ်းသာသာနိုးရခြင်း

၃။ အိပ်မက်ကောင်းကိုသာမြင်မက်ခြင်း

၄။ လူမှန်သမျှက ချစ်ခင်ခြင်း

www.dhammaransi.com



၅။ နတ်မှန်သမျှက ချစ်ခင်ခြင်း

၆။ နတ်များကဘေးမရောက်အောင် စောင့်ရှောက်ခြင်း

၇။ မီး၊ အဆိပ်၊ ဓားစသော လက်နက်မျိုးစုံတို့ မထိခိုက် မကျရောက်နိုင်ခြင်း

၈။ လျှင်မြန်စွာ သမာဓိရပြီး တည်ကြည်ခြင်း

(သီဟိုဠ်ကျွန်းမှ ဝိသာခမထေရ်သည် မေတ္တာပွားရင်းမှ သမာဓိ ရလာ၏။ ထိုအချိန်တွင် ပညာကဦးဆောင်က မေတ္တာစိတ်သည် အာရုံ ကို သိတတ်သော နာမ်တရားသာဖြစ်၏။ မေတ္တာဘာဝနာအာရုံပြုရာ သတ္တဝါများသည် ရုပ်တရားဖြစ်၏ (၃၁)ဘုံလုံး၌ ဖောက်ပြန်တတ်သော ရုပ်တရားနှင့် အာရုံကိုသိတတ်သောနာမ်တရားသာရှိ၏။

ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိ၊ ထိုရုပ်နာမ်တရားနှစ်ပါးသည်လည်း နားချိန်မရှိဘဲ တရစပ်ဖြစ်ပျက် နေ၏။ ထို့ကြောင့် မမြဲသော အနိစ္စတရားသာဖြစ်၏။ ထိုသို့အဖြစ်အပျက် ဖြင့် အမြဲကပ်၍နှိပ်စက်တတ်သောကြောင့် ဆင်းရဲသော ဒုက္ခတရားသာ ဖြစ်၏။

အမြဲတမ်းဖြစ်ပျက်နေသဖြင့် ခိုင်မာသောအနှစ်သာရအာမှ မရှိသောကြောင့် အနတ္တသာဖြစ်၏။ တစ်နည်း အမြဲဖြစ်ပျက်နေသည် ကို မဖြစ်စေရန် မပျက်စေရန် တားမရသောကြောင့် အစိုးမရ အနတ္တ သာဖြစ်၏ဟူ၍ ဝိပဿနာပွားများလိုက်ရာ လွယ်ကူသော အကျင့်လျှင် မြန်သော အသိဉာဏ်ဖြင့် လေးမဂ်လေးဖိုလ်ရကာ ရဟန္တာဖြစ်ခဲ့၏။

ဤဖြစ်ရပ်ကို ထောက်၍ မေတ္တာဘာဝနာမှတစ်ဆင့်ဝိပဿနာ သို့ ကူးပြောင်းပွားများလျှင် မဂ်ဖိုလ်ကို အလျင်အမြန်ရနိုင်ကြောင်း သိထားသင့်၏။)

၉။ ရွှင်လန်းကြည်လင်သော မျက်နှာပိုင်ရှင်ဖြစ်ရခြင်း

၁၀။ မတွေမဝေသတိရှိရှိသေရခြင်း

၁၁။ ရဟန္တာမဖြစ်သေးလျှင် သေပြီးနောက် ဗြဟ္မာဘုံ သို့ရောက်ရခြင်းတို့ဖြစ်၏။

www.dhammaransi.com



မေတ္တာပွားသူအား မီး၊ အဆိပ်၊ ဓားစသော လက်နက်များ မကျရောက်နိုင်၊ မထိခိုက်နိုင်ခြင်းသည် မေတ္တာ၏ တန်ခိုးဖြစ်၏။ လူ၏ တန်ခိုးမဟုတ်။ ထိုအချက်နှင့်ပတ်သက်၍ မိလိန္ဒမင်းကြီးသည် ရှင်နာဂ သိန်အား ခက်ခဲသော မေးခွန်းတစ်ခုကိုမေးဘူး၏။

## မေတ္တာပွားကျိုးပြဿနာ

**မေး။** အရှင်ဘုရား အနာဂသိန် အင်္ဂုတ္တိုရ်ပါဠိတော်၌ ဗုဒ္ဓက မေတ္တာပွားသူအား မီး၊ အဆိပ်၊ ဓားစသော လက်နက်များမကျရောက် နိုင်ဟု ဟောတော်မူ၏။ တစ်ဖန် သုဝဏ္ဏသာမဇာတ်တော်တွင် မေတ္တာ ဘာဝနာပွားများလေ့ရှိသဖြင့် ဟောဟိရဏ္ဏာန်တို့၏ ချစ်ခင်ယုယမှုကိုပင် ရရှိသော သုဝဏ္ဏသာမသည် ပီဠိယက္ခမင်းကြီးပစ်လွှတ်အပ်သော အဆိပ် လူးမြှားထိပြီးတွေဝေမိန်းမော၏ဟု ဟောတော်မူပြန်၏။

မေတ္တာပွားများသူအား မီး၊ အဆိပ်၊ ဓားစသော လက်နက်များ မကျရောက်နိုင်ဟူသော ဟောကြားချက်က မှန်သည်ဆိုလျှင် မေတ္တာကို ပွားများလေ့ရှိသော သုဝဏ္ဏသာမသည် ပီဠိယက္ခမင်းပစ်လွှတ်အပ်သော မြှားထိပြီး တွေဝေမိန်းမောသည်ဟူသော ဟောကြားချက်သည်မှားရာ၏။

သို့မဟုတ် မေတ္တာပွားများလေ့ရှိသော သုဝဏ္ဏသာမအဆိပ်လူး မြှားထိပြီး တွေဝေမိန်းမောသည်ဟူသောဟောကြားချက်မှန်လျှင် မေတ္တာ ပွားသူအား မီး၊ အဆိပ်၊ ဓားစသောလက်နက်များမကျရောက်နိုင်ဟူသော ဟောကြားချက်သည်မှားရာ၏။

ဤဒွေသနာနှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်သကဲ့သို့ဖြစ် နေ၏။ တပည့်တော်စိတ်ထဲတွင် ဝေခွဲမရနိုင်ဖြစ်နေ၏။ ဤပြဿနာကို နောင်လာနောင်သားများပါ သံသယကင်းအောင် အရှင်ဘုရားဖြေရှင်း ပေးတော်မူပါ။

**ဖြေ။** မင်းကြီးဗုဒ္ဓဟောကြားချက်နှစ်ခုလုံးမှန်၏။ တစ်ခုနှင့် တစ်ခု ဆန့်ကျင်မှုမရှိပေ။ မေတ္တာပွားသူအား မီး၊ အဆိပ်၊ ဓားစသော လက်နက်များမကျရောက်ခြင်းသည် လူ၏တန်ခိုးမဟုတ်၊ မေတ္တာ၏ တန်ခိုးသာဖြစ်၏၊ မင်းကြီးဥပမာပြအံ့။

စစ်ဆင်တိုက်ခိုက်သော စစ်သည်တော်သည် လုံ့များ၊ မြှားများ မထိခိုက်ရန် သံကြပ်ချပ်ဝတ်တန်ဆာကိုဝတ်၏။ စစ်ပွဲတွင် တစ်ဖက်မှ

www.dhammaransi.com



ပစ်လွှတ်အပ်သော မြှားများ၊ လှံများမထိခြင်းသည် လူ၏ အစွမ်းမဟုတ်၊ ချုပ်ဝတ်၏ အစွမ်းသာဖြစ်၏။

ထို့အတူမေတ္တာပွားသည့်အတွက် မီး၊ အဆိပ်၊ ဓားစသော လက်နက်များ မကျရောက်ခြင်းသည် လူ၏အစွမ်းမဟုတ်၊ မေတ္တာ၏ အစွမ်းသာဖြစ်၏။ သုဝဏ္ဏသာမသည် မေတ္တာပွားလေ့ရှိသူကား မှန်ပေ၏။ သို့သော် ချောင်းထဲမှရေကိုအိုးနှင့်ခတ်ပြီး ပုခုံးပေါ် မတင်လိုက်ချိန်တွင် မေတ္တာပွားမှုကို ရပ်မိသွား၏။

ထိုကဲ့သို့ မေတ္တာပွားမှု ရပ်တန့်သွားချိန်တွင် ပီဠိယက္ခမင်းကြီးကလည်း အဆိပ်လူးမြှားကို ပစ်လွှတ်လိုက်ခြင်းဖြစ်၏။ ထို့ကြောင့် အဆိပ်လူးမြှားသည် သုဝဏ္ဏသာမကို ထိမှန်နိုင်ခြင်းဖြစ်သည် အရှင်မင်းကြီး။

ယခုလည်း ဦးလောကနာထသည် အသတ်ခံရမည့်နေရာရောက်သည်နှင့်မြေကြီးပေါ် သေချာထိုင်ချလိုက်ကာ ဓားပြနှစ်ယောက်အား စူးစူးစိုက်စိုက်မေတ္တာပို့နေ၏။ လူမိုက်ဓားပြနှစ်ယောက်သည် ဓားများကို အသီးသီး ဆွဲထုတ်လိုက်ကြ၏။ ဦးလောကနာထသည် မေတ္တာပွားရင်း ဂုတ်ပေါ်ကျလာမည့် ဓားသွားကို စောင့်နေ၏။

မေတ္တာပွားရင်း ဓားသွားကို စောင့်စားနေသည့် ဦးလောကနာထအတွက် ငါးမိနစ်ခန့်အချိန်သည် ငါးနှစ်ခန့်ကြာသွားသည်ဟု ထင်မိ၏။ အတန်ကြာသွားသည်အထိ ဓားသွားကလည်းကုပ်ပေါ် ကျမလာသောအခါ တစ်ခုခုတော့ထူးခြားပြီဆိုသည်ကို ဦးလောကနာထသိလိုက်၏။ ထို့ကြောင့် မေတ္တာပွားရင်းကပင် မျက်စေ့ဖွင့်ကြည့်လိုက်၏။

မေတ္တာအစွမ်းကား အံ့မခန်းစရာပါတကား။လူမိုက်ဓားပြတို့သည် သူတို့၏ ဓားများကို ဓားအိမ်ထဲသို့ အပြီးတိုင်ပြန်ထိုးသွင်းလိုက်ကြလေပြီ။ ချစ်ခင်ကြင်နာသော မျက်ဝန်းအစုံဖြင့် ဦးလောကနာထကို ဒူးထောက်လျှက် ကြည့်နေကြသည်ကိုတွေ့ရ၏။ ဦးလောကနာထ မျက်စေ့ဖွင့်လာသည်ကိုတွေ့ရသည်နှင့် မြေပြင်တွင်ပြန့်ကျဲနေသော သပိတ်သက်န်းများကို ကောက်ပေးကာ ချမ်းသာစွာ သွားနိုင်ပြီဖြစ်ကြောင်း လက်ဟန်ခြေဟန်ဖြင့်ပြကြ၏။

ဦးလောကနာထကား မေတ္တာ၏အစွမ်းဖြင့် သေဘေးမှလွတ်ခဲ့ရလေပြီ။ မေတ္တာခြံမှလုံသည်ဟူသော စကားသည် မှန်ကန်လှလေစွ။

www.dhammaransi.com



ယင်းကဲ့သို့ အန္တရာယ်ကင်း ဘေးရှင်းသည့် မေတ္တာစာတ်အာဆင့်မျိုး ရောက်အောင် အချိန်ယူပြီး ကြိုးစားကြရ၏။ ခလုတ်ထိမှအမိတ သဘော မျိုး အရေးပေါ်ပွားများသော မေတ္တာမျိုးကား စွမ်းအားပြည့်အာနိသင် မရှိနိုင်ပေ။

ဗုဒ္ဓဘာသာအတော်များများကို အယူအဆလွဲမှားသွားစေသော ဖြစ်ရပ်တစ်ခုရှိ၏။ ထိုဖြစ်ရပ်ကို ရယ်စရာမောစရာလိုလိုနှင့် အတော် များများရေးသားပြောဆိုကြ၏။

တစ်ခါတွင် ရဟန်းတစ်ပါးနှင့် ကပ္ပိယတစ်ယောက် လယ်ကွင်း ကြီးတစ်ကွင်းကိုဖြတ်အသွားတွင် ဒေါသဖြစ်နေသော ကျွဲတစ်ကောင်က ဝှေ့သတ်ရန်ပြေးလာ၏။ ထိုအခါ ရဟန်းက ကျွဲဆီသို့ လှမ်းကြည့်ပြီး မေတ္တာပို့၏။ သို့သော် ထိရောက်မှုမရှိ၊ ကျွဲသည် ရပ်တန့်သွားခြင်းမရှိဘဲ အနီးသို့လာမြဲလာနေ၏။

ရဟန်းကလည်း ကြောက်လန့်နေသည့်ကြားကပင် မေတ္တာကို ပို့မြဲပို့နေ၏။ ကျွဲကား တဖြေးဖြေးနီးလာလေပြီ။ သူ့ဆရာတော်၏ မေတ္တာ မထိရောက်မှန်းသိသွားသောကပ္ပိယသည် အသင့်ပါလာသော ထမ်းပိုး ကို စုံကိုင်ကာ ကျွဲ၏ ဦးခေါင်းတည့်တည့်ကို ရိုက်ချလိုက်၏။ ထိုအခါကျမှ ကျွဲသည် ကြောက်လန့်သွားပြီး လှည့်ပြေးလေတော့၏။

ထိုအခါရဟန်းကပြောသည်မှာ မင်းထမ်းပိုးက ငါ့ပွားတဲ့ မေတ္တာထက်ပိုစွမ်းတယ်ဟူ၏။ ဤဖြစ်ရပ်ကို နားထောင်ရသူဖတ်ရသူ တိုင်းက မေတ္တာသည် ထမ်းပိုးလောက်မစွမ်းဟူသော အယူအဆမှားကြီး ကိုသာစွဲယူသွားကြ၏။ ယိုဖြစ်ရပ်၌ အမှန်သိစေချင်သည့်အဓိပ္ပါယ်မှာ ယင်းသို့မဟုတ်ပေ။

မေတ္တာကို ထုံနေ၊ စိမ်နေအောင် ပွားများမှသာ အစွမ်းထက် မြက်သည်။ အရေးပေါ် ကောက်ရိုးမီးလို ပွားများသော မေတ္တာကား အစွမ်းမထက်ဟူသော အဓိပ္ပါယ်ကိုသာသိစေလိုရင်းဖြစ်၏။ မှန်၏။ မီးချောင်းတွန်းသောဘက်ထရီအိုးဖြင့် ဥပမာပြအံ့။ မီးမီးချောင်းတွန်း တိုင်း အမြဲလင်းစေလိုလျှင် ဘက်ထရီအိုးကို အားအပြည့်သွင်းထား ရမည်ဖြစ်၏။

www.dhammaransi.com



## အမြဲအားဖြည့်ထားရမည့် မေတ္တာဘက်ထရီ

ဘက်ထရီအိုကို အားမသွင်းတဲ ပစ်ထားပြီး ပိပိအလိုရှိသည့်အချိန်တွင် မီးချောင်းထွန်း၍ မလင်းလျှင် ဘက်ထရီအိုး၏ အပြစ်မဟုတ်။ အားမဖြည့်သောလူ၏အပြစ်သာဖြစ်၏။ ဘက်ထရီအိုးသည် လူနှင့်တူ၏။ သွင်းထားသောအားသည် မေတ္တာပွားခြင်းနှင့်တူ၏။ မီးလင်းခြင်းသည် အန္တရာယ်ကင်းခြင်းနှင့်တူ၏။

မေတ္တာကို ချပ်ဝတ်နှင့် ဥပမာပေးထားသောကြောင့် ချပ်ဝတ်ကို ရဟန်းဝတ်လျှင် ထိုရဟန်း လုံခြုံဘေးမြှားဘေးမှလွတ်မည်။ လူဝတ်လျှင် ထိုလူလုံခြုံဘေး မြှားဘေးမှလွတ်မည်။ တိရစ္ဆာန်ဝတ်လျှင် ထိုတိရစ္ဆာန်လုံခြုံဘေးမြှားဘေးမှလွတ်မည်။

ထို့အတူ မေတ္တာ ဘာဝနာကို ရဟန်းပွားလျှင် ထိုရဟန်းအန္တရာယ်ကင်းမည်၊ ဘေးရှင်းမည်၊ လူပွားလျှင် ထိုလူ အန္တရာယ်ကင်းမည်၊ ဘေးရှင်းမည်၊ တိရစ္ဆာန်ပွားလျှင် ထိုတိရစ္ဆာန်အန္တရာယ်ကင်းမည်၊ ဘေးရှင်းမည်ဟု မှတ်အပ်၏။ ယခုလူတစ်ယောက်၏ ကိုယ်တွေ့ကိုဆက်ပြအံ့။ ဒုတိယ ကမ္ဘာစစ်မဖြစ်မီအချိန်ကပင်ဖြစ်၏။ ထားဝယ်နယ်မှ မောင်ဘသက်အမည်ရှိ လူငယ်လေးတစ်ယောက်ရှိ၏။သူသည် သတ္တုပိုင်းတစ်ခုတွင် အလုပ်ဝင်လုပ်၏၊ ပညာအရည်အချင်းကား လေးတန်းလောက်သာရှိ၏။ ထို့ကြောင့် နေ့စားအလုပ်ကြမ်းသာလုပ်ရ၏။

သို့သော် မောင်ဘသက်သည် ဆရာကောင်း မိဘကောင်းနှင့်ကြုံခဲ့သောကြောင့်

ဗုဒ္ဓံပူဇေမိ သတ္တဝါများ ချမ်းသာကြပါစေ၊
ဓမ္မံပူဇေမိ သတ္တဝါများ ချမ်းသာကြပါစေ၊
သံဃံပူဇေမိ သတ္တဝါများ ချမ်းသာကြပါစေ၊

ဟူသော သရဏဂုံပါထုံထားသည့် မေတ္တာပို့ကိုအမြဲပို့၏။ ရိုးသားဖြောင့်မတ်ခြင်း၊ အလုပ်ကို ကြိုးစားခြင်း၊ မေတ္တာပွားများ၍စိတ်ကောင်းရှိခြင်းဟူသော အကြောင်းများကြောင့် နှစ်ကြာလာသည်နှင့်အမျှ ရာထူး တက်လာရာ နောက်ဆုံးတွင် အကြီးဆုံးမန်နေဂျာရာထူးကိုပင်ရသွား၏။ တရုတ်သူဌေးကလည်း သူ့ကို အားထားယုံကြည်၏။

www.dhammaransi.com



ပင်လယ်တွင်း သွားသူတို့သည် သဘာဝမုန်တိုင်းကိုရှောင်မရသကဲ့သို့ လူ့လောကရောက်လာသူတို့သည်လည်း လောကဓံမုန်တိုင်းကို ရှောင်မရနိုင်ပေ။ လောကဓံနှင့်တွေ့လျှင် မတုန်လှုပ်ဖို့လို၏။ မတုန်လှုပ်ခြင်းဟူသည် အကောင်းလောကဓံနှင့်တွေ့သောအခါ တအားဝမ်းမသာခြင်း၊ ဘဝင်မမြင့်ခြင်း၊ အဆိုးလောကဓံနှင့် ကြုံရသောအခါ တအားဝမ်းမနည်းခြင်း၊ စိတ်ဓာတ်မကျခြင်းပင်ဖြစ်၏။

အကောင်း အဆိုးနှစ်မျိုးလုံး မမြဲသော အရာဟုသာ နှလုံးသွင်းဆင်ခြင်ထားရမည်။ ယခုလည်း မေတ္တာတန်ခိုးကြောင့် မန်နေဂျာဖြစ်ခြင်းဟူသော အကောင်းလောကဓံနှင့် ကြုံပြီးသော ဦးဘသက်သည် ချောင်းဆိုး သွေးပါတီဘီရောဂါဟူသော အဆိုးလောကဓံနှင့် ကြုံရပြန်လေပြီ။ ထိုအချိန်က ဆေးဝါးကောင်းများ မပေါ်သေးသောကြောင့် တီဘီဖြစ်လျှင် သေသည်ကများ၏။

ဦးဘသက် အလုပ်ကထွက်လာပြီးလျှင် သေမည့်ရက်ကို လက်ချိုးစောင့်ရတော့၏၊ သေရမည်ဆိုသည်ကို သိသည်နှင့် အချိန်တန်ဖိုးကို နားလည်လာ၏။ သာမန်အချိန်ဆိုလျှင် အချိန်မှန်သမျှထဲမှ ကုသိုလ် ပညာ၊ ဥစ္စာတစ်မျိုးမျိုးကို ရအောင်ယူရမည်ဖြစ်၏။ ယခုလို အသက်ဘေးနှင့် ရင်ဆိုင်နေရချိန်တွင်ကား ကုသိုလ်တရားကိုသာ အဓိကထား၍ ယူရတော့မည်ဖြစ်၏။

ကုသိုလ်သုံးမျိုးတွင် ဒါနကုသိုလ်ထက် သီလကုသိုလ်ကသာ၏။ သီလကုသိုလ်ထက် ဘာဝနာကုသိုလ်ကသာ၏။ ကုသိုလ်တရားများ တစ်ခုထက်တစ်ခု အဆင့်ဆင့်သာလွန်သွားပုံကို အင်္ဂုတ္တိုရ်ပါဠိတော် သီဟနာဒဝဂ်၊ ဝေလာမသုတ်၌ ယခုကဲ့သို့ ဟောကြားတော်မူထား၏။

ဘုရားအလောင်းသည် သာသနာပကာလတစ်ခု၌ဝေလာမ အမည်ရှိသော ပုဏ္ဏားတစ်ယောက်ဖြစ်ခဲ့၏။ မည်သူနှင့်မှ မတူအောင် ကြီးကျယ်များပြားသော ပစ္စည်းဝတ္ထုတို့ကိုပေးလှူ၏။

| | |
|---|---|
| ငွေခွက်ပေါင်း | ၈၄၀၀၀ |
| ရွှေခွက်ပေါင်း | ၈၄၀၀၀ |
| ရတနာမျိုးစုံထည့်ထားသောကြေးခွက်ပေါင်း | ၈၄၀၀၀ |

www.dhammaransi.com



| | |
|---|---|
| သတ္တိသမီးကညာပေါင်း | ၈၄၀၀၀ |
| နွားမပေါင်း | ၈၄၀၀၀ |
| တန်ဆာဆင်ထားသော ရထားပေါင်း | ၈၄၀၀၀ |

စသည်တို့နှင့်တကွ စားဖွယ်သောက်ဖွယ်မျိုးစုံကို ထမင်းရည်ချောင်းစီးမောင်းတီး၍ နှစ်ပေါင်းများစွာလှူဒါန်း၏။ သို့သော် သာသနာပအခါဖြစ်သောကြောင့် အလှူခံပုဂ္ဂိုလ်တို့တွင် သရဏဂုံနှင့် ငါးပါးသီလတည်မြဲသူပင်မပါခဲ့ပေ။ ထို့ကြောင့် ယင်းကဲ့သို့သော သာသနာပအလှူမျိုးထက်သာသနာတွင်း သောတာပန်တစ်ယောက်ကို လှူဒါန်းသောကုသိုလ်ကသာလွန်သည်။

သောတာပန်အယောက်တစ်ရာကို လှူဒါန်းသော ကုသိုလ်ထက် သကဒါဂါမ်တစ်ယောက်ကို လှူဒါန်းသော ကုသိုလ်ကသာလွန်သည်။

သကဒါဂါမ်အယောက်တစ်ရာကို လှူဒါန်းသော ကုသိုလ်ထက် အနာဂါမ်တစ်ယောက်ကို လှူဒါန်းသောကုသိုလ်က သာလွန်သည်။

အနာဂါမ်အယောက်တစ်ရာကို လှူဒါန်းသောကုသိုလ်ထက် ရဟန္တာတစ်ပါးကိုပေးလှူသော ကုသိုလ်ကသာလွန်သည်။

ရဟန္တာအပါးတစ်ရာကို ပေးလှူသော ကုသိုလ်ထက် ပစ္စေကဗုဒ္ဓါခေါ် ဘုရားငယ်တစ်ဆူကိုပေးလှူသောကုသိုလ်ကသာလွန်သည်။

ဘုရားငယ်အဆူတစ်ရာကို ပေးလှူသော ကုသိုလ်ထက် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တစ်ဆူကို ပေးလှူသော ကုသိုလ်ကသာလွန်သည်။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တစ်ဆူကိုပေးလှူသော ကုသိုလ်ထက် ဘုရားနှင့်တကွ သံဃာအားလုံးကို ရည်မှန်း၍ လှူဒါန်းသော သံဃိကဆွမ်းအလှူကုသိုလ်ကသာလွန်၏။

ဤကဲ့သို့ စားဖွယ်သောက်ဖွယ်များကို လှူဒါန်းသော ကုသိုလ်ထက် အရပ်လေးမျက်နှာမှ ဘုရားအမှူးရှိသော သံဃာအားလုံးကို ရည်မှန်းပြီး လေးတောင်ပတ်လည် တစ်ပါးနေသာရုံ သံဃိကကျောင်းလေးတစ်ဆောင်ဆောက်လှူသော ကုသိုလ်ကသာလွန်သည်။

ထိုကျောင်းလှူသော ကုသိုလ်ထက် သရဏဂုံတည်သော ကုသိုလ်ကသာလွန်သည်။

www.dhammaransi.com



ထိုသရဏဂုံတည်သော ကုသိုလ်ထက် ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းသော ကုသိုလ်က သာလွန်သည်။

ငါးပါးသီလစောင့်ထိန်းသော ကုသိုလ်ထက် နံ့သာတစ်ရှုခန့် အချိန်လောက် လူနတ်ပြဟ္မာသတ္တဝါအားလုံး စိတ်ချမ်းသာ ကိုယ်ကျန်း မာကြပါစေဟု မေတ္တာဘာဝနာပွားများသော ကုသိုလ်ကသာလွန်သည်။

ထိုမေတ္တာဘာဝနာပွားများသော ကုသိုလ်ထက် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ဝိပဿနာရှုပွားသော ကုသိုလ် ကသာလွန်သည်။

ဤဒေသနာကို ထောက်ထား၍ ကုသိုလ်တရားတို့တွင် ဘာဝနာ ကုသိုလ်သည် အားအကြီးဆုံးဟုသိရမည်။ ထို့ကြောင့် ဦးဘသက် သည် သေမည့်သေ တရားနှင့်သေမည် ဟူသောစိတ်ဓာတ်ဖြင့် ရိပ်သာတစ် ခုသို့ဝင်ကာ တရားအားထုတ်၏။ အများနှင့်အတူ ရှုပွားသောအခါတွင် ဆရာ့စကားအတိုင်း ဝိပဿနာပွား၏၊ ကျန်ကိုယ်ပိုင်အချိန်များတွင် မေတ္တာဘာဝနာကို မပြတ်အောင်ပွား၏။

ဦးဘသက်အားသန်သော မေတ္တာဘာဝနာပွားချိန်က ပို၍များ ၏။ လအတန်ကြာသောအခါ မေတ္တာပွားရင်းဖြင့် ဦးဘသက်သည် အကြီး အကျယ်ချောင်းဆိုး၊ ချောင်းဆိုးရင်းမှ သွေးတုံးသွေးခဲများအန်ထွက်ရာ ထွေးခံနှစ်လုံးခန့်ရ၏။ အားလုံးက ဦးဘသက်သေတော့မည်ဟု ဆုံးဖြတ် ထားကြ၏။

သို့သော် သွေးတုံး သွေးခဲများ အန်ပြီးသောအချိန်မှစ၍ ဦးဘသက်၏ တီဘီရောဂါသည် လက်နှင့်ယူပစ်သလို ချက်ခြင်းပျောက် သွား၏၊ တရားတန်ခိုးကြောင့် ရောဂါပျောက်ခြင်းပင်ဖြစ်၏၊ တရား တန်ခိုးကြောင့် သေမည့်ရောဂါများ ပျောက်သွားခြင်းအကြောင်းကို မကြာခဏကြားသိဖတ်ရှုရ၏။

၁၉၉၅ ခုနှစ်ခန့်ကထုတ်ဝေသော မြတ်မင်္ဂလာစာစောင်တွင် မိတ္ထီလာမြို့မှ အမျိုးသမီးကြီးတစ်ဦး နှလုံးရောဂါဖြစ်ရာ ပါရဂူက သေချာ စွာ စမ်းသပ်ပြီး ဆေးကုလို့မရနိုင်တော့ ခြောက်လသာခံမည်။စိတ်ချမ်း သာ သလိုထားပေးပါဟု လူနာရှင်များကိုမှာလိုက်၏။ ထိုအကြောင်းကို

www.dhammaransi.com



ဤအဆိုအတွက် ခိုင်မာသော အထောက်အထားမှတ်တမ်းတစ်ခုကို ဘာသာတန်ဖိုးအခန်းအဆုံးတွင် သီးသန့်ကောက်နှုတ်တင်ပြပါမည်၊ တရားရှုမှတ်သောကြောင့် ရောဂါပျောက်ရခြင်း၏ အဓိကအကြောင်းမှာ ရုပ်ကိုဖြစ်စေသောအကြောင်းတရားလေးပါးတွင် စိတ်သည်အားအကောင်းဆုံးဖြစ်၏။ ထိုစိတ်က စိတ်ဆိုး စိတ်ညံ့ အကုသိုလ်ဖြစ်မနေလျှင် သူကဖြစ်စေသော ရုပ်သည်လည်း ရုပ်ဆိုး ရုပ်ညံ့အကုသိုလ်ရုပ် ရောဂါရုပ်သာဖြစ်ရ၏။

စိတ်ကို ဘာဝနာမပြတ်ပွားခိုင်းထားသောအခါ ကုသိုလ်စိတ်များချည်းဖြစ်ပြီး ဖြူစင်မြင့်မြတ်နေ၏။ ထိုဖြူစင်မြင့်မြတ်သော စိတ်ကြောင့် ဖြစ်ရသော ရုပ်များသည်လည်း ဖြူစင်မြင့်မြတ် လာပြီး ရုပ်ဆိုးယုတ်ညံ့များ လျော့ပါးကွယ်ပျောက်သွား၏။ ရုပ်ဆိုးယုတ်ညံ့များ ကွယ်ပျောက်သွားသဖြင့် ရုပ်ဆိုးယုတ်ညံ့ကိုမှီ၍ ဖြစ်နေသော ရောဂါများလည်း အံ့ဩဖွယ်ရာကွယ်ပျောက်သွားခြင်းဖြစ်၏။

ထားဝယ်ဦးဘသက်တစ်ယောက် တရားရှုမှတ်ရင်းမှ ရောဂါများ ပျောက်သွားသည်မှာ ထိုသဘောတရားပင်ဖြစ်၏။ ရောဂါပျောက်သွားသောအခါ ဦးဘသက်သည် အိမ်ပြန်လာပြီး အနားယူနေ၏။ အလုပ်လည်းပြန်ဝင်ချင်၏။ အရင်လို မန်နေဂျာနေရာမျိုး မရချင်နေပါ။ သာမန်ဝန်ထမ်းတစ်နေရာရလျှင် တော်ပါပြီဟု အောက်မေ့ကာ ပွားများနေကျမေတ္တာဘာဝနာကိုပင် ပွားများလျက်ရှိ၏။

တစ်ရက်တွင် သတ္တုတွင်း မိုင်းသူဌေးကိုယ်တိုင်လိုက်လာကာ ဦးဘသက်ကိုလာခေါ်၏။ ကျန်းမာနေသော ဦးဘသက်ကို တွေ့သည်နှင့် စာတစ်စောင်ချက်ခြင်းကောက်ရေးကာ

"ခင်ဗျားကို အလုပ်ပြန်ခန့်လိုက်ပြီ။ ဒီစာကို သတ္တုတွင်းက မန်နေဂျာကို သွားပေးပါ"

ဟုပြောကာ ဆေးဝါးစာတ်စာဖိုး ငွေများထောက်ပံ့ပြီး ပြန်သွား၏။ ဦးဘသက်လည်း အောက်ခြေဝန်ထမ်းအလုပ်တစ်ခုခုပြန်ပေးသည်ဟုယင်မှတ်ပြီး သတ္တုတွင်းမိုင်းထဲသို့သွားကာ မန်နေဂျာအား စာကို သွားပေး၏။ ထိုအချိန်က မန်နေဂျာသည် တရုတ်သူဌေး၏ တူအရင်းဘွဲ့ရ

www.dhammaransi.com



တစ်ယောက်ပင်ဖြစ်၏။ မန်နေဂျာသည် စာအိတ်ကို ဖောက်ဖတ်ပြီးသည်နှင့် ဦးဘသက်ကို တလေးတစား လှမ်းကြည့်ကာ လက်ဆွဲနှုတ်ဆက်ပြီး

"ဝမ်းသာပါတယ်၊ ဦးဘသက်ကို မန်နေဂျာရာထူးပြန်ခန့်လိုက်တာပဲ၊ ကျွန်တော့်ကိုတော့ တခြားအလုပ်ပြောင်းပေးမယ်လို့ပြောပါတယ်၊ ဦးဘသက် ဒီနေ့ပဲ မန်နေဂျာရုံးခန်းကိုပြောင်းလာပါတော့၊ ကျွန်တော် စာရင်းဇယားတွေ အားလုံးလွှဲပေးပါမယ်"

ဟုပြော၏။ ဦးဘသက်သည် အလွန်အားနာသွား၏။ တူအရင်းဖြစ်သူ ဘွဲ့ရတစ်ယောက်ကို ဖယ်ရှားပြီး တစိမ်းဖြစ်သူ လေးတန်း အဆင့်သာရှိသည့် မိမိအား မန်နေဂျာရာထူးပြန်ပေးသည်ကိုလည်း ဘယ်လိုမှနားမလည်အောင်ဖြစ်မိ၏။ တဖြေးဖြေးတွေးကြည့်မှ မေတ္တာတန်ခိုးကြောင့်ဆိုသည်မှာ ပေါ်လွင်လာ၏။

ထို့ကြောင့် လုပ်ငန်းချိန်အတွင်း ရသမျှအချိန်မှာ မေတ္တာဘာဝနာကိုပို၍ပွားမိ၏။ ထို့ကြောင့် သတ္တုတွင်းလုပ်ငန်းမှာ အရင်ကထက်ပိုအောင်မြင်လာသလို အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်လုံးက ဦးဘသက်ကို ချစ်ခင်လေးစားကြ၏။

မေတ္တာသည် အရေးကြီး၏။ မေတ္တာဓာတ်ရှိမှ ကိုယ့်အောက်နိမ့်သူအပေါ် သနားခြင်း ကရုဏာနှင့် ကိုယ့်ထက်သာသူအပေါ် ဝမ်းသာခြင်းမုဒိတာတရားတို့ဖြစ်နိုင်၏။ မေတ္တာသာမရှိလျှင် ကျန်နှစ်ခုလည်း မဖြစ်နိုင်တော့ချေ။ ထိုနည်းတူ မေတ္တာရှိမှ စေတနာရှိ၏။ မေတ္တာမရှိလျှင် စေတနာလည်းမရှိချေ။ ထို့ကြောင့် မေတ္တာစေတနာဟု တွဲသုံးခြင်းဖြစ်၏။

## အရိုးတောင်းလက်ဖက်ဦးကျော်သိန်း၏မေတ္တာ

မေတ္တာစေတနာအားကောင်းလျှင် စီးပွားရေးမှာလည်း အောင်မြင်၏။ ဘာသာရေးမှာလည်း အောင်မြင်၏။ စီးပွားရေးမှာ အောင်မြင်ပုံများစွာအနက်က ထင်ရှားသော သာဓကတစ်ခုကိုပြအံ့။ မန္တလေးအရိုးတောင်းလက်ဖက်သုတ်နှင့် အကြော်စုံဆိုလျှင် မြန်မာတစ်ပြည်လုံးမသိသူမရှိသလောက်ပင်။

www.dhammaransi.com



**တစ်ပြည်လုံး နယ်အနှံ့ပို့ရသော ရောင်းရငွေများကို** အသာ ထား၍ မန္တလေးမြို့တွင် လက်လီရောင်းရသောငွေသည်ပင် တစ်ရက် လျှင် လူတစ်ရပ်ခန့်မြင့်သော ပလပ်စတစ်ပုံးကြီးသုံးပုံးအပြည့် ရ၏။ အပျင်းပြေစားသော သရေစာလက်ဖက်သုတ်က အဘယ့်ကြောင့် ဤမျှ လောက်ထိအောင်မြင်ရသနည်း။

မေတ္တာစေတနာကြောင့်ဟုဆိုရမည်။ အရိုးတောင်းလက်ဖက် ဆိုင်ပိုင်ရှင် ဦးကျော်သိန်းတို့ဇနီးမောင်နှံသည် ဤမျှထိ နာမည်ကျော် ကြားနေပြီဖြစ်သော်လည်း နယ်အနှံ့ဖြန့်ရမည့် လက်ဖက်များကို လက် အောက်ငယ်သားများနှင့် ဘယ်သောအခါမှ ပြီးစလွယ်လွှဲမထား။ သူတို့ လင်မယားနှစ်ယောက်ပြည်းစမ်းစားမကြည့်ရသေးလျှင် မည်သည့်နေရာ မှ ပို့ခွင့်မပြု။

နယ်ပို့ရောင်းချမည့် လက်ဖက်များကို လင်မယားနှစ်ယောက် အကျအနစားကြည့်ကြ၏။ **သူတို့ပါးစပ်ထဲမှာ စားကောင်းသလို စားသုံး** သူများ၏ ပါးစပ်ထဲမှာလည်း စားကောင်းစေချင်သော မေတ္တာစေတနာ ကိုသတိပြုပါ။ ထိုသို့ စားကြည့်ပြီး သူတို့ပါးစပ်ထဲမှာ စားကောင်းပြီဆို သောအခါကျမှ နယ်အနှံ့တင်ပို့ရောင်းချခွင့်ပြုသည်။

**စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ**

ရဟန်းတို့ စေတနာကို ကံဟူ၍

ငါဘုရားဟောတော်မူ၏။

ဟူသော ဒေသနာအရ စေတနာဟူသည်ကံ။ ကံဟူသည် စေတနာပင်ဖြစ်၏။ ထို့ကြောင့် စေတနာကောင်းလျှင် ကံကောင်းမည် စေတနာဆိုးလျှင် ကံဆိုးမည်ဆိုသည်ကို တိတိကျကျသိထားသင့်၏။

လူငယ်များအတွက် ရှင်းအောင်ရေးရလျှင် မိမိလုပ်ငန်းအပေါ် တစ်ကျပ်ဖိုးသာ စေတနာထားလျှင် တစ်ကျပ်ဖိုးသာအကျိုးပေးမည်။ သိန်းတစ်ထောင်ဖိုး စေတနာထားလျှင် သိန်းတစ်ထောင်ဖိုး အကျိုးပေး မည်ဟူသော သဘောပင်ဖြစ်၏။

**ယခုခေတ် စီးပွားရေးသမားအတော်များများသည် အလှူ ဒါနပြုသည့်နေရာလောက်သာ စေတနာထားရမည်၊ စီးပွားရေး လုပ်ငန်းအပေါ်၌ကား စေတနာထားရန် မလို၊**

www.dhammaransi.com



ရသမျှ လိုးရဖြတ်ရမည်ဟုသာထင်နေကြ၏။ ဤမှားယွင်းသော ထင်မြင်ချက်ဖြင့်လုပ်ဆောင်နေကြသောကြောင့် မြန်မာစီးပွားရေးသမားများသည် ကမ္ဘာ့အဆင့်ထိရောက်အောင် မကြီးပွားကြခြင်းဖြစ်၏။

ကမ္ဘာ့အဆင့်ထိရောက်သွားကြသော သူဌေးကြီးများသည် မေတ္တာစေတနာသမားများသာဖြစ်၏။ တစ်ချိန်က အမေရိကန်တွင် ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီးတစ်ယောက်ပေါ်ပေါက်ခဲ့၏။ သူကား သံမဏိဘုရင် အင်ဒရူးကာနက်ဂျီပင်ဖြစ်၏။ အိမ်ယာနှင့်အဆောက်အဦးဆောက်လုပ်သူများ သူ့ပစ္စည်းကိုသုံးခဲ့လျှင် ဈေးလည်းသက်သာရမည် သံထက်လည်း ပိုမိုခိုင်ခန့်ရမည်ဟူသော မေတ္တာစေတနာဖြင့်သံမဏိကို ထုတ်လုပ်ခဲ့ခြင်းဖြစ်၏။ သူ့လုပ်ငန်းအစသည်ပင် မေတ္တာစေတနာပါနေ၏။

သံမဏိများအရောင်းသွက်လျှင် သွက်သလောက်၊ အရည်အသွေးကောင်းလျှင် ကောင်းသလောက်၊ ထုတ်လုပ်ရေးဝန်ထမ်းများ အရောင်းအဝယ်ဝန်ထမ်းများကို လစာများလုပ်ခများအလိုက်တသိတိုး၍ပေး၏။ အလုပ်သမားဝန်ထမ်းအားလုံးကို သူ့သားသမီးများလိုသဘောထားပြီးစောင့်ရှောက်၏။ ထို့ကြောင့် ဝန်ထမ်းများအားလုံးကလည်း သူ့ကို အလုပ်ရှင်တစ်ယောက်အဖြစ် မမြင်ကြ၊ ဖခင်တစ်ယောက်အဖြစ်သာမြင်ကြ၏။

ပစ္စည်းပိုကောင်းအောင် အလေအလွင့်နည်းအောင် အလုပ်သမားတိုင်းက ဂရုစိုက်ကြ၏။ ထို့ကြောင့် အင်ဒရူးကာနက်ဂျီသည် ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီးဖြစ်ခဲ့ရခြင်းဖြစ်၏။ သိန်းပေါင်းလေးငါးရာလောက် လည်ပတ်လုပ်ကိုင်နိုင်သည်နှင့် မိမိကိုယ်မိမိ တကယ့်အချမ်းသာဆုံးသူဌေးကြီးဟု ယူဆပြီးအောက်ခြေလွတ်ကာ အလုပ်သမားများကို လူလိုပင်မဆက်ဆံချင်သည့် မြန်မာလုပ်ငန်းရှင်များသတိပြုစရာပင်ဖြစ်၏။

တစ်ချို့ မြန်မာလုပ်ငန်းရှင် သူဌေးများသည် လုပ်ငန်းအဆင်ပြေပြီး မိမိတွင် ငွေတွေမည်၍ မည်မျှပင်ရလာစေကာမူ အလုပ်သမားများကို လုပ်ခတိုးပေးဖို့ စိတ်ကူးမရှိကြ။ ဤကား မေတ္တာစေတနာနည်းပါး

www.dhammaransi.com



ခြင်းဖြစ်၏။ ဤသို့မေတ္တာစေတနာနည်းပါးခြင်းကြောင့် စီးပွားဥစ္စာလည်း နည်းပါးခြင်းဖြစ်၏။

အင်ဒရူးကာနက်ဂျီ၏ မေတ္တာစေတနာသည် မည်မျှကြီးမား သနည်းဆိုလျှင် ရလာသမျှ ဥစ္စာကြေးငွေများကို လောကလူသားတွေ အတွက် ပြန်လည်အသုံးပြုမည်ဟူသော စိတ်မျိုးအပြည့်ရှိ၏။ ထို့ကြောင့် ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီးဘဝရောက်သောအခါ သူပိုင်ဒေါ်လာ များကို ကောင်းကျိုးအရှိဆုံးနေရာသို့ လှူဒါန်းရန် အကြံပေးနိုင်သူများကို ဆုပေးပြီးခေါ်ယူ၏။

သူသေသောအခါ ကမ္ဘာအရပ်ရပ်ရှိ ဆေးရုံများ ကျောင်းများ သိပ္ပံဌာနများသို့ ဒေါ်လာသန်းပေါင်း သုံးရာကျော်လှူဒါန်းပြီးဖြစ်သည် ကိုတွေ့ရ၏။ သူလို ချမ်းသာသော သူဌေးများအတွက် အလွန်ကောင်း သော ဒဿနတစ်ခုကိုပေးခဲ့၏။ ယင်းဒဿနကား

**သံမဏိသူဌေး၏ အတွေးအမြင်**

လူတစ်ယောက်သည် သူတစ်ပါးကို
စွန့်ကြဲ ထောက်ပံ့ ပေးကမ်း
နိုင်စွမ်းရှိပါလျက် စွန့်ကြဲ၊ ထောက်ပံ့
ပေးကမ်းခြင်းမရှိဘဲ သေဆုံးခဲ့လျှင်
ယုတ်ညံ့သောသေဆုံးခြင်းသာဖြစ်၏ဟူ၏။

(အင်ဒရူးကာနက်ဂျီ)

အရှေ့တောင်းလဖက်မှ ဦးကျော်သိန်းတို့ မိသားစုသည် လည်း ထေရဝါဒ ဗုဒ္ဓအလိုကျ၊ လောကအတွက် စီးပွားရှာသူများပင်ဖြစ် ၏။ သူတို့လှူသော ဘာသာရေးနှင့် ပတ်သက်သည့် ကျောင်းကန် ဘုရား များ အင်မတန်များ၏။ ထိုအလှူများကား သူသူကိုယ်ကိုယ်လှူနေကြ သဖြင့် သိပ်အံ့သြစရာမဟုတ်ပေ။

အံ့သြစရာလည်းကောင်း အတုယူစရာလည်းကောင်းသော လူမှုရေးအလှူနှစ်မျိုးကိုဖော်ပြအံ့။ ဤနှစ်မျိုးသည်ပင် သတင်းစာထဲပါ သောကြောင့် ကျွန်ုပ်သိရခြင်းဖြစ်၏။ သတင်းစာထဲမပါသော လူမှုရေး အလှူများစွာရှိပေလိမ့်ဦးမည်။

www.dhammaransi.com



ပထမအလှူကား မိတ္ထီလာမြို့တွင် အထက်တန်းကျောင်းကြီး တစ်ကျောင်းကို တစ်ဦးတည်းလှူဒါန်းခြင်းဖြစ်၏။ ဒုတိယအလှူကား မြန်မာပြည်အရပ်ရပ်မှ ဆယ်တန်းကို ဆေးလိုင်း၊ အင်ဂျင်နီယာလိုင်းဝင် အောင် ဂုဏ်ထူးဘာသာများများဖြင့် အောင်သူများရှိ၏။ သို့သော်ဆင်းရဲ နွမ်းပါးမှုကြောင့် တက္ကသိုလ်ဆက်မတက်နိုင်ကြ။

ထိုသို့ ပညာတော်ပြီး ဥစ္စာနွမ်းပါးသော ကျောင်းသားများကို ဦးကျော်သိန်းတို့ မိသားစုက ဘွဲ့ရသည်အထိ ကုန်ကျမှုအားလုံးကို တာဝန်ယူထောက်ပံ့၏။ ကျွန်ုပ်သတင်းစာထဲတွေ့ရသည်ပင် လေးဦးခန့် ရှိ၏။ ကျွန်ုပ်မသိသော ကျောင်းသားပေါင်းများစွာရှိပေလိမ့်ဦးမည်။ ဘုရားရှင်သာရှိလျှင် ဤအလှူမျိုးကို သာဓုအကြိမ်ကြိမ်ခေါ်ပြီး ချီးမွမ်း တော်မူပေလိမ့်မည်။

မေတ္တာတရားကြောင့် ဘာသာရေးတွင် အောင်မြင်စွာ သာသ နာပြုနိုင်ပုံကိုပြဦးအံ့။ ကမ္ဘာတွင် အခက်အခဲဆုံးစာမေးပွဲကား မြန်မာ ပြည်မှ တိပိဋကစာမေးပွဲကြီးပင်ဖြစ်၏။ (၃၃) ရက်ကြာကျင်းပရသဖြင့် ရက်အကြာဆုံးကျင်းပရသောစာမေးပွဲကြီးလည်းဖြစ်၏။ အာဂုံ၊ ရေးဖြေ နှစ်ခုလုံးအောင်မြင်မှ တိပိဋကဓရတိပိဋကကောဝိဒဟူသော ဘွဲ့တံဆိပ် ကို ချီးမြှင့်ပြီး ကုန်း၊ ရေ၊ လေ အခမဲ့စီးနင်းခွင့်လက်မှတ်ကိုဆက်ကပ်၏။

အစအဆုံးအာဂုံပြန်ဆိုရမည့် ကျမ်းများမှာ

| | | | |
|---|---|---|---|
| ၁။ | ဝိနည်းငါးကျမ်းငါးအုပ် | စာမျက်နှာ | ၂၂၆၁ |
| ၂။ | သုတ်သုံးကျမ်းသုံးအုပ် | စာမျက်နှာ | ၇၇၉ |
| ၃။ | အဘိဓမ္မာ(၇)ကျမ်း(၁၂)အုပ် | စာမျက်နှာ | ၄၉၈၇ |

စုစုပေါင်း ၈၀၂၆ မျက်နှာဖြစ်သည်။

ထိုစာမျက်နှာရှစ်ထောင်ကျော်ကို အာဂုံပြန်ပြနိုင်လျှင် တိပိဋ ကဓရ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သူဟူသောဘွဲ့တံဆိပ်ကိုသာ ရ၏။ တိပိဋကကောဝိဒ ပိဋကတ်သုံးပုံကို ကျွမ်းကျင်စွာ တတ်မြောက် သူဟူသောဘွဲ့တံဆိပ်ကို မရသေးပေ။ ထိုတိပိဋကကောဝိဒဟူသော ဘွဲ့ တံဆိပ်ကိုရရန်

www.dhammaransi.com



ပါဠိတော်အုပ်ရေ (၂၀)ကျော်၏အဖွင့်များဖြစ်သော
၁။ အဋ္ဌကထာ
၂။ ဋီကာ
၃။ အနု
၄။ မဓု
၅။ ယောဇနာ
၆။ ဂဏ္ဌိ
၇။ နိဿယနှင့်မြန်မာပြန်ကျမ်းများ
၈။ ဆိုင်ရိုးကျမ်းများ
၉။ အရကောက်ကျမ်းများ
၁၀။ အမေးအဖြေနှင့် ဝိနိစ္ဆယကျမ်းများ

စသောကျမ်းစာအုပ်ပေါင်းတစ်ထောင်ကျော်မှ အဓိပ္ပါယ်များကို လေ့လာမှတ်သားကြရ၏။ မေးခွန်းမေးသောအခါ တစ်ဘာသာလျှင် အမှတ်တစ်ရာပေးသည့်အနက် (၇၅) မှတ်ရမှအအောင်သတ်မှတ်၏။ (၈၅) မှတ်ရမှ ဂုဏ်ထူးပေး၏။ ထိုတိပိဋကစာမေးပွဲသက် (၅၄) နှစ်အတွင်းတွင်သုံးပုံလုံးအာဂုံဆောင်ဖြေအောင်မြင်သော သံဃာတော်မှာ (၁၁)ပါးသာရှိသေး၏။

## တိပိဋကချင်းတူသော်လည်း သာသနာပြုအောင်မြင်ပုံခြင်းမတူ

ဤမျှများပြားခက်ခဲလှသော ပိဋကစာမေးပွဲကို အောင်မြင်ပြီဆိုကတည်းက ယင်း (၁၁)ပါးလုံးပုဂ္ဂိုလ်ထူးချည်းဖြစ်မည်မှာသေချာပါ၏။ ယင်းသို့ ပိဋကသုံးပုံကိုအောင်မြင်ကြတာခြင်းတူသော်လည်း မြန်မာပြည်မှာသာမက ကမ္ဘာ့ထိကျော်ကြားအောင် သာသနာပြုနိုင်သော ပုဂ္ဂိုလ်ကား မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးပါတည်း။

ထူးခြားစွာ အောင်မြင်တော်မူခဲ့သော ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းကြီးများမှာ

၁။ မင်းကွန်းတွင် ဓမ္မနာဒစာသင်တိုက်ကြီးတစ်ခုတည်ထောင်ဖွင့်လှစ်တော်မူနိုင်ခြင်း။

www.dhammaransi.com



၂။ မင်းကွန်းမိုးမိတ်ကုန်းမြေတွင် မြန်မာပြည်၌ တစ်ခု တည်းသော တိပိဋကစာသင်တိုက်ကြီးတစ်တိုက်ကို တည်ထောင်ဖွင့်လှစ်တော်မူနိုင်ခြင်း။

မှတ်ချက်။ ထိုစာသင်တိုက်ကြီးမှ ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ၊ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ဘဒ္ဒန္တဝံသပါလဟူသော တိပိဋကဓရ တိပိဋက ကောဝိဒဆရာတော်သုံးပါးပေါ်ထွန်းလာခဲ့ပြီဖြစ်၏။ ရခိုင်အမျိုးသား ဘဒ္ဒန္တကုဏ္ဍပါလအရှင်မြတ်သည်လည်း ပိဋကတ်သုံးပုံအာဂုံအောင်မြင် ပြီး၍ ရေးဖြေတွင်လည်း နှစ်ပုံခွဲပြီးနေပြီဖြစ်သည်။ နောက် (၁)နှစ်ခန့် ဆိုလျှင် ယင်းကျောင်းတိုက်မှ တိပိဋကအာဇာနည်လေးပါးထိထွက်ပေါ် လာတော့မည်ဖြစ်၏။

၃။ ရန်ကုန်သာသနာ့တက္ကသိုလ်နှင့် မန္တလေးသာသနာ့ တက္ကသိုလ်ကြီးများကို တည်ထောင်ဖွင့်လှစ်တော်မူခြင်း။

၄။ သာသနာ့တက္ကသိုလ်ကြီးများနှင့် မန္တလေးမလွန်ဈေး ဆန်လှူအသင်းကြီးတို့အတွက် ရေစက်ချတရားပွဲများကို ပျံလွန်တော်မူ ချိန်အထိ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ ဟောကြားပေးတော်မူ ခြင်း . . . တို့ဖြစ်၏။

အင်္ဂလန်ပြည်ရှိ ကမ္ဘာ့ဂင်းနစ်စံချိန်စာအုပ်ကြီးတွင် ကမ္ဘာ့ဉာဏ် ပညာအကြီးမားဆုံး ပုဂ္ဂိုလ်အဖြစ် စံချိန်အတင်ခံရသည်မှာလည်း မင်းကွန်းဆရာတော်ကြီးတစ်ပါးသာဖြစ်၏။ တိပိဋကအောင်ကြတာခြင်း တူပါလျက် မင်းကွန်းဆရာတော်ကြီးတစ်ပါးသာ အဘယ့်ကြောင့် သာသနာရေးလုပ်ငန်းများတွင် အောင်မြင်မှုရနေရသနည်းဟု ဆန်းစစ် ကြည့်လျှင် ကြီးမားသော မေတ္တာဒါမာတ်ကြောင့်ဟုသာဖြေရပါမည်။

ရှည်တိုအလက်၊ သုံးရပ်ခန္ဓာ၊ သတ္တာဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
ဆူကြံ့အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တာဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

www.dhammaransi.com



မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
ဝေးနေနီးနေ နှစ်တွေများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။
လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။
အထင်သေးခြင်းအချင်းချင်း ကင်းရှင်းကြပါစေ။
ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

---

အရှေ့အရပ်၌ရှိကြကုန်သော
အနန္တ စကြာဝဠာ၊ အနန္တသတ္တဝါတို့
ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း၊ ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း၊ ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

ဝသော မေတ္တာပို့များမှာ ဆရာတော်၏ နှလုံးသားမှထွက်ပေါ်လာခြင်းဖြစ်၏။ ဆရာတော်၏ မေတ္တာကတ်ကြီးမားမှုကို သာဓကနှစ်ခုဖြင့်ပြပါအံ့။ အလုပ်ဖြင့် ထင်ပေါ်ကျော်ကြားလာသော မင်းကွန်းဆရာတော်ကို အလုပ်မရှိသော ဆရာတော်ကြီးတစ်ပါးက မနာလို မရှုဆိတ်ဖြစ်၏။ မင်းကွန်းဆရာတော်၏ မကောင်းကြောင်းများကို လုပ်ကြံပါဒဖြန့်ပြောဆို၏။

www.dhammaransi.com



ဘာသာရေးတွင်လည်းကောင်း၊ စီးပွားရေးတွင် လည်းကောင်း၊ အောက်တန်းကျနေသူများသာ သူတစ်ပါး မကောင်းကြောင်းကို ပြောဆိုဖို့ အချိန်ရကြသည်။ ကြီးကျယ်မြင့်မြတ်သူများကား သူတစ်ပါး မကောင်းကြောင်း ပြောဖို့အချိန်မရပေ။

အဘယ်ကြောင့်နည်း၊ အောက်ပါကဗျာလေးက အဖြေပေးပါလိမ့်မည်။

### ကြီးမြတ်သူတို့နေရာ

ကြီးမြတ်သူဟူသမျှတို့၊
ယူကြသည့်မြတ်နေရာ၊
ရှောင်တခင်ခုချက်ခြင်း၊
လျှင်းမရပါ။
များသူတို့အိပ်နေရာ၊
ညခါပင်သူမနား၊
အမြင့်ကိုသူမြင်လို့၊
သို့အစဉ်နှစ်ဆတိုးလို့ရယ်၊
ကြိုးကုတ်လေသား။

ဘာသာန္တရစွယ်စုံပညာရှင်နှင့် ကမ္ဘာ့သာသနာပြု
အရှင်ဉာဏိက (လန်ဒန်)

ဖော်ပြပါကဗျာလေးအတိုင်း မင်းကွန်းဆရာတော်ကား ယင်းဆရာတော်ကြီးကို စိတ်ဆိုးချိန်မရ။ ထို့ကြောင့် ယင်းဆရာတော်ကြီးထံ ပရိက္ခရာမျိုးစုံ၊ မုန့်မျိုးစုံဖြင့် သွားကန်တော့၏။

"တပည့်တော်ကို တပည့်တစ်ယောက်အနေနဲ့ သတ်မှတ်ပြီး အပြစ်မတော်တာတွေ့ရင် ခေါ်ယူဆုံးမနိုင်ပါတယ်ဘုရား"

ဤကား ယင်းဆရာတော်ကြီးကို မင်းကွန်းဆရာတော်လျှောက်ထားသောစကားပင်ဖြစ်၏။ ထိုနေ့မှစ၍ ယင်းဆရာတော်ကြီးကျောင်းသို့ စားကောင်းသောက်ဖွယ်ရကိုင်း သွားပို့၏။ ပိဋကတ်မှ ခက်ခဲသော အကြောင်းအရာလေးများကို ဆရာတင်သည့်အနေဖြင့် သွားရောက်မေး

www.dhammaransi.com



မြန်းဆွေးနွေး၏။ နောင်တွင် ထိုဆရာတော်ကြီးသည် မင်းကွန်းဆရာတော်၏ အရင်းနှီးဆုံးမိတ်ဆွေတစ်ပါးဖြစ်သွား၏။

နူးညံ့သောမှိုပွင့်သည် ခက်မာသော
မြေကို ဖောက်ထွက်လာနိုင်သည်။
အေးမြကြည်လင်သောရေသည်
ခက်မာသော ကျောက်သားကို သဲမှုန်
ဖြစ်အောင် တိုက်စားပစ်နိုင်သည်။
ထို့အတူ နူးညံ့သိမ်မွေ့သော
မေတ္တာနှလုံးသားပိုင်ရှင်သည်
ရိုင်းစိုင်းခက်ထန်သော သူများကို
ယဉ်ကျေးသိမ်မွေ့စေနိုင်သည်သာဖြစ်၏။

ထိုအချိန်က မင်းကွန်းဆရာတော်သည် တိပိဋကရေဆရာတော်လည်းဖြစ်၏။ နိုင်ငံတော်သံဃာ့မဟာနာယကအကျိုးတော်ဆောင်ဆရာတော်လည်းဖြစ်၏။ ကျော်ကြားမှုလည်းရှိ၏။ အာဏာလည်းရှိ၏။ ထိုဆရာတော်ကြီးကို ထိုက်တန်သည့်နည်းဖြင့် တုန့်ပြန်လိုက တုန့်ပြန်နိုင်၏။ သို့သော် မတုန့်ပြန်ခဲ့၊ အဘယ့်ကြောင့်နည်း။

ရန်သူမိတ်ဆွေမခွဲခြားဘဲ သတ္တဝါမှန်သမျှကို ချမ်းသာစေလိုသော မေတ္တာစိတ်ရှိနေသောကြောင့်ဖြစ်ပါ၏။ တစ်ခါကလည်း မန္တလေးမြို့မှ တရားပွဲတစ်ပွဲပင့်၏။ ဆရာတော်သည် ည (၇)နာရီခန့်တွင် စက်လှေတစ်စီးဖြင့် မင်းကွန်းမှ မန္တလေးဘက်သို့ကူးခဲ့၏။ ထုံးစံအတိုင်းဆိုလျှင် မန္တလေးဘက်သို့ရောက်သည်နှင့် လာကြိုသည့်ကားသည် အသင့်ရောက်နေရမည်ဖြစ်၏။

ယခုကား မည်သည့်ကား မည်သည့်ဒကာမှရောက်မလာခဲ့။ ဘုန်းကြီးပြီး ကျော်ကြားထင်ရှားသော ဆရာတော်ကြီးတစ်ပါးဖြစ်၍ သူကြိုမည်ထင် ငါကြိုမည်ထင်ပြီး နောက်ဆုံးတွင် မည်သူမျှ သွားမကြိုမိကြခြင်းဖြစ်၏။ ဆရာတော်ကား လုံးဝဒေါသမထွက်၊ ဆိုက်ကားတစ်စီးငှားပြီး တရားပွဲသို့ ရောက်အောင်ကြွသွား၏။

www.dhammaransi.com



## ဆိုက်ကားဖြင့် တရားပွဲကြွသော တိပိဋကဆရာတော်

တရားပွဲတွင်ကား ပရိသတ်များပြည့်ကျပ်နေလေပြီ။ ဆရာတော်သည် စိတ်မဆိုးသည့်ပြင် အကြောင်းစုံသိသွားလျှင် ဒကာ ဒကာမများစိတ်မကောင်းဖြစ်မှာစိုးသည့်အတွက် ဆိုက်ကားကို မှောင်ရိပ်တစ်ခုတွင် ရပ်ခိုင်းပြီး ပလ္လင်ပေါ်သို့ ကြွမြန်းရပင်တက်သွား၏။ တရားပွဲအကျိုးဆောင်များအားလုံးနှင့် ပရိသတ်များကား ဆရာတော်သည် သူဌေးတစ်ယောက်ယောက်၏ ကားနှင့်ပင်ကြွလာခြင်းဖြစ်မည်ဟုထင်နေကြ၏။

ဆရာတော်ကား ကားအကြောင်းကို တစ်ခွန်းမျှမပြော။ တရားကိုပြီးဆုံးအောင်ဟောပြီးသည်နှင့် မှောင်ရိပ်ထဲမှ ဆိုက်ကားနှင့်ပင် လေ့ဆိပ်သို့ပြန်ကြွခဲ့၏။ ဆရာတော်၏ မေတ္တာနှင့် သည်းခံခြင်းတရားကား အံ့သြဖွယ်ရာကောင်းလှ၏။ ထိုမေတ္တာဓာတ်ကပင် ဆရာတော်၏ သာသနာပြုလုပ်ငန်းကြီးများကို အောင်မြင်ပြီးစီးအောင် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်၏။

လောကတစ်ခွင် မဆန့်ကျင်ဘဲ
ချစ်ခင်မြတ်လေး ကျွမ်းဝင်ဆေးကား
ကြည်အေးမေတ္တာ လက်တွေ့သာတည်း
ကိုယ်မှာအမြဲ ဆောင်သုံးစွဲက
ဘေးရန်လွဲကာ စိတ်ချမ်းသာလျက်
စိန္တာမဏိ တန်ခိုးရှိသို့
သိဒ္ဓိသီးသီး ဘုန်းတန်းကြီးသည်
ရှုန်းပြီး မေတ္တာမန္တာန်တည်း။

*(လယ်တီပဏ္ဍိတဦးမောင်ကြီး)*

ဦးဘသက်အကြောင်းကို ပြန်ဆက်ပါအံ့။ တစ်နေ့တွင် ဦးဘသက်သည် မိုင်းလုပ်သားများအားထုတ်ပေးရန် လစာငွေများကို သူဌေးထံမှ ထုတ်ယူလာ၏။ ကားလမ်းမှဆင်းပြီးလျှင် မိုင်းလုပ်ငန်းသို့ ရောက်ရန် တောလမ်းခရီးကို သုံးမိုင်လောက်လျှောက်ရ၏။ ထိုတောလမ်းသည် လူပြတ်၏။ မိုင်းကိစ္စမှတစ်ပါး တခြားသွားလာသူမရှိပေ။ တောတွင်းသို့ မိုင်ဝက်ကျော်ခန့်ဝင်ပြီးချိန်ပင်ဖြစ်၏။

www.dhammaransi.com



သစ်ပင်အကွယ်မှ ဗလတောင့်တောင့် လူနှစ်ယောက် ခါးကိုယ်စီဖြင့်ထွက်လာပြီး

"ဟေ့ မင်းမိုင်းမန်နေရှာ ဘသက်မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"မင်းလက်ထဲကအိတ်မှာ အလုပ်သမားတွေထုတ်ပေးမယ့် လစာငွေတွေပါတယ်မဟုတ်လား"

"ပါပါတယ်ခင်ဗျာ"

ထိုသို့ဖြေလိုက်လျှင် ဓားပြတစ်ယောက်က ကျန်တစ်ယောက်ကို လှမ်းကြည့်ရင်း

"ဒါဆိုရင် သူပြောတာ မှန်သားပဲကွ"

ဟု ဦးဘသက်နားမလည်သော ပဟေဠိစကားတစ်ခွန်းကို ပြောလိုက်၏။ ပြီးလျှင် ဦးဘသက်လက်ထဲမှအိတ်ကို လုယူလိုက်ပြီး

"လာခဲ့ မင်းကိုသတ်ပြီး ဒီငွေတွေယူရအောင် တို့စောင့်နေတာ" ဟုပြောကာ ဦးဘသက်ကို ဆွဲခေါ်သွားကြ၏။

"ငွေတွေယူရင် ယူပါဗျာ။ အသက်ကိုတော့ ချမ်းသာပေးပါ"

"ဘယ်ချမ်းသာပေးလို့ဖြစ်မလဲ တို့ဓားပြမှုကြီးပေါ်သွားမှာပေါ့"

ဟုပြောကာ ဦးဘသက်ကို ခေါင်းဖြတ်သတ်ရန် လျှိုကြီးတစ်ခုထဲ ဆွဲသွင်းသွားကြ၏။ ဦးဘသက်နားလည်လိုက်ပါပြီ။ သူ့အတွက် မေတ္တာမှတစ်ပါး အားကိုးစရာဘာမှမရှိတော့။ ထို့ကြောင့် ဓားပြနှစ်ယောက်ကို ရည်စူးသော ဥဒ္ဒိဿမေတ္တာပို့ရင်းဆွဲခေါ်ရာသို့ အသာတကြည်ပင်လိုက်လာ၏။

စုခို ပူဇေမိ ဓားပြနှစ်ယောက်လုံး၊
စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေ။
ဓမ္မံ ပူဇေမိ ဓားပြနှစ်ယောက်လုံး၊
စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေ။
သံဃံ ပူဇေမိ ဓားပြနှစ်ယောက်လုံး၊
စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေ။

ဤကား ဦးဘသက်စိတ်ထဲမှ ပို့လာသော မေတ္တာပို့ပင်ဖြစ်၏။ သတ္တဝါအားလုံးကိုဖြန့်၍ပို့သော မေတ္တာကို စည်သူ့ကိုမှ မရည်စူးသောကြောင့် အနောဒိဿမေတ္တာဟုခေါ်၏။

www.dhammaransi.com



မီးပုံမှ မီးရောင်နှင့်တူ၏။ ပတ်ဝန်းကျင်၌ကား လင်းပါ၏။ စူးရှမှုကားမရှိ။

တစ်စုံတစ်ယောက်အပေါ် ရည်စူး၍ ပို့သသော မေတ္တာကို ဥဒ္ဒိသမေတ္တာဟုခေါ်၏။ ကားမီးရောင်နှင့်တူ၏။ စုစည်း၏။ စူးရှ၏။ လူမမာများကို ရောဂါပျောက်ကင်းစေသည်မှာ ထိုမေတ္တာမျိုးပင်ဖြစ်၏။ ယခု ဦးဘသက်သည် ယင်းဥဒ္ဒိသမေတ္တာကို ပွားပို့နေခြင်းဖြစ်၏။ ဓါးပြများသည် ငွေအိတ်ကို ဘေးနားချထားပြီးလျှင် ဦးဘသက်ကို ဓားနှင့်ခုတ်ရန် ပြင်ဆင်နေကြ၏။

## မေတ္တာစွမ်းနှင့်ဓားစွမ်း

ဦးဘသက်ကလည်း မေတ္တာပို့ရင်း လည်ကုပ်ပေါ်ကျလာမည့် ဓားချက်ကိုစောင့်နေလိုက်၏။ ဓားခုတ်သံကားပေါ်မလာ။ ဓားပြနှစ်ယောက်၏ ငြင်းခုန်သံသာပေါ်လာ၏။

"ဟေ့ကောင် ဒီကောင်ကို မသတ်ချင်တော့ဘူးကွာ၊ စိတ်ထဲမှာ ဘယ်လိုဖြစ်လာတယ်မသိဘူး"

"ဘယ်မသတ်လို့ ဖြစ်မလဲ၊ ဒီကောင့်ကို မသတ်ရင် တို့အမှုပေါ်သွားမှာပေါ့၊ မင်းဘယ်လိုဖြစ်တာလဲ၊ အရင်ကဒီလိုမဖြစ်ဖူးပါဘူး"

"မသတ်ရုံတင်မကဘူး သူ့ငွေတွေလဲ မယူချင်တော့ဘူး၊ ပြန်လွှတ်လိုက်တော့မယ်၊ ဒီတော့ တို့လဲ ဘာအမှုမှဖြစ်စရာမရှိတော့ဘူး"

"ဟေ့ကောင် ဓားပြက ဓားပြစကားပြောစမ်း၊ ဘာတရားစကားတွေလာပြောနေတာလဲ၊ မုတ်ဆိတ်လာစွဲတဲ့ ပျားအုံကို ဘာဖြစ်လို့ ပုတ်ချရမလဲ၊ ဒီအခွင့်အရေးမျိုးရဖို့ လွယ်တာမှတ်လို့လား၊ မင်းမသတ်ချင်ရင် ဘေးဖယ် ငါပဲ ခုတ်သတ်လိုက်မယ်"

"မင်းကိုလဲ သတ်ခွင့်မပေးနိုင်ဘူး၊ ဒီကောင်လေးအသက်ကို ငါကကွယ်ပေးရလိမ့်မယ်၊ မင်းလက်လှုပ်တာနဲ့ ဇက်ပြုတ်ပြီသာပဲ မှတ်ထား"

သတ်ချင်စိတ်ပျောက်သွားသော ဓားပြက အသက်လည်း ကြီး၏။ ဝါလည်းရင့်၏။ ထို့ကြောင့် ကျန်ဓားပြမှာ ဘာမှဆက်မလုပ်ရဲတော့ပေ။ ဓားပြအကြီးသည် ငွေအိတ်ကို ဦးဘသက်လက်သို့ ပြန်ပေးရင်း

www.dhammaransi.com



"ကဲညီလေး မင်းငွေအိတ်ကိုယူပြီး မြို့ထဲပြန်တော့၊ မင်းကို ငါတို့ ဘာမှလုပ်ချင်စိတ်မရှိတော့ဘူး"

"ကျွန်တော့်ကို အခုလို အသက်ဘေးကလွှတ်ခဲ့တဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်ခင်ဗျား၊ ဒါပေမယ့် ကျွန်တော်မြို့ထဲကို ပြန်လို့ မဖြစ်ပါဘူး၊ မိုင်းထဲကိုပဲဆက်သွားမှဖြစ်မှာပါ၊ မိုင်းလုပ်သားတွေဟာ ကျွန်တော့်ဆီက လခလေးထုတ်ပြီးမှ ထမင်းစားစရာရှိမှာပါ"

"ကောင်လေးမင်းအတွက် ပြောနေတာနော်၊ ရှေ့မှာမင်းကို သတ်ပြီး ငွေယူမယ့်ဓားပြတစ်ယောက်ရှိနေတယ်။ အဲဒီဓားပြက မင်းတို့ မိုင်းထဲကအလုပ်သမားတစ်ယောက်ပဲ၊ မနေ့ကဖဲဝိုင်းတစ်ခုမှာ အဲဒီမိုင်း လုပ်သားလာရိုက်တယ်။ ငါတို့က အကုန်လုံးနိုင်တဲ့အပြင် တို့ဆီက ပိုက်ဆံ တွေချေးပြီး ရိုက်တဲ့အတွက် သူ့ဆီမှာတို့က ကြွေးရစရာအများကြီးရှိတယ်"

"တို့အကြွေးကို ဘယ်လိုဆပ်မှာလဲလို့ မေးလိုက်တော့ မိုင်း မန်နေဂျာဘသက် ဒီနေ့မိုင်းလုပ်သားတွေအတွက် လစာလာရှင်းမယ်၊ ဘသက်ကိုသတ်ပြီး ရလာတဲ့ငွေနဲ့ အကြွေးဆပ်ပါမယ်လို့ ပြောတာနဲ့ သူ့ရှေ့က ငါတို့ကအရင်လာပြီး မင်းကိုစောင့်ကြတာပဲ၊ အခုတို့ကတော့ စိတ်ပြောင်းသွားလို့ လွှတ်လိုက်ပြီ၊ နောက်တွေ့မယ် ဓားပြကတော့ မင်းကို ချမ်းသာပေးမှာမဟုတ်ဘူး၊ သူကကြွေးပူမိနေတာမဟုတ်လား၊ဒါကြောင့် ရှေ့ဆက်မသွားဘဲ မြို့ပြန်တာပဲကောင်းတယ်"

"ကျွန်တော် မသွားလို့မဖြစ်ပါဘူး ခင်ဗျာ။ အလုပ်သမားတွေ သိပ်သနားစရာကောင်းပါတယ်"

"ကိုင်း မောင်မင်းကြီးသား ပြောမရလည်း သွားချင်သွားဗျာ၊ တရားသမားနဲ့ ဓားသမားတော့ တွေ့ကြပြီပေါ့" ဟုပြောပြီး ဓားပြ နှစ်ယောက် ထွက်သွား၏။ ဦးဘသက်သည် တောလမ်းအတိုင်း မိုင်းဆီသို့ မေတ္တာပို့ရင်း ဆက်လာခဲ့၏။ နောက်ထပ်တစ်မိုင်ခန့်လျှောက်မိသည်နှင့် သစ်ပင်အကွယ်မှ ဓားရှည်ကိုင်ထားသော လူတစ်ယောက်ပြေးထွက်လာ ကာ ကျောကို ဓားနှင့်ထောက်လိုက်ခါ "ကိုင်း ဘသက် မင်းကိုငါစောင့် နေတာကြာပြီ၊ ပေးစမ်း ငွေအိတ်၊ သွားရှေ့ကသွက်သွက်လျှောက်စမ်း"

ဟုအမိန့်ပေးလိုက်၏။ ဦးဘသက်အံ့ဩထိတ်လန့်စွာနှင့် တွေ့လိုက်ရသူကား သူ့ထက်အသက်ကြီးသော မိုင်းလုပ်သား ငသော့ဆိုသူ ဖြစ်နေ၏။

www.dhammaransi.com



ငသော့က သူ့ကိုအသေသတ်ရန်ဆုံးဖြတ်ပြီးသားဖြစ်ဟန်တူ၏၊ ကျောကိုထောက်ထားသော ဓားသည် တွန်းအားများလွန်းသောကြောင့် အသားထဲသို့ အတော်နက်နက်စိုက်ဝင်သွားသောကြောင့် အတော်ပင်နာကျင်နေ၏။ မေတ္တာမှတစ်ပါးဘာမှကိုးကွယ်စရာမရှိတော့ ၊ သတ်မည့်နေရာ ရောက်သည်နှင့် ဦးဘသက်က "ကိုသော့ ခင်ဗျားနဲ့ကျွန်တော်နဲ့ဘာရန်ညှိုးမှလည်းရှိတာမဟုတ်ပါဘူး၊ ဒါကြောင့်ငွေကိုယူချင်ယူပါ အသက်ကိုတော့ ချမ်းသာပေးပါ" ဟု ပြောလိုက်၏။ ငသော့က ထိုစကားကို လက်မခံ။

"ဘယ်ဖြစ်မလဲ ငါ့အမှုပေါ်သွားမှာပေါ့၊ ကဲကဲဇက်စင်း၊ ခေါင်းကိုတစ်ချက်တည်းပြတ်အောင်ခုတ်ပေးမယ်၊ ဒါပေမယ့် မင်းကဘာသာရေးသမားဆိုတော့ သေခါနီးမှာ ဘုရားရှိခိုးရင်ရှိခိုး၊ ခဏပဲနော် ပြီးတာနဲ့ခုတ်ပြီသာမှတ်လိုက်"

"ဘယ်လိုမှ ပြောမရမှန်းသိသဖြင့် ဦးဘသက်သည် မျက်စေ့ကိုမှိတ်ခါ ငသော့ဆီသို့ မေတ္တာပို့နေလိုက်တော့၏"

ဗုဒ္ဓံပူဇေမိ ကိုသော့ စိတ်ချမ်းသာပါစေ၊
ကိုယ်ကျန်းမာပါစေ။
ဓမ္မံပူဇေမိ ကိုသော့ စိတ်ချမ်းသာပါစေ၊
ကိုယ်ကျန်းမာပါစေ။
သံဃံပူဇေမိ ကိုသော့ စိတ်ချမ်းသာပါစေ၊
ကိုယ်ကျန်းမာပါစေ။

မေတ္တာပို့ဆုံးသည်နှင့် ငသော့ထံမှ ကိုင်းကွာဟူသော အားယူသံနှင့်အတူ ဓားရောင်သည် လက်ကနဲဖြစ်သွား၏။ ဒုတ်ဟူသောအသံတစ်သံကို ကြားလိုက်ရပြီး ဇက်ပိုးသည်ပူကနဲဖြစ်သွား၏။ ငါတော့ သွားပြီဟူသောအားလျှော့ခြင်းနှင့်အတူ ဦးဘသက်လဲကျပြီး ခေတ္တသတိလစ်သွား၏။

သတိပြန်ရသောအခါ ဦးဘသက် သူ့လည်ပင်းနှင့် ခေါင်းတို့ကိုစမ်းကြည့်၏။ ဘာမှမဖြစ်သေးလည်းမရှိ။ သူမသေသေးသည်မှာသေချာသွား၏။ ထိုအချိန်တွင် ငိုရှိုက်သံကို ကြားရသဖြင့် ဘေးဘီကိုအကဲ

www.dhammaransi.com



ခတ်ကြည့်ရာ သော့တစ်ယောက်သူ့ကို ဦးချရှိခိုးရင်း ငိုနေသည်ကိုတွေ့ရ၏။

ဦးဘသက် ဘာမှနားမလည်တော့၊ ဘာတွေဖြစ်ကုန်ပြီနည်း သူသည် သော့ကို မြေပြင်မှဆွဲထူရင်း မေးလိုက်၏။

"ကိုသော့ ခင်ဗျားထက်ငယ်တဲ့ ကျွန်တော့်ကို ဘာဖြစ်လို့ရှိခိုးနေတာလဲ၊ ကျွန်တော်ငရဲကြီးလိမ့်မယ် မရှိခိုးပါနဲ့ဗျာ"

"ဘသက် ငါဟာအသက်ကြီးသလောက် အချိန်မစီးတဲ့ကောင်ပါကွာ၊ အသောက်အစားလောင်းကစားနဲ့ အချိန်ကုန်နေတဲ့ လူ့တိရစ္ဆာန်တစ်ကောင်ပါ။ သေခါနီးအချိန်ထိ မေတ္တာပွားနေတဲ့ မင်းအပေါ်မှာတောင် လောဘခိုးမှုန်နေတဲ့ ငါဟာသနားစိတ်မဝင်ပ်ဘူး၊ ဓားနဲ့ ခုတ်ဖြစ်အောင်ခုတ်လိုက်သေးတယ်။ ငါမိုက်မဲလွန်းအားကြီးပါတယ်ကွာ၊ ငါ့ကို ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ်ဗျာ၊ ဒါနဲ့ခင်ဗျားဓားနဲ့ သေချာချိန်ခုတ်တာ ကျွန်တော့်ဇက်ပိုးကို မခုတ်မိဘူးလား"

"မခုတ်မိဘူးကွ၊ သစ်ကိုင်းတစ်ကိုင်း အပေါ်ကနေ ရုတ်တရက် ကျိုးကျလာပြီး မင်းနဲ့ငါနဲ့ကြားထဲမှာ ကျလာတယ်"

သူ၏ဇက်ပိုး ပူကနဲဖြစ်သွားသည်မှာ ကျိုးကျလာသော သစ်ကိုင်းများနှင့် ရိုက်မိခြင်းဖြစ်ကြောင်း သဘောပေါက်သွား၏။

"ငါ့လက်ထဲက ဓားလည်းအလိုလို အပေါ်မြောက်တက်သွားပြီ ငါ့ခေါင်းပေါ်ကို ဓားချွန်နဲ့ထောင်ပြီးကျလာတယ်၊ ငါမနည်းရှောင်လိုက်ရတယ်ကွာ၊ ငါ့တစ်သက်မှာဒီလိုမျိုးတစ်ခါမှ မတွေ့ဘူးပါဘူး၊ ပြီးတော့ သစ်ပင်ပေါ်ကနေ ငါ့ကိုကျိန်ဆဲတဲ့အသံတွေကိုလည်း ပီပီသသကြီး ကြားရတယ်"

"နတ်ကောင်းနတ်မြတ်တွေက သူတော်ကောင်းကိုသတ်ဖြတ်တဲ့ ငါ့ကိုပြန်ဒဏ်ခတ်တာပေါ့ကွာ၊ ဒါကြောင့် မင်းကိုမှ မကန်တော့ရင် ငါ့ခေါင်းရှစ်စိတ်ကွဲလိမ့်မယ်ဆိုပြီး မင်းကိုဦးချနေလိုက်တာပဲ၊ ငါ့ကိုခွင့်လွှတ်ပါကွာ၊ နောက်နောင်ငါ့တစ်သက်တာကာလပတ်လုံး မကောင်းမှုမှန်သမျှ ဘယ်တော့မှမလုပ်တော့ပါဘူးလို့ ကတိပြုပါတယ်ကွာ"

www.dhammaransi.com



ကိုနေ့မှစ၍ မေတ္တာသမားဦးဘသက်ကို အကြောင်းပြုပြီး ငသော့တစ်ယောက် တကယ့်သူတော်ကောင်းကြီးဖြစ်သွားခဲ့၏။

ဒေါသအပူမီးကို လက်ခံသိမ်းပိုက်မိသူသည်
ပထမ မိမိကိုယ်တိုင်ပူလောင်၏။
ဒုတိယသူတစ်ပါးကို ပူလောင်စေ၏။
တတိယ ငရဲပြည်သို့ ရောက်၏။
မေတ္တာအအေးဓာတ်ကိုလက်ခံသိမ်းပိုက်မိသူသည်
ပထမ မိမိကိုယ်တိုင်အေးချမ်း၏
ဒုတိယသူတစ်ပါးကို အေးချမ်းစေ၏။
တတိယဗြဟ္မာ့ပြည်သို့ ရောက်၏။

## ခြင်္သေ့မင်း နှင့် မေတ္တာ

ဤကား မေတ္တာဘာဝနာဟူသော ချစ်ဝတ်ကိုလူပုဂ္ဂိုလ်ဝတ်လျှင် ထိုလူပုဂ္ဂိုလ်အန္တရာယ်က ကင်းလွတ်ပုံလက်တွေ့ သာဓကပင်ဖြစ်၏။ အောက်ထစ်ဆုံးအားဖြင့် မေတ္တာဟူသော ချစ်ဝတ်ကို တိရစ္ဆာန်က ဝတ်ဆင်ခဲ့လျှင် ထိုတိရစ္ဆာန်သည် အန္တရာယ်က ကင်းလွတ်မည်ဟု ဆိုခဲ့၏။ ထိုအဆိုကို လက်တွေ့အထောက်အထားပြအံ့။

သိဟိုဠ် မဟာဝင်ကျမ်း၌ သီဟဗာဟု ဟူသောမင်းတစ်ပါး အကြောင်းကို ပြဆိုထား၏။ ဘင်္ဂလားမှဆက်သလိုက်သော မင်းသမီး တစ်ပါးသည် တောထဲရောက်သွားပြီး ခြင်္သေ့ကြီးတစ်ကောင်နှင့် သင့်မြတ်ကာ သားတစ်ယောက်ရ၏။ ခြင်္သေ့နှင့်ရသော သားဖြစ်သောကြောင့် သီဟဗာဟု ဟူသောအမည်ကိုပေး၏။ ခြင်္သေ့တစ်ကောင်နှင့် ညီမျှသော အားအစွမ်း ရှိ၏။

ခြင်္သေ့ကြီးသည် သားနှင့်မယားကို ကောင်းမွန်စွာရှာဖွေကျွေး မွေး၏။ ခြင်္သေ့ကြီးအစာရှာထွက်ချိန်တွင်ဂူပေါက်ကြီးကို ကျောက်တုံးကြီး တစ်တုံးနှင့် ပိတ်ခဲ့၏။ ကျောက်တုံးကြီးသည် သာမန်ယောကျ်ား ဆယ်ယောက်လောက်၏အားဖြင့်ပင် ဖယ်ရှား၍မရနိုင်ပေ။ သီဟဗာဟု အရွယ်ရောက်သောအခါ ဖခင်ခြင်္သေ့ကြီးနှင့် မနေလိုသဖြင့် ကျောက်တုံးကြီးကို ဖယ်ကာ မိခင်ကိုထမ်းပြီးမြို့ထဲသို့ ထွက်ပြေး၏။

www.dhammaransi.com



ခြင်္သေ့ကြီးပြန်လာ၍ သားနှင့်မယားကို မတွေ့ရသောအခါ မစိတ်မွန်ပြီး မြို့ခွန်ရွာဖျားသို့ ဝင်ရောက်ဖျက်ဆီး၏။ သားနှင့်မယားကိုရှာရင်း ဖျက်ဆီးမိခြင်းဖြစ်၏။ ထို့ကြောင့် ဘုရင်ကခြင်္သေ့ကြီးကို နှိမ်နှင်းနိုင်မည့် သူရဲကောင်းကို မောင်းကြေးနင်းထုပြီး ရှာစေ၏။ သီဟဗာဟုက နှိမ်နှင်းရန်တာဝန်ခံ၏။ ဘုရင်ကခြင်္သေ့ကြီးကို အောင်မြင်လျှင် ရှင်ဘုရင်ရာထူးကိုပါ ပေးမည်ဖြစ်ကြောင်း ကတိပြု၏။

လေး မြှား ကိုဆွဲယူကာ ထွက်လာသော သီဟဗာဟုနှင့် ဖခင်ခြင်္သေ့ကြီးတို့ တောစပ်တစ်ခုတွင် ရင်ဆိုင်တွေ့ကြ၏။ ခြင်္သေ့ကြီးက သားဟူသော မေတ္တာစိတ်ဖြင့် ဝမ်းသာစွာလှမ်းကြည့်နေ၏၊ သီဟဗာဟုက သတ်မည်ဟူသော ဒေါသစိတ်ဖြင့် မြှားနှင့်ချိန်ကာ တစ်စင်းပြီးတစ်စင်းလွှတ်၏။ ခြင်္သေ့ကြီး၏ သားအပေါ်ထားသော မေတ္တာစိတ်ကြောင့် မြှားများသည် ခြင်္သေ့ကိုမထိ မြေကြီးပေါ်သို့သာ ပုံကျသွား၏။

ခြင်္သေ့ကြီးပွားနေသော မေတ္တာကား အပ္ပနာအဆင့်သို့ရောက်သည့်အဆင့်မြင့်မေတ္တာမဟုတ်သေးပေ။ သားသမီးအပေါ်ကို မိဘကချစ်သော ဂေဟာသိတပေမ ချစ်ခြင်းမေတ္တာမျိုးသာဖြစ်၏။ ထိုမေတ္တာမျိုးသည်ပင် မိမိထံလာနေသော မြှားများကိုမြေ၌ပုံကျစေနိုင်သေးရာ အပ္ပနာ (ဈာန်) အဆင့်သို့ ရောက်သောမေတ္တာမျိုးဆိုလျှင် မည်မျှလောက် ထိစွမ်းမည်ဆိုသည်ကို မှန်းဆကြည့်နိုင်၏။

တစ်စင်းခြင်းပစ်လွှတ်နေသော မြှားများသည် ကုန်တော့မည်၊ တစ်စင်းသာကျန်တော့သည်။ ထိုအချိန်တွင် ခြင်္သေ့ကြီးသည် ဒေါသထွက်လာ၏။ မေတ္တာစိတ်ပျောက်သွား၏။ ဒီကောင်ငါ့ကို သေအောင်ပစ်နေတာပဲ၊ သူ့ကိုမေတ္တာထားမယ့်အစား ကိုက်သတ်ပစ်တာကောင်းတယ်ဟုတွေးကာ ပါးစပ်ဟပြီးဟိန်းလိုက်၏။

ထိုသို့မေတ္တာစိတ်ပျောက်ပြီး ဒေါသစိတ်ဖြစ်နေသောအချိန်တွင် သီဟဗာဟု ပစ်လိုက်သောမြှားသည် ခြင်္သေ့ကြီး၏ အာခေါင်ကိုဖောက်ပြီး ခေါင်းမှထွက်သွားတော့၏။ မေတ္တာခြုံမှလုံသည်ဟူသော စကားအဓိပ္ပါယ်သည် ထင်ရှားလှ၏။ ခြင်္သေ့ကြီးကို နှိမ်နင်းပြီးသည်နှင့် သီဟဗာဟုသည် သီဟိုဠ်၌ မင်းဖြစ်၏။

မင်းဖြစ်သောအခါ ခေါင်းကိုက်သောရောဂါအကြီးအကျယ်ဖြစ်၏။ မည်သည့်ဆေးနှင့်မှ ကု၍မရ၊ ပညာရှိများကိုမေးကြည့်သော

www.dhammaransi.com



အခါ ပခင်ဖြစ်ခဲ့သော ခြသေ့်ကိုသတ်ခဲ့သော အကုသိုလ်ကြောင့်ဟုသိရ၏။ ထိုအပြစ်ကျေစေလိုလျှင် ခြသေ့်ရုပ်ထုပြီး ရှိခိုးရမည်ဟုအကြံပြုကြ၏။

ထိုအခါ သီဟတာဟုမင်းသည် ခြသေ့်ရုပ်ကြီးသက်သက်ကို ရှိခိုးရမှာရှက်သောကြောင့် စေတီတစ်ဆူတည်ပြီး ခြသေ့်ရုပ်ထုလုပ်လိုက်၏။ ထို့နောက် ခပ်လှမ်းလှမ်းမှ ခြသေ့်ရုပ်ကို ရှိခိုး၏။ အများ၏အမြင်တွင် စေတီကိုရှိခိုးသည်ဟု ထင်စေရန်ဖြစ်၏။ ထိုသို့ရှိခိုးပြီးမှ ခေါင်းကိုက်ရောဂါပျောက်၏။ ထိုမှစ၍ စေတီအေးတွင် ခြသေ့်ရုပ်ထုလုပ်သော အလေ့အကျင့်ရှိလာသည်ဟုဆိုကြ၏။

မှတ်ချက်။ ။ မေတ္တာဘာဝနာနှင့် ပတ်သက်၍ ယခုထက် အကျယ်သိလိုလျှင် ကျွန်ုပ်ရေးသားသော မေတ္တာအစွမ်းဖွံ့မခန်း စာအုပ်တွင်ဆက်လက်ဖတ်ရှုနိုင်ပေသည်။

အီတလီဘုန်းတော်ကြီး ဦးလောကနာထ တူရကီနယ်စပ်တွင် ကြုံတွေ့ရသော အသက်အန္တရာယ်ကို မေတ္တာဘာဝနာဖြင့် ကျော်လွှားနိုင်ခဲ့ပုံမှတစ်ဆင့် မေတ္တာစွမ်းအားများကို အလျှင်းသင့်သလိုရေးသားရာ အတော်ပြည့်စုံသွားပေပြီ။ ဦးလောကနာထသည် ပြင်ဦးလွင်တွင် ပျံလွန် တော်မူသည်အထိ သီတင်းသုံးသွားခဲ့၏။

ဗုဒ္ဓဘာသာသည် တန်ဖိုးသိသူအတွက် အင်မတန် တန်ဖိုးရှိ၏။ ဘာသာခြားမှ ဗုဒ္ဓဘာသာဖြစ်လာသူများသည် ဗုဒ္ဓဘာသာကို အဘယ်မျှအထိတန်ဖိုးထားသည်နည်း။ ရန်ကုန်မြို့မှ သာသနာရေးအရာရှိ ဦးဟန်ဋ္ဌေးကို ဦးလောကနာထ ပြောခဲ့သော စကားလေးတစ်ခွန်းကို မြန်မာပြည်မှ ဗုဒ္ဓဘာသာအားလုံးသိစေချင်၏။

## ဗုဒ္ဓဘာသာကို အသက်ထက်တန်ဖိုးထားသည်

ဒကာကြီး ဦးဟန်ဋ္ဌေး မြန်မာပြည်က ဗုဒ္ဓဘာသာတွေဟာ ဘုရင့်သားကနေ ဘုရင်ဖြစ်လာတာနဲ့တူတယ်။ နိုင်ငံခြားဘာသာခြားကနေ ဗုဒ္ဓဘာသာဖြစ်လာသူတွေကတော့ ဆင်းရဲသားကနေ ဘုရင်ဖြစ်လာတာနဲ့တူတယ်။

www.dhammaransi.com



ဘုရင့်သားတော်ဘဝကနေ ဘုရင်ဖြစ်လာရ
တဲ့အခါ လွယ်ကူလွန်း အားကြီးတော့ ဘုရင်အဖြစ်ကို
တန်ဖိုးသိပ်မထားသလို မြန်မာပြည်သားများဟာလည်း
ဗုဒ္ဓဘာသာအဖြစ်ကို လွယ်လွယ်ကူကူရကြတော့ ဗုဒ္ဓ
ဘာသာ အဖြစ်ကို တန်ဖိုးမထားကြဘူး။

ဒါ့ကြောင့်လည်း ဝမ်းရေးလေးတစ်ခုလောက်
အတွက်နဲ့ ဘာသာပြောင်းကြတာပေါ့။ ဆင်းရဲသား
ဘဝကနေ ကျားကုတ်ကျားခဲကြိုးစားပြီး ဘုရင်ဖြစ်လာ
သူက ဘုရင်အဖြစ်ကို အလွန်တန်ဖိုးထားသလို

ကျုပ်တို့လို ဘာသာခြားဘဝကနေ အခက်
အခဲ များစွာကို ကျော်လွှားပြီးမှ ဗုဒ္ဓဘာသာဖြစ်လာသူ
တွေကတော့ ဗုဒ္ဓဘာသာကို အလွန်တန်ဖိုးထားတယ်။
ဘယ်လောက်ထိတန်ဖိုးထားသလဲဆိုရင် ဗုဒ္ဓဘာသာ
အဖြစ်ကို အသက်ထက် တန်ဖိုးထားတယ်။

*(အီတလီဘုန်းတော်ကြီး ဦးလောကနာထ)*

**ဘဝတန်ဖိုးဘာသာတန်ဖိုးကို သိပြီးသည့်နောက် ဘဝအနှစ်**
သာရ၊ ဘာသာအနှစ်သာရများကို ထုတ်ယူနည်းအခန်းသို့ရောက်ပေပြီ။
ယင်းတို့ကို မဖော်ပြမီလောဘ၊ ဒေါသစသော မကောင်းသော အကုသိုလ်
စိတ်များကြောင့် တကယ့်ရောဂါများဖြစ်ပွားပုံအကျယ်ကို တင်ပြဦးမည်။
ဤအကြောင်းအရာများကို လွန်ခဲ့သော ၃၅နှစ် (၁၉၆၆) ကထုတ်
ဝေခဲ့သော သိပ္ပံစိုးလှမြန်မာပြန်သည့် တစ်နှစ် ၃၆၅ ရက်ကျန်းမာနည်း
စာအုပ်မှရရှိပေသည်။

အမေရိကန်မှ သမားတော်ကြီး ဂျွန်အေရှင်ဒလာ စာတွေ့ကိုယ်
တွေ့ရေးသားထားသော စာအုပ်ဖြစ်၏။ ထိုစာအုပ်မျိုးကို နောက်တစ်
ကြိမ်တွေ့ဖို့ မလွယ်ကူပါ။ ကျွန်ုပ်သည်ပင်လျှင် ၂၀၀၃ ခုနှစ် တစ်လ
ပိုင်းလောက်တွင်မှ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် မလိဝမ်းကျေး
ရွာ ရွှေတောင်ဦးကျောင်းဆရာတော်ထံမှရရှိခြင်းဖြစ်၏။

ကျွန်ုပ်ကိုယ်တိုင်စိတ်ဝင်စားလွန်းသဖြင့် စာဖတ်သူများလည်း

www.dhammaransi.com



စိတ်ဝင်စားမည်ဟု ယူဆ၍ ကောင်းနိုးရာရာအချက်များကို ကူးယူဖော်ပြလိုက်ပေသည်။ ထိုစာအုပ်ကို ကျွန်ုပ်စိတ်ဝင်စားရခြင်း၏ လက်တွေ့အကြောင်းတစ်ခုကို ဖော်ပြအံ့။ ထိုစာအုပ်၏ အခန်းတစ်ခန်းတွင် ကျောင်းဆရာကြီးတစ်ယောက်သည် သူငယ်ချင်းတစ်ယောက် ဘဏ်မှငွေချေးရာ၌ အာမခံပေးလိုက်မိ၏။

ထိုသူငယ်ချင်းကားတိုက်ခံရသည်ဟူသော သတင်းကိုကြားသောအခါ ကျောင်းဆရာကြီးသည် ဘဏ်ချေးငွေများကို သူငယ်ချင်းဖြစ်သူ မပေးဆပ်နိုင်တော့၊ ငါသာပေးဆပ်ရတော့မည်ဟူသောအတွေးကြောင့် ဝမ်းဗိုက်အကြီးအကျယ်နာကာ အော့အန်သည်အထိ ရောဂါဖြစ်လာသဖြင့် ဆေးရုံတင်လိုက်ရ၏။

ဆရာဝန်များက ဆေးမျိုးစုံဖြင့် ကုသသော်လည်း ရောဂါက မပျောက်။ အဘယ်မှာပျောက်မည်နည်း စိတ်ကြောင့်ဖြစ်သောရောဂါဖြစ်၍ စိတ်ကို သောကပျောက်အောင်ကုသမှသာ ထိုရောဂါလည်းပျောက်မည်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက

**ဇလေန ဘဝတိ ပင်္က**
**ဇလေနေဝ ဝိသုဇ္ဈတိ**
**စိတ္တေန ဘဝတိ ပင်္က**
**စိတ္တေနေဝ ဝိသုဇ္ဈတိ၊**

ရေကြောင့်ဖြစ်သော ရွှံ့ညွှန်အညစ်အကြေးကို ရေဖြင့်သာ ဆေးကြောသန့်စင်ရ၏။ စိတ်ကြောင့်ဖြစ်သော ကိလေသာ အညစ်အကြေးကိုလည်း စိတ်ဖြင့်သာဆေးကြော သန့်စင်ရ၏။

ဟုဟောတော်မူခြင်းဖြစ်၏။ တစ်ရက်တွင်ကား ထိုကျောင်းဆရာကြီး၏ ရောဂါသည် လက်နှင့်ယူပစ်သလိုချက်ခြင်းပျောက်သွား၏။ အကြောင်းကို စုံစမ်းကြည့်သောအခါ သူ့သူငယ်ချင်းကဘဏ်ချေးငွေများကို ပြန်ဆပ်ပြီးကြောင်း သူ့ကိုလာပြောသည်နှင့် ရောဂါသည် ချက်ခြင်းပျောက်သွားခြင်းဖြစ်ကြောင်းသိရ၏။

www.dhammaransi.com


## သောကကြောင့်ဖြစ်သောရောဂါများ

ထိုဗိုက်နာရောဂါသည် သောကကြောင့်ဖြစ်ခြင်းဖြစ်၍ သော က ပျောက်သည်နှင့် ထိုဗိုက်နာရောဂါပျောက်သွားခြင်းဖြစ်၏။ ကျွန်ုပ်သည် သောကခေါ် ဒေါသကြောင့်ရောဂါဖြစ်ပုံအကြောင်းကို ဖတ်ရင်းအံ့သြ လျက်ရှိစဉ် ကိုယ်တွေ့အံ့သြဖွယ်ရာဖြစ်ရပ်ကို လက်တွေ့ကြုံရ၏။ ထိုရွှေ တောင်ဦးကျောင်းမှ ဦးပဥ္စင်းကြီးတစ်ပါးသည် ကော့သောင်းမြို့ပေါ်မှာ ကတည်းက ကျွန်ုပ်တရားကို နာကြားဘူးသဖြင့် ကျွန်ုပ်ကိုကြည်ညို၏။ သူတို့ကျောင်းသို့စရောက်သည့်နေ့ကပင် ရှမ်းသက်နီးတစ်စုံလာလှူ၏။

ကျောင်းဆရာကြီး၏ အကြောင်းအရာကိုဖတ်ပြီးသည့်နေ့မှာပင် ထိုဦးပဥ္စင်းကြီး ကျွန်ုပ်ထံကန်တော့လာရင်း စကားပြော၏။ သူ့မျက်နှာ သိပ်မကောင်းသဖြင့်

"ဦးပဥ္စင်းကြီး နေမကောင်းဘူးလား"

"မကောင်းဘူးဘုရား ဗိုက်နာနေလို့ ကော့သောင်းမြို့ပေါ်က ဆေးခန်းကိုသွားပြတာ ဘာရောဂါမှ ရှာမတွေ့ဘူးဘုရား"

"ဒါနဲ့ ဦးပဥ္စင်းကြီးမှာ စိတ်ဆင်းရဲစရာ အကြောင်းတစ်ခုခု ရှိမနေဘူးလား"

"ဟာ ဆရာတော်ဘယ်လိုလုပ်သိသလဲ၊ ရှိတယ်ဘုရား၊ တပည့် တော်အဖွားရဲ့ အသုဘမှာ နှမတွေက သင်္ဂြိုဟ်ဖို့ငွေလိုတယ်ပြောတာနဲ့ ကသာကညီဝမ်းကွဲဆီက ငွေတစ်သိန်းခွဲချေးပေးလိုက်တယ်။ အခု လေးလကျော်ကြာသွားပြီ နှမတွေက ညီဝမ်းကွဲရဲ့ငွေကို ခုထိပြန်မဆပ် ဘူး"

"အကျိုးအကြောင်းလဲ ဘာမှမပြောဘူးဘုရား၊ အဲဒီအတွက် တပည့်တော် စိတ်ဆင်းရဲနေတယ်ဘုရား"

"သေချာပြီ၊ ဦးပဥ္စင်းကြီးဖြစ်နေတဲ့ ဗိုက်နာရောဂါဟာ စိတ် သောကကြောင့်ဖြစ်တာပဲ၊ ဒါကြောင့် ဒီသောကစိတ်ကို အဝင်မခံဘဲ တရားပဲရှုမှတ်နေပါ၊ ငွေတစ်သိန်းခွဲဆိုတာ များတာမဟုတ်ပါဘူး။ပြီး တော့ တစ်မိမ်းငွေမှမဟုတ်ပဲ၊ ဒီလောက်ထိ ပူစရာမဟုတ်ပါဘူး၊ ဦးပဥ္စင်း ကြီးလဲ သဲအင်းဂူနည်းနဲ့ တရားရှုနေကျပဲ၊ သောကစိတ်ပေါ်မလာ အောင် တရားရှုကြည့်စမ်းပါ"

www.dhammaransi.com



"ဟုတ်နိုင်တယ်ဘုရား၊ ဆေးခန်းမှာ ရောဂါရှာတာ သုံးကြိမ်ရှိပြီ၊ ဘာမှမတွေ့ဘူးဆိုတော့ စိတ်သောကကြောင့် ဖြစ်တယ်ဆိုတာ ဟုတ်နိုင်တယ်ဘုရား၊ တပည့်တော်တရားကို ပိုမှတ်ပါ့မယ်"

"နှစ်ရက်သာကြာသည် ဦးပဥ္စင်းကြီး ဗိုက်နာရောဂါသည် ဘာဆေးမှ မစားရပဲပျောက်သွား၏။ ယိုကဲ့သို့ လက်တွေ့အသုံးဝင်သော စိတ်ဝင်စားဖွယ်ရာအကြောင်းများစွာပါသဖြင့် စာရှုသူများအတွက် ရွေးချယ်ကောက်နှုတ်ဖော်ပြရခြင်းဖြစ်ပါ၏။

## လူလောက နှင့် ချမ်းသာပျော်ရွှင်ခြင်း

ကမ္ဘာလောကပေါ် ဦးစအခါမှ ယနေ့တိုင်အောင်ဆိုလျှင် အသင်္ချေအနန္တမျှသောလူတို့သည် အသက်ထင်ရှားနေခဲ့ကြ သေခဲ့ကြဘူးလေပြီ။ ဤကဲ့သို့နေခဲ့သေခဲ့သော လူတိုင်း လူတိုင်းသည် မိမိ၏ တစ်သက်တာ၌ ချမ်းသာပျော်ရွှင်ခြင်းတည်းဟူသော ဘဝသုခကို အမြဲတမ်းရရှိခဲ့သည် မဟုတ်ချေ။ ထို့ကြောင့် ဤလူ့ဘုံကြီးကို ဒုက္ခဘုံကြီးဟူ၍ ခေါ်ကြလေသည်။

လူ့ဘဝ၌ တသက်ပတ်လုံးချမ်းသာပျော်ရွှင်စွာနေရအောင် မည်သည့်လူမျိုးမှ မတတ်နိုင်ခဲ့ကြချေ။

## ယမန်နှစ်ကမည်ကဲ့သို့နေခဲ့ရသနည်း

ချမ်းသာပျော်ရွှင်မှုနှင့် ပတ်သက်၍ သာဓကထင်ရှားအောင် မေးခွန်းတစ်ခုမေးလိုပေသည်။ ဤမေးခွန်းမှာ စာဖတ်သူသည် လွန်ခဲ့သည့် (၁) နှစ် သို့မဟုတ် (၃၆၅) ရက်အတွင်း သင့်အဖို့ မည်ကဲ့သို့နေထိုင်ခဲ့ပါသနည်းဟူသောမေးခွန်းဖြစ်၏။

ယမန်နှစ်ရက်ပေါင်း (၃၆၅) ရက်အတွင်း သင့်အဖို့ စိတ်ပျော်ရွှင်စရာအပေါင်းနှင့်ပြည့်ဝခဲ့ပါသလော။

စိတ်အေးလက်အေး လေကလေး တချွန်ချွန်နှင့်နေရသည့်ရက်ပေါင်းမည်မျှရှိခဲ့ပါသနည်း၊ သို့တည်းမဟုတ် အနည်းငယ်သောက ဖြစ်စရာမှအစ အခက်အခဲစိတ်မချမ်းသာစရာ မည်မျှကြုံတွေ့ခဲ့ရပါသနည်း။ ဤမေးခွန်းမျိုးကို မေးသောအခါ အဖြေမှာ မခဲယဉ်းလှပါပေ။ စာဖတ်သူ

www.dhammaransi.com



နှင့်အလားတူဖြစ်သော လူတိုင်းလူတိုင်းအဖို့ လွန်ခဲ့သည့် (၃၆၅) ရက်အတွင်း ချမ်းသာပျော်ရွှင်စရာနှင့်ကြုံရသည့်နည်းတူ ကြောင့်ကြစရာကိစ္စ (သို့မဟုတ် ) အခက်အခဲ သို့မဟုတ် စိတ်မချမ်းသာစရာအမျိုးမျိုးနှင့် အနည်းနှင့် အများတွေ့ကြုံခဲ့ကြရမည်သာဖြစ်ပေ၏။

## လူတို့၏အခြေအနေမှန်

လူပေါင်းများစွာတို့သည် လူရှေ့သူရှေ့၌ မည်မျှပင်ဟန်ဆောင်၍ နေကြရသော်လည်း အမှန်အားဖြင့်မူကား စိတ်ထဲ၌ သောကဖြစ်စရာ စိုးရိမ်စရာပူပန်စရာ မြောက်များစွာတို့ကို သိမ်းထားကြသူများဖြစ်၏။ လူတို့၏ စိတ်သည် ကြောင့်ကြမှုများစွာကို အမြဲလက်ခံ၍ထားကြလေသည်။

များစွာသော လူတို့၏ စိတ်ထဲ၌ စိုးရိမ်စရာများစွာရှိ၏။ ကြောက်ရွံ့စရာများစွာရှိ၏။ စိတ်တိုစရာ စိတ်ရှုပ်စရာလည်းများစွာရှိ၏။ ထို့ကြောင့် သူတို့ဘဝမှာ အမှန်အားဖြင့် တင်းပြည့်ကျပ်ပြည့်ချမ်းသာသည်ဟု မဆိုနိုင်တော့ချေ။ ဤလောက၌ နေခဲ့သေခဲ့သော ကုဋေကုဋာများစွာသော လူတို့၏ ဘဝမှာ ဤအတိုင်းပင်ဖြစ်ခဲ့၏။ ထို့ကြောင့် ဤလူ့ဘုံကြီးကို ဒုက္ခဘုံဟုဆိုကြခြင်းဖြစ်လေသည်။

အမှန်မှာကား လူတို့သည် ရခဲလှသော လူ့ဘဝ၌ ပျော်ရွှင်ချမ်းသာစွာ နေထိုင်နည်းကိုမသိခဲ့ နားမလည်ခဲ့သောကြောင့်ဖြစ်လေသည်။

## ချမ်းသာအောင် နေတတ်လျှင် ချမ်းသာမည်

စင်စစ်အားဖြင့် လူ့ဘဝဆိုသည်မှာ ဒုက္ခဖြင့် ဤမျှပြည့်နေစရာမဟုတ်ချေ။ ချမ်းသာအောင်နေတတ်လျှင် ချမ်းသာသုခရှိနိုင်ပါသည်။ စာဖတ်သူကိုယ်တိုင်ပင် စိတ်၏ ချမ်းသာစွာနေထိုင်နည်းကိုသိလျှင် မိမိဘဝကို ပျော်ရွှင်စရာဖြစ်အောင် ဖန်တီး၍ ယူနိုင်ပါသည်။ ထို့ကြောင့် ချမ်းသာစွာ နေထိုင်နိုင်နည်းကို သိတတ်ဖို့လိုပါသည်။

ယခုခေတ်ကား သိပ္ပံပညာအထူးတိုးတက်သော ၂၁ ရာစုခေတ်ဖြစ်ပါသည်။ ခေတ်သစ်စိတ္တဗေဒပညာ (သို့မဟုတ် စိတ်ပညာ) နှင့် စိတ်ရောဂါကုပညာတို့မှာ တဟုန်ထိုးတိုးတက်နေသောကြောင့် လူ

www.dhammaransi.com



လောက၌ ချမ်းသာပျော်ရွှင်စွာနေထိုင်နိုင်အောင် စိတ်ကို ပြုပြင်ပေးသည့် နည်းပေါင်းများစွာမှာလည်း တိုးတက်နေပါပြီ။ ဤစာအုပ်၏ ရည်ရွယ်ချက်မှာ စိတ်ပညာနှင့် ပတ်သက်၍ လက်တွေ့လိုက်နာကျင့်သုံးနိုင်သော နည်းသစ်နည်းဆန်းများကိုဖေါ်ပြရန်ဖြစ်ပါသည်။ စာဖတ်သူအား လွန်ခဲ့သည့် (၃၆၅) ရက်အတွင်းက နေခဲ့ရသော အခြေအနေနှင့်မတူအောင် ရွှေ့အဖို့စိတ်ကိုပြုပြင်နေထိုင်နည်းများကို ညွှန်ပြသွားရန်ရည် ရွယ်ပေသည်။

ဤနည်းများကို လိုက်နာကျင့်သုံးပါက စာဖတ်သူ၏ဘဝသည် ရှေးကနှင့်မတူဘဲ ချမ်းသာစိုပြည်လာမည်ဖြစ်ပါသည်။

## ဤစာအုပ်ပါနည်းများသည် လက်တွေ့စမ်းသပ်ပြီးဖြစ်၏

ဤစာအုပ်၌ ဖေါ်ပြလတ့်သော စိတ်ပြုပြင်နည်းများစွာတို့မှာ အမေရိကန်ပြည်အနောက်အလယ်ပိုင်းဒေသရှိ ဆေးကုဌာနကြီးတစ်ခုတွင် နှစ်ပေါင်း (၂၀)တိုင်တိုင် လက်တွေ့စမ်းသပ်လုပ်ကိုင်ခဲ့သော နည်းများ ဖြစ်လေသည်။ တွေ့ကြုံသမျှ အမှားတို့ကိုလည်း ပြုပြင်ပြီးဖြစ်၏။ ထောင်ပေါင်းများစွာသော လူတို့အားလည်း ချမ်းသာပျော်ရွှင်စွာနေထိုင်နိုင်သည့်နည်းများကို လက်တွေ့သင်ပြပေး ပြီးဖြစ်၏။

## အနေမတတ်၍ ရောဂါရခြင်း

ယခုခေတ်၌ ရောဂါမျိုးစုံဖြင့် ဆရာဝန်ထံသို့ရောက်ရှိရသော လူနာများစွာမှာ အနေအထိုင်မတတ်သဖြင့် ရောဂါကြီးငယ်ရရှိလာကြသူများဖြစ်၏။

"ဆရာရယ် ကျွန်တော့်ရောဂါဟာ ဘာမှထွေထွေထူးထူးတော့ မရှိပါဘူး။ ကိုယ်တွေ လက်တွေ ကိုက်ခဲတောင့်တင်းပြီး နေတာတစ်ခုပါပဲ၊ တစ်ခြားကြီးကြီးကျယ်ကျယ်ဖြစ်တာမဟုတ်ပါဘူး"

ဟုပြောပြသူ လူနာများစွာကိုတွေ့ဘူးလေသည်။ ထိုလူနာတို့ကို အသေအချာစစ်ဆေးကြည့်ရှုသောအခါ ထိုသူတို့မှာ စိတ်အေးလက်အေး မထားတတ်မနေတတ်သဖြင့် ကိုယ်၌ ရောဂါရလာသူများဖြစ်ကြောင်း တွေ့ရှိရလေသည်။

www.dhammaransi.com



## လူသည် စိတ်မချမ်းသာမှုကို ရှာတတ်သော သတ္တဝါဖြစ်၏

အမှန်အားဖြင့် အထက်၌ဖော်ပြခဲ့သော လူနာမျိုးတွေမှာ မိမိတို့သည် စိတ်၏ ဆင်းရဲခြင်းဖြစ်သောကြောင့် ကိုယ်၌ ရောဂါရလာခြင်းဖြစ်သည်ကို မသိကြပေ။ ဆရာဝန်ထံသို့ ကိုယ်၏ရောဂါကို ကုသရန်အတွက်သာရောက်ရှိလာခဲ့ကြ၏။ ဆရာဝန်ရှေ့တွင် သာမန်အားဖြင့် မိမိမှာ ဘာမှပူစရာပင်စရာမရှိ စိတ်ပျော်ရွှင်စွာနေနိုင်သူတစ်ဦးဖြစ်သည်ဟု ဟန်ဆောင်ကြလေသည်။

အမှန်မှာမူကား စိတ်ထဲတွင် မချမ်းသာစရာကိစ္စတွေတစ်ပြုံတစ်ခေါင်းကြီးရှိသူများသာဖြစ်ကြလေသည်။ ထို့ကြောင့် ဆရာဝန်က သူ၏အဖြစ်အပျက်အမှန်ကိုသိရှိရန် ကြိုးစားယူရ၏။ မိမိအပေါ်၌ လူနာက ယုံကြည်လာအောင် ကိုးစားလာအောင် ကြိုးစားရလေသည်။

ဤကဲ့သို့ ဆရာဝန်အပေါ်တွင် အားကိုးယုံကြည်စိတ်တကယ်ရှိသွားသောအခါ လူနာသည် မိမိ၏ ဘဝနှင့်ပတ်သက်၍ ပြောစရာရှိသမျှကို မကွယ်မဝှက်ပြောပြလာ၏။ ထိုအခါတွင်မှ သူ့စိတ်ထဲ၌သောကဖြစ်နေရပုံ အဖုံဖုံတို့မှာ ဘူးပေါ်သလို ပေါ်၍လာရလေသည်။

လူဟူသည်မှာ စိတ်မချမ်းသာမှုကို ကြံကြံဖန်ဖန်တွေး၍ရှာတတ်သောသတ္တဝါတစ်မျိုးဖြစ်လေရာ မိမိစိတ်ထဲ၌ ဖြစ်ပေါ်နေသည့် သောကမျိုးစုံကို အဆန်းဟုမထင်တော့ပဲ လူတိုင်းကြုံတွေ့လက်ခံရသည့် အရာများဟု မှတ်ထင်နေ၏။ သောကများကို ဖျောက်ဖျက်၍ရကောင်းရမည်ဟု မထင်တော့ချေ။

ထို့ကြောင့် မည်သည့်ကိစ္စနှင့်ပတ်သက်၍မဆို မိမိ၌ စိုးရိမ်စရာ ပူပန်စရာကြုံတွေ့လာရလျှင် ထိုစိုးရိမ်စိတ် ပူပန်စိတ်တို့ကို ဖျောက်ဖျက်ရန် မကြိုးစားတော့ဘဲ ကြိတ်၍ခံတတ်ကြ၏။

## စိတ်ကြောင့် ကိုယ်တွင် အနာရောဂါလက္ခဏာများပေါ်ရ၏

လူနာများသည် ဆရာဝန်ထံသို့ ရောက်ရှိလာခြင်းမှာ မိမိတို့ကိုယ်ခန္ဓာ၌ အနာရောဂါတစ်ခုခု၏လက္ခဏာများကို တွေ့ကြုံခံစားလာရသောကြောင့်ဖြစ်၏။ ဤရောဂါလက္ခဏာများမှာ ရုပ်ခန္ဓာနှင့် သာသက်

www.dhammaransi.com



ဆိုင်သည်။ ကိုယ်တွင်းစိတ်နှင့် လုံးဝပတ်သက်ခြင်းမရှိဟု ထင်မြင်တတ်ကြလေသည်။ ထိုရောဂါလက္ခဏာများသည် စိတ်၌ သောကများလွန်းသောကြောင့် ဖြစ်ပေါ်လာခဲ့သည်ဟု မည်သည့်အခါမှ မထင်ကြပေ။

ရုပ်ခန္ဓာနှင့်စိတ်စေတသိက်တို့မှာ တစ်သားတည်းဖြစ်သည်ဟူသောအချက်ကိုလည်း မသိကြချေ။ ထို့ကြောင့် မိမိ၏ စိတ်သောကများခြင်းကို ဖျောက်ဖျက်ရန် မည်သို့မျှမကြိုးစားဘဲ ကိုယ်ခန္ဓာတွင် နာကျင်ကိုက်ခဲလာခြင်း၊ တောင့်တင်းလာခြင်း၊ မောပမ်းလာခြင်းစသော ရောဂါဝေဒနာများကိုသာ ပျောက်အောင်ကုသရန် ဆရာဝန်ထံသို့ရောက်လာကြပေသည်။

ထိုအခါ၌ နားလည်သောဆရာဝန်က လူနာအားစိတ်သောကကိုပယ်ဖျောက်၍ ပျော်ရွှင်ချမ်းသာစွာနေထိုင်သွားလျှင် ရောဂါပျောက်ကင်းသွားလိမ့်မည်ဟုပြောသောအခါ လူနာမှာ ဆရာဝန်၏ စကားကိုနားမလည်ဘဲ အံ့အားသင့်၍နေတတ်လေသည်။

အဘယ်ကြောင့်ဆိုသော် လူတို့၏စိတ်ထဲ၌ ဤလောကကြီး တွင် စိတ်၏ချမ်းသာမှုဟူသည်မှာ မည်သို့မှမဖြစ်နိုင်။ ဘဝဟူသည်ကား စိတ်သောကဖြစ်စရာအကြောင်းမျိုးစုံနှင့်ပြည့်၍နေသည်ဟုထင်နေသောကြောင့်ဖြစ်လေသည်။ ဤသို့တွေးထင်နေခြင်းမှာ လူတို့၏မဟာအမှားတော်ပုံကြီးဖြစ်လေသည်။

သောကဟူသည်မှာ လူတို့က လက်ခံထားသောကြောင့် စိတ်တွင် တိန်းအောင်းနေခြင်းဖြစ်လေသည်။ လူတိုင်း လူတိုင်းသောကကိုလက်မခံ ဘဲနေနိုင်အောင်ကြိုးစားဖို့ လိုသည်။ ထိုအခါ၌ လူ၏ဘဝသည် ဘဝသစ်လိုဖြစ်၍ လာပေလိမ့်မည်။ စိတ်သောကဖြေဖျောက်နည်း အမှန်ကိုသိရန်သာ လိုလေသည်။

## လူတို့ခံစားရသော အနာရောဂါအပေါင်းတို့၏ ငါးဆယ်ရာနိုင်နှုန်းမှာ စိတ်ကြောင့်ဖြစ်၏

ပူပန်ခြင်း တုန်လှုပ်ခြင်းစသော စိတ်၏လှုပ်ရှားမှုများသည် လူ၏ ခန္ဓာကိုယ်ပေါ်၌ အနာရောဂါလက္ခဏာများ ဖြစ်ပေါ်၍လာတတ်

www.dhammaransi.com


နေသည်ကို သာမန်အားဖြင့် မသိကြချေ။ စိတ်လှုပ်ရှားမှုနှင့် ခန္ဓာကိုယ် ဆက်သွယ်နေသည်ကို ရိပ်မိသူအနည်းငယ်သာရှိပေလိမ့်မည်။

စိတ်မချမ်းသာစရာပကြည်သာစရာများစွာနှင့် တွေ့ကြုံနေရသူ တစ်ဦး၏ စိတ်မှာအလွန်ပင်ပန်းနွမ်းနယ်၍နေလေသည်။ ဤကဲ့သို့ စိတ် ပင်ပန်းလွန်းအားကြီးသောအခါ ကိုယ်ခန္ဓာ၌ ဝေဒနာများဖြစ်ပေါ်လာ တတ်လေသည်။ မိမိစိတ်ပင်ပန်းနေသည်ကို မိမိသိရှိဘို့လိုအပ်လေသည်။ စိတ်၏ပင်ပန်းမှုကို သတိမထားပဲသောကများစွာကို လက်ခံထားပါက ဝေဒနာမျိုးစုံဖြစ်ပေါ်လာတတ်လေသည်။

ဆရာဝန်ထံသို့ ကုသခြင်းခံရန် ရောက်ရှိလာကြသူ လူနာများ စွာအနက်မှ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ထက်ဝက်ခန့်မှာ စိတ်ကြောင့် ဖြစ်သောရောဂါဝေဒနာခံစားရသောအခါ ငွေကုန်ခြင်း၊ လူပန်းခြင်း၊ အချိန် ကုန်ခြင်းများ စွာဖြစ်လေရာ တိုင်းပြည်က အဖိုးတန်လုပ်အား များစွာ နစ်နာဆုံးရှုံးရလေသည်။ သက်ဆိုင်ရာ ဝေဒနာသည်များအဖို့ လည်း ဒုက္ခသုက္ခများစွာ ကြုံတွေ့ရလေတော့သည်။

## စိတ်ကြောင့်ဖြစ်သော ဝေဒနာများ

ဤစာအုပ်အစတွင် စိတ်ကြောင့်ဖြစ်သော ရောဂါဝေဒနာ များအကြောင်းကို ဖော်ပြရန် ရည်ရွယ်ပေသည်။ လူပေါင်းများစွာတို့ သည် ယခုခေတ်၌ ဖြစ်ပေါ်ခံစားနေရသော အနာရောဂါအပေါင်း၏ အကြောင်းရင်းတစ်ခုမှာ စိတ်သောကပင်ဖြစ်သည်ကိုမသိကြချေ။ ဤကဲ့သို့ကိုယ်ခန္ဓာရောဂါနှင့် စိတ်သောကတို့ ဆက်စွယ်နေခြင်းကို သိသည့်အခါ သောကကင်းစွာနေနိုင်အောင် ကြိုးစားလာကြပေလိမ့် မည်။

ဤစာအုပ်ပထမပိုင်းတွင် စိတ်ကြောင့်ရောဂါ အန္တရာယ်မည်သို့ ဖြစ်ပေါ်နိုင်သည်ကိုရှင်းလင်းဖော်ပြထားလေသည်။ ဤပညာမှာ ယခု ခေတ်၌ အလွန်သစ်ဆန်းသောပညာဖြစ်ပေ၏။ အမှန်အားဖြင့် ဤပညာ ကိုရှာဖွေတွေ့ရှိသည်မှာ နှစ်ပေါင်း (၃၀) ကျော်ပင်ရှိသေးသည်။

အခန်း (၁) တွင် စိတ်လှုပ်ရှားမှုအကြောင်းကို လူတိုင်း နားလည် နိုင်သောစကားပြေဖြင့် ကြိုးစား၍ ရှင်းလင်းဖော်ပြထားပေသည်။ ခက်ခဲ

www.dhammaransi.com


သော သိပ္ပံပညာဝေါဟာရ ဆေးပညာဝေါဟာရတို့ကို ကြိုးစား၍ ရှောင်ရှား ရေးသားထားပါသည်။ လူတို့၏ စိတ်လှုပ်ရှားမှုဆိုသည်မှာ ဆေးပညာ အားဖြင့်

"လိုဖာသာနာဝစ်ကြောအဖွဲ့" (auto non lionervous system) ဟု ခေါ်သည့်အာရုံကြောအစုအဝေးလှုပ်ရှားမှုကြောင့်ဖြစ်ပေါ်လာလေသည်၊ သို့ဖြစ်ရာ စိတ်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်သော ရောဂါဝေဒနာများကို နာဗ်ကြောခေါ် အာရုံကြောကြောင့်ဖြစ်သည့်ရောဂါများဟု သာမန် အားဖြင့်ခေါ်ကြလေသည်။

စိတ်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်သော ဝေဒနာများတွင် အရေးကြီးဆုံးမှာ ဦးနှောက်အောက်အတက် (Pituitary Gland)ခေါ် အာရုံကြောအဖွဲ့အစိတ်အပိုင်းမှ စတင်သောရောဂါဖြစ်လေသည်။ လူ၏ ဦးနှောက်မှာ ခန္ဓာကိုယ်အာရုံကြောအဖွဲ့တွင် အလွန်အရေးပါလေသည်၊

စိတ်၏ လှုပ်ရှားမှုသည် အာရုံကြောအဖွဲ့နှင့် မည်သို့သက်ဆိုင်နေသည်ကို ကနေဒါပြည် မွန်တရီယယ်မြို့ တက္ကသိုလ်မှ သုတေသနဆရာဝန်ကြီးတစ်ဦးဖြစ်သူ ဒေါက်တာဟဲန်ဆီလိုင်း (Dr. Hans Selye) ဆိုသူ ပုဂ္ဂိုလ်ကြီးက ၁၉၃၆ ခုနှစ်မှ အစပြု၍ သုတေသနပြုတုတ်ဖော် ရေးသားခဲ့လေသည်။

ဤစာအုပ် ဒုတိယပိုင်းတွင် စိတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ မည်သို့ရှောင်ရှားနိုင်မည်။ မည်သို့ပြုပြင်နိုင်မည်ဟူသော အကြောင်းများနှင့် နည်းလမ်းများကို ဖော်ပြထားလေသည်။ ခေတ်သစ်စိတ်ပညာနှင့် စိတ် ရောဂါကုဆရာဝန်များသည် စိတ်ချမ်းသာစွာနေနိုင်အောင် နည်းကောင်းများစွာဖြင့် လူနာများကို ကုသလေသည်။ ဤစာအုပ် ဒုတိယပိုင်း၌ ဖော်ပြထားသော လက်တွေ့နည်းများမှာ ကျွန်ုပ်ကိုယ်တိုင် မွန်နဂိုဆေးကုဌာန (Montoeclinic)၌ လူနာများကို နှစ်ပေါင်းများစွာ စမ်းသပ်ပြီး အောင်မြင် စွာကုသခဲ့သောနည်းများဖြစ်၏။ ဤနည်းများကိုလိုက်နာကျင့်သုံးလျှက် ချမ်းသာသုခခံစားခဲ့ရသော လူပေါင်းမြောက်များစွာရှိနေပေပြီ။

www.dhammaransi.com



## စိတ်၏ရင့်ကျက်ခြင်း

လူပေါင်းများစွာမှာ အသက်အရွယ်အားဖြင့် တဖြေးဖြေးကြီး၍ လာသော်လည်း စိတ်ကမူကားအသက်ကြီးသည်နှင့်အမျှ ရင့်ကျက်၍ မလာချေ။ တနည်းအားဖြင့်ဆိုရသော် အသက်ကြီးရင့်သလောက် စိတ်က မကြီးရင့်ဟုဆိုရပေမည်။ ကြီးပွားချမ်းသာ၍ အထက်တန်းသို့ရောက်ရှိနေသော လူပေါင်းများစွာပင် စိတ်ဓာတ်ရင့်ကျက်မှုမရှိသေးသည်ကို တွေ့ရတတ်လေသည်။

ဤသို့ စိတ်ဓာတ်မရင့်ကျက်သောအခါ လောကပြဿနာပေါင်းများစွာကို ကလေးစိတ်ဖြင့် ကြည့်ရှု၍ ဖြေရှင်းတတ်လေသည်။ ထို့ကြောင့် စိတ်သောကများစွာဖြစ်ကြရသည်။ စိတ်ဓာတ်ရင့်ကျက်မှုဆိုသည်မှာ အခြေခံသဘောတရားကိုနားလည်မှ ရင့်ကျက်အောင်ကြိုးစားနိုင်လေသည်။

အိမ်ထောင်စုတစ်ခု၌ ဖြစ်ပေါ်ရသော စိတ်လှုပ်ရှားစရာအကြောင်းများစွာမှာ အိမ်ထောင်စုဝင် သား သမီး၊ အမိ၊ အဘစသူတို့၏ စိတ်ဓာတ်မရင့်ကျက်မှုကြောင့် ပေါ်ပေါက်ရခြင်းဖြစ်လေသည်။ ထို့ကြောင့် တစ်အိမ်ထောင်လုံးစိတ်ဓာတ်ရင့်ကျက်လာအောင် ကြိုးစားနည်းကို အခန်း(၁၀)၌ဖော်ပြထားလေသည်။

## စိတ်လှုပ်ရှားမှုကြောင့်ရောဂါ အန္တရာယ်များဖြစ်ပေါ်ပုံ

စိတ်ကြောင့် ရောဂါဖြစ်သည်။ သို့မဟုတ် ဆေးပညာဝေါဟာရဖြင့်ဆိုသော် အာရုံကြောများကြောင့် ရောဂါဖြစ်သည်ဟူသောစကားကို လူသာမန်များအဖို့ နားမလည်နိုင်စရာဖြစ်၏။ ဤသို့နားမလည်သည်မှာလည်း မဆန်းချေ။ ဆေးပညာလောကတွင်ပင် ၁၉၃၆ ခုနှစ်တိုင်အောင် စိတ်လှုပ်ရှားမှုကြောင့် ကိုယ်ခန္ဓာ၌ရောဂါဖြစ်နိုင်သည်ဟူသော အချက်ကို အပြည့်အစုံနားမလည်ခဲ့သေးချေ။

ယခုထက်တိုင်အောင်ပင် ပညာမှာဆုံးခန်းတိုင်အောင်မရောက်သေး။ အစပျိုးရုံပင်ရှိသေးသည်ဟုဆိုနိုင်သည်။ စိတ်ကြောင့်ဖြစ် သောရောဂါဝေဒနာဆိုသည်မှာ အလွန်ထူးခြားသောရောဂါမျိုးဖြစ်လေသည်။

www.dhammaransi.com



ထူးခြားပုံမှာ ယခုခေတ်၌ ဆရာဝန်ထံသို့ရောက်ရသောလူနာများစွာ၏ ထက်ဝက် ကျော်ကျော်မှာ စိတ်လှုပ်ရှားမှုကြောင့်ရောဂါရလာသူများဖြစ်လေသည်။

တစ်နည်းအားဖြင့်ဆိုရသော် လူတို့ရသမျှ ရောဂါများ၏ တစ်ဝက် မှာ စိတ်လှုပ်ရှားမှုရောဂါဖြစ်လေသည်။ ယခုခေတ်ဆေးသိပ္ပံများ၌ သင်ကြားရသော ရောဂါဗေဒစာအုပ်များတွင် ရောဂါပေါင်းတစ်ထောင်ခန့်ကို ဖော်ပြထား၏။ ဤရောဂါများ၌ စိတ်ကြောင့်ဖြစ်သော ရောဂါအများဆုံး ပါဝင်လေသည်။

နှစ်အနည်းငယ်အတွင်းက အမေရိကန်ပြည် နယူးအော်လိယန်မြို့၌ အော့နာဆေးကုဌာန (Ocbsner clinic)သို့ ရောက်ရှိလာသော အစာအိမ်ရောဂါသည်ပေါင်း ငါးရာအနက် ၇၄% ရာခိုင်နှုန်းမှာ စိတ်လှုပ်ရှားမှုကြောင့် ရောဂါခံစားရသူများဖြစ်သည်ဟု ဖတ်ရှုရဘူးလေသည်။

၁၉၅၁ ခုနှစ်က အမေရိကန်ပြည် ယေးလ်တက္ကသိုလ် (Yale University)ရှိ ဆေးကုဌာနသို့ ရောက်ရှိလာသောလူနာ ၇၆% ရာခိုင်နှုန်းမှာ စိတ်လှုပ်ရှားမှုကြောင့် ကိုယ်ခန္ဓာရောဂါရရှိသူများဟုဆိုလေသည်။

## ခေတ်မီဆေးပညာနှင့် စိတ်လှုပ်ရှားမှုရောဂါများ

လူတိုင်းသည် တကြိမ်မဟုတ်တကြိမ်တွင် စိတ်လှုပ်ရှားမှုကြောင့် ရောဂါတစ်ခုခုကို ခံစားရမည်အမှန်ဖြစ်၏။ ထိုသို့ခံစားရသောအခါ ဆေးကု ရန် ဆရာဝန်ထံသို့ရောက်ရှိသွား၏။ သို့သော် ဆရာဝန်က လူနာ၏ရောဂါ မှာ စိတ်လှုပ်ရှားမှုကြောင့် ဖြစ်သည်ဟု ပြောပြမည်မဟုတ်ချေ။ ဤသို့ပြော မပြခြင်းမှာ အကြောင်းနှစ်မျိုးရှိသည်။

ပထမအကြောင်းကား ဆရာဝန်ကိုယ်တိုင်က စိတ်ကြောင့် ရောဂါ ဖြစ်တတ်သည်ကို နားလည်သော်လည်း အရပ်သားများကို ရှင်းပြလျှင် အရပ်သားများ ချက်ချင်း နားလည်နိုင်သေးမည် မဟုတ်သော ကြောင့် ဖြစ်၏။ ဒုတိယအကြောင်းမှာကား ဤသို့ပြောပြခြင်းဖြင့် ရောဂါ ကုသရာ၌ အကြောင်းမထူးသောကြောင့်ဖြစ်၏။

www.dhammaransi.com



အဘယ်ကြောင့်ဆိုသော် ဆရာဝန်တစ်ဦးက လူနာအား "ခင်ဗျား ရောဂါဟာ ဘာမှမဟုတ်ပါဘူး။ စိတ်လှုပ်ရှားလို့ဖြစ်တဲ့ရောဂါပါ" ဟု ပြောလိုက်လျှင် လူနာအဖို့ ဘာမှအကျိုးမရှိနိုင်ချေ။ စိတ်ပင်ဆိုးချေဦးမည်။ ထိုဆရာဝန်အပေါ်၌ ယုံကြည်ကိုးစားမှုမရှိတော့ဘဲ အခြားဆရာဝန်တစ်ဦးထံသို့ ပြောင်း၍ ကုသသွားမည်မှာ သေချာသလောက်ပင် ဖြစ်လေသည်။

အကယ်၍ လူနာအား တကယ်ယုံကြည်နားလည်လာအောင် ပြောပြမည်ဆိုလျှင်လည်း အချိန်များစွာ ကုန်ပေလိမ့်မည်၊ စိတ်လှုပ်ရှားမှုဆိုသည်မှာ အဘယ်အရာဖြစ်သည်၊ ဤသို့လှုပ်ရှားမှုကြောင့်

ရောဂါလက္ခဏာများမည်သို့ဖြစ်ပေါ်လာသည် စသည်တို့ကိုနားလည်အောင်ပြောပြသွန်သင်ရပေလိမ့်မည်။ ဤသို့အချိန်ကုန်ခံ၍ ရှင်းလင်းကုသနည်းကို ဆေးပညာဝေါဟာရအားဖြင့် စိတ်ကုထုံး (Psyco thelapy) ဟုခေါ်လေသည်။ သို့ရာတွင် ယခုခေတ်၌ရောဂါသည်များအား လုံလောက်သောစိတ်ကုထုံးဖြင့်ကုသရန် မဖြစ်နိုင်သေးချေ။

အဘယ့်ကြောင့်ဆိုသော်နည်းမှန်လမ်းမှန်ဖြင့်ကုသပါက စိတ်ကုထုံးသည် လူနာတစ်ဦးအတွက် နာရီ (၂၀) မျှလိုပေသည်။ တနည်းအားဖြင့်ဆိုသော် ဆရာဝန်တစ်ဦးလျှင် တစ်နေ့အတွက် အများဆုံးလူနာတစ်ဦးသာကုသပေးနိုင်မည့်နည်းမျိုးဖြစ်၏။ ယခုခေတ်၌ ဤသို့နည်းမှန်လမ်းမှန်ကုသပေးနိုင်အောင် ဆရာဝန်အလုံအလောက်မရှိသေးချေ။

အကယ်၍ဤလူနာမျိုးကို စိတ်ရောဂါကုဆရာဝန်များက သပ်သပ်ကုပေးသည်ထားဘိဦး။ စိတ်ရောဂါကုဆရာဝန်လုံလောက်စွာမရှိသေးပေ။ အနောက်နိုင်ငံ စံချိန်များအရ စိတ်ကြောင့်ရောဂါရရှိသူလူနာများတွင် လူတစ်ရာလျှင် တစ်ဦးလောက်သာစိတ်ရောဂါကုဆရာဝန်နှင့် ကုသခွင့်ရသည်ဟုသိရလေသည်။

သို့ဖြစ်လေရာ ကျန် ၉၉ ယောက်မျှသောရောဂါသည်တို့သည် သာမန်အထွေထွေကုဆရာဝန်များထံသို့ လာရောက်ကြရလေသည်။ ယင်းလူနာများကို ကုသနည်းမှာသူတို့ခံစားရသောဝေဒနာနှင့်ပတ်သက်၍ အလွယ်ကူဆုံးနည်းဖြင့် နားလည်အောင်ပြောပြပြီး ကုသခြင်းဖြစ်လေ

www.dhammaransi.com



သည်။ ဤနည်းမှာစနစ်မကျသောဖြစ်ကတတ်ဆန်း စိတ်ကုထုံးပင်ဖြစ်လေ၏။ ဤနည်းကို ကမ္ဘာပေါ်၌ ရှေးလွန်ခဲ့လေ ပြီးသောခေတ်များစွာက ပင်ပယောဂဆရာများအသုံးပြုခဲ့ကြဘူးပြီဖြစ်လေသည်။

ယခုခေတ်၌မူကား ဆရာဝန်များသည် လူနာအားသွေးအားတိုးသည်။ သွေးအားနည်းသည်၊ နှလုံးအားနည်းသည်အစရှိသည်ဖြင့် သူတို့နားလည်နိုင်သော ရောဂါလက္ခဏာအကြောင်းကိုသာ ဖော်ထုတ်ပြောပြ၍ ကုသပေးကြရလေသည်။ ဤသို့ကုသပေးနည်းမျိုးဖြင့် တစ်ရာလျှင် ခြောက်ဆယ်မျှသောလူနာများမှာ အခိုက်အတန့်အားဖြင့် ရောဂါသက်သာကြရလေသည်။

ထို့ကြောင့်လည်း ကမ္ဘာပေါ်၌ ဂိုက်တာမင်ဆေးလုံးများ တန်ဖိုးငွေကုဋေကုဋာထိအောင်ထုတ်လုပ်ရောင်းချနေရခြင်းဖြစ်လေသည်။ သို့သော် ဤသို့ဖြစ်ကတတ်ဆန်းစိတ်ကုထုံးများမှာ လူနာ၏စိတ်ရောဂါကိုပျောက်ကင်းသွားအောင်ပြုလုပ်နိုင်သည်မဟုတ်ချေ။ အခိုက်အတန့်မျှသာသက်သာ၍ ကြာသောအခါ နာတာရှည်ရောဂါအဖြစ်သို့ကူးပြောင်းသွားတတ်လေသည်။

တွေ့ရှိရသောစာရင်းများအရ ဤနည်းဖြင့် ကုသပေးသောလူနာတစ်ရာလျှင် ရှစ်ယောက်မျှသာရောဂါရှင်းရှင်းပျောက်သည်ဟု သိရလေသည်။ အကယ်၍ ဆရာဝန်ကလူနာ၏စိတ်ကိုပြောင်းလဲအောင်မတတ်နိုင်ပါက လူနာမှာ ရောဂါအမျိုးစုံဖြစ်မည်ကိုတွေး၍ ကြောက်နေသောစိတ်ရောဂါတစ်ခုပါထပ်၍တိုးလာတတ်လေသည်။

ဤစာရေးသူ၏ဆေးကုဌာနသို့ရောက်ရှိလာသော လူနာငါးယောက်အနက် သုံးယောက်ခန့်မှာ ဤကဲ့သို့ထပ်ဆင့်စိတ်ရောဂါရရှိလာသူများဖြစ်သည်ကိုတွေ့ရလေသည်။ အမေရိကန်ပြည်၌ ဤရောဂါမျိုးကိုသီးခြား၍ကုသပေးနိုင်သောနည်းလမ်းများကို ကြံဆရှာဖွေလျက်ရှိကြလေသည်။

နောင်နှစ်ပေါင်းနှစ်ဆယ်ခန့်ကြာသောအခါ၌ လိုအပ်သောလူနာများအား စိတ်ကုထုံးဖြင့် လုံလောက်စွာကုပေးနိုင်မည်ဟုမျှော်လင့်ရလေသည်။ ထိုအခါ ဆေးပညာကုသရေးရာဇဝင်သည် တစ်ဆင့်တိုးတက်လာပြီဟုဆိုရပေလိမ့်မည်။

www.dhammaransi.com



## စိတ်ကြောင့်ဖြစ်သောရောဂါသည် ကိုယ်ခန္ဓာ၌တကယ်ခံစားရသည့်ရောဂါဖြစ်၏

စိတ်ကြောင့်ဖြစ်သောရောဂါများဟူရာ၌ လူနာ၏ခန္ဓာကိုယ်တွင် ရောဂါအမှန်မရှိဘဲ စိတ်ကတွေးထင်ဖြင်းမျှသာဖြစ်သည်ဟု မဆိုလိုပေ။ စိတ်၏လှုပ်ရှားမှုကြောင့် ခန္ဓာကိုယ်၌အမှန်ပင်ရောဂါလက္ခဏာများ ပေါ် ပေါက်၍ တကယ်ရောဂါဖြစ်လာခြင်းကို ဆိုလိုပေသည်။ အောက်တွင် စိတ်လှုပ်ရှားမှုကြောင့် ခန္ဓာကိုယ်၌ အမှန်ပေါ်ပေါက်လာသော လက္ခဏာများကို စာရင်းပြုလုပ် ၍ဖော်ပြလိုက်ရပေသည်၊

ပြထားသော ရာခိုင်နှုန်းများမှာ လူနာတစ်ရာလျှင် စိတ်ကြောင့်တကယ်ရောဂါရရှိသည့်ဦးရေကိုဖော်ပြလေသည်။ ဤစာရင်းကို ကြည့်လျှင် လူတိုင်းလိုလို ဖြစ်ဖူးတတ်သောအနာများစွာသည် စိတ်ကြောင့်ဖြစ်ပေါ်လာသည်ကိုတွေ့နိုင်သည်။ သို့သော် သာမန်ရောဂါများသာမဟုတ်။ တကယ်ဆိုးရွားသော အသက်အန္တရာယ် ဖြစ်စေလောက်သည့်ရောဂါများမှာလည်း စိတ်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်နိုင်လေသည်။

| ရောဂါအမျိုးအမည် | ရာခိုင်နှုန်း |
|---|---|
| ဇက်ကြောတောင့်ခြင်း | ၇၅ |
| လည်ချောင်းတွင်အလုံးဆို့ခြင်း | ၉၀ |
| အစာအိမ်၌အနာဖြစ်သကဲ့သို့ဗိုက်နာခြင်း | ၅၀ |
| သည်းခြေ၌အနာဖြစ်သကဲ့သို့ဗိုက်နာခြင်း | ၅၀ |
| လေပွ လေထိုးခြင်း | ၉၉ မှ ၁၀၀ |
| ခေါင်းမူးခြင်း | ၈၀ |
| ခေါင်းကိုက်ခြင်း | ၈၀ |
| ဝမ်းချုပ်ခြင်း | ၇၀ |
| မောပန်းခြင်း | ၉၀ |

www.dhammaransi.com



## ဗဟုသုတရှိသူများတွင်စိတ်ကြောင့် ပို၍ရောဂါရတတ်၏

စာပေဗဟုသုတအကြားအမြင်ကြွယ်ဝသူတို့မှာ မိမိတို့အဖို့ ဗဟုသုတရှိပြီးဖြစ်၍ စိတ်လှုပ်ရှားမှုကြောင့် ရောဂါမဖြစ်နိုင်ဟု ထင်မှတ်တတ်ကြလေသည်။ အမှန်မှာကား တာဝန်ရှိသော အလုပ်ကြီးများကိုလုပ်ကိုင်ရသူ၊ ပညာဖြင့် အသက်မွေးရသူများမှာ ဤရောဂါမျိုးပို၍ရတတ်လေသည်။ အကြောင်းမှုကား ဤသို့သော လူတန်းစားများ၏ စိတ်ဓာတ်မှာ အမြဲတမ်းစူးစမ်းဆင်ခြင်တတ်သောသဘောရှိနေသဖြင့် စဉ်းစားရသည့်အလုပ်ကိုမလုပ်ရသည့်သူများထက် ပို၍အတွေးနယ်ချဲ့တတ်သောကြောင့်ဖြစ်လေသည်။

တစ်နည်းအားဖြင့်လည်း စဉ်းစားရသည့်အလုပ်ကိုလုပ်ရသောသူများ၏စိတ်မှာ အမြဲတမ်းလှုပ်ရှား၍နေသောကြောင့်ဖြစ်လေသည်။ ထိုသူမျိုး၏ နေ့စဉ်လုပ်ငန်းမှာ အမြဲတမ်းစဉ်းစားတွေးတော၍နေရသောကြောင့် အလိုလိုလှုပ်ရှားနေလေသည်။ စာရေးသူ၏ အတွေ့အကြုံကိုပြောပြရမည်ဆိုသော် စိတ်ကြောင့် ရောဂါဖြစ်သူများတွင် လယ်ယာလုပ်ကိုင်စားသူတောင်သူလယ်သမားများ၏ ဇနီးများနှင့်သားသမီးများစွာ မွေးရသော မိန်းမများမှာ အရေအတွက်အားဖြင့် အနည်းဆုံးဖြစ်လေသည်။

ထိုအမျိုးသမီးများ၌ နေ့စဉ်စိတ်ကို အသုံးပြု၍ စဉ်းစားတွေးတောနေရန် အချိန်များစွာမရှိ၊ မိမိတို့၏ လင်သားများကို လယ်ယာလုပ်ငန်း၌ ကူညီလုပ်ကိုင်ပေးရခြင်း သားသမီးများကိုထိန်းသိမ်းစောင့်ရှောက်နေရခြင်း စသည်တို့ဖြင့်သာအချိန်ကုန်နေကြရလေသည်။ မိမိတို့ကိုယ်ခန္ဓာအကြောင်းကို စိတ်ရှည်လက်ရှည်စဉ်းစားတွေးတောရန် အချိန်မရှိကြချေ။

ထိုလူတန်းစားမှ အမျိုးသမီးကြီးတစ်ယောက်အား

"အိမ်မှုကိစ္စ ဤမျှများပြားနေလျှင် မောပန်းခြင်းမဖြစ်ဘူးလား" ဟုကျွန်ုပ်မေးကြည့်ဘူး၏ ထိုအမျိုးသမီးကြီးက

"သူငယ်ရယ် မောတယ်ဆိုတာ သတိမရတာ အနှစ်အစိတ်လောက်ရှိပါပြီကွယ်"

ဟုပြန်ပြောဘူးလေသည်။ ဤကဲ့သို့မောပန်းခြင်းကို သတိမထား

www.dhammaransi.com



ခြင်းမှာ အကောင်းဆုံးသော စိတ်ကုထုံးတစ်မျိုးဖြစ်လေသည်။ စိတ်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်သော ရောဂါများအကြောင်းကို နားလည်ရန် ပထမဦးစွာစိတ်လှုပ်ရှားမှုဟူသည်ကား အဘယ်နည်းဟုနားလည်သင့်၏။

၁၈၈၄ ခုနှစ်က ဝီလျံဂျိမ်းစ်ဆိုသူ ဆရာကြီးက စိတ်လှုပ်ရှားမှုဟူသည်မှာ ကိုယ်တွင်းအင်္ဂါများ၌ အမျိုးမျိုးလှုပ်ရှားပြောင်းလဲခြင်းနှင့် ဆက်စပ်နေသည်ဟုတင်ပြခဲ့ဘူးလေသည်။ ကျွန်ုပ်တို့၏ စိတ်လှုပ်ရှားတိုင်း ခန္ဓာကိုယ်တွင်း၌ ကြွက်သားသွေးကြော အင်ဒိုကလင်းဂလင်း (endocline glands) ခေါ် အတွင်းစိမ့်ဂလင်းစသည်တို့တွင် အပြောင်းအလဲ များဖြစ်ပေါ်လာလေသည်။

ဤကဲ့သို့ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများပြောင်းလဲလှုပ်ရှားမှုကို စိတ်ကသိသာလာခြင်းအခြေအနေကို စိတ်လှုပ်ရှားသည်ဟု ခေါ်ဆိုလေသည်။

## ယေဘုယျစိတ်လှုပ်ရှားခြင်းနှစ်မျိုး

ကိုယ်ခန္ဓာတွင်း၌ ပြောင်းလဲလှုပ်ရှားမှုနှင့် ဆက်သွယ်နေသော စိတ်လှုပ်ရှားမှုကို ယေဘုယျအားဖြင့် နှစ်မျိုးနှစ်စားခွဲခြားနိုင်၏။ ပထမအမျိုးမှာ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများစွာကို အထူးလှုပ်ရှား တက်ကြွစေသော စိတ်လှုပ်ရှားမှုဖြစ်လေသည်။

အထူးလှုပ်ရှားတက်ကြွစေသည်ဟူရာ၌ ခန္ဓာကိုယ်နာဗ်ကြောအဖွဲ့အစည်း (ဦးနှောက်နှင့်အာရုံကြောများပါဝင်သည့်အဖွဲ့အစည်း) မှ တစ်ဆင့် ခန္ဓာကိုယ်တွင်း၌ မည်သည့်အစိတ်အပိုင်းမည်သည့်ကြွက်သားကိုမဆို တစ်ခုတည်းသော်လည်းကောင်း၊ တစ်ခုထက်ပို၍သော်လည်းကောင်း သာမန်ထက် ပိုမိုလှုပ်ရှားတက်ကြွစေခြင်းကိုဆိုလို၏။

ဤကဲ့သို့ ခန္ဓာကိုယ်တွင်းရှိ အစိတ်အပိုင်းတစ်ခုခုသည် လိုအပ်သည်ထက်ပို၍ တက်ကြွနေခဲ့သော် ထိုင်းမှိုင်းလေးလံခြင်း စိတ်အခန့်မသင့်ခြင်း စသည်တို့ဖြစ်ပေါ်လာသည်။ ဤကဲ့သို့စိတ်လှုပ်ရှားမှုများ တွင် စိတ်တိုခြင်း၊ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ အားငယ်ခြင်း၊ ဝမ်းနည်းခြင်းစသည်တို့ပါဝင်လေသည်။

ဒုတိယစိတ်လှုပ်ရှားမှုမျိုးမှာ ခန္ဓာကိုယ်တွင်းရှိ အစိတ်အပိုင်း

www.dhammaransi.com



တို့ကို အပြင်းအထန် သို့မဟုတ် လျော့နည်း၍ လှုပ်ရှားတက်ကြွမှု မဖြစ်စေဘဲ အငလာတော်လှုပ်ရှားစေခြင်းမျိုးဖြစ်၏။ ဤကဲ့သို့ အတော် လှုပ်ရှားစေသော်ကောင်းသောအာရုံများကို ခံစားရ၏။

ဥပမာအားဖြင့် ပမ်းသာခြင်း၊ စိတ်မာတ်ဘက်ကြွခြင်း၊ မျှော် လင့်ချက်ထားခြင်း၊ တစ်ပါးသူတို့အပေါ်၌ ခင်မင်ကြင်နာခြင်းစသော ကောင်းသည့်အာရုံအမျိုးမျိုးဖြစ်လေသည်။

## စိတ်ဆိုးသည့်အခါ ဖြစ်ပေါ်လာတတ်သည့် စိတ်လှုပ်ရှားမှုလက္ခဏာများ

စိတ်လှုပ်ရှားခြင်းနှင့် ခန္ဓာကိုယ်ဆက်သွယ်နေပုံကို သိသာ လွယ် အောင် စိတ်ဆိုးသည့်အခါ ဖြစ်ပေါ်လာသည့်လက္ခဏာတို့ကို အောက် တွင်ဖော်ပြလိုက်ရပေ၏။ စိတ်ဆိုးသည့်အခါ၌ လူ၏ကိုယ်ပေါ်တွင် တစ်ပါးသူမြင်သာသော လက္ခဏာမြောက်များစွာ ပေါ်လာနိုင်သဖြင့် ဟားဗတ်တက္ကသိုလ်မှ သုတေသီပုဂ္ဂိုလ်ကြီး ဒေါက်တာကင်နွမ်က စိတ်ဆိုး သည့်အခါ ဖြစ်ပေါ်သည့် လက္ခဏာများကို ဖော်ပြရလျှင် ပုံနှိပ်စာမျက်နှာ တစ်မျက်နှာပင်ပြည့်လိမ့်မည်ဟု ပြောဆိုဘူးလေသည်။

စိတ်ဆိုးသည့်အခါ ဖြစ်ပေါ်လာသည့်ထင်ရှားသော လက္ခဏာ များမှာ မျက်နှာနီမြန်းလာခြင်း၊ မျက်လုံးများသာမန်ထက်ပို၍ကျယ်လာ ခြင်း၊ မျက်လုံးများနီလာခြင်း၊ နှုတ်ခမ်းများကျုံ့ချည်ပွချည်ဖြစ်ခြင်း၊ မေး ရိုးခိုင်လာခြင်း၊ လက်သီးဆုပ်ခြင်း၊ လက်မောင်းကြွက်သားများလှုပ်ခြင်း၊ အသံတုန်ယင်ခြင်းစသည်တို့ဖြစ်လေသည်။

စိတ်ဆိုးသူတိုင်း၌ ဤလက္ခဏာများဖြစ်ပေါ်သည်ကို ကွန်နိုပ်တို့ တွေ့နေကြဖြစ်၏။ ဤကားလူမြင်သာသည့် ဗဟိဒ္ဓသန္တာန်တွင်ဖြစ်ပေါ် လာသော လက္ခဏာများပေတည်း။ ကိုယ်တွင်း၌ လှုပ်ရှားပြောင်းလဲမှု များမှာ သာ၍အရေးကြီးသေး၏။ ဥပမာအားဖြင့် စိတ်ဆိုးလာသည့်အခါ ကိုယ်တွင်းရှိသွေးသည် သာမန်ထက်ပို၍ လျှင်မြန်စွာခဲလာတတ်သည်။ ထို့ကြောင့် စိတ်လှုပ်ရှားမှုသည် ကိုယ်ခန္ဓာ၌ အရေးကြီးသော ပြောင်းလဲမှု များကို ဖြစ်ပေါ်စေသည်။

လူတစ်ဦးတစ်ယောက်သည် အကြီးအကျယ် စိတ်ဆိုးလာသော အခါ တစ်စုံတစ်ယောက်သောသူနှင့် ရန်ဖြစ်နိုင်သည့်အခြေအနေသို့

www.dhammaransi.com



ရောက်လေသည်။ အကယ်၍ ရန်ဖြစ်ပြီဆိုပါက ဒဏ်ရာအနာတရ ဖြစ်နိုင်သည်။ ဒဏ်ရာရသောအခါ သွေးသည်သာမန်အတိုင်းရှိနေပါမူ သွေးထွက်လွန်၍ သွားနိုင်သည်။

ထို့ကြောင့် စိတ်ဆိုးသည့်အခါ သွေးခဲ၍ လာခြင်းမှာ ခန္ဓာကိုယ်အတွက် အကျိုးဖြစ်စေမည့်ပြောင်းလဲမှုမျိုးပင်ဖြစ်စေသည်။ တခြားပြောင်းလဲသော လက္ခဏာတစ်ခုမှာ ခန္ဓာကိုယ်တွင်း၌ လည်ပတ်နေသည့်သွေးများတွင် စိတ်ဆိုးလာသည့်အခါ သွေးဆဲလ်တို့သည် ကုဗမီလီမီတာတစ်မီတာတွင် ဥပေါင်းငါးသိန်းမျှအထိ တိုးတက်လာလေသည်။

ထို့အပြင် အစာအိမ်အောက်ပေါက်ရှိ ကြွက်သားတို့လည်းပိတ်၍ သွားလေသည်။ ဤသို့ပိတ်သွားသောအခါ အစာအိမ်ထဲမှ အောက်ပိုင်းသို့ မည်သည့်အရာမျှ မဆင်းတော့ရကား အစာလမ်းကြောင်းဖြစ်သော အူသိမ်အူမတို့သည် တောင့်၍လာတော့သည်။ ထို့ကြောင့် အကြီးအကျယ် စိတ်ဆိုးသောသူများတွင် စိတ်ဆိုးနေစဉ်တွင်လည်းကောင်း၊ စိတ်ပြေမှသော်လည်းကောင်း ဝမ်းဗိုက်မှ အကြီးအကျယ်ထိုး၍ နာလာတတ်သေသည်။

စိတ်ဆိုးနေစဉ်တွင် နှလုံးသည် ပို၍ခုန်လာ၏။ တစ်မိနစ်လျှင် အကြိမ် ၁၈၀ မှ ၂၂၀ အထိ စိတ်ပြေသည်အထိ လျှင်မြန်စွာခုန်၍နေလေသည်။ သွေးတိုးနှုန်းမှာလည်း သာမန် ၁၃၀ ခန့်မှ ၂၃၀ ကျော်အထိ တိုး၍လာတတ်လေရာ မဖြစ်တန်ဘဲလျက် ကြီးကျယ်သော ဝေဒနာများကိုခံစားရတတ်လေသည်။

စိတ်ဆိုးသဖြင့် ဦးနှောက်ကြောပြတ်သွားသူများကိုပင်တွေ့ရတတ်လေသည်။ ထို့ပြင် နှလုံးပတ်သွေးကြောများကညှစ်သဖြင့် နှလုံးလေသင်ဓုန်းဖြတ်၍ မကြာခဏသေတတ်လေသည်။ အင်္ဂလန်ပြည်ရှိ အလွန်ထင်ရှားကျော်စောသော ဂျွန်ဟန်တားအမည်ရှိ ခန္ဓာဗေဒဆရာဝန်ကြီးမှာ အလွန်စိတ်တိုသူဖြစ်ရကား မကြာခဏနှလုံးပတ်သွေးကြောကို ထိခိုက်ခြင်းခံရလေသည်။

နောက်ဆုံး၌ ဆေးပညာဆိုင်ရာ အစည်းအဝေးတစ်ခုတွင် ငြင်းခုန်ရင်း စိတ်အဆိုးလွန်သောကြောင့် နှလုံးလေသင်ဓုန်းဖြတ်ကာ သေဆုံး

www.dhammaransi.com



သွားခဲ့ဘူးလေသည်။ သို့ဖြစ်လေရာ စိတ်ဆိုးတတ်ခြင်းသည် မည်မျှ အန္တရာယ်ရှိသည်ကို လူတိုင်းသတိပြုရန်ပင်ဖြစ်ပေတော့သည်။

## လက္ခဏာတစ်ခုတည်းသာဖြစ်ပေါ်တတ်သော စိတ်လှုပ်ရှားမှုများ

စိတ်လှုပ်ရှားသည့်အခါ တစ်ကြိမ်လျှင် တစ်ခုတည်းသာဖြစ်ပေါ်သည့်လက္ခဏာများကိုဖော်ပြလိုပေသေးသည်၊ သွေးရဲရဲ သံရဲရဲကို မြင်လျှင် သတိလစ်သွားသောသူများအကြောင်းကိုကြားဘူးကြပေလိမ့်မည်။ ဤကဲ့သို့ သတိလစ်ခြင်းမှာ နှလုံးအားနည်း၍လည်းကောင်း၊ သွေးတိုးရောဂါရှိ၍လည်းကောင်းမဟုတ်ချေ၊ သွေးသံရဲရဲကိုမြင်သည့်အခါ စိတ်ထဲ၌ ကြောက်ရွံ့လာသည်။

ဤသို့ကြောက်ရွံ့သောစိတ်လှုပ်ရှားမှုကြောင့် ဦးနှောက်သို့သွေးပေးပို့နေရသော သွေးကြောများသည် ကျုံ့၍သွားလေသည်။ ထို့ကြောင့် လူမှာ သတိလစ်သွားခြင်းဖြစ်၏။ အချို့သူများမှာကား သွေးသံရဲရဲကို မြင်လျှင် အန်တတ်၏။ ဤသို့အန်ခြင်းမှာ အစာအိမ်ရောဂါရှိသောကြောင့်မဟုတ်။ သွေးသံရဲရဲကိုမြင်ရသဖြင့် ရွံရှာခြင်းတည်းဟူသောစိတ်လှုပ်ရှားမှု (ဒေါသ) ကိုဖြစ်ပေါ်စေ၏။

ရွံရှာခြင်း (ဒေါသ) ကြောင့် အစာအိမ်ကိုပြုန်းကနဲ ကျုံ့၍သွားစေသည်။ အစာအိမ်ကျုံ့သွားသဖြင့် အစာများ ပါးစပ်မှ အန်ထွက်လာခြင်းဖြစ်၏။

## ရုတ်တရက်စိတ်အကြီးအကျယ်လှုပ်ရှားလျှင် ကြီးကျယ်သော ဝေဒနာရတတ်၏

တစ်ခါတစ်ရံတွင် လူတစ်ယောက်သည် အကြီးအကျယ်စိတ်လှုပ်ရှားမှုဖြစ်သောကြောင့် အလွန်ဆိုးရွားသော ဝေဒနာကို ရရှိတတ်သည်။ တစ်ကြိမ်က ကျွန်ုပ်တို့၏ ဆေးကုဌာနသို့ နံနက် (၉)နာရီ အချိန်တွင် လူတစ်ယောက်ကို ထမ်းစင်ဖြင့် ယူလာခဲ့ရလေ၏။ ထိုသူမှာ အားနည်းမူးဝေနေသဖြင့် လမ်းမလျှောက်နိုင်၊ သူ၏နှလုံးမှာ တစ်မိနစ်လျှင် ၁၈၀ နှုန်းဖြင့် ခုန်နေ၏။ ပါးစပ်ကလည်း အန်၏။ ဆီးဝမ်းတို့ကို လည်း

www.dhammaransi.com



မထိန်းနိုင်ချေ။

ထိုသူအား ကျွန်ုပ်တို့သည် ဆေးကုဌာနသို့ သုံးလမျှ ကုသပေးလိုက်ရလေသည်။ မသေသည်မှာပင် ကံကောင်းသည်ဟုဆိုရပေမည်။ အဖြစ်အပျက်မှာ ထိုနေ့နံနက်က ထိုသူမှာ လူကောင်းပကတိဖြစ်လေသည်။

နံနက် (၈)နာရီ၌သူ၏ဇနီးမှာမည်သည့်အကြောင်းကြောင့်မသိ သမီးငယ်ကလေးကိုသတ်ပစ်ပြီး မိမိကိုယ်ကိုလည်း မိမိသတ်၍ သေသွားခဲ့လေသည်။ ဤအခြင်းအရာကိုမြင်သည်နှင့်တစ်ပြိုင်နက် အဆိုပါသူမှာ ပုံလျက်သားလဲကျ၍သွားခဲ့လေသည်။ ထိုသူ၌နှလုံးရောဂါ အဆုတ်ရောဂါကင်ဆာရောဂါစသည်တို့ရှိသောကြောင့် မဟုတ်၊ စိတ်လှုပ်ရှားမှုကြောင့် ထိုရောဂါသုံးမျိုးစလုံးခံစားရသကဲ့သို့ အရုပ်ကြိုးပြတ်ပုံ၍လဲကျသွားခြင်း ဖြစ်လေသည်။ လူတိုင်းလူတိုင်းသည် စိတ်လှုပ်ရှားမှုကြောင့် ဤကဲ့သို့ ရုတ်တရက်ဖြစ်တတ်ကြောင်း သတိထားစရာပင်။

## အပိုက်ကစပြသောဒ်ပီးလောင်

ကျွန်ုပ်တို့ ဆေးရုံများသို့ စိတ်ကြောင့်ရောဂါရပြီး ရောက်ရှိလာသောလူနာများကို စစ်ဆေးကြည့်ရှုလျှင် အကြီးအကျယ်စိတ်လှုပ်ရှားခြင်းကြောင့်သော်လည်းကောင်း၊ မကြာခဏစိတ်ထိခိုက်စရာအကြောင်းများကို တွေ့ကြုံရခြင်းကြောင့်သော်လည်းကောင်း၊ ဝေဒနာရရှိလာသောသူများက နည်းလေသည်။ များစွာသောလူနာတို့မှာ အနည်းငယ်မဖြစ်စလောက် စိတ်ထိခိုက်စရာ ကလေးများကို ကြိမ်ဖန်များစွာတွေ့ကြုံသဖြင့် ရောဂါရလာသူများဖြစ်ကြောင်းတွေ့ရလေသည်။

ဥပမာအားဖြင့် နေ့စဉ်နှင့်အမျှ စိုးရိမ်စရာကြောင့်ကြစရာ အားငယ်စရာများကို ကြုံနေရခြင်းမျိုးဖြစ်လေသည်။ ဤအကြောင်းထင်ရှားခြင်းမှာလည်း သိပ္ပံနည်းကျကျလက်တွေ့စုံစမ်းလေ့လာခြင်းကြောင့်သိခဲ့ရခြင်းဖြစ်သည်။ နှစ်များစွာမကြာသေးမီက ကော်နဲတက္ကသိုလ်မှ အိပ်ချ်အက်စ်လစ်ဒယ်နှင့် အေဗွီမိုးအမည်ရှိ စိတ်ပညာဆရာကြီးနှစ်ဦးသည် စိတ်လှုပ်ရှားမှုအကြောင်းနှင့်ပတ်သက်၍ ဟိရုဏ်ကြာနှင့် ဟိဗွီရှားနေသည်ကို မှတ်ပုံတင်ခဲ့...

www.dhammaransi.com



သိုးအုပ်တစ်အုပ်မှ တစ်ကောင်သောသိုး၏ခြေထောက်တစ်ဖက်တွင် ကြေးနန်းကြိုးကလေးကိုချည်၍ စားကျက်၌လွှတ်ထားလေသည်။ ထိုသိုးသည် မူမပျက်အစာလှည့်၍စားနေလေသည်။ ခုနှစ်ရက်ခန့်ကြာသောအခါ ထိုကြေးနန်းကြိုးကလေး၌ လျှပ်စစ်ဓာတ်အနည်းငယ်လွှတ်၍ ပေးလေသည်။ လျှပ်စစ်ဓာတ်လွှတ်လိုက်တိုင်း ထိုသိုး၏ခြေထောက်မှာ ဓာတ်လိုက်သဖြင့် တွန့်၍တွန့်၍သွားလေသည်။

ဤနည်းဖြင့် တစ်ပတ်ခန့်ထားလေ၏။ သိုးမှာအစာစားမပျက်ချေ။ ထို့နောက် လျှပ်စစ်ဓာတ်လွှတ်ခြင်းကို အချိန်မှန်မှန်လွှတ်၍ ပေးစမ်းကြည့်၏။ တစ်မျိုးထူးသည်ကား လျှပ်စစ်ဓာတ်လွှတ်မည့်အခါတိုင်း ခေါင်းလောင်းကလေးတစ်ခုကိုလှုပ်၍ အသံပေး၏။ သိုးငယ်သည် ခေါင်းလောင်းသံကြားတိုင်း လျှပ်စစ်ဓာတ်လိုက်ခြင်းခံရလေရာ ထိုခေါင်းလောင်းသံကို နားစွင့်၍လာလေ၏။

ဤနည်းဖြင့် သိုးငယ်၏စိတ်ထဲ၌ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း၊ လှုပ်ရှားခြင်းတို့ကို ဖန်တီးပေးလေသည်။ ကြာသောအခါ သိုးငယ်သည် အစာစားရာမှ ရပ်၍အချိန်ကျလျှင် ခေါင်းလောင်းသံကိုနားထောင်နေလေ၏။ ရက်ကြာသော် သိုးငယ်သည် အစာမစားတော့ချေ။ အခြားသိုးများနှင့်အတူ စားကျက်သို့လည်း မလိုက်တော့ချေ။ နောက်ဆုံး၌လမ်းပင်မလျှောက်တော့ဘဲ အိပ်၍နေလေသည်။

ထိုအခြေအနေရောက်သောအခါ စမ်းသပ်သူများသည် စမ်းသပ်ခြင်းကိုရပ်၍ ပေးရလေသည်။ ဆက်လက်စမ်းသပ်နေပါက သိုးငယ်သည် သေမည်မုချဖြစ်၏။ ဤနည်းဖြင့် သိုးငယ်ပေါင်းများစွာကို စမ်းသပ်မှုကြောင့် သိရသည်ကား မည်မျှပင် သေးငယ်သော စိတ်လှုပ်ရှားမှုမျိုးမဆို ကြိမ်ဖန်များ စွာခံစား၍လာရသည့်အခါ သို့မဟုတ် ဖြစ်တော့မည်ဟုစိုးရိမ်ထိတ်လန့်နေရသည့်အခါ ကိုယ်ခန္ဓာ၌ ဝေဒနာဖြစ် ပေါ်လာကြောင်း ထင်ရှားသိရှိခဲ့ရသည်။

ကြိုတင်စိုးရိမ်မှုကြောင့် မည်မျှအန္တရာယ်ဖြစ်တတ်ကြောင်းကို သာဓကတစ်ခုဖြင့် ဖော်ပြလိုပေသည်။ တစ်ကြိမ်က ကျွန်ုပ်တို့အနီးရှိမြို့တစ်မြို့မှ ကျောင်းအုပ်ဆရာကြီးတစ်ယောက်သည် ကျန်းမာပကတိရှိနေရာမှ တစ်နေ့သောအခါ၌ အကြီးအကျယ်မူးဝေသည့် ဝေဒနာကို

www.dhammaransi.com



ခံစားရပြီးလျှင် အိပ်ရာထဲ၌ဘုံးဘုံးလဲလေရာ အိမ်တွင် ဆရာဝန်ခေါ်၍ ကုသသည့် အခြေသို့ရောက်ရလေသည်။

ဆရာကြီးမှာ ကျောင်းတက်နေရင်း ထိုင်ရာမှမထနိုင်ဘဲ ခေါင်းမူးပြီးအော့အန်နေသဖြင့် အိပ်သို့ပွေ့၍ယူခဲ့ရလေသည်၊ ဆရာဝန်က သင့်တော်ရာဆေးဝါးများဖြင့် ကုသသော်လည်း သက်သာရာ မရခဲ့ချေ။ သို့သော် တစ်နေ့သောအခါ၌ ရုတ်တရက်ကျန်းမာ ပကတိရှိ လာပြီးလျှင် ကျောင်းသို့ပြန်၍တက်နိုင်ခဲ့လေသည်။ ရက်အနည်းငယ် ကြာသောအခါ ထိုဆရာကြီးက မိမိကို ကုသသောဆရာဝန်ထံသွား၍

"ကျွန်တော်အစက စိတ်လှုပ်ရှားလာလျှင် ရောဂါရတယ်ဆိုတဲ့ စကားကို မယုံခဲ့ဘူး။ အခုမှ ကိုယ်တွေ့ကြုံရတော့တယ်။ ကျွန်တော်ဖြစ်တဲ့ရောဂါဟာ ဘာမှမဟုတ်ဘူး။ စိတ်ထဲမှာ စိုးရိမ်ပူပန်စရာတွေကို ခဏခဏကြုံနေရလို့ ရုတ်တရက်ရောဂါရခဲ့တာပဲ"

ဟုပြောပြလေသည်။ ထိုအခါ ဆရာဝန်က မည်သည့်နည်းနှင့် ရောဂါရခဲ့ပုံကို မေးမြန်းကြည့်၏။ ကျောင်းဆရာကြီး၏ပြောပြချက်အရ သူ၏ထံမှ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်က ဘဏ်တွင်ငွေချေးလိုသဖြင့် သူ့အား အာမခံပေးပါရန် တောင်းပန်ခဲ့သည်ဆို၏။ ဆရာကြီးမှာ ကြွယ်ဝချမ်းသာသူ မဟုတ်ရာ အာမခံလက်မှတ်ရေးထိုးရန် ကိစ္စကို ရင်လေးခဲ့မိသည်။

သို့ရာတွင် အလွန်ရင်းနှီးသော မိတ်ဆွေဖြစ်ခြင်းကြောင့် စွန့်စား၍ အာမခံပေးလိုက်လေ၏။ မိတ်ဆွေဖြစ်သူ ချေးယူသည့်ငွေမှာ နည်းလှသည်မဟုတ်ရာ အကယ်၍ အကြောင်းတစ်ခုံတစ်ရာကြောင့် ပြန်မဆပ်နိုင်လျှင် ဆရာကြီးမှာ သူ့စုငွေကလေးသာမက အိမ်ကိုပါရောင်း၍ဆပ်ပေးရမည့် အခြေအနေမျိုးဖြစ်လေသည်။ ထို့ကြောင့် ဆရာကြီးမှာ ထိုအာမခံကြွေးကိစ္စကို အမြဲတစေ တွေး၍ကြောင့်ကြစိုးရိမ်နေခဲ့လေသည်။ သူစိုးရိမ်သည့်အတိုင်းပင် တစ်နေ့သောအခါ၌ မိတ်ဆွေမှာ မော်တော်ကားချင်းတိုက်မိသဖြင့် ဒဏ်ရာရပြီးလျှင် ဆေးရုံသို့တက်၍နေခဲ့ရလေသည်။

အကယ်၍ မိတ်ဆွေဖြစ်သူ တစ်စုံတစ်ခုဖြစ်သွားချေက ဆရာ

www.dhammaransi.com



ကြီးခများမှာ စည်းစိမ်ပြုတ်ရတော့မည်ကဲ့သို့ရှိလေတော့သည်။ ဤအကြောင်းကို တွေးမိတိုင်း ဆရာကြီး၏ခေါင်းမှာ မူးဝေလာသည်ဆို၏။ နောက်ဆုံးတွင် ထိုင်ရာမှမထနိုင်အောင် မူးဝေအောအန်ပြီး အိပ်ယာ၌ ဘုံးဘုံးလဲခြင်းဖြစ်၏။

"အခု ဘယ့်နည်းနဲ့ပြန်ပြီးမာလာသလဲ"ဟု ဆရာဝန်ကမေးလိုက်၏။ ဤတွင် ကျောင်းဆရာက မိမိမကျန်းမမာဖြစ်နေစဉ် ထို မိတ်ဆွေမှာ ဆေးရုံကဆင်းလာပြီးလျှင် ငွေကြေးချောင်လည်သဖြင့် ဘဏ်တိုက်မှ ကြွေးငွေကို အတိုးရောအရင်းပါ ပေးဆပ်ပြီးလျှင် မိမိထံသို့ အကျိုးအကြောင်းလာ၍ပြောပြကြောင်း၊ ထိုစကားကို ကြားရသည်နှင့် တစ်ပြိုင်နက် မိမိမှာလည်း ငေါက်ငေါက်ထကျန်းမာလာခဲ့ကြောင်း ရှင်းပြလေသည်။

## စိတ်လှုပ်ရှားမှုကြောင့်နာဗ်ကြောအဖွဲ့မှတစ်ဆင့် ရောဂါရရှိပုံ နာဗ်ကြောအဖွဲ့မှ တစ်ဆင့် စိတ်လှုပ်ရှားမှုပေါ်ပေါက်ထင်ရှားခြင်း

နာဗ်ကြောအဖွဲ့တွင် စိတ်လှုပ်ရှားမှုနှင့် သက်ဆိုင်သော အစိတ်အပိုင်းကို ဆေးပညာဝေါဟာရအားဖြင့် ဖါသာနာဗ်ကြောအဖွဲ့ဟုခေါ်လေသည်။ ဤနာဗ်ကြောအဖွဲ့ကို လူတို့၏ စိတ်ဓာတ်အင်အားဖြင့် မထိန်းနိုင်ချေ။ ဖါသာနာဗ်ကြောအဖွဲ့၏ ဗဟိုချက်မကို HYPOTHALAMUS ဟုခေါ်၏။

ယင်းသည် ဦးနှောက်အောက် အတက်လှုံ့ဆော်မှု၏ ဗဟိုချက်မလည်းဖြစ်၏ ဦးနှောက်အောက်အတက်မှာ စိတ်လှုပ်ရှားမှုများနှင့်ပတ်သက်၍ အလွန်အရေးပါကြောင်း ရှေ့တွင် ထင်ရှားလာမည်ဖြစ်လေသည်၊

## ကြွက်သားများတောင့်တင်းခြင်းနှင့် နာကျင်သောဝေဒနာကိုခံစားရခြင်း

ကျွန်ုပ်တို့ကိုယ်တွင် မကြာခဏ ခံစားရသော နာကျင်ကိုက်ခဲမှုများ၏ အကြောင်းရင်းတစ်ခုမှာ ကြွက်သားများတောင့်တင်းနေခြင်းကြောင့်ဖြစ်လေသည်။ ကြွက်သားများကြောင့် မည်မျှပြင်းပြသော

www.dhammaransi.com



ဝေဒနာ ကိုခံစားရသည်ကို ကြွက်တက်ဘူးသူတိုင်းသိမည်ဖြစ်လေသည်။ ဥပမာ မိမိ၏ လက်သီးကို ခပ်တင်းတင်းကလေးဆုပ်၍ ကြည့်လျှင် ပထမ၌ မည်သို့မျှ ဖြစ်မည်မဟုတ်သော်လည်း ကြွက်သားများတောင့်နေ၍ အတန်ကြာသောအခါ တစထက်တစလက်သီးမှာနာ၍ နာ၍လာသည်ကို ခံစားရပေလိမ့်မည်၊ အနိဋ္ဌာရုံဖြစ်သော စိတ်လှုပ်ရှားမှုဖြစ်ပေါ်သည့်အခါ အပေါ်ယံကြွက်သားများနှင့် ကိုယ်တွင်းအင်္ဂါကြွက်သားများသည် တောင့်တင်း၍လာသည်။ ဤသို့ကြာရှည်တောင့်၍နေလျှင်သို့မဟုတ် မကြာခဏ တောင့်၍နေပါများလျှင် ထိုကြွက်သားများမှာ နာကျင်၍လာသည်။

စိတ်လှုပ်ရှားမှုကြောင့် ထိခိုက်သော ကြွက်သားများမှာ မကြာခဏ အသုံးပြုရသော ကြွက်သားများဖြစ်လေသည်။ ဥပမာ ကျွန်ုပ်တို့ ဇက်မှ ကြွက်သားများသည် မကြာခဏအသုံးပြုရသည့် အပေါ်ယံကြွက်သားများ ဖြစ်၏။ ထို့ကြောင့် စိတ်လှုပ်ရှားမှုဖြစ်လျှင် ယိုကြွက်သားများကို ဦးစွာ ထိခိုက်လေသည်၊ နောက်စေ့မှ ဇက်ကြောအထိ နာကျင်တောင့်တင်းသော ဝေဒနာခံစားရခြင်းမှာ စိတ်လှုပ်ရှားမှုကြောင့် ဤကြွက်သားများ တောင့်တင်းလာခြင်းဖြစ်သည်။

စိတ်လှုပ်ရှားလျှင် ဇက်မှကြွက်သားတို့ကို တောင့်တင်းစေကြောင်း ထင်ရှားသိသာလိုပါက ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ပြီးလျှင် စိတ်ညစ်စရာတစ်ခုခုကို တစ်နာရီခန့်တွေး၍နေကြည့်ပါ။ မတ်တပ်ထသောအခါ ဇက်ကြောလေးသဖြင့် ဟိုဘက် သည်ဘက်ခါ၍ယူရမည်မုချဖြစ်ပေ၏။

## လည်ချောင်းထဲတွင် အလုံးဆို့ခြင်း

အချို့လူနာများသည် လည်ချောင်းထဲ၌ အလုံးဆို့နေသလို ဖြစ်သောဝေဒနာကို မကြာခဏခံစားရတတ်၏။ ထို့ကြောင့် မိမိတို့လည်ချောင်းထဲတွင် အသားပိုကြီးတစ်ခုဖြစ်ပေါ်နေပြီဟု ကြောက်တတ်ကြလေသည်။ အမှန်မှာကား ထိုကဲ့သို့ ခံစားရသူများ၏ ရာခိုင်နှုန်း ၉၅ မှာ လည်ချောင်း သို့မဟုတ် အစာပြွန်အထက်ပိုင်းရှိ ကြွက်သားတို့သည် စိတ်လှုပ်ရှားမှုကြောင့် တင်းမာလာခြင်းဖြစ်၏။

www.dhammaransi.com



လည်ချောင်းကြွက်သားတင်းသောအခါ အလုံးကြီးဖြစ်ပေါ်နေသကဲ့သို့ခံရလေသည်။ ယိုအခါမျိုး၌တံတွေးမျိုချရန်ပင်မဖြစ်နိုင်ဟုထင်ရလေသည်။ ဤကဲ့သို့အလုံးရှိပြီဟုတွေးတောကြောက်ရွံ့လာလျှင် ယိုနေရာမှာသာ၍ဆိုးလာတတ်လေသည်။

## အစာပြွန်အောက်ပိုင်းတောင့်တင်းလာခြင်း

အစာပြွန်အောက်ပိုင်း အဆုံးရှိကြွက်သားများသည် စိတ်လှုပ်ရှားမှုကြောင့် ယင်း၏ အထက်ပိုင်းကြွက်သားများလောက် မတောင့်တင်းတတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အကယ်၍ ယိုကြွက်သားများတောင့်တင်းလာပြီဆိုပါက အထက်ပိုင်းကြွက်သားများလောက် အလျော့မပြန်တော့ချေ၊ တစ်ခါတစ်ရံ ရက်ပေါင်းများစွာ သို့မဟုတ် ရက်သတ္တပတ်ပေါင်းများစွာ တင်း၍နေတတ်လေသည်။

ယိုအခါမျိုး၌ လူနာသည် ဘာမှမစားနိုင်ပဲရှိတတ်သည်။ အစာအိမ်ထဲသို့ အစာမဝင်နိုင်သောကြောင့် ရေကိုပင်သောက်၍မရရှိနိုင်ဖြစ်တတ်၏။ ဤလူနာမျိုးကို ဆေးဝါးအချိန်မီကုသမပေးနိုင်ပါက အစာငတ် ရေငတ် ဖြစ်၍ ဗုက္ခရောက်နိုင်သည်။

## စိတ်လှုပ်ရှားမှုကြောင့် အစာအိမ်ကြွက်သားများပြောင်းလဲပုံ

စိတ်လှုပ်ရှားလာလျှင် အစာအိမ်၌ အမျိုးစုံသော လက္ခဏာများဖြစ်ပေါ်လာနိုင်လေသည်။ ဤလက္ခဏာမျိုးကို လူတိုင်းလိုပင်နေ့စဉ်နှင့်အမျှ ခံစားနေရလေသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့တွင် စိတ်ချမ်းသာစရာ အမျိုးမျိုးနှင့်ဆုံတွေ့နေရပါက အစာအိမ်၌ ကောင်းသောစိတ်လှုပ်ရှားမှု လက္ခဏာများကြောင့် အစားအသောက်မြိန်တတ်၏။

သို့သော် စိတ်မချမ်းသာစရာအကြောင်းကိစ္စများနှင့် ကြုံတွေ့ရသည်နှင့် တစ်ပြိုင်နက် ထမင်းစား၊ ဟင်းစားတစ်ခါတည်း ပျက်၍သွားလေသည်။ စိတ်ချမ်းသာစရာကြုံရပြန်သောအခါ ပြန်၍ထမင်းစားကောင်းလာပြန်သည်။ စိတ်လှုပ်ရှားမှုအမျိုးမျိုးကြောင့် အစာအိမ်ကြွက်သားများ တင်းမာလာသောအခါ ဝမ်းပိုက်အထက်ပိုင်းတွင် အလုံးကြီးကဲ့သို့ ခံစား၍လာရလေသည်။

www.dhammaransi.com


အစာအိမ်ကြွက်သားများသည် ခပ်ပြင်းပြင်းညှစ်၍လာပါက တစ်ခါတစ်ရံအလွန်ပြင်းထန်သည်အထိ ဝမ်းဗိုက်နာ၍လာလေသည်။ ဤနာကျင်မှုမျိုးမှာ အစာအိမ်၌အနာဖြစ်သောကြောင့် နာကျင်ခြင်းမျိုးနှင့် တူလေသည်။ ရှေ့အခန်း၌ စိတ်လှုပ်ရှားမှုကြောင့် အစာအိမ်အနာဖြစ်ပေါ် တတ်သည်ကိုဖော်ပြရပေမည်။

ဝမ်းနာသဖြင့် ဆေးကုသရန်ရောက်ရှိလာသော လူနာတစ်ရာလျှင် ငါးဆယ်ခန့်မှာ အစာအိမ်အနာဖြစ်သောကြောင့် ဝမ်းနာခြင်းမဟုတ်။ စိတ်လှုပ်ရှားမှုကြောင့် အစာအိမ်ကြွက်သားများနာခြင်းဖြစ်သည်ကိုတွေ့ရ လေသည်။ အစာအိမ်အနာပေါက်သဖြင့် နာကျင်ခြင်းမျိုးနှင့်အစာအိမ် ကြွက်သားအနာမျိုးမှာ ခပ်ဆင်ဆင်တူ၏။

အစာအိမ်အနာကြောင့် ဝမ်းနာခြင်းမှာလည်း အမှန်စင်စစ်အနာက နာခြင်းမဟုတ်ချေ။ အနာနှင့်ဆက်လျှက်ရှိသော ကြွက်သားများတင်းသဖြင့် နာခြင်းဖြစ်လေသည်။ သို့ဖြစ်သောကြောင့် စိတ်လှုပ်ရှားမှုကြောင့် ကြွက်သားများတင်းလာလျှင် အနာဖြစ်သကဲ့သို့ပင်နာတတ်လေသည်။

တစ်ကြိမ်ကစိတ်လှုပ်ရှားမှုကြောင့် ဝမ်းနာနေသော စားသောက်ဆိုင်သူဌေးတစ်ယောက် ကျွန်ုပ်ထံသို့ရောက်ရှိလာလေသည်။ ထိုသူဌေးမှာ စားကုန်သောက်ကုန်ဆိုင်များစွာကို အခြားသူဌေးများနှင့်ပြိုင်ဆိုင်တည်ထောင်ထားသူတစ်ဦးဖြစ်လေသည်။

သူ၏လုပ်ငန်းကပင်လျှင် စိတ်သောကအလွန်များသောလုပ်ငန်းဖြစ်နေရုံမျှမက သူ့ကို သူ့ဇနီးနှင့်သားဖြစ်သူတို့ကလည်း စိတ်ဒုက္ခအမျိုး မျိုးပေး၍နေကြလေသည်။ ဤကဲ့သို့ စိတ်ညစ်စရာအမျိုးမျိုးကြုံ၍နေရသောအခါ သူ့ခမြာမှာ ဝမ်းနာရောဂါကြီးရ၍ နေတော့သည်။ ဆရာဝန်များထံသို့သွား၍ ပြသည့်အခါ အချို့က အစာအိမ်၌အနာပေါက်နေသည် ဟုပြောကြ၏။

ထိုသို့အပြောခံရလျှင် သူ့ဝမ်းနာမှာပို၍ဆိုးတော့၏။ နားလည်သောဆရာဝန်များထံရောက်၍ သူ့ရောဂါမှာအစာအိမ်အနာမဟုတ်ကြောင်း ပြောလိုက်ပြန်လျှင်လည်း မည်သည့်စကားကိုယုံရမည်မသိတဲ့သူ့ စိတ်မှာ ပို၍ရှုပ်ထွေးသွားပြီးလျှင် ဝမ်းနာမြဲနာပြန်၏။ သူသည် (၁)

www.dhammaransi.com



နှစ်လွှင် တစ်ကြိမ်ကျ ဝစ္စကွန်ဆင်းနယ်မြောက်ပိုင်းရှိ ဘဲလ်ဗီးလ်ခေါ် မြို့ကလေးတစ်မြို့သို့ သွားရောက်၍ ငါးမျှားရင်းအနားယူလေ့ရှိသည်။

ထိုမြို့ကလေးသို့ရောက်တိုင်း သူ့ဝမ်းနာရောဂါသည် ယူပစ်သလိုပျောက်ကင်းသွားလေ့ရှိ၏။ ထိုမြို့၌ ရက်သတ္တနှစ်ပတ်မျှအနားယူ၍ အိမ်သို့ပြန်ရောက်သောအခါ သူ့အနာမှာ ပြန်၍ပေါ်လာလေသည်။ ဤသို့ကြုံရဖန်များသောအခါ သူ့အစာအိမ်တွင် အနာပေါက်သည်ဆိုခြင်းမှာ မဟုတ်နိုင်ကြောင်း သူတွေးထင်မိလေသည်။

ကမ္ဘာကျော်မေးရိုးဆေးကုဌာနကြီးတွင် ထင်ရှားသော ဆရာဝန်ကြီးတစ်ယောက်ရှိ၏။ ထိုဆရာဝန်ကြီးသည် ဆေးကုဌာန၌ရောဂါသည်လူနာပေါင်းများစွာနှင့်တွေးလားလုံးလားနေရသောအခါ ဝမ်းဗိုက်အမြဲနာ၍နေလေသည်၊ ထိုအခါ ဆရာဝန်ကြီးသည် ဆေးကုဌာနမှ အနားယူ၍ မီးရထားစီးကာ ဝင်နီးနားခေါ် မြို့ကလေးတစ်မြို့သို့အလည် ထွက်ခဲ့လေ၏။

ထိုမြို့မှာ မစ္စစ်စီပီမြစ်တစ်ဖက်ကမ်းတွင်ရှိ၏။ မြစ်ကိုမီးရထားဖြင့်ဖြတ်ကျော်လိုက်သည်နှင့်တစ်ပြိုင်နက် ဆရာဝန်ကြီး၏ ဗိုက်နာမှာ ယူပစ်သလိုပျောက်ကင်းသွားလေ့ရှိ၏။ အထက်ပါလူနာနှစ်ဦးကိုကြည့်ခြင်းအားဖြင့် စိတ်သောကရောက်လျှင် ဗိုက်နာ၍လာတတ်ကြောင်း ဗိုက်နာတိုင်းအစာအိမ်အနာပေါက်ခြင်းမဟုတ်ကြောင်းသိသာလေသည်။

## ခန္ဓာကိုယ်တွင်းရှိ အူမကြီးသည် စိတ်၏ကြေးမုံပြင်သဖွယ်ဖြစ်၏

ကျွန်ုပ်တို့ဝမ်းဗိုက်ထဲတွင် အူသိမ် အူမတို့သည် ၂၈ ပေမျှရှည်လျားစွာခွေ၍နေ၏။ ထိုအူအခွေတွင် အူသိမ်နှင့်အူမဟုရှိသည့်အနက် ဝမ်းနာခြင်းမှာ အများအားဖြင့် အူမနာခြင်းဖြစ်လေသည်။ အူမကြီးသည် စိတ်လှုပ်ရှားမှု လက္ခဏာများအများဆုံးဖြစ်ပေါ်ပြောင်းလဲသည့် အင်္ဂါအစိတ်အပိုင်းဖြစ်ပေသည်။ ထို့ကြောင့် ဖီလာဒဲလ်ဖီးယားမြို့မှ ဆရာဝန်တစ်ဦးက နှစ်အနည်းငယ်အတွင်းက အူမကြီးသည် စိတ်၏ကြေးမုံပြင်သဖွယ်ဖြစ်သည်ဟုပြောဘူးလေသည်။

အချို့သူများ၌ စိုးရိမ်ကြောင့်ကြဖြစ်လျှင် ဇက်ကြောတောင့်၍လာတတ်သည်။ အချို့မှာကား စိုးရိမ်ကြောင့်ကြသည့်အခါ ကိုယ်တွင်းရှိ

www.dhammaransi.com



အူမကြီး၏အစိတ်အပိုင်းတစ်နေရာတွင် ဟောင်၍လာတတ်သည်။ ထိုဟောင်သည့်နေရာသည် ဝမ်းဗိုက်၏အထက်လက်ျာဘက်ပိုင်းနေရာတွင်ဖြစ်ပါက သည်းခြေကျောက်တည်သည့်အခါ ဝမ်းနာသကဲ့သို့နာတတ်လေသည်။

မှတ်ချက်။ ဝမ်းနာခြင်းမှာ အမျိုးမျိုးအကြောင်းများကြောင့်ဖြစ်ပေါ်တတ်လေရာ သည်းခြေတွင်ကျောက်တည်၍နေလျှင် ပြင်းစွာဝမ်းနာတတ်သည်။

ထို့ကြောင့် သည်းခြေကြောင့်ဝမ်းနာသည်ဟု ဆေးကုရောက်ရှိလာသော လူနာတစ်ရာတွင် ၅၀ ကို စစ်ဆေးကြည့်ရှုပါက သည်းခြေကြောင့်မဟုတ်ဘဲ အူမကြောင့် ဝမ်းနာခြင်းဖြစ်သည်ကိုတွေ့ရတတ်၏။

## စိတ်လှုပ်ရှားမှုကြောင့် ဝမ်းနာခြင်း

သို့ဖြစ်လေရာ ဝမ်းနာရောဂါနှင့် ဆေးကုရောက်ရှိလာသော လူနာ များကို စစ်ဆေးရာ၌ ဆရာဝန်များသည် အူမကြီးကြွက်သားတောင့်တင်းသဖြင့် ဝမ်းနာခြင်းကို သည်းခြေပျက်ဝမ်းနာသည်ဟု မကြာခဏမှားယွင်း ယူဆတတ်ကြသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် ဤကဲ့သို့မှားယွင်းခဲ့ဘူးသည်။

တစ်ကြိမ်ကသည်းခြေနာကြောင့် ဝမ်းနာခြင်းလက္ခဏာရှိနေသော လူနာတစ်ဦးထံရောက်ရှိသွား၏။ ထိုလူနာမှာ မခံမရပ်နိုင်အောင်ဝေဒနာခံစားနေရသူဖြစ်လေရာ မည်သည့်ဆရာဝန်မဆို သည်းခြေနာဟုပင် ကောက်ချက်ချမည်ဖြစ်လေသည်။ ကျွန်ုပ်သည် ထိုလူနာ အမျိုးသမီးအား ဆေးသုံးကြိမ်ထိုး၍ပေးသောအခါမှ ဝမ်းနာသက်သာသွား၏။

ဆေးထိုးပြီးမှ သိရသည်ကား ထိုအမျိုးသမီးကြီး၏ တစ်ဦးတည်းသောသားမှာလွန်ခဲ့သည့်နှစ်ရက်အတွင်းက စစ်မှုမထမ်းမနေရ ဥပဒေဖြင့် စစ်တပ်မှ ခေါ်ယူခြင်းခံရသည်ကိုသိရလေသည်။ နောက်နှစ်ရက်ခန့်ကြာသောအခါ သားဖြစ်သူမှာ စစ်တပ်သို့ ခေါ်ယူခြင်းခံရ၏။ ထိုအခါတွင်လည်း တစ်ကြိမ်ဝမ်းနာလာသဖြင့် ကျွန်ုပ်ပင်သွား၍ဆေးထိုးပေးရပြန်သည်။

နောက်သုံးလလောက်ကြာသောအခါ သားဖြစ်သူအား နိုင်ငံခြား စစ်စခန်းတစ်နေရာသို့ ပို့လိုက်ပြီဟူသော သတင်းကိုရ၏။ ဤ

www.dhammaransi.com



အကြိမ်၌ အမျိုးသမီးကြီး၏ ဝမ်းနာရောဂါမှာ အပြင်းအထန် ဖြစ်ပေါ် လာသောကြောင့် ကျွန်ုပ်ကိုယ်တိုင် ဆေးရုံသို့ခေါ် ယူလိုက်ရ၏။ ဆေးရုံ သို့ရောက်၍ အမျိုးသမီးကြီး၏သည်းခြေကိုဓာတ်မှန် ရိုက်၍ကြည့်သော အခါ သည်းခြေထဲ၌ ဘာမှမတွေ့ရဘဲ အကောင်းပကတိပင်ရှိနေလေ သည်။

သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌မူကား ဓာတ်မှန်၌မပေါ်သော ကျောက်များသည် သည်းခြေထဲ၌ တည်၍နေသောကြောင့်သာ ဤသို့ မခံမရပ်နိုင် ဝမ်းနာရသည်ဟု ကောက်ချက်ချပြီးလျှင် လူနာ၏ သဘော တူညီချက်ဖြင့် ဝမ်းဗိုက်ခွဲကာ သည်းခြေကိုဖြတ်၍ ပစ်လိုက်လေသည်။

ဆေးရုံမှဆင်းပြီး လပေါင်းအတော်ကြာသည့်တိုင်အောင် လူနာ အမျိုးသမီးကြီးမှာ ကျန်းမာ၍နေလေသည်။ ကျွန်ုပ်မှာလည်း တယ်တော် တဲ့ငါပါလားဟု ကြိတ်၍ သွေးကြီးနေမိသည်။ သို့ရာတွင် မကြာမီ အမျိုး သမီးကြီး၏ ဝမ်းဗိုက်လက်ျာဘက်အထက်ပိုင်းမှတစ်ကြိမ်နာ၍လာပြန် လေသည်။ ဤတစ်ကြိမ်တွင်ကား သူ့ခမျာ၌ အကြောင်းပြစရာသည်း ခြေလည်းမရှိတော့ပါပေ။

ထိုအချိန်က ဒုတိယကမ္ဘာစစ်ကြီးအတွင်းကဖြစ်လေရာ အမျိုး သမီးကြီး၏သားသည် မြောက်အာဖရိကစစ်မြေပြင်သို့ရောက်ရှိနေသည် ဟုသတင်းကြားရသဖြင့် အမျိုးသမီးကြီး၏ စတုတ္ထအကြိမ်ဝမ်းနာခြင်း ဖြစ်ရ၏။ နောက်တစ်ဖန် သူ့သားသည် ဒဏ်ရာရသည်ဟု သတင်းရသော အခါ ပဉ္စမအကြိမ်မြောက် ဝမ်းနာပြန်လေသည်။

သို့သော် ဒဏ်ရာကြောင့် သူ့သားကို စစ်တပ်မှ အမေရိကန် ပြည်သို့ပြန်ပို့လိုက်၏။ သူ့သားပြန်၍ရောက်သည့်အချိန်မှ စပြီးလျှင် အမျိုးသမီးကြီး၏ ဝမ်းနာရောဂါပျောက်၍သွားသည်မှာ ယခုယက်တိုင် အောင်ပင်ဖြစ်တော့သည်။

## စိတ်လှုပ်ရှားခြင်းနှင့်အူအတက်နာရောဂါ

အူပကြီးမှာ ဝမ်းဗိုက်ထဲ၌ ခွေ၍နေလေရာ စိတ်လှုပ်ရှားမှု ကြောင့် လက်ျာဘက်အောက်ထောင့်၌ တင်း၍လာလျှင် ဝမ်းနာတတ် သဖြင့် အူအတက်နာရောဂါကြောင့်ဖြစ်သည်ဟု လွဲမှားစွာယူစရာ ဖြစ် လေသည်။ အဘယ့်ကြောင့်ဆိုသော် လက်ျာဘက်အောက်ပိုင်းတွင် အူ

www.dhammaransi.com



အတက်ရှိ၏။ အထူးသဖြင့် ကလေးငယ်များ၌ ဤကဲ့သို့သော ဝမ်းနာခြင်းမျိုးမကြာခဏ ကြုံရတတ်လေရာ ကျွမ်းကျင်သော ဆရာဝန်များပင်လျှင် ကစ်ခါတစ်ရံ အယူအဆလွဲတတ်လေသည်။

ထိုအခါမျိုးတွင် လူနာ၏ ဝမ်းဗိုက်ကိုခွဲ၍ ကုသတတ်ကြသည်၊ ခွဲပြီးမှ အူအတက်မှာ အကောင်းပကတိရှိပြီး အူမကြီးသာတောင့်တင်း၍နေသည်ကို တွေ့ရတတ်၏။ အချို့လူများမှာလည်း အူမကြီး တစ်နေရာတွင်သာ မဟုတ်ဘဲ တစ်ခွေလုံးကင်းလာပြီးလျှင် အလွန်ပြင်းပြသည့် ဝေဒနာကို ခံစားရတတ်လေသည်။ စိတ်လှုပ်ရှားမှုကြောင့် အူမကြီးတွင် အမျိုးမျိုးဖြစ်ပေါ်လာတတ်သဖြင့် ထိုရောဂါမျိုးကို နာမည်အမျိုး မျိုးဖြင့် ဆရာဝန်တို့က မှည့်ခေါ်တတ်ကြ၏။

## လေထိုးခြင်း လေပွခြင်း

လူပေါင်းများစွာတို့သည် မိမိတို့အစာစားတိုင်း လေထိုး လေပွ ဖြစ်သည်ဟုဆိုပြီး ဆရာဝန်ထံရောက်လာတတ်ကြသည်။ အချို့မှာ လေထိုး လေပွလွန်းသဖြင့် ဝမ်းထဲတွင်သာမက တစ်ကိုယ်လုံးလည်ပတ်ပြီး နားထဲမှပင် လေထွက်နေသလို ခံစားရသည်ဟု ဆိုကြလေသည်။

အမှန်မှာကား ကျွန်ုပ်တို့စားသောက်နေသော အစာများကို ကိုယ်တွင်း၌ ခြေချက်နေစဉ် လေဟူ၍ဖြစ်ပေါ်လာနိုင်သည်မဟုတ်ချေ။ ဝမ်းထဲ၌ဖြစ်ပေါ်သော လေမှာ ကျွန်ုပ်တို့သည် အစာကို ဝါးမျို၍ချသော အခါ သို့မဟုတ် သွားရည်ကိုမျို၍ချသည့်အခါပြင်ပမှ အစာနှင့်အတူ တစ်ပါတည်းလေပါ၍လာခြင်းဖြစ်လေသည်။

ဝမ်းထဲ၌လေပွသည် ဓလေကသည်ဆိုခြင်းမှာ သုံးလက်မစီရှိသော ကျွန်ုပ်တို့ အူသိမ်၏အစိတ်အပိုင်းတို့သည် တင်းစွာကျုံ့၍လာခြင်းဖြစ်၏။ ဤကဲ့သို့ကျုံ့သဖြင့် အူသိမ်လမ်းကြောင်းမှာ အခိုက်အတန့် ပိတ်၍သွားလေရာ မည်သည့်အစာမှ အထက်မှအောက်သို့မစုန်ဆင်းနိုင်တော့ချေ။ ရံဖန်ရံခါ ငါးမိနစ်မှ တစ်နာရီကျော်အထိ ပိတ်နေတတ်သည်။

ထိုအခါ အူထဲ၌ရှိသော အရည်နှင့် လေတို့ကြောင့် အူမှာ လေမှုတ်သည့်သားရေလုံးကဲ့သို့ ဖောင်း၍လာတတ်သည်။ ခံစားရသည့် ဝေဒနာမှာ မသက်သာလှချေ။ ရုတ်တရက် အူပွင့်၍သွားသောအခါ

www.dhammaransi.com



ဝမ်းထဲမှ လေသံတွေကြားရပြီး ချောင်၍သွားတတ်လေသည်။ ဤကား လေထိုးလေပွခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် လူနာတစ်ဦးတွင် ဤကဲ့သို့ လေပွနေစဉ်အချိန်၌ ဓာတ်မှန်ဖြင့်ကြည့်၍ထားခဲ့ဘူးလေသည်။

ကျွန်ုပ်တို့ ဆေးကုဌာနရှိခွဲစိတ်ခန်းအတွင်းတွင် ခွဲစိတ်၍ထားသော လူနာတစ်ဦး၏ ဝမ်းဗိုက်ကို ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံ တစ်ပုံရှိလေသည်။ ဓာတ်ပုံရှင်မှာ ရာဇဝတ်မှုကျူးလွန်ဖူးသူ လူငယ် တစ်ဦးဖြစ်လေသည်။ တစ်ခါကရောဂါကြောင့် ထိုသူငယ်၏ဝမ်းဗိုက်ကို ခွဲခဲ့ရလေသည်။ သူ့ကို ခွဲစဉ်က မေ့ဆေးမဟုတ်ဘဲ ယုံဆေးပေး၍ ခွဲခဲ့ သောကြောင့် ခွဲစိတ်နေစဉ် လူနာနှင့်ဆရာဝန်များကောင်းစွာ စကား ပြောနိုင်လေသည်။

ဝမ်းဗိုက်ကို ခွဲစိတ်ပြီးနောက် ပထမဓာတ်ပုံရိုက်ပြီးလျှင် ဆရာဝန်က ထိုလူနာအား မကြာသေးခင်က အမှုတစ်ခုဖြစ်၍ ရဲဌာန သို့ရောက်ခဲ့ ဘူးပါသလားဟုမေးလိုက်သည်။ အမှန်မှာ ထိုလူငယ်သည် ဆေးရုံ၌ အခွဲမခံရမီ အချိန်အနည်းငယ်အတွင်းက အမှုတစ်ခုကို ကျူး လွန်ခဲ့သောကြောင့် ရဲများက ဆေးရုံဝတွင် စောင့်၍နေသည်ကို ကျွန်ုပ်တို့ အားလုံးအသိဖြစ်၏။

ထိုကဲ့သို့ဆရာဝန်ကမေးလိုက်သည်နှင့်တစ်ပြိုင်နက်လူနာ၏ အူသိမ်အတွင်းတွင် လေတွေလုံးများ၍ ဖောင်းပွလာသည်ကို ကျွန်ုပ်တို့ အားလုံးမြင်လိုက်ကြရသည်။ ဤသို့ဖောင်းပွလာသည်တွင် ဓာတ်ပုံရိုက်၍ ယူခဲ့၏။ လူနာ၏နှုတ်ကလည်း ထိုအခါ၌ သူ့ဗိုက်ထဲတွင် လေဘွေပွနေ ပါသည်ဟု ပြောပြခဲ့လေသည်။

ဤသာဓကတောက်၍ စိတ်မချမ်းသာစရာ ကြားရကြုံရသည့် အခါ ဝမ်းဗိုက်၌ လေပွ၍လာတတ်ကြောင်း ထင်ရှားသည်။ ကျွန်ုပ်တို့ သည် ထိုဓာတ်ပုံများကို သိမ်းဆည်းထားပြီးနောက် လေနာသည်၍ ဆေးကု လာသောသူများအား ဆီး၍ပြလေ့ရှိကြ၏။

## စိတ်လှုပ်ရှားမှုကြောင့်လေတက်ခြင်း

လေတက်ခြင်းမှာလည်း အလားတူပင်ဖြစ်၏။ သို့သော် အူထဲ မှမဟုတ်ဘဲ အစာအိမ်ထဲမှ လေတက်ခြင်းဖြစ်လေသည်။ ဤနေရာ၌ ဘီယာကဲ့သို့သော ယမကာဝင်ကိုသောက်ပြီး လေတက်ခြင်းမျိုးကိုဆိုသည်

www.dhammaransi.com



မဟုတ်၊ စိတ်တွင် အကြောင်းတစ်ခုခုကြောင့် လှုပ်ရှားပြီး လေတက်ခြင်းမျိုးကိုသာဆိုလိုပေသည်။

ကျွန်ုပ်သည် လူပရိသတ်ရှေ့၌ စကားအပြောအဟောအလွန်ကောင်းသည့် မိတ်ဆွေတစ်ယောက်တွင် သုတရားဟောသည့်အခါတိုင်း ပထမဆယ်မိနစ်တွင် လေတက်လေ့ရှိသည်ကိုတွေ့ရဘူး၏။ စကားပြော၍ အသားကျသွားသောအခါ သူ့လေတက်ခြင်းမှာ သက်သာလေသည်။

၁၉၄၂ ခုနှစ်ကလည်း ထူးဆန်းသော လူနာတစ်ဦးကိုတွေ့ခဲ့ရဘူးသည်။ ထိုသူမှာ တစ်မိနစ်လျှင် နှစ်ကြိမ်မျှ နေရာမရွေးလေတက်နေသူဖြစ်သည်။ ဤကဲ့သို့ လေတက်၍ တစ်ပတ်ခန့်ကြာသောအခါ ကျွန်ုပ်တို့ထံ ရောက်ရှိလာလေသည်။ ဆရာဝန်တစ်ဦးက ထိုသူအား ဆေးပညာအလိုဖြင့် ဒိုင်ယာဖရန်ဟုခေါ်သော ဝမ်းဗိုက်အတွင်း ကန့်လန့်ကာကြွက်သား မလှုပ်ရှားနိုင်အောင် ရင်ဝမ်းတို့နှင့် သက်ဆိုင်သော နာပ်ကြောများကို ခွဲစိတ်ဖြတ်တောက်ပစ်လျှင် ကောင်းမည်ဟု အကြံပေးလေသည်။

ကျွန်ုပ်တို့လည်း ထိုသူ၏ ထူးဆန်းသော လေတက်ပုံအကြောင်းကို စုံစမ်းမေးမြန်းကြည့်ကြ၏။ ထိုသူမှာ မူလက လယ်သမားတစ်ယောက်ဖြစ်၏။ သို့သော် လယ်ယာလုပ်ငန်းမကိုက်သဖြင့် မိမိပိုင်မြေများကို ရောင်းပြီး ပေါင်မုန့်ဖိုလုပ်ငန်းတစ်ခုကိုဝယ်ယူလိုက်လေသည်။ ပေါင်မုန့်ဖုတ်ခြင်း လုပ်ငန်းအကြောင်းကို သူဘာမျှမသိချေ။ ၁၉၄၂ ခုနှစ်မှာ စစ်ဦးကာလဖြစ်သောကြောင့် ဂျုံမှုန့်၊ သကြား၊ အဆီစသော မုန့်လုပ်ပစ္စည်းများ အလွန်ရှားပါးလေရာ ကိုသူမှာ မုန့်ဖိုလုပ်ငန်းကိုစ၍လုပ်သည်နှင့်တစ်ပြိုင်နက်ဆိုသလို အခက်အခဲအမျိုးမျိုးနှင့် ကြုံရလေတော့သည်။ထိုအထဲတွင် သူအားကိုးနေသည့် တစ်ဦးတည်းသော မုန့်ဖုတ်အလုပ်သမားကိုလည်း စစ်ထဲမဝင်မနေရဥပဒေဖြင့် စစ်တပ်ကခေါ်ယူသွားသောကြောင့် သူ့မှာမုန့်ဖိုကြီးတစ်လုံးနှင့် မလုပ်တတ် မကိုင်တတ်ဖြစ်၍ ကျန်ခဲ့လေသည်။ ထိုအခါမှစ၍ သူ့ခမြာမှာ စက္ကန့် ၃၀ တွင် တစ်ကြိမ်ကျ လေတက်၍ နေတော့သည်။ အကျိုးအကြောင်းကို သိရသည့်အခါ ကျွန်ုပ်တို့က **သူ့အား ပေါင်မုန့်ဖိုကို အမြန်ဆုံးရောင်း၍ပစ်ရန်** အကြံပေးရလေသည်။

www.dhammaransi.com



ထိုသူလည်း ဝမ်းသာအားရနှင့် ဒုက္ခပေးလှသည့် ဓပါင်မုန့်ဖိုကို အခြားသူတစ်ဦးအား ရောင်း၍ပစ်လိုက်လေသည်။ ထိုအခါမှစ၍ လေတက် သည့်ရောဂါသည်လည်း ယူ၍ပစ်သလို ပျောက်ကင်းသွားခဲ့၏။ အထက် တွင်ဖော်ပြခဲ့သည့်အချက်များကို ထောက်ရှုလျှင် စိတ်လှုပ်ရှားမှု ကြောင့် အစာခြေအင်္ဂါစု၌ မည်မျှဒုက္ခအမျိုးမျိုးပေးနိုင်သည်ကို သိသာ ပေပြီ။

ထို့ကြောင့် မိမိ၌ ရုတ်တရက်ဝမ်းနာခြင်း၊ လေထိုးခြင်းတို့ဖြစ် ပေါ်လာတိုင်း ဆရာဝန်ထံသို့ ပြေးပြီးပြသင့်မှုပြရာ၏။ ပြသည့်အခါတွင် လည်း မိမိဝမ်း၏ လက်ျာဘက်၌ ရုတ်တရက်နာခြင်းဖြစ်ပါသည်ဟု အသေအချာပြောမပြသင့်ချေ။ ဆရာဝန်ကလန့်ပြီးလျှင် မှား၍ခွဲစိတ်ပါ က အချောင်ဗိုက်ခွဲခံရတတ်လေသည်။

## စိတ်လှုပ်ရှားခြင်းကြောင့် သွေးကြောကြွက်သားများ၌ ဖြစ်ပေါ်လာသော လက္ခဏာများ

စိတ်လှုပ်ရှားခြင်းကြောင့် အလွန်သေးငယ်သည့်သွေးကြော များမှ ကြွက်သားတို့တွင်လည်း လက္ခဏာအမျိုးမျိုးဖြစ်ပေါ်လာ တတ်သည် ဤကဲ့သို့ လက္ခဏာအမျိုးမျိုးရှိရာတွင် အထင်ရှားဆုံးမှာ မျက်နှာနီမြန်းလာခြင်းဖြစ်လေသည်။ အခြားလက္ခဏာများလည်း အများ ပင်ရှိသေးသည်။

ကျွန်ုပ်တို့၏ ဦးခေါင်းခွံအတွင်းတွင်လည်းကောင်း၊ ပြင်ပတွင် လည်းကောင်းရှိသော အရွယ်တော်သွေးကြောများမှာ စိတ်လှုပ်ရှားလျှင် အများဆုံးထိခိုက်သည့်အကြောများဖြစ်လေသည်။ လူတစ်ယောက်တွင် စိတ်လှုပ်ရှားခြင်းကြောင့် ထိုဦးခေါင်းသွေးကြောများကျုံ့၍သွားသော အခါ ခေါင်းကိုက်လာတတ်သည်။ တစ်ခါတစ်ရံ၌ ခေါင်းတစ်ခြမ်း အပြင်း အထန်ကိုက်တတ်သည်။

ခေါင်းကိုက်ရောဂါခံရသူမှန်သမျှ ၈၅ ရာခိုင်နှုန်းမှာ စိတ်လှုပ် ရှားခြင်းကြောင့် ဝေဒနာရသူများဖြစ်ပေ၏။ အချို့သူများတွင် စိတ် ကြောင့် ခေါင်းကိုက်ခြင်းဖြစ်သည်ကို အထင်အရှားသိနိုင်သော်လည်း အချို့မှာကား မသိသာလှချေ။ အချို့မှာ မည်သည့်အတွက် ခေါင်းကိုက်

www.dhammaransi.com


သည်ကို ဘေးလူများပင် အလွယ်တကူသိရှိနိုင်၏။

ဥပမာအားဖြင့် ကျွန်ုပ်၏အမျိုးသမီးလူနာတစ်ဦးမှာ မြို့ထဲသို့ ထွက်သွားသည့်အခါတိုင်း အိမ်ပြန်ရောက်လျှင် ခေါင်းတစ်ခြမ်းအပြင်းအထန်ကိုက်ခဲသဖြင့် အိပ်ယာထဲလဲ၍နေတတ်လေသည်။ ထိုမိန်းမမှာ လယ်သမားဇနီးတစ်ဦးဖြစ်၍ အိမ်ထောင်ထိန်းသိမ်းရာ၌ အလွန်စေ့စပ်သေချာ၏။ မြို့ထဲသို့သွားသည့်အခါတိုင်း အိမ်တွင်အစစ စည်းကမ်းတကျသိမ်းဆည်းထားခဲ့၏။

သားသမီးတို့ကိုလည်း ကိုယ်တိုင်ရေမိုးချိုး၍ အဝတ်အစားစိတ်တိုင်းကျဝတ်စားပေးပြီးမှ မြို့ထဲသို့ခေါ်လေသည်။ သူသည် တစ်ပါးသူတို့နှင့်စကားပြောရမည်ကို ဝန်လေးသော အေးအေးနေတတ်သူတစ်ယောက်ဖြစ်၏။ ထို့ကြောင့် မြို့ထဲသို့ရောက်လျှင် အသိမိတ်ဆွေများကိုတွေ့၍ မလွှဲမရှောင်သာ စကားပြောခြင်းအမှုကိုပြုရ၏။

မြို့သို့သွားပြီးပြန်လာတိုင်း ခေါင်းတစ်ခြမ်းကိုက်လေသည်။ ထို့ကြောင့် ထိုအမျိုးသမီးအား မြို့ထဲသို့မသွားဘဲနေရန် အကြံပေးရသည်။ ခေါင်းကိုက်လည်းပျောက်၏။ အဘယ့်ကြောင့်ဆိုသော် သူသည် မြို့ထဲသို့ထွက်ရာ၌ သောကအမျိုးမျိုးရှိသောကြောင့်ဖြစ်သည်။ သို့သော်မလွှဲမရှောင်သာ၍ မြို့သို့ထွက်ရတိုင်း ခေါင်းကိုက်ခြင်းဝေဒနာကိုခံစားရရှာလေသည်။

## စိတ်လှုပ်ရှားခြင်းကြောင့် အရေပြားပေါ်၌ ဝေဒနာပေါ်ခြင်း

စိတ်လှုပ်ရှားသဖြင့် သွေးကြောများမှတစ်ဆင့် အရေပြားပေါ်၌လည်း ဝေဒနာဖြစ်ပေါ်တတ်လေသည်။ အမေရိကန်ပြည်၌ အရေပြားပေါ်တွင် ဝေဒနာခံစားရသူ ၃၀ ရာခိုင်နှုန်းခန့်အား "နာဗ်ကြောအရေပြားရောဂါ"ရှင်များဟု ဆရာဝန်များကကင်ပွန်းတပ်ထားကြသည်။ ထိုရောဂါသည် ကိုယ်ပေါ်၌ မည်သည့်နေရာတွင်မဆိုဖြစ်ပေါ်တတ်၏။

ဤသို့ဖြစ်ပေါ်ခြင်းမှာ အရေပြား ဒုတိယထပ်ရှိ သွေးကြောငယ်များသည် စိတ်၏လှုပ်ရှားမှုကြောင့် ဝေဒနာလက္ခဏာပေါ်ခြင်းဖြစ်သည်။ ဤအခါများ၌ဖြစ်ပေါ်သည့်နေရာတွင် သွေးကြောငယ်ထဲမှ သွေးကြည်ရည်တို့သည် အကြောကိုဖောက်၍ ထွက်လာတတ်သည်။ သွေးကြည်ရည်

www.dhammaransi.com


ထွက်ဖန်များသောအခါ တစ်သျှူးခေါ် အသားမျှင်များ၌ စုဝေး၍နေ လေသည်။

ထိုအခါ အသားသည် ပထမညှိုပုပ်ပုပ်အရောင်ဖြစ်လာ၍ နောက်တွင်နီလာတတ်သည်။ ကြာသောအခါ သွေးကြည်ရည်တို့သည် အရေပြားကိုဖောက်၍ထွက်လာပြီးနောက် ယားယံလာတတ်၏။ တစိုစို ဖြစ်နေတတ်၏။ ဤကား နာဗ်ကြောကြောင့်ဖြစ်ပေါ်သည့် အရေပြား ရောဂါဖြစ်လေသည်။ ကျွန်ုပ်ထံသို့ နှစ်အတော်ကြာမျှ ရောဂါများကို ခံစား နေရသူအသက် ၇၃ နှစ်အရွယ်ရှိ အဖိုးကြီးတစ်ယောက်ရောက်ရှိ ခဲ့ဘူး လေသည်။

သူသည် အသက် ၆၇ ခုနှစ်၌ ပထပဇနီးသေဆုံး၏။ ၆၈ နှစ် အရွယ်တွင် မိမိနှင့်သက်တူရွယ်တူအမယ်ကြီးတစ်ယောက်ကို ဒုတိယမွိ အိမ်ထောင်ပြု၏။ ထိုအခါမှစ၍ သူ့အရေပြားရောဂါပေါ်ပေါက်လာလေ သည်။ မင်္ဂလာဦးခရီးထွက်ရာမှပြန်လျှင်ပြန်ခြင်း ထိုရောဂါရသဖြင့် ဆေးရုံသို့တန်း၍တက်ခဲ့ရ၏။ ဆေးရုံ၌တစ်ပတ်ခန့်ကုသပြီးမှပျောက်၏။ သို့သော်အချိန်အတန်ကြာလျှင် ထိုရောဂါပြန်ပေါ်လာတတ်လေသည်။

တစ်ကြိမ်က မိုင်ပေါင်းများစွာဝေးသော မြို့တစ်မြို့သို့အလုပ် ကိစ္စဖြင့် သွားရောက်ခဲ့ရ၏။ ထိုစဉ်က ရောဂါသက်သာသွားလေသည်။ သို့သော် အိမ်ပြန်ရောက်လျှင် ရောဂါပြန်ပေါ်၏။ ယို့ကြောင့်သူသည် တစ်ရပ်တကျေးသို့ခရီးထွက်နေခြင်းက ဆရာဝန်နှင့်ဆေးကုရသည်ထက် စရိုက်သက်သာသောကြောင့် ရောဂါပေါ်တိုင်း ခရီးထွက်နေလေသည်။ တစ်ကြိမ်တွင် သူ့မိန်းမကြီးက ကိစ္စတစ်ခုဖြင့်ခရီးထွက်ပြန်၏။ အိမ်တွင် တစ်ယောက်တည်းနေခဲ့သောအခါ အဖိုးကြီး၏ရောဂါမှာ သက်သာနေ လေသည်။

နောက်ဆုံး ကျွန်ုပ်တို့ ဆေးကုဌာနသို့ ရောက်ရှိလာသောအခါ ကျွန်ုပ်တို့က သူ့အဖြစ်ကို ခရေစေ့တွင်းကျမေးမြန်းကြည့်၏။ ဤတွင်မှ သူ့မိန်းမကြီးက သူ့အပေါ်တွင် အလွန်အနိုင်ကျင့်တတ်ကြောင်းသိရှိရ လေ၏။ ကျွန်ုပ်တို့သည် သူ့ကို ဆေးမကုဘဲ သူ့မိန်းမကြီးအား အဖိုးကြီး အပေါ်၌ အနိုင်မကျင့်ပါနှင့်၊ အနိုင်ကျင့်လျှင် အရေပြားရောဂါရလိမ့်မည် ဟုပြောပြရ၏။ မိန်းမကြီးက အနိုင်ကျင့်မှုကို လျှော့ပေးလိုက်သောအခါ အဖိုးကြီးတွင်လည်း ရောဂါသက်သာသွားလေသည်။

www.dhammaransi.com



## စိတ်လှုပ်ရှားမှုကြောင့်ကိုယ်ပေါ် ကြွက်သားတို့တွင်ဝေဒနာပေါ်ခြင်း

လည်ပင်းကြောများတင်းသဖြင့် ဇက်ကြောတောင့်ခြင်း၊ဇက်လေးခြင်းခံစားရတတ်သည်ကိုဖော်ပြခဲ့ပြီ။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဆေးပညာသည်တို့အသေအချာလေ့လာခဲ့ခြင်းဖြင့် ကြွက်သားကိုက်ခဲခြင်းရောဂါအမျိုးမျိုးမှာလည်း စိတ်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်တတ်သည်ဟု သိရှိခဲ့ရလေသည်။

ပထမကမ္ဘာစစ်အတွင်းက မြေကတုတ်များဖြင့် စစ်တိုက်ရသည်ဖြစ်ရာ စစ်သားများတွင် ဖိုင်ဘရိုးစစ်တစ်ခေါ် အသားမျှင်ရောဂါများရခြင်းဖြစ်သည်ဟု ယူဆခဲ့ကြသည်။ ထိုအခါ မြေကတုတ်များတွင် ရွံ့ရေဖြင့် ပြည့်၍ မသန့်ရှင်းသောကြောင့်ရောဂါရခြင်းဖြစ်သည်ဟု ယူဆခဲ့ကြ၏။ မြေကတုတ်လုံးလုံးမသုံးသော ဒုတိယကမ္ဘာစစ်ရောက်သည့်အခါတွင်လည်း စစ်သားများအလားတူ ရောဂါရခဲ့ကြလေသည်။

အယူးသဖြင့် စစ်တပ်များကို အခြေခံစခန်းမှ ရှေ့တန်းစစ်မျက်နှာသို့ပို့သည့်အခါတိုင်း ထိုရောဂါကိုနေရာပရွေးရရှိတတ်ကြ၏။ နောက်ဆုံး၌ ထိုရောဂါမှာ မိမိအား အကင်းအကြပ်စေခိုင်းသည့်အလုပ်တစ်ခုကိုလုပ်ရခြင်းကြောင့် စစ်သားများတွင် စိတ်လှုပ်ရှားမှုဖြစ်ပေါ်၍ ရောဂါရခြင်းဖြစ်သည်ဟုသိရှိလာတော့၏။

အဖြစ်အပျက်မှာ စစ်သားတို့သည် စစ်တိုက်ရမည့်ကိစ္စနှင့် ကြုံသောအခါ စိတ်ကို တင်း၍ ရန်သူနှင့်ရင်ဆိုင်ရန်ပြင်လိုက်ရသဖြင့် ကိုယ်ခန္ဓာပေါ်ရှိ အချို့သော ကြွက်သားများမှာ တောင့်တင်း၍သွားလေသည်။ အယူးသဖြင့် ပခုံးကြွက်သားများတောင့်တင်းသွား၏။ ဤကဲ့သို့ ကြုံရဖန်များလျှင် ာက်ဆိုင်ရာကြွက်သားတို့သည် နာကျင်ကိုက်ခဲသော ဝေဒနာများ ခံစားရတတ်သည်။

အများအားဖြင့် ရင်ပိုင်းလက်ပဲဘက်ကြွက်သားများတွင် ဖြစ်ပေါ်တတ်၏။ လက်ျာဘက်တွင်လည်း ဖြစ်တတ်လေသည်။ သို့သော် လူတိုင်းမှာ လက်ဝဲဘက်၌ နာကျင်ခြင်းကိုပို၍ ဂရုစိုက်တတ်သည်။ အဘယ့်ကြောင့် ဆိုသော် လက်ပဲဘက်ရင်ပိုင်းတွင် နှလုံးရှိသောကြောင့် ထိုအပိုင်းမှ နာကျင်သောအခါ နှလုံးရောဂါဖြစ်ပြီဟုထင်တတ် ကြလေသည်။

www.dhammaransi.com



တစ်ခါတစ်ရံ ဆရာဝန်ထံရောက်၍ ဆရာဝန်ကအမှုမဲ့ အမှတ်မဲ့ဖြင့် "နှလုံးရောဂါများလား"ဟု ပြောမိပါက လူနာမှာ ပကတိဝေဒနာသည်ကြီးအဖြစ်သို့ပြောင်းလဲသွားတတ်သည်။ ကြွက်သားနာကျင်သည့်ရောဂါကို လူတိုင်းလိုလို တစ်ကြိမ်မဟုတ် တစ်ကြိမ်တွင် ခံစားရတတ်၏။ အချို့မှာလည်း ထာဝစဉ် ခံစားနေရတတ်လေ၏။ ကျွန်ုပ်ကိုယ်တိုင်ပင် မကြာခဏ ခံစားရဘတ်၏။

ကျွန်ုပ်၏ရောဂါမှာကား စိတ်လှုပ်ရှားမှုကြောင့်ဖြစ်သည်မှာ အလွန်ထင်ရှားပါပေ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်မှာ နေ့စဉ်နှင့်အမျှ ဝေဒနာသည်များစွာကိုတွေ့ဆုံစစ်ဆေးနေရသော ဆရာဝန်တစ်ဦးဖြစ်လေရာ ထိုလုပ်ငန်းသည် စိတ်ပင်ပန်းကြီးစွာဖြစ်သောကြောင့် ကျွန်ုပ်၏ကြွက်သားများသည် တစ်နေရာမဟုတ် တစ်နေရာတွင်အမြဲနာကျင်ကိုက်ခဲနေ၏။

အနားယူသည့်အခါ၌ ထိုဝေဒနာများ ယူ၍ပစ်သလို ပျောက်နေတတ်၏။ ထို့ကြောင့် ကျွန်ုပ်သည် ယခုအခါ၌ ထိုနာကျင်မှုများအကြောင်းကို လုံးလုံးမစဉ်းစားတော့ချေ။ သို့ရာတွင် ဆရာဝန်မဟုတ်သော အရပ်သားများမှာကား ထိုဝေဒနာမျိုးရလာခဲ့လျှင် မိမိတို့၌ကင်ဆာရောဂါအစရှိသော ရောဂါများကျရောက်လေပြီဟု အကြီးအကျယ် ကြောက်ရွံ့ထိတ်လန့်ကြသည်။ ဤရောဂါမျိုးမှာ ဘာမျှကြောက်စရာမရှိသော ရောဂါဖြစ်သည်ကို သတိထားသင့်ပေသည်။

## အခြားသော နာကျင်မှုများ

ဤနေရာ၌စကားဖြတ်၍ ကျွန်ုပ်ခံစားရတတ်သော အခြားနာကျင်ခြင်းများအကြောင်းကို ပြောပြလိုပေ၏။ အလုပ်များသည့်အခါနှင့် ကြုံကြိုက်သောအခါ ကျွန်ုပ်တို့ကိုယ်ပေါ်တွင် ဟိုမှလိုလို သည်မှလိုလို နာကျင်မှုများခံစားရတတ်၏။ ရံဖန်ရံခါ၌ခြေတွင်နာကျင်၏။ ရံဖန် ရံခါ၌ ရင်တွင်လည်းကောင်း၊ ဝမ်းတွင်လည်းကောင်း နာတတ်၏။ အချို့သောအခါ အတော်ပြင်းပြင်းထန်ထန် နာကျင်တတ်လေသည်။ ဤနာကျင်ခြင်းမျိုးမှာ ရောဂါမဟုတ်ချေ။

www.dhammaransi.com



နာကျင်သည့် နာဝကြောအစွန်းတစ်ခုလှုပ်ရှားခြင်းကြောင့်လည်းကောင်း၊ သွေးကြောတစ်ခုတင်းလာသဖြင့်သော်လည်းကောင်း၊ ကြွက်သားတစ်ခု တောင့်၍လာခြင်းကြောင့်လည်းကောင်း၊ နာကျင် လာခြင်းဖြစ်လေသည်။ အချို့သူများသည် ဤသို့ နာကျင်မှုမျိုးကို အများထက်ထူး၍ခံစားရတတ်လေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူ၏ နာကျင်ခြင်းနာဝကြောမှာ ထူးခြားစွာ အာရုံပြတ်လတ်သောကြောင့် ဖြစ်လေသည်။

နာကျင်သည့်အာရုံကို အလွယ်တကူခံစားတတ်သူများသည် ဝမ်းဗိုက်ထဲရှိ အူသိမ်အူမများ သာမန်အားဖြင့် တရွရွလှုပ်ရှားနေခြင်းကို ပင်လျှင် ဝမ်းနာသကဲ့သို့ ဝေဒနာခံစားကြရလေသည်။ ထို့ကြောင့် အချို့သောသူများမှာ အမြဲတမ်းလိုလိုပင် မကြာမကြာ ဝမ်းနာရောဂါကိုခံစားရတတ်လေသည်၊ ထိုသူများသည် မိမိတို့မှာသူတစ်ပါးထက်ထူးကဲ၍ နာကျင်ခြင်းအာရုံရှိသူများဖြစ်ကြောင်း မသိလျှင် တစ်သက်လုံး တကယ့်ရောဂါသည်ကြီးများကဲ့သို့ မကြာခဏဆရာဝန်ထံသို့ရောက်၍ နည်းအမျိုးမျိုးဖြင့် ဆေးကုခံကြရလေသည်။

ဤကဲ့သို့ ကိုယ်ခန္ဓာပေါ်၌ မကြာမကြာတစ်နေရာမဟုတ် တစ်နေရာတွင် နာကျင်တတ်သူများအဖို့ ဝေဒနာခံစားရသည့်အခါတိုင်း ကိုဝေဒနာကို စူးစိုက်၍ သတိထားနေလေလေ ဝေဒနာမှာပြင်းထန်လာလေဖြစ်တော့သည်။ စိတ်လှုပ်ရှားမှုဖြစ်တိုင်းလည်း ဝေဒနာပေါ်၍လာမည်ဖြစ်၏။

ဤအခန်း၌ စိတ်လှုပ်ရှားမှုကြောင့် အများဆုံးဖြစ်ပေါ်တတ်သည့် ဝေဒနာအနည်းငယ်မျှကိုသာ ဖော်ပြထားခြင်းဖြစ်ပေသည်။ ကိုယ်ခန္ဓာပေါ်၌ ကြွက်သားအမျိုးပေါင်း မြောက်မြားစွာရှိလေရာ စိတ်လှုပ်ရှားမှုဖြစ်ပေါ်လျှင် ထိုကြွက်သားအားလုံးတွင် ဝေဒနာလက္ခဏာပေါ်ပေါက်နိုင်လေသည်။ အပြည့်အစုံဖော်ပြနေလျှင် ဆုံးနိုင်တော့မည်မဟုတ်ချေ။

အရေးကြီးသည်မှာ ဤဝေဒနာများအကြောင်းကို သိထားဖို့လိုလေသည်။ ဤကဲ့သို့ သိနေလျှင် မိမိ၌ နာကျင်ကိုက်ခဲသည့်အခါတိုင်း အမျိုးမျိုးတွေးတောပြီးကြောက်ရွံ့နေစရာမလိုတော့ချေ။ ဤအချက်မှာ အနာရောဂါကင်းခြင်း၊ ကျန်းမာချမ်းသာစွာနေရခြင်း၊ စိတ်သောက

www.dhammaransi.com



ကင်းဝေးခြင်းတည်းဟူသော ဘဝသစ်သို့ရောက်ရှိရန် ပထမအဆင့်ဖြစ်လေသည်။ ဤအဆင့်သည် ကျွန်ုပ်တို့အားလုံးအတွက် အရေးအကြီးဆုံးပင်ဖြစ်ချေသည်။

## စိတ်လှုပ်ရှား၍အသက်ရှူပြင်းသည့်အခါ ဖြစ်ပေါ်တတ်သည့်လက္ခဏာများ

လူတို့သည် စိတ်လှုပ်ရှားခြင်းကြောင့် အသက်ပြင်းပြင်းရှူသည့်အခါ ကိုယ်ခန္ဓာပေါ်၌ လက္ခဏာအမျိုးမျိုးဖြစ်ပေါ်တတ်လေသည်။ လူတိုင်း လူတိုင်းတွင် ဤကဲ့သို့သော လက္ခဏာမျိုးကို တစ်ကြိမ်မဟုတ်တစ်ကြိမ် ခံစားရမည်မှာ အမှန်ဖြစ်၏။ အသက်ရှူပြင်းသည်ဆိုခြင်းမှာ အသက် ပြင်းပြင်းရှူရှိုက်ခြင်းနှင့် လျှင်မြန်စွာရှူခြင်းနှစ်မျိုးစလုံးကိုခေါ်၏။

ကျွန်ုပ်တို့စိတ်သည် စိတ်လှုပ်ရှားစရာတစ်ခုခုကြုံသည့်အခါ အသက်ရှူမြန်၍လာသည်ကို သတိထားမိကြပေလိမ့်မည်။ ရုပ်ရှင်နှင့် ဇာတ်သဘင်များ၌ ဇာတ်ကောင်တို့သည် စိတ်လှုပ်ရှားမှုကို သရုပ်ဆောင်ရာတွင် အသက်မြန်မြန်ရှူ၍ပြတတ်လေသည်။ ဤအချက်ကို ထောက်၍ စိတ်လှုပ်ရှားမှုနှင့် အသက်ရှူမြန်ခြင်းတို့မှာ သဘာဝအတိုင်း ဆက်သွယ်နေသည်ကို သိသာ၏။

လူသာမန်တို့သည် သက်သာစွာ နားနေသည့်အခါတွင် တစ်မိနစ်လျှင် ၁၆ ကြိမ်မှ ၁၈ကြိမ်အထိ အသက်ရှူ၏။ သို့ဖြစ်ရာ အသက်ရှူသည့် အကြိမ်ပေါင်း ၂၂ကြိမ်မှ ၂၃ကြိမ်ထိ တိုး၍ရှူသည့်အခါ ကိုယ်ခန္ဓာပေါ်တွင် ပြောင်းလဲမှုဖြစ်ပေါ်လာလေတော့၏။

## အသက်ရှူပြင်းသည့်အခါဖြစ်ပျက်ပုံများ

ကျွန်ုပ်တို့သည် အသက်ပြင်းပြင်းရှူသည့်အခါ၌ အဆုပ်မှ တစ်ဆင့်သွေးထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များသည် အပြင်သို့လိုသည်ထက်ပို၍ ထွက်သွား၏။ ထို့ကြောင့်ခန္ဓာကိုယ်အတွက်လိုအပ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်လျော့ပါးသွားလေသည်။ သွေးထဲ၌တဖြေးဖြေးကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်နည်း၍သွားသည့်အခါ အောက်တွင် ဖော်ပြလတ္တံ့သော လက္ခဏာအမျိုးမျိုးဖြစ်ပေါ်လာလေသည်။

www.dhammaransi.com



ပထမတွင်အပေါ် ယံအရေပြားအောက်၌ တစ်စုံတစ်ခုလှုပ်ရှားနေသလိုခံစားရ၏။ နောက်တစ်ဆင့်လက်ချောင်းများ နှင့်အခြားနေရာများ တွင်ထုံ၍လာသည်၊ ထို့နောက်အပ်နှင့်လျှောက်၍ ထိုးသလိုကျဉ်၍လာသည်။ ဤကဲ့သို့ထုံကျဉ်ခြင်းမဖြစ်မီ ကိုယ်တွင်း၌လည်းအခြားလက္ခဏာများဖြစ်ပေါ်နေ၏။

နှလုံးသည်အခုန်မြန်လာပြီးလျှင် တစ်ကိုယ်လုံးတုန်၍လာတတ်သည်။ ရံဖန်ရံခါ၌ သတိပင်လစ်သွားတတ်၏။ နောက်ဆုံး၌ ကိုယ်ပေါ်ရှိ ကြွက်သားများတွင်ကြွက်တက်တတ်၏။ ခြေလက်တို့လည်း ဆန့်ငင်ဆန့်ငင်ဖြစ်လျှက် တက်တနီဟုဆေးပညာအားဖြင့်ခေါ်သော ရောဂါရရှိ၏။ ကျွန်ုပ်တို့သည် စိတ်လှုပ်ရှားခြင်းကြောင့် ယခုဖော်ပြပြီးသော ဝေဒနာလက္ခဏာအားလုံးအစအဆုံးခံစားရသူများစွာကို တွေ့ကြုံဘူးလေသည်။

တစ်နေ့တွင်လယ်သမားကြီးတစ်ဦးက ကျွန်ုပ်ထံသို့သူ၏ သားသည် လယ်ကွန်စက်ပေါ်မှ လိမ့်ကျဒဏ်ရာရသောကြောင့် အမြန်လာပါဟု တယ်လီဖုန်းနှင့်ခေါ်သဖြင့် သွားရောက်ခဲ့ရ၏။ လယ်ထဲသို့ ရောက်သောအခါ သူ၏သားဒဏ်ရာမှာ မကြီးလှသော်လည်း အဖေလုပ်သူမှာကား ခြေလက်ဆန့်ငင်နှင့် တက်တနီရောဂါဖြစ်နေသောကြောင့် မနည်းဆေးကု၍ ယူရလေသည်။

ထိုလယ်သမားကြီးပင် နောက်တစ်ကြိမ်သွားစိုက်ဆရာဝန်ထံသို့ သွားနှုတ်ရန်သွားရင်းသွားနှုတ်သည့်ညှပ်ကိုမြင်ပြီးလန့်၍ ခြေလက်ဆန့်ငင်ဆန့်ငင်ဖြစ်နေပြန်၏။ သွားစိုက်ဆရာက အလန့်တကြားကျွန်ုပ်အားခေါ်သဖြင့်သွား၍ ကုသပေးခဲ့ရပြန်သည်။ ဤလယ်သမားကြီးမှာ စိတ်လှုပ်ရှားစရာကြုံတိုင်း အသက်ပြင်းစွာရှူပြီးအဆင့်ဆင့် ရောဂါရခြင်းဖြစ်လေသည်။

အချို့သောသူများတွင် အသက်ရှူပြင်းသောကြောင့် ကြွက်တက်ခြင်းထက် ထင်ရှားသောလက္ခဏာများပေါ်ပေါက်တတ်လေသည်။ အကြောက်လွန်သောကြောင့်တစ်ကိုယ်လုံးထုံကျင်ပြီးလျှင် နှလုံးအပြင်းအထန်ခုန်၍ နေသူများတွေ့ရဘူးသည်။ အချို့မှာလည်း အသက်ပြင်းပြင်းရှူရင်းသတိလစ်ခြင်းမေ့မျောခြင်းတို့ ဖြစ်တတ်သည်။

www.dhammaransi.com



ကျွန်ုပ်တွေ့ဖူးသော မိန်းကလေးတစ်ယောက်မှာ စိတ်လှုပ်ရှားတိုင်းအသက်ပြင်းစွာရှူပြီးသတိလစ်တတ်သောကြောင့် နှစ်လခန့် အိပ်ယာထဲ၌လဲနေ၍ ဆေးကုယူရလေသည်။

## အိပ်နေစဉ်အသက်ပြင်းစွာရှူတတ်သည်

လူတို့သည် အများအားဖြင့် အိပ်နေစဉ်အခါ၌ အသက်ပြင်းစွာ မကြာမကြာရှူတတ်ကြ၏။ အထူးသဖြင့်စိတ်သောကကြုံတွေ့နေရသော သူများအိပ်စက်နေသည့်အခါဂရုစိုက်၍ ကြည့်လျှင်အသက်ပြင်းပြင်းတစ်လှည့်၊ ငြိမ်ငြိမ်တစ်လှည့်ရှူတတ်သည်ကို တွေ့ရပေလိမ့်မည်။

ကျွန်ုပ်တို့၏ စိတ်မှာလည်းမည်သည့်အခါမှ တည်ငြိမ်နေသည် မဟုတ်ဘဲ အမြဲရောက်တတ်ရာရာတွေးတော၍ နေလေသည်။ အိပ်၍ နေသည့်အခါမှာပင် စိတ်မှာ ရောက်ချင်ရာသို့ရောက်၍နေတတ်သည်။ နေ့လည်ကစိတ်ဆိုးစရာ၊ ကြောက်ရွံ့စရာအစရှိသည်တို့ကြုံခဲ့ပါက ညအိပ်သည့်အခါ၌ ထိုအကြောင်းတို့ကို စိတ်ကပြန်၍ တွေးတောတတ်၏။

ထို့ကြောင့်အိပ်မက်ဆိုးများမက်ပြီး အသက်ပြင်းစွာရှူလာတတ်ကြသည်။ ကျွန်ုပ်သည်ဆရာဝန်သက်နှစ်ပေါင်း ၂၀ အတွင်းညကြီးသန်းခေါင်၌ အိပ်မက်ဆိုးမက်၍ တစ်ကိုယ်လုံးထုံကျင်ပြီး နှလုံးအကြီးအကျယ်ခုန်နေသော လူနာများကို မကြာမကြာသွား၍ ကြည့်ရဘူး၏။ ထိုသူများမှာ မိမိတို့၌ နှလုံးရောဂါကြောင့် လေသင်မှုန်းဖြတ်၍ သေတော့မည်ဟု ထိတ်လန့်ပြီး ဆရာဝန်များခေါ်ကြခြင်းဖြစ်၏။

တစ်ကြိမ်တွင် သန်းခေါင်ကျော်၌ ဆေးကုနေကျလူတစ်ယောက်က "ဆရာ ကျွန်တော့်မိန်းမနှလုံးရပ်ပြီးသေတော့မယ် မြန်မြန်လာပါ" ဟု ကတုန်ကယင်တယ်လီဖုန်းဖြင့်ခေါ်ရှာလေသည်။ ကျွန်ုပ်မှာ သူတို့လင်မယားနှစ်ယောက်စလုံးကို ကောင်းစွာသိလေရာ ဇနီးဖြစ်သူမှာ အိပ်ရင်း အသက်ရှူမှား၍ နှလုံးခုန်နေကြောင်းရိပ်မိပါ၏။

သို့သော်သူတို့စိတ်ကျေနပ်အောင်ခေါ်သည့်အတိုင်း သွားလိုက်ရ၏။ ကျွန်ုပ်ရောက်သည့်အခါ မယားတစ်ဦးတည်းသာမဟုတ်။ လင်ဖြစ်သူပါနှလုံးတုန်ရင်ခုန်၍ ခြေလက်ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်ကို တွေ့ရ

www.dhammaransi.com


လေသည်။ ဖြစ်ပုံကား ပထမဦးစွာ ဇနီးကနှလုံးတုန်ရင်ခုန်၍ အိပ်ယာမှ လန့်နိုး၏။

ထိုအခါလင်ဖြစ်သူအား အလန့်တကြားနှိုးလိုက်၏။ လင်ဖြစ်သူကလည်း အိပ်စုံမှုန်မွှားနှင့် သူ့ဇနီးမှာ နှလုံးရောဂါဖြစ်၍ သေပါတော့မည်ဟု အဘင်ရောက်ပြီးသူ့ပါခြေလက်ဆန့်ငင်ဆန့်ငင်ဖြစ်သွားခြင်းပေတည်း။ တစ်ခါတစ်ရံတွင် လူတို့သည် အိပ်စက်ရင်း အသက်ပြင်းပြင်းရှူပြီးနောက် မနိုးဘဲ ခြေထောက်ကြွက်တတ်လေသည်။

ဤသို့ဖြစ်တတ်သူများသည်ဈေးပေါ်ပေါ်နှင့်ရသောဆေးလုံးကလေးတစ်မျိုးကို ဝယ်၍ စားခြင်းဖြင့်ရောဂါကိုတားဆီးနိုင်လေသည်။

## စိတ်ကြောင့်ဖြစ်သောပန်းနာရောဂါ

ဒေါက်တာဆီလိုင်း၏ သုတေသနပြုလုပ်ချက်များအရ လူတို့တွင် ပန်းနာရောဂါရရှိသည်မှာ စိတ်လှုပ်ရှားမှုနှင့် ဆက်သွယ်နေကြောင်းထင်ရှားခဲ့၏။ ရှေးကဆေးသမားများအဖို့ပန်းနာရောဂါသည် အဆုပ်ပြွန်တွင်ရောဂါပိုးကပ်ငြိသည်မှအစ ဆိုးဝါးလာပြီး ပန်းနာဖြစ်လာသည်ဟု ယူဆခဲ့ကြသည်။

ယခုအခါတွင်မူ ပန်းနာရောဂါမှာစိတ်လှုပ်ရှားမှုကြောင့် တဖြေးဖြေးဖြစ်ပေါ်နိုင်သည်။ စိတ်လှုပ်ရှားမှု(သောက)ဒဏ်ကိုကြာရှည်ခံစားရလျှင် ရောဂါမှာ အလွန်ဆိုးဝါးသောအခြေအနေသို့ရောက်ရှိနိုင်သည်ဟု သိရှိလာကြပြီ ဖြစ်၏။ ကျွန်ုပ်တို့သိသောလူနာအမျိုးသမီးကြီးတစ်ဦးသည် မြို့တစ်မြို့၌ ချမ်းသာပျော်ရွှင်စွာနေထိုင်လျက်ရှိ၏။

သားသမီးများကြီးပြင်းလာ၍ အိမ်ထောင်ကျသည့်အခါ သမီးတစ်ယောက်သည် မိဘမလိုလားသူတစ်ဦးနှင့် လက်ထပ်ခဲ့လေသည်။ ထို့ပြင် ထိုအချိန်၌လိုလိုပင် အသက် ၅၀ ကျော်လင်ယောကျ်ားကလည်း ဖောက်လွဲဖောက်ပြန် ပြုလုပ်လာခဲ့လေသည်။ ထိုအခါ အမျိုးသမီးကြီးသည် အကြီးအကျယ် စိတ်ဆင်းရဲပြီးလျှင် စိတ်ပြေလက်ပျောက်ကုန်တိုက် တစ်ဘိုက်တွင်စာရေး ဝင်လုပ်သည်။

အလုပ်ကိုလည်းအပြင်းအထန်ကြိုးစား၍လုပ်၏။ ကြာသော်လူ့ရောစိတ်ပါပင်ပန်းပြီးလျှင် ပန်းနာရောဂါရရှိလေတော့သည်။ တစ်ကြိမ်၌

www.dhammaransi.com



ဆေးရုံသို့ ခြောက်လတိုင်းပင်တက်ရောက်ကုသသော်လည်း ရောဂါသက်သာရုံမျှရှိ၏။ မပျောက်ကင်းခဲ့ချေ။ ထိုအခါ၌ စိတ်အလွန်ပင်ပန်းလာရုံမျှမက ရောဂါထတိုင်းကြောက်ရွံ့ခြင်းပြင်းလာ၏။ သို့ဖြစ်ရာ ရောဂါအခြေအနေမှာ ဆိုးသည်ထက်ပို၍သာဆိုး၍လာသည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရလေသည်။

ပန်းနာရောဂါသည်အများစုကို ကြည့်လျှင် မူလရောဂါပိုးကြောင့်ဖြစ်သူနှင့် စိတ်လှုပ်ရှားမှုကြောင့်ရောဂါရခဲ့သူများ ကို ခွဲခြားသိနိုင်လေသည်။ စိတ်လှုပ်ရှားမှုကြောင့်ရသော ရောဂါသည်တို့ မှာ ပို၍ဆိုး၏။ ရောဂါထသည့် အချိန်၌ကုသရန်လည်းမလွယ်ကူလှပေ။ မူလကရောဂါပိုးကြောင့်ရောဂါ ဖြစ်ပွားသူတို့မှာ ထိုရောဂါဖြင့် သေဆုံးခဲ့သည်။

သို့သော်စိတ်လှုပ်ရှားမှုကြောင့် ပန်းနာရောဂါဖြစ်ပွားပြီး သေဆုံးသူအချို့ကို ကျွန်ုပ်တွေ့မြင်ဖူးလေသည်။ အလားတူပင် ရူမက်တစ်အဆစ်ရောင်ရောဂါ (Rheumatis arthritis) ရှိသူများတွင် စိတ်လှုပ်ရှားမှုကြောင့်ခံစားရသူများကို တွေ့ဘူး၏။ ဤသူများမှာ ရောဂါပိုးကြောင့်အဆစ်ယောင်ရောဂါဖြစ်ပွားသူတို့ထက် ပို၍ပြင်းထန်လေသည်။

ဆင်မီဆိုသောလယ်သမားတစ်ယောက်တွင် အဆိုပါရူမက်တစ်အဆစ်ရောင်ရောဂါငယ်စဉ်ကပင်စတင်၍ ခံစားခဲ့ရလေသည်။ ယိုသူမှာတစ်သက်လုံးစိတ်လှုပ်ရှားမှုဒဏ်ကိုအမျိုးမျိုးခံခဲ့ရသူဖြစ်သည်။ သူ၏သက်စောင့်ရည်ဒဏ်ကိုကြာရှည်ခံစားရသဖြင့် အဆစ်ယောင်ရောဂါမှတစ်ဆင့်ပန်းနာရောဂါပါရပြန်လေသည်။

နောင်အခါသွေးတိုးရောဂါပါထပ်ဆင့်ဖြစ်ပွားပြန်လေသည်။ ယခုအခါ၌မူကျောက်ကပ်ရောဂါပါထပ်ဆင့်ရရှိပြန်၏။ သူ့ရောဂါမျိုးစုံမှာစိတ်ပင်ပန်းမှုကြောင့်တစ်ပုံပြီးတစ်မျိုးပေါ်ပေါက်နေခြင်းဖြစ်လေသည်။

## ကောင်းသောစိတ်အာရုံသည်အသက်ရှည်ဆေး

ဆေးပညာရှင်တို့သည် အနိဋ္ဌာရုံဖြစ်သောစိတ်လှုပ်ရှားမှုများကြောင့်ခန္ဓာကိုယ်တွင် အမျိုးမျိုးသောဆိုးကျိုးတို့ကို ဖြစ်ပေါ်စေကြောင်းတင်ပြနေရသဖြင့် ဣဋ္ဌာရုံဖြစ်သော ကောင်းသည့်စိတ်လှုပ်ရှားမှုများ၏

www.dhammaransi.com



ကောင်းကျိုးတို့ကိုတင်ပြရန် မေ့လျော့နေတတ်ကြလေသည်။ အမှန်အားဖြင့် ကောင်းသောစိတ်အာရုံတို့မှာ လူတို့အဖို့ အသက်ရှည်စေသော အာယုဝဍ္ဎနဆေးတစ်လက်ဖြစ်ချေသည်။

ကောင်းသောစိတ်အာရုံသည် ဆေးပညာလောကမှ သိရှိပြီးသမျှ သတ္တိအထက်မြက်ဆုံးအသက်ဆက်ဆေးဖြစ်၏။ ယခုခေတ်၌ အလွန်အစွမ်းထက်သော ပယ်နစ်ဆလင်အစရှိသည့် ပဋိဇီဝဆေးများနှင့် အေစီတီအိပ်ချ်ဟိုမုန်းဆေးများသည် ကောင်းသော စိတ်အာရုံလောက် လူကိုအကျိုးမပေးနိုင်ကြချေ။

ထိုဆေးများကြောင့် လူ၌ ဒဏ်ခံရတတ်သည်။ ဆေးသမားတို့က ခည်မျှပင်အစွမ်းကောင်းစေကာမူ လူ့ခန္ဓာကိုယ်တွင် ကျန်းမာချမ်းသာရေး အတွက် ဟိုမုန်းတို့က စောင့်ထိန်းနေသလောက် အကျိုးမပြုနိုင်ကြချေ။ ဟိုမုန်းတို့ကား သက်စောင့်ရည်တို့ပင်ဖြစ်၏။ ထိုသက်စောင့်ရည်တို့ကို လိုအပ်သလို အကျိုးရှိစွာ ထိန်းသိမ်းပေးနိုင်ရန်အတွက် စိတ်ပျော်လက် ပျော်ရှိခြင်းတည်းဟူသောနည်းတစ်နည်းသာရှိလေသည်။

စိတ်ချမ်းမြေ့ခြင်းသည် လောက၌ အကောင်းဆုံးသော သက်စောင့်ဆေးကြီးဖြစ်၏။ ဗော့စတွန်မြို့မှ နာမည်ကျော် နှလုံး ရောဂါကုပါရဂူ ဆရာဝန်ကြီးဒေါက်တာဖေါ့ဒိုက်သည် ၁၉၅၁ ခုနှစ်က စာတမ်းကြီးတစ်စောင်ထုတ်ဝေ၍ ကောင်းသောစိတ်အာရုံသည် လူတို့ကျန်းမာပျော်ရွှင်ရေးအတွက် မည်မျှအရာရောက်ကြောင်း တင်ပြခဲ့လေသည်။

ရှေးက အေစီတီအိပ်ချ်ဟိုမုန်းရည်အကြောင်းကို ဆရာဝန်များမသိခဲ့သေးရာ ထိုအချိန်က ဝိမိကုသခဲ့ဘူးသော မိန်းမရွယ်လူနာတစ်ယောက် အကြောင်းကို စာတမ်း၌သာဓကတင်ပြ၏။

ထိုမိန်းမရွယ်မှာ သားသမီးနှစ်ယောက်ရှိ၍ သူ၏လင်ယောက်ျားမှာအရက်သမားဖြစ်၏။ မိန်းမရွယ်တွင် ရှုမက်တစ်အဖျားရောဂါအပြင်းအထန်ရရှိပြီးလျှင် သုံးနှစ်တိုင်တိုင် အိပ်ယာထဲလဲ၍နေခဲ့လေသည်။ ဆရာဝန်များက ထိုမိန်းမသည် အများဆုံး (၁)နှစ်လောက်ပင်နေရတော့မည်ဟု ဆုံးဖြတ်ခဲ့ကြလေသည်။

www.dhammaransi.com



ထိုမိန်းမငယ်၏စိတ်မှာ သောကမျိုးစုံနှင့် ကြုံနေခဲ့ရသည်ဖြစ်ရာ နောက်ဆုံး၌ လူ့ပြည်၌ နေလိုသည့် စိတ်ပင်လျှင်ကုန်ခမ်းသွားလေသည်။ တစ်နေ့သော် သူ၏အရက်သမားလင်ယောက်ျားသည် သူတို့သားအမိ တတွေကိုပစ်၍ တစ်ရပ်တစ်ကျေးသို့အပြီးထွက်ခွာသွားလေတော့၏။

ထိုအခါ၌ ထိုမိန်းမငယ်၏ စိတ်သည် အကြီးအကျယ်ပြောင်းလဲလာခဲ့လေသည်။ ဆရာဝန်ကြီးဒေါက်တာဝိုက်အားတွေ့သောအခါ ထိုမိန်းမက. . .

"ဆရာ ကျွန်မကျန်းမာလာရမယ်။ ကျွန်မ သားသမီးကလေးတွေကို ကျွန်မလူလားမြောက်အောင်လုပ်ကိုင်ပြီးကျွေးမွေးတော့မယ်"

ဟု ဆို၍ပြောရှာလေသည်။ သို့ရာတွင် ဒေါက်တာဝိုက်မှာမူကား စိတ်မချမ်းသာချေ။ အဘယ့်ကြောင့်ဆိုသော် ထိုအမျိုးသမီး၏ နှလုံးမှာ အလွန်အားနည်းနေရကား အသက်ရှည်စွာနေရတော့မည် မဟုတ်ဟု အတတ်သိသောကြောင့်ဖြစ်၏။ ဒေါက်တာဝိုက်မှာ နှလုံးရောဂါနှင့်ပတ်သက်လာလျှင် ပြိုင်ဘက်မရှိသော ဆရာဝန်ကြီးတစ်ဦးပင် ဖြစ်စေကာမူ သူ၏ယူဆချက်မှာ ထိုအချိန်ကလွဲမှားခဲ့၏။

ထိုစဉ်က ဆေးပညာရှင်တို့ မဖော်ထုတ်နိုင်သေးသော အေစီတီ အိပ်ချ်ဟိုမုန်းရည်သည် ရောဂါသည် အမျိုးသမီးအတွက် ကြီးစွာသော အကျိုးကိုပြုခဲ့၏။ စိတ်ချမ်းမြေ့ခြင်း၊ အားတက်ခြင်း၊ ပျော်ရွှင်ခြင်းတည်း ဟူသော အာရုံတို့ကြောင့် အေစီတီအိပ်ချ်ဟိုမုန်းရည်က သဘာဝနည်း ဖြင့် ရောဂါများကို ကုသပေးခဲ့လေရာ ထိုအမျိုးသမီးသည် နောက်ထပ် ရှစ်နှစ်တိုင် မိမိသားသမီးနှစ်ယောက်ကို လူလားမြောက်စေခဲ့၏။

အလားတူစိတ်ကြောင့် အသက်ဆက်ခဲ့သူ အမြောက်အများကို ကျွန်ုပ်တို့ကိုယ်တိုင် တွေ့ခဲ့ဘူးသည်။ အထူးသဖြင့် သေလောက်သော ရောဂါများကြောင့် ခွဲစိတ်ကုသရသူလူနာများဖြစ်၏။ တစ်ကြိမ်က ကျွန်ုပ် တို့ဆေးကုဌာနတွင် အသည်းအသန်ဖြစ်နေသော လူမမာတစ်ယောက် အား ခွဲစိတ်ကုသခဲ့ရ၏။ ခွဲစိတ်သူဆရာဝန်ကိုယ်တိုင်ကပင်လျှင် ထိုလူနာ မှာ သေလိမ့်မည်ဟု ကျွန်ုပ်အားပြောပြ၏။

www.dhammaransi.com



ကျွန်ုပ်လည်း လူနာ၏ အခြေအနေကိုသွားရောက်ကြည့်ရှုသော အခါ လူနာမှာ သတိရရုံမျှပင်ရှိ၏။ အခြေအနေမှာကား အလွန် ဆိုးဝါး နေလေသည်။ ကျွန်ုပ်က

"ဟင်နရီ ခင်ဗျား နေကောင်းရဲ့လား"

ဟုမေးလေလျှင် လူနာသည် အလွန်စိတ်အားထက်သော အမူ အရာနှင့်

"ဗျို ကျွန်တော်နေကောင်းသွားပြီဆရာ။ သုံးလေးရက်ကြာရင် ဆေးရုံကဆင်းရလိမ့်မယ်ထင်တယ်"

ဟု တကယ်ယုံကြည်စွာဖြင့် ပြန်ပြောခဲ့လေသည်။ အမှန်လည်း ဟင်နရီသည်ရက်များစွာမကြာမီ အတွင်းလူကောင်းပကတိအတိုင်းပြန်၍ ကျန်းမာလာသည်ကို ကျွန်ုပ်တို့အားလုံး ထူးဆန်းအံ့သြစွာဖြင့် တွေ့ရှိခဲ့ရ လေသည်။ ဤကား ဆေးသမားတို့၏ အစွမ်းမဟုတ်။ စိတ်၏ တန်ခိုးဖြစ် ကြောင်း အလွန်ထင်ရှားသည့် သာဓကတစ်ခုပါပေ။

ဟင်နရီသည် ခွဲစိတ်ကုသခြင်းခံရပြီးနောက် စိတ်ဓာတ်ကျဆင်း နေပါက သေရွာသို့သွားခဲ့မည်မုချဖြစ်လေသည်။ ကျွန်ုပ်တစ်သက်တွင် မမေ့နိုင်သော အလွန်ထူးခြားသည့် လူနာတစ်ဦးရှိသေး၏။ ထိုလူနာမှာ အသက် (၄၀)ကျော်အမျိုးသမီးကြီးတစ်ဦးဖြစ်၍ မည်သည့်နည်းနှင့်မျှ သွေးတိတ်အောင် မပြုလုပ်နိုင်သည့် သွေးလွန်ရောဂါဖြင့် ဆေးရုံသို့ ရောက်ရှိလာ၏။

သူ့ရောဂါမှာ တစ်နေ့ထက်တစ်နေ့ ဆိုးဝါး၍လာလေရာ ကျွန်ုပ် မှာ သူ့ကိုလူကောင်းဟုမမြင်၊ မသာလောင်းကြီးသဖွယ်သာ မြင်၍ နေလေ သည်။ သို့သော် သူ့ကို ရောဂါအကြောင်းမေးသည့်အခါတိုင်း

"ဗျို - ကျွန်မနေကောင်းပြီဆရာ၊ နက်ဖန်သဘက်ဆေးရုံက ဆင်းမယ်"

ဟု အမြဲပြော၏။ သူ့စိတ်မှာ ကြီးစွာသော မျှော်လင့်ချက်ကြီး သားသည်။ ဤသို့ဖြင့် ထိုလူနာသည် မကြာမီကျန်းမာလာခဲ့လေသည်။ သူ့ရောဂါပျောက်ကင်းခြင်းမှာ ကျွန်ုပ်၏ ဆေးစွမ်းသောကြောင့် မဟုတ်ပေ။ သူ၏စိတ်စွမ်းသတ္တိက ထက်မြက်သောကြောင့်ပေတည်း။

www.dhammaransi.com



## ၁၂၈၇ ခုနှစ်ခန့်က ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း

အဋ္ဌာပုဏ္ဏတ္တိကျမ်းအမည်ရှိ အလွန်ထူးခြားသောစာအုပ်လေး တစ်အုပ်ထွက်ခဲ့ဘူး၏။ ပုံနှိပ်တိုက်မှာ မန္တလေးမြို့၊ ဒါးတန်းဂုဏဝတီ ပုံနှိပ်တိုက် ဖြစ်ပြီး မင်းကတော်ကြီး မမည္သန့် ရတနာပုံစာအုပ်တိုက်ဆိုင်ကြီး၊ မန္တလေးမြို့မှ ထုတ်ဝေခဲ့သည်။

ရှားပါးသော ဂန္ထဝင်စာအုပ်ဖြစ်ပြီး လူကြိုက်များလှသဖြင့် ၁၃၂၄ခု (၁၉၆၂)ခုနှစ်တွင် ထပ်မံပုံနှိပ်ထုတ်ဝေခဲ့ပြန်၏။ ရှားပါးပြီး တန်ဖိုးရှိလှသည့်အပြင် နောက်ထပ်လည်း ထုတ်ဝေဖို့မလွယ်ကူသည့်အတွက် ဒုတိယအကြိမ်ရိုက် မူရင်းအတိုင်း ကူးယူတင်ပြရပေသည်။

ပို၍ ထူးခြားသော အချက်တစ်ခုမှာ ပထမဆုံးမြန်မာဝတ္ထုရှည်ကို ရေးသားသော ဂျိမ်းစ်လှကျော်မှာ - ယခုစာအုပ်ကိုရေးသားသော ဝန်ထောက်ကြီးဦးညို၏ မွေးစားသားဖြစ်နေခြင်းပင်တည်း။

### နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

### ခရစ်ယာန် ဘာသာကို ရှေးဦးစွာ ကျွန်ုပ်စဉ်းစားခြင်း

၁၈၈၃ ခုနှစ်တွင် ကျွန်ုပ်သည် ရွှေကျင်မြို့၌ ငွေတိုက်စာရေးကိုင် စာရေးကြီးအလုပ်နှင့်နေစဉ် ဦးသီလာစာရ အရှင်သူမြတ်လည်း ၎င်းမြို့ အရှေ့ဘက် ကျောက်လုံးကြီးရွာနှင့် တစ်မိုင်ခန့်အကွာ တောရကျောင်း၌ သီတင်းသုံးတော်မူလေသည်။ထိုအခါ ဗုဒ္ဓဘာသာ မြန်မာမှူးအရာရှိကြီးငယ်တို့လည်း မိမိတို့အားလပ်ခွင့်ရသော တနင်္ဂနွေနေ့တိုင်း ထိုပုဂ္ဂိုလ်မြတ်ထံ သွားရောက်သီလကို ဆောက်တည်ကြရာ ကျွန်ုပ်သည်လည်း ထိုအရှင်ကို အလွန်ကြည်ညိုသောကြောင့် ထိုသူများနှင့်အတူ ဥပုသ်ဆောက်တည်ပါသည်။

ကျွန်ုပ်သည် တရားအလွန်အားထုတ်လိုသဖြင့် မေးမြန်းစုံစမ်းရာ အရိုးစုကမ္မဋ္ဌာန်းကို အားထုတ်သင့်ကြောင်း ပြောပြကြ၍အားထုတ်

www.dhammaransi.com



သည်ကာလ ကမ္ဘာ့ဌာန်းအတော်အတန်ပင် ပေါက်လာသည်။ ထို့နောက် မည်ကဲ့သို့ ရှေ့သို့တက်၍ ပြုလုပ်သင့်ကြောင်း ကိုယ့်ထက်အသက်ကြီးသော သီတင်းသည် အဖော်များကို မေးမြန်းသော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ မပြောနိုင်ကြ။

ထာဝရဘုရားသခင်ထံမှာ၊ သားတော်မြတ် သခင်ယေရှုခရစ်၏ နာမတော်နှင့်တောင်းလျှင် ဆုတောင်းတိုင်းပြည့်သည်ဟု ငါကြားသည်၊ ထိုခရစ်ယာန်ဘာသာ၏ အကြောင်းကို ငါစုံစမ်းမှတော်တော့မည်ဟု ကြံစည်မိလေသည်။

## "နှစ်ခြင်းမင်္ဂလာခံယူခြင်းအကြောင်း"

အထက်ကရေးသားဖော်ပြခဲ့သည့်အတိုင်း ကြံစည်ပြီးနောက် များမကြာမီ သာယာဝတီဒိစတြိတ် သုံးဆယ်မြို့က လာ၍တရားဟောဆရာအလုပ်ကို လုပ်ကိုင်နေသူ အလွန်ရုပ်လက္ခဏာနှင့် ပြည့်စုံသော အသက်ခြောက်ဆယ်ကျော်ရှိ ခရစ်ယာန်ဆရာကြီးတစ်ယောက်သည် ကျွန်ုပ်၏အိမ်သို့အလည်အပတ်လာရာ ဝမ်းမြောက်ဝမ်းသာစွာနှင့် ခရစ်ယာန်တရားများကို ဆွေးနွေးကြသည်။

ထိုဆရာကြီးသည် အလွန်လူ့ရေးလူ့ရာ၌ ကျွမ်းကျင်သောလူဖြစ်သည်နှင့် ကျွန်ုပ်၏ အလိုဆန္ဒကို ရိပ်မိလေသဖြင့် စိတ်အားထက်သန်စွာနှင့် ပုံတိုပါဠိစများကို ပြောသည်ကတစ်လှည့် ခရစ်ယာန်၏ တရားကို ညှပ်ကာ ညှပ်ကာထည့်သွင်း၍ ဟောပြောလျက် အဆုံးသတ်စကား အားတက်ရန်ဟောပြောသည်။ ကျွန်ုပ်တို့ကလည်း ဗုဒ္ဓဘာသာတရားကို ကောင်းစွာနားမလည်သော ယောင်တီးယောင်တောင်သမားများဖြစ်ကြသောကြောင့် ယခုနေ့နက်ဖြန်ကာပင် ကောင်းကင်ဘုံ စံပျော်သော ထာဝရဘုရားနှင့် အကျွမ်းတဝင် မျက်မှောက်ထင်ထင် ကြွလာတော့မည်ဟု စိတ်သဘော၌ မှတ်ပိုက်၍ ထိုခရစ်ယာန်ဘာသာတရားကို များစွာနှစ်ခြိုက်ကြလေသည်။

ရွှေကျင်မြို့သည် ကျွန်ုပ်၏ ချက်မြှုပ်ရာဌာန မဟုတ်သော်လည်း ငယ်ကတည်းက နေ၍လာသောမြို့ဖြစ်သည့် အားလျော်စွာ မိတ်သင်္ဂဟအလွန်းများသည်နှင့် ထိုမိတ်သင်္ဂဟတို့က အလွန်နှမြောသည့်အတွက်

www.dhammaransi.com



ကြောင့် ကျမ်းဂန်တတ်ဆရာကြီးများကို ပင့်ဖိတ်၍ ကျွန်ုပ်ထံ အကြိမ်ကြိမ် လာရောက်ဟောပြောသော်လည်း ထိုဆရာကြီးများသည် ခရစ်ယာန် ကျမ်းစာကို မသိမကျွမ်းသည့်အတွက် ပျက်ကွက်အောင် မဟောမပြော နိုင်ခြင်းကြောင့် ကျွန်ုပ်၏စိတ်သဘောကို ပြောင်းလဲအောင် မတတ်နိုင် ကြ။

တစ်နေ့ထက်တစ်နေ့ ခရစ်ယာန်ဘက်က အားသန်သဖြင့် တစ် နှစ်ခန့်လောက် စဉ်းစားပြီးလျှင်အမေရိကန်သာသနာပြုဆရာကြီး ဆရာ ဟေးလ လက်ဖြင့်၊ မိတ်ဆွေသင်္ဂဟတို့ ရင်ဘတ်စည်တီး ကမ်းပါးပေါ်က ကြည့်နေကြစဉ် ကျွန်ုပ်နှင့်ဇနီးမိန်းမပါ နှစ်ခြင်းမင်္ဂလာခံယူကြလေသည်။

ယို့သို့နှစ်ခြင်းမင်္ဂလာကို ခံယူခြင်းကြောင့် မိတ်ဆွေများသည် ကျွန်ုပ်ကို အလွန်ရှုံ့ရှာကောင်းသောသတ္တဝါကဲ့သို့ ခပ်ရှောင်ရှောင်နေကြ သည့်ပြင် ကဲ့ရဲ့ပြစ်တင်စာများ ပေးကြသည်။ ကျွန်ုပ်၏ဖခင်ကလည်း ကျွန်ုပ်နှစ်ခြင်းခံသည်ကိုကြား၍ အလွန်စိတ်ဆိုးသောကြောင့် အရှက်ခွဲ သော သားတစ်ယောက်ဖြစ်၍ သေခန်းရှင်ခန်းဖြတ်လိုက်ပြီဟူသော စာကိုရေးပေးသော်လည်း ကျွန်ုပ်သည် အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိ။ တစ်ခါတစ်ရံ ကျွန်ုပ် အထက်က ဉပုသ်စောင့်ဖူးသော ဇရပ်နားကို သွား၍၊ သေနတ်ကြီးကို ထမ်းလျက် ပစ်ခတ်၍ရသော ငှက်များကို နောက်လိုက် တစ်ယောက်ကို ကိုင်စေပြီးလျှင် ဇရပ်ပေါ်မှာ ဉပုသ်စောင့်၍ နေကြ သောလူများ မြင်နိုင်အောင်ဘဝင်တကား လမ်းလျှောက်၍ သွားလေ သည်။ ခရစ်ယာန်ကျမ်းစာများကို လက်ရှိထားသော်လည်း များ စွာမဖတ်၊ ဖတ်ရန်လည်းအချိန်မရနိုင် ဆရာကြီးများ မဟောမပြောသမျှနှင့်ပင် ကျေနပ်၍ နေရတော့သည်။

## "မိတ္ထီလာမြို့တွင် အိပ်မက်မြင်ခြင်း"

ရွှေကျင်မြို့က အခြားအရပ်များကို ရွှေ့ပြောင်းရပြီးနောက် ၁၈၉၃ခုနှစ်တွင် မိတ္ထီလာမြို့သို့ နယ်ပိုင်ဝန်ထောက်အလုပ်နှင့် ရွှေ့ ပြောင်းထမ်းရွက်ရသည်။ ဤမြို့မှာ ကျွန်ုပ်နှင့် ဂိုဏ်းတူသော အမေရိကန် နှစ်ခြင်းအသင်းတစ်ခုရှိ၍ ဝမ်းမြောက်ဝမ်းသာစွာနှင့် တနင်္ဂနွေနေ့ မှန်

www.dhammaransi.com



ကာန်ဗွာ ဘုရားရှိခိုးကျောင်းသို့ တက်၍ ရုံဖန်ရုံခါ တရားပလ္လင်ပေါ်က နေ၍ ဆရာကြီးများနည်းတူ တရားများဟောပြောရပါသည်။ နှစ်ပရိစ္ဆေဒလည်း ကြာသည်နှင့်အမျှ ယာဝရဘုရားသခင်သည် ကျွန်ုပ်ဆုတောင်းသည့်အတိုင်း၊ ကျွန်ုပ်ဘခင်၏ စိတ်နှလုံးကို ပြင်ဆင်ပြောင်းလဲပြီဟု သဘောရ၍၊ ကျွန်ုပ်၏ဘခင်ထံ အလွန်ရှိသေသော စကားဖြင့်၊ စာတစ်စောင်ရေး၍ လမ်းကောင်းလမ်းမှန်ဖြစ်သော ခရစ်ယာန်ဘာသာသို့ ပြောင်းလဲပါမည့်အကြောင်း ခရစ်ယာန်ကျမ်းက သင့်လျော်သော စကား များကို နုတ်ထုတ်ရေးပေးလိုက်ရာ စာမပြန်ဘဲ ရှိသောကြောင့် အကြောင်း သိလို၍ အခြားသူသို့ စာရေး၍ မေးကြည့်သည့်ကာလ ကျွန်ုပ်၏ဘခင် သည် ကျွန်ုပ်ထံက စာကိုရ၍ ဖတ်ကြည့်ပြီးလျှင် တစ်ခါထဲ မီးရှို့လိုက်ကြောင်း သိရလေသည်။

ညဉ့်တစ်ညဉ့်၌၊ ကျွန်ုပ်အိပ်မက်မြင်မက်သည်မှာ ဝတ်ဖြူစင်ကြယ်ဝတ်လျှက်ရှိသော ဘိုးသူတော်တစ်ပါးသည် ကျွန်ုပ်ထံသို့လာ၍၊ ကျောက်သင်ပုန်းတစ်ခုကိုပေး၍၊ ၎င်းကျောက်သင်ပုန်းပေါ်မှာ စာရေးရမည်။ သူကပြောပေးမည် ဆိုသည့်အရ၊ သူပြောသမျှ၊ ကျွန်ုပ်ကရေးရသည်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ညာဏ်ဟိ မဇ္ဈေယ မမ္မံ၊ ယ-စ-သ

ထိုသို့ရေးပြီးသည်နှင့် တပြိုင်နက်၊ ကျွန်ုပ်လန့်၍ နိုးသောအခါ၊ ထိုအိပ်မက်ကို ချက်ခြင်း စာဖြင့် ရေးသားထားလေသည်။

နံနက်လင်းသောအခါ ပုဂ္ဂိုလ်ပညာတတ်တို့အား အိပ်မက်၏ အနက်ကို မေးမြန်းစေရာ၊ ကောင်းမွန်စွာ မဖြေဆိုနိုင်ကြ။ ကျွန်ုပ်ကလည်း ထိုအိပ်မက်သည် ဗုဒ္ဓဘာသာဘက်က အိပ်မက်ဟူ၍ အရေးတယူ ဂရုမစိုက်ဘဲ နေလိုက်လေသည်။

## ခရစ်ယာန်ဇနီး ကွယ်လွန်၍ ဗုဒ္ဓဘာသာကိုယုံကြည်သူနှင့် လက်ထပ်ခြင်းအကြောင်း"

မိတ္ထီလာမြို့မှာ ၂နှစ်ခန့်ကြာလျှင် ကျွန်ုပ်၏ခရစ်ယာန်ဇနီးကွယ်လွန်လေရာ၊ ဘာသာထုံးစံအတိုင်း သင်္ဂြိုဟ်ခြင်းကိစ္စ ယူပြီးနောက်ကာလ အတော်ကြာသောအခါ ကျွန်ုပ်၏အိမ်ထောင်မှုကိစ္စများကို ထိန်းသိမ်း

www.dhammaransi.com



ကြည့်ရှုနိုင်မည်သူကို ရှာဖွေကြည့်ရှုရာ၊ မမကြီးသည် ဗုဒ္ဓဘာသာ ဖြစ်သော်လည်း အိမ်ထောင်မှုကို ထိန်းသိမ်းနိုင်မည့် လက္ခဏာရှိ၍၊ သူနှင့်ပင် ထိမ်းမြား၍ နောက်မှ တဖြည်းဖြည်း ခရစ်ယာန်ဘာသာ ဘက်သို့ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကြောင့် အပါဆွဲယူတော့မည်ဟု သဘောထားပြီးလျှင် ထိမ်းမြားလက်ထပ်လိုက်လေသည်။

မမကြီးသည် ကျွန်ုပ်ထင်သလောက် သဘောလွယ်ကူသည် မဟုတ်။ အခြားသောအရာ၌ ကျွန်ုပ်၏သဘောကို လိုက်စား၍ ပြုလုပ်တတ်သော်လည်း၊ ခရစ်ယာန်ဘာသာကို ကျွန်ုပ်က ပြောပြောလျှင် သူကလည်း ပြန်၍ သူ၏ဗုဒ္ဓဘာသာတရားကို ပြန်လည်၍ပြောပြောလေသောကြောင့် ကိုယ်ပေါင်း စိတ်ခွာတာရှည်စွာ အသင့်တင့်နေနိုင်ရန် ကျွန်ုပ်ကပင် လယ်လျှော့၍ ကတိစကားတစ်ဦးနှင့်တစ်ဦး ထားကြသည်မှာ တစ်ဦး၏ ဘာသာကို တစ်ဦးက မနှောင့်ယှက်စတမ်း တစ်ဦး၏ ဘာသာနှင့် စပ်ဆိုင်၍အလှူအတန်းပြုလုပ်ခဲ့လျှင် တစ်ဦးက လျစ်လျူမရှုစတမ်း" စသည်ဖြင့် နှစ်ဦးနှစ်ဘက် သင့်တင့်ရန် စီမံထားကြလေသည်။

## "ယောနယ်ဂန့်ဂေါ်မြို့သို့ ရွှေပြောင်းခြင်းအကြောင်း"

၁၈၉၈ ခုနှစ်တွင်၊ ကျွန်ုပ်သည် နယ်ပိုင်ဝန်ထောက် အလုပ်နှင့်ပင် ပခုက္ကူဒီစတြိတ်၊ ယောနယ်ဂန့်ဂေါ်မြို့သို့ ရွှေ့ပြောင်းထမ်းရွက်ရသည်။

ဂန့်ဂေါ်မြို့သည်၊ပခုက္ကူမြို့နှင့် ၁၄၂ မိုင်ကွာဝေးသော တောင်ပေါ် ခရီးလမ်းဖြစ်၍၊ လှည်းနှင့်သွားလျှင် "၁၀"ရက် "၁၁"ရက်လောက် သွားရသည်။

တောင်ပေါ် ခရီးဆိုသော်လည်း၊ အတော်အတန်ကြီးမားသော တောင်မှာ ပုံတောင်ပုံညာဟူ၍ တောင်၂လုံးသာလျှင်ရှိ၏။ ကျန်သော တောင်များမှာ မဆိုစလောက်ပေ။ ပုံတောင်ခေါ် တောင်၏ထိပ်နားလောက်တွင် မြင့်မောက်သော တောင်ကမ်းပါးယံမှာ ကျောက်တုံးကြီးများရှိကြ၏။ ထိုကျောက်လုံးများကို ဖောက်ခွဲပြီးလျှင် ဟင်းလင်းပြင် တောင်နှုတ်ခမ်းကို သီတန်း၍ ကြောက်ခမန်းလိလိ လှည်းလမ်းပြုလုပ်၍ ထားသောနေရာကို လွမ်းတောင်ဟု ခေါ်ကြလေသည်။

www.dhammaransi.com



အဘယ်ကြောင့်ခေါ်ပါသနည်းဆိုသော် ဤရပ်ကွက်ကအရှေ့ဘက်သို့ မျက်နှာမူ၍ တောအထပ်ထပ်တို့ကို ကျော်လျှက်၊ ဇရာဝတီမြစ်မရှိရာသို့ ကြည့်လိုက်လျှင် မြစ်မ၏သဏ္ဍာန်မှာ ဖြူဖွေးသော ချောင်းငယ်လောက် ကောက်ကောက်ကွေ့ကွေ့ ရှိသဖြင့် လယ်ယာကိုင်းကျွန်း၊ သစ်ပင်ကြီးငယ်အသွယ်သွယ်တို့မှာ အချို့သောနေရာက ညို့ညို့မှိုင်းမှိုင်း၊ အချို့မှာ လဟာပြင်၊ အချို့တွင် စိမ်းစိုစို၊ အချို့ကား ဝါဖြော့ဖြော့အရောင်တို့ဖြင့် မှိုင်းရီမှောင်ယှက်သန်းလျှက်၊ လွမ်းဆွတ်စဖွယ် မြင်ရသည့်ပြင်၊ မိမိရပ်နား၍နေသော ဒေသ၏ပတ်ဝန်းကျင်မှာလည်း ဝါးရုံသစ်တောစသည်ဖြင့် ကူကပ်ပိတ်ဆီးလျှက်၊ ကြက်သီးထခမန်းဆိတ်ငြိမ်လေရာ၊ အလွန်ချစ်လှစွာသော သားမယားတို့ကို ခွဲခွာ၍ မလွဲသာလာကြရသောသူတို့သည် အူသည်းလှိုက်ဖိုငိုတတ်သောကြောင့် လွမ်းတောင်ဟု သမုတ်ကြလေသည်။ ဤအရပ်က "၆"ရက်လောက်သွားမှ ဂန့်ဂေါမြို့သို့ ဆိုက်ရောက်သည်။

ဂန့်ဂေါအရပ်သည် အလွန်ဖျားတတ်သည်ဖြစ်၍ အစိုးရအရာရှိများမှာ မိုးအခါ၌ နယ်လှည့်မသွားရဘဲ၊ အိမ်မှာ ငြိမ်ဝပ်စွာနေရန် အခွင့်ပြုထားသည်။ ဤမြို့မှာ ဈေးရုံဈေးတန်းဟူ၍ မရှိ၊ အစိုးရက ဈေးရုံဆောက်ပေးသော်လည်း အသုံးမပြုကြ။

ကြက်သတ္တဝါတို့ကား အလွန်ပေါများ၍ ငွေဒင်္ဂါးတစ်ကျပ်ပေးလျှင် ၉ကောင်၁၀ကောင်ရသည်။ကျွန်ုပ်၏ စိတ်ကြိုက်နှင့် အလိုက်သင့်တွေ့ရကား ကြက်များစွာကိုဝယ်၍ ခြံကြီးနှင့် လှောင်ထားပြီးလျှင် ပါဏာတိပါတကံသည် လူကိုသတ်မှဖြစ်သည်ဟု ကျွန်ုပ်က ဟောပြောသောတရားကို နှံ့ သက်သဘောကျသူ ယောသားရှင်အောင်မြတ်ကို ကြက်ထောင်မှူး ခန့်ထားလိုက်သည်။

ကျွန်ုပ်ဂန့်ဂေါမှာ နေသည့်အတွင်း ရှင်အောင်မြတ်သည် အားလပ်ခွင့် ဘယ်တော့မှမရချေ။ ဂန့်ဂေါနယ်မှာ ယောတိုင်းရင်းသား၊ တောင်ရိုးတိုင်းရင်းသား၊ ချင်းလူမျိုးဟူ၍ သုံးမျိုးရှိကြရာ၊ ယောတိုင်းရင်းသားက အများဆုံး ဖြစ်သည်။

www.dhammaransi.com



ယောအရပ်၌သော စုန်းတို့နတ်တို့ မန္တာန်အစရှိသည်တို့ကို အယူရှိကြသည်မဟုတ်ပေ၊ အရပ်ရပ်သော တိုင်းနိုင်ငံတို့မှာပင်အယူရှိကြ၏။ ဥရောပတိုက်မှာလည်း ထိုအယူမလွတ်ကင်း။

အခြားသောစာအုပ်တို့၌ စုန်း၊ နတ်၊ တစ္ဆေအကြောင်းမှ စ၍ စတီလုပ်ပုံ၊ ယတြာပြုပုံ၊ ဓာတ်ပြန်ရိုက်ပုံနှင့် အလားတူဖြစ်သောနည်းများ၊ ပဋ္ဌပွတ်ဆပွတ်၊ ရက်ပုတ်ရက်ရာဇာ ရွေးသောနည်းများနှင့် အလားတူနည်းများ ရေးသားပါရှိလေသည်။ ထို့ပြင် မျက်နှာပွင့်ဆေးများ လုပ်နည်းကိုင်နည်းမှစသောအကြောင်းများ ပါရှိသောစာအုပ်များလည်းရှိရာ ဥရောပတိုက် အရပ်ရပ်သော မြို့ရွာတို့၌ ယုံကြည်မှတ်ထင်ကြကြောင်းများစွာ ထင်ရှားလေသည်။

မှတ်ချက် (ဤအကြောင်းကို ရေးခြင်း၌ ကျွန်ုပ်ယုံကြည်၍ ဖြစ်စေ၊ သူတစ်ပါးအား ယုံကြည်စေလို၍ ဖြစ်စေ ရေးသည်မဟုတ်၊ သို့သော်လည်း လောက၌ မြန်မာလူမျိုးများသာ မဟုတ်၊ အရပ်ရပ်သော လူမျိုးများလည်း အယုံအကြည်ရှိကြကြောင်း ပြလို၍ ရေးလိုက်သည်။)

## "ထီးလင်းမြို့ ပိုလ်တဲတွင်စိတ်ထဲ၌ ဒွိဟာဖြစ်ခြင်းအကြောင်း"

ထီးလင်းက ဂန့်ဂေါသို့ပြန်လာရာ၊ တောင်ရိုး တိုင်းရင်းသားများ နေထိုင်သော ရွှေခုံတိုင်ရွာနားသို့ သီ၍သွားရသည်။ တောင်ရိုး တိုင်းရင်းသားလူပျိုးတို့သည် ပသာများကို မီးသဂြိုဟ်သော ထုံးစံအတိုင်း ထိုရွာနားသို့ ကျွန်ုပ်ရောက်သည့်အခါ လမ်းနှင့်မနီးမဝေးတွင် ယခုပင် မီးသဂြိုဟ်၍ပြီးသော အရိုးနှင့်ပြာပုံ၏ အနား၌ တံစူးဝါးတို့ကို မြင်လေလျှင် ကျွန်ုပ်သည် ရပ်တန့်၍ကြည့်နေခိုက်၊ ရှေးကထင်မြင်ဘူးသော အရိုးစုကမ္မဋ္ဌာန်းသည် အာရုံ၌ထင်မြင်လာ၏။

ထို့နောက် ကိုယ့်ကိုယ်ကို ခရစ်ယာန် ဖြစ်ကြောင်း မဆင်ခြင်မိဘဲ၊ မေ့လျော့ပြီးလျှင် အထက်ကရဖူးသော ကမ္မဋ္ဌာန်းကို နှုတ်ကမြွက်ဆိုရေရွတ်မိသည်မှာ "မီးလောင်တိုက်ထဲ၊ တံစူး စွဲလျှက်၊ ညှင်းဆဲရမြိုက်၊ မီးပြင်းတိုက်၍၊ ဆိုက်ဆိုက်သဂြိုဟ်၊ ငါ၏ကိုယ် သည် အိုအို အနိစ္စ၊ သခ်ါရဟု၊ ကြေမွပျက်ဆွေး၊ မီးသွေးနှင့်ပြာ၊ များစွာ သဘော၊ အရောရောကိုတွေးတောသမှု၊ ဆင်ခြင်ရှုသော်၊ တခုမမြဲ၊ သံသာဝဲ၌၊ ဖြစ်မြဲမှုချ၊ စိုးမရသည်၊အနိစ္စဟူသည် ခန္ဓာကိုယ်"

www.dhammaransi.com



ဤကမ္ဘာမြေ ဌာန်းကို ယခုတစ်ကြိမ်ရွတ်ရခြင်းသည် အထက်ထက်က ရွတ်ရသည်နှင့်မတူ၊ ကွက်ကွက်ကွင်းကွင်း၊ ညာဏ်အားထင်လာသဖြင့် မြင်းကိုမောင်းနှင်၍ ခရီးဆက်လက်သွားသော်လည်း စိတ်၌ပျော်ရွှင်ခြင်းများစွာမရှိ၊ စကားလည်း မပြောမဆိုလို၊ လူတို့၏မမြဲသော အဖြစ်ကိုသာလျှင် စဉ်းစား၍ မာနထောင်လွှား မကောင်းမှုတို့ကို ပြုတတ်သော လူတို့သည် မီးရှို့ခြင်းကိုသော်လည်းကောင်း၊ မြေ၌မြှုပ်နှံခြင်း၊ ပိုးလောက်တို့၏ အစာဖြစ်ခြင်းသို့ လည်းကောင်း၊ ရောက်ရန် တစ်နေ့ထက်တစ်နေ့ နီးကပ်၍ လာကြသည်ကိုမျှ ဂရုမထားကြပါတကားဟု တွေးတောပြီးလျှင် ထာဝရဘုရားနှင့် သခင်ရဘုရားတို့ လုပြင်းကြရာ၊ ထာဝရဘုရား မဖန်ဆင်းဘဲ လူမဖြစ်နိုင်ဟု စူးစိုက်လျှက်ရှိနေသော သဘောကအားကြီးခြင်းကြောင့် သခင်ရတာရားက အရှုံးပေးရလေသည်။

## မယကြီး၏မေတ္တာကြောင့် ငှက်သတ္တဝါများ အသက်ဘေးမှ ချမ်းသာကြခြင်း

ယောအရပ်သည် ဆောင်းဥတုအခါ ကျရောက်လျှင် တောတောင်ကုန်းတန်း လျှိုရိုးတို့သည် အလွန်သာယာ၍ တောကြက် တောငှက်မှစ၍ တောတိရစ္ဆာန်များ အလွန်ပေါများသောကြောင့်၊ သေနတ်ပစ်ဝါသနာပါသောသူတို့ အလွန်ပျော်မွေ့ဖွယ် ကောင်းလေသည်။

ကျွန်ုပ်သည်လည်း သေနတ်ပစ်ဝါသနာပါသောသူဖြစ်၍ နံနက်တိုင်း လှည့်လည်၍ ပစ်ခတ်သည်သာမက၊ နယ်လှည့်သွားသည့် အခါတို့၌ ယမ်းတောင့်များစွာကို ယူသွားလေ့ရှိ၏။

ဂန့်ဂေါမြို့နှင့် ခရီး ၆စမိုင် ကွာဝေးသောအရပ်မှာ ညောင်ပင်ကြီးတစ်ပင်ရှိရာ၊ ထိုညောင်ပင်ကြီးပေါ်မှာ ဆောင်းကာလအခါ နံနက်နေစာလှုံ၍နေကြသော ငှငှက်ဟု အများခေါ်ကြသော မယ်ဇယ်ငှက် အများအပြား ရှိတတ်သည်။

ထိုညောင်ပင်သို့ နံနက် ၉နာရီခန့်အချိန် နယ်လှည့်ရာကအပြန် ကျွန်ုပ်တို့ရောက်သောအခါ များစွာသောငှက်တို့သည် အချို့ကား အိပ်လျှက်၊ အချို့ကား ညောင်ကိုင်းပေါ်မှာ ငြိမ်သက်စွာ နားလှူက်နေသည်ကို

www.dhammaransi.com



ကျွန်ုပ်မြင်လေလျှင် တစ်ခါယလှည်းပေါ်က ခုန်ဆင်း၍ ပစ်မည် လုပ်ရာ မမကြီးကလည်း လှည်းပေါ်မှာပါလာသဖြင့် အတန်တန်တားသော်လည်းမနေ၊ ငါတို့၏တာဝရဘုရားက ငါတို့စားရန် ဖန်ဆင်းထားသော ဟင်းသီးဟင်းရွက်ကလေးများအတွက် သည်ကလောက် အရေးမပြုပါနှင့်ဟု ကျွန်ုပ်က ပြန်ပြောလိုက်သည်။ ထိုအခါ မမကြီးက တား၍မရလျှင် ပစ်ပါတော့၊ သို့သော်လည်း ယိုသနားစရာကောင်း၍ ပျော်ပါးစွာနေသော ငှက်များအတွက် ပရိတ်မေတ္တာပြု၍ ဆုတောင်းပါရစေဦး" ဟုဆိုပြီးလျှင်၊ သူဆုတောင်းနေခိုက် ကျွန်ုပ်သည် အတော်ပင်သည်းခံလျက် စောင့်ဆိုင်းနေရသည်။

သူဆုတောင်း၍ ပြီးသည်နှင့် တပြိုင်နက်၊ နံပါတ်စရိတ်များစွာ ထည့်၍ထားသော ယမ်းတောင့်ကို သေနတ်ထဲသို့သွတ်သွင်းပြီးလျှင် ဆုတောင်းမေတ္တာပြုသောသူအား သည်တစ်ခါငှက်သားဝအောင် ကျွေးတော့မည်ဟု စိတ်ထဲကကြံ၍ အနိမ့်ဆုံး အကိုင်းပေါ်မှာစု၍ နားနေကြသော ငှက်တို့ကိုချိန်ရွယ်ပြီးလျှင် ပစ်လိုက်လေသည်။ ငှက်များနားသော ညောင်ကိုင်းညောင်ရွက်တို့သည် ကြေမွကျိုးပဲ့၍ အပိုင်းပိုင်းပြတ်၍ ကျသော်လည်း ငှက်တစ်ကောင်မျှ မကျသည်နှင့် ငှက်များသည် ဒဏ်ရာရလျက် မသေဘဲ ပျံသွားကြသည်အထင်နှင့် ညောင်ပင်အောက် ဘလင်းပြင်နှင့်အနီးအနားရှိ သစ်ပင်အောက်တို့မှာ လိုက်လံရှာဖွေရာ၊ သွေးပေါက် သွေးတစ်စက်မျှ မတွေ့ရသည့်ပြင် ငှက်မွေးငှက်တောင် တစ်ပင်မျှ ရှာမရသောကြောင့် ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ အနားက ငှက်ကောက်ရန် စောင့်နေကြသော ယောတိုင်းရင်းသား ပြာတာများပါ အံ့သြခြင်း ဖြစ်ကြလေသည်။

ကျွန်ုပ်သည် သေနတ်ပစ်ခြင်းအတတ်၌ တစ်ဖက်ကမ်းခတ် မတတ်သော်လည်း အတော်အတန် အလေ့အကျင့်ရှိခြင်းကြောင့် ခါတိုင်းသောနေ့တို့၌ အလွန်မြင့်မောက်သော သစ်ပင်ဖျားမှာ နား၍နေသော တစ်ကောင်တည်းသောငှက်ကိုပင် ထိမှန်ဖူးသည်မှာ များလှပြီ။ ယခုငှက် တစ်ကောင်မျှ မကျသည်မှာ ဗုဒ္ဓဘာသာ ပရိတ်မေတ္တာဘာဝနာသည် အတော်ပင်စူးရှပါ၏ တကားဟု စိတ်ထဲ၌သာ မှတ်ယူထားလိုက်ရသည်။

www.dhammaransi.com



## "သနားစရာကောင်းသော မောက်တင်ငှက်၏အကြောင်း"

မိုးဥတုအခါ ဂန့်ဂေါမြို့၏ အရှေ့ဘက်နားလယ်ကွက်များ၌ ရေများအွာ ရှိတတ်သည်။ ထိုရေကွက်များထဲမှာ အစာရှာစား သောက်ရင်းပျော်မြူးရန် မောက်တင်ငှက်ခေါ် ရေဝမ်းဘဲတို့ လာတတ်ကြ၏။ ထိုငှက်တို့၏သဏ္ဌာန်မှာ ဟင်္သာလောက် ရှိ၍၊ အမွေးအတောင်တို့မှာ အတော်အတန်ပင် လှပသဖြင့် နှုတ်သီးနားမှ ဂုံညင်းသဏ္ဌာန်ပိုင်းစက်၍ မာကျော သော အမောက်ရှိသည်။

တစ်နေ့သ၌ ယောတိုင်းရင်းသား ရှင်ကျော်လှဆိုသူသည် ကျွန်ုပ်တို့စားရန်အတွက် ထိုဝမ်းဘဲများကိုသွား၍ပစ်ရာ ဝမ်းဘဲတစ်ကောင်ကို သေနတ်ထိမှန်လေသည်။ ကျန်ရှိသော အဖော်နှစ်ကောင်တို့သည် ထွက်၍မပြေးဘဲ ဒဏ်ရာရရှိသောဝမ်းဘဲကို အတောင်တို့ဖြင့် ထူမ၍ယူနေကြသည်ကို ရှင်ကျော်လှက ထပ်မံပစ်မည်ပြုရာ၊ ကျွန်ုပ်ကအဝေးမှမြင်သဖြင့် အမှတ်သညာပေး၍ မပစ်ရန်တားမြစ်လိုက်သည်။

ထို့နောက် ဒဏ်ရာရရှိသော ဝမ်းဘဲသေသွားသောကြောင့် အိမ်သို့ယူလာသည်ကို အဖော်နှစ်ကောင်တို့သည် ကောင်းကင်ကပျံဝဲလျက် သနားစဖွယ် ဟစ်အော်၍ အိမ်နားသို့ အရောက်လိုက်လာကြလေသည်။

ထိုအခြင်းအရာကိုမြင်လျှင် ကျွန်ုပ်၏စိတ်ထဲ၌ ပေါ်လာသည်မှာ ရွှေကျင်မြို့အပိုင် ဘောကထာခေါ် ရွာငယ်တစ်ခုတွင် ညဦးသန်းခေါင်အချိန်လောက်၌ ရင်ဘတ်နာ၍ မီးလှုံရန် မီးဖိုဆောင်သို့သွားသော မိန်းမတစ်ယောက်ကို ကျားတစ်ကောင်သည် ချီယူ၍ အိမ်နှင့်မနီးမဝေးတွင်ကြွက်ကို ကြောင်များကစားသည့်နည်းတူ ကစားနေသည့်အခါ ထိုမိန်းမက ဟစ်အော်၍ မိမိမသေသေးပါ လာပါကယ်ပါဟု လင်ဖြစ်သူကို ပြောသော်လည်း မိုက်ရိုင်းရက်စက်သော လင်ယောကျ်ားက သနားကရုဏာမဖက်သကဲ့သို့ အိမ်ထက်၌သာ တိတ်ဆိတ်စွာ ပုန်းကွယ်နေလေသဖြင့် ဘအော်အော်နှင့် ပေါနက်ရာသို့ ထိုမိန်းမပါရှာရလေသည်။

ဤမောက်တင်ငှက်တို့မှာ တိရစ္ဆာန်ဖြစ်ပါလျက် ရန်သူကြီး၏ရှေ့မှောက်၌ မကြောက်မရွံ့ စွံ့စွံ့စားစားပြုလုပ်သည်မှာ ထိုထိမှန်သော မောက်တင်နှင့် မည်သို့တော်စပ်သည်မသိ မိမိတို့၏အသက်ကို မငဲ့ကွက်

www.dhammaransi.com



ဘဲ ရဲဝွမ်းသတ္တိရှိ၏တကားဟု အလွန်သနားသဖြင့် ၎င်း၏အသားကို မစားသည့်ပြင် ငါ၏ဘုရားဖန်ဆင်းသော ဟင်းရွက်ဟင်းသီးပင်ဖြစ်သော်လည်း နောင်ဤငှက်မျိုးကို ဘယ်တော့မှမပစ်ရဟု တားမြစ်လိုက်လေသည်။

"ကျွန်ုပ်ဗုဒ္ဓဘာသာဖြစ်ပြီးနောက် အသီတိနိပါတ်မဟာဟံသဇာတ်ကို ဖတ်ရှုတွေ့မြင်ရသည်မှာ -

"ဘုရားအလောင်းရွှေဟသ်ာမင်းသည် ခေမာမုဆိုးထောင်သော ကျော့ကွင်း၌မိ၍ ဆင်းရဲနာကျင်စွာ လျှောင်းလျှက်နေသည်ကိုမြင်သော အရှင်အာနန္ဒာအလောင်းဖြစ်သော ဟသ်ာစစ်သူကြီးသုမုခသည် မုဆိုးကို မကြောက်မရွံ့ ပိပိ၏အရှင်ဖြစ်သော ရွှေဟသ်ာမင်းအပါးက မခွာဘဲ ရဲရင့်တည်ကြည်သောစိတ်နှင့် နေလေသည်။"

အလွန်သိမ်မွေ့သော တရားတော်ကို ယုံကြည်၍ ဗုဒ္ဓဘာသာဖြစ်ပါလျှက် သေနတ်ပစ်ဝါသနာပါကြသောသူများသည် ဤအကြောင်းကိုဖတ်လျှင် သနားကရုဏာရှိစေရန်အကြောင်း ထိုပြင်လောက၌ ဒုက္ခနှင့်တွေ့ကြုံဆုံမိသော်လည်း အဆွေခင်ပွန်းကို မစွန့်ပစ်သင့်ကြောင်းများကို သတိတရားရကြပေလိမ့်မည်ဟု မျှော်လင့်၍နေသည်။

## "သည်းထန်စွာဖျား၍ ဆုတောင်းခြင်း"

ဂန့်ဂေါ်မှာ ၂နှစ်ကျော်ကြာသောအခါ ကျွန်ုပ်သည် တစ်နေ့သ၌ နံနက် ငှက်ပစ်ရာကပြန်လာပြီး အသည်းအသန်ဖျားရာ ၂၇ရက် ပတ်လုံးအဖျားမကျဘဲ သွေးဒီဂရီ ၁၀၃မှသည် ၁၀၅အထိ ဆုတ်တက်လျှက်သာနေလေသည်။

ထိုအခါ ဆေးရုံလက်ထောက် ကုလားဆရာဝန်ကလေးက၊ ကျွန်ုပ်၌ စွဲကပ်သောအဖျားသည် အင်္ဂလိပ်ဘာသာအားဖြင့် တိုက်ဖွိုက်ခေါ် ကြောင်း၊ ၎င်းအဖျားကို ကုရခက်ကြောင်း စသည်ဖြင့် ကျွန်ုပ်ကျန်းမာဦးမည်ကို မျှော်လင့်ရန်မရှိကြောင်း စကားရိပ်ပေးသဖြင့် ကျွန်ုပ်၏ စိတ်က အကြံဖြစ်သည်မှာ "ငါသည် အကယ်သေအံ့၊ ငါ ယခု ယုံကြည်သော ဘာသာသည် မှန်လျှင်ကောင်းပေလိမ့်မည်၊ မမှန်ဘဲ တိမ်းလွဲခဲ့သော် ငရဲဘေးနှင့် ကင်းလွတ်ဘို့ အခက်ပါတကား"ဟု အောက်မေ့မိလေသည်။

www.dhammaransi.com



ဤသို့ဖြစ်နေစဉ်ပင် အစာအာဟာရကလည်း မဝင်၊ ၂၇ရက် ပတ်လုံး မအိပ်ရသည်ကတခြား ထို့ကြောင့် အလွန်အားနည်းလှ၍ ရင်ဝမှာ မီးနှင့်ရှို့သကဲ့သို့ မခံမရပ်နိုင်အောင် ပူလောင်ရာ၊ ငါသည် နံနက်မလင်းမီသေရတော့မည် ဧကန်ဘဲဟု စိတ်ထဲ၌ ဖြစ်နေသည်တွင်၊ မမကြီးကပြောသည်မှာ ကုလားဆရာပင် လက်လွှတ်သော်လည်း မြန်မာ ဆရာတောင်းများရှိပေလိမ့်မည်။မြန်မာဆေးကိုစားပါဟု ပြောဆိုတောင်းပန်လျှင် မြန်မာဆေးကိုယုံကြည်ခြင်းမရှိသော်လည်း အားနာ၍ သဘောတူလိုက်ရလေသည်၊

ထိုအခါ ဦးရဲအောင်ဆိုသူ အသက်၇၀အရွယ်ရှိ ဆရာကြီးကိုပင့်၍ရောက်လာလျှင် သူ၏ဆေးကို မစားမီ၊ သူ၏သတ္တိကို သိလို၍ "ဆရာကြီး ကျွန်တော်၏ရင်ဝက အပူကို အေးအောင် တတ်နိုင်ပါမည်လားဟု မေးလိုက်သောအခါ ဆရာကြီးက ချက်ချင်းပင် တတ်နိုင်ကြောင်း ရဲရဲတင်းတင်းပြောသည်နှင့် သူ၏ဆေးကိုသောက်လိုက်သည်။

ဆေးသောက်ပြီးနောက် ၅မိနစ်ခန့်တွင် ရင်ဝက အပူသည် အေး၍ အတော်အတန်သက်သာခွင့်ရသော်လည်း ၂၇ရက် မအိပ်ရသည်နှင့် လူတို့၏ဉာဏ်ဖြင့်ပြုသော်လည်း ဆယ့်ငါးမိနစ်ခန့်မျှ အိပ်မပျော်သောကြောင့်၊ ကျွန်ုပ်၏ဇနီး မမကြီးကို ကျွန်ုပ်က ဆယ့်ငါးမိနစ်ခန့်မျှ အိပ်ရအောင် မင်းတို့ကိုးကွယ်သည့် ရှင်ဂေါတမဘုရားထံဆုတောင်း၍ ပေးနိုင်ပါမည်လားဟု မေးသောအခါ မမကြီးကအကယ်၍သူဆုတောင်းသည့်အတိုင်း အိပ်ခွင့်ရပါလျှင် ဗုဒ္ဓဘာသာတရားကို စဉ်းစားပါမည်ဟု ကျွန်ုပ်ထံက ကတိစကားကို ရှေးဦးစွာ တောင်းဆိုပြီးမှ ကျွန်ုပ်အိမ်၌လည်း ဘုရားဆင်းတုတော် မရှိသည်နှင့် အရှေ့ဘက်သို့ မျက်နှာမူလျှက် ပန်းရေချမ်းတို့ကို သန့်ရှင်းစင်ကြယ်စွာ တည်ခင်းပြီးလျှင် မိမိကိုးကွယ် သောဘုရားကို ရှိခိုး၍ သရဏဂုံပဥ္စသီတို့ကို ခံယူပြီး ဘုရား၏ဂုဏ်တော် တရား၏ဂုဏ်တော် သံဃာ၏ဂုဏ်တော်တို့ကို ရှိခိုးနေစဉ် ကျွန်ုပ်သည် အိပ်ပျော်၍ သွားလေရာ၊ မမကြီးဘုရားရှိခိုးအပြီး ကျွန်ုပ်၏အနားမှာ လာ၍ထိုင်သည့်ကာလမှ နိုး၍ နာရီကိုကြည့်လိုက်လျှင် တစ်ဆယ့်ငါး မိနစ်အတွင်း ကျွန်ုပ်သည် နှစ်ခြိုက်စွာ အိပ်ပျော်သွားကြောင်း သိရ၍ အလွန်ကျေးဇူးတင်ပါသည်ဟု ပြောလိုက်သည်။

www.dhammaransi.com



## “အဖျားသက်သာ၍ ပခုက္ကူမြို့သို့ ဆင်းသွားရာလမ်းခရီး၌ ဖြစ်ပျက်သောအကြောင်းများ”

မမကြီးကဆုတောင်း၊၊ ဦးရဲအောင်ကလည်း ဆေးကုသဖြင့် ကျွန်ုပ်သည် တစ်နေ့တခြား သက်သာလာ၍ အိပ်ခန်းထဲမှာ အနည်းငယ် လမ်းလျှောက်နိုင်သော်လည်း လက်ကိုကောင်းစွာ အသုံးမပြုနိုင်သေး၊ အစိုးရနှင့် စပ်ဆိုင်သည့်စာများကို လက်မှတ်ထိုးရန်ရှိသည့်အခါ ကျွန်ုပ်၏လက်ကို လူတစ်ယောက်ကယူမ၍ စားပွဲပေါ်တင်ပေးရသည်။

ထိုကဲ့သို့ ကြောင်ခြစ်သည်နှင့်တူသော လက်မှတ်ပါရှိသည့် စာများသည် မင်းဘူးမင်းကြီးထံသို့ ရောက်ရှိသည့်အခါ၊ ထိုမင်းကြီးသည် ကျွန်ုပ်နှင့်အထက်က သိရင်းစွဲဖြစ်၍ သနားသောစိတ်ဖြင့် မောင်မင်း အလွန်နာလျှင်မြို့အုပ်သို့ရုံးလွှဲ၍ ပခုက္ကူသို့ဆင်းသွားတော့ဟု သံကြိုးတဖြင့် အမိန့်ပေးလိုက်သည်။

ကျွန်ုပ်၏ အခွင့်စာ မထွက်သေးသော်လည်း မင်းကြီးအမိန့်အရ မြို့အုပ်ကိုရုံးလွှဲ၍ ဂန့်ဂေါမြို့မှထွက်လာရာ၊ “၆”ရက်ခရီး ကွာဝေးသော အညာဇနီး ရွာစခန်းသို့ ဆိုက်ရောက်လျှင် ကျွန်ုပ်၏ ဝေဒနာသည် ပြန်၍တိုးတက်လာသောကြောင့် လှည်းပေါ်က လူမွေ့၍ ဗိုလ်တဲပေါ်သို့ တင်ရလေသည်။

ရောဂါသည် အလွန်ဖိစီးသဖြင့် သည်တခါ ငါဇကန်သေရတော့မည်။ မင်းတို့၏ဘုရားယံမှာ သည်တစ်ခါ ဆုတောင်းပါဦး။ ငါကျွန်းမာခဲ့လျှင် ပခုက္ကူမြို့သို့ ရောက်လာသည့်ကာလ ဗုဒ္ဓဘာသာတရားကို အမှန်ပင်ဆွေးနွေးမေးမြန်းပါမည်ဟု မမကြီးပြောဆိုသည့်အရ၊ မမကြီးက ထုံးစံအတိုင်း ဆုတောင်းပတ္တနာပြုပြီးလျှင် နေ့လည်အချိန် ခေတ္တအိပ်ပျော်သွားသည့်အခါ ကျွန်ုပ်တို့တွင်ပါ၍လာသော ဆေးများအနက် မည်သည့်ဆေးကို တိုက်ရမည်ဟု အိပ်မက်မြင်မက်လေလျှင် ထိုဆေးကို တိုက်ရာ ကျွန်ုပ်သည် သက်သာကြီးသက်သာ၍ လာလေသည်။

သို့ပါသော်လည်း၊ အစာအာဟာရမဝင်သေး စားရန်ခါတ်စာက လည်း နွားနို့ချက်နှင့်ငှက်ပျောသီးဖိုးကြမ်းမီးဖုတ်၊တို့အပြင်ဘူးသီးဟင်းချို နှင့်ထမင်းများဖြစ်လေရာ ဘူးသီးကုန်၍သွားသည်နှင့် လည်းကောင်း ရွာမှာလည်း ရှာမရသောကြောင့်၊ ထမင်းနှင့်စားရန် နံနက်ခါချက်ဘို့

www.dhammaransi.com



မရှိ၍ စိတ်ညစ်ငြူးစွာနှင့် ညဥ့်ကိုလွန်စေ၏။ နံနက်မိုးလင်းထကြသောအခါ ဘူးသီးလတ်လတ်ဆတ်ဆတ် တစ်လုံးကိုမြင်၍မေးရာ နံနက်စောစောကြီးက လမ်းလုပ်သည့် ကူလီကုလားဆိုသော ကုလားတစ်ယောက်လာ၍ ဘူးသီးကို လိုချင်လျှင် ယူတော့ဟု ပြောဆိုပေးသွားကြောင်း သူက ပြောပြလေသည်။

ကျွန်ုပ်သည် မမကြီး၏ဘုရားနှင့် မမကြီးအား ကျေးဇူးအထူးတင်သော်လည်း ထင်ထင်ရှားရှားမပြောမဆိုလို၊ အဘယ့်ကြောင့်ဆိုသော် သူ၏ဘာသာဘက်သို့ ဘယ်တော့မှဝင်မည်ဟု စိတ်ထဲမထား၊ သို့ဖြစ်၍အတော်အသင့်လောက်သာလျှင် ကျေးဇူးတင်စကား ပြောလိုက်သည်။

အညာဘန်းရွာစခန်းက နှစ်ညဥ့်အိပ်နှင့် ချောင်းကူးဆိုသောရွာစခန်းသို့ စောစောကြီးပင် ဆိုက်ရောက်သည်။ ဤရွာသည်ပေါက်မြို့နှင့် ၇မိုင်သာကွာဝေး၍ လမ်းလည်းအလွန်ကောင်းသည်။ ကျွန်ုပ်သည် လမ်းတစ်လျှောက်လုံး ငှက်ပျောသီးဖီးကြမ်းနှင့် နွားနို့ချက်ကို စားသောက်လာရာ ချောင်းကူးရောက်သည့်ကာလ ငှက်ပျောသီးကုန်သဖြင့် နံနက်ခါ ပေါက်မြို့သို့ရောက်လျှင် အသင့်စားနိုင်ရအောင် လူစေလွှတ်၍ ပေါက်မြို့ရှိ မိတ်ဆွေများအား မှာထားအကြောင်းကြားလိုက်သည်၊

နံနက်ခါ ချောင်းကူးကထွက်၍ လှည်းပေါင်းဆယ်စီးတွင် ကျွန်ုပ်တို့စီးသောလှည်းသည် အလည်ဗဟိုကနေလာကြရာ မည်သည့်နည်းအားဖြင့် မည်သို့ဖြစ်သည်မသိ၊ ကျွန်ုပ်၏လှည်းတစ်စီးထဲ တောအုပ်တစ်ခုသို့ရောက်၍ထိုတောအုပ်ကထွက်လျှင် သောင်ပြင်ကြီးတစ်ခုသို့ ဆိုက်လေသည်။ထိုသဲပြင်မှ ပေါက်မြို့ရှိရာ အရှေ့တောင်ဘက်သို့ တန်းမှန်း၍ မောင်းနှင်သွားသောအခါ ငှက်ပျောဖီးကြမ်း အပြည့်အနှက် တင်၍လာသော လှည်းတစ်စီးနှင့်တွေ့ဆုံမိသည့်ကာလ၊ ငှက်ပျောသီးကလည်း အလွန်ထွားကြိုင်လှပသည့်ပြင်၊ လှည်းရှင်လင်မယားနှစ်ယောက်ကလည်း သဘောကောင်း၊ ငှက်ပျောသီးကလည်း အဖိုးချိုသည်နှင့် ပေါက်မြို့တွင် မှာထားပြီးဖြစ်သော်လည်း၊ ငှက်ပျောသီးကြီး ငါးဖီးကို အဘိုးငွေ လေးပဲပေး၍ ဝယ်ယူသွားကြသည်။

www.dhammaransi.com



ပေါက်မြို့သို့ အတော်ပင်နေမြင့်မှရောက်သောအခါ မြို့တွင်းသို့မဝင်မီ ကျွန်ုပ်၏အသိများက ဆီးကြို၍ပြောပြသည်မှာ -

သူတို့သည် မနေ့ညကစ၍ ယခုနံနက်အထိ ငှက်ပျောသီးဖိုးကြမ်းကိုရရန် မြင်းစီးပြီးလျှင်စေ့စေ့စပ်စပ် မရပ်မနားရှာဖွေပါသော်လည်း မရသောကြောင့် အလွန်ဝမ်းနည်းကြောင်း ပြော၍နေစဉ် ကျွန်ုပ်လှည်းဦးတောင်းထဲ၌ရှိသော ငှက်ပျောသီးကိုမြင်ရ၍ များစွာအံ့ သြကြလေသည်။

နောက်လေးရက်ခန့်ကြာသောအခါ ပခုက္ကူသို့ ဆိုက်ရောက်၍ မိတ်ဆွေများ လာရောက်ကြိုကြလျှင် ကျွန်ုပ်သည်အတော်ကျမ်းမာလာသောကြောင့် ဝဖြိုးနေသဖြင့် များစွာဖျားသည်ဟုမထင်ကြ။

"ပခုက္ကူမြို့မှာ ခရစ်ယာန်ဘာသာကိုစွန့်ခြင်းအကြောင်း"

ပခုက္ကူမြို့မှာပင် ကာလအတော်ကြာနေထိုင်၍ မြန်မာပညာရှိစာတတ်ပုဂ္ဂိုလ်ကျော်များနှင့် ဗုဒ္ဓဘာသာတရားကို မပြတ်မလပ် ဆွေးနွေးရသဖြင့် ဗုဒ္ဓဘာသာတရား အဆီအနှစ်ကိုသိရသည့် ကာလကြီးစွာသော နောင်တတရားရ၍ ကျွန်ုပ်ယူသော ဘာသာကို စွန့်ရန်ကြံစည်လေသည်။

ကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင်ပြုလုပ်လို၍ လူကြီးလူကောင်းများနှင့် တိုင်ပင်နှီးနှောပြီးလျှင် ယာယီမဏ္ဍပ်ကြီးစွာထိုး၍ လူကြီးလူကောင်းများ၊ ရုံးအရာရှိများ၊ အမိန့်တော်ရမင်းများနှင့်တကွ သံဃာတော်ပြတ်များထံ သရဏဂုံ ပဉ္စသီခံယူ၍ ကျွန်ုပ်သည် ၁၈နှစ်ပါတ်လုံး ယုံကြည်ခဲ့သော ခရစ်ယာန်ဘာသာကို ယနေ့ စွန့်လွှတ်လိုက်ကြောင်း ပရိသတ်များအားပြောဆိုပြီးလျှင် ရဟန်းတော်အား လျှောက်ထားသည်မှာ -

"အရှင်ဘုရား၊ တပည့်တော်သည် တစ်ဆယ့်ရှစ်နှစ်ပတ်လုံး ဗုဒ္ဓမြတ်စွာဘုရားအား ပြစ်မှား၍၊ အခြားအယူကို ယူနေခြင်းအတွက်၊ အပြစ်မည်သို့ ရှိပါသနည်း လျှောက်ထားသည်တွင်၊ ရဟန်းတော်က "ဒကာ. . မြတ်စွာဘုရား၏ တရားတော်၌ နတ္ထိက ဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ၊ အကြိယဒိဋ္ဌိဟူ၍ သုံးမျိုးရှိရာ၊ ထိုအယူတစ်ခုခုကို မစွန့်ဘဲသေလျှင်၊

www.dhammaransi.com



မကောင်းသော ဂတိသို့လားရသည်။ ဒကာမှာမူကား မှားမှန်ကိုသိ၍ တရားတော်လာရှိသည့်အတိုင်း ကျင့်ဆောက်တည်ပါလျှင် ကိစ္စရှိ တော့မည် မဟုတ်ပေ။ ဒကာကဲ့သို့ သူကိုမဆိုထားဘိ၊ ငါတို့၏ မြတ်စွာ ဘုရားပင် နုစဉ်က မှောက်မှားသောအယူကိုယူဘူးကြောင်း" ဟောပြ သည့်အခါ ကျွန်ုပ်နှင့်တကွ တရားနာပရိသတ်တို့ပါ ဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။

ထို့နောက် သမာဓိမြို့ဝန်မင်းမှားမှစ၍၊ လူကြီးလူကောင်းတို့က ဩဘာစာဖတ်ကြသည်။ ဤဩဘာစာကို အခွန်ဝန်မင်း ဦးဘိုးမြက ဗုဒ္ဓ ဘာသာသာသနာပြု သတင်းစာတွင် ထည့်သွင်းရာ အောက်ပါအတိုင်း ဖြစ်သည်။

## “လူကြီးလူကောင်းတစ်ယောက်အကြောင်း”

ကျွန်ုပ်တို့အသင်းအတွက် ကူညီဆောင်ရွက်သူ ပခုက္ကူမြို့၌နေ ထိုင်လျက်ရှိသော သင်းထောက်လူကြီးမင်းတစ်ဦးက အထူးကျေးဇူးပြု၍ ရေးသားပေးပို့လိုက်သည့်စာကို အောက်၌ထည့်သွင်းဖော်ပြလိုက်ပါ သည်။

“အစီရင်ခံပါသည်၊ ဗုဒ္ဓဘာသာသာသနာပြုအသင်းတွင် ပါဝင် ရွက်ဆောင်ကြကုန်သော ပြိစီတင်၊ စက္ကရီတေရီမှစ၍၊ သင်းထောက် အသင်းဝင် ဥပါသကာ၊ ဥပါသိကာ ညီအစ်ကိုမောင်နှမအပေါင်း တို့. . . .

“အထူးအကြောင်းမှာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဂန့်ဂေါမြို့ နယ်ပိုင်ဝန်ထောက်မင်း ဦးညို(၁)သည် ခရစ်ယာန်ဘာသာကို သက်ဝင် ယုံကြည်နေသည်မှာ ၁၈နှစ်ကြာမျှ ရှိပါပြီ၊ ယခုအခါ ကျွန်ုပ်တို့နှင့် တွေ့ ကြုံ၍အလုံးစုံသော ဗုဒ္ဓမြတ်စွာဘုရား၏ တရားဒေသနာတော်များကို ဟောပြောပြသရာ၊ ပါရမီကံထောက်မသဖြင့် ခရစ်ယာန်အယူဝါဒကို လုံးလုံးကြီး စွန့်ပစ်ပါယ်ရှားလျက် ကျွန်ုပ်တို့ဗုဒ္ဓဘာသာတရားကို သက်ဝင် ယုံကြည်ရှိသည်အတိုင်း လွန်ခဲ့သည့် ဧပြီလ ၂၈ရက် တနင်္ဂနွေနေ့က ရဟန်းသံဃာတော်များစွာကို ပင့်၍ သရဏဂုံပဉ္စသီ ခံယူဆောက်တည်

www.dhammaransi.com



ပြီးလျှင် ပရိတ်တရားတော်များကို နာယူပါသည်။ ထိုအခါ ပခုက္ကူမြို့ရှိ လူကြီးလူကောင်းအပေါင်းတို့က တရားနာပရိသတ်တို့ရှေ့၌ ကောင်းချီးသြဘာမင်္ဂလာစကား ရေးသားဖတ်ဆိုကြသည့်စာနှင့် နယ်ပိုင်ဝန်ထောက်မင်းဦးညိုက ပရိသတ်အပေါင်းတို့အား ပြန်ကြားမြွက်ဆိုသော အကြောင်းစာကို ဗုဒ္ဓဘာသာပရိသတ်အပေါင်းတို့ ကောင်းစွာသိရှိ ပီတိသောမနဿဖြစ်ကြစေရန် ရေးသားပေးပို့လိုက်သည့်အတိုင်း ဗုဒ္ဓဘာသာသာသနာပြုအသင်းသတင်းစာ၌ ထည့်သွင်းဖော်ပြပါမည့် အကြောင်း "။

## "အနုမောဒနာကောင်းချီးပေးသောစာ"

သာဓု၊ အနုမောဒနာ၊ ကြော်ငြာရင့်ကြွေး ကောင်းဆုမြွက်ပေးကြသည်မှာ ကျွန်ုပ်တို့ပခုက္ကူမြို့တွင် အထက်ကျော်အခါဝယ်၊ နယ်ပိုင်မြို့အုပ်မင်းအဖြစ်၊ ယခုအခါသမယဝယ်၊ ဂန့်ဂေါခရိုင်နယ်ပိုင်ဝန်ထောက်မင်းအဖြစ်နှင့် နှစ်ပေါင်းများစွာ အုပ်ချုပ်စိုးမိုးလျှက်ရှိပေသော ဦးညိုသည် ၁၈နှစ်ပတ်လုံး ဗုဒ္ဓဘာသာမှအပဖြစ်သော၊ တရားဝိပရိ၊ အသန္နိဋ္ဌိ၊ သေးငြိရကား၊ ယခုပညာဒသက၊ ဝယအရွယ်၊ ၄၂နှစ်စွန်းရှိသော်၊ အမြော်အမြင်၊ ဆင်ခြင်ဝီစာရ၊ ဤသည်ကားအမှား၊ ဤသည်ကားအမှန်၊ ထိုးထွင်းသောဉာဏ်ဖြင့်ဘုရားအလောင်းဖြစ်သော ဇောတိပါလ၊ လောမဟံသ၊ ကုသိသိန္ဒတို့သည်၊ ယူမိသောဝါဒကို ခွာချပယ်လှန်၍ အမှန်ကို ဆောက်တည်သကဲ့သို့ ဂန့်ဂေါဝန်ထောက်မင်းသည်လည်း စွဲမိရင်းအယူကို စွန့်ခွာလျှက်၊ ဗုဒ္ဓဘာသာသာသနာတော်တွင်း သက်ဝင်ယုံကြည်ခြင်းဖြင့် ဘုရားတရား သံဃာရတနာမြတ်သုံးပါးရပ်တို့ကို နိယံမပြတ် ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ်သို့ ရောက်လေသည်။

ဥပါသကာတို့၏ ရတနာသုံးရပ်သို့ ဆည်းကပ်သော ကုသိုလ်ကြည်ညိုရန် ထုတ်ဖော်လျှင် ဆင်ရတနာတစ်သိန်း၊ မြင်းရတနာတစ်သိန်း၊ အဿထိုရ်မြင်းကသော ရထားရတနာတစ်သိန်း၊ ပတ္တမြားနားဒေါင်းလည်ဆွဲရတနာ ကောင်းစွာဝတ်ဆင်သော သမီးကညာတစ်သိန်း ဤလေးသိန်းသော ရတနာတို့ကိုရခြင်းသည် ဘုရားတရားသံဃာရတနာ

www.dhammaransi.com



သုံးပါးထံ၊ နိယံမပြတ်ဆည်းကပ်မည်သွားသောသူ၏ ခြေတစ်လှမ်းကို ၁၆ စိတ်စိတ်၍ တစ်စိတ်မျှသော ကုသိုလ်၏အကျိုးကိုမမှီနိုင်ကုန် ထို့ပြင် တဝဒါန၊ သီလကိုပွားများလျှက် ရတနာသုံးပါးကို ဆည်းကပ် ကြည်ညို၊ သားမယားအား တရားသဖြင့် ကျွေးမွေးသောသူတို့ကို သိကြား မင်း မာတလိနတ်သားတို့သည် ညွတ်တွားဝပ်လျှိုးရှိခိုးကြောင်းနှင့် သဂ္ဂ သံယုတ်ဒေသနာတော်တွင် ထင်ရှားလျှက်ရှိပါသောကြောင့်၊ ဂန့်ဂေါ ဝန်ထောက်တော်မင်းဖနီးမောင်နှံ့တို့မှာ **အနုပ္ပတ်၊ မဟာပွလ်၊ မဟာနိသံသ** အကျိုးထူးများကို ဤနေ့မှစ၍ အာယုကပ်ပတ်လုံး၊ မဆုံးမခြင်း သုံး ဆောင်ခံစားထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အဖြစ်သို့ စင်စစ်ရောက် ကြစေတော့မည်ဟု ယုံကြည်သော ပီတိတရားဖြင့် ဥပါသကာဥပါသကီ အများက ကြော်ငြာပေးနိုးအောင် စည်တီး ၍ ကောင်းချီးပေးကြပါသည်"

နယ်ပိုင်ဝန်ထောက်မင်းဦးညိုက မြွက်ဆိုပြန်ကြားသည့်စကား မှာ ၁၉၀၁ခုမေ၊ ၂၈ရက်နေ့၌ ပရိတ်တရားတော်နာပြီးသည့်အဆုံးတွင် ကောင်းချီးပေးကြကုန်သော ပခုက္ကူမြို့နေ လူကြီးမင်းများအမှူးရှိသော ဥပါသကာ ဥပါသကီအပေါင်း သူတော်ကောင်းတို့ -

ကျွန်ုပ်သည် နှစ်ပေါင်းများစွာ ယုံကြည်သက်ဝင်ခဲ့ဘူးသော ခရစ်ယာန်ဘာသာမှ ဗုဒ္ဓမြတ်စွာဘုရား၏ ဘာသာတော်ဘက်သို့ ကူး ပြောင်းသည့်အတွက် သာဓုအနုမောဒနာပြုကြရာ ကျွန်ုပ်၏စိတ်နှလုံး တွင် ညွတ်နူးကြည်ညို၍ ထိုထိုသော သူတော်ကောင်းအပေါင်းတို့အား ကျေးဇူးအထူးတင်ပါကြောင်း"

လူကြီးမင်းဥပါသကာ၊ ဥပါသကီအပေါင်း သူတော်ကောင်းတို့ နှင့် ကျွန်ုပ်သည်တရားတော်လာ -

**ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေ နဝါ။**

**ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝယထောဒကေ။** ဟူသော ဂါထာတော်ကိုထောက်လျှင် တစ်ယောက်နှင့်တစ်ယောက် လွန်လေပြီး သောဘဝက နီးစပ်ဖူးသူများ ဖြစ်သောကြောင့်၊ ယခုမျက်မှောက်ဘဝမှာ မေတ္တာသက်ဝင် ချစ်ခင်လေးမြတ်ခြင်းရှိကြသည်ကို ယုံမှားသံသယဖြစ် ဖွယ်မရှိကြောင်း။

www.dhammaransi.com



ကျွန်ုပ်သည် ခရစ်ယာန်ဘာသာမှ ဗုဒ္ဓမြတ်စွာဘုရား၏ဘာသာတော်သို့ ကူးပြောင်းရခြင်းမှာ လက်ငင်းရောင်တခင် သက်ဝင်ယုံကြည်ခြင်း၏ပဟုတ်ပါ။ လွန်ခဲ့သော လေးနှစ်လောက်ကပင် နှစ်ပြင်နှစ်ပသော တရားတို့ကိုသတိနှင့် ရှာဖွေစိစစ်၍ ခဲရာခဲဆစ်၊ နက်နဲသောဒေသနာတို့ကို ကြိုးစားကြည့်ရှုမှတ်သားပါကြောင်း၊

ထိုသို့ကြည့်ရှုငြားသော်လည်း စိတ်သဘောဘွဲ့ဝေခွဲ၍ မရရှိနေစဉ်အခါ၊ မန္တလေးမြို့ ဗုဒ္ဓဘာသာသာသနာပြုအသင်းက သင်းထောက်လူကြီး အခွန်ဝန်မင်းနှင့် ကျွန်ုပ်တို့၏ မိတ်ဆွေကြီးဖြစ်သော သမာဓိမြို့ဝန်မင်းဦးသာပြည့်တို့က များစွာတိုက်တွန်းနှိုးဆော်သဖြင့်၊ ပိဋကတ်အရာ၌ အလွန်ကျွမ်းကျင်သော သမာဓိမြို့ဝန်မင်း ဦးဘိုးဦး၊ တို့ပြင် သမာဓိမြို့ဝန်မင်းဦးစံရွှေတို့ပါ ပင့်ဖိတ်၍ လူကြီးမင်းတို့နှင့် ဆွေးနွေးတိုင်ပင်ရာမှ မှောင်အတိရှိသောတိုက်ခန်း၌ လင်း၏အရောင်ဖြင့်သာ စာကို ဖတ်ရှုနေသောသူအား အလွန်ထွန်းလင်းတောက်ပသော ဓာတ်စက်မီးပြခြင်းကြောင့် ထင်ရှားစွာမြင်သကဲ့သို့ ဗုဒ္ဓမြတ်စွာတရားတော်၏ မြင့်မြတ်မှန်ကန်သောအဖြစ်ကို သိရှိရပါကြောင်း၊

"ဤလူကြီးမင်းများသည် နောင်ကျွန်ုပ်ကဲ့သို့ တရားရှာသောသူတို့ကို တွေ့ကြုံဆုံမိပါလျှင်၊ စိတ်အားလျှော့ခြင်းမရှိ၊ တရားတော်မြတ်၏ဂုဏ်ကျေးဇူးတော်ကို ဟောပြောပြသနိုင်စေရန် အကြောင်း၊ ထိုလူကြီးမင်းများ ဟောပြောသည်ကို နာရသောသူကလည်း တရားတော်ဓမ္မရသာကို ခံယူနိုင်ပါစေသောဟု၊ ဗုဒ္ဓမြတ်စွာဘုရား၏ကြုတိပိသော ဘာဂဝါ အနုပံ အစရှိသော ဂုဏ်တော်ပေါင်းကို ဦးထိပ်တင်ရွက်ဆင်လျှက် ကျွန်ုပ်က ဆုတောင်းပတ္ထနာ ပြုလိုက်ပါသည်။

## "ဘုရားသစ္စာအာနုဘော်အကြောင်း"

ဗုဒ္ဓဘာသာမှာ လူတို့၏ကျင့်စဉ်မှစ၍ ဒါနမှုသီလမှု၊ သမထဝိပဿနာမှုတို့ကိုပြုက ကောင်းကျိုးချမ်းသာ ခံစားစံစားရသည်။တရား

www.dhammaransi.com



ကိုစောင့်လျှင် တရားကပြန်၍ စောင့်သည်ဟု ယုံကြည်ကြသည်။ တစ်စုံတစ်ယောက်သော သူသည် သူ၏အသက်သတ်လျှင် မောင်မင်း ဘယ်ငရဲမှာ နှစ်ပေါင်းမည်မျှခံစေဟူ၍ အပိန့်ပေးသည်မရှိ။ မိမိတို့၏ ကောင်းမှုမကောင်းမှုတို့က ပို့ဆောင်သည်။ အကယ်၍ ဘာသာခြားလူတို့က ဘုရားသည် ယိုကဲ့သို့အမိန့်မပေးနိုင်လျှင် ဘုရားကိုကိုးကွယ်ရန် မလိုတော့ပြီ၊ ကောင်းကျိုးဆိုးကျိုးတို့သည်လည်း အမိန့်ပေးမည့်သူမရှိဘဲ ဖြစ်နိုင်မည်မဟုတ်၊ ဤလောကမှာဖြစ်မှုကျူးလွန်သူကို ထောင်ချသည်အခါ၊ အမိန့်ဝရမ်းရေး၍ ထောင်သို့ပို့ရသည် မဟုတ်ပါလားဟု မေးငြားအံ့။

ဖြေရန်မှာ၊ ဘုရားက အမိန့်မပေးသော်လည်း ဘုရားတရားသံဃာရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်းသည် မိမိ၌ကောင်းကျိုးချမ်းသာရောက်သည်ကား မချွတ်တည်း။

ဥပမာ - ကောင်းသောမြေပေါ်၌ စိုက်သောမျိုးစေ့ကဲ့သို့၊ မြေကမောင်မင်းသန်မာစေဟု အပင်အသီးတို့ကို အမိန့်မပေးသော်လည်း သန်မာ၍ ကောင်းသောအသီးကို သီးသဖြင့် အကျိုးယူးများကို ရလေ၏။ အမိန့်ပေးသူမရှိပဲ နတ်ပြည်သို့ တက်ရခြင်း၊ ငရဲခံရခြင်း၊ အကြောင်းမှာ ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ မမ္မာနိဿတ္တာ နိဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဗီဝလည်း မဟုတ်ကုန်သော သဘောတရားတို့က ပြုပြင်ကုန်၏။ ဤတရားတို့ကို လူများမမြင်မတွေ့ရဘဲနှင့် မည်သို့ပြုပြင်ပါသနည်းဆိုလျှင်၊

ဥပမာ - ချိုသောအသီးကို သီးတတ်သော သရက်ပင်ကမျိုးစေ့ကိုယူ၍စိုက်သော်သရက်ပင်ငယ်၌ ချိုသောသဘောပါရှိလာသော်လည်း ရှာဖွေ၍မတွေ့၊ အသီးသီးသဖြင့် စားသောအခါမှ သိရသည်။ အပင်ငယ်ကို ခုတ်ဖြတ်၍ရှာသော်လည်း ချိုသောသဘောကို မမြင်မတွေ့ခြင်းကြောင့် ချိုသောသဘောသည် ထိုအပင်ငယ်အတွင်းမှ ပပျောက်သွားသည်မဟုတ်။ ဖြစ်ဘို့အချိန်ကျမှ ဖြစ်လာရသည်။ ယခုကာလပေါ်သော တတ်သီချင်း၊ တတ်ပြားများကို ကြည့်လိုက်လျှင် သီချင်းကို မတွေ့မမြင်နိုင်သော်လည်း၊ သီချင်းကား အမှန်ရှိသကဲ့သို့ နိယာမ

www.dhammaransi.com



တရားသည်ရှိ၏၊ ဓာတ်ရထားကို အရှိန်ပေးသော ဓာတ်ကြိုး၌ ရှိသော ဓာတ်တို့ကို မမြင်နိုင်သော်လည်း အမှတ်တမဲ့သွား၍ ကိုင်မိလျှင် တစ်ခါတည်း သေကြေပျက်စီးလိမ့်မည်။ ထို့အတူမမြင်နိုင်သောနိယာမတရား ငါးပါး၏ အကြောင်းကို ဖတ်ပါလေ။

## ဗုဒ္ဓဘာသာတရားသည် ဉာဏ်နှင့်ယှဉ်သောတရားဖြစ်သည်

အနောက်နိုင်ငံသားပညာရှိကြီး ဗုဒ္ဓဘာသာမဟုတ်သူတို့သည် မိမိတို့၏ဉာဏ်ပညာအလျောက် လောကကို ဖန်ဆင်းသူရှိမရှိ ရှာဖွေစီစစ်ရာ၊ ဖန်ဆင်းသူကိုမတွေ့၊ နိယာမခမ္မပြုပြင်လျက်နေသည်ကိုသာ တွေ့ရကြောင်း ရေးကြသောစာအုပ်များကိုပင် ကျွန်ုပ်က ညွှန်ပြနိုင်သည်။

ကျွန်ုပ်သည် ဗုဒ္ဓဘာသာမဖြစ်မီက၊ တစ်စုံတစ်ခုသော အခြင်းအရာကို ဆိုသဖြင့် ထိုဆိုခြင်းသည် သစ္စာစကားသို့ သက်ဝင်၍ ဆိုသည့်အတိုင်း ဖြစ်ပေါ်လာလျှင် ဘုရားပေးသည်ဟု ထင်လေသည်။ ဤသို့သော ထင်ချက်များအနက် တစ်ခု ဖော်ပြပါအံ့။

ကျွန်ုပ်သည်၊ ဗောကလီဆိုသောနယ်မှာ မြို့အုပ်အလုပ်နှင့်နေရာ၊ တစ်နေ့သ၌ တောင်ငူမြို့ကလှေစီး၍ပြန်လာသောအခါ ပဲလဝါဆိုသောတောစခန်းသို့ရောက်သည်။ ဤစခန်းက ဗောကလီရွာသို့ တောင်ပေါ်ခရီးဖြင့် ၉မိုင်ကျော်ကျော်ဝေးသည် လည်းကောင်းစခန်းသို့ ကျွန်ုပ်သည် မြင်းတစ်စီး အသင့်လွှတ်၍ ထားနှင့်ရာ ကျွန်ုပ်နှင့်အတူ မိတ်ဆွေတစ်ဦး ပါလာသဖြင့် မြင်းတစ်စီးတည်းဖြစ်၍ မိတ်ဆွေစီးရန် မြင်းမရှိ ဗောကလီသို့ လွှတ်ခေါ်ရမှာလည်း အချိန်မရှိ၍ တောင်ပေါ်ခရီးသို့ ညအခါ မသွားဝံ့၊ သွားပြန်လျှင်လည်း ကျွန်ုပ်နှင့်အတူနေရန် လူမရှိသောကြောင့် ခက်ခဲခြင်းနှင့်တွေ့ကြုံနေလေသည်။ ယိုအခါ ကျွန်ုပ်သည် အောက်ပါ စကားကိုဆို၍ ဆုတောင်းသည်မှာ -

"ကျွန်ုပ်သည် မြင်းမစီးဘဲ၊ တောင်ကိုမတက်နိုင်၊ ကျွန်ုပ်၏ မိတ်ဆွေလည်းမြင်းမစီးရလျှင် ကောန်ပင်မသွားနိုင်၊ ကျွန်ုပ်မှာ မြင်းတစ်စီးသာရှိ၍ နှစ်ယောက်မစီးနိုင်၊ သို့ဖြစ်၍ မြင်းတစ်စီးပေးပါ"ဟု ဆုတောင်းလေသည်။

www.dhammaransi.com


နံနက်လင်းသည့်တိုင်အောင် မြင်းရောက်မလာ၊ မြင်းစမြင်းနကို မတွေ့မမြင်ရသော်လည်း ကျွန်ုပ်စိတ်က ပျက်ကွက်ခြင်းမရှိ ရမည်ဟု ကောန်ယုံကြည်နေသည်။ ထို့နောက် အတော်ကြာလျှင် ခရီးဖင့်မည်စိုး၍ ရှိရင်းမြင်းတစ်စီးကို တစ်ယောက်မောင်းလျှင် တစ်ယောက်တစ်ကိုယ် တစ်လှည့်စီစီးရန်သဘောနှင့် မြင်းကိုပြင်ဆင်၍ ထွက်မည်ပြုရာတွင် မနီးမဝေးသော သစ်ပင်ကြီးအောက်မှာ မြင်းသုံးစီးနှင့် လူခြောက်ယောက် တွေ့မြင်လေရာ ကျွန်ုပ်ကမြင်းငှားမည်လားဟု လူစေလွှတ် မေးမြန်းလျှင် ကျွန်ုပ်ကိုလာ၍ ကြိုသောမြင်းနှင့်လူများဖြစ်ကြောင်း သိရလေသည်။ ထိုသူတို့ကိုခေါ်၍ မည်သူကလာ၍ ကြိုရန်ပြော သနည်းဟု မေးမြန်းလျှင် ညဦးသန်းခေါင်အချိန်လောက်တွင် ရွာနှင့် မနီးမဝေးက လူတစ်ယောက်ဟစ်အော်၍ မြို့အုပ်ပဲလဝါမှာရှိသည် သွား၍ကြိုဆိုကြဟု ပြောသည်နှင့် ကြက်ဦးတွန်လောက်တွင် မိရှုးမီးတိုင် တို့နှင့် ထွက်လာကြရာ ယခုမှဆိုက်ရောက်ကြောင်းပြောပြလေသည်။

ထိုဟစ်အော်ပြောဆိုသွားသောသူကို ကျေးဇူးတင်လှ၍ကျေးဇူး ဆပ်ရန် မေးမြန်းရှာဖွေသော်လည်း ယခုထက်ထိ ကျွန်ုပ်မတွေ့ရှိသေး။ ဤအချက်၌ဘုရားပေးသည်ဟု ကျွန်ုပ်မှတ်ထင်ယူပါသည်။ ထို့နောက် ကျွန်ုပ်သည် သာစည်နယ်သို့ ရွှေ့ပြောင်းလုပ်ကိုင်နေသည့်အတွင်း၊ သာစည်မြို့အနောက်ပိုင်းမှာ မီးလောင်ရာ သာစည်မြို့အုပ်မင်းသည် လည်းကောင်း၏အိမ်နှင့်နီးသောကြောင့် မီးလောင်ရာအရပ်သို့ ကျွန်ုပ်မရောက်မှီ ရောက်နေလေ၏။ ကျွန်ုပ်ရောက်သွားသောအခါ သူသည် ငုံးမင်း ပရိတ်တော်ကို ရွတ်သော်လည်း မီးမငြိမ်းဘဲ အနောက်ဘက်တန်း ကုန်စင်အောင်လောင်ကြောင်းပြောလျှင် ကျွန်ုပ်၏စိတ်က သူ၏ဘုရားသည် တန်ခိုးမရှိခြင်းကြောင့် မရသည်ဟု မှတ်ယူလိုက်လေသည်။ ကျွန်ုပ်ဗုဒ္ဓ ဘာသာဖြစ်ပြီးသည့်ကာလ၊ ပါရမီတော်ခန်းပျို့၌ သစ္စာအာနုဘော်၏ အကြောင်းကို ဖတ်သည်တွင်-

ဝသုန္ဒရေ ဤပြေသော်လည်း၊ စောင့်စည်းမှုသား၊ ကျင့်သော အားဖြင့် စကားသစ္စာ၊ မှန်သောခါကား၊ ဩဇာလေးနက်၊ ပေါ်ဆိတက်၍၊ နွယ်မြက်သစ်ပင်၊ဆေးဘက်ဝင်၏ ဟုတွေ့မြင်ရသောအခါ အကြောင်းကို ပြည့်စုံစွာသိလို၍၊ငုံးမင်းပရိတ်တော်ကို ရှာဖွေဖတ်ကြည့်ရာတွင်မှ ကျွန်ုပ်

www.dhammaransi.com



သည် ဟောကလိမှ မြင်းရခြင်းနှင့် မြို့အုပ်မင်း၏ ပရိတ်ရွတ်ခြင်းတို့သည် ဘုရားနှင့်မစပ်မဆိုင်၊ သစ္စာ၏အချက်နှင့်သာဆိုင်ကြောင်း သိရလေသည်။

ငုံးမင်း၏ဖြစ်ပျက်ပုံနှင့် မြို့အုပ်မင်း၏ဖြစ်ပျက်ပုံ မတူကြပါပဲလျက်၊ ငုံးမင်းဆိုသော သစ္စာစကားမျိုးကို မြို့အုပ်မင်းကဆိုသောကြောင့် သစ္စာအာနုဘော်မရှိခြင်း ဖြစ်သည်။ ငုံးမင်း၏သစ္စာဆိုပုံကား -

(၁) တောမီး ငါ့အားအတောင်တို့သည် ရှိကုန်၏ ထိုအတောင်တို့ဖြင့် ကောင်းကင်သို့ ပျံခြင်းငှာ မတတ်နိုင်။

(၂) ငါ့အားခြေတို့သည် ရှိကုန်၏ ထိုခြေတို့ မြေပေါ်မှာပြေး၍ မသွားနိုင်ကုန်။

(၃) ငါ၏မိဘတို့သည်လည်း ထွက်ပြေးခဲ့ကြပြီ၊ သင်သည် ဖဲလေလော့၊ အထက်က ရေးသားသည့်အတိုင်း မြို့အုပ်ရွတ်ခြင်းကြောင့် မှသားဖြစ်ဟန်ကား -

(၁) သာစည်တွင်လောင်သည်မှာတောမီးမဟုတ်၊ ပန်းပဲဖိုက စ၍လောင်သောမီးဖြစ်ခြင်း၊

(၂) မြို့အုပ်မှာအတောင်မရှိ၊

(၃) မြို့အုပ်၏ခြေတို့သည်အလွန်ပြေးလွှားနိုင်၏။

(၄) မြို့အုပ်၏မိဘများသည်ဘယ်ကိုမှထွက်၍မပြေးကြ။

သို့ဖြစ်၍မမှန်သော သစ္စာစကားကိုဆိုမိလျက် ဖြစ်လေသည်။ မမှန်သောသစ္စာကို ဆိုကလည်း အကျိုးမရှိကြောင်းပြလို၍----

"အကြင်သောအခါ၊ ဤသစ္စာကို၊ အရာချွတ်လွဲ၊ မသုံးစွဲတည့်၊ စဉ်းလဲစကား၊ မှားလတ်တုံ့အံ့၊ မြေခံစည်းတာန်း၊ မုသားထွန်းသား၊ တစ်ကျွန်းပတ်ရုံ၊ တစ်နိုင်ငံ၌၊ အသံမုသား၊ ပျက်စကားကို၊ မကြားစလို အောင်လိမ့်ဆိုသို့၊ပေါ်စိုရသာ၊ မြေသြဇာလျှက်၊ တစ်တွာတစ်တောင်၊ လက်ခုပ်ဖောင်လျှင်၊နက်ချောင်ငုပ်နစ်၊ အောက်လျှိုးဖြစ်၍ ခါးခြစ်ဆေးဝါး၊လူတို့စားလည်း၊ နာဖျားမလွတ်၊ ဥပဒ္ဒဝေါ၊ဘေးဘျမ်းပြော၏" ဟုရှေးပညာရှိတို့ စပ်ဆိုတော်မူသည်။ သစ္စာဆိုပုံစကားက အပိုအမိုမပါဘဲ အမှန်သိလိုလျှင် ဒသကနိပါတ်ကဏှာဒီပါယနဇာတ်နှင့် သုဝဏ္ဏသာမ ဇာတ်တော်ကြီးမှာကြည့်လေ။

www.dhammaransi.com



အချို့ကျမ်းရေးဆရာတို့က သစ္စာပြုပုံ၏အကြောင်းကို ရေးရာ၌ အပိုအမိုစကားများစွာ ထည့်သွင်းခြင်းကြောင့် လိုရင်းသို့မရောက်သဖြင့် သစ္စာအာနုဘော်တော်၏အကျိုးကို မခံရ။ ငုံးမင်းပရိတ်နှင့် ငါးရံ့မင်း၏ ပရိတ်တော်ကိုရေးရာ၌မည်မျှလောက် အပိုအမိုပါ၍ လိုရင်းသဘောကို မရောက်ကြောင်း ဇာကနိပါတ်ဝဋ္ဋကဇာတ်နှင့် အမတဒွါရကျမ်းတို့တွင် ထင်ရှားလေသည်။ ထို့ကြောင့် သစ္စာအာနုဘော်၏ အကျိုးကို ခံစားလိုသောသူတို့ များစွာသတိထားသင့်တော့သည်။ ဘုရားပေးသည်မဟုတ်။ သစ္စာအာနုဘော်ကြောင့်သာ အပေါ်ကရေးသားသော အချက်များဖြစ်ကြောင်းကို ထင်ရှားစေရန် ကျွန်ုပ်ဗုဒ္ဓဘာသာဖြစ်ပြီးနောက် သစ္စာပြုသောအကြောင်းတစ်ခုကို ပြပါမည်။

ဗုဒ္ဓဘာသာသို့ ကူးပြောင်းပြီးနောက်မိတ္ထီလာမြို့သို့ ကျွန်ုပ်တဖန်ပြန်၍ပြောင်းရသည်။ ထိုအခါမလှိုင်မြို့သို့မြင်းနှင့်နယ်လှည့်သွားရာ၊ ဦးလူမောင်ဆိုသောသူတစ်ယောက်လည်း ကျွန်ုပ်၏အခြားမြင်းတစ်စီးကို စီး၍ လိုက်လာလေသည်။ မလှိုင်မှာ ကိစ္စကုန်၍ နက်ဖန်ခါ မိတ္ထီလာသို့ ပြန်မည်ပြုသဖြင့်မြင်ဆင်ကြရာ ဦးလူမောင်စီးသောမြင်းသည်မရှိ၊ အများလူတို့နှင့် ရှာကြသော်လည်း မတွေ့သဖြင့် နံနက်စောစော မိတ္ထီလာကိုပြန်ရန် ခက်နေသည်ဟု ကျွန်ုပ်နှင့်အခြားသူများပါ ပုလိပ်ဂါတ်တဲ၏ အရိပ်မြက်ပင်ပေါ်မှာထိုင်၍ စကားပြောနေရာ ဦးလူမောင်ပြန်လာ၍ "ကျွန်ုပ်က ဦးလူမောင်သစ္စာများကိုပြုပါ၏လားမေးလျှင်၊ အောက်က ရေးသားပါရှိသောသစ္စာကို ပြုကြောင်းပြန်ပြောသည်။ ဦးလူမောင်သစ္စာပြုပုံကား . . .

(၁) ကျွန်ုပ်သည် မှတ်မိသမျှ ကာလပါတ်လုံးသက်နီးဝတ်၍လာသူရဟန်းဖြစ်စေ၊သာမဏေတို့ကိုဖြစ်စေဦးချရှိခိုးခြင်းမပြုဘဲမနေ။

(၂) ကျွန်ုပ်သည်လမ်းများစွာကိုသွားလျှင် လမ်းပေါ်မှာ မကောင်းသော အညစ်အကြေးတို့ကို တွေ့မြင်လျှင် ဘယ်အခါမျှ မသိမ်းပဲမနေ၊ ဤမှန်သော သစ္စာစကားကြောင့် နေမဝင်မီမြင်း ပြန်၍လာစေသား။

ထိုအခါကျွန်ုပ်က ဦးလူမောင်ယခုနေ့ဝက်သာ ကျန်တော့သည်။ ဘယ်မှာမြင်းလာဘို့ အချိန်ရှိတော့မလဲဟု ပြော၍ ခဏကြာလျှင်

www.dhammaransi.com



အလွန်မြင်းထန်သော မြင်းခွါသံကိုကြားသောကြောင့် ထ၍ကြည့်ကြရာ ဦးလူမောင်စီးသောမြင်းသည် ဖုံးစိုင်း၍ ပြေးလာပြီးလျှင် အနီးအနားက ဗိုလ်တဲမြင်းဇောင်းသို့ ဝင်သွားလေသည်။ ထို့နောက် နေလည်းဝင်သွားလေသည်။

ဤအရာသည် ဗုဒ္ဓဘာသာကိုစွန့်ခွါထွက်သွားကြသော ပါဠိဒုပေါက်ဆရာတို့၏ ယောင်မှားဖွယ်သော အချက်ပေတည်း။

ဗုဒ္ဓဘာသာကျမ်း၌ လူကိုဖန်ဆင်းသူသည် တဏှာယောက်ျား ပဲခွပ်သမားအပြင် အခြားမရှိချေ။ ဤတဏှာယောက်ျား ပဲခွပ်သမားကို မကိုးကွယ်ထိုက်။ ပယ်ထိုက်သတ်ထိုက်၏။ ဘောဂဟကာရက၊ အိုးအိမ်ဆောက်တည်းဟူသော အိမ်ကိုပြုတတ်သော တဏှာယောက်ျား၊ ပဲခွပ်သမားဟု အနက်ရှိသည်။ မြတ်စွာဘုရားသခင် ကျူးရင့်တော်မူသော အနေကဇာတိသံသာရံဟူသော ဂါထာတော်ထင်ရှားစွာလာရှိ၏။

အခြားဘာသာဝင်တို့က ဗုဒ္ဓဘာသာသည်အနှစ်ငါးထောင်သာ တည်သည်။ ငါးထောင်လွန်လျှင် ဗုဒ္ဓဘာသာတရားမရှိ၊ ကွယ်ပျောက်လိမ့်မည် လည်းကောင်းတရားသည် ရွှေရည်ပွတ်ကဲ့သို့ အနှစ်ငါးထောင်သာခံသည်ဟု မသိရှာဘဲ ကဲ့ရဲ့ပြောဆိုကြသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်သည် ကျင့်သူရှိက ဘယ်တော့မှမကွယ်၊ **ဣမေ စ သုဘဒ္ဒ ဘိက္ခူ၊ သမ္မာ ဝိဟရေယျုံ။ အသုညော လောကော အရဟန္တေဟိ အဿတိ** ဟူသော ဂါထာတော်သည် ဗိလိန္ဒပညာဟု ထင်ရှားရှိပါလျက်၊ ကဲ့ရဲ့တတ်သောသူတို့မှာ တစ်နည်းတွေ့နှင့် လွေ့လွေ့ ရမ်းရမ်းလျှာသရမ်း၍ ချိုးမွှမ်းခြေဆောင့်မမူရာဟု ရှေးပညာရှိတို့စပ်ဆို တော်မူသောစကားကို နှလုံးသွင်းသင့်ပေသည်။

## “ဗုဒ္ဓဘာသာဝင်သူတော်ကောင်းတို့သိသာရန်ဖော်ပြချက်များ“

နောက်ဆုံးစကား၌ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့အား ကျွန်ုပ်ကပြောပြချင်သောအချက်များမှာ၊ ကျွန်ုပ်သည်ခရစ်ယာန်ဘာသာတွင်နေစဉ်အခါက ခရစ်ယာန်၏မျက်စိဖြင့် ဗုဒ္ဓဘာသာမြန်မာအမျိုးသားချင်းတို့အပေါ်၌ တွေ့မြင်ရသောအပြစ်များကြောင့် ကဲ့ရဲ့ဘူးသည့်အကြောင်းများ ဖြစ်သည်။

www.dhammaransi.com



ဤကဲ့သို့ ဖော်ပြပြောဆိုသည့်အတွက် ကျွန်ုပ်အပေါ် မှာ ဒေါသ ရန်ငြိုးမထားပဲ မေတ္တာတရားသာထားစေချင်ပါသည်။ အဘယ်ကြောင့် ဆိုလျှင်ကျွန်ုပ်သည် အမျိုးသားချင်းကို နှိပ်စက်ပြောဆိုလို၍မဟုတ်၊ ကိုယ့် အပြစ်ကိုကိုယ်မမြင်နိုင်၊ ဘာသာတစ်ပါးတို့ကသာ မြင်နိုင်ခြင်းကြောင့် ထိုအပြစ်တို့ကို ပြင်ဆင်နိုင်ရန်တစ်ကြောင်း၊ ထို့ပြင် ပညာရှိတို့သည် မိမိတို့ ကိုယ်ကိုသာလျှင် ရှေးဦးစွာလျော်ကပ်သောတရား၌ တည်စေပြီးမှ သူတစ်ပါးအား ဆုံးမနိုင်ရန် အကြောင်းများကြောင့် သတိတရားရရန် ရေးသားပါသည်။

**အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသနေ၊**

**အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။**

ဟူသောဂါထာကိုထောက်လေ။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် ဘယ်နေရာမှာမဆို အက အခုန်အပျော်အပါးကိုသာ အမှုပြုတတ်သည်။ အယုတ်သဖြင့် တော အရပ်များမှာ မသာချသည့်အခါကိုမျှပင် အကအခုန်အပျော်အပါးမပါ ဘဲမပြုနိုင်ကြ။

မိမိတို့၏ဘာသာကို အလေးဂရုပြုသည်ဆိုသော်လည်း ပြုရာ မရောက်ခြင်းမှာ ဘုရားပွဲတော်များကိုအမှီတကဲပြု၍ အမျိုးမျိုးသော ကစားဝိုင်းများမှစ၍ မတော်မလျော်သောအမှုများကို ဘုရားလူကြီး အချို့တို့ကပြုလုပ်ကြသည်။

ဝါသနာပါတော်မူ၍ ကစားလိုကြလျှင်ဖြစ်စေ၊ အပျော်အပါး အားဖြင့်ဖြစ်စေ၊ လုပ်လိုက အရပ်ရပ်သောကလပ်တို့သို့ ကြွရောက်ကစား ကြပါလေ။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ဆည်းပူးတော်မူပြီး လျှင် သမ္မာသမ္ဗုဒ္ဓအစစ်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဂုဏ်တော် ညှိုးနွမ်းအောင် ဘုရား၏အမည်တော်နှင့် ပါတ်သက်၍ ကစားဝိုင်း မလုပ် ကြပါနှင့်။

ဘုရားကို မရှိသေမူ၍ ဗုဒ္ဓအဂါရဝဖြစ်က ထိုသူတို့သည်ဘုရား အတွက်အစစသောဝတ္တုရားတို့ကို ဆောင်ရွက်ပြုလုပ်ရာ၌လည်း အများ သောသူတို့၏စိတ်တွင် ယုံယုံကြည်ကြည် မရှိနိုင်ရာ။

www.dhammaransi.com



ဘုရားလူကြီးမင်းတို့သည် ဥပါသကာဂုဏ်နှင့် ပြည့်စုံအောင် တတ်အားသလောက် ကြိုးစားဆောက်တည်ပါလျှင်၊ ယခုမြန်မာနိုင်ငံ၌ အခြားသောဘာသာတို့က ကဲ့ရဲ့ရှုတ်ချသော အချက်သည် ကွယ်ပျောက်လိမ့်မည်။

လူဆိုသည်မှာ မမှားသောသူမရှိချေ၊ သို့ဖြစ်ပါ၍ အမှားနည်းအောင် အားထုတ်သင့်သည်။ အခြားဘာသာကမူ တဆိတ်ကို တအိပ်လုပ်၍ ပြောတတ်သည်ကားမှန်၏၊ ကိုယ့်အပြစ်ကိုကား မမြင်ကြဟန်ရှိသည်။ **ခလဇာတော၊** ယုတ်သောသဘောရှိသောသူသည်၊ **ပရေသံ၀** သူတပါးတို့၏ **တိလမတ္တံ၊** နှမ်းစေ့ခန့်မျှရှိသော၊ **အပ္ပဒေါသံ၊** နည်းသောအပြစ်ကို၊ **ပဿတိ၊** မြင်တတ်၏။ **နာဠိကေရမ္ပိ၊** အုန်းသီးလောက်ရှိသည်လည်း ဖြစ်သော၊ **သဒေါသံ၊** မိမိ၏အပြစ်ကို၊ **န ပဿတိ၊** မမြင်တတ်။

ဗုဒ္ဓဘာသာသည် လောကဓာတ်မှာ ယခုရှိသော ဘာသာတကာတို့ထက် ဤမြင့်မြတ်သန့်ရှင်း၍ လူတို့၏ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကိုဆောင်တတ်သော တရားဖြစ်ကြောင်းကို မည်သည့်ဘာသာဝင် ပညာတတ်ကြီးများနှင့်မဆို၊ ကျွန်ုပ်ကပြိုင်ဆိုင်၍ ပြောဆိုဝံ့ပါ၏။ သို့သော်လည်းမြင့်မြတ်သော တရားတော်ကို မြန်မာလူမျိုးအားလုံးက ကောင်းမွန်စွာ လိုက်နာပါ၏ဟူ၍ကား မပြောဝံ့ချေ။

သို့ဖြစ်၍ မြန်မာမိန်းမများသည် ဖိုးစိန်အောင်ဗလနှစ်ပါးသွားစာအုပ်ကို ဖတ်လိုက၊ အနည်းငယ်သာဖတ်ပြီးလျှင် ဇာတ်တော်နိပါတ်တော်မှစ၍ ပညာရှိကြီးများ ရေးသားသည့်စာအုပ်များကို ဖတ်လျှင် သားသမီးအပေါ် လင်သားအပေါ်မှာ ဖျောင်းဖျပြောဆိုနိုင်က လောကီလောကုတ်နှစ်လီသော အကျိုးကို ခံစားရပေမည်။

အထက်မြန်မာပြည်မှာ မြန်မာမင်းလက်ထက်က မြို့တစ်မြို့တွင် မြင်းတစ်စီးပျောက်သွားရာ အခြားမြို့မှာပေါ်ပေါက်လေသည်။ မြင်းရှင်က မြို့ဝန်ရုံးမှာ တရားစွဲလျှင် မြို့ဝန်သည် လည်းကောင်းမြင်းကို ကြိုက်သည်နှင့် စီရင်ချက်ချလိုက်သည်မှာ၊ ပေါ်မြင်းကိုငါယူ၍ တရားလို တရားခံတို့မှာ ကိုယ့်စားရိတ်ကို ကိုယ်ထိန်းစေ၊ ဤသို့စီရင်ချက်ချသဖြင့် မြင်းရှင်မှာ အလွန်နစ်နာရှာလေသည်။

ထို့အတူယခုကာလ၌ အချို့သောဆရာတို့သည် တပည့်လက်သားတို့ကို လောကုတ်လောကီအကျိုး ဖြစ်ထွန်းအောင် မဟောမပြော၊

www.dhammaransi.com



ဒါနတော ဘောဂဝ်၊ ဆိုသောပါဠိတော်ကိုသာ ရွတ်လျှက်၊ လည်းကောင်း တပည့် လက်သားတို့အား မိမိတို့စားရိတ်ကိုမိမိတို့ထိန်းကြစေလေသည်။

ဘောဂဝါကို မျက်မှောက်ပြု၍ လှူကြသော ဒကာဒကာမတို့မှာ လည်း နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ခြင်းကြောင့်၊ သူ့ဝိုက်အလှူ ပေးပါ မှုလည်း၊ ရွယ်ချူဖိုလ်မဂ်မပန္စက်တည့်ဟူ၍စပ်ဆိုတော်မူသော ပညာရှိ၏ စကားနှင့် လွတ်ကင်းဘို့ရာ ခဲယဉ်းလေသည်။ လူ၏ဘောင်မှာ နေသေး သောသူတို့သည် ရှိစုမဲ့စုကို အကုန်အစင်လှူရမည်မဟုတ်ပေ။ တိုင်းတာ၍ ပြုသင့်သည်။

ဒါနမှုသီလမှုတို့သည်၊ အလွန်ပင်ကောင်းသည်မှန်၏။ သို့သော် လည်းဒါနမှု သီလမှုတို့နှင့်သာနေလျှင် အကျိုးမကြီးသေး၊ ဘုရားပွင့်တော် မမူသောခေတ်သမယတို့၌ပင် ထိုဒါနသီလတရားရှိကြသည်။ ဗုဒ္ဓ ဘာသာတရားသည် အခြားဘာသာတရားတို့ထက် မြင့်မြတ်၏ အဆီ အနှစ်ကို ပြောရမည်ဆိုလျှင် အနတ္တတရားပေတည်း။

အခြားဘာသာ၌ အနတ္တတရားမရှိ၊ မသိမမြင်နိုင်သဖြင့် အတ္တ အမျှင်တန်းကြီးနှင့်သာနေ၍ သမီရနယ်က ဘယ်တော့မှ မကျွတ်မလွတ် နိုင်။ အနတ္တတရားကိုသိလျှင် သက္ကာယဒိဋ္ဌိကိုသိ၍ ခွါနိုင်လမ်းကိုရ၏။ သက္ကာယဒိဋ္ဌိကိုသိ၍ ခွါတတ်လျှင် သောတာပန်စခန်းသို့ ဆိုက်လျှက် အတ္တ ဝါဒုပါဒါန်ခေါ်သော ဥပါဒါန်တရားကင်းသဖြင့် ငရဲဘေးကို စိတ်ချ ရသည်။

ဤအနတ္တတရားကိုသိရန် လွယ်ကူသည် မဟုတ်။ သက္ကာယဒိဋ္ဌိ အကြောင်းကိုပြသော စာအုပ်များရှိကြပါလျှက် အယူအဆမတတ် ခက်ခဲခြင်းကြောင့် ကာမုပါဒါန်နှင့်အတ္တဝါဒုပါဒါန်စွဲလမ်းပုံကိုခွဲ၍ မသိ မမြင်နိုင်သည့်အတွက်၊ စွဲလမ်းမှုဟူသမျှကိုပင်သက္ကာယဒိဋ္ဌိဟု အချို့ သူများက ပြောဆိုတတ်ကြသည်။ ငယ်ငယ်ကတည်းက စွဲလန်းစရာ အိုးအိမ်မရှိ သားမယားပစ္စည်း ဘဏ္ဍာမရှိ။ သစ်ပင်အောက်တကာမှာ လှည့် လည်၍ နေသောသူမှာ သက္ကာယဒိဋ္ဌိကွာပြီလားဟုမေးလျှင်၊ မကွာသေးဟူ၍ ဖြေရပေလိမ့်မည်။ မည်သည့်အရာ ကျန်နေသေးသော ကြောင့် မကွာသေးကြောင်း ပြောပါသနည်းဟု မေးမြန်းလျှင် သေချာစွာ မသိက အဖြေရခက်ပေလိမ့်မည်။ သို့ဖြစ်ပါ၍ စွဲလန်းတိုင်း သက္ကာယဒိဋ္ဌိ

www.dhammaransi.com



မဟုတ် မည်သည့်အရာမျိုးကိုစွဲလမ်းမှ သက္ကာယဒိဋ္ဌိဖြစ်ကြောင်း သိသင့်သည်။ ထို့ပြင် ပါဠိဘာသာအားဖြင့် ပုဂ္ဂလသတ္တ၊ အတ္တဇီဝ၊ မြန်မာဘာသာဖြင့် ငါ၊လောက်လန်းသဖွယ်တွယ်တာသော ဝိညာဉ်၊ အင်္ဂလိပ်စကားနှင့် Soul Subtratum; Self;I;Psychic, ဟု အသီးသီးခေါ်ကြ၍၊ မရှိဘဲနှင့်အရှိ ထင်မှတ်ကြသော သက္ကာယဒိဋ္ဌိကို သိအောင်ရှာသင့်သည်။

ဤစာအုပ်ငယ်တွင် ရှည်လံစွာပြရန် အချက်မဟုတ်သော ကြောင့်၊ အနည်းငယ် အပြွက်မျှ ဖော်ပြလိုက်သည်။

ဘုရားကိုယ်တော်မြတ်ကြီးမှာ သက္ကာယရှိမရှိ မည်သည့်ဥပါဒါန် ရှိမရှိ၊ မည်သည့်စိတ်နှင့် ပရိနိဗ္ဗာန်ပြုတော်မူသည်ဟု များစွာငြင်းခုံခြင်းပြု သဖြင့် အချိန်ကိုမဖြုန်းမူ၍ မိမိတို့ကိုယ်၌ သက္ကာယဒိဋ္ဌိကွာရန်နှင့်မည် သည် ဥပါဒါန်မျိုးရှိ၍၊ မည်သို့ခွာနိုင်ရန်အကြောင်းကိုသာ စဉ်းစားဘို့သင့် တော့သည်။

သူဌေးကြီးတစ်ဦးက အလှန်ဆင်းရဲ၍ နံနက်စောစွာမှ ထမင်း မစားရသေးသော သူတစ်ယောက်ကို သနားသဖြင့် ရွှေဒင်္ဂါးတပြား ထမင်းဝယ်၍ စားသောက်သုံးစွဲနိုင်ရန်ပေးရာ၊ ထိုသူဆင်းရဲသည် မိမိ၏ အလိုကိုရှေးဦးစွာ မကြည့်မရှုမူ၍ ရွှေဒင်္ဂါးပေးလာသော သူဌေးကြီးမှာ ရွှေဒင်္ဂါးမည်မျှရှိသည် အိမ်၌အသုံးအဆောင် စားပွဲကုလားထိုင်မည်မျှရှိ သည်။ လည်းကောင်း၏အိမ်ပေါ်သို့တက်ရန် လှေကားအထစ်ပေါင်း မည်မျှရှိသည်ကို စုံစမ်းစစ်ဆေး၍နေခဲ့လျှင် ထိုသတင်းအကြောင်း အရာများကို ပြည့်စုံစွာ မသိရှိမီ မိမိသည် ထမင်းငတ်၍သေစရာ ရှိလေသည်။

ထိုနည်းတူမိမိတို့၏ဦးခေါင်းပေါ်၌ စူးစိုက်လျှက်ရှိသော သက္ကာ ယဒိဋ္ဌိကိုခွါချရန် ဟောပြောတော်မူသောတရားကိုရှေးဦးစွာမဆင်ခြင်မ စဉ်းစားဘဲ အလုံးစုံသော ကိလေသာမီးငြိမ်းပြီး၍ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်ပြီးသောအရှင်မှာသက္ကာယ ရှိမရှိစုံစမ်းနေလျှင်၊မိမိတို့၏လိုရာ စခန်းလစ်ဟင်း၍ အကျိုးမဲ့ဖြစ်တတ်လေသည်။

သက္ကာယဒိဋ္ဌိအကြောင်းကို သိလိုပါလျှင် သတိပဋ္ဌာန်နှင့် ဝိမုတ္တိ ရသကျမ်းပဋိစ္စသမုပ္ပါဒ်ကျမ်း၊ ဝိသုဒ္ဓိမဂ်တို့ကို သေချာစွာနားလည် အောင်ဖတ်လျှင် သိရလိမ့်မည်။

www.dhammaransi.com



ထို့ပြင် စဉ်းစားရန်အချက်တစ်ခုမှာ အချို့သောရဟန်းများကို အစဉ်မပြတ် ညစ်ေ့းတန်းရှပ်ဆိုင်ကြီးမှစ၍ အရောင်းအဝယ်ပြုရာဌာနတို့မှာ တွေ့မြင်ကြရလေသည်။ ဤအကြောင်းမှာ ရဟန်းတို့သာ အပြစ်မဆိုကိုက်ပေ။ လူများကလည်း အားပေးအားမြှောက်ပြုခြင်းကြောင့်ဖြစ်ရသည်။

ရဟန်းများသည် ဝယ်စရာငွေမရှိလျှင်ဘယ်တော့မျှဈေးဆိုင်ကန္တားများသို့ သွားမည်မဟုတ်ချေ။ ယိုငွေကို ဘယ်ကရပါသနည်းဆိုလျှင် အလှူအတန်းပြုလုပ်သော အချို့သောအလှူရှင်တို့က လှူဖွယ်ဝတ္ထုကို မဝယ်ဘဲ ငွေကိုကပ်လိုက်သဖြင့် ထိုငွေကိုရသော ရဟန်းတို့မှာ ဈေးဆိုင်ကန္တားသို့ မိမိတို့၏အသရေကိုဖျက်၍ တိုးဝှေ့သွားရောက် ဝယ်ခြမ်းရရှာလေသည်မှာ အလွန်စိတ်မသက်သာစရာကောင်းသည်။

အရဟတ္တမဇကို ဝတ်ဆင်လျက်နေကြသော ပုဂ္ဂိုလ်များအား ငွေကိုမကပ်ပဲ ရဟန်းတို့နှင့်ထိုက်တန်သော အသုံးအဆောင်ကို ဝယ်ခြမ်း၍ လှူဒါန်းပါလျှင် လှူသူလည်းအကျိုးရှိ အလှူခံပုဂ္ဂိုလ်တို့သည်လည်း လမ်းဘေးလမ်းမဆိုင်ကန္တားများကို လှည့်ပတ်နေမည့်အချိန်ကာလကို တရားအားထုတ်သဖြင့် အကျိုးခံစားရမည့်အပြင် တပါးသောဘာသာတို့၏ ကဲ့ရဲ့ခြင်းနှင့် ကင်းလွတ်မည် မချွတ်တည်း။

လောကမှာရှိနေကြသော လူအချို့တို့က ဘုရားဆိုသည်မှာ ဟန်ခိုးအလုံးစုံရှိသင့်သည်။ နေ, လ, ကြယ်နက္ခတ်တာရာတို့ကိုလည်းကောင်း၊ ဗုစရိုက်သုစရိုက်တို့ကိုလည်းကောင်း၊ သံသေတ္တာကြီးနှင့် ထားသကဲ့သို့ ထား၍ နေကိုအလိုရှိသူအား နေ, လကိုတောင့်တသူအား လ။ ဒုစရိုက်သုစရိုက်ပြုသူအား အပြစ်အကျိုးအလျောက် ပြုလုပ်စီမံနေရမည်ဟု ထင်မှတ်ကြသည်။

ဤသို့ထင်ကြသောသူများသည် မိမိတို့ဆုတောင်းသည့်အတိုင်း ယခုရှိရင်းကိုယ်များကို ပြောင်းလဲ၍ တစ်ဆယ့်ခြောက်နှစ်အရွယ်၊ လှပနုနယ်စွာဖြစ်အောင် ပြုလုပ်၍၊ ကြိမ်လုံးစကြာများကိုရပါလျှင်၊ မည်မျှဝမ်းသာကြမည်ကိုမပြောနိုင်။ သို့သော်လည်း ဘယ်တော့မှမရချေ။ ကျွန်ုပ်နှင့်အသိဉာဏ် ပညာအတော်အတန်ရှိသူ ကုလားတစ်ယောက်

www.dhammaransi.com



သည်၊ မိမိဘုရားရှိခိုးကျောင်းမှာ ခေါင်းလောင်း အပြင်းအထန်ထိုး သည်ကို နားညည်းလွန်းသောကြောင့် ဘယ်အတွက် ဤမျှလောက်ထိုးရ ပါသနည်းဟု ကျွန်ုပ်ကမေးရာ၊ သူ၏ဘုရားသည် အပျော်အပါးလည်ပတ် နေလျှင် ကျောင်းသို့လာရန်မေ့လျော့နေမည်စိုး၍ ဘုရားကြားအောင် တီးရကြောင်း ပြန်ပြောသည်။ ကျွန်ုပ်က သင်တို့ဘုရား အပျိုအိမ်ကို သွားသေးသလားဟု မေးလျှင် သူသည် များစွာအံ့သြ၍ ပြောဆိုသည်မှာ၊ ဥစ္စာပစ္စည်း ကုန်တန်ကြွယ်ဝသောသူများပင် အပျော်ကြူးသေးပါလျှင် အလုံးစုံကိုပိုင်သောဘုရားကား သဘောရှိရာ မလုပ်ဘဲနေပါ့မည်လား ဟုဆိုလေသည်။

ဗုဒ္ဓဘာသာဘက်ကကြည့်လိုက်လျှင် ဤကမ္ဘာမြေကြီးမှစ၍ နေ လ ကြယ် နက္ခတ်တို့သည် အချိန်ကျသည်ကာလပျက်စီးရသည်။ ဖန်ဆင်း ခြင်းခံရသည်ဆိုသော လူသတ္တဝါတို့သည်လည်း ခယခမ္မာ၊ဝယခမ္မာ ကုန် တတ်ပျက်တတ်သော သဘောကိုမလွန်နိုင် စကားဥပမာအလို့ငှာ၊ ဤ နေ လ နက္ခတ်တို့ကိုဖန်ဆင်းသည်ဆိုသောစကားကို အမှန်ပင် ထားလိုက် ပါဦးတော့၊ ဖန်ဆင်းအပ်သောအရာတို့သည် မတည်မမြဲ၊ တောတောင် သမုဒ္ဒရာ လူသတ္တဝါတို့သည်မနေ့စဉ်ပျက်စီးလျှက်ရှိနေကြသည်ကို မြင်ရ သဖြင့် ဖန်ဆင်းတော်မူသောအရှင်သည် သံသရာမွေလက်မှ လွတ်အောင် ပြုနိုင်သောသတ္တိမရှိကြောင်းသိလိမ့်မည်။

နေကတ်စင်းကို မဆိုထားဘိ၊ နေပေါင်းကုဋေတစ်သိန်းကို ဖန် ဆင်းနိုင်သော်လည်း၊ သံသရာသဘောတရားလက်မှ လွတ်အောင် မတတ် နိုင်ချေက အဘယ်အကျိုးရှိပါအံ့နည်း။ **သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ**ဟု ရှင်တော်မြတ်ဘုရား ဟောတော်မူ သောတရားတော်နှင့်ပင် ညီနေပြီမဟုတ်ပါလား။

ကိုသင်္ခါရပြုပြင်ခြင်းမှကင်းသော တရားလမ်းရှိပါ၏လားဟု ရှာဖွေလျှင်၊ ဗုဒ္ဓဘာသာတရားကလွဲ၍ ဘယ်မှာမှတွေ့မည်မဟုတ်ပေ။ အခြားဘာသာ၌ ငါကယ်တင်မည်ဟုပြောဆိုသောပုဂ္ဂိုလ်ရှိသည့်ဆိုသော် လည်းယုံစရာမဟုတ် အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်ဖန်ဆင်းသည့် အရာတို့သည် တစ်ခုမှ မတည်မြဲသောကြောင့်တည်း။

www.dhammaransi.com



လူသတ္တဝါတို့ အပြစ်ကျူးလွန်သည့်အတွက် မြေကြီးသည်လည်း ကျိန်ဆဲခြင်းကို ခံရသောကြောင့် ပျက်စီးရသည်ဟု ဆင်ခြေတက်ဖွံ့။ ကောင်းကင်ဘုံ့ဗိမာန်ဆင်တန်ဆာများဖြစ်ကြသော ကြယ်လနက္ခတ်တို့မှာ မည်သူ့အတွက် ကျိန်ဆဲခြင်းခံရ၍ ပျက်စီးပါသနည်း။ ကောင်းကင်ဘုံမှာ လည်း ကျိန်ခြင်းခံထိုက်သောသူများ ရှိသေးသလားစသည်ဖြင့်မေးစရာရှိ လေသည်။ ဆေးဆရာတစ်ဦးက မိမိ၏ဆေးသည် ဆံမဖြူ သွားမကျိုး သောဆေးဖြစ်သည်ဟု ကြော်ငြာစာထုတ်သော်လည်း ထိုဆရာကုသမှု သော လူတို့မှာ ဆံပင်နက်ဟူ၍ တစ်ပင်မျှမရှိ၊ သွားလည်းတစ်ချောင်းမျှ မရှိသည်ကို မြင်ရလျှင်သူ၏ကြော်ငြာစာကို ယုံနိုင်ပါမည်လား။ ဗုဒ္ဓ ဘာသာ တရား၌ အတိအလင်း ဖော်ပြသည်မှာ ပြုပြင်၍ ဖြစ်ပေါ်လာ သမျှသော သင်္ခါရတရားတို့သည် ပျက်စီးပြိုကွဲ အမြဲမရှိကြ။ ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏။ ဖြစ်ပေါ်ပြီး၍ ချုပ်ဆုံးပျောက်ကွယ်ကြ ကုန်၏။ ထိုသင်္ခါရတရားတို့မှ ကင်းသော နိဗ္ဗာန်သာလျှင် ဆင်းရဲမဖက် သက်သက်ချမ်းသာလှ၏။

ထို့သို့ဆင်းရဲမဖက်သက်သက် ချမ်းသာသောတရားကို ရရန်မှာ မဂ္ဂရှစ်ပါးတရားကို အားထုတ်နိုင်ကြပါစေသတည်း။ ဤမဂ္ဂင်ရှစ်ပါး တရားသည်၊လူပြောသူပြောနှင့် ယုံကြည်ရသည်မဟုတ်၊ ကိုယ်တိုင်စမ်း ကြည့်က ဒိဋ္ဌသိနိုင်သောတရား ဖြစ်လေသည်။

ဗုဒ္ဓဘာသာတရားသည်၊ ဉာဏ်နှင့်ယှဉ်သော တရားဖြစ်၍ အဆောတလျင် နားမလည်နိုင်သည့်အတွက် မစွန့်ပစ်ကြပါနှင့်၊ နားလည် သော ပညာရှိပုဂ္ဂိုလ်ကျော်များစွာ ရှိသည်။ ထိုသူတို့ထံ မေးမြန်းပါလေ။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်သည် ပညာမဲ့သောသူတို့၏ အရာမဟုတ်ချေ။ ဤအကြောင်းသိရှိသဖြင့် လန်ဒန်မြို့တော်ရှိ ဗုဒ္ဓဘာသာအသင်းဝင် လူကြီးလူကောင်းတစ်ဦးက ရေးသားသည်မှာ -

**Buddhism, it has been truly said is not the religion for fools.**

**(Buddhist Review for october,November and December 1914)**

www.dhammaransi.com



လည်းကောင်းစကားရပ်များသည်၊ ရှေးပညာရှိများက မတတ်မလိမ္မာ၊ မြင်နည်းစွာသား၊ ပညာမဲ့တွန်၊ သူမိုက်ကျွန်ကို၊ နိဗ္ဗာန်တရား၊ ဟောလှည့် ငြားလည်း နားမနာသီး ဘုတ်နှင့်ကျီးသို့ဟူ၍ စပ်ဆိုကော်မူကြသည့် စကားနှင့် ညီညွတ်၏။

ယေဘုယျအားဖြင့်ဆိုလျှင် လောကတတ်မှ ကျွန်ုပ်တွေ့ကြုံဆုံမိသမျှသော လူတို့တွင် မြန်မာလူမျိုးကဲ့သို့ သဒ္ဓါတရား၊ သနားကရုဏာရှိသော လူမျိုးမရှိ၊ အနောက်နိုင်ငံသားများသည် အလှူအတန်းများစွာ လုပ်ကြသည်မှန်၏။ သို့သော်လည်း မိမိတို့သော၍အသုံးမရှိသောအခါမှ ပြုလုပ်ရန် သေတမ်းစာများ၌ ရေးသားထားသည်သာ များလေသည်။

မြန်မာလူမျိုးတို့၏ အလွန်အဖိုးထိုက်သော သဘောတစ်ခုမှာ အားနာခြင်းဖြစ်လေသည်။ ဤအားနာခြင်းဆိုသော စကားသည် အခြားလူမျိုးများမှာ မရှိချေ။ အားနာခြင်းသည် သည်းခံခြင်းနှင့် မေတ္တာ တရားတို့၏ စပ်ကြားကဖြစ်ပေါ်လာသောတရားဖြစ်၏။ အားနာတတ်သော မြန်မာလူမျိုးတို့ကြောင့် ကျွန်ုပ်တို့ မည်မျှကျေးဇူးခံစားရသည်ကို ပြောရမည်ဆိုလျှင် များလှ၍ အနည်းငယ်ဖော်ပြပါအံ့။

အထက်မြန်မာနိုင်ငံရွာများတွင် နယ်လှည့်သွားလာကြသော အရာရှိများတည်းခိုရန် အိမ်ကောင်းအိပ်မွန်ဟူ၍အလွန်ရှားပါးသည်။ ထို့ကြောင့်ဘုန်းကြီးကျောင်းပရဝုဏ်အတွင်းရှိ ဇရပ်များမှာဖြစ်စေ၊ဇရပ်မရှိလျှင်ကျောင်း၏ အပိုင်းအစိတ်မှာဖြစ်စေတည်းခိုရသည်။ ထိုသို့အခွင့်မတောင်းဘဲ ဘာသာအလျောက် တည်းခိုပြီးနောက် သဘောရှိရာ ထွက်သွားကြလျှင်၊ ကျန်ရှိရစ်ခဲ့သော မြင်း၏ အညစ်အကြေး အမှိုက်သရိုက်တို့ကို ဘုန်းကြီးကျောင်းသားများနှင့် သာမဏေငယ်များက သိမ်းဆည်းပစ်ရလေသည်။

အတည်းအခိုများသော ဘုန်းကြီးကျောင်းများမှာ မြင်း၏ အညစ်အကြေးတို့ကိုကျုံး၍ပစ်ရန်ဝါးကပ်ခြင်းတောင်းအစရှိသည်တို့ အသင့်လုပ်၍ ထားကြသည်ကို မြင်ရလေသည်။

အဘယ်လူမျိုး ဤသို့ခံမည်နည်း။ အလွန်ဝေးလံသောနိုင်ငံတို့က ဤမြန်မာနိုင်ငံသားများကို သနား၍ တရားဟောသောဆရာကြီးများ ခံပါမည်လား။ စမ်းကြည့်လျှင် ဂါတ်သို့ရောက်သောအခါ သိရလိမ့်မည်။ မြန်မာအမျိုး၌ ဖြစ်လာရခြင်းကို ဝမ်းမြောက်ကြပါကုန်။

www.dhammaransi.com



မြစ်မကောင်းလျှက်သောင်တိမ်ဖျက်ဆိုသကဲ့သို့ မြန်မာလူမျိုးများတွင်အကြီးအမှူးပြုလုပ်သူတို့က ပုံသက်သေနည်းပြခြင်း၌ နေရာမကျသည့်အတွက်ကြောင့်သာ တစ်ခြားလူမျိုးတို့ကဲ့ရဲ့ခြင်းကို ခံရလေသည်။

လောကနီတိကျမ်းကို ရေးသောဆရာသည် မြန်မာလူမျိုးကိုမြင်ဘူးဟန်မရှိအကယ်၍မြင်ဘူးပါလျှင်စန္ဒကူးပင်သည်ခြောက်သွေ့သော်လည်း အနံ့ကိုမစွန့်ဟုဆိုသော စကားနှင့်ဆက်၍ မြန်မာလူမျိုးသည်မည်မျှပင် ဆင်းရဲဒုက္ခနှင့်တွေ့ကြုံသော်လည်း အားနာခြင်းသဘောကို မစွန့်ဟု အမှန်ရေးပေလိမ့်မည်ဟု ကျွန်ုပ်ထင်မိလေသည်။

မြန်မာလူမျိုးသည် လောကီစီးပွားရေး၌ အခြားလူမျိုးတို့မမှီနိုင်သည်မှာကံကိုအယူအဆလွဲသဖြင့် ကံပြုပြင်သမျှဖြစ်လိမ့် ဟူ၍ မျှော်လင့်တောင့်တခြင်းကြောင့်ဖြစ်သည်။

ကံကိုနေရာတိုင်းမှာ မယူသင့်၊ ကံဆိုသည်မှာ အစထူထောင်ပေးရုံသာဖြစ်၍ ဉာဏ်နှင့်ဝီရိယတို့က တိုးပွားအောင် ပြုပြင်ရသည်။ ကျွန်ုပ်တို့၏ မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဖွားမြင်တော်မူစကပင် ဘုရားဖြစ်တော်မူမည့်အကြောင်းကို ပညာရှိတို့ဟောကြားသော်လည်း ငြိမ်ဝပ်စွာနေတော်မမူ၊ ဒုက္ကရစရိယ ပင်ပန်းစွာကျင့်ပြီးမှ ဘုရားအဖြစ်သို့ ရောက်သည်။

ကျွန်ုပ်တို့သည် ဉာဏ်ဝီရိယတို့ဖြင့် လောကီစီးပွားကို သူတထူးထက်သာအောင် တရားသဖြင့်ရှာမှီးကိုက်သည်။ ပြိတ္တာတို့ဘောင်၊ဥစ္စာဆောင်သည်ဟုရှေးပညာရှိတို့စပ်ဆိုသည်မဟုတ်ပါလား။ မေးဘွယ်ရှိသည်မှန်၏။ ဥစ္စာကိုမတော်လောဘနှင့် လိမ်လည်၍ ရှာဖွေမှသာလျှင် စီးပွားဖြစ်မည်၊ လောကီအသရေတိုးတက်မည်ဟု စိတ်အထင်နှင့် မတရားရှာမှီးသော သူအား ပြိတ္တာတို့ဘောင်သို့ မဆောင်လျှင် အဘယ်သို့ဆောင်မည်နည်း။ ထိုသို့မဟုတ်မူ၍ တရားသဖြင့် မိမိ၏ လုံ့လဝီရိယဉာဏ်စွမ်းတို့ဖြင့် ရှာမှီးသောသူမှာကား အကျိုးများစွာရှိ၏။ ဥပမာဆိုသော် ရေအလွန်ရှားပါးသော ဒေသတို့၌ မိမိ၏အိမ်သားများ အတွက်၊ ဆွေမျိုးညာတိမိတ်သင်္ဂဟမှစ၍ ညှိ့သည်တို့သုံးသောက်ရန်အတွက်

www.dhammaransi.com



ရေကိုခတ်၍ အိုးကြီးအိုးငယ်ဖြင့် လှောင်ထားသည်နည်းတူ၊ ဥစ္စာကို မတော်လောဘတပ်မက်၍မဟုတ် လူတို့ဘောင်၌နေစဉ် သား မယား အဆွေခင်ပွန်းမှစ၍၊ အလှူခံပုဂ္ဂိုလ်အမျိုးမျိုးတို့အား လှူဒါန်းရန် သဘောနှင့်သာ ရှာဖွေလျှင် အပြစ်မရှိ။

အနာထပိဏ်သူဌေးသည် ဥစ္စာရှာမှီးသိုသိပ်လျှက်ပင်၊ သောတာပန်ဖြစ်သည့်အကြောင်းနှင့် မဆိုစလောက်သော သက်နှိုင်းအတွက်မျှနှင့် သန်းဖြစ်ရသော တိဿမထေရ်တို့၏ အကြောင်းကိုထောက်လေ။ ဤနေရာ၌ ကာမုပါဒါန်အတ္တဝါဒုပါဒါန်တို့၏ခွဲလန်းပုံ ကိုခွဲခြားရန် အလွန်သိမ်မွေ့သော တရားတစ်ခု ပေါ်ပေါက်လေသည်။ ပါဠိတော်ကို ရွတ်တတ်ရုံမျှနှင့် တင်းတိမ်၍ မနေသင့်၊ လည်းကောင်းပါဠိတော်၏အနက်ကို နားလည် ကာမျှဖြင့်လည်း မတော်သေးပေ၊ ထိုပါဠိ၏အနက် အဓိပ္ပါယ် သဘော တို့ကိုသိအောင် ကြိုးစားသင့်လေသည်။

---------------------------- ○ ----------------------------

"ခေတ်သစ်သိပ္ပံပညာ၏လိုအပ်ချက်များနှင့်
ရင်ဆိုင်ယှဉ်ပြိုင်မည့် ဘာသာတရားတစ်ခု
ရှိသည်ဆိုပါလျှင် ယင်းသည်ဗုဒ္ဓဘာသာပင်
လျှင်ဖြစ်ရပါမည်။

(အယ်လ်ဘတ်အိန်းစတိန်း)

ဗုဒ္ဓဘာသာဝင်ဟုတ်သော်ရှိမဟုတ်သော်ရှိ
ကျွန်ုပ်သည် ကမ္ဘာပေါ်ရှိဘာသာတရားကြီး
အားလုံးကိုလေ့လာခဲ့ပြီးဖြစ်၏။ လှပတဲ့
အရာမှာရော၊ပြည့်စုံကုံလုံတဲ့အရာမှာပါ
ဗုဒ္ဓဘာသာရဲ့အမှန်တရား အရိယသစ္စာလေးပါး
နှင့်မဂ္ဂင်ရှစ်ပါးဆိုတဲ့အကျင့်တရားလမ်းစဉ်
ထက်ပို၍သာလွန်ကောင်းမြတ်တဲ့အရာ
တစ်ခုမျှမတွေ့ရပါ။ ထိုလမ်းစဉ်နှင့်အညီ
ကိုယ့်ဘဝကိုယ်ပုံဖော်ရေးအတွက် ကျွန်ုပ်
ကျေနပ်ရောင့်ရဲပါ၏။

(ပါမောက္ခရိုက်-စ်-ဒေးဗစ်)

www.dhammaransi.com



မှတ်ချက်။ ။ ဗုဒ္ဓဘာသာက တရားတော်များထက် သမ္မာကျမ်းစာတရားတော်က ပိုပိုကောင်းမွန်ကြောင်း တစ်ကမ္ဘာလုံးက သိစေချင်၏။ထိုသို့ သိနိုင်ရန် ကျမ်းစာနှစ်ခုကို ယှဉ်ကြည့်ရမည်ဖြစ်၏။ ယှဉ်ကြည့်နိုင်ရန် ဗုဒ္ဓ၏ပိဋကတ်စာပေများကို အင်္ဂလိပ်ဘာသာပြန်ခဲ့၏။ ထိုသို့ပြန်ရင်း ကပင် ဗုဒ္ဓဘာသာဖြစ်သွားခဲ့၏။

၂၀၀၂ခုနှစ်က-မြန်မာဒီးရယားမှ ဦးစီးကျင်းပသော - ဝတ္ထုတိုပြိုင်ပွဲတွင် စာရေးသူသည် တတိယဆုရခဲ့၏။ ဆုအဖြစ်ရခဲ့သော ငွေသုံးသောင်းကိုမတည်ကာ ရွှေပြည်သာမြို့နယ်ဆေးရုံမှ လူနာသုံးဆယ်ကော့်တို့အား တစ်ဦးလျှင် ငွေသုံးထောင်နှုန်းဖြင့် ထောက်ပံ့လှူဒါန်းခဲ့၏။ လိုအပ်သောငွေများကို ကျွန်ုပ်အပါအဝင် ရွှေပြည်သာမြို့နယ်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက ဝိုင်းဝန်းထည့်ဝင်ကြ၏။

စာမူပြိုင်ပွဲများသည် များသောအားဖြင့် ဘက်လိုက်မှုရှိတတ်၏။ ယခုပြိုင်ပွဲတွင်ကျင်းပသူများ၏ စိတ်ကူးကောင်းမှုကြောင့် ဘက်လိုက်၍ မရတော့ဘဲ တကယ့်စာမူကောင်းကိုရွေးချယ်ဆုပေးလာနိုင်ခဲ့၏။ သူတို့၏ အစီအစဉ်ကား - စာမူတွင်ရေးထားသောကလောင်နာမည်များကို ဖျောက်ပစ်လိုက်ခါ သင်္ကေတအမှတ်အသားကို ရေးထားခြင်းဖြစ်၏။

ထို့ကြောင့် ဖတ်ရှုအမှတ်ပေးသောသူများသည် မူရင်းရေးသူကို မသိတော့သဖြင့် ဘက်လိုက်မရတော့ခြင်းဖြစ်၏။ သင်္ဂဟကျမ်းတွင် **“ဇနေတိ သဒိသံ ပါကံ”**ဟူသော စာပိုဒ်တစ်ပိုဒ်ပါ၏။အဓိပ္ပာယ်ကား တူ သောအကျိုးပေးသည် ဟူ၍ဖြစ်၏ မိမိသားသမီးဘဝဖြစ်စဉ်က မိဘကို လုပ်ကျွေးခဲ့လျှင် မိမိ မိဘဘဝရောက်သောအခါ လုပ်ကျွေးသော သား သမီးကိုရ၏။ မိမိသားသမီးဘဝဖြစ်စဉ်က မိဘကို လုပ်မကျွေးခဲ့လျှင် မိမိ မိဘဘဝရောက်သောအခါ လုပ်ကျွေးမည့် သားသမီးပါမလာတော့ပေ။

များသောအားဖြင့် မလုပ်သင့်တာကိုလုပ်လျှင် သူယုတ်မာဟုသာ အသိများ၏။ အမှန်ကား လုပ်သင့်တာကို မလုပ်လျှင်လည်း သူယုတ်မာဟုပင်ခေါ်ရကြောင်း၊ သုတ္တနိပါတ်ပါဠိ၊ ဝသလသုတ်တွင် ဘုရားရှင်ဟောကြားထား၏။ အိုမင်းရင့်ရော်လာသော မိဘများအား ပြုစုလုပ်

www.dhammaransi.com



ကျွေးနိုင်စွမ်းရှိပါလျက် ပြုစုလုပ်ကျွေးခြင်းမပြုလျှင် ထိုသူမျိုးကို သူယုတ်မာဟူ၍ပင် ခေါ်ရကြောင်း ဟောကြားထား၏။

ထိုအချက်နှစ်ချက်ကိုသိစေလို၍ ဤဝတ္ထုကိုမအားသည့်ကြားထဲမှမဖြစ်ဖြစ်အောင်ရေးသားခဲ့ခြင်းဖြစ်၏။

## "နံ့သာပမာ ဖမေတ္တာ"

"နံ့သာတုံးမည်သည် မီးရှို့သူကိုပင်လျှင် မီးကျွမ်းသည်အထိ အနံ့ဖြင့် မွှေးစေသကဲ့သို့၊ မိဘတို့ဟုသည်လည်း ကျေးဇူးကန်းသော သားသမီးများကိုပင် သေသည်အထိ ကောင်းကျိုးကို ဆောင်တတ်လေသည်"

ကြက်သားဟင်းပန်းကန်ကို မြင်လိုက်ရသည်နှင့် ဦးလှရွှေတစ်ယောက် "ဟင်" ကနဲ အာမေဋိတ်သံထွက်သွားပြီး၊ ဝုန်းကနဲနေအောင် ထရပ်လိုက်မိသည်။ မီးဝင်းဝင်းတောက်သောမျက်လုံးများဖြင့်၊ ချွေးမရှိရာဝရံတာကိုစူးစိုက်၍ ကြည့်လိုက်သည်။ ဦးလှရွှေအသက် ၇၀ပြည့်ပြီဖြစ်သော်လည်း ဒေါသအရှိန်ကြောင့် ကျားတစ်ကောင်မာန်ဖီသကဲ့သို့ရှိသည်။

ဘေးအိမ်မှအလည်လာသော မိန်းကလေးက ဘာအံ့တသြဖြစ်ကာ ဦးလှရွှေကို လှည့်ကြည့်သော်လည်း၊ ချွေးမကား ဘာမှမဖြစ်သလို ဦးလှရွှေကို ဂရုမစိုက်ဘဲ ပြောလက်စ ရုပ်ရှင်မင်းသားအကြောင်းကိုသာ မြိန်ရေယှက်ရေ ဆက်ပြောလျှက်ရှိသည်၊

"ဟင် - ချွေးမ ဒါငါ့သားကို ငါပေးထားတဲ့ အမွေတွေကို ထိုင်စားပြီး ငါ့ကိုကျွေးလူးဆပ်တာလား - မိန်းမယုတ်မ အခုအိမ်ပေါ်က ဆင်းသွားစမ်း" ထိုကဲ့သို့ပြောလိုက်ချင်သောစကားတို့က ရင်ထဲမှာသာ မြည်ဟိန်းသွားပြီ လည်ချောင်းဝတွင်ပင် တစ်ဆို့ပျောက်ကွယ် သွားကြသည်။ "ငါ့အိမ်မဟုတ်တော့ပါလား၊ ငါရှာထားတဲ့ထမင်းဟင်း မဟုတ်တော့ပါလား" ဟူသောအတွေးက ပြောချင်သောစကားအပြင်သို့ ရောက်မလာအောင် လည်ချောင်းဝအတွင်းမှာပင် ချေမှုန်းဖျက်ဆီးပစ်လိုက်လေပြီ။

ဦးလှရွှေတစ်ယောက် အမျက်ဒေါသကို မျိုသိပ်ရင်းဖြင့် ကြက်သားဟင်းပန်းကန်လေးကို တစ်ချက်ငုံ့ကြည့်လိုက်မိပြန်သည်။ ဟင်းရည်သုံးဇွန်းစာလောက်နှင့် ကြက်ခြေထောက်ရိုးလေး တစ်ချောင်းက ဖခင်

www.dhammaransi.com


မေတ္တာတစ်ခုသာ ပိုင်ဆိုင်မှုရှိတော့သော ဦးလှရွှေကို ပန်းကန်လုံး သေးသေးလေးထဲမှ သရော်ပြုနေသယောင်ရှိသည်။ ကြက်တစ်ကောင်လုံး ဝယ်လာပါလျှက်နှင့် ဖခင်အရာ၌ရှိသော ယောက္ခမအား ကြက်ခြေထောက်တစ်ချောင်းသာထည့်ကျွေးခြင်းသည် ပရိယာယ်ဖြင့် သူတို့အိမ်မှ နှင်နေပြီဖြစ်ကြောင်း ဦးလှရွှေရိပ်မိပါပြီ။ ဒေါသအပူကြောင့် အစာအိမ်ပင် လောင်ကျွမ်းသွားလေသလား မသိ။ ထမင်းစားချင်စိတ် လုံးလုံးမရှိတော့။ မိမိအိပ်ခန်းအတွင်းသို့ အသာအယာဝင်သွားရင်း ကုတင်ပေါ်တွင် ထိုင်နေမိသည်။ ထိုအချိန်မှာပင်ချွေးမက ဘာမှမသိသလို ပုံစံမျိုးဖြင့် သည်အတိုင်း ပစ်ထားခဲ့သော ပန်းကန်ခွက်ယောက်တွေ သိမ်းဆည်းနေသည်ကို အခန်းအတွင်းမှ ကြားနေရသည်။ ရုံးမှာအလုပ်ဆင်းနေသော သားကြီးကို ဒီအကြောင်းတွေသိစေချင်သည်။

အဆိုးဆုံးကိုမျှော်လင့်ထားမှ ဘဝဟာ နေပျော်မှုရှိတယ်ဟူသော ဆရာတော်၏စကားကို အရင်ပြောစက သဘောမပေါက်မိ။ အခု လက်တွေ့ကြုံမှသဘောပေါက်လာသည်။ ဦးလှရွှေအသက် "၆၈"နှစ်အရွယ်က စုံကျနေသဖြင့် ကျန်းမာရေးထိခိုက်နိုင်သည်ဟုဆိုကာ သားများက ဒုလ္လဘရဟန်းဝတ်ပေးကြသည်။

ထိုစဉ်က ရဟန်းလောင်းဆုံးမခန်းတွင်၊ ကျောင်းထိုင်ဆရာတော်ကြီးထည့်ပြောသော ဩဝါဒစကားလေးများကို ဦးလှရွှေပြန်လည် ကြားယောင်နေမိသည်။

ရဟန်းတွေရဲ့ မှီခိုရာလေးပါးဆိုတာ - ဆွမ်းသင်္ကန်းကျောင်း ဆေးပစ္စည်းလေးပါးကို ပြောတာပါ။ဒီလေးပါးနဲ့ပတ်သက်ပြီး၊ အတွေးအခေါ် လေးတစ်ခု ပေးစရာရှိတယ်။အဲဒါကအဆိုးဆုံးကို မျှော်လင့်ထားမှ ဘဝဟာ နေပျော်တယ်ဆိုတာပဲ။

ဒါကြောင့်ငတ်မသေမုံ့စားရရင် ဆွမ်းဟာလုံလောက်ပြီလို့ ခံယူထားပါ။ အရှက်လုံရုံဝတ်ရရင် အဝတ်ဟာလုံလောက်ပြီလို့ခံယူထားပါ။ မိုးလုံရုံနေရရင် ကျောင်းဟာလုံလောက်ပြီလို့ခံယူထားပါ။ နွားကျင်ငယ်ရည်ကိုရရင် ဆေးဟာလုံလောက်ပြီလို့ ခံယူထားပါ။

ဪ - ဆရာတော်ရဲ့စကားဟာ မှန်လိုက်တာ။ ငါဟာ-ဇနီးငယ်ငယ်ရွယ်ရွယ် ဆုံးသွားပြီးကတည်းက၊နောက်အိမ်ထောင်မပြုဘဲ၊ သား

www.dhammaransi.com



သုံးယောက်ကိုလူလားမြောက်အောင်ကျွေးမွေးပြုစုခဲ့တာဆိုတော့ သားတွေဆီက၊ အကောင်းဆုံးချည်းပဲ မျှော်လင့်ခဲ့တယ်။

အမွေကိုသေခါနီးမှ ခွဲပေးဆိုတဲ့မိတ်ဆွေတွေရဲ့စကားကို၊ အမွေခွဲမပေးမိ ကျွန်တော်အသေဦးသွားရင် သားတွေကိုရန်တိုက်ပေးခဲ့သလိုဖြစ်မှာပေါ့၊ဆိုတဲ့စကားနဲ့ ချေဖျက်ပြီး အိမ်ခြံအတွင်းပစ္စည်းအားလုံးပါ မကျန်ခွဲဝေပေးခဲ့မိတယ်။

အဖေ့အတွက်ကိုတော့ သားကြီးက တာဝန်ယူကွာလို့ပြောခဲ့တဲ့ အချိန်တုံးကတော့ ဒါဆိုကျွန်တော်က သူတို့နှစ်ယောက်ထက် ကုသိုလ်ပိုရတာပေါ့အဖေ - လို့ပြောခဲ့တဲ့သားကြီးရဲ့စကားဟာ နှစ်ဝက်တောင်မခံပါလား၊ ဘာအကြောင်းကြီးငယ်မှ မရှိဘဲနဲ့ ငါ့ကိုစကားမပြောတာ တစ်လတောင်ကျော်သွားပြီ။ သားကြီးကိုယ်တိုင် စေတနာမရှိမှန်း သိတော့ ချွေးမကပိုဆိုးတော့တာပေါ့။ ငါကလဲငါပဲ၊ ဆရာတော်က အဆိုးဆုံးကို မျှော်လင့်ရမယ်လို့ ပြောခဲ့တယ်။ ငါကအကောင်းဆုံးကိုဘဲ မျှော်လင့်တယ်။

တစ်ခြားဟာတွေ အသာထား၊ ချွေးမကြက်တစ်ကောင်လုံး ဝယ်လာတာမြင်လိုက်ကတည်းက အကောင်းဆုံးဖြစ်တဲ့ အသည်းအမြစ်ကလေးကိုမျှော်လင့်မိတယ်။ ရလာတော့ . . . . ဦးလှရွှေ ဆက်မတွေးချင်တော့။ အိပ်ယာလိပ်ကလေးကို ထမ်းပြီး၊ ပခုံးပေါ် တင်လိုက်သည်။ သားကြီး. . ငါ့ဆီလိုက်လာမှပဲ သူ့မိန်းမအကြောင်းတွေ ပြောပြလိုက်မယ် ဟူသော အတွေးနှင့်အတူ၊ သားလတ်အိမ်သို့ ထွက်လာခဲ့တော့သည်။

သားသုံးယောက်လုံး အိမ်ထောင်ကျပြီးကတည်းက၊ ညီအစ်ကိုသုံးယောက်နီးနီးနားနား စောင့်ရှောက်ကူညီပြီးနေနိုင်ရန်၊ တစ်လမ်းတည်းက ခြံများကို ဦးလှရွှေကိုယ်တိုင် ဝယ်ပေးထားခြင်းဖြစ်၍ တစ်အိမ်နှင့် တစ်အိမ်တစ်ခေါ် ခန့်ထက်ပင် ပို၍နီးပါသေးသည်။ ခြံဝန်းထဲ ဝင်လိုက်သည်နှင့် မုံညင်းစိုက်ရန်၊ မြေဆွနေသော ကိုလတ်ကို တွေ့ရသည်။

သားသုံးယောက်မှာ နာမည်သီးသန့်ရှိသော်လည်း၊ ဦးလှရွှေကိုယ်တိုင် ကိုကြီး၊ ကိုလတ်၊ ကိုငယ်ဟုခေါ်သဖြင့် ဆွေမျိုးမိတ်ဆွေအားလုံးက ထိုအတိုင်းပဲနှုတ်ကျိုးနေကြသည်။

"ကိုလတ်"

www.dhammaransi.com


ဦးလှရွှေ၏ခေါ်သံကို ကြားလိုက်သည်နှင့် ကိုလတ်က ပေါက်ပြားကို အသာချကာ အနားသို့လျှောက်လာပြီး အိပ်ယာလိပ်တွေကို လှမ်းယူသည်။ နှုတ်မှလည်း

"အဖေ၊ ကိုကြီးတို့နဲ့ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးကွာ၊ ကိုလတ်နဲ့လည်း တစ်လှည့်နေချင်သေးလို့ပေါ့"

"ဟာဝမ်းသာလိုက်တာ အဖေရာ - ကျွန်တော်ကလည်း အဖေစိတ်ပြေလက်ပျောက် အပြောင်းအလဲလေးဖြစ်အောင်၊ လာခေါ်ပြီး နေခိုင်းဦးမယ်လို့ စိတ်ကူးနေတာ၊ အခု အဖေကိုယ်တိုင်လာတော့ ပိုအဆင်ပြေသွားတာပေါ့"

ဤကား ဦးလှရွှေ မျှော်လင့်ထားသောစကား၊ သို့သော် ကိုလတ်တကယ်ပြောလိုက်သည်က၊

"တစ်လမ်းတည်းနေကြတာပဲ အဖေရာ၊ ဘယ်အိမ်နေနေ ဘာထူးမှာလဲ၊ တစ်မြို့တစ်ရွာစီဆိုလည်းထားတော့။ အလကား၊ အဖေက ကိုယ့်ကိုကိုယ် ဒုက္ခရှာတာပဲ"

ကိုလတ်ပြောသောစကားသည်မှန်ကန်ပါ၏။ သို့သော်ဦးလှရွှေအတွက် အကျိုးမရှိ။ ဦးလှရွှေနှစ်သက်သော စကားလည်းမဟုတ်။

အဖေ့ကို ဥစ္စာပစ္စည်းအစားအစာတွေ မနှစ်သိမ့်နိုင်ရင် နေပါကွယ်။ အရင်းအနှီးမစိုက်ရဘဲ စကားလေးနဲ့တော့ နှစ်သိမ့်စေချင်ပါတယ်ဟူသော စကားကို ရင်ထဲမှာပြောရင်း ဝေ့တက်လာသော မျက်ရည်စများကို၊ ကိုလတ်မမြင်အောင် မျက်တောင်ဖြင့် ကဗျာကယာ ပုတ်ခတ်ထုတ်လိုက်ရင်း၊ မျက်နှာကို တစ်ဖက်သို့ လွှဲနေလိုက်သည်။

အိမ်ပေါ်ရောက်သည်နှင့် ပက်လက်ကုလားထိုင်ဖြင့်၊ အကျအနထိုင်၍ ဝတ္ထုဖတ်နေသော ချွေးမအလတ်ကို တွေ့လိုက်ရသည်။ ဦးလှရွှေကို ဝမ်းပမ်းတသာ ကြိုဆိုဖို့နေနေသာသာ ပက်လက်ကုလားထိုင်ပေါ်မှ ထမလာခဲ့ ကိုလတ်က ဘုရားခန်းရှေ့ဖျာခင်းပြီး၊ အိပ်ယာလိပ်ကို ချကာ နေရာပြင်ပေးသည်။ နေရာပြင်သောအခါမှပင် ချွေးမက ဝတ္ထုစာအုပ်မှ မျက်နှာကိုခဏဖယ်ကာ-

www.dhammaransi.com



"ဩော် . . . . အဖေလား" ဟု လေးခွန်းသောစကားကို ဆိုကာ ဝတ္ထုစာအုပ်ကို ဆက်ဖတ်နေတော့သည်။ သက်မဲ့ဝတ္ထုစာအုပ်တစ်အုပ်လောက်ပင် အလေးထားမခံရသောအခါ ကိုယ့်ကိုယ်ကို သိမ်ငယ်သော စိတ်က ဦးလှရွှေတစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။ ကိုကြီးဟို့ဖနီးမောင်နှံနှင့် ပတ်သက်သော ခံစားချက်များကို အားရပါးရ ရင်ဖွင့်လိုက်မည်ဟူသည့် ရည်ရွယ်ချက်မှာလည်း၊ ဘယ်ကိုရောက်သွားမှန်းပင် မသိတော့။

စကားမပြောနိုင်ဘဲ ငိုင်တွေချနေသော ဦးလှရွှေကို ကိုလတ်က စိတ်ပျက်စွာတစ်ချက်ကြည့်လိုက်ရင်း-

"ကဲ . . . . အဖေ စိတ်ချမ်းသာသလိုနေပေါ့၊ ကျွန်တော်အလုပ်လေးဆက်လုပ်လိုက်အုံးမယ်"ဟု ပြောကာခြံထဲသို့ ဆင်းသွားလေသည်။ ဘာဥစ္စာပစ္စည်းမှ ထွက်လာစရာမရှိတော့သော ဖခင်သည် သူ့စိုက်နေသော ဆလပ်ရွက်ခင်းတစ်ခင်းလောက် တန်ဘိုးမရှိဟူသော အဓိပ္ပါယ်ကို ကိုလတ်က အမူအယာဖြင့် ပြောသွားခြင်းသာဖြစ်ကြောင်း၊ ဦးလှရွှေ သဘောပေါက်လိုက်ပါသည်။

"ဗိုဒ်. . . ငါ့ကို လုံးလုံးစကားမပြောတာနဲ့စာရင် တော်သေးတာပေါ့"ဟု နှလုံးသွင်းကာ သိမ်ငယ်စိတ်ကို ကြံဖန်ပြေဖျောက်လိုက်ရသည်။ အဆိုးဆုံးကို မျှော်လင့်ထားမှ ဘဝဟာနေပျော်မှုရှိတယ်ဟူသော ဆရာတော်၏စကားကို ဦးလှရွှေတစ်ယောက် ကျင့်သုံးတတ်စပြုလာလေပြီ။

ကိုလတ်တို့အိမ်ရောက်နေသည်မှာ သုံးလခန့်ပင်ရှိနေပါပြီ။ ဦးလှရွှေသူ့ကိုလိုက်ခေါ်မည်ဟု ထင်ထားသော ကိုကြီးကား တစ်ခေါက်မှ ပင်ရောက်မလာခဲ့။ ရုံးကိစ္စ၊ အိမ်ကိစ္စတွေနဲ့ အလုပ်များနေလို့နေမှာပါလေဟုသာနှလုံးသွင်းပြီး ကိုယ့်ကိုယ်ကို ဖြေသိမ့်လိုက်ရသည်။

ပိဘဟူက ရှုမဝဟူ၍မရှိ၊ ရင်သွေးဟူက ရှုမဝဟူ၍သာ ရှိသောကြောင့် ကိုကြီးက ဦးလှရွှေကိုတွေ့ချင်စိတ်မရှိသော်လည်း၊ ဦးလှရွှေကတော့ ကိုကြီးကို တွေ့ချင်နေရာသည်၊ ထို့ကြောင့် လမ်းလျှောက်ရင်း ကိုကြီးအိမ်ရှေ့ရောက်သည့်အခါ နှလုံးသားအသိ၏ ရိုက်ခတ်မှုကြောင့် ခြေထောက်များက တွေ့ဝင်ချင်နေသည်။

သို့သော် ဦးနှောက်အသိ၏ တားဆီးကန့်ကွက်မှုကြောင့်၊ မဝင်ဖြစ်ခဲ့၊ မိမိကိုအကြောင်းပြုပြီး လင်မယားနှစ်ယောက်စိတ်ဝမ်းကွဲမှာကို

www.dhammaransi.com


လည်း စိုးရိမ်မိသည်မဟုတ်ပါလား။ ကိုလတ်တို့အိမ်မှာ နေသားတကျ ဖြစ်နေစဉ်မှာပင် တစ်ခုသောရက်တွင် ကိုလတ်က -

"အဖေ. . . . သားတို့ပိသားစုအားလုံး အထက်မြန်မာပြည်ဖက်နဲ့ ဘုရားဖူးထွက်ကြမလို့၊ ဆယ်ရက်လောက်ကြာမယ်၊ ခရီးကဝေးတော့ အဖေလိုက်နိုင်မှာလည်းမဟုတ်ဘူး၊ ဒီအိမ်မှာနေခဲ့ရင်လည်း စားရေး သောက်ရေးကခက်မယ် ဒါကြောင့် ကိုယ်တို့အိမ်မှာ ခဏပြောင်းနေ လိုက်ပါဦး"ဟုပြောလာသည်။

သူတို့အိမ်မှာနေပြီး၊ သူတို့လုပ်စာစားနေရသော ဦးလှရွှေအနေ နှင့် ဘာပြောနိုင်ခွင့်ရှိပါမည်နည်း။ အသာခေါင်းငြိမ့်ကာ အိပ်ယာလိပ် ကလေးမပြီး ကိုယ်တို့အိမ်ရောက်ခဲ့ရတော့သည်။

ကိုယ်ရော သူ့ဇနီးကပါ လိုလိုလားလားကြိုဆိုကြသဖြင့် ဦးလှ ရွှေတစ်ယောက် ဝမ်းမြောက်ပမ်းသာဖြစ်နေသည် ကိုယ်တို့ မိသားစုနဲ့ ဘဲ အမြဲနေတော့မည်ဟု ဆုံးဖြတ်လိုက်မိသည် သို့သော် ဦးလှရွှေ၏ ဝမ်းသာမှုသည် ဆယ့်ငါးရက်ခန့်သာကြာသည်။

အကြောင်းကား- ကိုလတ်တို့မိသားစု ဘုရားဖူးရာမှ ပြန်ရောက် လာသော်လည်း ဦးလှရွှေကို လာမခေါ်တော့သောကြောင့်ပါတည်း။ အစကကိုလတ်တို့ဘုရားဖူးပြန်မလာခင် ဆယ်ရက်ခန့်သာ ဦးလှရွှေကို ကျွေးထားရမည်ဟု ယင်သောကြောင့် ကိုယ်တို့ဇနီးမောင်နှံက ဝမ်းပမ်း တသာရှိနေကြခြင်းဖြစ်သည်။

ဘုရားဖူးပြန်ရောက်ပြီး ငါးရက်ခန့်ကြာသည်အထိ လာမခေါ် သောအခါကျမှ ဦးလှရွှေကို တဖက်လှည့်ဖြင့် မိမိတို့ဆီပို့လိုက်ခြင်းဖြစ် ကြောင်း ကိုယ်တို့ ဇနီးမောင်နှံက ရိပ်မိသွားကြသည်။

ကိုလတ်တို့မိသားစု ဘုရားဖူးထွက်ခြင်းသည် ဘုရားကို ကြည်ညို ၍လား ဦးလှရွှေကို ကိုယ်တို့အိမ်လူကြားကောင်းအောင် ပို့ချင်လို့လား ဆိုသည်ကိုတော့ ကိုလတ်တို့ဇနီးမောင်နှံသာ သိပေလိမ့်မည်။

သားဖြစ်သော ကိုယ်က ဦးလှရွှေနှင့် ပြောဆိုသောအခါ ခါတိုင်းလို ဟက်ဟက်ပက်ပက်မရှိတော့သည်ကို သတိထားမိသွားသော ချွေးမငယ်က ဦးလှရွှေအပေါ် ဆူဆူအောင့်အောင့် လုပ်လာသည်။ အကြီး ချွေးမနှင့် အလတ်ချွေးမ၏ဒဏ်ကို ခံဖူးလာပြီးဖြစ်သော ဦးလှရွှေ မှာ အရေထူနေပြီဖြစ်၍ ခါတိုင်းလောက်မခံစားရတော့။

www.dhammaransi.com



ငါ့ကိုနှင်ထုတ်တဲ့အထိတော့ မဆိုးကြပါဘူးဟု နှလုံးသွင်းကာ မသိမသာပင်ဆက်နေလိုက်သည်။ ဦးလှရွှေ ကိုငယ်တို့အိမ်သို့ ရောက်ပြီး သုံးလကျော်ခန့်ရှိသောအချိန်မှာပင် နှင်ထုတ်သည်ထက် ပိုမိုထိရောက်သော စကားတစ်ခွန်းကို ဦးလှရွှေကြားဘူးသွားခဲ့သည်။

ထိုညက ခေါင်းကိုက်နေသဖြင့် ဦးလှရွှေကောင်းကောင်းအိပ်မပျော်။ ခဏအိပ်ပျော်လိုက် ပြန်နိုးလိုက်ဖြင့် ကြက်အိပ်ကြက်နိုး ဖြစ်နေသည်။ ဆယ့်နှစ်နာရီခွဲခန့်တွင် အပေါ့သွားရန် ရေအိမ်သို့အသွား ကိုငယ်တို့ အခန်းမှ ပြင်းခုန်ပြောဆိုနေသောစကားသံများကို ကြားရသဖြင့်၊ ခဏရပ်၍ နားစွင့်မိသည်။

"မြင့်ကစေတနာမရှိလို့ပြောတာမဟုတ်ဘူး၊ မတရားဘူးထင်လို့ပြောတာ၊ ကိုငယ်တို့ ညီအကိုသုံးယောက်ကို အမွေခွဲပေးစဉ်တုန်းက ကိုငယ်ကို သားအငယ်ဆုံးလေးပဲဆိုပြီး၊ တစ်ပြားတစ်ချပ်မှ ပိုပေးတာမဟုတ်ဘူး။ တန်းတူပဲပေးတာ၊ စားစရာရှိတော့ ကိုငယ်ဆီမှာဘဲ အမြဲတမ်း လာစားနေမယ်ဆိုရင် ဘယ်တရားပါ့မလဲ"

ဦးလှရွှေဆက်လက်နားထောင်နိုင်စွမ်းမရှိတော့၊ ရေအိပ်ဆီသို့ ခပ်သွက်သွက်ပင်လျှောက်လှမ်းသွားလိုက်မိသည်။

ရပ်ကွက်အတွင်း ဦးသိန်းတို့ အိမ်မှအရဏ်ဆွမ်းကပ်တစ်ခု ဖိတ်ထားသည် ကိုငယ်က ကွမ်းယာဆိုင်ဈေးထွက်နောက်ကျမှာစိုး၍ ဦးလှရွှေကိုတာဝန်လွှဲပေးလိုက်သည်။ ပိုးလင်းမှ အေးအေးဆေးဆေးထွက်လာခြင်းဖြစ်၍ တရားနာမမီတော့ စားသောက်နေကြသော ဧည့်သည်များကိုသာတွေ့ရသည်။

ဦးလှရွှေကိုတွေ့သည်နှင့် ဦးသိန်းကဝပ်သာအားရ ဆီးကြိုကာ စားပွဲဝိုင်းတစ်ခုတွင် နေရာချပေးသည်။ မုန့်ဟင်းခါးဖြင့် ဧည့်ခံနေသည်ကိုတွေ့ရသည်။

စားပွဲ၌ ရပ်ကွက်တွင်းမှ ဦးထွန်းရီ၊ ဒေါ်သိန်းရင်နှင့်ဦးမောင်ကိုတို့ကိုတွေ့ရသည်။ စားရင်းသောက်ရင်းထွေရာလေးပါး ပြောကြရင်းကသက်ကြီးများပီပီ သားသမီးများအကြောင်းကို ရောက်သွားရာ ဒေါ်သိန်းရင်က-

www.dhammaransi.com


"ကျွန်မသားမောင်စိုးတင့်ကတော့ တကယ့်ကိုအားကိုးရတယ် မွေးရကျိုးနပ်တဲ့သားပေါ့"ဟုပြောလိုက်ရာ ဦးမောင်ကိုက. . .

"ဘယ်လိုကြောင့်လဲဗျ၊ ဆိုစမ်းပါဦး"ဟုမေးသဖြင့် ဒေါ်သိန်းရင်က ဆက်ပြောသည်မှာ -

"ကြည့်လေအသက်သုံးဆယ်အရွယ်ထိလည်း မိဘကိုလုပ်ကျွေးတယ်။ တစ်ခါအိမ်ထောင်ကျသွားပြန်တော့လည်း ကျွန်မကိုလိုလေသေးမရှိအောင် လစဉ်ထောက်ပံ့နေတာပဲ သူ့မယားကိုလည်း တခါတည်းပြောထားသတဲ့၊ ငါ့အမေကိုထောက်ပံ့လို့ မကျေနပ်ဘူးဆိုရင် ချက်ချင်းကွာပေးမယ်တဲ့ မင်းလဲ မင်းမိဘကို ထောက်ပံ့ပေါ့တဲ့။ ငါ့အတွက် မယားအစားရနိုင်ပေမဲ့ အမေအစားမရနိုင်ဘူးတဲ့"

ထိုစကားကို ဦးထွန်းရီကလည်း ထောက်ခံသည်။

"ဟုတ်တာပေါ့ဗျာ၊ မိဘဆိုတာ ဘယ်မှာအစားရနိုင်ပါ့မလဲ၊ ဂျပန်ရောက်နေတဲ့ ကျွန်တော့သားအငယ်ကောင် အေးမင်းလည်း အိမ်ထောင်ကျလို့ အိမ်သာခွဲသွားတာ၊ ရသမျှလခထဲက တစ်ဝက်ကို ကျွန်တော်ကို လစဉ်ပို့ပေးနေတာပဲ" ဟုတ်တာပေါ့ သူတို့ဟာ သားသမီးတွေကို အမွေခွဲမပေးရသေးဘူးမဟုတ်လား။

ကြားရသောစကားများက သူတို့အတွက် ဝမ်းသာရသော်လည်း ဦးလှရွှေအတွက်ကား ဝမ်းနည်းအားငယ်စိတ်များကို လှိုက်ကနဲတက်လာစေသည်။ သူတို့စကားနားထောင်ရင်းဖြင့် မုန့်ဟင်းခါးပန်းကန်ကို မွှေသာမွှေနေသည်။ တစ်ဇွန်းမှ မသောက်ဖြစ်သေး။ ကြည့်နေရင်းဖြင့် မုန့်ဖတ်များက ဝါးတားတားဖြစ်လာသည်။

"ဟင်-ငါ့မျက်လုံးထဲမှာ မျက်ရည်တွေပြည့်နေပါရောလား၊ အပြင်ဘက်စီးကျတော့မယ် တားလို့ရမှာမဟုတ်တော့ဘူး" ဟုသောအတွေးနှင့်အတူ ဦးလှရွှေတစ်ယောက် ညာဏ်ကူလိုက်ရသည်။

"ဟာ-မုန့်ဟင်းခါးက ငရုတ်သီးစပ်လိုက်တာဗျာ"ဟုပြော လိုက်ပြီး လက်ကိုင်ပုဝါထုတ်ကာ မျက်ရည်တွေကို သုတ်ပစ်လိုက်ရသည်။ ငိုချင်ရက်လက်တို့ဟူသော စကားအတိုင်း ဘာမှမသိရှာသော ဦးထွန်းရီက ဦးလှရွှေကို စကားဝိုင်းထဲထည့်သွင်းပြီး အလှည့်ပေးလာပြန်သည်။

www.dhammaransi.com



“ဦးလှရွှေကြီးက ပိုအားကိုးရမှာဗျ၊ သူကသားသုံးယောက်တောင် ကျွန်တော်တို့လို တစ်ယောက်တည်းမဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား ဦးလှရွှေ”

သည်လိုဆိုပြန်တော့လည်း သူ့သားတွေကို ဦးလှရွှေက ဂုဏ်မပျက်စေချင်၊ ဂုဏ်တက်စေချင်သည်။ ထို့ကြောင့် -

“ဟာ-အားကိုးရတာပေါ့ဗျာ။ ညီအစ်ကိုသုံးယောက် သူ့ ကျွေးထားမယ်။ ငါကျွေးထားမယ်နဲ့ ငြင်းခုန်နေကြလို့ အခုတလှည့်စီ လိုက်နေပေးရတယ်လေ။”

နောက်တစ်နေ့တွင် ဦးသိန်းတို့အိမ် ဆွမ်းကျွေးမှာ ဦးလှရွှေ ပြောခဲ့သော စကားအတိုင်းဖြစ်လာသည်။ ကိုကြီးတို့လင်မယားသည် ဦးလှရွှေကို ဆိုက်ကားနှင့်အကျအနပင် လာ၍ တင်ခေါ်သွားကြသည်။ နေ့စဉ်ကျွေးမွေးလိုက်သည်မှာလည်း ဘုန်းကြီးဝိုင်းရှုံးလောက်သည်။

ပြုစုလုပ်ယလိုက်သည်မှာလည်း ရကာစလင်မယားရှုံးလောက်သည်။ ကိုကြီးတို့အိမ်နေ၍ တစ်လအကြာမှာပင် ကိုလတ်တို့လင်မယားကလည်း ဦးလှရွှေကို မရမကလာခေါ်ပြန်သည်။ သားများကို တစ်လှည့်စီကုသိုလ်ရစေချင်သော ဦးလှရွှေကလိုက်ချင်သော်လည်း ကိုကြီးက မထည့်။

ညီအစ်ကိုနှစ်ယောက် စကားများမည်စိုးရိမ်သဖြင့် ရပ်ကွက်မှ ရပ်မိရပ်ဖလူကြီးများကပင် တစ်ယောက်တစ်လစီ ပြုစုကျွေးမွေးကြဟု ဖြန်ဖြေပေးလိုက်ရသည်။

ထို့ကြောင့် ကိုကြီးမကျေနပ်သည့်ကြားထဲက ကိုလတ်က ဦးလှရွှေကိုခေါ်ယူကျွေးမွေးခွင့်ရသွားသည်။ မိဘကိုအလုအယက်ပြုစုလုပ်ကျွေးချင်လှသော သူတို့ညီအစ်ကိုများ၏ သတင်းက ရပ်ကွက်ထဲတွင် ကျော်ကြားသွားသည်။

တဖန်ကိုလတ်အိမ်နေ၍ တစ်လအကြာမှာပင် ကိုငယ်တို့လင်မယားက မဖြစ်မနေ ဦးလှရွှေကို လာခေါ်ကြပြန်သည်။ ကိုလတ်က လုံးလုံးပြန်မထည့်။ ကိုငယ်က သားတစ်ယောက်ဖြစ်သော သူ့ကိုလည်း ပြုစုခွင့် တစ်လှည့်ပေးသင့်ကြောင်းတောင်းခံသည်၊ ကိုလတ်ကခွင့်မပြု။

ထိုအခါ ကိုငယ်က ရပ်ကွက်လူကြီးများထံ တိုင်စာတင်လိုက်

www.dhammaransi.com



သည်။ ရယူလိုမှုကြောင့်တင်ကြသော တိုင်စာများကြားတွင် ပေးဆပ်ကျွေးမွေးလိုမှုကြောင့် တိုင်ကြားသော ကိုယ်၏စာက ရပ်ကွက်ထဲတွင် သာမက မြို့နယ်တစ်ခုလုံးသို့ပင် ထင်ရှားကျော်ကြားသွားခဲ့သည်။

ကိုယ်၏တိုင်စာမှ စာပိုဒ်တစ်ခုမှာ-ဆရာတော်တစ်ပါး ရေးပေးဟန်တူသည်။ အတွေးအခေါ် အနှစ်သာရနှင့် အလွန်ပြည့်ဝနေသည်။

ထို့ကြောင့် ယင်းစာပိုဒ်ကလေးကို မိဘဖြစ်သူ အတော်များများ ကူးယူ၍ သားသမီးများကို ဩဝါဒပေးကြကြောင်းသိရသည်။ ထိုစာပိုဒ်လေးမှာ-

၁။ မိဘများအသက်ထင်ရှားရှိနေသေးခြင်း။

၂။ မိမိကိုမှီခိုနေရန်လည်းဖြစ်ခြင်း။

၃။ မိမိကမိဘကိုကျွေးမွေးပြုစုလိုသော သဒ္ဓါတရားရှိခြင်း။

၄။ ပြုစုကျွေးမွေးနိုင်သောပစ္စည်းဥစ္စာရှိခြင်း။

ဤအချက်လေးချက်နှင့် ပြည့်စုံမှသာ သားသမီးက မိဘကိုပြုစုလုပ်ကျွေးခွင့်ရပါသည်။ ကျွန်တော့မှာ နှစ်အချက်မှလွဲ၍ ကျန်အချက်များ ပြည့်စုံနေပါသည်။ သို့အတွက် ဖခင်မသေမီ ပြုစုလုပ်ကျွေးခွင့်ရရန် ဖခင်ကို ကျွန်တော်၏ နေအိမ်သို့ခေါ် ခွင့်ပြုရန် လျှောက်ထားအပ်ပါသည်တဲ့။

ထို့ကြောင့် ရပ်ကွက်လူကြီးများက ညီအကိုသုံးယောက်လုံး တစ်လစီပြုစုလုပ်ကျွေးကြရန် ဖြန်ဖြေပေးလိုက်သဖြင့် ဦးလှရွှေ တစ်ယောက် ကိုယ်တို့အိမ်သို့ရောက်သွားပြန်လေသည်။ မိဘကို အလုအယက် လုပ်ကျွေးချင်ကြသော သူတို့ညီအကိုသုံးယောက်၏ ဂုဏ်သတင်းမှာကား သမိုင်းဝင်ဖြစ်သွားသည်။

အရင်က သူ့အပေါ် စေတနာမေတ္တာမထားကြသော သားများ ယခုအခါကျမှ ဘာကြောင့်စေတနာမေတ္တာထားလာကြသည်ကို ဦးလှရွှေတစ်ယောက်မှတပါး မည်သူမှမသိ။ ပထမဆုံးကိုကြီးနှင့်နှစ်ယောက် ချင်းတွေ့ဆုံပြီး-

"ကိုကြီး သားသုံးယောက်ထဲမှာ ကိုကြီးအပေါ် အဖေပိုပြီးတော့ ချစ်တယ် အဖေ့ကိုပြုစုယုယတဲ့နေရာမှာလည်း ကိုကြီးကအသာဆုံး မဟုတ်လား။ ဒါကြောင့် အဖေကွယ်လွန်ခဲ့ရင် အဖေအုံးအိပ်တဲ့ဒီခေါင်း

www.dhammaransi.com



အုံးကလေးကို အရယူပါ”ဟု အတွင်းစကားကို တစ်ခါသာပြောလိုက်ရသည်။ ကိုကြီးသည် ကိုငယ့်အိမ်မှချက်ချင်းပြန်ခေါ်သည်မဟုတ်ပါလား။

ထိုအချိန်ကတည်းက သွေးတိုးရောဂါနှင့် နှလုံးရောဂါပါ ဒုက္ခပေးနေပြီဖြစ်၍ ကိုယ့်ကိုယ်ကို သိပ်မကြာတော့ဆိုသည်ကို ဦးလှရွှေသိထားသည်။ ထိုကြောင့်ကိုကြီးဆီတစ်လခန့်ရှိသည်နှင့် ကိုလတ်ကိုနှစ်ယောက်တည်း တီးတိုးပြောခဲ့ပြန်ရာ ကိုလတ်ကမရမကခေါ်ပြန်သည်။ ကိုငယ်ကိုလည်း ယိုစကားကိုပင်ပြောလိုက်ရာ ယခုကိုငယ်တို့အိမ်ရောက်နေပြန်သည်။ “အင်ဖြူတော်မှီ၍ ကြံစုပ်သည်”ဟူသော စကားပုံကို ဦးလှရွှေအကွက်ဆိုလျှင် တစ်မျိုးပြောင်းရမည်။ မည်သို့ပြောင်းရမည်နည်း။ ခေါင်းအုံးမှီ၍ ထမင်းစားသည်ဟု၍။

ကိုငယ်ဆီမှာ တစ်လပြည့်၍ ကိုကြီးဆီတစ်ခါပြန်အရောက်မှာပင် ဦးလှရွှေတစ်ယောက် ရောဂါဖောက်လာခဲ့သည်၊ ထိုအချိန်ကို စောင့်နေကြသူချင်းတူသောကြောင့် ညီအစ်ကိုသုံးယောက်သည် အသက်ထွက်ခါနီး ဦးလှရွှေအနားကတစ်ဖဝါးမှမခွာကြ။

သူတို့ညီအစ်ကို၏ မျက်စေ့သုံးစုံက အမှတ်တမဲ့ကြည့်လျှင် အသက်ထွက်ခါနီးရောဂါဝေဒနာခံစားနေရသော ဦးလှရွှေမျက်နှာကိုကြည့်နေသည်ဟု ထင်ရသော်လည်း တကယ်ကျတော့ ဤသို့မဟုတ် ဦးလှရွှေအုံးထားသော ခေါင်းအုံးကိုသာ စိုက်ကြည့်နေကြခြင်းဖြစ်သည်။

သလိပ်များတဂေါ်ဂေါ်နှင့်သုံးချက်ခန့်တက်ပြီး နောက်တစ်ချက်တွန့်ခနဲဖြစ်သွားကာ ဦးလှရွှေငြိမ်သက်သွားလေပြီ။ ဦးလှရွှေတွင် လအတော်ကြာကတည်းဖြစ်နေသော နှလုံးရောဂါနှင့် သွေးတိုးရောဂါကို ဂရုမစိုက်ခဲ့ကြသော ညီအစ်ကိုသုံးယောက်သည် ဦးလှရွှေတွင်ရှိနေသော တစ်ခုတည်းသော ခေါင်းအုံးကလေးကိုတော့ စောင့်ကြည့်နေကြသည်ဖြစ်ရာ ကိုကြီးကဘေးတွင်အသင့်ထားသော ခေါင်းအုံးအသစ် ကလေးနှင့် ဦးလှရွှေခေါင်းအုံးအောက်မှ ခေါင်းအုံးကို လဲယူလိုက်ရာ ကိုလတ်က-

“ကိုကြီး အဲသလိုမလုပ်ပါနဲ့။ ဒီခေါင်းအုံးကို အဖေသေရင်ယူဖို့ ကျွန်တော့်ကို သေချာမှာခဲ့တယ်”ဟုပြောရာ ကိုကြီးက

“ဟ. . . . ငါ့ကိုလည်း သေချာမှာထားလို့ ယူတာပေါ့”ဟု ပြန်ပြောလိုက်စဉ် ကိုငယ်က-

www.dhammaransi.com



"ကျွန်တော်ကိုလည်းမှာလိုက်တယ်။ ကျွန်တော်နဲ့လည်း ဆိုင်တယ်" ဟုအငြင်းအခုန်ဖြစ်နေကြသဖြင့် ရပ်ကွက်လူကြီးများကို ခေါ်ပြီး ရှင်းကြရသည်။ လူကြီးများက အသက်ရှိစဉ်က အညီအမျှ ကျွေးမွေးပြုစုခဲ့ကြသလို၊ ရစရာရှိလျှင်လည်း အညီအမျှဝေယူကြပါဟု ဖြန်ဖြေပြီး၊ ခေါင်းအုံးကို ဓားဖြင့်ခွဲလိုက်ရာ ဦးလှရွှေအခန်းထဲတွင် လဲမှို့များဖွာလန်ကြသွား သည်။

လူကြီးများကိုယ်တိုင် ခေါင်းအုံးအတွင်းနှံ့စပ်အောင်ရှာဖွေပါသော်လည်း စိန်-ရွှေ-ငွေ-ရတနာဘာတခုမှမတွေ့။ အတန်ကြာမှ စာရွက်လေးတစ်ရွက်ကို တွေ့ကြရသည်။

အားတက်သွားကြပြီး စာရွက်ကို အမြန်ဖြန့်လိုက်ကြသည်။ မြှုပ်ထားသော ရတနာများရှိရာ ညွှန်ပြသည့် မြေပုံစာရွက်ဟုသော အထင်ဖြင့် ရပ်ကွက်လူကြီးက အသံကျယ်ကျယ်ဖြင့် ဖတ်လိုက်သည်မှာ-

"သားတို့-အဖေလို မခံစားကြရအောင် ကိုယ့်သားသမီးကို မသေခင် အဝေးကြီးကတည်းက အမွေခွဲမပေးကြပါနဲ့" ဟူ၍ဖြစ်သည်။

စာပိုဒ်တိုလေးအဆုံးတွင် ရပ်ကွက်လူကြီးများမှာ ဘာမှနားမလည်နိုင်ကြသဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်။ အကြောင်းသိဖြစ်သော ကိုကြီးတို့ ညီအစ်ကိုသုံးယောက်မှာကား ရင်ထဲတွင် လှိုက်ကနဲဖြစ်သွားပြီး မျက်ရည်များတတွေတွေစီးကျလာသည်။

ရပ်ကွက်လူကြီးဦးသောင်းက -

"ကိုကြီးတို့-ဒီစာပိုဒ်ကလေးဟာ ဦးလှရွှေဘဝနဲ့ရင်းပြီးမှ ရခဲ့တဲ့အတွေးအမြင်ဩဝါဒအသိပညာအမွေတစ်ခုပဲ။ မင်းတို့ကို နောက်ဆုံးပေးခဲ့တဲ့ တန်ဖိုးဖြတ်မရတဲ့ အမွေပေါ့ကွာ။ ဒါပေမဲ့ ဒီအဆုံးအမရဲ့ အဓိပ္ပာယ် အပြည့်အစုံကို ကျန်ရစ်ခဲ့တဲ့မင်းတို့ပဲသိမယ်။ ကြားကတို့တွေ ပါသိအောင် မင်းတို့နည်းနည်းရှင်းမပြနိုင်ဘူးလား"ဟုမေးလိုက်ရာ-

ညီအစ်ကိုသုံးယောက်ထဲက မည်သည့်ဖြေရှင်းချက်မှ ထွက်မလာနောင်လည်းဘယ်တော့မှ ဖြေရှင်းပြလိမ့်မည်မဟုတ်ပေ။

မေတ္တာရှင် (ရွှေပြည်သာ)

www.dhammaransi.com



"နဂိုက ဂုဏ်ရှိပြီးသူဟာ မလိုသူတို့က
ကဲ့ရဲ့ရှုတ်ချစေကာမူ၊ဂုဏ်မဲ့သူဖြစ်မသွားပါ၊
နဂိုကဂုဏ်မဲ့သူဟာလည်း သူ့ဘက်တော်သား
များကချီးကျူးကြ၊ဂုဏ်ပြုကြစေကာမူဂုဏ်ကြီးရှင်
ဖြစ်မသွားပါ၊ကဲ့ရဲ့ရှုတ်ချတိုင်းလည်း
စိတ်မဆိုးပါနှင့် ချီးမွမ်းမြှောက်စားတိုင်းလည်း
ဝမ်းမသာပါနှင့်

ဤကမ္ဘာလောက၌ ရွှေငွေစသောမနုဿိဖြင့်မည်မျှပင် ပြည့်စုံစေကာမူ ရနိုင်စွမ်းသမျှ ရရှိနိုင်စွမ်းသမျှဖြင့် ကျေနပ်ခြင်းဟုသောသန္တုဋ္ဌိသဘောမရှိပါက ကျပ်ပြည့်သုခကို ရနိုင်ရန် ခဲယဉ်းသည်။

(ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ၊ စတုဗ္ဗ စံကျောင်း ဆရာတော်ဘဒ္ဒန္တဝိမလ)

၁၉၉၆ခုနှစ်ခန့်က ဝမ္မတာပေကျမ်းစာပြိုင်ပွဲတစ်ခု ကျင်းပခဲ့၏။ ဆုငွေလည်းချီးမြှင့်မည်။ ကျမ်းစာအုပ်အဖြစ်လည်းချက်ခြင်း ထုတ်ဝေပေးမည်ဟုကြော်ငြာလိုက်ရာ စာရေးချင်သော်လည်း ထုတ်ဝေမည့်သူမရှိကြသော ကျွန်ုပ်ကဲ့သို့ဘဝတူကလောင်သစ်များအလုံးအရင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်ကြ၏။

သို့သော် ဘဲအုပ်ကတစ်ရာ၊နှစ်ရာ မဧဇဒါကာတစ်ပင်တည်း ဟူသော စကားအတိုင်းပထမဆုတစ်ဆုသာရွေးမည်ဖြစ်သဖြင့် ဆုရဖို့ကား ဒုလ္လဘတရားငါးပါးထက်ပင်ပို၍ ခဲယဉ်းလှ၏။ ဆုရစာရင်းထွက်လာသောအခါ ကျွန်ုပ်စာအုပ်အရွေးမခံရပါ။ ယှဉ်ဖတ်ကြည့်သောအခါ ကျွန်ုပ်ရေးသော စာမူက ဆုရစာအုပ်ထက်ပို၍ ဆွဲဆောင်မှုရှိနေသည်ကို တွေ့ရ၏။ ဤစကားသည် ငါ့စကားနွားရ မဟုတ်ကြောင်း ထင်ရှားလာပါလိမ့်မည်။

## "ပြိုင်ပွဲနှစ်မျိုး"

စာရေးဆရာများသည် ပြိုင်ပွဲနှစ်မျိုးကိုအလျဉ်းသင့်သလိုဝင်ပြိုင်နေကြရ၏။ အကဲဖြတ်များထံပြိုင်ပွဲဝင်ရသလို၊စာဖတ်သူပြည်သူများထံ

www.dhammaransi.com



တွင်လည်းပြိုင်ပွဲဝင်ရ၏။ အကဲဖြတ်များထံပြိုင်ပွဲဝင်ရသည်က တစ်ခါကရံသာဖြစ်သော်လည်း ပြည်သူထံတွင်ကား မိမိစာရေးနေသမျှ အမြဲပြိုင်ပွဲဝင်နေရ၏။

အကဲဖြတ်ပုဂ္ဂိုလ်သုံးလေးယောက်မကြိုက်သည်နှင့် (ဆုမရသည်နှင့်) အားလျော့မပစ်သင့်၊ ပြည်သူအများစုထံ ပြိုင်ပွဲဝင်ခွင့်ရအောင် (ယှဉ်ပြိုင်ဝံ့အောင်) ဆက်လက်ကြိုးစားသင့်၏။ မိမိစာကို သမာသမတ် အကျဆုံးအကဲဖြတ်ပေးမည့်သူကား ပြည်သူသာလျှင်ဖြစ်၏၊ ပြည်သူလက်ခံသောစာရေးဆရာသည်သာလျှင် စာပေလောက၌ နေရာရမည်ဖြစ်၏။

ဆုမရသော ကျွန်ုပ်၏ပထမဆုံးလုံးချင်းစာမူလေးသည်စာအုပ်ဗီရိုထဲတွင် နှစ်အတန်ကြာအောင်းနေခဲ့ရ၏။ တစ်ရက်တွင် ကျောင်းမှူးဘုရားရှိခိုးစာမူလေးကို စာအုပ်ရိုက်ရန် ကိုမျိုးညွန့်အမည်ရှိ ဒကာတစ်ယောက်နှင့်ဆက်သွယ်မိ၏။ အုပ်တစ်ထောင်ထိမရိုက်နိုင်သဖြင့် ဘုရားရှိခိုးစာမူကား မရိုက်ဖြစ်ဘဲ သူ၏တောင်းဆိုကံစမ်းလိုမှုကြောင့် ဆုမရခဲ့သော စာမူလေးကိုသာ "မျက်ရည်မကျခင်- သိစေချင်" ဟူသောအမည်ဖြင့်စာအုပ်ရိုက်ဖြစ်ခဲ့၏။

စာမူခမရသည့်အပြင် ကုန်ကျစရိတ်တစ်ဝက်ကိုပါကျခံလိုက်ရသေးသည်။ ထိုဆုမရခဲ့သော စာမူလေးသည်ယခုအခါတွင်သောင်းချီရိုက်နှိပ်နေရသောအအောင်မြင်ဆုံးစာအုပ်တစ်အုပ်ဖြစ်သွားခဲ့လေပြီ။ ဤဖြစ်ရပ်ကိုကြည့်၍ ဆုရသောစာအုပ်တိုင်းမအောင်မြင်နိုင်သလို၊ဆုမရသောစာအုပ်သည်လည်းစာပေလောကတွင် အောင်မြင်မှုရတတ်ကြောင်း စာရေးသူတိုင်းသတိပြုသင့်၏။

ယခုဖော်ပြလတ္တံ့သော ဆောင်းပါးသည်လည်း ပြိုင်ပွဲတစ်ခုတွင်နံပါတ်မချိတ်ခဲ့သော ဆောင်းပါးတစ်ပုဒ်ပင်ဖြစ်၏။ ပ/ဒု/တ ရသွားသောဆောင်းပါးများကို ဖတ်ခွင့်မရပါ။ထို့ကြောင့် မည်၍မည်မျှကောင်းသည်ဟု မသိပါ။တစ်ခုကား အတိအကျ ပြောနိုင်သည်။ ယင်းကား ရေးခဲ့သမျှသော ဆောင်းပါးများတွင် ယခုဆောင်းပါးကို အကြိုက်ဆုံးဟူသောအချက်ပင်ဖြစ်၏။

လူသားတို့သည်အသက်ကိုတန်ဖိုးထား၏။ မည်မျှထိတန်ဖိုးထားသနည်းဆိုလျှင် အသက်ရှင်ခွင့်သာရမည်ဆိုပါက ဥစ္စာစည်းစိမ်အား

www.dhammaransi.com



ယုံးကိုလည်း အကုန်ခံ၏။ ခြေလက်အင်္ဂါများကိုလည်း အဖြတ်အတောက် ခံနိုင်၏။ ထိုမျှထိအသက်ကိုတန်ဖိုးထားသောလူသားသည် အချိန်ကိုကား တန်ဖိုးမထားဘဲဖြုန်းချင်သလို ဖြုန်းပစ်နေသည်မှာ အလွန်အံ့ဩဖွယ် ကောင်း၏။

အချိန်မှန်သမျှထဲမှ ကုသိုလ်၊ဥစ္စာ၊ ပညာတစ်ခုခုမှမရခဲ့လျှင် အချိန်ကိုဖြုန်းတီးပစ်သူပင်ဖြစ်၏။ အချိန်ကိုဖြုန်းတီးပစ်သူများသည် မိမိ အသက်ကိုဖြုန်းတီးပစ်ရာရောက်၏။ အကြောင်းကား - စက္ကန့်၊မိနစ်၊ နာရီ၊နေ့၊ရက်၊လ၊နှစ် - စသောအချိန်တိုလေးများကို ပေါင်းစည်းထားခြင်း ကိုပင် အသက်ဟုခေါ်ရသောကြောင့်ပင်တည်း။

ထို့ကြောင့်အသက်ဟူသည်အချိန်၊ အချိန်ဟူသည်အသက်ဟု နားလည်၍ လူ့ဘဝနေရသမျှ အချိန်လေးကို လောကအတွက်အကျိုးများ အောင်အသုံးချသင့်၏။ ထိုအတွေးအခေါ်ကို သိရသောအချိန်မှစ၍ ကျွန်ုပ်သည် အချိန်ကိုတန်ဖိုးရှိအောင် အသုံးချနိုင်ခဲ့၏။

အရင်ကစာဆိုလျှင် မရွေးဘဲတွေ့ရာ အကုန်ဖတ်၏။ ယခုဆို လျှင်ကား အချိန်ကိုတန်ဖိုးရှိစွာ ကုန်လိုသောကြောင့် မှန်ကန်ခြင်း၊ အကျိုး ရှိခြင်း၊စိတ်ဝင်စားဖွယ်ကောင်းခြင်းဟူသော အင်္ဂါသုံးချက်နှင့်ညီသော စာကိုသာရွေးဖတ်တော့၏။ မိမိကိုယ်တိုင်စာရေးသောအခါတွင်လည်း ထိုအင်္ဂါသုံးချက်နှင့်ညီသော စာကိုသာရေးတော့၏။

ယခုဆောင်းပါးတွင် ထိုအင်္ဂါသုံးချက်နှင့် ညီညွတ်မှုရှိ၊ မရှိစာရှု သူမှ ဆုံးဖြတ်ပါလေ ---- ။

အယောင်ဆောင်ပညာရှိသည်
အပြစ်ကိုသာရှာပြီး ထောက်ပြတတ်၏။
ပညာရှိအစစ်ကား အမှန်ကို ချီးကျူးပြီး
အများကိုပြုပြင်ပေးတတ်၏။
(အရှင်မဟာဗုဒ္ဓဃောသ ၊ ဒီ၊၁၊ ၄၊ ၁၄၄)

www.dhammaransi.com



## "သာသနာပြုခြင်း"

**ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ ယထာရဟံ သတ္တေ သာသတိ ဝိနေတိ ဧတေနာတိ သာသနံ။**

(နေတ္တိ အဋ္ဌကထာ)

မျက်မှောက်အကျိုးစီးပွားတမလွန်အကျိုးစီးပွားနှင့် လောကုတ္တရာ အကျိုးစီးပွားတို့ဖြင့် ထိုက်သည့်အားလျော်စွာသတ္တဝါတို့ကိုဆုံးမကြောင်းစကားတော်ဩဝါဒတော်များကို သာသနာဟုခေါ်၏။

သာသနာပြုခြင်းအဓိပ္ပာယ်ကို ပါဠိစာပေမတတ်ကျွမ်းသည့် ခေတ်လူငယ်များအတွက် ဦးတည်၍ရေးအံ့။ သာသနာဟူသည် ဗုဒ္ဓ၏ အဆုံးအမပင်ဖြစ်၏။ ထိုအဆုံးအမသည် သီလ သမာဓိ ပညာတို့ပင်ဖြစ်၏။

သီလဟူသည် . . .

- သူတစ်ပါးအသက်သတ်ဖြတ်ခြင်း။
- သူတစ်ပါးဥစ္စာကိုခိုးယူခြင်း မတရားသောနည်းဖြင့် ရယူခြင်း။
- သူတစ်ပါးလင်နှင့်မယားတို့ကို ဖျက်ဆီးခြင်း (တနည်း) ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်သုံးခြင်း။
- မဟုတ်မမှန်သောစကားပြောဆိုခြင်း ဂုံးတိုက်စကားကိုပြောဆိုခြင်း
- ကြမ်းတမ်းရိုင်းပျသောစကားကိုပြောဆိုခြင်း
- လောကီလောကုတ္တရာ အကျိုးမရှိသောစကားတို့ကိုပြောဆိုခြင်း တို့မှရှောင်ကြဉ်ခြင်းဖြစ်၏။ အကျဉ်းချုပ်မှာ . . .

ကိုယ်နှင့်နှုတ်ကို အကုသိုလ်မဖြစ်အောင် စောင့်စည်းခြင်းပင်ဖြစ်၏။

သမာဓိဟူသည် . . .

သူတစ်ပါးဥစ္စာကို မတရားရအောင် ကြံစည်ခြင်း အဘိဇ္ဈာ၊ သူတစ်ပါးပျက်စီးအောင် ကြံစည်ခြင်းဗျာပါဒ၊ ကုသိုလ်၊ အကုသိုလ်နှင့် ထိုကုသိုလ်အကုသိုလ်၏ ကောင်းကျိုး ဆိုးကျိုးသည်မရှိဟူ၍ အယူ

www.dhammaransi.com



များသော မိစ္ဆာဒိဋ္ဌိနှင့် လောဘဒေါသစသော ကိလေသာများ ဖြစ်ပေါ် မလာအောင်စိတ်ကို သမထဘာဝနာတစ်ခုခုပွားပြီး စောင့်စည်းထား ခြင်းပင်ဖြစ်၏။

ပညာဟူသည် . . .

- လောဘ = လိုချင်တပ်မက်ခြင်း။
- ဒေါသ - စိတ်ဆိုးအမျက်ထွက်ခြင်း။
- မောဟ = အမှန်ကိုမသိခြင်း။
- မာန = ငါရှိ ငါသိဟု ထောင်လွှားခြင်း။
- ဒိဋ္ဌိ = ရုပ်နာမ်ကိုငါကောင်ဟုအယူမှားခြင်း
- ဝိစိကိစ္ဆာ - ရုပ်နာမ်အပေါ် ငါများဖြစ်လေသလား ဟုယုံမှားခြင်း
- ထိန = စိတ်၏လေးလံထိုင်းမှိုင်းခြင်း (တရား အာရုံမယူနိုင်ဘဲ ငိုက်မြည်းခြင်း)
- ဥဒ္ဓစ္စ - စိတ်ပျံ့လွင့်ခြင်း
- အဟိရိက = အကုသိုလ်အမှု၌ပရှက်ခြင်း
- အနောတ္တပ္ပ = အကုသိုလ်အမှုကိုမကြောက်ခြင်း ဟူ

သောကိလေသာဆယ်ပါးကို ဘယ်သောအခါမျှ ပေါ်မလာတော့အောင် ဝိပဿနာဉာဏ်၊မဂ်ဉာဏ်တို့ဖြင့်အကြွင်းမဲ့ပယ်သတ်ခြင်းပင်ဖြစ်၏။

ပရမတ္ထဒီပနီ၌ -

**သဗ္ဗာနိ စ အပါယဂါမိ ကမ္မာနိ နာမ**
**အတ္တဒိဋ္ဌိယာ သတိယာ ဝေ ဝိပစ္စန္တိ**
**အသတိယာ န ဝိပစ္စန္တိ။**

ဟူ၍ဖွင့်ပြ၏။ အဓိပ္ပါယ်ကား . . .

အလုံးစုံသောအပါယ်လေးပါးသို့ကျစေနိုင်သည့် အကုသိုလ်ကံတို့မည် သည် ရုပ်နာမ်ကိုငါဟုအယူမှားသည့် အတ္တဒိဋ္ဌိရှိမှသာလျှင် အပါယ်လေးပါး၌ကျက်စားကြရကုန်၏။ အတ္တဒိဋ္ဌိမရှိလျှင် အပါယ်လေးပါး၌ မကျက်စား ကြရကုန်ဟူ၍ဖြစ်၏။ ဆိုလိုသည်မှာ -

အကုသိုလ်ကံတွေ မည်၍မည်မျှပင်ရှိပါသော်လည်း ဒိဋ္ဌိကိလေ

www.dhammaransi.com



သာရှိမှသာ အပါယ်ကျနိုင်သည်။ ဒိဋ္ဌိကိလေသာမရှိလျှင် အပါယ်သို့ မကျနိုင်ဟု သိစေလိုရင်းပင်ဖြစ်၏။

ထိုဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာ ကိလေသာကို သောတာပတ္တိ ပဂ်က အကြွင်းမဲ့ပယ်သတ်သည်။

လောဘသည် ကြမ်းတမ်းသောလောဘ

နူးညံ့သိမ်မွေ့သော လောဘ (ကာမရာဂါနုသယ)

သိမ်မွေ့လွန်းသော လောဘ (ဘဝရာဂါနုသယ)ဟူ၍ သုံးမျိုးရှိ၏။ ဒေါသသည်ကားကြမ်းတမ်းသောဒေါသ၊နူးညံ့သောဒေါသဟုနှစ်မျိုးရှိ၏။ ထိုတွင်ကြမ်းတမ်းသော လောဘနှင့် ကြမ်းတမ်းသော ဒေါသကို သကဒါဂါမိမဂ်ကပယ်သတ်၏။ နူးညံ့သိမ်မွေ့သောလောဘနှင့် ကြွင်းကိလေသာနှစ်ပါးကို အနာဂါမိမဂ်က ပယ်သတ်၏။ သိမ်မွေ့လွန်းသော လောဘနှင့်ကြွင်းကိလေသာ "၆" ပါးကို အရဟတ္တမဂ်က ပယ်သတ်၏။

လောကကြီးတစ်ခုလုံးငြိမ်းချမ်းမှုမရသည်မှာ ဒုစရိုက်ပြုသူများကြောင့်ဖြစ်၏။ ထိုဒုစရိုက်မှုများမရှိမှ လောကကြီးငြိမ်းချမ်းမည်ဆိုသည်ကို ကမ္ဘာ့ခေါင်းဆောင်တိုင်းနီးပါးသိကြ၏။ ထို့ကြောင့်ဒုစရိုက်မှုများ ပပျောက်အောင် ပြစ်ဒဏ်ပေးခြင်းဖြင့် တိုက်ဖျက်ကြ၏။ ဖျောင်းဖျခြင်း၊ သေဒဏ်ပေးခြင်းအမျိုးမျိုးတို့ဖြင့် တိုက်ဖျက်ပါသော်လည်း ဒုစရိုက်မှုများကားလျော့ပါးပျောက်ကွယ်၍ မသွားသည့်အပြင် ဘိုးဘိုးအောင်၏ဝလုံးများသဖွယ်တစ်လုံးဖျက်ကနှစ်လုံးပေါ် ပို၍သာများပြားလာခဲ့ကြောင်း ကမ္ဘာ့နှင့်အဝှမ်း ဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်မှုများက သက်သေခံလျှက်ရှိ၏။

အဘယ်ကြောင့် ထိုသို့ဖြစ်ရသနည်း။ အဖြေအကျဉ်းချုပ်ကား - အကြောင်းတရားကိုမပယ်သတ်ဘဲ အကျိုးတရားကို ပယ်သတ်နေသောကြောင့်ပါပေတည်း။ အကျယ်ရှင်းဘဲ့ လူတစ်ယောက်သည် အစားအစာကို အတိုင်းအဆမရှိများစွာစား၏။ ထို့ကြောင့်အစာမကြေ ရင်ပြည့်ရင်ကယ်ရောဂါစွဲကပ်နေ၏။ အစားအစာကို အတိုင်းအဆမရှိ စားခြင်းသည်အကြောင်းတရားဖြစ်၏။ အစာမကြေရင်ပြည့်ရင်ကယ်ရောဂါဖြစ်ခြင်းသည်အကျိုးတရားဖြစ်၏။

www.dhammaransi.com



ရင်ပြည့်ရင်ကယ်ရောဂါဖြစ်ခြင်းဟူသော အကျိုးတရားကို ပယ်သတ်သည့်အနေဖြင့် အစာကြေဆေးတွေမည်၍မည်မျှပင်စားပါသော်လည်း ရောဂါကားအမြစ်ပြတ် ပျောက်သွားမည်မဟုတ်ပေ။ အဘယ်ကြောင့်နည်း - အစားအစာကို အတိုင်းအဆမရှိစားခြင်းဟူသော အကြောင်းတရားကြီး ရှိနေသောကြောင့်ပေတည်း။ ထိုနည်းတူ ဒုစရိုက်ပြုသူကိုထောင်ချခြင်း၊သေဒဏ်ပေးခြင်းသည် အကျိုးတရားကို ဘိုက်ဖျက်နေခြင်းဖြစ်၍ မကောင်းမှုဒုစရိုက်များ ကမ္ဘာလောကမှ ပျောက်ပျက်သွားလိမ့်မည်မဟုတ်ပေ။ အဘယ်ကြောင့်နည်း. . . . .

ထိုဒုစရိုက်မှုများကိုဖြစ်စေသောကိလေသာဆယ်ပါး အကြောင်းတရားများ ရှိနေသောကြောင့်ပေတည်း။ ထမင်းကို အတိုင်းရှည်သိပြီး စားပါက ရင်ပြည့်ရင်ကယ်ရောဂါအမြစ်ပြတ်ပျောက်ကင်းနိုင်သကဲ့သို့ ဒုစရိုက်မှုကိုပြုလုပ်ဖြစ်စေသော ကိလေသာများကို မဂ်လေးပါးဖြင့် အသီးသီးပယ်သတ်လိုက်ပါက ဒုစရိုက်မှုအားလုံး ကမ္ဘာလောကမှ အပြီးတိုင် ကွယ်ပျောက်သွားရသည်သာဖြစ်၏။ ဓမ္မပဒအဋ္ဌကထာ၌ လာရှိသော ဥတေနမင်းဝတ္ထုတွင် -ခုဇ္ဇုတ္တရာအမည်ရှိသော ကျွန်မသည် သာမာဝတီမိဖုရားကြီးကိုပန်းဆက်ရန် ဘုရင်ထံမှ အသပြာရှစ်ကျပ်နေ့စဉ်ရ၏။သူသည်လေးကျပ်ဖိုးကို နေ့စဉ်ခိုးထားပြီး ကျန်လေးကျပ်ဖိုးဖြင့်သာ ပန်းဝယ်၍ ဆက်၏။ တစ်နေ့တွင် ပန်းဝယ်သွားရင်း ပန်းသည်အိမ်တွင် ဗုဒ္ဓဟောကြားနေသော သစ္စာတရားကို နာကြားရသဖြင့် သူမထံတွင် သီလ၊သမာဓိ၊ပညာများတည်ပြီး သောတာပန်ဖြစ်သွား၏။

သောတာပန်ဖြစ်သွားသည်နှင့် ရုပ်နာမ်ကိုငါကောင်ဟုအယူမှားသော ဒိဋ္ဌိကိလေသာနှင့် အတိတ်ဘဝကဖြစ်ပြီးခဲ့သောရုပ်နာမ်၊ ပစ္စုပ္ပန်ဖြစ်ဆဲသောရုပ်နာမ်၊အနာဂါတ်ဖြစ်လတ္တံ့သောရုပ်နာမ်များအပေါ် ငါများဖြစ်လေမလားဟု ယုံမှားသံသယဖြစ်သော ဝိစိကိစ္ဆာကိလေသာကို အမြစ်ပြတ် ပယ်သတ်လိုက်၏။ သူတစ်ပါးပစ္စည်းကိုမတရားသဖြင့် ရယူချင်သော ဝိသမလောဘသည် ငါခွဲသတ္တာယဒိဋ္ဌိကို မှီပြီးဖြစ်ရ၏။ ဆိုလိုသည်မှာ ငါရှိသည်ဟူသော အယူမှားကြောင့်ဒုစရိုက်မျိုးစုံကို ပြုလုပ်ရဲခြင်းဟု သိစေလိုခြင်းဖြစ်၏။

ရုပ်နာမ်ကို ငါကောင်မဟုတ်ဟုသိသွားသည်နှင့် မိမိရုပ် နာမ်

www.dhammaransi.com



အတွက်သော်လည်းကောင်း၊ သားမယားဟူသော သူတစ်ပါးရုပ်နာမ် အတွက်သော်လည်းကောင်း၊ ဒုစရိုက်မှုဖြင့် ရှာဖွေကျွေးလိုစိတ် ကုန်ခမ်းသွား၏။ ထို့ကြောင့် ခုဇ္ဇုတ္တရာသည် ဒိုးနေကျလေးကျပ်ကို မခိုးတော့ဘဲ ရှစ်ကျပ်ဖိုးအပြည့် ပန်းဝယ်လိုက်၏။ သာမာဝတီက နှစ်ဆများနေသော ပန်းများအကြောင်းကို မေးမြန်းသောအခါ အဖြစ်မှန်ကို အမှန်အတိုင်း ပြောပြလိုက်၏။

အမှန်အတိုင်းပြောလျှင် အသတ်ခံရနိုင်သည်ကို သိပါလျက် မုသားမပြောပဲ အမှန်အတိုင်းပြောရဲသောသတ္တိသည် ပုထုဇဉ်တို့မှာမရှိဘဲ သောတာပန်မှာသာ ရှိနိုင်သည့် ထူးမြတ်သော ဂုဏ်ရည်တစ်ခုပင်ဖြစ်၏။ စာရိတ္တပျက်စီးနေသူတစ်ယောက်ကို ချက်ချင်းပြန်ကောင်းစေလောက်အောင်မြင့်မြတ်လှသည့် တရားတော်ကို သာမာဝတီသည် လွန်စွာကြည်ညိုသွား၏။ ထို့ကြောင့် ခုဇ္ဇုတ္တရာကို ပလ္လင်ပေါ်တင်ပြီးသည်နှင့် မောင်းမငါးရာတို့ သစ္စာတရားကို တဆင့်ပြန်နာကြရာတရားအဆုံးတွင် အားလုံးသောတာပန်တည်ကြ၏။

သောတာပန်တည်လျှင် အပါယ်မကျကြောင်းကို ဗုဒ္ဓဘာသာတိုင်း နီးပါးသိကြ၏။ ဘာကြောင့်အပါယ်မကျသနည်းဟု ဆစ်ပိုင်းပြီး မေးလျှင် သေချာစွာဖြေတတ်သူအလွန်နည်း၏။ လယ်တီဆရာတော်ကြီးရေးသားသော အနတ္တဒီပနီကျမ်းသစ်ကိုမှီး၍ ထိုမေးခွန်းကို အကျဉ်းချုပ်ဖြေအံ့။ သံသရာသည်သုံးမျိုးရှိ၏။ ယင်းတို့ကား အောက်သံသရာ၊ အလယ်သံသရာ၊ အထက်သံသရာတို့ ဖြစ်၏။

အပါယ်လေးဘုံကိုအောက်သံသရာဟုခေါ်၏။ လူ့ဘုံနတ်ဘုံကိုအလယ်သံသရာဟုခေါ်၏။ ဗြဟ္မာဘုံကို အထက်သံသရာဟု ခေါ်၏။ ယိုသံသရာသုံးပါးသို့လည်စေရန် ဝဋ်သုံးပါးစီရှိ၏။ ထိုတွင် အောက်သံသရာကိုလည်စေသော ဝဋ်သုံးပါးကိုပြအံ့။ အောက်သံသရာကို လည်စေသော ကိလေသဝဋ်အရ ရုပ်နာမ်ကို ငါကောင်ဟု အယူမှားသော ဒိဋ္ဌိကို ယူရ၏။ ရုပ်နာမ်ကို ငါဟုအယူမှားသော ဒိဋ္ဌိကြောင့် ဒုစရိုက် အကုသိုလ်များ ကို ပြုလုပ်ပြီးရှာကျွေး၏။ ဤကားကမ္မဝဋ်တည်း။

ထိုကမ္မဝဋ်ဒုစရိုက်အကုသိုလ်ကံများကြောင့် ဝိပါကဝဋ်ဟု ဆိုအပ်သော အပါယ်ခန္ဓာကိုရကြခြင်းဖြစ်၏။ သောတာပတ္တိမဂ်ကို ရသွားသောကြောင့် ငါစွဲဒိဋ္ဌိကိလေသာ ပြုတ်သွား၏။ ငါစွဲပြုတ်သွားသော

www.dhammaransi.com



ကြောင့် ငါအပါဝင် ငါနှင့်ပတ်သက်သော သားမယားတို့အား ဒုစရိုက်မှု ဖြင့်လုပ်ကျွေးခြင်းမပြုတော့။ ထိုအခါ ကမ္မဝဋ်မဖြစ်တော့ ကိလေသာဝဋ် ကမ္မဝဋ်ဟူသော အကြောင်းဝဋ်များမရှိသောအခါ ဝိပါကဟူသော အကျိုး ဝဋ်အပါယ်ခန္ဓာကြီး ငြိမ်းသွားရခြင်း ဖြစ်၏။

ဤကား သောတာပန်တည်သောကြောင့် အပါယ်မကျပုံကို ရှင်းပြခြင်းတည်း။ မဂ်လေးပါးက ဒုစရိုက်ဆယ်ပါးကိုအစဉ်အတိုင်း ပယ်သတ်သွားပုံကို အင်္ဂုတ္တိုရ်ရ် အဋ္ဌကထာ၌ တိကျစွာဖွင့်ပြထား၏။ ထိုဖွင့် ပြချက်ကိုလင်္ကာသီထားပုံမှာ

ပါဒိန္နာ မိစ္ဆာမု၊ ပိသုဏာဒိဋ္ဌိပါ၊
ဤခြောက်တန် အာရမော၊သောမဂ်ပယ်ခွာ
ဖရုသာ ဗျာနာဂါမိ၊ဘိဇ်သမ္ပာလေးကြိမ်သတ်တယ်လို့
မြတ်အဋ္ဌကထာတိကင်္ဂုတ်ဝယ်၊ ပိန့်ထုတ်လေဘိ။

ဟူ၍ဖြစ်၏။ အဓိပ္ပာယ်မှာ ပါဏာတိပါတ၊အဒိန္နာဒါန၊ ကာမေ သုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ မိစ္ဆာဒိဋ္ဌိ ဒုစရိုက် "၆"ပါးကို သောတာ ပတ္တိမဂ်က ပယ်သတ်သည်။ ဖရုသနှင့် ဗျာပါဒကို အနာဂါ မိမဂ်က ပယ်သတ်သည်။ အဘိဇ္ဈာနှင့် သမ္ဖပ္ပလာပကို အရဟတ္တမဂ်က ပယ်သတ်သည်။ ဤအထိရေးသားချက်အားလုံး၏ အချုပ်မှာ လူသား တစ်ယောက်၏ နှလုံးသား၌ သီလ၊ သမာဓိ၊ ပညာများတည်သွားအောင် ဒုစရိုက်ပြုချင် စိတ်များကုန်သွားအောင် ပြုပေးခြင်းကို သာသနာပြုခြင်း ဟူ၍ သိစေလိုရင်းပင်ဖြစ်၏။

လူတစ်ယောက်၏ နှလုံးသားတွင် သိက္ခာသုံးပါးတည်သွား စေသောလုပ်ငန်းများမှာ စာပေပို့ချသင်ကြားခြင်း၊တရားစာပေများကို ရေးသားခြင်း၊ဟောပြောခြင်း၊ပြသခြင်းတို့ပင်ဖြစ်၏။ ထိုလုပ်ငန်းအားလုံး သည်သာသနာပြုခြင်းအစစ်အမှန်ပင်ဖြစ်၏။ အုံ့သြစရာကောင်းသည် ကား ဟာကယ်သာသနာပြုနေကြသူများက သာသနာပြုအမည်မခံဘဲ သာမန်ဒါနပြုနေသူအချို့ကသာသနာပြုအမည်ခံနေကြခြင်းဖြစ်၏။

ဘိုးတော်မယ်တော်နှင့် စာပေအားနည်းကြသော ငယ်ဖြူရဟန်း အချို့နှင့် တောထွက်ရဟန်းအချို့တို့သည် ဖြတ်လမ်းက နာမည်ကြီးလူသိ များစေသော ဘုရားတည်အလုပ်ကို အားသွန်ခွန်စိုက်လုပ်ကြ၏။

www.dhammaransi.com



ဘုရားတည်လျှင် လူသိများပြီး ထင်ရှားလွယ်၏။ လာဘ်လာဘလည်းပေါ်၏။ ဘုရားတည်နိုင်ရုံမျှဖြင့် မည်သူတစ်ဦးတစ်ယောက် သန္တာန်တွင်မှ သီလ၊သမာဓိ၊ပညာများ အခြေခိုင်ဖောင်တည် မသွားစေကြောင့် သာသနာပြုဟူသော အမည်ကိုကား မခံယူထိုက်။ ဘုရားတည်သူများသည် ဘုရားတည်သူဟူသော အမည်ကိုသာခံယူထိုက်၏။

ဘုရားတည်သူများက သာသနာပြုဟူသော ဆိုင်းဘုတ်ကြီးများကိုကြီးကျယ်စွာ အမျိုးမျိုးထောင်နေသလောက် တကယ်သာသနာပြုနေကြသော စာသင်တိုက်များနှင့်တရားတိုက်များသည် သာသနာပြုဟူသော အသုံးအနှုန်းကို အသုံးမပြုကြလေသောအခါ ထေရဝါဒစာတ်ခံအားနည်းကြသူအချို့သည် ဘုရားတည်နေသောပုဂ္ဂိုလ်များကိုသာ သာသနာပြုဟု ယူဆသွားကြ၏။ အယူအဆမှားသောအခါ အပြုအမူလည်း မှားလာ၏။

ဘုရားတည်ကြသော ဓာတ်ဘုန်းကြီး အင်းဘုန်းကြီးများကို သာနင့်နေအောင် လှူကြ၏။ စာချဆရာတော်များနှင့် တရားဟောတရားပြဆရာတော်များကိုကား သာမန်လောက်သာလှူကြ၏။ ဘုရားတည်ခြင်းဖြင့်နာမည်ကြီးနေသော ဆရာတော်တစ်ပါးရှိသည်။ ထိုမြို့နယ်မှ ဒကာတစ်ဦးမှ လျှောက်ထားဘူး၏။ သူတို့မြို့တွင်ဘုရားတည်သောဆရာတော်၏ ကျောင်းမှသံဃာများကိုသာ လှူဒါန်းကြ၏။ စာသင်တိုက်နှင့်ဓမ္မရိပ်သာမှ သံဃာတော်များကိုကား သိပ်ပြီးမလှူဒါန်းကြ။ ဘုရားတည်သော ဂိုဏ်းဘုန်းကြီး ဓာတ်ဘုန်းကြီးကျောင်းမှ သံဃာမှန်းသိနိုင်ရန်စိတ်ပုတီးများများပါမပါနှင့် ဆုံးဖြတ်ကြ၏။

ဂိုဏ်းဘုန်းကြီးကျောင်းမှ သံဃာများသည်လည်ပင်းနှင့်လက်တို့တွင်စိတ်ပုတီးနှစ်ကုံး၊ သုံးကုံးပတ်ထားပြီး သက်သတ်လွတ်အမြဲစားရသည်။ ချဲဂဏန်းနှစ်လုံးဂဏန်းပေးရသည်။ ဒကာ၊ဒကာမတို့၏ ထောက်ပံ့မှု အားနည်းလာသောအခါ စာသင်တိုက်များ ဓမ္မရိပ်သာများ ထိုမြို့မှ ကွယ်ပျောက်သွားကြကြောင်း သိရ၏။ ဤကား အိန္ဒိယ၌ သာသနာကွယ်ပျောက်ခြင်းမျိုး မြန်မာပြည်တွင် စတင်လာခြင်းဟု ဆိုရမည်ဖြစ်၏။ အိန္ဒိယ၌ သာသနာကွယ်ပျောက်ခြင်း၏ အကြောင်းမှာ သုံးချက်ရှိ၏။

www.dhammaransi.com



ပထမအချက်မှာ ရဟန်းတော်များသည် ပရိယတ်ပဋိပတ် အလုပ်ကို တစ်ခုမှမလုပ်တော့ဘဲ ဝိဇ္ဇာလမ်း၊ ဂိုဏ်းလမ်း၊ ဓာတ်လမ်း၊ ဘုရားတည်လမ်းသို့ လိုက်ကြသဖြင့် သီလသမာဓိ ပညာဟူသော အဇ္ဈတ္တ သာသနာ အားနည်းလာကြခြင်းဖြစ်၏။ ဒုတိယအချက်မှာ ဟိန္ဒူဗြဟ္မဏ တို့သာသနာအတွင်းမှလည်းကောင်း၊ သာသနာ့အပြင်မှလည်းကောင်း၊ အနုနည်းအကြမ်းနည်း နှစ်မျိုးလုံးဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်၏။ တတိယ အချက်မှာ တူရကီအနွယ်ဝင်မွတ်ဆလင်ဘုရင် မိုဟာမက်ဘိန်ဘခတိ ယာရ်သည် သာသနာနှစ် ၁၇၀၀ ခန့်က အိန္ဒိယမြောက်ပိုင်းတစ်ခုလုံးကို သိမ်းပိုက်ရင်း နာလန္ဒတက္ကသိုလ်ကြီးတစ်ခုလုံးကို အသေပိတ်ကာ ဗုဒ္ဓ ဘာသာရဟန်းသုံးသောင်းကျော်ကို မီးရှို့သတ်ခြင်းဖြင့် ဗုဒ္ဓသာသနာကို အိန္ဒိယမှ လုံးဝကွယ်ပျောက်စေခဲ့သည်။

မှတ်ချက်။ ။ ထိုသုံးချက်အကျယ်ကို စာရေးသူပြုစု သော မျက်ရည်မကျခင်သိစေချင်စာအုပ်၌ အကျယ်ဖတ်နိုင်ပါသည်။

ထိုသုံးချက်တွင် ဘုရားသားတော်ရဟန်းတော်များကိုယ်တိုင် စာပေအလုပ်တရားအလုပ်တို့ကို ဖောက်ချပြီး မလုပ်ကြဘဲ ဝိဇ္ဇာလမ်း၊ ဂိုဏ်းလမ်း၊ဓာတ်လမ်းသို့ လိုက်ကြသဖြင့် သီလသမာဓိ ပညာဟူသော ကိုယ်တွင်း သာသနာအားနည်းမှုသည် အိန္ဒိယ၌ သာသနာကွယ်ခြင်း၏ အဓိကအကြောင်းဖြစ်ကြောင်း ရာဟုလာသံကိစ္စည်းက ၁၉၇၃ ခုနှစ် ထုတ် မဟာဗောဓိဂျာနယ် ၈၁/၉ တွင် ယခုကဲ့သို့ဖော်ပြပေပန်ခဲ့၏။

## "အိန္ဒိယမှာ သာသနာကွယ်ခြင်းအကြောင်းရင်း"

ခရစ်ငါးရာစုနောက်ပိုင်းမှစ၍ ဘုရင်သူဌေးများကိုးကွယ်၍ ခမ်းနားသောကျောင်းများ ဆောက်လုပ်ကာ အလှူအတန်းများရက်ရော လာကြရာအရည်အချင်းမမီသော အညှီစားပုဂ္ဂိုလ်များ သာသနာ့ဘောင် သို့ဝင်ရောက်လာကြသည်။ လည်းကောင်းအညှီစားရဟန်းတော်တို့ သာအားကောင်း လာသောအခါ ဝိနည်းကိုပေါ့ပေါ့တန်တန် လုပ်ပစ်ကြ ၏။ ဂန္ထဓုရ၊ ဝိပဿနာဓုရကို မလိုက်နာကြ၊ စားကာသောက်ကာ နေလာခဲ့ကြ၏။

www.dhammaransi.com



ထိုရဟန်းမျိုးတို့ကပင် မန္တာန်စုပ်ခြင်း၊ အင်းချ၊မှော်ဝင်၊ ဆေးကုခြင်း၊ သမထအာရုံပြုခြင်း(အကြားအမြင်) စသော လောကီကိစ္စသိဒ္ဓိများကိုပြကာ လူပြိန်းများအား သိမ်းသွင်းဆွဲဆောင်ကြ၏။ ရဟန်းတော်တို့၌ အတွင်းသာသနာအင်အားလျော့ညံ့လာသောအခါ အချို့ရဟန်းများ ဂန္ထာရီပိဋ္ဌာလမ်းစဉ်များဆီသို့ အာရုံစိုက်သွားကြသည်။ ဝိနည်းတော်နှင့် အညီနေထိုင်သော ရဟန်းကောင်းများ ဆင်းရဲငြိုငြင်ကာ အားနည်းသည်ထက် နည်းပါးသွားကြလေ၏။ ရန်သူများဝင်လာကြသောအခါ ပိဋ္ဌာ ဖော်ကျိုဂိုဏ်းဝင်များ သူတို့၏တန်ခိုးဣဒ္ဓိတို့ဖြင့်ခုခံကာကာကွယ်ကြသော်လည်း အချည်းအနှီးဖြစ်ခဲ့ရ၏။ ဝိဇ္ဇာဂိုဏ်းကြီးပေါ်ထွန်း၍ ရဟန်းတို့၌ အတွင်းသာသနာ အင်အားပျက်ပြားခြင်းသည် အိန္ဒိယ၌သာသနာ ကွယ်ပျောက်ရခြင်း၏ အဓိကအကြောင်းကြီး ပေတည်း။

ထိုအချက်တို့ကို စူးရှစွာမြင်တော်မူသော မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသက အနာဂတ်သာသနာရေးကျမ်း၌ မြန်မာပြည်တွင် အိန္ဒိယကဲ့သို့ အချိန်မတန်မီသာသနာမကွယ်ပျောက်စေလိုပါက မြန်မာပြည်ရှိ ဘုန်းကြီးကျောင်းတိုင်းသည် ပရိယတ္တိကျောင်းနှင့်ပဋိပတ္တိကျောင်းနှစ်မျိုးသာရှိရမည်။ ကျန်သောကျောင်းများ မရှိစေသင့်ဟု ရေးသားတော်မူခဲ့ခြင်းဖြစ်၏။ မြန်မာပြည်ရှိ ဘုန်းကြီးကျောင်းအားလုံးသည် စာပေအလုပ်၊ တရားအလုပ်နှစ်မျိုးအနက် တစ်မျိုးမျိုးကို မဖြစ်မနေလုပ်ကြရမည့်ဟု ဆိုလိုရင်း ဖြစ်၏။

လှေကြီးတစ်စင်းပေါ်သို့ အချောင်တက်စီးသူများ အဆမတန်များပြားပြီးလှော်ခတ်မည့် သူများတစ်ယောက်မှမရှိလျှင် ထိုလှေသည် ရှေ့သို့မသွားနိုင်တော့သည့်အပြင် ရေထဲသို့ခဏနှင့်နစ်မြုပ်သွားမည်သာဖြစ်၏။ ထို့အတူ သာသနာတည်းဟူသော လှေကြီးပေါ်သို့တက်လာကြသော ရဟန်းတော်များသည် ဂန္ထဓုရဟူသော လှော်တက်၊ဝိပဿနာဓုရဟူသောလှော်တက်နှစ်မျိုးအနက် တစ်မျိုးမျိုးကိုမှ မလှော်ဘဲအချောင်စီးသူများအဆမတန်ဖြစ်လာလျှင် သာသနာလှေကြီးသည်ရှေ့သို့အတွန့်ရှည်စွာမသွားနိုင်တော့ဘဲခဏနှင့် နစ်မြုပ်ပျက်စီးသွားမည်သာဖြစ်၏။

www.dhammaransi.com



ထို့ကြောင့်မြန်မာပြည်ရှိဘုန်းကြီးကျောင်းတိုင်းသည် စာပေအလုပ်၊ တရားအလုပ်နှစ်မျိုးအနက် တစ်မျိုးမျိုးကို မဖြစ်မနေလုပ်ရမည်ဟူသောအဆိုကို သာသနာကို ချစ်မြတ်နိုးသော ရဟန်းတော်တိုင်း ထောက်ခံရမည်သာဖြစ်၏။ ရေသည်စုန်လမ်းနှင့်ဆန်လမ်းဟူနှစ်မျိုးရှိ၏။ ရေစုန်သည်လူအလွန်သက်သာ၏။ အားစိုက်ရန်မလိုဘဲ အသာမျှောလိုက်သွားရုံသာဖြစ်၏။ သို့သော်စုန်လမ်း၏နောက်ဆုံးပန်းတိုင်ကား - သမုဒ္ဒရာအတွင်းသို့ရောက်ပြီး လှိုင်းရိုက်ဝဲစုပ်ကာ နစ်မြုပ်သေဆုံးရခြင်းပင်ဖြစ်၏။

ဆန်လမ်းကားအားစိုက်လှော်ခတ်ရ၏။ ပင်ပန်း၏။ ထိုဆန်လမ်း၏နောက်ဆုံးပန်းတိုင်ကား ရေများစတင်စီးဆင်းရာ တောင်ထိပ်ပင်ဖြစ်၏။ တောင်ထိပ်ပေါ်မှ တစ်လောကလုံးရှိ သဘာဝအလှများကို ကြည့်ရှုခံစားနိုင်မည် ဖြစ်၏။ ထို့အတူ သာသနာတော်တွင်လည်း စုန်လမ်းနှင့်ဆန်လမ်းဟူ၍ လမ်းနှစ်လမ်းရှိ၏။ ဝိဇ္ဇာလိုင်း၊ ဓာတ်လိုင်း၊ ဆေးလိုင်း၊ ဗေဒင်ယတြာလိုင်းသည် စုန်လမ်းဖြစ်၏။ စုန်လမ်းဟူသည် အကုသိုလ်လမ်းဟု ဆိုလို၏။

ထိုလောကီလိုင်းသည် စုန်လမ်း အကုသိုလ်လမ်းဖြစ်သောကြောင့် ပင်ပန်းစွာ အားထုတ်ရန်မလို အသာလေးမျှောလိုက်သွားရုံသာရှိ၏။ ဆိုလိုသည်မှာ စာပေအလုပ်တရားအလုပ်များကဲ့သို့ သီလ သမာဓိ ပညာ သိက္ခာ သုံးပါးတစ်ပါးမှမလို ဒကာဒကာမတို့အား လူလိုပေါင်းပြီး ဂဏန်းပေးရုံ၊ ဆေးကုရုံ ဗေဒင်ဟောရုံယတြာပေးရုံနှင့် လာဘ်လာဘပေါများပြီး နှုတ်ခမ်းမှာ ဆီစို၏။ စေတီတစ်ဆူလောက်များတည်ပြလိုက်သည်ဆိုလျှင် သာသနာပြုဆရာတော်ဟူသော ဘွဲ့ထူးကြီးကို အလိုလိုရပြီး ရဟန္တာတစ်ပါးလောက်ပင်ထင်ရှားကျော်ကြားသွား၏။

သို့သော်ထိုဆေးလမ်း ဗေဒင်လမ်းဂဏန်းပေးသော လမ်း၏နောက်ဆုံးပန်းတိုင်ကား အပါယ်လေးပါးသာဖြစ်၏။ ထိုရဟန်းများသည် အဘယ်ကြောင့်အပါယ်ကျရသနည်း။ အတ္တာနုဝါဒဘေးဆိုက်သောကြောင့်(တနည်း) မိမိကိုယ်မိမိမကြည်ညိုသောကြောင့်ပင်ဖြစ်၏။

ကြည်ညိုမှုသည် ဒကာဒကာမတို့က ကြည်ညိုခြင်း၊ အတူနေ

www.dhammaransi.com



သီတင်းသုံးဖော်ရဟန်းသံဃာတို့က ကြည်ညိုခြင်း၊ မိမိကိုယ်မိမိ ကြည်ညိုခြင်းဟုသုံးမျိုးရှိ၏။ ထိုသုံးမျိုးတွင် မိမိကိုယ်မိမိကြည်ညိုဖို့သည် အရေးကြီးဆုံးဖြစ်၏။

မိမိကိုယ်မိမိ တကယ်ကြည်ညိုမှ တရားထူးလည်းရနိုင်၏။ ဘဝကူးလည်း ကောင်းနိုင်၏။ အတူနေရဟန်းသံဃာတို့က ကြည်ညိုမှု၊ ဒကာဒကာမတို့က ကြည်ညိုမှုသည် မိမိကိုယ်မိမိကြည်ညိုမှုလောက် အရေးမကြီးပေ။ အဘယ်ကြောင့်နည်း - သူတစ်ပါးကို လိမ်ညာ၍ရသော်လည်း မိမိကိုယ်မိမိ လိမ်ညာ၍ မရသောကြောင့်ဖြစ်၏။ ငါသည် ဒကာဒကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးနေသူတည်း။ ဘုရားပေးထားသည့် တရားအလုပ်၊ စာပေအလုပ်များကို တစ်ခုမှမလုပ်ပဲ သာသနာ့ဘောင်၌ အချောင်စားနေသူတည်းဟူသော မိမိကိုယ်မိမိ ပြန်စွပ်စွဲသည့် အတ္တာနုဝါဒဘေးကြီး အမြဲဆိုက်လွှက်ရှိသောကြောင့် အပါယ်ကျရခြင်းလည်း ဖြစ်၏။

ဤနေရာ၌ ဧဒင်ပေါ်ခြင်း၊ ဆေးကုခြင်း၊ မာတ်ရိုက်၊ ယတြာဆင်ပေးခြင်း၊ဂဏန်းပေးခြင်းတို့ကြောင့်ဒကာဒကာမတို့၏ ဖြူစင်သော သဒ္ဓါတရား ပျက်စီးသွားပုံကို ခေတ်လူငယ်တို့ နားလည်အောင် ဝိနည်းပါဠိတော် ဖွင့်ဆိုချက်အတိုင်းရေးပြအံ့။ ဦးသုတနှင့်ဦးမမွှအမည်ရှိ ရဟန်းနှစ်ပါးကို ဒေါ်နီအမည်ရှိဒါယိကာမကြီးတစ်ယောက်ကကြည်ညိုသဖြင့် ပစ္စည်းလေးပါးအမြဲ ထောက်ပံ့လှူဒါန်းနေ၏။ ထိုရဟန်းနှစ်ပါးအပေါ် ကြည်ညိုသောဒေါ်နီ၏ သဒ္ဓါသည်သံဃာအားလုံးအပေါ် အညီအမျှ ကြည်ညိုခြင်းဖြစ်သောကြောင့် ဖြူစင်သန့်ရှင်းနေ၏။

တစ်ခါတွင် ဦးသုတသည် ဒေါ်နီသူ့အပေါ် ပိုကြည်ညိုပြီး ပိုလှူဒါန်းလာစေလိုသောကြောင့် ဧဒင်ပေါ်ပေး၏။ မာတ်ရိုက်ပေး၏နှစ်လုံးဂဏန်း သုံးလုံးဂဏန်းပေး၏။ ထိုအခါ သံဃာအားလုံးအပေါ်မှာဖြူစင်စွာကြည်ညိုနေသောဒေါ်နီ၏ သဒ္ဓါသည် ပျက်စီးသွားပြီး ဦးသုတတစ်ပါးတည်းအပေါ်မှာသာ ကြည်ညိုနေတော့၏။ ဦးသုတတစ်ပါးတည်းကိုသာ ပံ့ပိုးလှူဒါန်းတော့၏။ စာပေအလုပ်တရား အလုပ်ကိုမှန်ကန်စွာ အားထုတ်နေသော ဦးမမွှကိုကြည်လည်း မကြည်ညိုတော့ လှူဒါန်းမှုလည်း

www.dhammaransi.com



မပြုတော့။

ဦးသုတကို ကြည်ညိုခြင်းသည်လည်း သံဃာဂုဏ်ကို ကြည်ညို ခြင်းမဟုတ်။ ပေဒင်ကို ကြည်ညိုခြင်း၊ ဓာတ်ကို ကြည်ညိုခြင်း၊ ယတြာကို ကြည်ညိုခြင်း၊ ဂဏန်းကိုကြည်ညိုခြင်းသာဖြစ်၏။ သံဃာဂုဏ်ကို ဖြူစင် စွာကြည်ညိုနေသော ဒေါ်နီ၏သဒ္ဓါသည် ပေဒင်ယတြာကို ကြည်ညိုခြင်း သို့ ရောက်သွားခြင်းသည် ပျက်စီးသွားခြင်းပင် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက ပေဒင်ဟောခြင်း၊ ဓာတ်ရိုက်ခြင်းစသည်ဖြင့် ဒကာဒကာမတို့၏ သဒ္ဓါ တရားကို မဖျက်ဆီးမိစေရန် ကုလဒူသက သိက္ခာပုဒ်ကို ပညတ်တော်မူ ခဲ့ခြင်း ဖြစ်၏။

ဤမျှဆိုလျှင် စုန်လမ်းအကြောင်းကို သိလောက်ပြီဖြစ်၍ ဆန် လမ်းအကြောင်းကို ဆက်အံ့။ ရဟန်းလောက၌ စာပေအလုပ် တရား အလုပ်သည် အားစိုက်ရ၏။ ပင်ပန်း၏။ စာချဆရာတော်တစ်ပါး ဖြစ် လာရန်၊ တရားပြဆရာတော်တစ်ပါး ဖြစ်လာရန် နှစ်ပေါင်းများစွာ လေ့လာကျက်မှတ်ရ၏၊ နာကြားအားထုတ်ရ၏။ ထိုသို့နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်တိုင်းလည်း အောင်မြင်ကျော်ကြားသည်မဟုတ်၊ လူမသိ သူမသိ ပျံလွန်တော်မူသွားကြသော စာချဆရာတော်၊ တရားဟော၊ တရားပြဆရာတော်ပေါင်းများစွာရှိ၏။

သို့သော် ထိုဆန်လမ်းခေါ် ကုသိုလ်ပါရမီလမ်း၏ နောက်ဆုံး ပန်းတိုင်ကား နိဗ္ဗာန်ပင်ဖြစ်၏။ ထို့ကြောင့်ရဟန်းတော်တိုင်း ဆန်လမ်း ခေါ် ကုသိုလ်ပါရမီလမ်းကိုသာ လျှောက်လှမ်းသင့်ကြ၏။ လာဘ, သက္ကာ ရ, သိလောကခေါ်ဂုဏ်သည် လိုချင်လျှင်မရ မလိုချင်ဘဲ မိမိ သာသ နာပြုအလုပ်ကိုမိမိဘာသာ ဇောက်ချလုပ်နေလျှင် အလိုလိုရ လာတတ် ၏။ လုပ်ယူ မှုရသောဂုဏ်သည်လည်း အစစ်အမှန်ဂုဏ်မဟုတ်၊ အတု အယောင် ဂုဏ်သာဖြစ်၏။ အတုအယောင်လုပ်ယူရသော ဂုဏ်မှန်သမျှ သည်ခဏနှင့်ပျက်စီးတတ်၏။ ထို့ကြောင့် မြောင်းမြဆရာတော်ကြီးက ဂုဏ်လိုလျှင် ဂုဏ်ပြုသည်။ ဂုဏ်မလိုမှ ဂုဏ်ပိုသည်ဟူ၍ ဩဝါဒပေးတော် မူခဲ့ခြင်း ဖြစ်၏။ ပျံလွန်တော်မူခဲ့ပြီးဖြစ်သည့် မန္တလေးမြို့ မစိုးရိမ် တိုက် သစ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသီရိန္ဒာဘိဝံသ မထေရ်မြတ်ကလည်း

www.dhammaransi.com



“အရှင်ဘုရားတို့ ဘုန်းကြီးချင်တဲ့စိတ်ကို ဝိဓိသဏ္ဍာန်မှာ ဖြစ်ပေါ် မလာကြစေနဲ့။ ဘုန်းကြီးချင်တဲ့စိတ်ဟာ တကယ်တော့ ယုတ်မာတဲ့ စိတ်ပဲ။ ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးချင်တဲ့စိတ်ဟာ အဘိဓမ္မာနဲ့ စစ်ကြည့်ရင်လောဘစိတ်ပဲ။ လောဘစိတ်ဟာအကုသိုလ်ပဲ၊ အကုသိုလ်ဆိုတော့ စိတ်ဆိုးစိတ်ယုတ်မို့လို့ ယုတ်မာတဲ့စိတ်လို့ ခေါ်နိုင်တာပေါ့။ ဒေဝဒတ်ကြီး သံဃာကို သင်းခွဲမိတာ၊ဘုရားရှင်ကိုသွေးစိမ်းတည်အောင် လုပ်မိတာဟာ ဘုရားလို ဘုန်းကြီးချင်တဲ့စိတ်ကြောင့်ပဲ။

ဒေဝဒတ်ကြီးကို အဝီစိငရဲထဲ ပစ်ချလိုက်တာဟာလည်း အဲဒီ ဘုန်းကြီးချင်တဲ့စိတ်ပဲ၊အရှင်ဘုရားတို့အနေနဲ့ဒေဝဒတ်ကြီးကိုကြည့်ပြီး ရှောင်စရာတစ်ခုရမယ်။မြတ်စွာဘုရားကိုကြည့်ပြီး ဆောင်စရာတစ်ခုရမယ်။ ဒေဝဒတ်ကြီးဟာ ဘုန်းကြီးချင်တဲ့စိတ်တော့ရှိတယ်။ သိက္ခာသုံးပါး ကျတော့မဖြည့်ဘူး။ ဒါကြောင့် ဘုန်းမကြီးပဲ အဝီစိကျသွားတယ်။ မြတ်စွာဘုရားကတော့ဘုန်းကြီးချင်တဲ့စိတ်မရှိဘူး။ သိက္ခာသုံးပါးကျတော့ ပြည့်အောင်ဖြည့်သွားတယ်။ ဒါကြောင့်နှစ်ပေါင်း ၂၅၀၀ကျော်တဲ့အထိ ဘုန်းကြီးတုန်းပဲ။

အရှင်ဘုရားတို့အနေနဲ့ ဒေဝဒတ်ကြီးလို သိက္ခာသုံးပါးကျတော့ မဖြည့်ဆည်း၊ ဘုန်းကျတော့ကြီးချင်တဲ့ အဖြစ်ကိုရှောင်ကြပါ။ မြတ်စွာဘုရားကဲ့သို့ ဘုန်းကြီးချင်တဲ့စိတ်လုံးဝမရှိပဲ သိက္ခာသုံးပါးကိုသာ ဖြည့်ဆည်း ကြပါ။ စာပေအလုပ်တရား အလုပ်တစ်ခုခုကို သက်တမ်းကုန်တဲ့အထိ ဇောက်ချပြီး လုပ်နေတာဟာ သိက္ခာသုံးပါးကို ဖြည့်ဆည်းနေတာပါပဲဟု ဆုံးတော်မူခဲ့၏။

အဘိဓဇ မဟာရဋ္ဌဂုရု တောင်လေးလုံးဆရာတော်ကြီးက လည်း ပညာပါရမီအလင်းပြကျမ်း - စာမျက်နှာ ၅၀တွင်ယခုလို ရေးသား ဆုံးမတော်မူခဲ့သည်။

“ကျော်ကြားမှု ဘုန်းကံကြီးမားမှု၊ လာဘ်ပေါများမှုများကို မငဲ့ ကွက်ပူ၍ ဗိပိတတ်သိသလိုတတ်ပါစေ ဟူသောရည်ရွယ်ချက်ဖြင့် စာပေ ပို့ချခြင်းသည် (တရားဟောပြောပြသခြင်းသည်) ဒါနပါရမီဖြစ်၏။

ကျော်ကြားမှု ဘုန်းကံကြီးမားမှု၊ လာဘ်လာဘပေါများမှုများ ကိုရည်ရွယ်၍ စာပေပို့ချခြင်းသည် (တရားဟောပြောပြခြင်းသည်) ဒါန

www.dhammaransi.com



ပါရမီမဖြစ်၊ စာပေပို့ချနေခြင်းထက်၊ (တရားဟောနေခြင်းထက်) မပို့ချဘဲ (မဟောမပြောဘဲ) အိပ်နေခြင်းကမြတ်သေးသည်ဟူ၍ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊သာရတ္ထဒီပနီဋီကာများ၌ တိုက်ရိုက်ဆိုထားပါသည်။ စာပေပို့ချနေပါလျှက် (တရားဟောကြားပြသနေပါလျှက်) သေလျှင် ငရဲကျမည်ဟုဆိုလိုသည်။

ဤကား စာပေအလုပ် တရားအလုပ်ဟူသော ကုသိုလ်ဆန်လမ်းသို့လိုက်နေသူများ လမ်းချော်မသွားစေရန်အတွက် ဆရာပေါ်ကြီးများ၏လမ်းညွှန်ချက် ဩဝါဒတော်များကို ရှာဖွေဖော်ပြခြင်းတည်း။ ဝိဋ္ဋာလမ်းကိုဏ်းလမ်းသည်ပေါ်၏။ ထို့ကြောင့်ပေါ်လွင်၏။ ထင်ရှား၏။ သိကျွာသုံးပါးကိုတည်ထောင်စရာမလိုပဲလာဘ်လာဘပေါ်များ၏။ ထိုအခါ လူ့ဘဝပင့်သန္ဓေနေစဉ်ကတည်းကလောဘ (ဘဝနိကန္တိကလောဘဇော) နှင့်စခဲ့သော ပုထုဇဉ်ဘဝသာရှိသေးသည့် ငယ်ဖြူရဟန်းတော် အချို့ သည်ပင် ဝိဋ္ဋာလမ်းမာတ်လမ်းသို့လိုက်လာကြ၏။

ဤသည်ကား ဆန်လမ်းမှစုန်လမ်းသို့ ဖုံဆင်းလာကြခြင်းပင်ဖြစ်၏။ သာသနာရေး့ရေးအတွက် ရင်လေးစရာအချက်ပင်ဖြစ်၏။ စုန်လမ်းအဖွဲ့၏လုပ်ရပ်နှင့် ဆန်လမ်းအဖွဲ့၏လုပ်ရပ်နှစ်မျိုးတို့တွင် မည်သည့်အဖွဲ့၏လုပ်ရပ်က သာသနာကွယ်ကြောင်းသို့ ဦးတည်နေကြောင်း စာဖတ်သူများကိုယ်တိုင်ဆန်းစစ်နိုင်ရန် အင်္ဂုတ္တိုရ်ပါဠိတော်လာ သာသနာကွယ်ခြင်း၏ အကြောင်း (၁၅)ပါးကိုဖော်ပြအံ့။ ယင်းတို့ကား

၁။ ရဟန်းများတရားမနာခြင်း၊
၂။ စာပေမသင်ကြားကြခြင်း၊
၃။ နှုတ်တွင်ဆောင်မထားကြခြင်း၊
၄။ သေချာသိအောင် မမှတ်သားကြခြင်း၊
၅။ ဝိပဿနာတရားကို မကျင့်ကြံမပွားများကြခြင်း၊
၆။ စာပေသင်ကြားမှု လျော့ပါးလာခြင်း၊
၇။ တရားကိုအကျယ်မဟောကြခြင်း၊
၈။ စာပေကိုအကျယ်မပို့ချကြခြင်း၊
၉။ စာပေကိုအကျယ်မရွတ်အံကြခြင်း၊
၁၀။ စာပေအကြောင်းကို မတွေးတောမကြံစည်ခြင်း၊

www.dhammaransi.com



၁၁။ အက္ခရာပျက်၊ ပုဒ်ပျက်စာပေအမှားများကိုလေ့ကျက် သင်ကြားခြင်း၊
၁၂။ ကြီးသူကဆုံးမလျှင် မနာယူကြခြင်း၊
၁၃။ စာချဆရာတော်များရှားပါးလာခြင်း၊
၁၄။ လာဘ်များဖောင်ကြဲကြခြင်း (ဝိဇ္ဇာလမ်း၊ ဗေဒင်၊ ဓာတ် ယတြာလမ်းသို့ လိုက်ကြခြင်း)
၁၅။ ရဟန်းအချင်းချင်း ခိုက်ရန်ဖြစ်ပွား၊ စိတ်ဝမ်းကွဲပြားကြ ခြင်းတို့ပင် ဖြစ်၏။
(ဆောင်ပုဒ်)

အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း
တရားပေါင်းကား၊ ရဟန်းများတို့
တရားမနာ၊ စာပေမသင်
နှုတ်တွင်မဆောင်၊ သိအောင်မမှတ်
ပဋိပတ်ကွာ၊ ဤငါးဖြာတည်း။
နောက်လာတို့ပြင်၊ စာသင်ပါယ်လျှော
ကျယ်မဟောကြ၊ ကျယ်မချနှင့်
ကျယ်စွာမအံ၊ မကြံမစည်
ဤငါးမည်တည်း။
ဝါတစ်နည်းမှာ၊ အက္ခရာပုဒ်ပျက်
လေ့ကျက်သင်ကြ၊ ဆုံးမမယူ
စာချသူရှား၊ လာဘ်များဖောင်ကြဲ
ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည်
ဘုရားသာသနာ ကွယ်ကြောင်းတည်း။

သာသနာကွယ်ခြင်းအကြောင်းတို့ကို လေ့လာကြည့်လိုက်သည်နှင့် ရုန်လမ်း ရဟန်းတော်တို့၏လုပ်ရပ်သည် သေချာဆန်းစစ်နေစရာပင် မလိုတော့ဘဲ သာသနာမြန်မြန်ကွယ်ဖို့ အကြောင်းများသာဖြစ်ကြောင်း၊ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားလှပေ၏။ မြေပြင်မှာ ဘုရားတည်ခြင်း၊ ရုပ်ပွား တော်များ ထုလုပ်ခြင်းတို့သည် ကုသိုလ်အလုပ်ဖြစ်၍ ကောင်းပါ၏။

www.dhammaransi.com



သို့သော်သာသနာပြု အမည်ခံပုဂ္ဂိုလ်တို့သည် ကိလေသာကုန်မှု သိက္ခာ သုံးပါးတိုးတက်မှုကို မပြိုင်ကြဘဲ ရုပ်ပွားတော်အများကိုသာ ပြိုင်ကြ လေသောအခါ ရုပ်ပွားတော်များမှာ နာမည်ကြီးဖို့ ဘုန်းကြီးဘို့ အသုံးချခံ ပစ္စည်းများအဖြစ် ဆွမ်းရေချမ်းဆက်ကပ်သူပင်မရှိဘဲ နေပူထဲတွင် စံနေ တော်မူကြရသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ကြရ၏။

မြို့နယ်တစ်ခုတွင်ဆိုလျှင် သာသနာပြုအမည်ခံ ပုဂ္ဂိုလ်တစ်ဦး က တစ်ထောင်ဘုရားများတည်ရင်း မြေမလောက်သဖြင့် လယ်မြေဧက အတော်များများကို သိမ်းယူလိုက်၏။ လယ်သမားများမှာ ဗုဒ္ဓဘာသာ များဖြစ်သောကြောင့် မည်သည့်ပြဿနာမှ မလုပ်ကြပေ။ သို့သော် စိတ် မကောင်း ဖြစ်လွန်းသဖြင့် ထိုတစ်ထောင်ဘုရားများရှိရာသို့ တစ်ခေါက် မျှမသွားကြဟု သိရ၏။ ထိုအနီးတဝိုက်တွင်လည်း ဘာသာခြား သာသ နာပြုများ အသင့်ရှိနေရာ ဘာသာခြားအဖြစ်သို့ ပြောင်းမသွားနိုင်ဟု မပြောနိုင်ပေ။ ရုပ်ပွားဆင်းတုတော်များ တိုးပွားလာသလို ဗုဒ္ဓဘာသာ ဝင်များလည်း တိုးပွားလာစေချင်ပါ၏။

ဗုဒ္ဓရုပ်ပွားတော်များ အပေါင်းလက္ခဏာပြနေသလောက် ဗုဒ္ဓ ဘာသာဝင်များ အနှုတ်လက္ခဏာပြနေမည်ဆိုလျှင် ထိုအလုပ်မျိုးကို ရှဉ့် လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်အောင် သတိထားပြီး ပြုလုပ်ရ မည်သာဖြစ်၏။ အင်ဒိုနီးရှားနိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ စသောနိုင်ငံတို့တွင် မြေပြင်မှာတည်ထားသော ရုပ်ပွားစေတီများစွာ ရှိ၏။ သို့သော် နှလုံးသားမှာ ဘုရားတည်သော စာပေပို့ချသင်ကြားမှုအလုပ်၊ တရားဟောကြားပြသသည့် အလုပ်များကို မလုပ်ကြသောကြောင့် ယခု အခါထိုနိုင်ငံများတွင် ဗုဒ္ဓဘာသာကွယ်ပျောက် ခဲ့ရပြီဖြစ်၏။

ဘေးဆိုးအန္တရာယ်အမျိုးမျိုးကြောင့် မြေပြင်မှာ တည်ထားသော စေတီဆင်းတုတို့သည် အလွယ်တကူနှင့် ပျက်စီးသွားနိုင်သော်လည်း လူသားတို့၏နှလုံးသားမှာ တည်ထားသော ဘုရားစေတီများကား သားစဉ် မြေးဆက်ကူးပြောင်းပါသွားသည်ဖြစ်၍ ဘယ်သောအခါမှ ပျောက်ပျက် သွားမည်မဟုတ်ပေ။ ထို့ကြောင့်မြေပြင်မှာလည်း ဘုရားတည်ကြပါ။

www.dhammaransi.com



သို့သော် နှလုံးသားမှာ ဘုရားတည်သော အလုပ်ကိုပိုပြီး ဦးစားပေးကြပါ ဟုတိုက်တွန်းလိုက်၏။ စာရေးသူသာ တိုက်တွန်းသည် မဟုတ်ပါ။

လူသားတို့၏နှလုံးသားမှာ ဘုရားတည်ခြင်းတည်း ဟူသော သာသနာပြုအလုပ်ကိုဖော်ပြပါဆရာတော်ကြီးသုံးပါးကလည်း ယခုလို တိုက်တွန်းတော်မူခဲ့ကြ၏။

"နှလုံးသားဝယ်၊ ဘုရားတည်"

ရေမြေတောတောင်၊ လျှိုမြောင်အကြား၊
ပြုတည်ထားသည့်၊ ရုပ်ပွားတစ်လီ၊
စေတီပုထိုး၊ အမျိုးမျိုးကား၊
ဘေးဆိုးအန္တရာယ်၊ အသွယ်သွယ်ကြောင့်
ပျောက်ကွယ်ခဏ၊ ပျက်စီးရ၏။
နှလုံးသားတွင်၊ ဌာပနာသွင်း၍
မယွင်းတည်ထား၊ မြတ်ဘုရားကား၊
မြတ်တရားကား၊ မြတ်သံဃာကား၊
ဘေးဆိုးအန္တရာယ်၊ အသွယ်သွယ်ကြောင့်၊
ပျောက်ကွယ်မရှိ၊ တည်တန့်ဘိ၏။

(ဘဒ္ဒန္တသီရိန္ဒာဘိဝံသ-တိပိဋကဓရယောဆရာတော်)

ဘိုးမဖုတ်ခင်၊ ဘိုးလုပ်စဉ်ဝယ်၊
အိုးတွင်ခပ်နှိပ်၊ မှတ်တံဆိပ်က၊
မပြတ်မစဲ၊ အိုးပင်ကွဲလည်း၊
အမြဲတစေ၊ တည်ရှိနေသို့၊
ထွေထွေသွေးသား၊ ကလေးများ၌၊
ဘုရားတံဆိပ်၊ ဘာသာစိတ်ကို၊
ခပ်နှိပ်နိုင်မှ၊ သက်ဆုံးကျအောင်၊
ဗုဒ္ဓဝါဒီ၊ စွဲ၍တည်မည်
ကိုယ်စီခပ်နှိပ်စေသတည်း။
(အမရပူရ ဆရာတော် အရှင်ဇနကာဘိဝံသ) "မဟာဂန္ဓာရုံ"

www.dhammaransi.com



## "မြန်မာနီးရှားနိုင်ငံ မဖြစ်ဖို့"

အမျိုးသည် ဇာတ်တူတို့အချင်းချင်း ပေါင်းသင်းမိတ်ဖက်မိရာမှ ပေါ်ထွန်းလာသော မျိုးဆက်သစ်တစ်မျိုးပင် ဖြစ်ချေ၏။ ဘာသာသည် လည်းအမြင်တူ အကျင့်တူတို့ စုစည်းမိရာမှ ပေါ်ထွန်းလာသော ဝါဒရေးရာသစ်တစ်မျိုးပင် ဖြစ်ချေ၏။ ထိုအမျိုးထိုဘာသာသည် အမျိုးစောင့်မင်း ဓမ္မဝါဒီမင်းတို့ စိုးမိုးအုပ်ချုပ်မင်းလုပ်သော ကာလမျိုး၌ ထွန်းကားတတ်ပြီး အကာယ်တိတိ၊ မျိုးမခင်တွယ်၊ ဘာသာကို ပစ်ပယ်တတ်သော အဓမ္မရာဇာမင်းတို့ကြီးစိုးသော ကာလမျိုး၌ တိမ်ကောတတ်ချေ၏။

မိုန်တစ်ခါ လင်းတစ်လှည့်နှင့်လည်း အားမကုန်သေးက ရှိနေတတ်သေး၏။ ယနေ့ငါတို့တိုင်းပြည်၌ တက်လာသမျှသော မင်းတို့သည် အမျိုးနှင့်ဘာသာကို ချစ်မြတ်နိုးကြသည်။ ကမ္ဘာကြီးဗိုးယိုပေါက်အောင် ဘာသာစကားနှင့် သိမ်းသွင်းရာ၌ လည်းကောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ ညှပ်ဖက်၍လည်းကောင်း၊ ရောနှောအမွှေနှောက်ခံခဲ့ရသော ဤခေတ်မျိုးကြီးထဲ၌ မင်းတစ်မျိုးတည်းဖြင့်လည်း မလုံလောက်တန်ရာပြီ။ ဝံသာနုရက္ခိတတရား လက်ကိုင်ထားသော တစ်ဦးကောင်း တစ်ယောက်ကောင်းမျှဖြင့်လည်း မလုံလောက်တန်ရာပြီ။

အမျိုးသားတိုင်း တာဝန်ရှိ၍ အမျိုးသမီးတိုင်း စောင့်စည်းနိုင်ပါမှ တန်ရုံကျနိုင်သော အချိန်မျိုးပင် ဖြစ်ချေ၏။ မိဘတိုင်းနိုးကြား၍ ဆရာ၊ ဆရာမတိုင်း ကြပ်မတ်ပေးမှသာ တော်ရုံကျနိုင်သော ကာလမျိုးပင်ဖြစ်ချေ၏။ စာသင်ကျောင်းတိုင်း၌ လူမျိုးစုံအားဖြင့်လည်းကောင်း၊ ဘာသာစုံအားဖြင့် လည်းကောင်း၊ ဗိုမစုံအားဖြင့်လည်းကောင်း၊ ညှပ်ပူးညှပ်ပိတ်ပြွတ်သိပ်ကာ ရောမွှေလျက် လက်သွက်သူ ဖျက်စတမ်း ဝိုင်းသားချိန်၊ မိဘတို့ဘက်က မိမိတို့သားသမီးအရွယ်ရောက်သော်လည်း အရိပ်အကဲကိုမကြည့် ဖာသိဖာသာနေမှု ဥပက္ခာပြုထားချိန်-

> မှတ်ချက်။ ။ထိုမိဘတို့ အရွယ်ရောက်သော သားသမီး
> များအား ဝတ္တရားအရထိမ်းမြားပေးရန် သင့်တော်သူကို
> ရှာဖွေပေးခြင်း ကိစ္စ မပြုလုပ်တော့သည့် အချိန်၊
> သားသမီးတို့အတုမြင် အတတ်သင်စရာတွေ မိမိ
> ရှေ့မြင်တွေ့နေရဖန်များလာ၍ အရွယ်မရောက်မှီကပင်

www.dhammaransi.com



ကာမ သွေးသောင်း ကျန်းထကြွနေချိန်၊ ထိုအချိန်မျိုးဝယ် သည့်အတိုင်းချည်းသာ မိမိနှင့် မဆိုင်သလို သူတို့နှင့် မပတ်သက်သလို သဘောထားကာ လက်ပိုက်ကြည့်နေမည်ဆိုလျှင် တစ်နေ့နေ့ မြန်မာနီးရှားနိုင်ငံ ပေါ်ပေါက်လာမည်မှာ မုချတည်း။ မြန်မာပြည်သည်မိမိနှင့် နီးစပ်ပါလျက် မြန်မာစစ်စစ်ရှားပါးပြီး ကပြားမျိုးတိုးပွားလာမည် ဖြစ်ခြင်းကြောင့်လည်းကောင်း၊ မြန်မာနီးရှားနိုင်ငံသည် မလွဲမသွေပင် ပေါ်ပေါက်လာချေမည်။

ယနေ့မျိုးချစ်လူငယ်များ အမျိုးဘာသာကာကွယ်ရေး အသင်းများ ဖွဲ့စည်းကာ မြို့တိုင်းရွာတိုင်းမှ အကာအကွယ် မပေးသော်၊ အမျိုးဘာသာကို မြတ်နိုးသော အသင်းအဖွဲ့တိုင်းမှ ထိုကာကွယ်ရေးမျိုး မကြိုးစားပဲ သမားရိုးကျ ခရီးသွားနေသော်၊ အမျိုးဘာသာကို မဟိမ်ကောစေလိုသော မင်းတို့ကဥပဒေအာဏာတို့ဖြင့် ထိန်းသိမ်းကာကွယ်ရေး ဇောက်မချသော် လက်ရှိသည်လက်မဲ့ဖြစ်ပြီး မြေရှင်ဘဝက မြေငှားဘဝသို့ လုလုကြီးရောက်မှာ သေချာပြီတည်း။

(မဟာဗောဓိမြိုင်ဆရာတော်၊ ဘန္ဒန္တဥေယျမမ္မသာမိထေရ် ရေးသားသော ဉာဏဒဿနကထာကျမ်းမှ)

## "ရွှေရှင်ဆရာတော်"

နှလုံးသားမှာ ဘုရားတည်သည့် သာသနာပြုလုပ်ငန်းကို သာမညနေရာမှာထားပြီး မြေပြင်မှာ ဘုရားတည်သည့်လုပ်ငန်းကို အဓိကထားလာကြသောအခါ အချောင်သမားလူလိမ်များပါ ရောနှောပါဝင်လာကြ၏။ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကို အကြောင်းပြု၍ လိမ်ကြရာတွင် ဘာသာရေးကို အကြောင်းပြု၍ လိမ်နိုင်လျှင် တစ်သက်စာဖူလုံသည်အထိ တနင့်တပိုးရနိုင်သည်ကို သိထားသော လူလိမ်များသည် ဘာသာရေးနှင့် ပတ်သက်သော လိမ်ညာမှုများကို မကြောက်မရွံ့ပြုလုပ်လာကြ၏။

www.dhammaransi.com



ဘာသာရေးနှင့်ပတ်သက်သော လိမ်ညာမှုများတွင်လည်း ဘုရားတည်ပြီး လိမ်လျှင် ငွေသားများကိုသာမက စိန်ရွှေများကိုပါ တစ်ပါတည်း အလွယ်တကူရနိုင်သည်ကို သိထားသော လူလိမ်များသည် ဘုရားကိုဗန်းပြပြီး လိမ်ညာကြ၏။ တကယ့်ဖြစ်ရပ်နှစ်ခုကို ဖော်ပြအံ့။ (၁၉၅၀)ခုနှစ်ခန့်က သုံးဆယ်မြို့နယ် လိပ်အင်းရွာမှ ဒကာဒကာမများသည် ကိုးကွယ်စရာ ဘုန်းကြီးမရှိသဖြင့် ဘုန်းကြီးအရှာထွက်ကြ၏။ ဘုန်းကြီးကောင်းကို ရချင်လျှင် သီလ၊ သမာဓိ၊ ပညာဟူသော ပေတံဖြင့်တိုင်းတာပြီး ရှာဖွေကြရမည်ဖြစ်၏။

လိပ်အင်းရွာသားများကား ထူးဆန်းအံ့ဩစရာရှိမရှိဟူသော ပေတံဖြင့် တိုင်းတာပြီး ဘုန်းကြီးတစ်ပါးကို ရှာဖွေပင့်ဆောင်လာကြ၏။ ထူးဆန်းအံ့ဩစရာ ဖြစ်ရပ်များသည် လေးစားကြည်ညိုစရာမဟုတ်။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးသည်သာလျှင် လေးစားကြည်ညိုစရာဖြစ်၏။ ထူးဆန်းအံ့ဩစရာများကို ကြည်ညိုလျှင် မည်သည့်ကောင်းကျိုးမှ မရသည့်အပြင် အလိမ်ခံရခြင်းသာလျှင် အဖတ်တင်ကျန်ဘတ်၏။ စာရေးဆရာဦးဆန်းလွင် ငယ်ဘာသာဖြစ်စအချိန်က ပိဋကအမည်ခံ ဘိုးတော်များကို အလွန်လေးစားကြည်ညိုခဲ့၏။

သိက္ခာသုံးပါးကို ကြည်ညိုခြင်းမဟုတ်။ ထူးဆန်းအံ့ဩစရာ ဖြစ်ရပ်တို့ကိုသာ ကြည်ညိုခြင်းဖြစ်၏။ သူကိုးကွယ်သော ဘိုးတော်သည် ရေကိုမာတ်ဆီဖြစ်အောင် လုပ်ပြ၏။ ချိထားသော လက်အုပ်ထဲသို့ ခေတ်လုံးများ အလိုလိုရောက်လာအောင် လုပ်ပြ၏။ ထိုဘိုးတော်နှင့် စတွေ့ချိန်ကဆိုလျှင် ဦးဆန်းလွင်သည် ဥစ္စာစောင့်ဘဝမှ လာသော သူ့သမီး၏ နောက်ကြောင်းကို မေးမြန်းလို၏။ သူနှင့်သူ့သမီးနှစ်ယောက် သာသိထားသော ဥစ္စာစောင့်အကြောင်းကို တစ်ခြားမည်သူမျှမသိနိုင်ဟု ထင်ထား၏။

ထိုဘိုးတော်ရှေ့သို့ရောက်သည်နှင့်သူက မည်သည့်စကားမျှ မပြောရသေး၊ ဘိုးတော်က လျှောက်လွှာအလွတ်တစ်ရွက်ပေါ်သို့ လက်ဝါးနှင့် မိုက်ချလိုက်ပြီး သူ့ကိုပေးလိုက်၏။ စာရွက်ပေါ်အလိုလိုထင်လာသော စာများကား သူ့သမီး၏နောက်ကြောင်းရာဇဝင် အပြည့်အစုံ ဖြစ်နေ၏။ ဦးဆန်းလွင်တို့ မိသားစုကား ကြည်ညိုလေးစား၍ မဆုံးကြ။ ထိုအခါ

www.dhammaransi.com



မှစ၍ ဘိုးတော်သရက်ဂစ္ဆာမိ ဖြစ်သွားကြ၏။ ထူးဆန်းအံ့ဩစရာများသည် မျက်လှည့်ပညာကဲ့သို့ လိမ်ညာလှည့်စားခြင်းသာများ၍ လေးစားကြည်ညိုစရာ မဟုတ်။ ရွံရှာစရာ၊ စက်ဆုပ်စရာသာဖြစ်၏။

ထိုဘိုးတော်သည် လများမကြာမီမှာပင် လိမ်ညာမှုဖြင့် ထောင်ကျသွား၏။ သူသည်မကောင်းဆိုးဝါးများကိုမွေး၍ ခိုင်းစားနေခြင်းဖြစ်ကြောင်း နောင်အခါမှ သိကြရ၏။ ရေကို ဓာတ်ဆီဖြစ်စေရာ၌လည်း တကယ့်ရေကို ဓာတ်ဆီဖြစ်စေခြင်းမဟုတ်။ ရေပုံးထဲမှာရှိသည့်ရေနှင့် ဘိုးတော်အိမ်ခန်းထဲမှာရှိသည့် ဓာတ်ဆီကို လဲပေးလိုက်ခြင်းသာ ဖြစ်၏။

လိပ်အင်းရွာသားများ ပဲခူးနယ်မှ ပင့်လာသော ဘုန်းကြီးသည် ရေရှင်ဆရာတော်ဟူ၍ နာမည်ကြီး၏။ သူ၏လက်နှင့်ထိလိုက်သော ရေများသည် ဆူပွက်လှုပ်ရှားလာသည်ဆို၏။ ထိုရေကို ဆောင်ထားသောက်ထားလျှင် သိဒ္ဓိအမျိုးမျိုးပြီးသည် လာဘ်လာဘကောင်းသည်။ ရောင်းပန်းဝယ်ပန်းလှသည်ဟု ထင်ရှား၏။ ရန်ကုန်မြို့မှ သူဌေးများပင် လာရောက်ကိုးကွယ်ကြ၏။ ဝိဇ္ဇာလမ်းလိုက်သော ဂိုဏ်းဘုန်းကြီးများ ယုံးစုံအတိုင်း ဗေဒင်၊ ယတြာများပါလာသောကြောင့် လအနည်းငယ်အတွင်း လူစည်ကားသော ကျောင်းကြီးတစ်ကျောင်း ဖြစ်သွား၏။

လောက၌ အသိဉာဏ်ပညာရှိသူနှင့် မရှိသူတို့တွင် မရှိသူက လွန်စွာ များပြားရကား အနှစ်မရှိသူတို့ထံ၌ အဆံမရှိသူများ ပေါများနေသည်မှာ အံ့ဩချီးမွမ်းစရာမဟုတ်ချေ။ လူတို့၏ သည်းခြေကြိုက်ကို သိထားသော ရေရှင်ဆရာတော်သည် စေတီတော်တစ်ဆူတည်ဖို့ စိုင်းပြင်းနေ၏။ ဘုရားတည်မည်ဆိုသည်နှင့် ဒကာ၊ ဒကာမများသည် ငွေသားများသာမက လက်စွပ်လက်ကောက်များပါ ချွတ်လှူကြ၏။ ထူးခြားသည်ကား စေတီ၌ဌာပနာပိတ်သောအခါ မည်သူမျှ အနားလာမခိုင်းဘဲ သူတစ်ပါးတည်း ပိတ်ခြင်းပင်ဖြစ်၏။ စေတီထီးတော်တင်မည့်နေ့သည်ကား လိပ်အင်းရွာကြီးတွင် လူများကြက်ပျံမကျ စည်ကားနေ၏။ ရဟန္တာဟုပင် အထင်ခံရသော ရေရှင်ဆရာတော်သည် ရွှေရောင်တဝင်းဝင်းနှင့် ပလ္လင်ကြီးပေါ်တွင် အပူဇော်ခံလျှက်ရှိ၏။

သက်နှင်းလည်း ဝတ်ထား၏။ ဘုရားလည်းတည်နေ၏။ ရွှေရောင်ပလ္လင်ကြီးပေါ်မှာလည်း လူအများ၏ အပူဇော်ကို ခံလျှက်ရှိ၏။ ထိုမျှဖြင့်

www.dhammaransi.com



သူတော်ကောင်းအစစ်ဟု ဆိုနိုင်ပြီလော၊ မဆိုနိုင်သေးပါ။ ဗုဒ္ဓကသူတော်ကောင်းဟုတ်မဟုတ် တိုက်ကြည့်နိုင်ရန် ပေးထားသော မှတ်ကျောက်သည် ရုပ်ဝတ္ထုပစ္စည်းများမဟုတ်။ သုံးပါးသိက္ခာသာသနာဟု ဆိုအပ်သော သီလ သမာဓိ ပညာသာ ဖြစ်၏။ သူတော်ကောင်း ဟုတ်မဟုတ် တိုက်ကြည့်နည်း မှတ်ကျောက်ကို ဗုဒ္ဓက သဂါထာဝဂ္ဂသံယုတ်ပါဠိတော် သတ္တဇဋိလ သုတ်၌ ယခုလိုဟောကြားတော်မူခဲ့၏။

သူယုတ်မာတို့သည် ရွှေအတုကဲ့သို့ သူတော်ကောင်းများ အသွင်အပြင် အခြံအရံဖြင့် ဖုံးကွယ်လျက် လောက၌ လှည့်လည်နေကြကုန်၏။ သူတော်ကောင်းနှင့် ဆင်တူယိုးမှား ထိုပုဂ္ဂိုလ်ထူးများကို သီလ၊ သမာဓိ၊ ပညာမှတ်ကျောက်ဖြင့် ခွဲခြားကြည့်ညို ရာ၏။

လိပ်အင်းရွာသူရွာသားများသည် ရေရှင်ဆရာတော်ကို သူတော်ကောင်းဟုတ်မဟုတ်၊ မှတ်ကျောက်တိုက်ကြည့်ရာ၌ ဗုဒ္ဓပေးထားသည့် သီလ၊ သမာဓိ၊ ပညာဟူသော မှတ်ကျောက်ဖြင့် တိုက်မကြည့်ကြဘဲ ရုပ်ဝတ္ထုပစ္စည်းဟူသော မှတ်ကျောက်ဖြင့် တိုက်ကြည့်ကြသောကြောင့် သူတော်ကောင်းအစစ်ကို မည်သို့သောအခါတွင်မှ ကိုးကွယ်ခွင့်ရလိမ့်မည်မဟုတ်ပေ။ ထိုသို့ ရေရှင်ဆရာတော်အပူဇော်ခံနေသော အချိန်မှာပင် ကျောင်းဝိုင်းထဲသို့ ကားတစ်စင်းဝင်လာပြီး ဆရာတော်ကြီးတစ်ပါးနှင့် ဒကာဆယ်ယောက်ခန့် ကားပေါ်မှဆင်းလာကြ၏။

ရွာသားများက ပင့်သံဃာဆရာတော်ကြီးတစ်ပါးထင်၍ ဝိုင်းတွဲပြီး ရေရှင်ဆရာတော်အပူဇော်ခံရာ မဏ္ဍပ်ကြီးထဲသို့ ပင့်လာကြ၏။ အံ့ဩစရာကောင်းပေစွ၊ ရေရှင်ဆရာတော်သည် ထိုဆရာတော်ကြီးကို မြင်သည်နှင့် ပလ္လင်ပေါ်မှ ချက်ခြင်းခုန်ချကာ အနားမှာ အသင့်တွေ့ရသော ပုဆိုးနှင့် အင်္ကျီကို ကောက်ဝတ်ကာ ဆရာတော်ကြီးကို ကြောက်ရွံ့တုန်လှုပ်စွာ ကန်တော့လျက်နေ၏။ ချက်ချင်းလူဝတ်လဲလိုက်သော ရေရှင်ဆရာတော်ကို လိပ်အင်းရွာသူရွာသားများသည် မည်သို့မျှနားမလည်နိုင်အောင် ဖြစ်နေကြ၏။

ထိုအခါကျမှ ဆရာတော်ကြီးက-

'ဒကာ ဒကာမတို့ ဘာသာရေးမှာ အမှားမရှိချင်ရင် ယုံကြည်

www.dhammaransi.com



တဲ့သဒ္ဓါနဲ့ ဝေဖန်ဆန်းစစ်တဲ့ပညာဟာ ချိန်ခွင်လျှာလိုညီနေရတယ်။ သဒ္ဓါများပြီး ပညာပါးနေရင် လူလိမ်လူကောက်တွေကို သူတော်ကောင်း ထင်ပြီး ကိုးကွယ်မိတတ်တယ်"

ပညာကဲပြီး သဒ္ဓါနည်းနေရင်လည်း ကောက်ကျစ်စဥ်းလဲပြီး ငရဲထိ ကျတတ်တယ်။ စေတနာထားလိုက်ရင် ဒါနမြောက်တာပါပဲ၊ လှူဖွယ်ဝတ္ထုမလိုပါဘူးဆိုတဲ့အပြောမျိုး၊ ဘုရားဆွမ်းတော်ကပ်တာ ကြွက်စာပဲဖြစ်တယ်၊ ဘာအကျိုးမှမရှိဘူးဆိုတဲ့ အပြောမျိုး ဘုရား ဓာတ်တော်မှာလည်း ဓာတ်ကြီးလေးပါးပဲ၊ ကျောက်စရစ်ခဲမှာလည်း ဓာတ်ကြီးလေးပါးပဲ၊ ဘာမှထူးပြီး ကြည်ညိုစရာမလိုပါဘူးဆိုတဲ့ အပြော မျိုးတွေဟာ ပညာကဲပြီး သဒ္ဓါနည်းသူတွေဆီက ထွက်လာတဲ့ အဝိစိတံခါး ခေါက်သံ စကားတွေပဲပေါ့။

ဒီရွာသူရွာသားတွေဟာ သဒ္ဓါများပြီး ပညာပါးကြလို့ အခုလို အလိမ်ခံကြရတာပါ။ ရေရှင်ဆရာတော်ဆိုပြီး အပူဇော်ခံနေတဲ့ ဒီလူဟာ ဆရာတော်တို့ ရွာထဲက ဖဲရိုက် အရက်သောက်ပြီး လိမ်ညာစားသောက် နေတဲ့သူပါ။ ရဟန်းအစစ်လည်း မဟုတ်ပါဘူး။ သူ့ဘာသာသင်္ကန်း ပတ်ပြီး မကြာခဏလိမ်စားတတ်သူပါ။ အခုလည်း ဒီရွာမှာလိမ်စား နေတယ်ဆိုတာ သိရလို့ ဆရာတော်ကိုယ်တိုင် ရွာသူရွာသားတွေဆီကို လာပြီး သတိပေးနေတာပါ။ သူ့လိမ်နည်းက အဆင့်မြင့်ပါတယ်။ ဖော် မယ့်သူသာမရှိရင် ပေါ်မှာမဟုတ်ဘူး။ သူလိမ်တာကို မြန်မြန်သိချင်ရင် စေတီမှာပိတ်ထားတဲ့ ဌာပနာတိုက်ကို အခုပဲသွားဖွင့်ကြည့်ကြပါဟု အမိန့်ရှိ၏။ ထိုအခါကျမှ ရွာသူရွာသားများသည် ဌာပနာတိုက်ကို သွား ရောက်ဖွင့်ကြည့်ကြရာ ရွှေငွေရတနာများကို တစ်ခုမှမတွေ့တော့ပေ။ ထိုအခါကျမှ ရွာသူရွာသားများသည် အလိမ်ခံရမှန်းသိကြပြီး လူလိမ်ကို သတ်မည်ဖြတ်မည်လုပ်လာကြသဖြင့် သက်ဆိုင်ရာများက အမြန်ဖမ်းဆီး ပြီး ရဲစခန်းသို့ပို့လိုက်ကြရ၏။ ထို့ကြောင့်လယ်တီဆရာတော်ဘုရား ကြီးက-

www.dhammaransi.com



'နဖူးစွန်းနှင့်၊ ဒူးပွန်းခဲ့ကာ
ကိုးကွယ်ပါလည်း၊ ဆရာလွဲက
ငရဲအပါယ်၊ အမြစ်ကွယ်
ဝင့်နွှယ်ရှည်လျားရာ-ဟု သတိပေးရေးသားတော်မူခဲ့ခြင်းဖြစ်၏။ (၂၀၀၀)ခုနှစ်ခန့်ကလည်း မော်ဘီတွင် ဂဏန်းပေးပြီး ဘုရားတည်သော ဘုန်းကြီးတစ်ပါးပေါ်လာ၏။ စာရေးသူ၏ ဒကာအချို့ပင် ထိုရဟန်းထံ ရောက်သွားကြ၏။ ဒကာ ဒကာမ အများဝု၏ စိတ်ထဲတွင် စာရေးစာချ၊ တရားဟောတရားပြသည်ကို သာသနာပြုနေသည်ဟု မထင်ကြ။ ဘုရားတည်သော ကိုယ်တော်များကိုသာ သာသနာပြုနေသည်ဟုယူဆကြ၏။ ထိုအယူအဆသည် သာသနာကို အလျင်အမြန်ကွယ်စေမည့် အယူအဆတစ်ခုပင် ဖြစ်၏။

စာရေးသူကို သိက္ခာထပ်ဘူးသော ဒကာကိုယ်တိုင် ဦးဆောင်ပြီး ရွှေပြည်သာမှ ကားတစ်စီးဖြင့် အမြဲသွားကြ၏။ စာရေးသူ၏ ဒကာ၌ ကိုယ်ပိုင်ကားရှိ၏။ ရွှေပြည်သာမှ ဒကာ ဒကာမများနှင့်တကွ သာသနာကို မကြည်ညိုပဲ ဂဏန်းကိုသာ ကြည်ညိုကြသော အခြားမြို့မှ ဒကာ ဒကာမများ အုံးအုံးကြွက်ကြွက်သွား၍ ဂဏန်းလည်း တောင်းကြ၏၊ ဘုရားအတွက်လည်း ရွှေငွေများလှူကြ၏။

လပေါင်းများစွာသာ ကြာသွားသည်။ စေတီကား အုတ်မြစ်က မတက်ပေ၊ ထိုကိုယ်တော်ပေးသော ဂဏန်းများမှာလည်း တစ်ခါမှ ပါမလာ၍ အများစုမှာ မယုံသင်္ကာဖြစ်လာ၏။ ဒကာ ဒကာမအများစုမှာလည်း သောင်းနှင့်သိန်းနှင့်ချီ၍ ကုန်နေကြပြီဖြစ်၏။ စာရေးသူ၏ ဒကာဆိုလျှင် ထိုကိုယ်တော်၏ မြှောက်ပင့်ပြောဆိုတတ်မှုကို သဘောကျပြီး သိက္ခာပင် ထပ်လိုက်သေး၏။ 'ရွှေပြည်သာတစ်မြို့လုံးက တိုက်အကောင်းစားတွေကို မင်းအကုန်ပိုင်စေရမယ်၊ ရွှေပြည်သာတစ်မြို့လုံးခင်းမယ့် နိုင်လွန်ကတ္တရာလမ်း ဒကာဟာ မင်းပဲဖြစ်ရမယ်၊ ဒီဂဏန်းကို ရှိသမျှ ငွေပုံအောပြီးထိုး(ဒဲ့)ထွက်ရမယ်' စသောစကားများသည် သဒ္ဓါသာများပြီးပညာပါးသော စာရေးသူ၏ ဒကာအတွက် သွားရည်ယိုစရာ ဖြစ်ခဲ့သည်။

www.dhammaransi.com



ထိုသို့နှစ်လုံးသုံးလုံးထိုးရင်း လွဲရင်းနှင့် သူတစ်ဦးတည်းပင် သိန်းနှစ်ဆယ်ကျော်ကုန်သွားပြီဖြစ်၏။ ကျန်လူပေါင်းများစွာ ဆုံးရှုံးရသောငွေများပါ ပေါင်းကြည့်လျှင် နည်းလိမ့်မည်မဟုတ်ပေ။ ငွေတွေကုန်ပါများလာသောအခါ ဘေးမှလည်း ပြောလွန်းလှသဖြင့် ထိုဘုန်းကြီးအကြောင်းကို သေချာမေးမြန်းစုံစမ်းမည်ဟူသောအကြံဖြင့် လူအများကိုခေါ်ပြီး သွားကြ၏။

ထိုကျောင်းသို့ရောက်သောအခါ စေတီအုတ်မြစ်လေးသာ တွေ့ရတော့၏။ ၎င်းဘုန်းကြီးအတုသည် ရှိသမျှပစ္စည်းများကိုသိမ်း၍ ထွက်ပြေးသွား လေပြီ။ အနီးအနားမှလူများကို စုံစမ်းကြည့်သောအခါ ရဟန်းအစစ် မဟုတ်ဘဲ ယောင်ထွက်တစ်ယောက်သာဖြစ်ကြောင်း သင်္ကန်းပတ်ပြီး ယခုလိုပဲ နယ်အစုံ လျှောက်လိမ်စားနေကြောင်း သိကြရ၏။ ကုန်ရှုံးတော့တစ်ခေါက်၊ လင်ကုန်ရှုံးတော့ တစ်သက်လုံး မှောက်၊ ဆရာကုန်ရှုံးတော့ တစ်သံသရာလုံးမှောက်ဟူသော စကားပုံအတိုင်း ဆရာမှားက ဘဝသံသရာ အဆက်ဆက်နစ်နာ၏။

မောရသုတ်ပရိတ်ကို အမြဲရွတ်ဆိုသော ဘုရားအလောင်း ရွှေဥဒေါင်းမင်း အကြောင်းဝတ္ထုတွင် ဆရာမှားသော ပစ္စေကဗုဒ္ဓါအလောင်း မုဆိုးကြီးတစ်ယောက်အကြောင်း ပါရှိ၏။ ဘုရင်တစ်ပါးသည် ဟိမဝန္တာတောအတွင်းမှ ရွှေဥဒေါင်းကြီးကို ရလိုသဖြင့် မုဆိုးကြီးများကို ဖမ်းခိုင်း၏။ မုဆိုးများသည် နည်းမျိုးစုံသုံး၍ ဖမ်းသော်လည်း ရွှေဥဒေါင်းနေ့စဉ်ရွတ်ဆိုသော မောရသုတ်ပရိတ်တန်ခိုးကြောင့် တစ်ကြိမ်တစ်ခါမှ ဖမ်း၍မမိပေ။ ထိုဘုရင်နတ်ရွာစံခါနီးအချိန်ရောက်သောအခါ ဖမ်းမရသော ဥဒေါင်းမင်းကြီးအပေါ် ရန်ငြိုးဖွဲ့ပြီး ရွှေပေလွှာတွင်စာကမ္ဗည်းတင်ခဲ့၏။ ထိုစာကား- ဟိမဝန္တာတောမှ ရွှေဥဒေါင်းမင်း၏ အသားကိုစားရလျှင် မအိုမနာမသေသော အဖြစ်ကို ရမည်ဟူ၍ ဖြစ်၏။ နောက်တက်လာသော ဘုရင်အဆက်ဆက်သည် ရွှေပေလွှာကို ဖတ်ပြီး အဟုတ်မှတ်ထင်ကာ မုဆိုးကြီးများကို ဟိမဝန္တာတောတွင်း သို့လွှတ်ပြီး ဥဒေါင်းမင်းကို ဖမ်းခိုင်းကြ၏။

www.dhammaransi.com



မင်းအဆက်ဆက်သာ နတ်ရွာစံသွားကြသည်။ ရွှေဥဒေါင်းမင်းကို ရမသွားကြ။ တစ်ဆက်သောမင်းလက်ထက်တွင် ဥဒေါင်းမင်းကို ဖမ်းပေးရန်တာဝန်ယူရသောမုဆိုးကြီးသည် ပါးရည်နပ်ရည်ရှိ၏။ ထို့ကြောင့် မုဆိုးအဆက်ဆက် အဘယ်ကြောင့်ဖမ်းမရသနည်းဆိုသည်ကို သေချာလေ့လာ၏။ ထိုအခါမောရသုတ်ပရိတ်ကို နံနက် ညနေ့စဉ် ရွတ်နေခြင်းကြောင့်ဖြစ်ကြောင်း သိရှိသွား၏။ သည်ပရိတ်ကို ရွတ်နေသမျှ မည်သို့သောအခါမှ ဖမ်းမရနိုင်ဆိုသည်ကိုလည်း နားလည်သွား၏။

ထို့ကြောင့် ပရိတ်မရွတ်ဖြစ်အောင် သင်ကြားပေးထားသော ဥဒေါင်းမတစ်ကောင်နှင့် ဖျားယောင်း၏။ ထိုအခါ ဥဒေါင်းမင်းကြီးသည် ရွတ်နေကျပရိတ်ကို မရွတ်နိုင်တော့ဘဲ ဥဒေါင်းမနောက်သို့ တကောက်ကောက်လိုက်တော့၏။ ထိုအခါ မုဆိုးထောင်ထားသော မုဆိုးကျော့ကွင်းတွင်မိကာ လေထဲတွင် ဇောက်ထိုးကြီး ဖြစ်နေရှာ၏။ ထိုသို့ ဥဒေါင်းမင်း၏ ဒုက္ခကို မြင်ရသောအခါ မုဆိုးကြီးသည် ပစ္စေကဗုဒ္ဓအလောင်းဖြစ်သောကြောင့် မဖမ်းရက် မသတ်ရက်တော့ဘဲ သနားသွား၏။ ပြီးနောက် ညှတ်ကွင်းမှ ပြန်လွှတ်ပေး၏။ ထိုအခါ ဥဒေါင်းမင်းက သေချာပြန်မေး၏။

'မုဆိုးကြီး ငါ့ကို ဖမ်းမိပြီးကာမှ အဘယ်ကြောင့် ပြန်လွှတ်ပေးရသနည်း'

'သနားစိတ်ဝင်လာသောကြောင့် ဖြစ်ပါသည်'

'သနားစိတ်သည် သူတော်ကောင်းတို့သန္တာန်တွင်သာ ရှိနိုင်သောတရားဖြစ်၏။ သင်သည် ကြင်နာသနားတတ်သောစိတ်ရှိပါလျက် အဘယ်ကြောင့် မုဆိုးအလုပ်ဖြင့် အသက်မွေးရသနည်း'

'ကျွန်ုပ်ကိုးကွယ်သော ဆရာများက ကုသိုလ် အကုသိုလ်ဟူသော အကြောင်းတရားသည် မရှိ၊ ထိုကုသိုလ် အကုသိုလ်၏ ကောင်းကျိုး/ဆိုးကျိုးဟူသော အကျိုးတရားသည် မရှိဟူ၍ ဆုံးမသွန်သင်သောကြောင့် မုဆိုးအလုပ်ဖြင့် အသက်မွေးခြင်းဖြစ်ပါသည်'

'ဤအယူအဆသည် မှားသောအယူအဆသာ ဖြစ်၏။ ကုသိုလ်၊ အကုသိုလ်လည်း ရှိ၏။ ကုသိုလ် အကုသိုလ်၏ ကောင်းကျိုးဆိုးကျိုး

www.dhammaransi.com



သည်လည်း ရှိ၏။ သင်သည် ယနေ့မှစ၍ ကုသိုလ်အမှုကိုသာပြု၍ အကုသိုလ် အမှုကိုရှောင်ရှားလော့' စသော ဥဒေါင်းမင်း၏ မှန်ကန်သော အဆုံးအမကို နာယူရသောအခါတွင်မှ မုဆိုးကြီးသည် ကမ္မဿကတာ သမ္မာ ဒိဋ္ဌိအလင်းကို ရသွား၏။

ပစ္စေကဗုဒ္ဓါအလောင်းဖြစ်ရကား ကမ္မဿကတာ သမ္မာဒိဋ္ဌိ အလင်းမှ တစ်ဆင့် ဝိပဿနာ သမ္မာဒိဋ္ဌိဒီအလင်းသို့ ရောက်အောင် ဆက်လက်ရှုသောအခါ သစ္စာလေးပါးကို ကိုယ်တိုင်ထိုးထွင်း၍ သိသော ပစ္စေကဗုဒ္ဓါဖြစ်သွား၏။ ဤမုဆိုးကြီးသည် ပစ္စေကဗုဒ္ဓါအလောင်းဖြစ် သော်လည်း နိယတမိစ္ဆာဒိဋ္ဌိအယူရှိသည့် ဆရာမှားများကို ကိုးကွယ်မှား သောကြောင့် သားသတ်သမားမုဆိုးဘဝသို့ ရောက်ခဲ့ရ၏။

ဘုရားအလောင်း ဥဒေါင်းမင်းနှင့်သာမတွေ့လျှင် ပါဏာတိပါတာ အကုသိုလ်ကံများကြောင့် ပစ္စေကဗုဒ္ဓါ ဖြစ်ခွင့်မရပဲ အပါယ်သို့ ကျမည်ဖြစ်၏။ ပစ္စေကဗုဒ္ဓါပုဂ္ဂိုလ်အလောင်းတစ်ယောက်ပင် ဆရာ မှားသည့်အတွက် အပါယ်ကျလုဆဲဆဲဖြစ်ခဲ့သေးလျှင် သူလိုကိုယ်လို သာမန်ပုဂ္ဂိုလ်များ ဆရာမှားပါကအပါယ်ကျမည့်အရေးမှာ ပြောဖွယ် ရာပင်မရှိတော့ပေ။ ဆရာမမှားလိုသော ဗုဒ္ဓဘာသာများအနေဖြင့်

ကြည်ညိုရာမှာ၊ အများသံဃာ
ကိုးကွယ်ရာမှာ၊ ရွေးချယ်ပါ

ဟူသော အဆုံးအမအတိုင်း ရဟန်းသံဃာမှန်သမျှကို ကြည်ညို ရမည်သာဖြစ်၏။ တတ်နိုင်သမျှ လှူဒါန်းရမည်သာဖြစ်၏။ မိတ်ဆွေ ကောင်း သို့မဟုတ် ဆရာကောင်း၏ အင်္ဂါ (၇)ချက်ကို ဗုဒ္ဓက သတ္တကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောတော်မူခဲ့၏။ ထို(၇)ချက်ကို လွယ်ကူစွာ မှတ်မိရန် မန်လည်ဆရာတော်က မဃဒေဝတွင် ယခုလို ရေးသားခဲ့၏။

<u>ဆရာကောင်းအင်္ဂါ(၇)ဖြာ</u>

ရိုသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်။
လွဲမိုက်ဆုံးမ၊ မေးသမျှခံ
မမွှံနက်နဲ၊ ဟောနိုင်မြဲ၍
ကျိုးနည်းမတာန်း၊ ခုနစ်ခန်းနှင့်

www.dhammaransi.com



ပြည့်လျှမ်းညီညာ၊ ဤဆရာ
မွေးရှာတပည့်ခံ။

**မိမိကိုးကွယ်မည့် ဆရာသည်**

၁။ သိက္ခာသုံးပါးနှင့် သင်္ဂဟတရားလေးပါးကြောင့် ရိုသေထိုက်သော ဂုဏ်ရှိရမည်။

၂။ သိက္ခာသုံးပါးနှင့် သင်္ဂဟတရားလေးပါးကြောင့် ချစ်ခင်ထိုက်သောဂုဏ်ရှိရမည်။

၃။ သိက္ခာသုံးပါးနှင့် သင်္ဂဟတရားလေးပါးကြောင့် ချီးမွမ်းထိုက်သောဂုဏ်ရှိရမည်။

၄၊ မိမိလွဲမှားနေသည်ကို ဆုံးမပေးနိုင်စွမ်းရှိရမည်။

၅၊ မိမိထံမေးသမျှကို အတတ်နိုင်ဆုံး ပြေလည်အောင် ဖြေဆိုနိုင်ရမည်။

၆။ နက်နဲသော သစ္စာလေးပါးတရားကို ဟောကြားနိုင်ရမည်။

၇။ အကျိုးနည်းရာမှ အကျိုးများရာသို့ ညွှန်ကြားနိုင်ရမည်။

**သင်္ဂဟတရားလေးပါး**

ဒါန. . . စွန့်ကြဲပေးကမ်းသူ ဖြစ်ရမည်။ လောဘကင်းရမည် (သို့ မဟုတ်) လောဘနည်းသူ ဖြစ်ရမည်ဟုသိစေလိုရင်း ဖြစ်၏။

ပေယျဝဇ္ဇ-----ချစ်ခင်နှစ်သက်ဖွယ် စကားရှိရမည်။ ဒေါသကင်းရမည်။ (သို့မဟုတ်)ဒေါသနည်းသူဖြစ်ရမည်ဟု ဆိုလိုရင်းဖြစ်၏။

အတ္ထစရိယာ----တပည့်၏ ကောင်းကျိုးကို ကျင့်ဆောင်နေသူဖြစ်ရမည်။

သမာနတ္တတာ---တန်းတူညီတူ ဆက်ဆံသူ ဖြစ်ရမည်။

**သာသနာပြုခြင်း-၁**

ချင်းပြည်နယ် မင်းတပ်မြို့နယ် ကျောက်တော်ရွာတွင် အရှင်စန္ဒိမာဝံသက နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုဖြင့် ကျောင်းဆောက်သာသနာပြုလျှက်ရှိ၏။ ကလေးတို့၏ နှလုံးသားမှာ သာသနာပြုနိုင်ရန်အတွက် ဘုရားတည်နိုင်ရန်အတွက် ဘုန်းတော်ကြီးသင်မူလတန်း

www.dhammaransi.com



ဖွင့်ပြီးချင်းကလေးများကို မူလတန်းကျောင်းပညာနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို သင်ပေးလျက်ရှိ၏။ ကျောင်းဆရာမလေးတစ်ယောက်ကိုလည်း ငှားထားရ၏။ တစ်နေ့တွင် ထိုဆရာမလေးနေမကောင်းသဖြင့် သူငယ်ချင်းဖြစ်သူ ဘာသာခြားဆရာမလေးတစ်ယောက်အစားလာသင်ပေး၏။

ထိုဘာသာခြား ဆရာမလေးလာသင်သောနေ့မှာပင် အရှင်စန္ဒိမာဝံသက ကလေးများအား ဖော်ပြမည့် ကဗျာလေးကို အဓိပ္ပာယ်ပြောရင်း သင်ပေးနေသည်။ ကလေးကဗျာလေးဖြစ်သော်လည်း စူးရှလေးနက်သော အဓိပ္ပါယ်များကို လွယ်လွယ်လေးနှင့်သိအောင် စပ်ထားသဖြင့် ကလေးငယ်များ၏ နှလုံးသားတွင်သာမက ဘာသာခြား ဆရာမလေး၏နှလုံးသားတွင်ပါ ဘုရားတည်ပြီးသားဖြစ်သွားသော အကြောင်းကား ထိုကဗျာလေးကို နားထောင်ပြီးသည်နှင့် ဘာသာခြားဆရာမလေးသည် ဗုဒ္ဓဘာသာအဖြစ် ခံယူလိုက်ခြင်းကြောင့်ပါတည်း။ ဗုဒ္ဓဘာသာအဖြစ် ခံယူလိုက်သည်နှင့် ဆရာမလေး၏ ရင်ထဲတွင် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးတည်သွားပြီ ဖြစ်သည်။ ထိုသိက္ခာသုံးပါးသည် ကိလေသာဆယ်ပါးကို သူ့အဆင့်နှင့်သူ ကုန်အောင်သတ်ပြီး နိဗ္ဗာန်ထိ ပို့ပေးမည့် ဗုဒ္ဓ၏အဆုံးအမသာသနာပင် ဖြစ်၏။ ထိုသီလ၊ သမာဓိ၊ ပညာဟူသော သိက္ခါသုံးပါးကို ဘာသာခြားဆရာမလေး၏ ရင်ထဲရောက်အောင် ပြုပေးသည့်အတွက် အရှင်စန္ဒိ မာဝံသ၏ လုပ်ဆောင်ချက်ကို သာသနာပြုခြင်းဟုခေါ်၏။

"ဖန်ဆင်းရှင်သုံးဦး"

သားတို့သမီးတို့ စဉ်းစားပါ
အရပ်းတော့ မယုံစရာ
စာမေးပွဲမှာ အောင်လိုက
စာကြိုးစားလိုက်ကြ
ဇွဲနှင့်လုံ့လ အရင်းခံ
ကြိုးစားအချိန်မှန်မှန်
ထိုသူကောန် ချမ်းသာပွား

www.dhammaransi.com



ပညာစီးပွားကောင်းကျိုးများ
မကြိုးစားပဲ အပျင်းထူ
ဆုပဲတောင်းနေသူ
ကယ်မည့်သူ ဘယ်မရှိ
သေချာဒုက္ခရောက်မည်သိ
ကိုယ်၏စွမ်းအား ကိုယ်ကိုးပါ
သေချာကြီးပွားတိုးတက်မှာ
ဗုဒ္ဓမြတ်စွာ ဟောညွှန်ကြား
ကောင်းကျိုးလိုလား ကျင့်စေသား
ကံ ဉာဏ် ဝီရိယ စွမ်းအားများ
ဖန်ဆင်းရှင်လို့ မှတ်စေသား။

**မှတ်ချက်။ ။** ဗုဒ္ဓဘာသာဝင်ဖြစ်သွားသော ဆရာမလေး ကိုယ်တိုင် ဤကဗျာနှင့်ဆောင်းပါးကို အပွမာဒမဂ္ဂဇင်းတွင် ရေးသားခဲ့ခြင်းဖြစ်၍။ ကလောင်အမည်ကို ရှယ်ငြိမ်းပိုင်ဟုသုံးထား၏။

## သာသနာပြုခြင်း-၂

သူ့အမည်ကို ဦးစိန်ထွန်းဟုခေါ်၏။ သူသည်(၁၃၀၉)ခုနှစ်ကတည်းကပင် ဟောကြားပြသလာသော ဆရာကြီးဦးကြင်ရွှေ၏ ပဋ္ဌာန်း ဝိပဿနာသင်တန်း တရားခွေများကို တစ်ညတစ်နာရီ နာကြားအားထုတ်နေသည်မှာ လေးနှစ်ခန့်ရှိပြီ ဖြစ်၏။ သူသည် အစိုးရဌာနတစ်ခုတွင် အရာရှိ အလုပ်တစ်ခုကိုရ၏။ ထိုနေရာသည် စက်သုံးဆီများကို ကိုင်ရသောကြောင့် ရောက်လာသော အရာရှိမှန်သမျှ တိုက်ဆောက်ကားစီး သွားရသည်သာလျှင် ဖြစ်၏။ အန္တရာယ်ကင်းကင်းယူလျှင်ပင် တစ်လ လျှင် ခြောက်သိန်း၊ ခုနှစ်သိန်းလောက် ရနိုင်သောနေရာ ဖြစ်၏။

သို့သော်သူကား တစ်ပြားတစ်ချပ်မျှမယူ။ တရားဝင်ရသော လစာလေးဖြင့်သာ လောက်ငအောင်သုံးစွဲ၏။ သူ့တွင် မိဘနှစ်ပါးနှင့် နှစ်မသုံးယောက် ရှိ၏။ အိမ်ထောင်မရှိပေ။ ဘေးပေါက်ယူခြင်း၊ လာဘ်စားခြင်း မှန်သမျှသည် ခိုးယူခြင်း တစ်မျိုးသာဖြစ်၏။ ကင်္ခါအဋ္ဌကထာ၌ လာသော ခိုးခြင်း (၂၅)ပါးတွင် ထေယျာဝဟာရ ခိုးယူခြင်း၌ ပါ၏။

www.dhammaransi.com



ထေယျာဝှဟာရဟူသည် လိမ်ညာလှည့်ပတ်၍ ယူခြင်းဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် လူမသိအောင် အိမ်နောက်ဖေးမှ တက်ခိုးမှ ခိုးယူခြင်း မည်သည် မဟုတ်။ မသမာသောနည်းဖြင့် ရယူခြင်းမှန်သမျှကို ခိုးယူခြင်း ဟူသာ မှတ်အပ်၏။

ရေများ ရေနိုင်၊ မီးများမီးနိုင် ဟူသော စကားအတိုင်း မကောင်းသူက များသောအခါ ကောင်းသောသူများ နေရာမရှိ ဖြစ်လာ၏။ သူနှင့် အဆင့်တူ အရာရှိနှင့် ကျန်ဝန်ထမ်းများက ကိုစိန်ထွန်းကို ဌာနမှာ ဆက်မနေနိုင်အောင် အမျိုးမျိုး ဒုက္ခပေးကြ၏။ အကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံး အကြောင်းသည် အယောနိသော မနသိကာရ ခေါ် သင့်တင့်အောင် နှလုံးမသွင်းနိုင်ခြင်း တစ်နည်း မကောင်းမြင်ဝါဒ ရှိခြင်း ဖြစ်၏။ ကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် ယောနိသော မနသိကာရ သင့်တင့်အောင် နှလုံးသွင်းခြင်း တစ်နည်း အကောင်းမြင်ဝါဒ ရှိခြင်း ဖြစ်၏။

ထိုအကောင်းမြင်ဝါဒသည် နှယ်နှယ်ရရ မဟုတ်။ သောတာပန်တည်ရန်အတွက် လိုအပ်သော အင်္ဂါလေးချက်တွင် တစ်ချက် အပါ အဝင် ဖြစ်၏။

ထိုယောနိသော မနသိကာရသည် တရားသိသူ၏သန္တာန်မှာသာ ရှိ၏။ တရားမသိသူ၏ သန္တာန်မှာ မရှိချေ။ ကိုစိန်ထွန်းသည် တရားသိသူ ဖြစ်၏။ ထို့ကြောင့် ယောနိသော မနသိကာရ ရှိ၏။ အရာရှိအချို့နှင့် ဝန်ထမ်းအချို့က သူ့ကို ဌာနမှာ ဆက်မနေနိုင်အောင် လုပ်ခြင်းသည် စိတ်ဆင်းရဲစရာ အကုသိုလ်ဖြစ်စရာ မကောင်းသော လောကဓံ ဖြစ်၏။ သို့သော် ကိုစိန်ထွန်းက ယောနိသော မနသိကာရ၏ စွမ်းရည်ဖြင့် စိတ်ချမ်းသာစရာ ကုသိုလ်ဖြစ်စရာ ကောင်းသော လောကဓံအဖြစ် ပြောင်းလိုက်၏။

မည်တဲ့သို့ပြောင်းလဲလိုက်လေသနည်း။ ငါ့ကို မြန်မြန်တော ထွက်ပြီး တရားအားထုတ်ဖြစ်အောင် ဝိုင်းဝန်းကူညီကြတာပဲဟု နှလုံးသွင်းလိုက်ပြီး ရဟန်းပြုကာတောထွက်သွားခဲ့သည်။ အိမ်နှင့်ပင် အဆက်အသွယ်မပြုတော့ပဲ တောထွက်တရားအားထုတ်နေသည်မှာ ယခုဆို လျှင် ငါးနှစ်ကျော်ပင် ရှိနေပြီဖြစ်၏။ ပခုက္ကူ ဝိပဿနာသင်တန်းတရားကို နာကြားလိုက်ရသည့်အတွက် သိက္ခာသုံးပါးသည် ကိုစိန်ထွန်း၏

www.dhammaransi.com



နှလုံးသားတွင် တည်သွား၏။ ထို့ကြောင့် အဒိန္နာဒါန ဒုစရိုက်ကို မပြုတော့ခြင်းဖြစ်၏။ ဤသည်ကား ဗုဒ္ဓအလိုကျ သာသနာပြုခြင်း အစစ်အမှန်ပင် ဖြစ်၏။

သူတော်ကောင်း ပုထုဇဉ်သည်လည်း ငါးပါးသီလလုံခြုံ၏။ သီလလုံခြုံမှုခြင်းတူနေရကား မည်သူသည် ပုထုဇဉ် မည်သူသည် သောတာပန်ဟု မည်သို့သောနည်းဖြင့် ခွဲခြားမည်နည်း။ ဤကား အမေးတည်း။

**အဖြေကား** - ပုထုဇဉ်၏ သီလလုံခြုံမှုသည် အကြောက်တရားကြောင့် အောင့်အည်းပြီး လုံခြုံရခြင်း ဖြစ်၏။ ထောင်ကျမှာ သိက္ခာကျမှာစသည်တို့ကို ကြောက်ခြင်းမျိုးကိုဆိုလို၏။ ထို့ကြောင့် မအောင့်အည်းနိုင်သောအခါတွင် ပုထုဇဉ်သည် သီလကို ဖောက်ဖျက်မည်ဖြစ်၏။

သောတာပန်ကား သီလဖောက်ဖျက်ချင်သော စိတ်ဆိုးစေတနာဆိုးများကို မဂ်ကပယ်သတ်ပြီးဖြစ်သောကြောင့် သီလကို ဖောက်ဖျက်ချင်သောစိတ်များပင် ပေါ်မလာတော့ခြင်း ဖြစ်၏။ ထို့ကြောင့် သောတာပန်သည် ယခုဘဝသာမက ဘဝသံသရာ အဆက်ဆက် မည်သို့သော ဘဝတွင်မှငါးပါးသီလကို ဖောက်ဖျက်တော့မည်မဟုတ်ပေ။ ပုထုဇဉ်၏သီလကို ပုဂ္ဂိုလ်ကစောင့်ထိန်းခြင်းဖြစ်၏။ သောတာပန်၏ သီလကိုမဂ်က စောင့်ထိန်းခြင်းဖြစ်၏။ ပုဂ္ဂိုလ်က စောင့်ထိန်းသော ကိုယ်ကျင့်သီလသည် စိတ်မချရ၊ မဂ်က စောင့်ထိန်းသော သီလမှသာ စိတ်ချရ၏။

ဖဆပလ အစိုးရလက်ထက်က မြန်မာတစ်ပြည်လုံး ငါးပါးသီလ လုံခြုံရေး အဖွဲ့ကြီးကို ဖွဲ့စည်းဘူး၏။ ခေတ်ပညာတတ် ဘွဲ့များစွာ ရထားသော ပုဂ္ဂိုလ်ကြီးတစ်ဦးကို ဥက္ကဋ္ဌခန့်ကြ၏။ လများမကြာမီမှာပင် ထိုဥက္ကဋ္ဌကြီးသည် အသင်းငွေများကို ခိုးယူထွက်ပြေးသွားသောကြောင့် ငါးပါးသီလ လုံခြုံရေးအဖွဲ့ကြီးပျက်စီးသွားခဲ့ရဘူး၏။ ထို့ကြောင့် ဆရာကြီးဦးရွှေအောင်က အမြင်များ ပြောင်းလဲခြင်း စာအုပ် စာမျက်နှာ ၁၆၄တွင် ယခုလို ရေးသားခဲ့၏။

www.dhammaransi.com



## "ဗဟုသုတနှင့် ကိုယ်ကျင့်သိက္ခာ"

ဗုဒ္ဓဓမ္မသာသနာတော်အရေးဆိုလျှင် ကိုယ်ကျင့်သိက္ခာဖြူစင်မှုအပေါ် တည်ဆောက်မထားသော စိတ်ဓာတ်ခိုင်မာမှုသည် အန္တရာယ်ရှိသော ခေါင်းမာမှုတစ်မျိုးပင်ဖြစ်သည်။ တဖန်ခေါင်းမာမှုအပေါ် တည်ဆောက်ထားသောပညာကား ပညာစစ်မဟုတ်။ ဗဟုသုတသာ ဖြစ်၏။ အကယ်၍ ဗဟုသုတကို ကိုယ်ကျင့်သိက္ခာမြင့်မားမှုအပေါ်၌ မတည်ဆောက်ပါက ဗဟုသုတများလေ အမှားကိုကျူးလွန်တတ်လေဟူ၍ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ပါရာဒိကဏ္ဍပါဠိတော် ဝေရဥ္စကဏ္ဍ ပညတ္တိယာစနကထာ၌ ဟောကြားတော်မူချက်လည်း ရှိ၏။

ထို့ကြောင့် ကိုယ်ကျင့်သိက္ခာခိုင်မာအောင် တည်ဆောက်ရန် မကြိုးစားဘဲ ပညာတတ်ဖြစ်အောင် ကြိုးစားခြင်းသည် ဖြတ်လမ်းဖြစ်သဖြင့် လောကအတွက် ကြီးမားသောအန္တရာယ်ကို ယူဆောင်ရာရောက်တတ်ပါ၏။ ထို့ကြောင့် ဖြတ်လမ်းဟူ၍ မရှိဘဲ အစဉ်အတိုင်းသာ ကျင့်ရသော ဗုဒ္ဓဘာသာကျင့်စဉ်အရ ကိုယ်ကျင့်သိက္ခာကောင်းအောင် ပထမဦးစွာ အလေးထား၍ ကျင့်ရန်လိုလေ၏။

## သာသနာပြုခြင်း(၃)

သူ့အမည်ကို ဒေါ်မြရင်ဟု ခေါ်၏။ စာဖြူကရင်ကိုင်းရင်းသူ အမျိုးသမီးကြီး ဖြစ်၏။ စာဖြူအဓိပ္ပာယ်မှာ မြန်မာသက္ကရာဇ် ၁၁၀၀ ကျော်ခန့်က ဒေါက်တာဂျပ်ဆင်ခေါ် ဆရာယုဒသန်သည် မြန်မာပြည်သို့ ခရစ်ယာန်သာသနာကို သယ်ဆောင်လာခဲ့၏။ သူသည် လူစည်ကားရာ နေရာများသို့ အမြဲရောက်နေတတ်ပြီး လာသမျှလူများကို သမ္မာတရားတော်များ ရေးသားထားသည့် စာရွက်ဖြူလေးများကို ပေးကမ်းတတ်၏။ ထိုစာရွက်ဖြူလေးများကို အကြောင်းပြုပြီး ခရစ်ယာန်ဘာသာကို စာဖြူဘာသာဟု လွယ်လွယ်ခေါ်ကြ၏။ ထိုမှတဆင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသော ကရင်များကိုလည်း စာဖြူကရင်ဟု ခေါ်ကြခြင်းဖြစ်၏။

ဒေါ်မြရင် အသက် (၁၆)နှစ်ခန့်တွင် ကြွမ်းတမ်းရှိုင်းစိုင်းသော ဘာသာဝင်တစ်ဦး၏ လေးယောက်မြောက် မယားငယ်ဘဝသို့ ရောက်ခဲ့

www.dhammaransi.com



ရသည်၊ ထိုသူသည် ဒေါ်မြရင်ကို အောက်လမ်းဆေးအစုံသုံးပြီး ယူခဲ့ခြင်းဖြစ် ၏။ ဒေါ်မြရင်၏ မိဘများသည် ဆရာဝန်များဖြစ်၍ အိမ်၌ ဆေးခန်း ဖွင့်ထား၏။ ထိုသူသည် သူဌေးကတော်တစ်ဦးကို ကားမောင်းပြီး ဆေးခန်းလိုက်ပို့ရင်း ဒေါ်မြရင်ကို တွေ့သွားခြင်း ဖြစ်၏။ ထိုစဉ်က ပင် ထိုဘာသာခြား၏ အသက်မှာ လေးဆယ်နားကပ်နေပြီ ဖြစ်၏။ အသက် ချင်းကလည်းကွာ၊ ဘာသာချင်းကလည်း ကွာ၊ အဆင့်အတန်း ချင်းကလည်း ကွာနေသောအခါ ထိုသူသည် တစ်ဖိုသာ ကြည့်တတ်သော သူတို့၏ ထုံးစံအတိုင်း ကွမ်းယာတွင် အောက်လမ်းဆေးထည့်ပြီး ဆေးခန်းမှ နပ်(စ်)မလေးမှတဆင့် ဒေါ်မြရင်ကို ရအောင်ကျွေးခဲ့၏။

ထိုကွမ်းယာကို စားပြီးသည်နှင့် ဒေါ်မြရင်သည် ထိုဘာသာခြားကို မမြင်ရ မနေနိုင် ဖြစ်ပြီး လိုက်ပြေးသွားတော့၏။ သုံးလခန့် ဘာမှ မသိတော့ပဲ ထိုသူ၏ ရင်ခွင်ထဲတွင် ဘဝမေ့နေသလို ဖြစ်နေသည်ဟု ဒေါ်မြရင် ကိုယ်တိုင်ပြောပြ၏။ သုံးလကျော်ပြီး ဆေးပြယ်သွားသော အခါတွင်မှ မိမိဘဝအမှန်ကို ပြန်အမှတ်ရပြီး ရက်ပေါင်းများစွာ ရှိုက်ကြီးတငင် ငိုကြွေးခဲ့ရသည်ဟု ဆို၏။ ဘွားဘောစဉ်းစားတတ်သော အရွယ် မဟုတ်ရကား နောက်ဆုံးတွင် ခင်ပွန်း၏ ဘာသာထဲသို့ ဝင်လိုက်ရသည့် အပြင် လေးဖောက်မြောက် မယားဘဝကိုလည်း ခံယူလိုက်ရတော့သည်။

စိတ်ဆင်းရဲစရာနှစ်များကို ကျော်ဖြတ်ရင်းဖြင့် သားလေးယောက် သမီးတစ်ယောက် ထွန်းကားခဲ့၏။ ဤကဲ့သို့သော လူယုတ်မာနှင့် ရင်ကွဲ သို့မဟုတ် သေကွဲ ကွဲပါစေဟု အမြဲ ဆုတောင်း၏။ သူမ၏ အသက်လေးဆယ်ခန့်တွင် ထိုဆုတောင်းပြည့်၏။ ထိုသူသည် ရောဂါတစ်ခုဖြင့် ကွယ်လွန်သွားခဲ့၏။ ဒေါ်မြရင်သည် နောက်အိမ်ထောင် မပြုဘဲ သားသမီးငါးယောက်ကို အရွယ်ရောက်သည်အထိ ပင်ပန်းကြီးစွာ လုပ်ကိုင်ကျွေးမွေးခဲ့ရ၏။

သားသမီးငါးယောက်အနက် သုံးယောက်သည် ဘဝကံပါရမီ အလျောက် ဗုဒ္ဓဘာသာဖြစ်သွားကြ၏။ ကျန်သားတစ်ယောက်၊ သမီးတစ်ယောက်နှင့် ဒေါ်မြရင်တို့သည်သာလျှင် ကြမ်းတမ်းသော ဘာသာထဲတွင် ဆက်လက်ပျော်ပိုက်နေကြ၏။ တစ်နေ့တွင် ရွှေပြည်သာ

www.dhammaransi.com



တွင်နေသော ဗုဒ္ဓဘာသာဝင်သားတစ်ယောက်ထံသို့ ဒေါ်မြရင် အလည်ရောက်လာ၏။ သူ့ဘာသာ၏ သွန်သင်ချက်အတိုင်း အယူသီးသော ဒေါ်မြရင်သည် သီးသန့်ရေအိုး၊ ရေခွက်နှင့်သာ ရေသောက်၏။ ဟင်းဆိုလျှင် ကိုယ်တိုင်လည်လှီးသားကိုသာစား၏။ သားနှင့်ခွေးမတို့ချက်ကျွေးသော သေပြီးသားအသားကို မစားပေ။

တစ်ရက်တွင် စာရေးသူကျောင်း၌ လုပ်အားပေးနေသော သူ့မြေးလေးတစ်ယောက်ကို လာခေါ်ရင်း ကျောင်းအပေါ်ထပ်သို့တက်လာ၏။ ဘုရားကိုလည်း ဦးမချ၊ စာရေးသူကိုလည်း ဦးမချသောကြောင့် ဘာသာခြားဖြစ်ကြောင်း စာရေးသူက သတိထားမိလိုက်၏။ ထိုအချိန်က ဒေါ်မြရင်၏အသက်သည် ၇၀ခန့် ရှိနေပြီ ဖြစ်၏။ ပုဂ္ဂိုလ်ခင်မှ တရားမင်ဟူသော စကားသည် အလွန်မှန်၏။ ဒေါ်မြရင်သည် စာရေးသူကို မြင်မြင်ချင်း သားတစ်ယောက်ကဲ့သို့ ချစ်ခင်သွား၏။

ထို့ကြောင့် ကျောင်းသို့ အသွားအလာရှိလာ၏။ တစ်နေ့ ညပိုင်းတွင် ဒေါ်မြရင်တစ်ယောက် ချိုင့်ကြီးတစ်လုံးဖြင့် အမဲသားနှပ်များလာလှူ၏။ သို့မဟုတ် ဗုဒ္ဓဘာသာမဟုတ်သောကြောင့် လာပြီး လက်ဆောင်ပေး၏ဟုလည်း ဆိုနိုင်၏။ ချိုင့်လေးချပြီးသည်နှင့် ဒေါ်မြရင်က သွက်သွက်လက်လက် လျှောက်၏။

"ဘုန်းဘုန်း၊ ဒီနေ့သွေးလှူတယ်လို့ သိရတယ် ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ ဒါယိကာမကြီး"

"ဘယ်နှစ်ကြိမ်လဲ ဘုန်းဘုန်း"

"အကြိမ်ငါးဆယ်မြောက်ပါ"

"အကြိမ်တော်တော်များပြီပဲ၊ အဲဒါကြောင့် ဘုန်းဘုန်း ပြန်အားရှိသွားအောင် အမဲနှပ်လာပို့တာပါ၊ ညစာထမင်းကို အမဲနှပ်နှင့် စားလိုက်ပါ"

"ဦးပဉ္စင်းတို့ ရဟန်းတွေဟာ ညစာ မစားရဘူး"

"ဩော်---သနားစရာပါပဲ၊ ဒါဆိုဘုန်းဘုန်းတို့ တော်တော်ဆာမှာပဲ"

"နေနေကျဆိုတော့လည်း မဆာတော့ပါဘူး၊ ဒါနဲ့ ဒါယိကာမကြီးကို မေးရဦးမယ်၊ အခုဒါယိကာမကြီး ဒီဘာသာကို ကိုးကွယ်နေတာ နှစ်ပေါင်းဘယ်လောက်ရှိပြီလဲ"

www.dhammaransi.com



"၁၆နှစ်သမီးလောက်ကစပြီး ဒီဘာသာဝင်ဖြစ်ခဲ့တာပါ၊ ခု အသက် ၇၀ ဆိုတော့ ၅၅နှစ်လောက်တော့ ရှိရောပေါ့"

"အဲဒီ ၅၅နှစ် အတွင်းမှာ ဒါယိကာမကြီးတို့ ဘာသာဆိုင်ရာ ဘုရား၊ တရား၊ သံဃာနှင့်ပတ်သက်ပြီး အခုဘဝ လက်တွေ့ ကောင်း ကျိုးရတာတွေကို ဒါယိကာမကြီး တွေ့ဘူးကြုံဘူးသလား"

ဒါယိကာမကြီးသည် အတန်ကြာတွေနေပြီးမှ-

"လက်တွေ့အကျိုးရတာတွေတော့ မကြုံဘူးပါဘူး၊ နောက်ဘဝ ကျမှ ကောင်းကျိုးရတာပဲ နာကြားဘူးပါတယ်"

ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာမှာတော့ ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်ကိုးကွယ်ရတဲ့အတွက် ဒီဘဝမှာတင်ကို ကောင်းကျိုးတွေ ခံစား ရတယ်၊ ဒါယိကာမကြီး စိတ်ဝင်စားရင် နည်းနည်းပြောပြမယ်လေ"

"ပြောပြပါ၊ ကျွန်မ စိတ်ဝင်စားပါတယ်'

"ဝိမာနဝတ္ထုပါဠိတော်မှာ

**တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊**

**သမေ စိတ္တေ သမံ ဖလံ၊**

**စေတောပဏိဓိဟေတူ ဟိ၊**

**သတ္တာ ဂစ္ဆန္တိ သုဂတိံ။'** လို့ ဟောတော်မူထားတယ်။

ဒါယိကာမကြီး နားလည်အောင်လို့ မြန်မာပြန်ရရင် သက်တော် ထင်ရှားဘုရားကိုဖြစ်စေ။ ပရိနိဗ္ဗာန်ဝင်စံကြွသွားတဲ့ ဘုရားရှင်ကို မှန်းဆပြီး ထုလုပ်ထားတဲ့ ရုပ်ပွား၊ ဆင်းတုကိုဖြစ်စေ၊ အတူတူ စိတ်ထား နိုင်ရင် အကျိုးပေးလည်း အတူတူရတာပဲတဲ့။ သတ္တဝါတွေဟာ ကြည်ညို တဲ့ သဒ္ဓါစိတ်ကြောင့်သာ ကောင်းရာသုဂတိသို့ ရောက်ကြရတယ်လို့ အဓိပ္ပာယ်ရပါတယ်။ ဒီဒေသနာတော်ကို ဟောကြားခဲ့တာဟာ နှစ်ပေါင်း (၂၅၄၈)နှစ်ကျော်ခဲ့ပါပြီ။ ဒါပေမယ့် အခုအချိန်ထိ မှန်နေတုန်းပဲဆိုတာ ကို သက်သေပြပါ့မယ်။ အမရပူရမြို့မှာ ဦးရာမလို့ အမည်ရတဲ့ ဘာသာ ခြား ဒကာကြီးတစ်ယောက် ရှိတယ်။ အဲဒီအချိန်က ဒုတိယကမ္ဘာစစ် အတွင်းပေါ့။ တစ်နေ့ဦးရာမ ငွေရေးကြေးရေးကိစ္စတစ်ခုနဲ့ ရွာတစ် ရွာကို သွားတယ်။ ကျယ်ပြန့်လှတဲ့ လွင်တီးခေါင်ကြီးတစ်ခုကို ဖြတ်သွား နေဆဲအချိန်မှာ ကျဲညီနောင်လို့နာမည်ကြီးနေတဲ့ လေယာဉ်နှစ်စီး ရုတ်

www.dhammaransi.com



တရက်ပေါ်လာပြီး ဗိုးတွေဆက်တိုက်ချပြီး စက်သေနတ်နှင့်လည်း အဆက်မပြတ်ပစ်တော့တာပဲ။

"ဦးရာမကို ဂျပန်စစ်သားလို့ ထင်သွားဟန်တူပါတယ်၊ လွင်တီး ခေါင်ကြီးဆိုတော့ ဦးရာမဟာ ပုန်းခိုစရာဘာမှ ရှာမရတော့တာနဲ့ အနားမှာ အသင့်တွေ့ရတဲ့ ကိုးတောင်ပြည့်စေတီလေးကို ဦးအကြိမ်ကြိမ်ချရင်း ဘုရားကယ်ပါ၊ ဘုရားကယ်ပါနဲ့ ပါးစပ်ကအဆက်မပြတ် ရွတ်ဆိုနေတယ်လေ၊ လေယာဉ်တွေကလည်း ဦးရာမရှိရာကို အားရ လောက်အောင်ပစ်ခတ်ပြီး စိတ်ချရလောက်ပြီဆိုမှ မောင်းထွက်သွား ကြတယ်။"

"ဦးရာမနေရာတဝိုက်မှာ ဖုန်တွေရော မီးခိုးတွေရော မဲမှောင် သွားလိုက်တာ ဘာမှမမြင်ရတော့ဘူး။ အတော်လေးကြာမှ မီးခိုးတွေ ပျောက်သွားတယ်။ ဘာသာခြားတစ်ယောက် ဖြစ်သော်လည်းပဲ သေခါနီး အချိန်မှာကပ်ပြီး ဘုရားကိုကိုးကွယ်မိလိုက်တဲ့အမြတ်ကတော့ ဦးရာမ မှာ ဘာဒဏ်ရာတစ်ခုမှ မရလိုက်တာပါပဲ။ အဲဒီနေ့ကစပြီး ဦးရာမနှင့် တကွ သူ့မိသားစုအားလုံးဟာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်သွားတယ်။"

"စေတီလေးကို ကန်တော့လိုက်ရုံနဲ့ အသက်ဘေးက လွတ်သွား တာဟာ အတော့်ကိုအံ့သြစရာကောင်းပါတယ်၊ စေတီလေးကိုသာ မကန်တော့ရင် ဗုံးဆံ၊ စက်သေနတ်၊ ကျည်ဆံတစ်ခုခု ထိမှန်မှာ သေချာ တယ် ဘုန်းဘုန်း"

"ဒါကဘုရားကို ကိုးကွယ်ကန်တော့တဲ့အတွက် အန္တရာယ် ကင်းပုံ လက်တွေ့သာဓကပေါ့၊ အခုဘုရားကို အရှက်ဆွမ်းနေ့ဆွမ်း သေချာကပ်လှူတဲ့အတွက် နတ်ပြည်မှာ ဗိမာန်ကြီးပေါက်နေတဲ့ မြူမြို့ နယ်က အမျိုးသမီးကြီးတစ်ယောက် အကြောင်းကို ပြောပြမယ်၊ မြူမြို့ နယ်မှာ ဝဲကြီးအောက်ခံဆိုတဲ့ ရွာကြီးတစ်ရွာရှိတယ်၊ ဒီရွာရဲ့ ကျောင်းထိုင် ဆရာတော်ကြီးဘွဲ့ကို ဦးဇာဂရလို့ခေါ်တယ်၊ သက်တော် ၈၀ ကျော် နေပြီးဖြစ်တဲ့ ဆရာတော်ကြီးဟာ တစ်နေ့ရောဂါဒဏ်ကြောင့် သတိလစ် ပြီး မေ့သွားတယ်"

"ဆရာတော်ကြီးရဲ့စိတ်မှာ နတ်ပြည်အာရုံပေါ်လာတယ်။ နတ် သားတွေ နတ်သမီးတွေ ဗိမာန်တွေ၊ ပဒေသာပင်တွေကို တွေ့ရတယ်။

www.dhammaransi.com



တစ်ခုသော ရွှေဗိမာန်ကြီးမှာတော့ အခြွေအရံ နတ်သားနတ်သမီးတွေကိုသာ တွေ့ရပြီး ဗိမာန်ပိုင်ရှင်နတ်သားနတ်သမီးကို မတွေ့ရဘူး။ ဒါကြောင့် ဆရာတော်ကြီးက ဒီဗိမာန်မှာ ပိုင်ရှင်မရှိဘူးလားလို့ မေးလိုက်တော့ နတ်သမီးတွေက ဖြေကြတယ်၊ မရှိသေးပါဘူးတဲ့။ ပိုင်ရှင်ဖြစ်မယ့် နတ်သမီးဟာ မသေသေးပါဘူး။ လူ့ပြည်မှာပဲ ရှိနေပါသေးတယ်တဲ့"

"ဒီတော့ ဆရာတော်ကြီးဟာ ကျမ်းဂန်တတ်ငယ်ဖြူဆရာတော်ကြီးဆိုတော့ ဗုဒ္ဓလက်ထက်က အခုပုံစံမျိုး ဖြစ်ရပ်တစ်ခုကို သွားတွေ့တယ်။ ဗာရာဏသီပြည်က နန္ဒိယအမည်ရှိတဲ့ သူကြွယ်တစ်ဦးဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ကျောင်းကြီးတစ်ဆောင်ဆောက်လှူတယ်။ ကျောင်းအလှူကို ရေစက်ချပြီးတာနဲ့ တာဝတိံသာနတ်ပြည်မှာ နန္ဒိယသူကြွယ်ရောက်လာရင်နေဖို့အတွက် ရတနာဗိမာန်ကြီးတစ်ခု ကြိုပေါက်လာတယ်။ ဒီအကြောင်းကို အရှင်မောဂ္ဂလာန် ကိုယ်တိုင် နတ်ပြည်ကြွသွားရင်း တွေ့ခဲ့လို့ ဘုရားရှင်ကို ပြန်လျှောက်ရာက တဆင့် ကောင်းမှုရှင် မသေမီကတည်းက နတ်ပြည်မှာ ဗိမာန်ကြိုပေါက်တတ်ကြောင်း အားလုံးသိကြရတာပါ။"

"ဒီအထောက်အထားရှိတဲ့အတွက် ဆရာတော်ကြီးက ဗိမာန်ပိုင်ရှင်ဟာ ဘယ်မြို့ဘယ်ရပ်ကွက်မှာနေသလဲ၊ ကြိုမသိရဘူးလားလို့ မေးလိုက်တော့ နတ်သမီးတွေက သိရပါတယ်တဲ့။ ဒီဗိမာန်ရဲ့ပိုင်ရှင်ဟာ ပဲခူးတိုင်း ဖြူးမြို့နယ် စမ်းမြိုင်ရပ်ကွက်က ဒေါ်ကုလားမပါလို့ ပြောလိုက်သတဲ့။ ဆရာတော်ကြီးကလည်း မမေ့အောင် သေချာမှတ်ထားလိုက်တယ်။ သတိပြန်လည်လာတဲ့အခါ လိပ်စာကို သေချာကောက်ရေးပြီး ကောင်းမှုရှင်ကို ရှာခိုင်းလိုက်တယ်။"

"တွေ့ရင် နတ်ပြည်မှာ ဗိမာန်ကြိုပေါက်လောက်အောင် ဘာကုသိုလ်တွေ လုပ်ထားသလဲဆိုတာကိုပါ မေးခဲ့ဘို့ မှာလိုက်တယ်"

ဒါယိကာမကြီးသည် အလွန်ထူးခြားသော အကြောင်းအရာဖြစ်နေသဖြင့် စိတ်ဝင်တစား ဖြစ်လာကာ-

"အဲသလို ရှာတော့ ကောင်းမှုရှင်ကို တွေ့သလား ဘုန်းဘုန်း" ဟု ကြားဖြတ်မေးလာ၏။ စာရေးသူက ဆက်ပြောရ၏။

www.dhammaransi.com



“တွေ့တာပေါ့ ဒါယိကာမကြီး၊ ဒီအချိန်မှာ ဒေါ်ကုလားမဟာ ခင်ပွန်းမရှိတော့ဘူး၊ သမီးတစ်ယောက်နဲ့အတူ ပဲပြုတ်ရောင်းချပြီး အသက်မွေးလျက်ရှိတယ်။ အချမ်းသာကြီး မဟုတ်ပေမယ့်လို့ စားနိုင်သောက်နိုင်အတန်းအစားထဲကပါပဲ၊ နတ်ပြည်မှာ ဗိမာန်ကြီးပေါက်ရခြင်းရဲ့ အကြောင်းကတော့ အိမ်မှာကိုးကွယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းနေ့စဉ် လှူဒါန်းလို့ပါပဲတဲ့”

ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်ကေသမုတ္တိသုတ်မှာ ယုံကြည်ထိုက်တဲ့ ဆရာရဲ့စကားပဲဆိုပြီး မှန်တယ်လို့ တန်းပြီး မယူဆနဲ့ မိမိရဲ့ကိုယ်ပိုင်ဉာဏ်နဲ့ ဆန်းစစ်ပြီး လက်တွေ့ကျင့်သုံးကြည့်တဲ့အခါ မကောင်းကျိုးတွေရပြီး ပညာရှိတွေကလည်း ကဲ့ရဲ့တယ်ဆိုရင် အဲဒီ အယူဝါဒကို ချက်ခြင်းစွန့်ပစ်ပါ။လက်တွေ့ကျင့်သုံးကြည့်လို့ ကောင်းကျိုး ရတယ်၊ ပညာရှိတွေကလည်း ချီးမွမ်းတယ်ဆိုရင် အဲဒီအယူဝါဒကို ခံယူကျင့်သုံးသင့်တယ်လို့ ဟောတော်မူခဲ့တာပေါ့”

“ဘုန်းဘုန်းတို့ သံဃာတွေကို လှူဒါန်းကိုးကွယ်တဲ့အတွက်ရော အခုလိုပဲ လက်တွေ့ကောင်းကျိုးတွေ ရနိုင်သလား ဘုရား”

“ရနိုင်တာပေါ့၊ မန္တလေးမြို့ပေါ်မှာ မစိုးရိမ်ကျောင်းတိုက်ဆိုတာ ရှိတယ်၊ အလယ်တိုက်ကြီး အပါအဝင် နှစ်ထပ်တိုက်ကြီးပေါင်း ၉လုံး၊ တစ်ထပ်တိုက် ‘၆’လုံးလောက်ကို ဒကာတစ်ဦးတည်း လှူသွားတာ”

“ဒကာက သိပ်ချမ်းသာလို့ ထင်တယ်”

“အရင်ကတော့ မချမ်းသာဘူး၊ မန္တလေးတိုင်း၊မြစ်သား၊မြို့နယ်မှာ နေတယ်၊ နာမည်က ဦးသက်ရှည်တဲ့၊ သူ့သားနာမည်ကိုတော့ ဦးကျော်လို့ ခေါ်တယ်။ သူတို့ဟာမြစ်သားက အသီးအရွက် ကုန်စိမ်းတွေကို မန္တလေးဈေးချိုမှာ တက်ရောင်းကြတယ်။ အဲဒီကနေ မရှိလို့ မလှူ၊ မလှူလို့ မရှိဆိုတဲ့ စကားလေးကို သဘောပေါက်ပြီး သံဃာတော်များကို တတ်နိုင်သမျှ လှူဒါန်းကြတယ်၊ ဒီလိုလှူတဲ့အချိန်ကစပြီး သူတို့စီးပွားရေးဟာ တဖြေးဖြေး ကောင်းလာတယ်”

“တတ်နိုင်သလောက် ဆွမ်းလေးလှူတာတောင် ဒီလောက်ကောင်းကျိုးပေးရင် ထာဝရ ကုသိုလ်ထဲမှာပါတဲ့ ကျောင်းအလှူကိုသာ

www.dhammaransi.com



လှူရင် ဒီထက်ပိုပြီး ကောင်းကျိုးပေးမှာဆိုတာ သိသွားကြတဲ့ သူတို့သားအဖနှစ်ယောက်ဟာ ကျောင်းလှူဖို့ပါ ငွေစုလာကြတယ်၊ ငါ့သား ငါ့မယားအတွက်ဆိုတဲ့ စိတ်နဲ့ရှာဖွေတာထက် သာသနာအတွက်ဆိုတဲ့ စိတ်နဲ့ ရှာရင် စီးပွားရေးဟာ ပိုမိုဖြစ်ထွန်းတတ်တယ်။ အခုလည်း သူတို့ဟာ သာသနာအတွက်ဆိုတဲ့ စိတ်နဲ့ရှာတာ ဆိုတော့ စီးပွားရေးဟာ မယုံနိုင်လောက်အောင် တက်လာတယ်။ ရိုးရိုးပျကျ ဈေးသည်ဘဝကနေ ကုန်စိမ်းပွဲရုံကြီးတစ်ခုကိုပါ တည်ထောင် အောင်မြင်လာတယ်၊"

"မကြာခင်မှာပဲ မန္တလေးမြို့တောင်ပြင်ဘုရားကြီးတိုက်မှာ ဖျဉ်ထောင်သွပ်မိုးကျောင်းတစ်ကျောင်း ဆောက်လှူနိုင်ခဲ့ကြတယ်၊ အဲဒီကမှ တဆင့်တက်ပြီး မန္တလေးမြို့ဝန်ဦးပေစိပိုင်တဲ့ ဥယျာဉ်ခြံကြီးကို ဝယ်ယူပြီး "မစိုးရိမ်"ဆိုတဲ့ အမည်နဲ့ စာသင်တိုက်ကြီးတစ်တိုက် တည်ထောင်ပြီး စောစောက ပြောခဲ့တဲ့ နှစ်ထပ်တိုက်ကြီး ၉လုံး၊ တစ်ထပ်တိုက် ၆လုံးကို တစ်ဦးတည်းနဲ့ ဆောက်လှူခဲ့တယ်၊ တိုက်အားလုံးရဲ့ အတွင်းခန်းထဲမှာ တကယ့်ရွှေအစစ်တွေ ချထားပါတယ်၊ အလယ်တိုက်ကြီးရဲ့ ပမာဏက အလျား(၁၄၆)ပေ အနံ (၁၄၂)ပေ ရှိတယ်။"

"ဆန်ကစ်တင်းသုံးကျပ်လောက်သာ ရှိသေးတဲ့၊ (၁၂၆၃)ခုနှစ်လောက်က ဆောက်တာတောင် သိန်းနှစ်ဆယ်လောက် ကုန်တာဆိုတော့ ခုခေတ်ငွေနဲ့ဆို ဒါယိကာမကြီး မှန်းသာကြည့်ပေတော့၊ စာသင်သားသံဃာအပါး ၅၀၀လောက်ရှိတယ်။ မိုးရွာတဲ့အခါ ဆွမ်းခံမထွက်ပဲ နီးရာထမင်းဆိုင်မှာ ဝင်ဘုန်းပေးလို့ရအောင် ဦးသက်ရှည်တို့သားအဖက ဆွမ်းစားလက်မှတ်တွေ ကပ်ထားတယ်။ တစ်လတစ်ကြိမ် ထမင်းဆိုင်ကိုသွားပြီး လက်မှတ်ရှိသလောက် ပိုက်ဆံရှင်းပေးသွားတယ်။

ဘာသာခြားဖြစ်သော ဒေါ်မြရင်အနေဖြင့် ယခုဖြစ်ရပ်များသည် အလွန်အံ့ဩစရာဖြစ်နေ၏။ စိတ်လည်းအလွန်ဝင်စားနေကြောင်း

တဖျပ်ဖျပ်တောက်ပနေသည့် သူမ၏ မျက်လုံးများက ဝန်ခံနေသည်။ ထို့ကြောင့် စကားဆုံးအောင်ပင် မစောင့်နိုင်ဘဲ ဖြတ်ဖြတ်မေး၏

"အဲသလောက်ကြီးလှူနေမှတော့ သူတို့ပြန်မွဲမသွားဘူးလား ဘုရား"

www.dhammaransi.com



"ပြန်မမွဲတဲ့ အပြင် ပိုလို့တောင် ချမ်းသာလာတယ်၊ ဘယ်ဘက်က တစ်ဆုပ်ကြဲ၍ ညာဘက်က တစ်လှည်းဝင်ဆိုတဲ့ စကားကို တကယ်ဒါနပြု နေတဲ့ ပုဂ္ဂိုလ်တွေပဲ ယုံကြည်တယ်။ ဒါနမပြုတဲ့ ပုဂ္ဂိုလ်တွေ မယုံကြည် နိုင်ဘူး၊ နောက်တစ်ယောက်က အခုနာမည်ကြီးနေတဲ့ လူပျိုတော် ပတ္တမြား သွေးဆေးပိုင်ရှင် ဦးမောင်မောင်ပေ့ါ၊ သူဟာ မစိုးရိမ်တိုက် ရဟန်း လူထွက်တစ်ယောက်ပါ။ အိမ်ထောင်ကျပြီး ရန်ကုန်မြို့ ကပ္ပလီကွက်သစ် ယခုအခေါ် တော်လှန်ရေး ပန်းခြံအနီးမှာ မနိမ့်းတရုံကာနဲ့ ဆင်းရဲစွာ နေခဲ့ရတယ်။"

"တခြားအလုပ်လည်း မလုပ်တတ်တော့ သွေးဆေးလေးဖော်ပြီး ရပ်ကွက်တွေဈေးတွေမှာ ကိုယ်တိုင်လိုက်ရောင်းရတယ်၊ ထမင်းစားနိုင်ရုံပဲ ရပါတယ်၊ ပိုပိုလျှံလျှံမရပါဘူး၊ ဒါပေမဲ့ ဦးမောင်မောင်က ဥစ္စာသာ ဆင်းရဲတာ၊ သဒ္ဓါကျတော့ ချမ်းသာတယ်၊ သံဃာတော်တွေ နေ့စဉ် ဆွမ်းလောင်းတယ်၊ အိမ်လာတဲ့ ဧည့်သည်မှန်သမျှကို ထမင်းမစားဘဲ ဘယ်တော့မှ မပြန်စေရဘူး။ ကျွေးစရာ ငွေကြေးမပြည့်စုံရင်ရှိတဲ့ ပုဆိုး အင်္ကျီတွေပေါင်နှံပြီး မဖြစ်ဖြစ်အောင်ကျွေးတာပဲ"

"သာသနာ ၂၅၀၀ ပြည့်နှစ်မှာ ဆဋ္ဌသင်္ဂါယနာတင်တော့ ပထမ မစိုးရိပ်ဆရာတော်ကြီးနဲ့တပည့်တွေ ရန်ကုန်ကိုရောက်လာကြတယ်၊ ဒီအခါမှာ ဆရာဖြစ်တဲ့မစိုးရိမ်ဆရာတော်ကြီးနဲ့ သံဃာတော်တွေကို အိမ်ပင့်ပြီး မကြာခဏဆွမ်းကျွေးတယ်၊ မိုးရွာနေတဲ့အခါဆိုရင် အိမ်ထဲက ဆွမ်းပွဲကို ထီးမိုးပေးရတယ်၊ ဦးမောင်မောင်ရဲ့ မနိမိုးတွေက မိုးကောင်း ကောင်း မလုံတော့ဘူးလေ"

"အဲဒီလောက်ဆင်းရဲတဲ့ တပည့်ဆီက ဆွမ်းတွေကို ဆရာတော် ကြီးက အားမနာပါးမနာစားတာပဲလား"

"အမှန်ကတော့ ဆရာတော်ကြီးကို ဆွမ်းပင့်ကျွေးချင်တဲ့ ဝန်ကြီး တွေ သူဌေးတွေ အများကြီး ရှိပါတယ်၊ ဦးမောင်မောင်ကို ချီးမြှောက်ချင် လို့သာ ဆရာတော်ကြီးက ဆွမ်းလိုက်စားတာပါ။ ပေးသူနဲ့ ယူသူနှစ် ယောက်မှာ ဒီဘဝအနေနဲ့ ကြည့်ရင်တော့ ယူသူကသာ ရသွားတာပေ့ါ။ သံသရာအဆက်ဆက်အနေနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ပေးသူကသာ ရသွားတာပါ။ ဒီအချက်ကို ပါရမီရှင်ဖြစ်တဲ့ ဆရာတော်ကြီးရော၊ ဦးမောင်မောင်ရော နှစ်ဦးစလုံးနားလည်ကြပါတယ်"

www.dhammaransi.com



"အဲဒီအချိန်ကစပြီးတော့ ဦးမောင်မောင်ရဲ့သွေးဆေးတွေဟာ ရောင်းကောင်းလာလိုက်တာ တစ်ပြည်လုံးမသုံးသူ မရှိလောက်အောင်ထိ ဖြစ်သွားပါတယ်၊ ကန်ဘဲ့က ပဥ္စနိကာယကျောင်းတိုက်ကြီးရဲ့စေတီတော်ကြီးကိုလည်း တစ်ဦးတည်း လှူဒါန်းနိုင်ခဲ့တယ်။ မြေနီကုန်းမှတ်တိုင်နားမှာ မစိုးရိမ်ကျောင်းတိုက်တစ်ခုကိုလည်း တည်ထောင်လှူဒါန်းပေးခဲ့ပါတယ်၊ မန္တလေးမဟာမြတ်မုနိမှာ ဘုရားဖူးများ တည်းခိုဖို့ နှစ်ထပ်ကျောင်းဆောင်ကြီးတစ်ကျောင်း၊ ဘောက်ထော်စွန်းလွန်းရိပ်သာမှာ ဓမ္မာရုံကြီးတစ်ခု ဒါက ဦးပဥ္စင်းသိသလောက်ပေါ့၊ မသိသေးတဲ့ ကုသိုလ်တွေလည်း အများကြီးကျန်ပါသေးတယ်"

"ဒါက သံဃာတော်တွေကို ဆည်းကပ်တဲ့အတွက် ကောင်းကျိုးရပုံတွေပေါ့၊ အခုတစ်ခါ သံဃာတော်တွေကို ကိုးကွယ်ဆည်းကပ်လှူဒါန်းခြင်းအားဖြင့် မကောင်းတဲ့ဘုံဘဝမှလွတ်မြောက်ပုံ လက်တွေ့သာဓကတွေကို ပြောပြဦးမယ်၊ မန္တလေးမြို့မှာ ဒါယိကာမကြီးတို့လို ဘာသာဝင် သစ်ကုန်သည်သူဌေးကြီးတစ်ယောက်ရှိတယ်၊ တစ်နေ့တော့ သူ့ရဲ့ တစ်ဦးတည်းသော သမီးလေးဟာ ရုတ်တရက်ကွယ်လွန်သွားတယ်၊ စွဲလမ်းတဲ့လောဘနဲ့ သေခဲ့တဲ့အတွက်ကြောင့် အိမ်ထဲမှာပဲပြိတ္တာဖြစ်နေတယ်"

"ညပိုင်းရောက်ပြီဆိုရင် သမီးအိပ်ခဲ့တဲ့အခန်းကနေ ဖေဖေ သမီးကို ကယ်ပါဦး၊ သမီးမှာ စားစရာ ဝတ်စရာ တစ်ခုမှ မရှိပါဘူးဆိုတဲ့ အော်သံလေးထွက်ထွက်လာသတဲ့။ သူဌေးကြီးလည်း သူတို့ဘာသာဆိုင်ရာ ဆရာတွေကို ပင့်ပြီး ကောင်းမှုပြုလုပ်တယ်။ ဒါပေမယ့် သမီးလေးကတော့ ဘာမှမရလို့ အခန်းထဲကနေ ညစဉ်အော်နေလျက်ပဲတဲ့။ လေးငါးခါ လုပ်ပြီးတဲ့အထိ ဘာမှ မထူးခြားတဲ့အခါကျတော့ သူဌေးကြီးလည်း သူတို့ဘာသာကို အတော်စိတ်ပျက်သွားတယ်။"

"စိတ်ပျက်မယ်ဆိုလည်း စိတ်ပျက်စရာပါပဲ ဘုန်းဘုန်း၊ ဒီလိုဖြစ်နေတော့ သူဌေးကြီးက ဗုဒ္ဓဘာသာနည်းနဲ့ ဒါန လုပ်ကြည့်ဖို့ အကြံမရဘူးလား"

"ရတာပေါ့၊ သူ့သစ်စက်မန်နေဂျာက ဗုဒ္ဓဘာသာတစ်ယောက်

www.dhammaransi.com



ပဲ၊ အဲဒီမန်နေဂျာကို အကူအညီတောင်းပြီး ရဟန်းသံဃာတွေပင့် ဆွမ်းတွေ သင်္ကန်းတွေလှူပြီး အမျှပေးလိုက်တာ ပြိတ္တာဘဝက ချက်ချင်းလွတ်သွားတယ်၊ နောက်ရက်ကစပြီး အသံမှမကြားရတော့ဘူး၊ ညရောက်တဲ့အခါ တောက်ပြောင်တဲ့ အဝတ်အစားတွေ ဝတ်လာပြီး ကောင်းတဲ့ဘုံကို ရောက်သွားပြီဖြစ်ကြောင်း အိမ်မက်လာပေးသတဲ့။ဒီအခါကျတော့မှ သူဌေးကြီးလည်း ရတနာသုံးပါးအပေါ် နှစ်နှစ်ကာကာ ယုံကြည်ပြီး ဗုဒ္ဓဘာသာဝင် ဖြစ်သွားတယ်၊ မန္တလေးမိုးကောင်းကျောင်းတိုက်ကြီးထဲမှာလည်း နှစ်ထပ်တိုက်ကျောင်းကြီးတစ်ကျောင်း ဆောက်လှူခဲ့သေးတယ်"

"ကျွန်မအနေနဲ့ ရတနာသုံးပါးရဲ့ ကြည်ညိုအားထားစရာ အကြောင်းတွေကို အခုမှ သိရတာပါ။ ဟိုအရင်ကတည်းကသာသိရရင် ကျွန်မဗုဒ္ဓဘာသာဖြစ်နေတာကြာပါပြီ၊ အခုတော့ အသက်တောင် ၇၀ ရှိနေပြီဆိုတော့ သေခါနီးကျမှ နောက်တစ်ဘာသာ မပြောင်းလိုတော့ပါဘူး။ ဒါပေမဲ့ ဘုန်းဘုန်းဟောပြောတာတွေကို ကျွန်မနားလည်းလည်တယ်၊ စိတ်လည်းဝင်စားတယ်၊ ဒါကြောင့် ဘုန်းဘုန်းဘယ်မှာပဲ တရားဟောဟော အဖွားကို တရားနာခွင့်ပြုပါ"

ထိုနေ့မှစ၍ ဒေါ်မြရင်သည် စာရေးသူ၏ညတရားပွဲများကို အဆက်မပြတ်လိုက်လံနာယူ၏။ သို့သော် ဗုဒ္ဓဘာသာသို့လည်း မဝင်သေး။ ရတနာသုံးပါးကိုလည်း ဦးမချသေးပါ။ (၁၃၆၁)ခုနှစ်၊ တပို့တွဲလဆန်း (၇)ရက်၊ (၁၁-၂-၂၀၀၀)နေ့ ညသို့ သရက်တောမြောက်ဘီ လမ်း၊ သာသနာ့ရက်တိုက်မှ ၏(၁၄)ကြိမ်မြောက် ဓမ္မပူဇနီယပွဲတော်တွင် တရားဟောခွင့်ကြုံသည်။ ထုံးစံအတိုင်း ဒေါ်မြရင်လည်း တရားနာလိုက်ပါလာသည်။ ဒေါ်မြရင် ပါရမီပြည့်သောညဟု ဆိုရမည်။ ထိုညမှာပင် စာရေးသူ တရားဟောပလ္လင်ပေါ်မတက်မီကလေးတွင် သရဏဂုံသုံးပါး ဆောက်တည်ပြီး ဗုဒ္ဓဘာသာအဖြစ်ကို ခံယူလိုက်သည်၊

သာမန်တရားပွဲတစ်ပွဲသည် ဘာသာခြားတစ်ယောက် ဗုဒ္ဓဘာသာဝင်သည့် အခမ်းအနားတစ်ခု ဖြစ်သွားသည်။ ထို့ကြောင့် စာရေးသူကလည်း ဟောနေကျ ဒါနကထာ၊ သီလကထာစသော တရားကို မဟောတော့ဘဲ အမှတ်မရှိ ဘာသာဝင်အားလုံးနှင့် သက်ဆိုင်သည့် အရှုံး

www.dhammaransi.com



မရှိသော ဒဿနအမည်ရှိသော တရားတော်ကို ဟောကြားပေးခဲ့သည်။ မိမိဘက်က အရှုံးမရှိအောင် ဘာသာရွေးနည်းကို ထောင့်စုံမှတင် ပြသွားခြင်းဖြစ်သည်။

ဝိပဿနာတရားများကို နာကြားရှုပွားလာသောအခါ ဒေါ်မြရင်၏ အယူအဆတို့သည် ပြောင်းလဲသွားလေပြီ။ ဒေါ်မြရင် ပွင့်လင်းစွာပြောသော စကားတစ်ခွန်းကို ဖော်ပြလိုက်ပါသည်။

"တရားမသိခင်က ကိုယ့်ကိုယ်ကိုပဲချစ်တယ်၊ သူတစ်ပါးလို့ ခေါ်တဲ့ လောကအပေါ်မှာတော့ ချစ်ရမှန်းတောင် မသိပါဘူး။ ကိုယ်ကျိုးအတွက်ချည်းလုပ်နေတဲ့အခါကျတော့ ထင်သလို ဖြစ်လာတဲ့အခါ လောဘမီးလောင်ပြီး ထင်သလိုဖြစ်မလာတဲ့အခါ ဒေါသမီးလောင်ပြန်တယ်၊ အေးတယ်ရယ်လို့ တစ်ခါမှမရှိပါဘူးဘုရား။ ငရုတ်သီးထဲမှာ နေတဲ့ ပိုးဟာ ပူလို့ ပူမှန်းမသိသလို တရားမရှိတဲ့သူဟာ မိမိကိုယ်ကို လောဘမီး၊ ဒေါသမီးလောင်လို့ လောင်မှန်းမသိပါဘူးဘုရား"

တရားတန်ခိုးနဲ့ ငါမရှိဘူးဆိုတာကို သိသွားတဲ့အခါကျတော့မှ လောကကို ချစ်ရမှန်းသိလာပါတယ်ဘုရား၊ ဘာမျှော်လင့်ချက်မှ မထားပဲ လောကအကျိုးကို ဆောင်ရွက်လာတဲ့အခါကျတော့မှ လောဘမီး၊ ဒေါသမီးဆိုတဲ့ ပူလောင်မှုတွေက လွတ်ပြီး တကယ့်အေးချမ်းမှုကို ခံစားရပါတော့တယ် ဘုရား၊ လိုချင်မှုရှိနေသမျှ ပူလောင်ဆင်းရဲမှုဟာ ရှိနေမှာပဲ။ လိုချင်မှု မရှိမှ အေးချမ်းမှု ရှိမယ်ဆိုတာကို တပည့်တော်မ ကောင်းကောင်းကြီး သဘောပေါက်သွားပါပြီဘုရား"

လိုချင်မှု - သမုဒယသစ္စာ
ပူလောင်ဆင်းရဲမှု - ဒုက္ခသစ္စာ
လိုချင်မှုမရှိခြင်း - မဂ္ဂသစ္စာ
အေးချမ်းခြင်း - နိရောဓသစ္စာ

မြတ်စွာဘုရားသည် အတ္တ(ငါ)ကို ပယ်သတ်ရန် အရေးကြီးဆုံးထား၍ ဟောကြားတော်မူ၏။ ထိုသို့ဟောကြားတော်မူရာ၌ ခဏသတ်ခြင်း တဒင်္ဂပဟာန်လည်း ပါ၏။ အတော်ကြာကြာသတ်ခြင်း ဝိက္ခမ္ဘနပဟာန်လည်း ပါ၏။ အမြစ်ပြတ်သတ်ခြင်း၊ သမုစ္ဆေဒပဟာန်လည်း ပါ၏။ အတ္တကို ခဏသတ်နိုင်လျှင် မိမိ၏အုပ်စုကို ချစ်နေရာမှ နိုင်ငံသားအား

www.dhammaransi.com



လုံးကို ချစ်တတ်လာ၏။ အတော်ကြာကြာသတ်နိုင်လျှင် မိမိ၏ နိုင်ငံသားအားလုံးကို ချစ်နေရာမှ ကမ္ဘာ့လူသားအားလုံးကို ချစ်တတ်လာ၏။ အမြစ်ပြတ်သတ်နိုင်လျှင်မူ ကမ္ဘာ့လူသားအားလုံးကို ချစ်နေရာမှ လောကသုံးပါးရှိ လူနတ်ဗြဟ္မာသတ္တဝါအားလုံးကို ချစ်တတ်လာ၏။ ချစ်တတ်လာခြင်းဟူသည်မှာ ထိုသတ္တဝါတို့၏ အကျိုးစီးပွားသို့ ညွှတ်သော စိတ်ရှိခြင်းဖြစ်၏။ ဤသို့ချစ်တတ်လာခြင်းသည် အတ္တကို ပယ်သတ် နိုင်ခြင်းကြောင့်ဖြစ်၏။

(ဦးရွှေအောင်၏ အမြင်များ ပြောင်းခဲခြင်း---စာ၆၀)

"သာသနာပြုခြင်း-၄"

(၁၉၉၅)ခုနှစ်ခန့်အတွင်းက အသက်(၃၀)ခန့်ရှိမည့် ရုပ်ရည်သန့်သန့်ပြန့်ပြန့် အမျိုးသားလေး တစ်ယောက် နှစ်ပေ၊ သုံးပေခန့်ရှိမည့် ဂျပ်စက္ကူလိပ်ကြီးတစ်လိပ်ကိုကိုင်ကာ စာရေးသူ၏ ကျောင်းပေါ်သို့ တက်လာ၏။ ကျုံ့ကျုံ့ရှိန်းရှိန်းထိုင်သော်လည်း ဘုရားကိုလည်း ဦးမချ စာရေးသူကိုလည်း ဦးမချသောကြောင့် ဘာသာခြားတစ်ယောက်ဖြစ်ကြောင်း သတိထားလိုက်မိ၏။ ထို့ကြောင့် စာရေးသူကပင်ဖြူး၍ နှုတ်ဆက်လိုက်ကာ စကားစလိုက်၏။

'ကဲ. . . ဒကာလေး ချမ်းသာသလို နေနိုင်ပါတယ်၊ ဘာသာမတူပေမဲ့ မိတ်ဆွေရင်းလို ညီအစ်ကိုအရင်းလို သဘောထားပြီး မေးချင်တာကိုလည်း မေးနိုင်ပါတယ်၊ လိုအပ်တဲ့ အကူအညီကိုလည်း တောင်းနိုင်ပါတယ်၊ တတ်နိုင်သမျှ ကူညီပါ့မယ်၊ ဦးပဉ္ဇင်းက ဒီကျောင်းက ဆရာတော်ပါပဲ"

"ဝမ်းသာလိုက်တာဘုရား၊ အခုလိုမေတ္တာဓာတ်ရှိတဲ့ ဆရာတော်မျိုးနဲ့ တွေ့ချင်နေတာ ကြာပါပြီဘုရား၊ တပည့်တော် ဒီမြို့ပေါ်က ဘုန်းကြီးကျောင်းအတော်များများကို ရောက်ခဲ့ပြီးပါပြီ၊ မေတ္တာနဲ့ ကြိုဆိုတာကို အခု တစ်ခါပဲ ခံရပါသေးတယ်၊ တစ်ခြားကျောင်းတွေမှာတော့ မတူမတန်သလိုလို မယုံသင်္ကာ ဖြစ်သလိုလို ဆက်ဆံတာကိုသာ ခံခဲ့ရပါတယ်၊ ဒီတော့ ဘာသာခြားဖြစ်တဲ့ တပည့်တော်ဟာ မေးချင်တာကို ဘယ်မှာ လွတ်လွတ်လပ်လပ် မေးရဲတော့မှာလဲ၊ တပည့်တော်ရေးထားတဲ့

www.dhammaransi.com



ကဗျာလေးတွေ စာညွှန့်လေးတွေ လှူပြီး ဒီအတိုင်းပဲ ထပြန်ခဲ့ရပါတယ်၊ ဆရာတော်တွေ အလုပ်များနေခိုက်နဲ့ ကြုံနေလို့ ဖြစ်ပါလိမ့်မယ်၊ ဘာသာခြားဆိုရင် များသောအားဖြင့် အလေးထားပြီး ကူညီကြပါတယ်။"

မဇ္ဈိမဒေသသည် အတ္တဝါဒကို ရှေ့တန်းတင်သော ဟိန္ဒူဘာသာဝင်တို့ ကြီးစိုးရာဒေသ ဖြစ်၏။ ဗုဒ္ဓသည် အနတ္တဝါဒကို ရှေ့တန်းတင်သော ဗုဒ္ဓဘာသာကို မဇ္ဈိမဒေသကြီးတစ်ခုလုံးက လက်ခံနိုင်သည်အထိ သာသနာပြုနိုင်ခြင်းမှာ မေတ္တာဓာတ်၏ စွမ်းအားကြောင့် ဖြစ်၏။ ထိုမေတ္တာဓာတ်ကို မည်မျှလောက်ထိ ထားသင့်ကြောင်းကို ဗုဒ္ဓက မဇ္ဈိမနိကါယ်ဩပမ္မဝဂ်၊ ကကစူပမသုတ် ၁၈၁တွင် ယခုလို ဟောကြားတော်မူခဲ့၏။

"ရဟန်းတို့ ယုတ်မာသော အကျင့်ရှိသူသည် အရိုးနှစ်ထပ်သော လွှကြီးဖြင့် သင်တို့၏ အင်္ဂါကြီးငယ်တို့ကို အကယ်၍ တိုက်ဖြတ် ကုန်ငြားအံ့။ ဤကဲ့သို့ တိုက်ဖြတ်ကုန်သော်လည်း ထိုခိုးသူတို့အား စိတ်ဖြစ်မှားခြင်းကို သင်တို့မပြုအပ်။ ဤကဲ့သို့ ပြုလုပ်၍ စိတ်ဖြစ်မှားသူသည် ငါ၏အဆုံးအမကို လိုက်နာသည် မမည်။"

(၂၀၀၄)ခုနှစ်အထိ မြန်မာပြည်တွင် ပိဋကတ်သုံးပုံ၊ အာဂုံရေး ဖြေအောင်မြင်သော ရဟန်းတော်ပေါင်း ၁၁ ပါးရှိခဲ့ပြီ ဖြစ်၏။ ထို(၁၂)ပါးတွင် မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းသည် အအောင်မြင်ဆုံး ဖြစ်၏။မင်းကွန်းတွင် ပထမပြန်စာသင်တိုက် တစ်ခုနှင့် တိပိဋကစာသင်တိုက်တစ်ခု၊ ရန်ကုန်တွင် တိပိဋကစာသင်တိုက်တစ်ခု ရန်ကုန်နှင့် မန္တလေးတို့တွင် သာသနာ့တက္ကသိုလ်ကြီးနှစ်ခုတို့ကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည်။ တိပိဋက အောင်ကြတာချင်းတူပါလျက် အဘယ်ကြောင့် မင်းကွန်းဆရာတော်ကြီးတစ်ပါးသာလျှင် ထူးခြားစွာ သာသနာပြုနိုင်ရသနည်း။

အဖြေကား - ကျန်ဆရာတော်များထက် မင်းကွန်းဆရာတော်ကြီး၏ မေတ္တာဓာတ်က ပိုပိုကြီးမားပျံ့ပြားသောကြောင့်ပါတည်း။

ဦးအေးမောင် ရေးသားသော ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒစာအုပ်တွင်လည်း နိုင်ငံခြားမှ မဟာယာနရဟန်းတော်တစ်ပါးသည် ထေရဝါဒ ရဟန်းတော်

www.dhammaransi.com



အဖြစ်ကို ခံယူပြီး မြန်မာနိုင်ငံမှ ကျောင်းတိုက်တစ်တိုက်တွင် လာရောက်နေထိုင်၏။ သူ့အပေါ် ဆက်ဆံသော ကျောင်းထိုင်ဆရာတော်ကြီး၏ မေတ္တာခါတ်နည်းပါးမှုကြောင့် စိတ်ပျက်ကာ မဟာယာနသို့ ပြန်ပြောင်းသွားခဲ့ကြောင်း ဖတ်ရှုခဲ့ရ၏။

အောင်မြင်စွာ သာသနာပြုလိုသော ထေရဝါဒရဟန်းတော်များ အနေဖြင့် မနောကံမေတ္တာသည် ကာယကံ၊ ဝစီကံထိပါ ရောက်သင့်နေပြီဖြစ်ကြောင်း သတိပေးလိုက်သော ဖြစ်ရပ်တစ်ခုပင် ဖြစ်၏။ စာရေးသူက သူ့စကားကို လက်ခံကြောင်း ခေါင်းငြိမ့်လက်ခံလိုက်သည်နှင့် သူသည် ပါလာသော စက္ကူလိပ်ကြီးကို စာရေးသူအား လှမ်းပေးလိုက်၏။ စာရေးသူ ဖြန့်ဖတ်ကြည့်လိုက်သောအခါ

- မေတ္တာအလင်းရောင်တောက်ပခြင်းဟာ
  ကမ္ဘာ့မိသားစုကြီးတစ်ခုလုံး
  ထာဝစဉ်အားထားမြတ်နိုးရမည့်
  လျှို့ဝှက်ကယ်တင်ရှင်ဖြစ်ပေမယ့်၊
- မေတ္တာတရားခေါင်းပါးမှု နတ်ဆိုးက
  ကမ္ဘာ့မိသားစုကြီးတစ်ခုလုံးအတွက်
  ယနေ့-မျက်ရည်နှင့်သွေးများ
  စနစ်တကျ ဖန်တီးပေးနေတယ်။
- သစ္စာအလင်းပြန့်နှံ့ခြင်းဟာ
  ကမ္ဘာ့မိသားစုကြီးတစ်ခုလုံးအတွက်
  ထာဝစဉ်ဆောင်ရွက်ရမည့်၊
  လျှို့ဝှက်အင်အားဖြစ်ပေမယ့်
- သစ္စာတရားခေါင်းပါးမှုနတ်ဆိုးက
  ကမ္ဘာ့မိသားစုကြီးတစ်ခုလုံးအတွက်
  ယနေ့ - သဘာဝဘေးအန္တရာယ်ဆိုးများ
  စနစ်တကျ ဆောင်ကျဉ်းပေးနေတယ်။
- မေတ္တာသစ္စာရောင်ခြည်တို့သည်သာ
  ကမ္ဘာ့မိသားစုကြီးတစ်ခုလုံးအတွက်

www.dhammaransi.com



ငြိမ်းချမ်းရေး နံ့ပွှာန်ဘုံများ
ဖန်ဆင်းပေးနိုင်ပေမယ့်၊
- စစ်ဆိုတဲ့ စစ်ပွဲဆင်နွှဲမှုတွေက
ကမ္ဘာ့မိသားစုကြီးတစ်ခုလုံးအတွက်
ကြေကွဲဖွယ်ငရဲခန်းများ
စနစ်တကျဖန်တီးပေးနေတယ်။

(မောင်ရဲမြင့်)

ဟု တွေ့ရ၏။

မေတ္တာနှင့်သစ္စာကိုကျင့်သုံးလျှင် ရရှိမည့်ကောင်းကျိုးနှင့် မကျင့်သုံးလျှင်ရရှိမည့်ဆိုးကျိုးတို့ကို ထိမိစွာဖွဲ့သီထားသော စာပိုဒ်လေးများပင်ဖြစ်၏။

"ဒကာလေးရေးထားတာလား တကယ်ကိုကောင်းပါတယ်"

"ဟုတ်ပါတယ်ဘုရား။ ဆရာတော်သဘောကျရင် လာသမျှလူများဖတ်ရှုရအောင် ကျောင်းမှာကပ်ထားပေးပါ"

"ကပ်ထားပေးပါ့မယ်၊ ဒါနဲ့ ဒကာလေးက ဗုဒ္ဓဘာသာအကြောင်းကို တော်တော်လေ့လာထားတယ်ထင်တယ်၊ ဗဟုသုတအတွက်ပဲလား၊ ဒါမှမဟုတ် တကယ်ကို စိတ်ဝင်စားလို့လား"

"တကယ်ကိုစိတ်ဝင်စားလို့ပါ ဘုရား၊ တပည့်တော် မိဘများက ခရစ်ယာန်ဘာသာဝင်ဖြစ်လို့ တပည့်တော်လည်း ခရစ်ယာန်ဘာသာဝင်ဖြစ်နေရပေမဲ့ တစ်သက်တာအတည်မဟုတ်သေးပါဘူးဘုရား၊ ဘာသာအားလုံးကို ရွေးချယ်ဆန်းစစ်နေတုန်းပါပဲ။ ဈေးထဲမှာ တစ်နပ်စာချက်စားမယ့် ချဉ်ပေါင်ရွက်လေးတစ်စီးဝယ်တာတောင် အနာများပါသလား၊ အပုပ်များပါသလားဆိုပြီး ရွေးချယ်ရသေးတာ၊ သံသရာတစ်လျှောက်လုံး အားကိုးအားထားပြုရမယ့် ဘာသာတရားကျတော့မှ ဝေဖန်ဆန်းစစ်ခြင်း၊ ရွေးချယ်ခြင်းမပြုဘဲ မျက်စိမှိတ်ကိုးကွယ်လိုက်မယ်ဆိုရင် ဒီလိုလူထက်မိုက်မဲတဲ့သူဘယ်မှာရှိလိမ့်မလဲဘုရား။"

ဘာသာအယူဝါဒတစ်ခုကို ရွေးချယ်ဆန်းစစ်ပြီးမှ ကိုးကွယ်သင့်ကြောင်း အတွေးအခေါ်ကို သူက စတင်သည်ဟုယူဆပြီး မောင်ရဲမြင့်က ပြောနေခြင်း ဖြစ်၏။ အမှန်ကား ဗုဒ္ဓက ဤအတွေးအခေါ်ကို လွန်ခဲ့

www.dhammaransi.com



သော နှစ်ပေါင်း (၂၅၀၀)ကျော်ခန့်ကပင် တိကျစွာ ဟောတော်မူခဲ့ပြီး ဖြစ်၏။ ထိုအကြောင်းကို သိရလျှင် မောင်ရဲမြင့်သည် အံ့ဩလည်းသွားနိုင် သည်။ ဗုဒ္ဓကို ပိုမို၍လည်း ကြည်ညိုသွားနိုင်သည်။ ထို့ကြောင့်လည်း. .

"ဗုဒ္ဓကလည်း ဘာသာတစ်ခုကို ရွေးချယ်ဆန်းစစ်ပြီးမှ ကိုး ကွယ်သင့်ကြောင်းကို လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော်ကတည်းက ဟောထားခဲ့တယ် ဒကာလေးရဲ့"

သူသည် တအံ့တဩဖြစ်သွားသော မျက်နှာလေးဖြင့်

"ဘယ်လိုများ ဟောခဲ့သလဲ ဘုရား"

"ဟောခဲ့တာကတော့ အင်္ဂုတ္တိုရ်ပါဠိတော်တိက နိပါတ်၊ ကေသ မုတ္တိသုတ်မှာပါ။ ကာလာမအမျိုးအနွယ်သားတွေကို အကြောင်းပြုပြီး ဟောတဲ့အတွက်ကြောင့် ကာလာမသုတ်လို့လည်း လွယ်လွယ်ခေါ်ကြ တယ်၊အခါတစ်ပါး မြတ်စွာဘုရားဒေသစာရီ လှည့်လည်တရားဟောရင်း ကေသမုတ္တိနိဂုံးရှိ ကာလာမအနွယ်တွေ နေထိုင်တဲ့အရပ်ကို ရောက်လာ တယ်၊ ဒီအချိန်က ဘာသာအယူဝါဒကိုတီထွင်တဲ့ ဘာသာရေးခေါင်း ဆောင်တွေဟာ အင်မတန်များပြားတယ်၊ သူတို့လည်း ဗုဒ္ဓကဲ့သို့ လှည့် လည်ပြီး သူတို့အယူဝါဒကို ဟောပြောကြတာပဲ။ ဘာသာအယူဝါဒမျိုး စုံရဲ့ အတွေးအခေါ်တွေကို ခဏခဏ နားထောင်နေရတော့ ကာလာမ အနွယ်ဝင်တွေကလည်း "ငါးသိုင်းများတော့ ဟင်းဟုန်"ဆိုတဲ့ စကား အတိုင်း ဘယ်ဘာသာကိုမှ ကောင်းတယ်လို့ မထင်တော့ဘူး ရှုပ်သွားတာ ပေါ့။

ပြီးတော့ ရောက်လာသမျှ ဘာသာရေးခေါင်းဆောင်တွေက သူ့အယူအဆကသာ မှန်တယ်။ အခြားအယူအဆက မှားတယ်ဆိုတဲ့ အတ္တုက္ကံသနပရဝမ္ဘနစကားမျိုးချည်းသာ ပြောကြတာမဟုတ်လား။ အယူဝါဒအမျိုးမျိုးကို နားကြားနေရတဲ့အတွက် ဘယ်အယူဝါဒက မှန်တယ်၊ ဘယ်အယူဝါဒက မှားတယ်ဆိုတာ မဆုံးဖြတ်နိုင်အောင် ဖြစ် နေပါတယ်ဘုရားလို့ လျှောက်ထားကြတော့---

ဗုဒ္ဓက- ဗိုး . . အချင်းကာလာမ အနွယ်တို့ သင်တို့သည် အယူ
ဝါဒတစ်ခုကို-

www.dhammaransi.com



တစ်ဆင့်ကြားဖြင့်လည်း အမှန်လို့ မယူကြနဲ့၊
ရှေးအစဉ်အလာ စကားဖြစ်ရုံနဲ့လည်း အမှန်လို့ မယူကြနဲ့၊
ဤသို့ဖြစ်ဖူးသတဲ့ဆိုသဖြင့်လည်း အမှန်လို့ မယူကြနဲ့
ကျမ်းဂန်နှင့်ညီညွတ်သည်ဆိုရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့၊
နည်းမှီ၍ ယူခြင်းမျိုးဖြင့်လည်း အမှန်လို့ မယူကြနဲ့၊
အကြောင်းခြင်းရာကို ရှာကြံယောက်ပြည်ညွှတ်သည် ဆိုရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့၊
မိမိတို့ ကြံစည်နှစ်သက်လက်ခံထားသော အယူနှင့် ကိုက်ညီသည်ဆိုရုံနှင့် အမှန်လို့ မယူကြနဲ့၊
လက်ခံထိုက်သော ပုဂ္ဂိုလ်၏စကားဖြစ်ရုံနှင့် အမှန်လို့ မယူကြနဲ့။
မိမိတို့လေးစားအပ်သော ဆရာ၏စကားဖြစ်ရုံနှင့် အမှန်လို့ မယူကြနဲ့။

သင်တို့သည် မိမိတို့ကိုယ်တိုင်
ဤတရားတို့သည် အကုသိုလ်တရားတို့တည်း။
ဤတရားတို့သည် အပြစ်ရှိသော တရားတို့တည်း။
ဤတရားတို့သည် ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း။
ဤတရားတို့နှင့်ပြည့်စုံလျှင် ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးမဲ့ခြင်း ဆင်းရဲခြင်းတို့ ဖြစ်ကုန်၏ဟု သိကြသောအခါ ထိုတရားတို့ကို ပယ်ကြကုန်လော့-

ဒါကပယ်ရမည့် အယူဝါဒရဲ့ အင်္ဂါလေးချက်ကို ပြောနေတာပေါ့။ ဆောင်ရမဲ့ဘာသာ အယူဝါဒရဲ့ အင်္ဂါလေးချက်ကတော့-

ဤတရားတို့သည် ကုသိုလ်တရားတို့တည်း။
ဤတရားတို့သည် အပြစ်မရှိသော တရားတို့တည်း။
ဤတရားတို့သည် ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း။
ဤတရားတို့နှင့် ပြည့်စုံလျှင် ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးရှိခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်၏ဟု သိကြသောအခါ ထိုတရားတို့ကို ဆောက်တည်ကျင့်သုံးကြကုန်လော့။

www.dhammaransi.com



ကဲ ဒီဓာသနာကို ယောက်ဆပြီးတော့ ဘာသာအယူဝါဒ မှန်သမျှကို ရွေးချယ်ဆန်းစစ်ပြီးမှကိုးကွယ်ဖို့ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) ကျော်လောက်ကတည်းက ဗုဒ္ဓက ဟောခဲ့ပြီးသားလို့ ပြောတာပေါ့။

"အဲ့ဩကြည်ညိုစရာကောင်းလိုက်တာဘုရား၊ဘယ်ဘာသာက ကောင်းတယ်၊ ဘယ်ဘာသာက မကောင်းဘူးဆိုတဲ့ ပုဂ္ဂလဓိဋ္ဌာန် မျိုး မဟောပဲ ဘယ်အချက်တွေနဲ့ ညီရင် ကောင်းတဲ့အယူဝါဒ၊ ဘယ်အချက်တွေနဲ့ မညီရင် မကောင်းတဲ့အယူဝါဒဆိုတဲ့ ဓမ္မဓိဋ္ဌာန်မျိုးနဲ့ ရဲရဲပြတ်သားစွာ ဟောတာဟာ ဗုဒ္ဓတစ်ဆူပဲရှိတော်မူမှာပါ၊ ဒီဒေသနာကို မှတ်မိလွယ်အောင် လင်္ကာသီထားတာရှိရင် ကောင်းမယ်ဘုရား။"

"ရှိပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကြီးက ဘာသာအယူဝါဒစစ်တမ်းဆိုတဲ့အမည်နဲ့ လင်္ကာသီထားတာ ရှိပါတယ်၊ ဓမ္မဓိဋ္ဌာန်ဘာသာ ရွေးနည်းလို့ နာမည်ပေးရင် ပိုပြီးစိတ်ဝင်စားစရာ ကောင်းမယ်ထင်တယ်" လင်္ကာက-

## "ဓမ္မဓိဋ္ဌာန်ဘာသာရွေးနည်း"

ဘာသာဝါဒ၊ မတူကြ၍၊ လောကအတွင်း၊ ငြင်းခုန်ခြင်းဖြင့်၊
ဆင်းရဲဒုက္ခ၊ ရောက်ကုန်ကြ၏။
ဝါဒအယူမှားခဲ့မူကား၊ ဆူဆူဗုဒ္ဓ၊ ကာယမရသည့်၊
လေးဝပါယ်ဘုံ၊ ဘေးတွေ့ကြုံလိမ့်၊ စေ့စုံဉာဏ်ဖြင့်၊ မြော်ထောက်ချင့်ကာ၊
တဆင့်ကြားသိ၊ မိရိုးဖလာ၊ ကောဠာဟလ၊ ကျမ်းစာမျှနှင့်၊
ကြံဆနည်းမှီ၊ ဆီလျော်သုံးသပ်၊ ယူခြင်းထပ်၍၊ ယုံအပ်သူပဲ၊
ဆရာစွဲဖြင့်၊ လွှဲပုံစိတ်ချ၊ မယူကြလင့်၊
ဒိဋ္ဌကျင့်ကြံ၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ မှားမှန်ကောင်းဆိုး၊ သိအောင်ကြိုးဟု၊
မျိုးကာလာမ၊ ဟောညွှန်ပြ၊ ဝါဒအယူစစ်တမ်းပေတဲ့။

အဲဒီညွှန်ကြားချက်ဟာ ဘာသာအသီးသီးက လူတွေနဲ့ဆိုင်တယ်။ ဗုဒ္ဓမှတစ်ပါး ကျန်တဲ့ ဘာသာဝင်က ဘုရားတွေသည် လူတွေနဲ့ တကွ ကမ္ဘာကြီးတစ်ခုလုံးမှာရှိတဲ့ သက်ရှိသက်မဲ့အားလုံးကို သူတို့ဖန်ဆင်းထားတာလို့ ပြောကြတယ်၊ သူတို့ဖန်ဆင်းထားကြတာဆိုရင် အသက်ရှည်တဲ့လူတွေကိုသာ ဖန်ဆင်းသင့်တယ်၊ အသက်တိုတဲ့ လူတွေကို မဖန်ဆင်း

www.dhammaransi.com



သင့်ဘူး။ အနာရောဂါကင်းရှင်းတဲ့သူတွေကိုသာ ဖန်ဆင်းသင့်တယ်၊ အနာ ရောဂါများတဲ့သူတွေကို မဖန်ဆင်းသင့်ဘူး။ ရုပ်ရည်ချောမောလှပတဲ့ သူတွေကိုသာ ဖန်ဆင်းသင့်တယ်။ အကျည်းတန် အရုပ်ဆိုးတဲ့သူတွေကို မဖန်ဆင်းသင့်ဘူး။ အခြွေအရံများတဲ့သူတွေကိုသာ ဖန်ဆင်းသင့်တယ်။ အခြွေအရံနည်းပါးတဲ့သူတွေကို မဖန်ဆင်းသင့်ဘူး၊ ချမ်းသာကြွယ်ဝတဲ့ သူတွေကိုသာ ဖန်ဆင်းသင့်တယ်။ ဆင်းရဲနွမ်းပါးတဲ့သူတွေကို မဖန်ဆင်း သင့်ဘူး။"

"အမျိုးမြတ်တဲ့သူတွေကိုသာ ဖန်ဆင်းသင့်တယ်။ အမျိုးယုတ်တဲ့ သူတွေကို မဖန်ဆင်းသင့်ဘူး။ ဉာဏ်ကောင်းတဲ့သူတွေကိုသာ ဖန်ဆင်း သင့်တယ်၊ ဉာဏ်ထိုင်းတဲ့သူတွေကို မဖန်ဆင်းသင့်ဘူး၊ ဘုရားဆိုတာ မေတ္တာ ကရုဏာအပြည့်ရှိပြီးသား ဖြစ်ရမယ်။ မေတ္တာကရုဏာရှိတဲ့ ဘုရားဆိုရင်လည်း အသက်ရှည်သူ၊ ကျန်းမာသူ၊ ချမ်းသာသူတွေချည်း ဖန်ဆင်းပေးရမယ်၊ အသက်တိုသူ၊ အနာရောဂါ များသူ၊ ဆင်းရဲနွမ်းပါးသူ တွေကို မဖန်ဆင်းသင့်ဘူး၊ ဖန်ဆင်းမိပါတယ် ဆိုရင်လည်း ဒီဘုရားမှာ မေတ္တာကရုဏာကင်းမဲ့တဲ့အဖြစ်ကို ရောက်သွားမယ်"

"တစ်ခါ မဖန်ဆင်းပါဘူးဆိုရင်လည်း ဣဿရနိမ္မာနလို့ခေါ်တဲ့ ဖန်ဆင်းရှင်ဘုရားဘဝကနေ လျှောကျသွားမယ်၊ ဘာသာဝင်အားလုံး လူသားအားလုံးနဲ့ဆိုင်တဲ့ ဒီအချက်တွေကို ဒကာခလေးသေသေချာချာ စဉ်းစားဘူးပါသလား"

"တစ်ခါမှမစဉ်းစားဖူးဘူးဘုရား။ ဒီအတွေးအခေါ်တွေရဲ့ အကျယ် ရှင်းလင်းချက်ကို လူတိုင်းသိသင့်ပါတယ်ဘုရား၊ တပည့်တော် လည်း အရမ်းသိချင်နေပါတယ်၊ ဖြေရှင်းပေးပါဘုရား"

"ဒီအကြောင်းအရာတွေဟာ ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မ ဝိဘင်္ဂသုတ်ကလာတာပါ၊ တုဒိအမည်ရှိတဲ့ မြို့ကိုစားရတဲ့ တောဒေယျ အမည်ရှိတဲ့ ပုဏ္ဏားကြီးတစ်ယောက် ရှိပါတယ်။ သူ့မှာသုဘအမည် ရှိတဲ့ သားတစ်ယောက်လည်းရှိတယ်၊ မြန်မာလိုတော့ တင့်တယ်လှပ ချောမောသူပေါ့၊ ဗုဒ္ဓက ဒါနတော ဘောဂဝါ - ပေးကမ်းလှူဒါန်းသူများ

www.dhammaransi.com



ဟာ ဖြစ်ရာဘဝမှာ စည်းစိမ်ဥစ္စာပေါများချမ်းသာတယ်လို့ဟောတယ် သူက ပေးကမ်းလှူဒါန်းခြင်းဟာ မွဲခြင်းရဲ့အကြောင်း ပစ္စည်းကုန်ခြင်း ရဲ့ အကြောင်းလို့ ယူဆကုဋ်သုံးဟောပြောတယ်။

"သူကဘာမှမလှူဘူး၊ သူ့သားကိုလည်း ဘာမှမလှူစေဘူး၊ စည်းစိမ်ဥစ္စာတွေကို ရနိုင်သမျှရအောင်ရှာဖွေပြီး ဒါန သီလ ဘာဝနာ တစ်ခုမှမလုပ်ဘဲအိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်းသုံးမျိုးနဲ့ပဲ အချိန်ကုန်လွန်စေတယ်။ အဲဒီလိုလူမျိုးကို ငါမာနဝတ္ထုအဋ္ဌကထာမှာ လူ့တိရစ္ဆာန်လို့ နာမည်ပေးထားတယ်။ တိရစ္ဆာန်လို အနေများတဲ့သူဟာ သေတဲ့အခါ တိရစ္ဆာန်ဖြစ်ရတာဟာ သဘာဝကျပါတယ်၊ တောဒေယျ ပုဏ္ဏားကြီး သေတဲ့အခါ သူ့အိမ်မှာပဲ ခွေးကြီးတစ်ကောင် ပြန်ဖြစ်တယ်၊ ဒါကြောင့်လည်း မေမြို့ဘာအရှင်ပညာဇောတဆရာတော်ကြီးက-

လူနဲ့တိရစ္ဆာန်၊ ခြားနားဟန်၊ နှစ်တန်သိရမည်။
အိပ်စားကာမ၊ သိရုံမျှ၊ မှတ်ကြ လူမပီ။
အကုသိုလ်ပယ်၊ ကုသိုလ်သွယ်၊ တကယ်လူပီသည်။
လူမပီကာ၊ အပါယ်ကျ၊ ဒုက္ခမလွတ်ပြီ။

လူပီလေကာ၊ ချမ်းသာရ၊ ရောက်ရနိဗ္ဗာန်ဆီ။ ဆိုပြီး လူနဲ့ တိရစ္ဆာန်ခွဲခြားတဲ့နည်းကို ရေးသားဆုံးမခဲ့တာပေါ့။ အဖေဘဝက လာတဲ့ ခွေးကြီးဆိုတော့ မသိစိတ်ရဲ့တိုက်တွန်းမှုကြောင့် သုဘလုလင်ဟာ ခွေးကြီး ကို တအားချစ်တယ်၊ ကုတင်မွေ့ယာနဲ့ သေချာသိပ်ပြီး သေချာကျွေးမွေး ထားတယ်၊ တစ်နေ့တော့ ဗုဒ္ဓက သုဘလုလင် သရဏဂုံဘည်ပြီး ဗုဒ္ဓ ဘာသာဖြစ်မယ့်အရေးကို မြင်တဲ့အတွက်ကြောင့် သူတို့အိမ်ရှေ့မှာ ဆွမ်း လာရပ်တယ်။ ဒီအချိန်မှာ သုဘလုလင်ကတော့ အိမ်မှာမရှိဘူး။ တောဒေယျဘဝကလာတဲ့ ခွေးကြီးဟာ ဘုရားရှင်ကိုလည်း မြင်ရော စားမတတ် ဝါးမတတ်ဟောင်တော့တာပဲ။

"အဲဒီမှာတင် ဘုရားရှင်က. . . တောဒေယျသင်ဟာ လူ့ဘဝ တုံးက ငါနဲ့ဆန့်ကျင်ဘက်လုပ်ပြီး တိရစ္ဆာန်လိုနေခဲ့တဲ့အတွက် အခု တိရစ္ဆာန်ဘဝရောက်နေပြီ၊ ဒါနဲ့တောင်အသိတရားမရဘဲ အခုထိ ငါဘုရားကို ရန်ရှာနေတုန်းပဲ၊ ဒီလိုသာဆိုရင် သင်ဟာ ခွေးဘဝက သေရင် ငရဲထိကျလိမ့်ဦးမယ်ဟု မိန့်တော်မူပြီး ကျောင်းတော်သို့ ပြန်ကြွ

www.dhammaransi.com



သွားတယ်။"

"ဘုရားရှင်ရဲ့စကားကို ကြားလိုက်ရတာနဲ့ ခွေးကြီးဟာဆက်မဟောင်နိုင်တော့ပဲ ခေါင်းငိုက်စိုက်ကျပြီး ပြာပုံထဲတိုးပြီး အိပ်သွားတယ်၊ သူခွေးဖြစ်နေတာကို ဘုရားရှင်က သိနေတဲ့အတွက် ရှက်လည်းရှက်၊ စိတ်လည်းဆင်းရဲသွားတာပေါ့။"

"ဒါကြောင့်အိပ်နေကျ ကုတင်ပေါ် တက်မအိပ်တော့ဘဲ ပြာထဲထိုးအိပ်လိုက်တာပါ၊ သူ့သားပြန်လာလို့ အကျိုးအကြောင်း သိရတဲ့အခါ ဘုရားရှင်အပေါ် အလွန်ဒေါသထွက်ပြီး ရန်တွေ့ရအောင် လိုက်သွားတယ်၊ သူ့အဖေခွေးဖြစ်တယ်ဆိုတာကို အထောက်အထားပြပါ၊ မပြနိုင်ရင် ဘုရားတန်မဲ့မုသားပြောတယ်ဆိုပြီး တစ်မြို့လုံးမှာ အပုပ်ချမယ်လို့ ပြောတော့ ဘုရားရှင်ကမေးတယ်၊ "သင့်အဖေက သင်မသိအောင် ဝှက်ထားခဲ့တဲ့ ဥစ္စာပစ္စည်းများ ရှိပါသလားတဲ့။"

ဒီတော့ သုဘကပြောတယ်။ "ငွေတစ်သိန်းရယ်၊ ငွေတစ်သိန်းတန်တဲ့ ပစ္စည်းသုံးမျိုးရယ်ကို ခုထိရှာမတွေ့သေးပါဘူးတဲ့။ ဒီတော့ ဘုရားရှင်က အိမ်ပြန်ပြီး ခွေးကြီးကို ရေမိုးချိုး၊ ရေမရောတဲ့နို့ထမင်းကို ကျွေးပြီး နူးညံ့တဲ့ အိပ်ယာပေါ်မှာ သိပ်ပါ၊ ခွေးကြီးအိပ်မပျော်တပျော် အချိန်လေးမှာ ကျောတိုသပ်ပြီး အဖေမသေခင်က ကျွန်ုပ်ကို မအပ်ခဲ့တဲ့ ပစ္စည်းနဲ့ငွေတွေကို ဘယ်နေရာထားခဲ့လဲ၊ ထားခဲ့တဲ့နေရာကို ပြပါလို့ မေးလိုက်ပါ၊ ဒီအခါမှာ ခွေးကြီးက ပစ္စည်းတွေရှိတဲ့နေရာကို ပြပေးရင် ငါပြောတာ မှန်တယ်ဆိုတာကို လက်ခံပါ၊ ပြမပေးဘူးဆိုရင် ငါဘုရားကို မုသားပြောတယ်ဆိုပြီး တစ်မြို့လုံးမှာ အပုပ်ချပါလို့ မိန့်တော်မူတယ်"

"ဘုရားရှင်ရဲ့ စကားဆုံးတာနဲ့ သုဘဟာ သူ့အတွက် အရှုံးမရှိတဲ့ဒဿနတစ်ခုကို တွေးမိသွားတယ်၊ ငါဟာ ဒီအလုပ်ကို လုပ်ကြည့်သင့်တယ်၊ ခွေးကြီးက ပစ္စည်းတွေရှိတဲ့နေရာကိုပြခဲ့ရင် ပစ္စည်းဥစ္စာတွေ ပြန်ရတဲ့အတွက် ငါ့မှာအမြတ်ထွက်တာပဲ၊ မပြခဲ့ရင် ဘုရားရှင်ကို မုသားပြောတယ်ဆိုပြီး တစ်မြို့လုံးမှာ အရှက်ခွဲခွင့်ရတယ်၊ ဒါလည်း ငါ့အတွက် အရှုံးမရှိဘူးလို့ တွေးမိပြီး ဘုရားရှင်ပြောတဲ့အတိုင်း လုပ်ကြည့်တဲ့အခါ ဥစ္စာပစ္စည်းအားလုံးကို ပြန်လည်ရရှိသွားတယ်။

www.dhammaransi.com


ဒီနေရာမှာ ဒကာလေးအပါအဝင် လူသားအားလုံးကို သံသရာနဲ့ ပတ်သက်လာရင်မိမိအတွက် အရှုံးမရှိကဲ့ဒဿနတစ်ခုကို ပေးချင်တယ်။"

"ပြောပါဘုရား၊ တပည့်တော်တကယ်ကို စိတ်ဝင်စားနေပါတယ်ဘုရား"

"ဒီအတွေးအခေါ်ကလည်း ဘုရားအလောင်းနုစဉ်ဘဝတစ်ခုတုန်းကပေးခဲ့တာပါ၊ ဇာတ်တော်ရဲ့ လိုရင်းအချုပ်ကို ပြောရအောင်၊ တစ်ခါတော့ ဘုရားလောင်းဦးဆောင်တဲ့ လူပေါင်းငါးရာရယ်။ ဒေဝဒတ်အလောင်းဦးဆောင်တဲ့ လူပေါင်းငါးရာရယ်၊ စုစုပေါင်း လူတစ်ထောင်တို့ဟာ သင်္ဘောပျက်ပြီး ကျွန်းကြီးတစ်ကျွန်းပေါ်ကိုရောက်သွားကြတယ်၊ ကျွန်းကြီးဟာ အစားအသောက်ရေမိုး ပြည့်စုံတဲ့အတွက် တစ်သက် လုံးနေသွားဖို့ ဆုံးဖြတ်ကြတယ်။"

"တစ်ခါတော့ ဒေဝဒတ်အုပ်စုအဖွဲ့ထဲက လူတွေဟာ အရက်တွေချက်၊ သောက်စားမူးရူးပြီး တွေ့ကရာနေရာမှာ အညစ်အကြေးတွေကို စွန့်ကြတယ်။ ဒါကြောင့် ကျွန်းပေါ်မှာ နေကြတဲ့ နတ်တွေက စိတ်ဆိုးပြီးလာမယ့် လပြည့်ညမှာ ပင်လယ်ထဲက ရေတွေကို ကျွန်းတစ်ကျွန်းလုံးမြုပ်အောင် တက်လာစေပြီး ကျွန်းပေါ်မှာရှိကြတဲ့ လူအားလုံးကို သတ်ပစ်ဖို့ ဆုံးဖြတ်ချက် ချလိုက်ကြတယ်၊ ဆုံးဖြတ်ချက်ချပြီးချိန်မှာ သနားတတ်တဲ့ သူတော်ကောင်းနတ်တစ်ယောက်က ကိုယ်ထင်ပြပြီး လာမယ့်လပြည့်နေ့ညကျရင် ပင်လယ်ရေတွေ တစ်ကျွန်းလုံးမြုပ်အောင် တက်လာမှာမို့လို့ သေဘေးက လွတ်ချင်ရင် အခုကတည်းက လှေတွေ ဖောင်တွေကြိုတင်လုပ်ထားကြပါလို့ ပြောပြီး ပျောက်သွားတယ်။"

"သူ့နောက်မှာ နတ်တစ်ယောက်ကလည်း ကိုယ်ထင်ပြပြီး အို-- အသင်လူသားတို့ ဒီကျွန်းပေါ်ကို တစ်ခါမှရေမတက်ဘူးပါ၊ နောင်ဘယ်တော့မှလည်း တက်မည်မဟုတ်ပါဘူး၊ ဒါကြောင့် အရင်အတိုင်းအေးအေးဆေးဆေးသာနေကြပါ၊ လှေတွေဖောင်တွေ လုပ်စရာမလိုပါဘူးလို့ ပြောပြီး ပျောက်သွားပြန်တယ်။ ရောက်မယ် မတက်ဘူးဆိုတာ လပြည့်နေ့ ရောက်မှဘဲသိရမယ်၊ ကြိုတင်ပြီးမသိနိုင်ဘူး၊ ဒီတော့ လှေတွေ

www.dhammaransi.com



ဖောင်တွေ အပင်ပန်းခံပြီး လုပ်သင့်မလုပ်သင့်ဆိုတာ ပြဿနာပေါ်လာတယ်"

"မိမိအတွက်သေချာတဲ့ အရှုံးမရှိတဲ့နည်းကို ဒေဝဒတ် အလောင်းခေါင်းဆောင်တဲ့ အဖွဲ့သားတွေဟာ မတွေးမိကြဘူး၊ ဒါကြောင့် လှေတွေ ဖောင်တွေ ကြိုတင်ပြီး မလုပ်ကြဘူး။ လှေတွေဖောင်တွေ လုပ်ပြီးကာမှ ပင်လယ်ရေတွေ တက်မလာရင် ပင်ပန်းတာပဲ အဖတ်တင်မယ်ဆိုတဲ့ အတွေးအခေါ်ကြောင့်ပေါ့၊ ဘုရားအလောင်း ဦးဆောင်တဲ့ အဖွဲ့သားတွေကလည်း ဟိုဘက်အဖွဲ့နည်းတူ လှေတွေဖောင်တွေ မလုပ်ချင်ကြဘူး"

"ဒါပေမဲ့ ဘုရားအလောင်းက အတွေးအခေါ်ပညာရှိတော့ လှေတွေ ဖောင်တွေကို အသင့်လုပ်ခိုင်းတယ်၊ ငယ်သားတွေက ရေတွေသာ တကယ်တက်မလာရင် လှေတွေဖောင်တွေ လုပ်ရတာ ပင်ပန်းတာသာ အဖတ်တင်မှာ ဖြစ်လို့ မလုပ်ချင်ကြောင်း ပြောကြတယ်၊ ဒီတော့မှ ဘုရားအလောင်းက အခုအချိန်ထိအောင် သမိုင်းတွင်ကျန်ရစ်မယ့် အရှုံးမရှိသော ဒဿနတစ်ခုကို တင်ပြတယ်၊ ရေတက်မယ် မတက်ဘူးဆိုတာ လပြည့်နေ့ညကျမှ သိရမယ်၊ ကြိုတင်ပြီး မသိနိုင်ဘူး"

"လှေတွေဖောင်တွေလုပ်မထားရင် လပြည့်နေ့ညရေတက်မလာရင်တော့ ကိစ္စမရှိဘူး၊ ရေတက်လာလို့ကတော့ အားလုံးသေကြရမယ်၊ ဒါကြောင့် လှေတွေဖောင်တွေ ကြိုတင်လုပ်မထားတာဟာ မိမိအတွက် စိတ်မချရတဲ့နည်းပဲ။ အကယ်၍ လှေတွေဖောင်တွေ ကြိုလုပ်ထားကြမယ်ဆိုရင် လပြည့်နေ့ညမှာ ရေတက်မလာလည်း ကိစ္စမရှိဘူး။ လိုတဲ့နေရာမှာ သုံးရတာပေါ့။ အကယ်၍ ရေတက်လာရင်လည်း အသက်ချမ်းသာရာရတာပေါ့၊ နှစ်မျိုးလုံး မိမိအတွက် အရှုံးမရှိတော့ဘူး။ ဒီလိုရှင်းပြမှငယ်သားတွေဟာ သဘောပေါက်ပြီး လှေတွေဖောင်တွေကို အားကြိုးမာန်တက်လုပ်ကြတယ်၊"

"လပြည့်နေ့ရောက်လာတဲ့အခါ ပင်လယ်ရေတွေ ကျွန်းကြီး မြုပ်အောင် တကယ်တက်လာတဲ့အတွက် ဒေဝဒတ်ဦးဆောင်တဲ့ အဖွဲ့သားငါးရာဟာ ရေထဲမှာမျောပါပြီး သေဆုံးကြရတယ်၊ ဘုရားလောင်း ဦးဆောင်တဲ့ အဖွဲ့သားတွေကတော့ အသင့်လုပ်ထားတဲ့ လှေတွေ

www.dhammaransi.com



ဖောင်တွေနဲ့ ဘေးလွတ်ရာကို ထွက်ခွာသွားနိုင်ကြတယ်၊ အခုလည်း ဘာသာကြီးလေးခုရှိတဲ့အနက်က ဗုဒ္ဓဘာသာကတော့ ဘုရားက မကယ်ဘူး၊ ကိုယ်ပြုထားတဲ့ ဒါန သီလ ဘာဝနာဆိုတဲ့ လှေတွေဖောင်တွေက သာလျှင် သံသရာမှာ ဒုက္ခမရောက်အောင် ကယ်တင်မယ်လို့ ဟောပြောတယ်၊ ကျန်တဲ့ဘာသာဘုရားတွေကတော့ သူတို့ကိုသာ ပုံအပ်ပြီးတော့ ယုံကြည်ကိုးကွယ်ပါ၊ တမလွန်ဘဝကျရင် စောင့်ရှောက်ကယ်တင်မယ်လို့ ဟောပြောတယ်။"

"တကယ်တော့ ဆိုင်ရာဘုရားတွေက မိမိသေသွားတဲ့အခါ ကယ်တင်မယ်၊ မကယ်တင်ဘူးဆိုတာ ကြိုတင်ပြီး သိနိုင်ဘာမဟုတ်ဘူး။ သေပြီးမှ သိရတဲ့အရာပဲ၊ ဒီနှစ်နည်းမှာ ဗုဒ္ဓပေးတော်မူတဲ့ ဒါန၊ သီလ၊ ဘာဝနာတရားတွေကို ပြုလုပ်ထားခြင်းဆိုတဲ့နည်းက မိမိအတွက် အရှုံးမရှိတဲ့နည်းပဲ၊ မစမည့်ဘုရားကိုယုံပြီး ကုသိုလ်တွေတစ်ခုမှ မလုပ်ဘဲ သေသွားရင် သူတို့ပြောသလို ဘုရားရှင်တွေက တမလွန်ကနေ အသင့်စောင့်ပြီး ကယ်ရင်တော့ တော်သေးတာပေါ့"

"မကယ်ရင် ကိုယ်ပဲဆုံးရှုံးမှာ ဗုဒ္ဓညွှန်ကြားတဲ့အတိုင်း ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်လှေတွေ ဖောင်တွေကို ကြိုလုပ်ထားမယ်ဆိုရင်တော့ နောက်ဘဝမှာ ဘုရားကကယ်လည်း မိမိက သူတော်ကောင်းဖြစ်နေတဲ့အတွက် ပိုပြီးကယ်ရမှာပေါ့။ မကယ်ဘူးဆိုရင်လည်း ကိုယ်ပြုပြီးသား ကုသိုလ်တွေက အသင့်ရှိနေလို့ အားငယ်စရာ မလိုတော့ပါဘူး" ထိုစကားအရောက်တွင် မောင်ရဲမြင့်၏ မျက်နှာသည် ဝင်းထိန်သွားကာ ကျွန်ုပ်ကို ဦးအကြိမ်ကြိမ်ချရင်းလျှောက်ထား၏။

"ဆရာတော်ဘုရား ဒီအတွေးအခေါ်တစ်ခုနဲ့ပဲ တပည့်တော်အတွက် ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ လုံလောက်ပါပြီဘုရား၊ ဒါပေမဲ့ သုဘလုလင်ရဲ့မေးခွန်းတွေကိုလည်း အရမ်းစိတ်ဝင်စားနေတဲ့အတွက် ဆက်လက်ဟောကြားပေးပါဘုရား"

စာရေးသူ လွန်စွာပီတိသောမနဿ ဖြစ်ရ၏။ စာအုပ်တစ်အုပ်၏ အောင်မြင်မှု၊ တရားပွဲတစ်ပွဲ၏ အောင်မြင်မှုကို ပရိသတ်များပြားမှုဖြင့် တိုင်းတာတတ်ကြ၏။ စာရေးသူ၏ အမြင်အားဖြင့်ကား ထိုစာအုပ်၏ ရေးသားချက်အတိုင်း ထိုဓမ္မကထိက၏ ဟောကြားချက်အတိုင်း

www.dhammaransi.com



ပည်၍ပည်မျှ လိုက်နာကျင့်သုံးကြသနည်းဟူသောအချက်ဖြင့်သာ **အောင်မြင်မှုကို တိုင်းတာသင့်သည်ဟုယူဆမိ၏။ သုဘာလုလင်သည်** မေးခွန်းဆယ့်လေးချက်၏ ဖြေဆိုမှုအဆုံးတွင် သရဏဂုံသုံးပါး ဆောက်တည်ကာ ဗုဒ္ဓဘာသာအဖြစ်သို့ ဝင်ရောက်ခဲ့သည်။

**မောင်ရဲမြင့်သည်လည်း ဤအမေးအဖြေများအဆုံးမှာပင်** ဗုဒ္ဓဘာသာအဖြစ်သို့ ဝင်ရောက်ခဲ့ပါသည်။ မူလပဏ္ဏာသအဋ္ဌကထာ အဖွင့်အရ ပုထုဇဉ် ဗုဒ္ဓဘာသာဝင်တစ်ယောက်သည် သရဏဂုံပျက်ခြင်း နှစ်မျိုးအနက် တစ်မျိုးမျိုးဖြင့် ဧကန်မုချပျက်ကြရ၏၊ **အညသတ္ထာရာဒိသု အဟံ အတ္တာနံ ပရိစ္စဇာမိတိ စေ အညသတ္ထာရုဒ္ဒေသဝသေန သာဝဇ္ဇာ ဘေဒေါတိ ဝုစ္စတိ** ဟူသော ယင်းအဋ္ဌကထာ အဖွင့်အရ ရတနာသုံးပါးမှတစ်ပါး တစ်ခြားဘာသာက ဘုရားများကို မိမိ၏အသက်နှင့် ခန္ဓာကိုယ်ကို အပ်နှင်းလှူဒါန်းပါ၏ဟူ၍ နှုတ်ကဆိုပြီး ကန်တော့လိုက်လျှင် သရဏဂုံပျက်သွား၏။ ဤသို့ပျက်ခြင်းသည် အပြစ်ရှိသော သရဏဂုံပျက်ခြင်းဖြစ်၏။

ဤကဲ့သို့ ဘာသာတစ်ပါးသို့ပြောင်း၍ သရဏဂုံပျက်ခြင်းမျိုးကား လွန်စွာနည်းပါးပါ၏။ ရှောင်၍လည်း ရနိုင်ပါ၏။ ပုထုဇဉ် ဗုဒ္ဓဘာသာဝင်တိုင်း ရှောင်၍မရသော သရဏဂုံပျက်ခြင်းတစ်မျိုး ရှိသေး၏။ ကာလကိရိယဘေဒေါ အနဝဇ္ဇဘေဒေါတိဝုစ္စတိဟူသော ထိုမူလပဏ္ဏာသအဋ္ဌကထာအဖွင့်အရ အသက်သေဆုံးသွားလျှင် ပုထုဇဉ် ဗုဒ္ဓဘာသာဝင်တိုင်း သရဏဂုံပျက်သွားသည်သာ ဖြစ်၏။ ထိုသို့ အသက်သေ၍ သရဏဂုံပျက်ခြင်းမျိုးကား အပြစ်မရှိသော၊ အကုသိုလ်မဖြစ်သော သရဏဂုံပျက်ခြင်းမျိုးသာဖြစ်၏။ သံသရာတစ်လျှောက်လုံး သရဏဂုံမပျက်ချင်လျှင် ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ ပြောင်းမသွားချင်လျှင် ဝိပဿနာတရားကို နာကြားအားထုတ်ပြီး သောတာပန်ဖြစ်အောင် ကြိုးစားရမည် ဖြစ်၏။ ရတနာသုတ်၌-

**ယထိန္ဒခီလော ပထဝိံသိတော သိယာ၊**
**စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော၊**
**တထူပမံ သပ္ပုရိသံ ဝဒါမိ၊**
**ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။**

www.dhammaransi.com



**ဣာဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

မြေထဲ၌ အတောင်များစွာ မြုပ်ထားသော ကျောက်တိုင်သည် အရပ်လေးမျက်နှာမှ တိုက်ခတ်သောလေကြောင့် ယိမ်းယိုင်တုန်လှုပ်ခြင်း မရှိသကဲ့သို့ သစ္စာလေးပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ပြီးသော (မဂ်ရပြီးသော)သူတော်ကောင်းသည် ရတနာသုံးပါးအပေါ် ကြည်ညိုယုံကြည်သောသဒ္ဓါသည် သံသရာတစ်လျှောက် ခိုင်မြဲသွား၏။ ပျက်စီးခြင်း မရှိတော့ချေ။ ဤမှန်ကန်သော သစ္စာစကားကြောင့် သက်ရှိ သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေဟု ဟောတော်မူခဲ့ခြင်းဖြစ်၏။ ထိုအချက်သိသွားသောအခါ မောင်ရဲမြင့်သည် ရဟန်းဘောင်သို့ အပြီးအပိုင်ဝင်ရောက်ပြီး စာရေးသူပြသသောနည်းအတိုင်း ဝိပဿနာ တရားကို နာကြားအားထုတ်နေပြီ ဖြစ်၏။ ရဟန်းဘွဲ့အမည် ဦးဝိသုဒ္ဓဖြစ်၏။

သုဘလုလင်၏မေးခွန်းနှင့် ဗုဒ္ဓ၏အဖြေများကို အကျဉ်းချုပ်ဖော်ပြရင်း ဿာသနာပြုခြင်းဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသည်။

**မေး ။ ။ လူချင်းတူပါလျက် အသက်အတိုအရှည် ကွဲပြားရခြင်း၏အကြောင်းများကို ဖြေဆိုပါ။**

ဖြေ ။ ။ သူတစ်ပါး၏အသက်ကို သတ်ဖြတ်သူများ အသက်တို၍ ရှောင်ကြဉ်သူများ အသက်ရှည်ပါသည်။

**မေး ။ ။ လူချင်းတူပါလျက် အနာရောဂါများခြင်း၊ နည်းခြင်း၏ အကြောင်းတို့ကို ဖြေဆိုပါ။**

ဖြေ ။ ။ သူတစ်ပါးကို ညှင်းဆဲနှိပ်စက်သူများ အနာရောဂါများ၍ ကြင်နာသနားတတ်သူများ အနာရောဂါကင်းပါသည်။

**မေး ။ ။ လူချင်းတူပါလျက် အရုပ်ဆိုးခြင်း၊ ချောမောလှပခြင်း၏အကြောင်းတို့ကို ဖြေဆိုပါ။**

ဖြေ ။ ။ ဒေါသကြီးသူများအရုပ်ဆိုး၍ မေတ္တာဓာတ်ပွားများသူများ ရုပ်ရည်ချောမောလှပသည်။

**မေး ။ ။ လူချင်းတူပါလျက် အခြွေအရံနည်းခြင်းများခြင်း၏ အကြောင်းတို့ကို ဖြေဆိုပါ။**

ဖြေ ။ ။ ကိုယ့်ထက်သာသူအပေါ် မနာလိုသူများ အခြွေ

www.dhammaransi.com



အရံနည်း၍ ကိုယ့်ထက်သာသူအပေါ် မုဒိတာပွားပြီး ဝမ်းမြောက်သူများ အခြွေအရံ ပေါများသည်။

မေး ။ ။ လူချင်းတူပါလျှက် ဆင်းရဲခြင်း၊ ချမ်းသာခြင်း၏ အကြောင်းတို့ကို ဖြေဆိုပါ။

ဖြေ ။ ။ ဒါနမပြုသူများ ဆင်းရဲ၍ ဒါနပြုသူများ ချမ်းသာပါသည်။

ဤဖြေဆိုချက်ကို ခေတ်လူငယ်များ နားလည်ရန် အင်္ဂုတ္တိုရ် ပါဠိတော်အဖွင့်အတိုင်း ရေးပြအံ့။ ဉာဏ်ဝီရိယတန်းတူရည်တူရှိသော လူလေးယောက်အား အရောင်းအဝယ်လုပ်ကိုင်စားသောက်ရန် ငွေသိန်း တစ်ထောင်စီ ပေးလိုက်၏။ ထိုလူလေးယောက်သည် ဉာဏ်ချင်း ဝီရိယ ချင်း ချမ်းသာချင်သောစိတ်ရှိတာခြင်း အရောင်းအဝယ်လုပ်တာခြင်းတူ ကြပါ၏၊ သို့ပါလျှက်ရလဒ်ကား တစ်ဦးနှင့်တစ်ဦး မတူညီကြ။

ပထမလူသည် သိန်းတစ်ထောင်ရင်းပြီး ရောင်းဝယ်ရာ သိန်း နှစ်ထောင်မြတ်၏၊ ဒုတိယလူသည် သိန်းတစ်ထောင်အတိအကျ မြတ်၏။

တတိယလူသည် သိန်းငါးရာသာ မြတ်၏။ စတုတ္ထလူသည် အရင်းသိန်းတစ်ထောင်ပင်ရှုံးသွား၏။ အရည်အချင်းလေးချက်ရှိတာ ခြင်း တူကြပါလျှက် ရလာဒ်က အဘယ်ကြောင့် ကွဲပြားသွားရပါသနည်း။ အဖြေကား-ကံခြင်းမတူသောကြောင့်ပေတည်း။

ပထမလူသည် အလှူခံကို မည်သည့်ရက်တွင် ငွေတစ်ထောင် လှူမည်ဟု ကတိပေးထား၏။ တကယ်လှူရမည့်နေ့ရောက်သောအခါ သဒ္ဓါတရားများ ပိုသည်ထက် ပိုလာပြီး နှစ်ထောင်လှူ၏။ ထို့ကြောင့် ယခုဘဝတွင် သိန်းတစ်ထောင်သာရင်းပါလျှက် သိန်းနှစ်ထောင်တိတိ မြတ်ရခြင်း ဖြစ်၏။

ဒုတိယလူသည် တစ်ထောင်လှူမည်ဟုပြောထားသည့်အတိုင်း လှူချိန်ရောက်သောအခါ တစ်ထောင်ပင် အတိအကျ လှူ၏၊ ထို့ကြောင့် သိန်းတစ်ထောင်သာ အတိအကျမြတ်ခြင်း ဖြစ်၏။ တတိယလူသည် တစ်ထောင်လှူမည်ဟု ပြောထားသော်လည်း လှူချိန်ရောက်သောအခါ ငါးရာသာ လှူခဲ့၏။ ထို့ကြောင့် သိန်းတစ်ထောင်ရင်းသော်လည်း သိန်းငါးရာသာ မြတ်ခြင်း ဖြစ်၏။ စတုတ္ထလူသည် တစ်ထောင်လှူမည်

www.dhammaransi.com



ဟု ပြောထားပြီး လှူချိန်ရောက်သောအခါ သဒ္ဓါပျက်သွားပြီး မလှူဖြစ်တော့ချေ။ ထို့ကြောင့် တစ်ပြားမှမမြတ်ဘဲ သိန်းတစ်ထောင်လုံး ဆုံးရှုံးသွား၏။

ငွေတစ်ထောင်လှူခဲ့ခြင်းက သိန်းနှစ်ထောင်ထိမြတ်သည်မှာ ဟုတ်နိုင်ပါမည်ဟု စောဒကတက်ဖွယ်ရှိ၍ အကျဉ်းချုပ် ဖြေလိုက်၏။

ကောင်းကျိုးဟူသည် စေတနာက ပေးခြင်းဖြစ်၏။ သူတစ်ပါးကို လှူရန် သဒ္ဓါစိတ်ဖြစ်ချိန် တစ်စက္ကန့်အတွင်း ဇီထိစိတ် အကြိမ်ပေါင်း ကုဋေတစ်သိန်းတွင် ကောင်းကျိုးပေးမည့် ဇောစေတနာပေါင်း ကုဋေလေးသောင်းက လူချမ်းသာ နတ်ချမ်းသာဘဝသို့ အကြိမ်ပေါင်း ကုဋေလေးသောင်း ပို့ပေးမည် ဖြစ်၏။

တစ်စက္ကန့်အတွင်းမှာပင် ကောင်းကျိုးပေးမည့် ဇောစေတနာပေါင်း ကုဋေလေးသောင်းဖြစ်နေရာ တစ်မိနစ်ဆိုလျှင် ကောင်းကျိုးပေးမည့် ဇောစေတနာပေါင်း ရေတွက်၍ပင် မလွယ် အောင် များပြားလွန်းနေပြီ ဖြစ်၏။ ထို့ကြောင့် တစ်ထောင်အလှူက သိန်းပေါင်းနှစ်ထောင်ပြန်၍ အကျိုးပေးခြင်းကို သံသယဝင်စရာ မလိုပေ။ ထို့ကြောင့် ဗုဒ္ဓက ဓမ္မပဒပါဠိတော်တွင် -

**မတ္တာ သုခံ ပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ၊**

**စဇေ မတ္တာ သုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။**

အနည်းငယ်မျှသော လှူဖွယ်ဝတ္ထုချမ်းသာသုခကို စွန့်လွှတ်လှူဒါန်းလိုက်လျှင် အဆမတန် များပြားသော ချမ်းသာသုခတို့ကို ပြန်ရမည်ဟု သိထားသော ပညာရှိသည် အနည်းငယ်သော လှူဖွယ်ဝတ္ထုကို စွန့်လွှတ်ဖို့ ဝန်မလေးနေသင့်-ဟု ဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။

**မေး။ ။ လူချင်းတူပါလျက် အမျိုးယုတ်ခြင်း၊ အမျိုးမြတ်ခြင်း၏ အကြောင်းတို့ကို ဖြေဆိုပါ။**

ဖြေ ။ ။ မာနကြီးသူများ အမျိုးယုတ်၍ မာနကင်းပြီး ဂါရဝနိဂါတရှိသူများ အမျိုးမြတ်သည်။

**မေး။ ။ လူချင်းတူပါလျက် ဉာဏ်ထိုင်းခြင်း၊ ဉာဏ်ကောင်းခြင်းတို့၏ အကြောင်းတို့ကို ဖြေဆိုပါ။**

www.dhammaransi.com



ဖြေ ။ ။ မိမိမသိသော အရာကို စုံစမ်းမေးမြန်းခြင်း မရှိသူများ ဉာဏ်ထိုင်း၍ မေးမြန်းခြင်းရှိသူများ ဉာဏ်ကောင်းပါသည်။

**ချမ်းသာကိုယ်စိတ်ပြဲကြပါစေ**
**မေတ္တာရှင် (ရွှေပြည်သာ)**

"လူတိုင်းဉာဏ်ကောင်းချင်ကြ၏။ သို့သော် ဉာဏ်မကောင်းသူက များ၏။ လူသားများကို တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းရိုးမှန်လျှင် ဉာဏ်ကောင်းသူချည်းသာ ဖန်ဆင်းသင့်၏။ ဉာဏ်ထိုင်း သူကို မဖန်ဆင်းသင့်။ ဉာဏ်ထိုင်းသူကို ဖန်ဆင်းမိပါသည်ဟုဆိုလျှင် ဘုရားအမည်ခံပြီး လူသားများအပေါ် မေတ္တာ၊ ကရုဏာမရှိရာရောက်၏။

ဉာဏ်ထိုင်းသူကို မဖန်ဆင်းပါဟု ဆိုလျှင်လည်း လောကတွင် ဉာဏ်ကောင်းသူနှင့် ဉာဏ်ထိုင်းသူတွင် ဉာဏ်ထိုင်းသူက များနေသောကြောင့် ဖန်ဆင်းရှင်သည် ဘုရားအဖြစ်မှ လျှောကျသွားဖို့ရာသာ ရှိ၏၊ ယခုပြဿနာ၏အဖြေသည် ဗုဒ္ဓဘာသာမှတစ်ပါး မည်သည့်ဘာသာ၌မျှ မရှိပေ။ ထို့ကြောင့်လည်း ဖြဟ္မဏဘာသာဝင်ဖြစ်သော သုဘလုလင်က ယခုမေးခွန်းအပါအဝင် ပုစ္ဆာ(၁၄)ချက်ကို ဗုဒ္ဓအား လာရောက် မေးမြန်းခဲ့ခြင်း ဖြစ်၏။

အမေးအဖြေများ၏အဆုံးတွင် သူသည် ဗုဒ္ဓဘာသာဝင် ဖြစ်သွားခဲ့၏။ မိမိမသိနားမလည်သည်ကို မေးမြန်းခဲ့သူများသည် ဖြစ်ရာဘဝတွင် ဉာဏ်ကောင်းကြောင်း၊ မမေးမြန်းခဲ့သူများသည် ဖြစ်ရာဘဝတွင် ဉာဏ်ထိုင်းကြောင်း ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်၌ ဗုဒ္ဓက ဖြေဆိုတော်မူခဲ့၏။

ကျွန်ုပ်၏စာအုပ်များကိုဖတ်ပြီး သိလိုရာရာကို မေးမြန်းခဲ့သောစာများလက်ခံရရှိခဲ့၏။ ထိုစာများအနက်မှ စာဖတ်သူများအတွက် အကျိုးများနိုင်မည့် မေးခွန်းနှင့်အဖြေအချို့ကို ဖော်ပြလိုက်ပါသည်။

www.dhammaransi.com



ဝါခေါင်လဆန်း(၁၀)ရက် ၃-၈-၀၆

သို့

ဘုန်းဘုန်းဘုရား

တပည့်တော်မ ရိုသေစွာ ရှိခိုးကန်တော့၍ ရိုသေစွာ စာရေးလိုက်ပါတယ်။ တပည့်တော်မစာတွင် အမှားပါက အမှန်ပြင်ပေးကာ နားလည်ခွင့်လွှတ်ပေးတော်မူပါဘုရား၊ ဘယ်ဆရာတော်ဆီမှ စာမရေးဘူးလို့ အမှားပါက ခွင့်လွှတ်ပါဘုရား၊ ဘုန်းဘုန်းဆီကစာကို (၂-၈-၀၆) ဝါခေါင်လဆန်း(၉)ရက်နေ့က ရတယ်၊ စာရတော့ အရမ်းကို ဝမ်းသာမိတယ်၊ ဘုန်းဘုန်းအလုပ်မအားတဲ့ကြားထဲက တပည့်တော်မဆီကို စာပြန်ရေးလို့ အတိုင်းမသိ ဝမ်းသာခဲ့တယ်။ ဘုန်းဘုန်းဆီကစာကို တပည့်တော်မ နေ့တိုင်းမျှော်နေမိတယ်၊ ဘုန်းဘုန်းက တပည့်တော်မကို ဒကာရင်းတစ်ယောက်လိုသဘောထားလို့ ပိုပြီးပျော်မိတယ်။ တပည့်တော်မ ဘုန်းဘုန်းကို အရမ်းကြည်ညိုပါတယ်၊ ပစ္စည်းလေးပါးဖြင့်လည်း တတ်နိုင်သမျှ လှူဒါန်းချင်ပါတယ်။

တပည့်တော်မ မုန့်ဖိုးတွေစုပြီး လှူချင်တယ်၊ ဘုန်းဘုန်းလိုတာ အလှူခံတော်မူပါဘုရား၊ ဘုန်းဘုန်းသာ တပည့်တော်မဆီက တစ်ခုခု အလှူခံမယ်ဆိုရင် တပည့်တော်မ အရမ်းဝမ်းသာမှာပဲ၊ အဲဒီလိုရေးလို့ ဘုန်းဘုန်းတစ်မျိုးမထင်နဲ့နော်။ ဘုန်းဘုန်းစာမှာပါလို့ တပည့်တော်မ ဖတ်တာ မဟုတ်ပါဘူး။ တပည့်တော်မ စိတ်ရင်းနဲ့ ဖတ်တာပါ၊ အစတုန်းကမသိဘူး၊ အခုမှဘုန်းဘုန်းဆီကစာရမှ တပည့်တော် ဖိတ်ပုံဖိတ် နည်း နားလည်သွားတာ၊ ဘုန်းဘုန်းကို အရမ်းကျေးဇူးတင်ပါတယ်၊ ဘုန်းဘုန်းရေးတဲ့ စာရိတ္တသုတ္တိကို တပည့်တော် မဖတ်ဖြစ်အောင် ဖတ်ပြီး အဲဒီနည်းအတိုင်း ကျင့်ပါ့မယ်။

ဘုန်းဘုန်းကျန်းမာရေးကောင်းရဲ့လား၊ ဘုန်းဘုန်းကျန်းမာရေး ဂရုစိုက်ပါ၊ ဘုန်းဘုန်းကျန်းမာရေးကောင်းမှ သာသနာများများ ပြုနိုင်မယ်၊ သာသနာများများ ပြုမှ လူတွေရင်ထဲကို ဘုရားအဆုံးအမ များများ ရောက်မယ်၊ ဘုန်းဘုန်းကျန်းမာရေး ဂရုစိုက်ပါဘုရား၊ တပည့်တော်မ မေးစရာတွေ အများကြီးရှိတယ်၊ ဘုန်းဘုန်းဖြေပေးမယ်ဆိုလို့ ဝမ်းသာပါတယ်၊ စမေးတော့မယ်။

www.dhammaransi.com



- ဖြစ်ပျက်မြင်ရင် ငါးပါးသီလ အကြွင်းမဲ့လုံပြီလား။

- တရားနာ တရားထိုင်တယ်၊ ဒါပေမဲ့ ငါးပါးသီလမလုံတဲ့သူတွေကျတော့ တရားမရှိလို့လားဘုရား။

- တရားအားထုတ်တဲ့အခါ ဝင်လေထွက်လေလည်း မှတ်နေတယ်၊ နာတာကျင်တာ ကိုက်တာခဲတာ စဉ်းစားတွေးကြံတာတွေလည်း သိနေတယ် ဝင်လေထွက်လေလည်း အမှတ်မလွတ်ဘူး၊ အဲဒါ သမာဓိမရှိလို့လားဘုရား။

- တရားအားထုတ်တဲ့အခါ အရမ်းအကြောတက်တယ်၊ အဲဒါဘာဖြစ်လို့လဲ၊ အကြောမတက်တဲ့နည်း ရှိပါသလား။

- တချို့တရားစခန်းတွေမှာ ဝေဒနာကို ကျော်အောင် ရှုရမယ်လို့ အတင်းမလှုပ်ဘဲ ထိုင်ခိုင်းတယ်၊ အဲဒီတော့မှ ခန္ဓာအကြောင်းပိုသိမယ်လို့ပေါ့။ တကယ်ဝေဒနာ ကျော်ပါသလားဘုရား။

- သီလလုံပြီးမှ တရားအားထုတ်ရတာလား၊ တရားအားထုတ်ပြီးမှ သီလလုံသွားတာ မဟုတ်လား ဘုရား။

- တရားအားထုတ်တဲ့အခါ ခက်ကြောတွေတက်လို့ တရားအားထုတ်ရမှာ ကြောက်လာတယ်၊ မကြောက်တဲ့နည်းလေး ပေးပါဘုရား။

- လူသေပြီးရင် ရုပ်ခန္ဓာကသေပြီး စိတ်ကနောက်ခန္ဓာကို ရောက်သွားတာ မဟုတ်ဘူးလို့ ဆရာတော်များ ဟောပါတယ်ဘုရား၊ ဘာက နောက်ဘဝကို ရောက်သွားတာလဲဆိုတာ နားလည်အောင် ရှင်းပြပေးပါဘုရား။

ဒီလောက်ပဲ မေးထားပါ့မယ်ဘုရား၊ ဘုန်းဘုန်းက အလုပ်မအားတဲ့ကြားထဲကနေ ဖြေပေးရမှာဆိုတော့ အားနာမိတယ်၊ ဒါပေမဲ့ ဒီအဖြေတွေကို တပည့်တော်မ အမြန်ဆုံးသိချင်တယ်။ တပည့်တော်မ စာမေးပွဲပြီးရင် ကျောက်တစ်လုံးတောရကျောင်းမှာ တရားစခန်းသွားဝင်မယ်လို့ စိတ်ကူးထားလို့ပါဘုရား။

စာမေးပွဲက '၉'လပိုင်းဆိုပြီးပြီဘုရား။ အမြန်ဆုံးသိပါရစေ။ ဘုန်းဘုန်းစာနှင့်အတူ ထည့်ပေးလိုက်တဲ့ မွေလက်ဆောင်မွန်က စကားစုတွေကို အရမ်းသဘောကျတယ်၊ အရမ်းလည်းနှစ်သက်မိတယ်။

www.dhammaransi.com



နောက်လည်း ဘုန်းဘုန်း၏ ဆုံးမဩဝါဒများကို လိုလားတောင့်တနေပါတယ်၊ ရေးပေးပါဘုရား၊ ကြိုးစားပြီး ကျင့်ပါ့မယ်၊ ရန်ကုန်ကတော့ ရောက်တယ်၊ ဘုန်းဘုန်းကျောင်းကို လာရင် ဘုန်းဘုန်းမရှိမှာပဲ ကြောက်တယ်၊ ဘုန်းဘုန်း မော်လမြိုင်ရောက်ရင် တပည့်တော်မကို အကြောင်းကြားပါ၊ ဆွမ်းစားဖိတ်ချင်လို့။ ဒကာရင်းဖြစ်သွားပြီပဲ။ ဘုန်းဘုန်းမှာ မော်လမြိုင် မှာ ဒကာတစ်ယောက်တိုးသွားပြီပေါ့။

စာရှည်သွားလို့ တောင်းပန်ပါတယ်၊ ဘုန်းဘုန်းစာထည့်ရင် အိမ်လိပ်စာနဲ့ပဲ ထည့်တော့ဘုရား၊ ကျောင်းလိပ်စာက ကြာတယ်ထင်လို့။ ဘုန်းဘုန်းစိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် သာသနာ့အကျိုးဆထက်တိုး၍ ရွက်ဆောင်နိုင်ပါစေ။

**အစဉ်ထာဝရရိုသေဦးညွှတ်လျှက်**

ရည်မွန်သူ

အမှတ်(၂၂)-စလမ်း၊

သိရိမြိုင်ရပ်၊

မော်လမြိုင်မြို့။

မွန်ပြည်နယ်။

သို့

ရည်မွန်သူ

ထည့်လိုက်တဲ့စာဟာ ဘုန်းဘုန်းဆီကို ရက်၂၀အကြာမှာ ရောက်လာတယ်။ ဘုန်းဘုန်းထည့်ခိုင်းလိုက်တဲ့စာက ရည်မွန်သူဆီကို တော်တော်ကြီးနောက်ကျမှ ရောက်ပုံရတယ်၊ ပစ္စည်းလေးပါး ဖိတ်ထားတဲ့ ရည်မွန်သူဆီကို လိုအပ်တာ ရှိတဲ့အခါ အလှူခံပါ့မယ်၊ မော်လမြိုင် ရောက်တဲ့အခါ ဆွမ်းစားလည်းကြွပါ့မယ်။

မြတ်စွာဘုရားက ထူးခြားတဲ့စကားတစ်ခွန်းဟောဘူးတယ်၊ မကျန်းမာတဲ့သူတွေကို ပြုစုယုယတာဟာ ဘုရားရှင်ကို ပြုစုယုယတာနဲ့ အတူတူပဲတဲ့။ အခုလည်း ရည်မွန်သူကို ပြောချင်တာက ဆင်းရဲနွမ်းပါး ဒုက္ခရောက်တဲ့သူတွေကို ပေးကမ်းလှူဒါန်းတာဟာ ဘုန်းဘုန်းကို လှူဒါန်းတာနဲ့အတူတူပါပဲ။

www.dhammaransi.com



ဘုန်းဘုန်းကဆင်းရဲနွမ်းပါးတဲ့သူတွေကို အမြဲကထားပြီး လှူဒါန်းလေ့ရှိတယ်။ အဲဒီထဲက တစ်ခုလောက်ပြောပြရရင် ရွှေပြည်သာမှာ မွေးကတည်းက ခြေထောက်နှစ်ချောင်းပျက်စီးနေတဲ့ ကလေးမတစ်ဦးကို ဘုန်းဘုန်းကျွေးမွေးစောင့်ရှောက်နေတာ ရှစ်နှစ်လောက်ရှိပြီ။ သူ့ကြီးတော်အိမ်မှာပဲနေတယ်၊ ဘုန်းဘုန်းက စားဝတ်နေရေးကစပြီး ပညာရေးထိအောင် တာဝန်ယူထောက်ပံ့နေတာ။

ပြီးခဲ့တဲ့နှစ်ကပဲ ကလေးမလေး ကျောင်းသွားရာမှာ အခက်အခဲမရှိအောင် တစ်သိန်းနီးပါးလောက်တန်တဲ့ တွန်းလှည်းတစ်စီး လှူပေးထားတယ်။ သူ့ရဲ့မဂ္ဂဇင်းမှာ ဘုန်းဘုန်းရဲ့ဆောင်းပါးနှစ်ပုဒ်လစဉ်ပါတယ်၊ စာမူခ (၇)ထောင်ကိုလည်း ချောစုအတွက် လစဉ်ထောက်ပံ့ပေးတယ်။ ချောစုဆိုတဲ့ နာမည်ဟာ ဘုန်းဘုန်းရွေးပေးလိုက်တာပဲ။

ချောစုဟာကံမကောင်းရှာဘူး။ သားသမီးမလိုချင်တဲ့ မိခင်ဝမ်းထဲမှာ လူသွားဖြစ်ရတယ်၊ သူ့မိခင်က သန္ဓေပျက်ဆေးတွေ စားပေမဲ့ ချောစုကမသေဘူး။ သူ့မိဘနှစ်ပါးကတော့ ပျက်သွားပြီပဲ ထင်တာပေါ့။ လအတော်ရင့်လို့ ဗိုက်ပေါ်လာမှပဲ ချောစုမသေမှန်း သိသွားကြတယ်။သူတို့နှိပ်စက်တဲ့ ဒဏ်တွေကြောင့် ချောစုခြေထောက်နှစ်ဖက်စလုံးပျက်စီးခဲ့ရတယ်၊ ပေတဝတ္ထုပါဠိတော်မှာ သန္ဓေဖျက် ပြိတ္တာမတစ်ယောက်အကြောင်းပါ တယ်။ တစ်ခါတော့ ရဟန်းတွေဟာ သီတင်းကျွတ်တာနဲ့ ဘုရားရှင်ကို ဖူးမြင်ရအောင် သာဝတ္ထိမြို့ကို ထွက်လာကြတယ်။

သာဝတ္ထိမြို့အနီးရောက်ကြတဲ့အခါ ထူးဆန်းတဲ့ ပြိတ္တာမတစ်ယောက်ကိုတွေ့ကြရတယ်၊ ဒီပြိတ္တာမဟာ နေ့စဉ်သားငါးယောက် မွေးတယ်၊ အဲဒီသားငါးယောက်ကို ကိုယ်တိုင်ပြန်စားပစ်ရတယ်၊ ဘယ်လောက် အဖြစ်ဆိုးသလဲလို့၊ ဘယ်လိုဝဋ်ကြွေးကြောင့်လဲလို့ မေးကြည့်တဲ့အခါ အတိတ်ဘဝတုန်းက သူဟာ သူဌေးတစ်ယောက်ရဲ့ မယား ဖြစ်ခဲ့တယ်။ ဒါပေမဲ့ သားသမီးမထွန်းကားဘူး။

သားသမီးလိုချင်တဲ့ သူဌေးကနောက်မိန်းမတစ်ယောက်ထပ်ယူဖို့ စီစဉ်တဲ့အခါ သူမကိုယ်တိုင်ပဲ အားဆေးပြီး စိတ်ကောင်းရှိတဲ့ မိန်းကလေးတစ်ယောက်ကိုရှာပေးတယ်။ သူကမယားကြီး၊ မိန်းကလေးက

www.dhammaransi.com



မယားငယ်ပေါ့။ မယားကြီးက မယားငယ်ကို မှာထားတယ်၊ နင့်မှာ ကိုယ်ဝန်ရှိတာနဲ့ငါ့ကိုပြော၊ ကိုယ်ဝန်ကို ငါဖောင့်ရှောက်ပေးမယ်တဲ့။

မယားငယ်က စိတ်ကောင်းနဲ့ပြောတာမှတ်ပြီး သန္ဓေတည်တာနဲ့ အသိပေးလိုက်တယ်။ သိပြီဆိုတာနဲ့ မယားကြီးက သန္ဓေပျက်ဆေးကို ထမင်းထဲမှာ ထည့်ကျွေးလိုက်တယ်။ ဒီတော့ပျက်ကျသွားတာပေါ့။ ဒုတိယအကြိမ်ပြောတော့လည်း ဆေးထည့်ကျွေးပြီး ဖျက်ချလိုက်တာပဲ။ သားသမီးရသွားရင် မယားငယ်ကို မျက်နှာသာပေးမှာစိုးလို့ အခုလို သတ်ပစ်နေတာပေါ့။

ဘေးလူတွေကလည်း သတိပေးလာတော့ မယားငယ်ဟာ တတိယအကြိမ် ကိုယ်ဝန်ရှိတဲ့အခါ မပြောတော့ဘူး။ ကိုယ်ဝန်အတော်ရင့်လာမှ မယားကြီးဟာ သိသွားတယ်။ သိသွားတာနဲ့ သန္ဓေပျက်ဆေးကို အစားထဲထည့်ပြီး ကျွေးလိုက်တဲ့အခါ မီးခင်ရောဂါလေးပါ သေသွားတယ်၊

ယောက်ျားဖြစ်သူက စစ်မေးတဲ့အခါ မယားကြီးက လိမ်ပြီး ကျိန်စာဆိုတယ်။ သန္ဓေပျက်ဆေးတွေ သူမကျွေးပါ။ ကျွေးမိတယ်ဆိုရင် ပြိတ္တာဘဝရောက်ပြီး ကိုယ်နေ့စဉ်မွေးတဲ့ သားငါးယောက်ကို ကိုယ်တိုင် ပြန်စားရပါလို၏တဲ့။

အဲဒီလိုသန္ဓေဖျက်ခဲ့တဲ့ အကုသိုလ်ကျိန်စာကိုလိမ်ပြီးဆိုခဲ့တဲ့ အကုသိုလ်တွေကြောင့် အခုလို ပြိတ္တာဘဝကို ရောက်ခဲ့ရကြောင်း ရဟန်းတော်တွေကို ပြောပြတယ်။

တကယ်လိုအပ်တဲ့သူကို ပေးလှူတဲ့ဒါနမျိုးကမှ ပါရမီလည်း ထိုက်တယ်။ ဘုရားရှင်ကလည်း ချီးမွမ်းတယ်။ ဒါနက နှစ်မျိုးရှိတယ်။ ပါရမီထိုက်တဲ့ ဒါနနဲ့ ပါရမီမထိုက်တဲ့ ဒါနပေါ့။ ပါရမီထိုက်တဲ့ ဒါနဆိုတာ မိမိအတွက် ပစ္စုပ္ပန်ရော၊ သံသရာမှာပါ ဘာမျှော်လင့်ချက်မှ မထားဘဲ အလှူခံပုဂ္ဂိုလ်ချမ်းသာဖို့ တစ်ခုတည်းကို အဓိကထားပြီး တကယ်လိုအပ်တဲ့နေရာမှာ ဝင်လှူတာမျိုးပေါ့။

ပါရမီမထိုက်တဲ့ဒါနဆိုတာက ဘွဲ့ထူးဂုဏ်ထူးရဖို့ ထင်ပေါ်ကျော်ကြားဖို့ မိမိချမ်းသာဖို့သာ အဓိကထားပြီး ရမ်းလှူတာမျိုးပေါ့။

www.dhammaransi.com



> လောကအတွက်၊သာသနာအတွက်ကျေးဇူးများမယ့်နေရာကို ရွေးလှူတဲ့ ဒါနက ပါရမီထိုက်ပြီး နာမည်ကြီးမယ့်နေရာကို ရွေးလှူတဲ့ဒါနက ပါရမီမထိုက်ဘူးလို့မှတ်ပေါ့။ ပါရမီထိုက်တဲ့ ဒါနက ပညာပါတဲ့အတွက်လူချမ်းသာနတ်ချမ်းသာကိုလည်း ရတယ်။ ဉာဏ်ပညာလည်း ကြီးမားတယ်။ နိဗ္ဗာန်ကိုလည်း ရောက်တယ်။ ပါရမီမထိုက်တဲ့ ဒါနကဉာဏ်မယှဉ်တဲ့အတွက် လူချမ်းသာ နတ်ချမ်းသာကိုတော့ ရတယ်။ ဉာဏ်မပါတဲ့ ဒွိဟိတ် ပုဂ္ဂိုလ်မျိုးမို့ နိဗ္ဗာန်မင်္ဂဖိုလ်ကိုတော့ မရဘူး။

ရည်မှန်းသူအတွက် အံ့သြစရာကောင်းတဲ့ ပါရမီထိုက်သော ဒါနတစ်ခု အကြောင်းကို ပြောပြချင်တယ်။ ရွှေပြည်သာမှာ ပစ္စည်းလေးပါးလိုတာ မပြတ်လှူနေတဲ့ ဒကာမသုံးယောက် ရှိတယ်။ သူတို့ဟာ ဥစ္စာစည်းစိမ်ဆင်းရဲပေမဲ့ သဒ္ဓါကျတော့ ချမ်းသာတယ်။ မုန့်ဟင်းခါးတို့ ဘုန်းမို့ခေါက်ဆွဲတို့ရောင်းပြီး အသက်မွေးနေတာ၊ သူတို့ဟာ ဘုန်းဘုန်းကို ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းနှစ်စဉ် အမြဲလှူတယ်။

သူတို့ဟာ မိဘိုဖဘိုနှစ်ပါးကိုလည်း လုပ်ကျွေးနေတာဆိုတော့ သိပ်ပိုပိုလျှံလျှံကြီးတော့ မရှိရှာပါဘူး။ ဝါဆိုသင်္ကန်းတစ်စုံလှူဖို့ဆိုရင် သူတို့ဟာ ငါးလခြောက်လလောက်ကတည်းက ကြိုစုထားတာ။ လှူပြီဆိုရင်လည်း တခြားလူတွေလို လေးငါးယောင်တန် အညံ့စားကို လှူတာမဟုတ်ဘူး။ ဂျပန်သင်္ကန်း၊ ဘိုမတံဆိပ်၊ စီဝိုင်စီတို့ မာတင်တို့၊ သရီးရိုင်ဖယ်တို့ကို လှူတာ၊ အဲဒီသင်္ကန်းက တစ်စုံနှစ်သောင်းနဲ့ အထက်မှာရှိတယ်။ လှူတဲ့အခါတတ်နိုင်ရင် ဆွမ်းလည်းကျွေးတယ်၊ သင်္ကန်းလည်းလှူတယ်၊ မတတ်နိုင်တဲ့အခါ ညနေဘက်ဘုန်းဘုန်းတစ်ပါးတည်း ပင့်ပြီးအအေးလေးလှူပြီး သင်္ကန်းကပ်လိုက်တာပဲ။ အဲသလို သင်္ကန်းအကောင်းစားမျိုးက ဝါဆိုသင်္ကန်းအစုံတစ်ရာရမှ နှစ်စုံသုံးစုံပဲပါတာ။

ဒကာ ဒကာမ အများစုဟာ အဲသလို မသိကြလို့ သင်္ကန်းအညံ့စားတွေပဲ ဝယ်လှူမိနေကြတာ။ တစ်နေ့တော့ သူတို့ညီအစ်မကျောင်းကို ရောက်လာပြီး အခုလို လျှောက်တယ်။

တပည့်တော်တို့ ဆရာတော်ကိုကပ်ဖို့ ငွေကို စုထားတာငါးသောင်းရတယ် ဘုရား၊ သင်္ကန်းဝယ်မယ့်နေ့မှာပဲ ရပ်ကွက်ထဲက

www.dhammaransi.com



ဦးလေးကြီးတစ်ယောက် မျက်စေ့တိမ်ခွဲဖို့အတွက် ငွေလိုနေလို့ သင်္ကန်းဖိုး ငွေငါးသောင်းလုံး ထောက်ပံ့လိုက်ပါတယ်။ ဒါကြောင့် ဒီနှစ် သင်္ကန်းမလှူ ဖြစ်တာကို နားလည်ပေးပါတဲ့။

ဘုန်းဘုန်းက ပြန်ပြောလိုက်တယ်။ နားလည်ရုံတင်မကဘူး၊ အားလည်းပေးတယ်။ သာဓုလည်း ခေါ်တယ်လို့၊ ပြီးတော့ ဘုန်းဘုန်းဆီကပါ ငွေငါးသောင်းထပ်ပေးခိုင်းလိုက်သေးတယ်။ ဒီဒါနမျိုးဟာ ပါရမီထိုက်တယ်။ ဘုန်းဘုန်းကို ဝါဆိုသင်္ကန်းလှူမယ့်သူတွေက ဦးတစ်ရာမကတာပဲ၊ ဒီတစ်ဦး လျော့သွားရုံနဲ့ ဘာမှ မဖြစ်ဘူး။ မျက်စိခွဲဖို့ကျတော့ အခုလိုအလိုက်တသိ လှူဒါန်းတတ်တဲ့သူဟာ အင်မတန်နည်းတာ မဟုတ်လား။

ခုပြောခဲ့တဲ့ စကားတွေရဲ့ အချုပ်ကတော့ ဘုန်းဘုန်းကို လှူချင်ရင် ဆင်းရဲနွမ်းပါး ဒုက္ခရောက်နေတဲ့သူတွေကို များများလှူပါလို့ ပြောချင်တာပါပဲ။ ကဲ- ရည်မွန်သူရဲ့ မေးခွန်းတွေကို အကျဉ်းဖြေပြတော့မယ်၊ အကျယ်ကိုတော့ အမေးအဖြေစာအုပ်ကျမှ ဖတ်ပေါ့။

ပထမမေးခွန်းက ဖြစ်ပျက်မြင်ရင် ငါးပါးသီလ အကြွင်းမဲ့လုံပြီလားတဲ့။ အဖြေက - မလုံသေးပါဘူး။ သောတာပတ္တိမဂ်ကိုရမှ သောတာပန်ဖြစ်မှ ငါးပါးသီလကို အကြွင်းမဲ့လုံပါတယ်။

ဒုတိယမေးခွန်းက - တရားနာတရားထိုင်တယ်။ ဒါပေမဲ့ ငါးပါးသီလမလုံတဲ့သူတွေကျတော့ တရားမရှိလို့လားတဲ့။ ဟုတ်ပါတယ်။ ငါးပါးသီလ မလုံတဲ့သူတွေဟာ တရားမရှိလို့ပေါ့။ တရားရှိမရှိကို ကိလေသာလျော့-မလျော့ဆိုတဲ့အချက်နဲ့ တိုင်းတာရပါတယ်။ ဒါပေမဲ့ ကိလေသာဆိုတာ လျော့မလျော့ဆိုတာ ဘယ်မြင်ရမလဲ။

တရားရသွားလျှင် ကိလေသာတွေ လျော့သွားတယ်။ ကိလေသာတွေများစဉ်က ခိုးဖွက်လိမ်နေသူဟာ ကိလေသာတွေလဲ လျော့သွားရော ခိုးခြင်း၊ ဖွက်ခြင်း၊ လိမ်ခြင်း မရှိတော့ဘူး။ ဒါ့ကြောင့် သတ်ဖြတ်ခိုးဝှက်ခြင်းဆိုတဲ့ သီလတွေကို ဖောက်ဖျက်တာဟာ လောဘ ဒေါသစတဲ့ ကိလေသာတွေ များပြားလာလို့ပဲ၊ သီလ မဖောက်ဖျက်တော့တာဟာ လောဘ၊ ဒေါသစတဲ့ ကိလေသာတွေ လျော့ပါးသွားလို့ပဲဆိုတာ သိသာတာပေါ့။

တတိယမေးခွန်းက - တရားအားထုတ်တဲ့အခါ ဝင်လေထွက်လေလည်း မှတ်နေတယ်၊ နာတာ ကျင်တာ ကိုက်ခဲတာ စဉ်းစားတွေးကြံတာတွေလည်း သိနေတယ်၊ ဝင်လေထွက်လေလည်း အမှတ်မလွတ်ဘူး၊ အဲဒါ သမာဓိမရှိလို့လားတဲ့- မဟုတ်ပါဘူး။

အဲဒါ သမာဓိရှိလို့ သိတာပါ၊ အဲဒီအချက်တွေထောက်ကြည့်လိုက်ရင် စိတ်ဟာ ဘယ်လောက်ထိ အဖြစ်အပျက် မြန်တယ်ဆိုတာ သိရတာပေါ့။ နာတာကို သိတဲ့စိတ်ဖြစ်ပြီးမှ ဝင်လေထွက်လေကိုသိတဲ့စိတ် ဖြစ်တာပါ၊ စိတ်ဟာ နှစ်မျိုးပြိုင်ပြီး မဖြစ်နိုင်ဘူး။ ဒါပေမဲ့ ဖြစ်တာပျက်တာက မြန်လွန်းအားကြီးတော့ တစ်ပြိုင်နက် သိနေတယ်၊ ဖြစ်နေတယ် ထင်ရတာပါ။

နာကျင်တာကိုသိတဲ့စိတ်ဟာ နာကျင်တာကိုသိပြီးတာနဲ့ ပျက်သွားတယ်။ ဝင်လေထွက်လေကို သိတဲ့အထိ မပါတော့ဘူး။ ဝင်လေထွက်လေကို သိတာက နောက်တစ်စိတ်ပေါ့။ အဲဒီလို တစ်စိတ်ပြီးမှ တစ်စိတ်ဖြစ်တာပါလား။ ရှေ့မှာဖြစ်တဲ့စိတ်ဟာ နောက်မှာဖြစ်တဲ့ စိတ်ထိ ပါမလာပါလားလို့ သိတာဟာ နာမ်တရားရဲ့ အနိစ္စကို သိတာပဲပေါ့။

စတုတ္ထမေးခွန်းက - တရားအားထုတ်တဲ့အခါ အရမ်းအကြောတက်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ၊ အကြောမတက်တဲ့နည်း ရှိပါသလားတဲ့။

သတ္တမမြောက်မေးခွန်းက - တရားအားထုတ်တဲ့အခါ ဇက်ကြောတွေ တက်လို့ တရားအားထုတ်ရမှာ ကြောက်လာတယ်၊ မကြောက်တဲ့နည်းလေးပေးပါဘုရားတဲ့၊ ဒီမေးခွန်းနှစ်ခုက သဘောချင်းတူနေလို့ ပေါင်းဖြေပါ့မယ်။

တရားအားထုတ်နည်းက သုံးမျိုးရှိတယ်။

နာကြားပြီး အားထုတ်တာရယ်

ဆွေးနွေးမေးမြန်းပြီး အားထုတ်တာရယ်

ထိုင်ပြီး အားထုတ်တာရယ်တို့ပဲ။

ဒီသုံးမျိုးထဲမှာ အားထုတ်ကာစ ယောဂီသစ်များဟာ နာကြားအားထုတ်တာနဲ့ ဆွေးနွေးမေးမြန်းအားထုတ်တာကို အဓိကထားသင့်တယ်။ ဒီနှစ်မျိုးကြေညက်မှ ထိုင်အားထုတ်တာကို နိုင်သလောက် လုပ်

www.dhammaransi.com



သင့်တယ်။ ရည်မွန်သူ ထိုင်အားထုတ်တာက သမထဘက်ရောက်နေတော့ ဖောရုံကိုစိတ်က တအားစိုက်ထားရလို့ ဇက်ကြောတွေတက်လာတာ။

ဝိပဿနာဆိုတာအာရုံကို အဓိကထားတာ မဟုတ်ဘူး။ ကိလေသာ မဖြစ်ပေါ်ရေးကိုသာ အဓိကထားရတာ၊ ဝင်တာထွက်တာ တစ်ခုတည်းပဲ သိရမယ်၊ ကျန်တာ ဘာမှမသိရဘူးဆိုရင် သမထပဲ၊ သူက ဝင်လေထွက်လေဆိုတဲ့အာရုံကိုပဲ အဓိကထားတာကိုး၊ ဝိပဿနာကျတော့ ဝင်လေထွက်လေကို သိချင်သိမယ်၊ အိမ်အကြောင်း မိဘအကြောင်း စိတ်ကရောက်သွားတဲ့အခါ ရှုတဲ့ဝိပဿနာမဂ္ဂင်စိတ်က အိမ်အကြောင်းတွေးနေတယ်။ မိဘအကြောင်းတွေးနေတယ်လို့ သိပေးလိုက်တယ်။ အဲဒီလို သိစိတ်က လိုက်ပေးနေရင် စိတ်ကပြန်ငြိမ်ပြီး သူ့ဘာသာဝင်လေထွက်လေကို ပြန်သိလာတယ်။ ဝင်လေထွက်လေကို ပြန်မသိလည်း ကိလေသာဖြစ်မည့် အတွေးတွေကိုတော့ ဆက်မတွေးတော့ဘူး။ သူ့အရှိန်နဲ့သူရပ်သွားမှ ထွက်လေဝင်လေကို ပြန်သိပေ့။

နောက် စားရင်စားမှန်းသိ၊ သွားရင်သွားမှန်းသိတာဟာ ဝိပဿနာပါပဲ၊ ဒါကြောင့် အကြာကြီး မထိုင်ပါနဲ့ နိုင်သလောက်ထိုင်ပါ၊ ထိုင်တိုင်း ဇက်ကြောတက်ရင် မထိုင်ပါနဲ့၊ လဲလျောင်းပြီး ရှုမှတ်ပါ၊ နာကြားဆွေးနွေးတာကို အဓိကထားပါ။

မော်လမြိုင်က မမွှာဇတရားခွေ အခပဲ့ငှားတဲ့ဆိုင်က ဘုန်းဘုန်း ဟောထားတဲ့ ဝိပဿနာတရားခွေတွဲတွေကို ငှားပြီး သေချာနာပြီးမှ တရားစခန်းဝင်ရင် ပိုပြီး ထိရောက်နိုင်ကြောင်း အကြံပြုပါတယ်၊

ပဥ္စမမေးခွန်းက - ဘချို့ တရားစခန်းတွေဟာ ဝေဒနာကို ကျော်အောင် ရှုရမယ်လို့ အတင်းမလှုပ်ပဲ ထိုင်ခိုင်းတယ်။ အဲဒီတော့ ခန္ဓာအကြောင်းကို ပိုသိမယ်မပေ့။ တကယ် ဝေဒနာကျော်ပါသလားတဲ့။

စိတ်ရှိနေသမျှခံစားတဲ့ ဝေဒနာရှိမယ်။

ကိုယ်ရှိနေသမျှ ရောဂါရှိမယ်၊ ဒီစကားအရ

ဝေဒနာဟာ စေတသိက်ဖြစ်တဲ့အတွက် ဘာစိတ်ဖြစ်ဖြစ် ဝေဒနာစေတသိက်ပါတယ်လို့ မှတ်ပါ။ ခံစားတဲ့ သဘောတရား ဝေဒနာဟာ

www.dhammaransi.com



ကျော်လို့လည်း မရပါဘူး။ ပယ်လို့လည်း မရပါဘူး။ ဝေဒနာကို ကုန်အောင် ကျော်အောင် အတင်းဖွတ်ယိုင်ခိုင်းတဲ့ဆရာဟာ ပဋိပတ်ကို ပရိယတ်နဲ့ ညှိနှိုင်းမကြည့်နိုင်သူပါ။

ဒုက္ခသစ္စာအရ ပရိယတ်လိုပြောရင် လောကီစိတ် ၈၁၊ လောဘကြဉ်တဲ့ စေတသိက် ၅၁၊ ရုပ် ၂၈ကို ရတယ်။ ပဋိပတ်လိုပြောရင်တော့ ခန္ဓာငါးပါးကို ရတယ်ပေါ့။ ဒုက္ခသစ္စာအရ ကောက်ရတဲ့ ခန္ဓာ ငါးပါးထဲမှာ ရည်မွန်းသူမေးတဲ့ ဝေဒနက္ခန္ဓာပါတယ်။ ဒါကြောင့် ခံစားခြင်းသဘောတရား ဝေဒနက္ခန္ဓာဟာ မမြဲဘူးလို့ သိရုံသိရမဲ့ တရားဖြစ်တယ်။ ကုန်အောင် ကျော်အောင် ပယ်သတ်ရမဲ့ သမုဒယသစ္စာမဟုတ်ပါဘူး။ ပြီးတော့ ဝေဒနာက-

သုခဝေဒနာ = ကောင်းတဲ့ အာရုံကို ခံစားခြင်းသဘော။
ဒုက္ခဝေဒနာ = မကောင်းတဲ့ အာရုံကို ခံစားခြင်းသဘော။
ဥပေက္ခာဝေဒနာ = ကောင်းမကောင်း မထင်ရှားသော အာရုံကို ခံစားခြင်းသဘော- လို့ သုံးမျိုး

တောင် ရှိတယ်။ ဒါကြောင့် ဗိထိုင်လွန်းအားကြီးလို့နာကျင်ကိုက်ခဲတဲ့ ဒုက္ခဝေဒနာကို ကျော်သွားပေမဲ့ ထိုင်လို့ကောင်းတဲ့ချမ်းသာတဲ့ သုခဝေဒနာကို ပြန်ခံစားတာပါပဲ။ ဒါကြောင့် ခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ရောက်မှ ဝေဒနာကုန်တယ် ကျော်တယ်လို့ မှတ်ပါ။

ဆဋ္ဌမမြောက်မေးခွန်းက - သီလလုံပြီးမှ တရားအားထုတ်ရတာလား၊ တရားအားထုတ်ပြီးမှ သီလလုံသွားတာ မဟုတ်လား ဘုရားတဲ့။ မှန်ပါတယ်။ တရားအားထုတ်ပြီးမှ တရားရပြီးမှ သီလလုံသွားတာပါ။ တရားမရခင်က စောင့်တဲ့သီလဟာ ပုဂ္ဂိုလ်ကစောင့်တာ၊ တရားရပြီးမှ စောင့်တဲ့သီလကကျမှ ဓမ္မကစောင့်တာ၊ ပုဂ္ဂိုလ် (ပုထုဇဉ်)က စောင့်တဲ့ သီလဟာ မစောင့်နိုင်တဲ့ တစ်နေ့ပေါက်ထွက်တာပဲ။ ဓမ္မ (အရိယာ)က စောင့်တဲ့သီလကတော့ ဘယ်တော့မှ (သံသရာတစ်လျှောက်လုံး) မကျိုးပေါက်တော့ဘူး။

ဝိသုဒ္ဓိ(၇)ပါးမှာ သီလဝိသုဒ္ဓိကစတယ်ဆိုတာ ဟုတ်ပါတယ်၊ အဲဒါက ရဟန်းတွေကို အဓိကထားပြီး ပြောတာပါ။ လူပုဂ္ဂိုလ်တွေမှာ

www.dhammaransi.com



တော့ ပဋ္ဌာနသုတ္တန်ရှိယက်နဲ့ နိယာတမိစ္ဆာဒိဋ္ဌိမှတစ်ပါး တစ်ခြားဘယ်သီလတွေ ဘယ်လောက်ပင်ပျက်ပျက် ဝိပဿနာတရားကိုသာ ဂရုစိုက်နာကြားအားထုတ်ပါ။ ဉာဏ်ရှိသူဖြစ်ရင် မဂ်ဖိုလ်ကိုရတာပါပဲ။

ဗုဒ္ဓလက်ထက်တော်သမ္မိပြည်က သာမာဝတီရဲ့ အထိန်းတော်ကြီး ခုဇ္ဇုတ္တရာဟာ သီလမစင်ကြယ်ပါဘူး။ ဥတေနမင်းက သာမာဝတီအတွက်ပေးတဲ့ ပန်းဖိုး ၈ ကျပ်ထဲက ၄ ကျပ်ကို နေ့စဉ်ခိုးနေသူပါ။ တစ်ရက်တော့ ပန်းသည်အိမ်မှာ ဘုရားရှင်ဟောတဲ့ တရားကို ဝင်နာလိုက်တာ တစ်ခါတည်း သောတာပန်တည်တာပါပဲ။

ခုဇ္ဇုတ္တရာကတစ်ဆင့် ပြန်ဟောလို့ သာမာဝတီနဲ့ မောင်းမငါးရာတောင် သောတာပန်ထပ်တည်သွားသေးတယ်။ သောတာပန်ဖြစ်သွားမှ ခုဇ္ဇုတ္တရာဟာ ၄ကျပ်ခိုးတာကို ရပ်တော့တာပဲ၊ ဒါကြောင့် တရားအားထုတ်ပြီးမှ တရားရပြီးမှ သီလလုံတာလို့ မှတ်ပါ။

ရည်မွန်သူရဲ့ မွေးနေ့ကျရင် ဘုန်းဘုန်း လေးနာရီလောက်ရေးရတဲ့ ဗီစာလေးကို ကွန်ပြူတာပြန်စီပြီး မမ္မဒါနပြုရင် ရည်မွန်သူရော ဘုန်းဘုန်းရော ဓမ္မဒါန ကုသိုလ်တွေ အများကြီးရတာပေါ့။

ရည်မွန်သူနဲ့တကွ မိသားစုအားလုံး
စိတ်ချမ်းသာကိုယ်ကျန်းမာပါစေ။

ဦးဇဝန (မေတ္တာရှင် ရွှေပြည်သာ)
ဝေဠုဝနေယျသုခမမ္မရိပ်သာကျောင်း
'ဈ'မိုင်၊ လေယာဉ်ကွင်းအနီး
ကော့သောင်းမြို့၊ တနင်္သာရီတိုင်း။

www.dhammaransi.com



ဒုတိယမြောက်မေးခွန်းရှင်မှာ အင်းစိန်မြို့မှ မပိုးပွင့် ဖြစ် သည်။ မပိုးပွင့်၏ မေးခွန်းများကိုလည်း တတ်နိုင်သမျှ ဖြေဆိုပေးလိုက်သည်။

မေး ။ ။ သောတာပတ္တိမဂ်ဆိုက်ပြီးသူ (သောတာပန်) တစ်ဦးသည် (၇)ဘဝသာ နေရမည်ဆိုပါသည်။ ၎င်း(၇)ဘဝမှာ ဘာဘဝ မျိုးတွေပါလဲ။ လူ့ဘဝလား၊ နတ်ဘဝလား၊ နတ်ဘဝသို့ရောက်ပြီးမှ လူ့ ပြည်ပြန်လာလျှင် ဝိမုတ္တိခေတ်ကိုကျော်ပြီး သာသနာပခေတ်သို့ ရောက် နေကြုံနေပါက လူတို့၏ သဘာဝ လောကဓံတရားများကို တွေ့ကြုံခံစား ရဦးမှာပါလား။

ဖြေ ။ ။ သောတာပန်တည်ပြီးသူသည် လူ့ဘဝနှင့် နတ် ဘဝ၌သာ ခုနစ်ဘဝကျင်လည်ရပါသည်။ ထိုသို့ ကျင်လည်ရသောအခါ တွင် အထက်တန်းကျ ချမ်းသာကြွယ်ဝသော အမျိုး၌သာဖြစ်သည်။ အောက်တန်းကျ ဆင်းရဲသော အမျိုး၌ မဖြစ်ပါ။ သောတာပတ္တိမဂ်ကို ရပြီးသူသည် ဤဘုရားသာသနာမှာပင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံ မည် ဖြစ်သည်။ သာသနာပခေတ်အခါနှင့် မကြုံတွေ့တော့ပါ။

သောတာပန်သည် ရုပ်နာမ်နှစ်ပါးအပေါ် ငါဟု အယူမှားသော ဒိဋ္ဌိကိလေသာနှင့်

ဘုရားအပေါ် ယုံမှားခြင်း
တရားအပေါ် ယုံမှားခြင်း
သံဃာအပေါ် ယုံမှားခြင်း
ကိုယ်ကျင့်သီလအပေါ် ယုံမှားခြင်း
ရှေ့အစွန်းခေါ် အတိတ်ဘဝရုပ်နာမ်အပေါ် ယုံမှားခြင်း၊
နောက် အစွန်းခေါ် အနာဂတ်ဘဝ ရုပ်နာမ်အပေါ် ယုံမှားခြင်း၊
ရှေ့အစွန်း နောက်အစွန်းခေါ် ပစ္စုပ္ပန်ဘဝရုပ်နာမ်အပေါ် ယုံမှားခြင်း။

အကြောင်းကြောင့် အကျိုးဖြစ်ခြင်း၊ ပဋိစ္စသမုပ္ပါဒ်အပေါ် ယုံမှား ခြင်း၊ ဝိစိကိစ္ဆာကိလေသာကိုသာ အမြစ်ပြတ်ပယ်သတ်နိုင်၏။ ကျန် ကိလေသာရှစ်ပါးကို အမြစ်ပြတ်ပယ်သတ်နိုင်ခြင်းမရှိဘဲ အပါယ်ချနိုင် သည့် အကြမ်းစားသတ္တိများကိုသာ ပယ်သတ်နိုင်၏။

www.dhammaransi.com



"အပါယ်မကျနိုင်သည့် အနုစားသတ္တိများကား ကျန်သေး၏။ လောဘ၊ ဒေါသ၊ မောဟသုံးပါးကို လေးပုံပုံပြီး မဂ်လေးပါးက တစ်ပုံစီ တာဝန်ယူကာ ပယ်သတ်ကြရ၏။ ဥပမာအားဖြင့် သောတာပတ္တိမဂ်သည် လူ့ဘုံ၊ နတ်ဘုံ၌ ဘဝပေါင်းမရေနိုင် မတွက်နိုင်အောင် ဖြစ်ချင်သော လောဘကို ပယ်သတ်နိုင်၏။ထို့ကြောင့် သောတာပန်တည်ပြီးလျှင် လူ့ဘုံ၊ နတ်ဘုံ၌ အလွန်ဆုံး(၇)ဘဝသာ ကျင်လည်ရတော့ခြင်း ဖြစ်၏။

သကဒါဂါမိမဂ်သည် လူ့ဘုံ၊ နတ်ဘုံ၌ (၇)ဘဝထိ ဖြစ်ချင်သော လောဘကို ပယ်သတ်ပေးလိုက်၏။ ထို့ကြောင့် သကဒါဂါမ်များသည် လူ့ဘုံသို့ တစ်ကြိမ်သာလာတော့ခြင်း ဖြစ်၏။ အနာဂါမိမဂ်သည် လူ့ဘုံ၊ နတ်ဘုံသို့ တစ်ကြိမ်လာချင်သော လောဘကို ပယ်သတ်ပေးလိုက်၏။ ထို့ကြောင့် အနာဂါမ်များသည် လူ့ဘုံ၊ နတ်ဘုံသို့ မလာတော့ခြင်း ဖြစ်၏။

သို့သော် အနာဂါမ်သည် ဗြဟ္မာဘုံ၌ ဖြစ်ချင်သော လောဘ ကျန်သေး၏။ ထိုလောဘကို အရဟတ္တမဂ်က ပယ်သတ်ပေး၏။ ထို့ကြောင့် ရဟန္တာသည် မည်သည့်ဘုံမှ မရောက်တော့ခြင်း ဖြစ်၏။ ဤသို့ ရှင်းပြနေခြင်းမှာ သောတာပန်သည် ကာမဂုဏ်ကို ခံစားချင်သည့် လောဘရှိနေသောကြောင့် လူဖြစ်ရ၏။

လူဖြစ်ရသောကြောင့် လူ့ဘဝ၌ရှိသော သဘာဝလောကဓံ တရားနှင့်တွေ့ကြုံရဦးမည်ဆိုသည်ကို သိစေချင်သောကြောင့် ဖြစ်၏။

> ပင်လယ်ထဲသို့သွားလျှင် သဘာဝလှိုင်းတံပိုးနှင့် ကြုံရမည် ဖြစ် သကဲ့သို့ လူ့လောကထဲသို့လာလျှင် လောကဓံ လှိုင်းတံပိုးနှင့် ကြုံရမည်သာဖြစ်၏။ သဘာဝ လှိုင်းတံပိုး နှင့် မကြုံလိုက ပင်လယ်ထဲသို့ မသွားရုံသာရှိသကဲ့သို့ လောကဓံလှိုင်းတံပိုးနှင့် မကြုံလိုက လူ့လောကသို့ မလာရုံ သာ ရှိ၏။

ဤတင်ပြချက်ကို ပိုမိုထင်ရှားစေရန် မေ့ပဒ အဋ္ဌကထာ ပါဠိပဝင်၌ပါရှိသော ကုဏ္ဍလကေသီမိဏ္ဍမုဆိုးဝတ္ထုကို အကျဉ်းချုပ်တင်ပြအံ့။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူစဉ်က ဖြစ်၏။

"ထိုမြို့မှ သူဌေးသမီးတစ်ဦးသည် ဘုံ(၇)ဆင့်ရှိသော ပြာသာဒ်ထက်၌ ကျွန်မတစ်ယောက်နှင့်အတူ ချမ်းသာစွာ နေရ၏။ တစ်နေ့တွင် သားသမင်တို့ကို သတ်ဖြတ်ရောင်းချစားသောက်သော မုဆိုးကြီးတစ်ဦး လမ်းမမှဖြတ်သွားသည်ကို မြင်ရလျှင်ချစ်ခင်နှစ်သက်သော စိတ်ကို ထိန်းမရသောကြောင့် နောက်မှတစ်ပါတည်း လိုက်သွားပြီးပေါင်းသင်း နေထိုင်လေ၏။

သူတို့၏အိမ်ထောင်စုသည် သား(၇)ယောက်၊ ချွေးမ(၇)ယောက်ရသည်အထိ စည်ပင်ခဲ့၏။ တစ်နေ့တွင် ဘုရားရှင်သည် မုဆိုးကြီးနှင့်အတူ သား(၇)ယောက်၊ ချွေးမ(၇)ယောက် စုစုပေါင်း(၁၅)ယောက်တို့၏ သောတာပတ္တိမဂ်ရမည့်အရေးကို မြင်သောကြောင့် နံနက်စောစောကပင်လျှင် မုဆိုးကြီးကျော့ကွင်းထောင်သောနေရာသို့ ကြွသွား၏။

ရောက်သောအခါ ကျော့ကွင်းထောင်သောနေရာတွင် ခြေတော်ရာတစ်ဆူချထားပြီး ချုံတစ်ချုံ၏ အရိပ်အောက်တွင် ထိုင်နေတော်မူ၏။ ထိုနေ့၌ မုဆိုးကြီးထောင်သော ကျော့ကွင်းအားလုံး၌ သမင်တစ်ကောင်မျှ မမိချေ။ တစ်စုံတစ်ယောက်က ကျော့ကွင်းမှ သမင်များကိုလွှတ်ပစ်သည်ဟု ထင်သောကြောင့် ချထားသော ခြေတော်ရာအတိုင်း လိုက်လေသော် ဘုရားရှင်ကို မြင်လေ၏။

ဤသူကား ငါ၏ကျော့ကွင်းမှ သားကောင်များကို လွှတ်ပစ်သူတည်းဟု ဒေါသပြင်းစွာထွက်သောကြောင့် ဘုရားရှင်ကိုလေးဖြင့်ပစ်သတ်ရန် အားထုတ်၏။ ဘုရားရှင်သည် လေးကိုတင်စိမ့်သောငှာသာ ခွင့်ပေး၍ လွှတ်စိမ့်သောငှာ ခွင့်မပေး။ မုဆိုးကြီးသည် မြားကိုချိန်ရွယ်လျက် မလှုပ်ရှားနိုင်ဘဲ ကျောက်ရုပ်ကဲ့သို့ ဖြစ်နေ၏။

သား(၇)ယောက်တို့လည်း နောက်မှလိုက်ကြရာ ဖခင်အဖြစ်ကို မြင်သည်နှင့် ဘုရားရှင်ကို ရန်သူဟု သတ်မှတ်ပြီး လေးဖြင့် ပစ်သတ်ရန် အားထုတ်ကြပြန်ရာ မလှုပ်ရှားနိုင်ဘဲ ကျောက်ရုပ်ကဲ့သို့ ဖြစ်သွားပြန်လေ၏။ ထိုအခါ မိခင်သည် ခင်ပွန်းနှင့်သားများ ပြန်ရောက်မလာသောကြောင့် ချွေးမ(၇)ယောက်နှင့်အတူ လိုက်ကြပြန်၏။

www.dhammaransi.com



ဘုရားရှင်ကိုသူ၏ခင်ပွန်းနှင့်သားများက လေးဖြင့်ပစ်သတ် ရန် ချိန်ရွယ်နေသည်ကို တွေ့ရသည်နှင့် သူဌေးသမီးမုဆိုးကတော်သည် ငါ့ဖခင်ကို မသတ်ကြပါနှင့်ဟု အသံကုန်အော်၍ ပြောပြီးပြေးလေ၏။ သူသည် ငယ်ရွယ်စဉ်ကတည်းက သောတာပန်ဖြစ်ခဲ့သောကြောင့် ဘုရားရှင်ကို သံသရာဖခင်တစ်ဦးအနေဖြင့် သဘောထားကာ ထိုကဲ့သို့ အော်ပြောခဲ့ခြင်းဖြစ်၏။

ထိုအော်သံကိုကြားသည်နှင့် မုဆိုးကြီးသည် ပြော် ဤသူကား ငါ့ယောက္ခမကြီးပါတကားဟု မေတ္တာစိတ်သက်ဝင်လာသကဲ့သို့ သား(၇)ယောက်တို့သည်လည်း ဤသူကား ငါတို့ အဘိုးပါတကားဟူ၍ ဒေါသစိတ်အစား ချစ်ခင်သောစိတ်များ ပြန်ပေါ်ခဲ့၏။

အကုသိုလ်စိတ်နေရာတွင် ကုသိုလ်စိတ်အစားထိုးလိုက်သည်နှင့် လှုပ်ရှား၍ရသွားပြီး ဘုရားရှင်ကို ဦးချကြ၏။ သူတို့စိတ်နူးညံ့သွားသော အခါတွင်မှ ဗုဒ္ဓက သစ္စာလေးပါးတရားကို ဟောကြားတော်မူလိုက်ရာ (၁၅)ဦးလုံး သောတာပန်တည်ကြ၏။ မုဆိုးကြီးတို့ မိသားစုကို အကြောင်းပြု၍ ရဟန်းတော်များကြားတွင် သောတာပန်နှင့် ပတ်သက်၍ ပြဿနာ တစ်ခု ပေါ်လာခဲ့၏။

## သောတာပန်ဂုဏ်ရည်

သောတာပန်သည်
ဘုရားရတနာကို အသက်နှင့်လဲပြီး ကြည်ညို၏။
တရားရတနာကို အသက်နှင့်လဲပြီး ကြည်ညို၏။
သံဃာရတနာကို အသက်နှင့်လဲပြီး ကြည်ညို၏။
ငါးပါးသီလကို အသက်နှင့်လဲပြီး လုံခြုံ၏။
(သံယုတ်ပါဠိတော်၊ ပထမဂိဇ္ဈကာဝသထသုတ်)

သို့ဖြစ်ပါလျှက် သောတာပန်ဖြစ်သော သူဌေးသမီး မုဆိုး ကတော်သည် မုဆိုးကြီးအတွက် လေးမြားလက်နက်တို့ကို ယူပေး၏။ သူဌေးသမီးယူပေးသော လေးမြားလက်နက်တို့ဖြင့် မုဆိုးကြီးသည် သားကောင်တို့ကို သတ်ဖြတ်၏။ ထို့ကြောင့် သောတာပန်ဖြစ်သော သူဌေး သမီးတွင် အပြစ်မရှိလေသလောဟူသော ပြဿနာပင် ဖြစ်၏။

www.dhammaransi.com



ဝုဒ္ဓက

ပါဏိမှိ စေ ဝဏော နာဿ၊

ဟရေယျ ပါဏိနာ ဝိသံ၊

နာဗ္ဗဏံ ဝိသမန္ဝေတိ၊

နတ္ထိ ပါပံ အကုဗ္ဗတော။

"လက်ဝါးပြင်၌ အနာမရှိသောသူသည် အဆိပ်ကို ကိုင်သော်လည်း အဆိပ်မတက်နိုင်သကဲ့သို့ ထို့အတူ သေစေလိုသည့် အကုသိုလ်စေတနာမရှိသူအား မယားဝတ္တရားအရ လေးမြှားလက်နက်ကို ယူပေးရသော်လည်း အပြစ်မရှိ၊ အကုသိုလ်မဖြစ်။"

ဟု ဟောကြားတော်မူ၏။

"ဤဥပမာ၌ အနာရှိသော လက်ဝါးနှင့် ပုထုဇဉ်တူ၏။ အနာမရှိသော လက်ဝါးနှင့် သောတာပန်တူ၏။ အနာရှိသော လက်ဝါးဖြင့် အဆိပ်ကိုကိုင်မိလျှင် ချက်ခြင်းသေသကဲ့သို့ သေစေလိုသော စေတနာရှိသော ပုထုဇဉ်၏အပြုအမူကြောင့် သတ္တဝါသေခဲ့လျှင် ထိုပုထုဇဉ်၌ အပြစ်ရှိ၏။ အကြောင်းကား သေစေလိုသော စေတနာရှိသောကြောင့် ဖြစ်၏။

အနာမရှိသော လက်ဝါးဖြင့် အဆိပ်ကို ကိုင်မိလျှင် အဆိပ်မကတ်သကဲ့သို့ သေစေလိုသော စေတနာမရှိသော သောတာပန်၏ အပြုအမူကြောင့် သတ္တဝါသေခဲ့လျှင် ထိုသောတာပန်၌ အပြစ်မရှိ။ အကြောင်းကား သေစေလိုသော စေတနာမရှိသောကြောင့် ဖြစ်၏။ အမှောင်ထဲ လမ်းသွားစဉ် ပိုးကောင်များကို နင်းမိ၍ သေကြေပျက်စီးကုန်၏။

သို့သော် နင်းမိသူမှာ အပြစ်မရှိ၊ အကြောင်းကား ပိုးကောင်များကို သေစေလိုသော စေတနာမရှိမှုကြောင့်ပင်ဖြစ်၏။ မုဆိုးကတော်၏ ဖြစ်စဉ်ကို ဤဥပမာနှင့်အတူ မှတ်အပ်၏ ။ ယခုဖြစ်ရပ်နှင့် ဆက်စပ်တွေးခေါ်နိုင်ရန် အထူးကုဆရာဝန်ကြီးတစ်ဦးနှင့် မဟာစည်ဆရာတော်ကြီးတို့၏ အမေးအဖြေအချို့ကို မှတ်မိသမျှဖော်ပြအံ့။

ပထမမေးခွန်းမှာ - ဆရာဝန်များက လူနာများအား ရောဂါပျောက်ကင်းစေရန် ဆေးထိုးရ၏။ သောက်ဆေးပေးရ၏။ ထို့ကြောင့်

www.dhammaransi.com



မဟာရာဇ်နတ်ဘုံ၌ ဝေဿဝဏ်နတ်မင်းကြီး၏ အခြွေအရံနတ်သားတစ်ယောက်သွားဖြစ်ရ၏။

အကြောင်းမှာ- ဝေဿဝဏ်နတ်မင်းကြီး၏ အခြွေအရံ နတ်သားအဖြစ် ဘဝအတန်ကြာ ဖြစ်ခဲ့ဖူးသောကြောင့်ပင် ဖြစ်၏။ အနေကြာသောအရပ်ကို စွဲလန်းတတ်ကြသည်မှာ ဓမ္မတာတစ်ခုပင် ဖြစ်၏။ ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်တွင်

ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော
စေတောပဏိဓိဝိသုဒ္ဓတ္တာ
ရဟန်းတို့ သီလရှိသောသူအား စိတ်စင်
ကြယ်ခြင်းကြောင့် အလိုဆန္ဒတစ်လုံးတစ်ဝတည်း
ပြည့်စုံရ၏။

ဟုဟောကြားတော်မူခဲ့ရာ ကိုယ်ကျင့်သီလစင်ကြယ်ပါက သောတာပန်မဆိုထားနှင့် ပုထုဇဉ်သည်ပင်လျှင် မိမိဖြစ်လိုသော ဘဝတွင် ဖြစ်နိုင်ခွင့်ရှိ၏။ ဓမ္မပဒအဋ္ဌကထာတွင် လာသော ဓမ္မိက အမည်ရှိ ဥပါသကာကြီးတစ်ယောက်အကြောင်းကို တင်ပြအံ့။

ပညာမဲ့သည် ရလာသော လူ့ဘဝခန္ဓာကို
ဘာမဟုတ်အတွက် အသုံးချ၍ အပါယ်သို့သွား၏။
ပညာရှိသည်ရလာသော လူ့ဘဝခန္ဓာကို ကုသိုလ်
ရဖို့အတွက် အသုံးချ၍ နိဗ္ဗာန်သို့သွား၏။

ထိုအဆိုအရ သုံးသပ်ရလျှင် ဓမ္မိကဥပါသကာကြီးသည် ပညာရှိ ဖြစ်၏။ အကြောင်းကား စီးပွားရှာချိန်မှတစ်ပါး ကျန်အချိန်များကို ကုသိုလ်ရဖို့အတွက် အသုံးချနေသောကြောင့် ဖြစ်၏။

စီးပွားရေး၊ ကြီးပွားရေးအလုပ်သည်
ဘုံဆိုင်အလုပ်ဖြစ်၏။ ကုသိုလ်နှင့်
ပတ်သက်သော ဘာသာရေးအလုပ်သည်
ကိုယ်ပိုင်အလုပ်ဖြစ်၏။ စီးပွားဥစ္စာ
သည် မိမိနေချိန်မှစ၍ သေချိန်တိုင်အောင်
သားမယားမိသားစုအားလုံးနှင့်သက်ဆိုင်

www.dhammaransi.com



သောကြောင့် ဘုံဆိုင်အလုပ်ဟု ဆိုရခြင်း ဖြစ်၏။
ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားများသည်
သံသရာတစ်လျှောက်
မိမိတစ်ယောက်တည်းနှင့်သာ သက်ဆိုင်သောကြောင့်
ကိုယ်ပိုင်အလုပ်ဟု ဆိုရခြင်းဖြစ်၏။ လူဖြစ်ကျိုးနပ်လိုသူသည်
နှစ်မျိုးလုံး လုပ်ဆောင်ရမည်ဖြစ်၏။

ဓမ္မိက ဥပါသကာကြီးကား နှစ်မျိုးလုံး လုပ်ဆောင်သူ ဖြစ်၏။ မှိုသည် မြေကိုဖောက်ထွက်လာရသောကြောင့် ဦးခေါင်းပေါ်တွင် မြေမှုန့်များပါလာပြီးဖြစ်၏။ ထို့အတူ သတ္တဝါတစ်ခုခု ဖြစ်သည်နှင့် သေခြင်းတရားသည် တစ်ခါတည်းပါလာပြီး ဖြစ်၏။ သေခြင်းတရားကို ကြုံရတာခြင်းတူသော်လည်း တစ်ချို့လူသားသည် သေခြင်းတရားကို ကြောက်ရွံ့စွာ ရင်ဆိုင်ပြီး သေဆုံးရ၏။

တစ်ချို့လူသားကား သေခြင်းတရားကို အပြုံးမပျက်ရဲဝံ့စွာ ရင်ဆိုင်ပြီး သေဆုံး၏။ ထိုကဲ့သို့ ကွာခြားသွားသည်မှာ မရဏာ နုဿတိဘာဝနာကြောင့်ပင်ဖြစ်၏။ မရဏာ နုဿတိဘာဝနာမပွားများသူသည် သေခြင်းတရားကို ကြောက်ရွံ့စွာ ရင်ဆိုင်ပြီး သေဆုံးရ၏။ မရဏာ နုဿတိဘာဝနာပွားများသူသည် သေခြင်းတရားကို ရဲဝံ့စွာ ရင်ဆိုင်ပြီးမှ သေဆုံးရ၏။

## <u>မရဏာနုဿတိဘာဝနာပွားများရခြင်းအကျိုး</u>

မရဏာနုဿတိဘာဝနာပွားများသူသည်
သေခြင်းတရာကို ရဲဝံ့စွာ ရင်ဆိုင်ရဲခြင်း
ကုသိုလ်တရားကို အချိန်မဆွဲဘဲ ပြုဖြစ်ခြင်း
အကုသိုလ်တရားကို မပြုဖြစ်တော့ခြင်း
နတ်ပြည်သို့ရောက်နိုင်ခြင်း

ဟူသော ကောင်းကျိုးလေးမျိုးကို ခံစားရ၏။ ပွားများပုံမှာ
ငါ့အားသေရခြင်းသဘောသည် အမြဲရှိ၏။
ငါ့အားအသက်ရှင်၍နေရခြင်းသဘောသည် အမြဲမရှိ။

ဟူ၍ ဖြင်၏။ ထိုစာပိုဒ်လေးနှစ်ပိုဒ်ကို သတိရတိုင်း ရွတ်ဆိုဆင်ခြင်နေရန်သာ ဖြစ်၏။ ဓမ္မိကဥပါသကာကြီးသည် မရဏာနုဿတိ

www.dhammaransi.com



ဘာဝနာကို ပွားများထားသူ ဖြစ်၏။ ထို့ကြောင့် အသက်ကြီးရင့်၍ သေခါနီးအချိန်ရောက်သောအခါ ရဟန်းတော်များကို ပင့်ဖိတ်ပြီး တရားနာယူ၏။ ရဟန်းတော်များကလည်း တရားတော်များကို ရွတ်ဆိုပူဇော်ပေး၏။

ထိုအချိန်မှာပင် နတ်ပြည်မှရထားခြောက်စီးဆင်းလာပြီး သူ့ရထားပေါ်တက်ပါ၊ ငါ့ရထားပေါ်တက်ပါဟုဆိုကာ အတင်းခေါ်ယူနေကြ၏။ ထိုကဲ့သို့ မိမိလားရောက်ရမည့်ဘုံဌာနများ အာရုံ၌ထင်လာခြင်းကို စာပေ၌ ဂတိနိမိတ်ဟု ခေါ်၏။ တရားကို ကျနစွာ နာယူနေသော ဥပါသကာကြီးက နတ်ရထားများကို ခဏဆိုင်းပါဦးဟု ပြောဆိုတားမြစ်လိုက်၏။ ထိုသို့တားသည်ကို ရဟန်းတော်များက သူတို့အား တရားဆက်မဟောရန်တားသည်ဟု ယူဆပြီး ကျောင်းသို့ ပြန်ကြွသွားကြ၏။ ထိုအခါ ဥပါသကာကြီး၏ သားသမီးများသည် ယူဆချက်လွဲမှားသွား၏။ ငါတို့၏ဖခင်သည် ရဟန်းတော်များကို သူကိုယ်တိုင် တရားဟောဖို့ ပင့်လျှောက် နိုင်းပြီး ယခုတစ်ဖန် သူကိုယ်တိုင်ပင် တရားဆက်မဟောရန် တားမြစ် ပြန်၏။

ငါတို့ဖခင်ကား သေခြင်းတရားကိုကြောက်လျက် သေရပေတော့မည်ဟုဆိုပြီး ဝမ်းနည်းစွာ ဟစ်အော်ငိုကြွေးကြ၏။ ထိုအခါ ဥပါသကာကြီးက-

"သားတို့ သမီးတို့ အဘယ်ကြောင့် ဟစ်အော်ငိုကြွေးကြသနည်း"

"ဖခင်သေခြင်းတရားကိုကြောက်လျှက် သေဆုံးရမည်ကို တွေးတောပူပန်သည့်အတွက်ကြောင့် ဖြစ်ပါသည်။"

"အဘယ်ကြောင့် ငါ့အားသေခြင်းတရားကိုကြောက်လျှက် သေဆုံးရသည်ဟု ယူကြသနည်း"

"ဖခင်ကိုယ်တိုင်တရားဟောပေးရန် ပင့်ထားသော ရဟန်းတော်များကို ဖခင်ကိုယ်တိုင်ပင် တရားဆက်မဟောရန် တားမြစ်သောကြောင့် ရဟန်းတော်များသည် ကျောင်းသို့ပင် ပြန်ကြွသွားကြပြီ ဖြစ်ပါသည်။ ထို့ကြောင့် ရတနာသုံးပါးကို မေ့လျော့သည်ဟု ယူဆပါသည်"

"ငါကား သေခြင်းတရားကို ကြောက်ရွံ့ခြင်းမရှိ ယခုတားမြစ်ခြင်းသည် ငါ့ကို အလုအယက်လာခေါ်နေကြသော နတ်ရထား

www.dhammaransi.com



ခြောက်စင်းကို တားမြစ်ခြင်းဖြစ်၏။ ရဟန်းတော်များကို တရားဆက် မဟော ရန် တားမြစ်ခြင်းမဟုတ်"

ထိုအခါ သားသမီးများသည် ငါတို့ဖခင်ကား ရတနာသုံးပါးကို မေ့လျော့နေသည့်အပြင် မဟုတ်မဟတ်တာတွေကို လျှောက်မြင်နေချေ ပြီ။ မကောင်းသောဂတိသို့ ရောက်ရတော့မည်ဟုတွေးပြီး ယခင် တစ်ကြိမ်ထက် ကျယ်သောအသံတို့ဖြင့် ငိုကြွေးပြန်၏။

"သားတို့သမီးတို့ ဖခင်ရှင်းပြနေသည့်ကြားက အဘယ်ကြောင့် ပိုကျယ်လောင်သော အသံတို့ဖြင့် ငိုကြွေးကြပြန်သနည်း"

"ဖခင်သည် မဖြစ်နိုင်သော အရာများကို ဂယောင်ချောက်ချား ပြောကြားနေသည်ဟုထင်သောကြောင့် ဖြစ်ပါသည်"

"ငါကား ဂယောင်ချောက်ချားပြောခြင်း မဟုတ်၊ အမှန်ကို ပြောခြင်းသာ ဖြစ်၏။"

"ဖခင်က အမှန်ဟုဆိုသော်လည်း သားတို့သမီးတို့ကား ဘာမျှ မမြင်ရ၍ ယုံရခက်နေပါသည်"

"သို့ဖြစ်လျှင် ပန်းကုံးကြီးတစ်ကုံးယူခဲ့ကြကုန်လော့"

သားသမီးများက ပန်းကုံးကို ယူလာပေးကြ၏။ ထိုအခါ ဥပါ သကာကြီးက-

"သားတို့သမီးတို့ နတ်ပြည်ခြောက်ထပ်တွင် မည်သည့်ဘုံသည် မွေ့လျော်ဘွယ်အကောင်းဆုံးဟု ကြားဘူးကြကုန်သနည်း"

"အရိမေတ္တေယျဘုရားအလောင်းနတ်သားရှိသော တုသိတာနတ် ပြည်သည် မွေ့လျော်ဘွယ်ရာ အကောင်းဆုံးဟု ကြားဘူးပါသည်။"

"သို့ဖြစ်လျှင် ဤပန်းကုန်းသည် တုသိတာနတ်ရထား၌ ချိတ် ဆွဲမိပါစေဟု အဓိဋ္ဌာန်ကာ ကောင်းကင်သို့ ပစ်တင်လိုက်ကြလော့။"

"ဥပါသကာကြီးပြောသည့်အတိုင်း ပစ်တင်လိုက်ရာ တုသိတာ နတ်ရထားတွင် ချိတ်မိသဖြင့် ပန်းကုံးကြီးသည် ကောင်းကင်၌ တွဲလွဲ ဆွဲလျက်တည်၏။ ပန်းကုံးကို မြင်ရသော်လည်း နတ်ရထားကိုကား ဘေးမှလူများ မမြင်ရချေ။"

"သားတို့သမီးတို့ ဖခင်နှင့် ပြန်တွေ့လိုက ဖခင်ကဲ့သို့ပင် ကုသိုလ် ကောင်းမှုကို မမေ့မလျော့ပြုရစ်ကြကုန်လော့"ဟု မှာကြားပြီး ကွယ်လွန်

www.dhammaransi.com



ကာ တုသိတာနတ်ရထား၌ တည်လေ၏။ ဤဖြစ်ရပ်ကိုထောက်၍ သီလ၊ ကုသိုလ်ရှိသူဆိုလျှင် သောတာပန်မဆိုထားနှင့် ကလျာဏပုထုဇဉ်သည် ပင်လျှင် မိမိရောက်လိုသောဘုံသို့ ရောက်နိုင်ကြောင်း မှတ်သားရာ ၏။

**နတ်ပြည် အစိပ္ပာယ်နှင့် နတ်သက်ကို လူ့သက်ဖြင့်တွက်ပြခြင်း**

စတုမဟာရာဇ်ဘုံနတ်မင်းကြီးလေးပါး အုပ်ချုပ်သောဘုံနှစ်ကိုးသန်း

တာဝတိံသာဘုံ(၃၃)ယောက်သောနတ်သားတို့ အုပ်ချုပ်သောဘုံ-သုံးကုဋေနှစ်၆သန်း

ယာမာဘုံမွေ့လျော်ဘွယ်ကောင်းသောဘုံနှစ်၁၄ကုဋေအနှစ် လေးသန်း

တုသိတာဘုံ-ဝမ်းမြောက်နှစ်သက်ဘွယ်ဘုံ၅၇ကုဋေအနှစ်၆သန်း

နိမ္မာနရတိဘုံအာရုံကိုနှစ်သက်သလို ဖန်ဆင်း၍ ခံစားသောဘုံ-၂၃၀ကုဋေ နှစ်လေးသန်း

ပရနိမ္မိတဝသဝတ္တီဘုံ-မိမိခံစားရန် အာရုံကို တခြားသူများက ဖန်ဆင်းပေးရသောဘုံနှစ်၉၂၁ကုဋေနှစ်၆သန်း

မာရ်နတ်သည် ပရနိမ္မိတဝသဝတ္တီနတ်ဘုံမှ သူပုန်နတ်မျိုးဖြစ်၏။

မေး။ သောတာပန်ဖြစ်ပြီးသော်ငြား အိမ်ထောင်သားမွေးမှုဖြင့် လူသားဘဝအတိုင်း ဆက်လက်နေထိုင်သွားကြရင်း လည်းကောင်း၏ ဝစီစရိုက်ကို မထိန်းချုပ်နိုင်ဘဲ (ဘုရား၊ တရား)သာသနာနှင့် စပ်လျဉ်းသော ကိစ္စရပ်အပေါ်၌ ပေါ့ပျက်ပျက် ပျက်ချော်ချော်စကားလုံးများ ပြောမိသူအား မည်သို့သော ဝိပါက်ကြမ္မာတရား ဖြစ်စေနိုင်ပါသလဲ။

ဖြေ။ သောတာပန်သည် ရတနာသုံးပါးကို အသက်နှင့်လဲပြီး ကြည်ညိုသွားသူဖြစ်၍ ဘုရား၊ တရားနှင့် ပတ်သက်ပြီး မည်သည့်ဘဝ၊ မည်သည့်အချိန်တွင်မှ ပေါ့ပျက်ပျက်ပြောဆိုခြင်း မရှိတော့ပါ။ ပြောဆိုနေလျှင်လည်း သောတာပန် မဟုတ်ဟုမှတ်ပါ။

မေး။ ခင်ပွန်းကြီး(၁၀)ပါးတွင် ပါဝင်နိုင်သူတစ်ဦးဦးအား (မသိမှုကြောင့်)ကံတစ်ပါးပါးဖြင့် ပြစ်မှားကျူးလွန်မိသူက ဘုရားရှေ့မှောက်တွင် (ပုဂ္ဂိုလ်အား လုံးမြို့ငုံကာ)ခွင့်လွှတ်ပေးရန် ပန်ကြားရုံမျှဖြင့် အပြစ်လွှတ်နိုင်၊ ကျေနိုင်ပါမည်လား(သဘောမှာ အနီးတွင် မရှိတော့သော ကျူးလွန်ခံပုဂ္ဂိုလ်အား တိုက်ရိုက်မပန်ကြားပဲ ကျေနိုင်ပါမည်လား)

မေး။ ခင်ပွန်းကြီးဆယ်ပါးအပေါ် (မသိမှုကြောင့်) ပြစ်မှားမိခဲ့

www.dhammaransi.com


သည်ရှိသော် အမှန်တကယ်အပြစ်မှ ကျေပျက်အောင် မည်သို့ဆောင်ရွက်သင့်ပါသလဲ။

ဖြေ။ အကြောင်းအရာခြင်းတူသဖြင့် မေးခွန်းနှစ်ခုလုံးကို ပေါင်းဖြေဆိုပေးမည်ဖြစ်သည်။ မဂ်ဖိုလ်မရအောင် တားမြစ်တတ်သော အန္တရာယ် ဆယ်ပါးရှိသည်။ ယင်းတို့မှာ. .

၁။ ကမ္မန္တရာယ်
၂။ ကိလေသန္တရာယ်
၃။ ဝိပါကန္တရာယ်
၄။ အရိယူပဝါဒန္တရာယ်
၅။ အာဏာဝီတိက္ကမန္တရာယ်. . . . . တို့ဖြစ်၏။

ထိုငါးပါးတို့တွင်
ကမ္မန္တရာယ်ဟူသည်-
အမေသတ်သောကံ
အဖေသတ်သောကံ
ရဟန္တာသတ်သောကံ
ဘုရားရှင်ကို သွေးစိမ်းတည်အောင်လုပ်သောကံ
သံဃာသင်းခွဲသောကံ တို့ပင်ဖြစ်၏။

သံဃာသင်းခွဲသောကံဟူသည်- ရဟန်းတစ်ပါးနှင့် တစ်ပါး မသင့်မြတ်အောင် ကုန်းချောခြင်းကို ဆိုလိုသည် မဟုတ်ပေ။ သိမ်ထဲ၌ ဥပုသ်ပဝါရဏာ ပြုသောအခါ ခွဲ၍ပြုခြင်းကို ဆိုလိုခြင်း ဖြစ်၏။ ထို့ကြောင့် သံဃာသင်းခွဲသောကံသည် ရဟန်းပုဂ္ဂိုလ်များမှာသာ ဖြစ်နိုင်၏။ လူပုဂ္ဂိုလ်များမှာ မဖြစ်နိုင်ပေ။

ထိုကံငါးပါးတွင် တစ်ပါးပါးကို ကျူးလွန်မိပါက မည်၍မည်မျှပင် တောင်းပန်တောင်းပန်၊ မည်၍မည်မျှပင် ကုသိုလ်လုပ်လုပ် ငရဲမှ လွတ်နိုင်ခွင့်မရှိတော့ပေ။ သို့သော်-ကုသိုလ်ကောင်းမှုကိုကား များနိုင်သမျှ များအောင် ပြုရမည် ဖြစ်၏။ အဇာတသတ်မင်းသည် သောတာပန်ဖြစ်သောဖခင်ကို သတ်ဖြတ်ခဲ့မိ၏။

သို့သော် ဘုရားရှင် အဆုံးအမ၌တည်ပြီး ကုသိုလ်ကို အဆက်မပြတ်ပြုခဲ့သောကြောင့် အဝီစိငရဲကြီးသို့ ကျရမည့်နေရာမှ လောဟကုမ္ဘီ

www.dhammaransi.com



ငရဲငယ်သို့ ပြောင်းသွားခဲ့ရ၏။ အဝီစိငရဲကြီးဆိုလျှင် သက်တမ်းရှည်လွန်းသဖြင့် နှစ်ဖြင့်ရေတွက်၍မရ၊ ကမ္ဘာဖြင့်သာရေတွက်ရ၏။ လောဟကုမ္ဘီငရဲငယ်ဆိုလျှင် အလွန်ဆုံးအနှစ်ကိုးသန်းသာ ခံရမည် ဖြစ်၏။

ကိလေသန္တရာယ်ဟူသည် ကိလေသာဆယ်ပါးတွင် ပါဝင်သော ဒိဋ္ဌိကိလေသာကို ဆိုလိုခြင်း ဖြစ်၏။ ထိုဒိဋ္ဌိကိလေသာပယ်ပျောက်ရန် ရုပ်နာမ်အပေါ် ငါစွဲပြုတ်ရန် ဟောကြားသော ဝိပဿနာတရားကို များများ နာယူရ၏။

(မှတ်ချက်) စာပေအားသန်သူဖြစ်လျှင် ကျွန်ုပ်တို့ရေးသားသော မဂ်တားဖိုလ်တားအန္တရာယ်များ၊ သညာသိနှင့် ပညာသိစာအုပ်များတွင် ဖတ်ရှုနိုင်သည်။

ဝိပါကန္တရာယ်ဟူသည် ပဋိသန္ဓေနေစဉ်ကတည်းက ဉာဏ်ပညာပါမလာခြင်းပင် ဖြစ်၏။ ဤသို့ဉာဏ်ပညာပါမလာလျှင် ဤဘဝတွင် မဂ်ဖိုလ်ကို မရနိုင်တော့ပေ။ သို့သော် ဝိပဿနာတရားကိုကား နာကြားမြဲနာကြား၊ ကျင့်ကြံမြဲကျင့်ကြံရမည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဒွိဟိတ်ဖြစ်နေသောကြောင့် ယခုဘဝတွင် မဂ်ဖိုလ်ကို မရနိုင်သော်လည်း နောက်ဘဝနတ်ပြည်တွင် မဂ်ဖိုလ်ကိုရနိုင်သောကြောင့် ဖြစ်၏။

ဤနေရာ၌ အရေးတကြီးသိသင့်သဖြင့် ဟိတ်ခြောက်ပါးနှင့် ပုထုဇဉ်လေးမျိုးအကြောင်းကို ရှင်းပြအံ့။ ပဋ္ဌာန်း ၂၄ ပစ္စည်းတွင် ဟေတုပစ္စည်းပါ၏။ ဟေတုဟူသည် ကောင်းကျိုးဆိုးကျိုးကို ဖြစ်စေသော အကြောင်းတရားဟု အဓိပ္ပာယ်ရ၏။ ဟိတ်သည် မကောင်းကျိုးကို ဖြစ်စေသော ဟိတ်သုံးပါးနှင့် ကောင်းကျိုးကို ဖြစ်စေသော ဟိတ်သုံးပါးဟူ၍ စုစုပေါင်း ၆ပါးရှိ၏။

မကောင်းကျိုးကို ဖြစ်စေသော ဟိတ်သုံးပါးကား-

လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်တို့ပင် ဖြစ်၏။

www.dhammaransi.com



## လောဘ၏ ဆိုးကျိုးသုံးခု

သက်ရှိကိုဖြစ်စေ၊ သက်မဲ့ကိုဖြစ်စေ စွဲလမ်းတပ်မက်သော လောဘနှင့်သေလျှင် ပြိတ္တာဘုံသို့ ရောက်၏၊ သတ္တဝါတို့ သန္တာန်တွင် ထိုလောဘစေတ်များပို၍ အားကြီးလာလျှင် ကမ္ဘာကြီးသည် ဒုဗ္ဘိက္ခန္တရကပ်ဟု ဆိုအပ်သော အငတ်ဘေးကြီးဆိုက်၏။ ဗုဒ္ဓစာပေအရ ကမ္ဘာဦး လူများသည် ဖြဟ္မာ့ပြည်က စုတေလာခြင်းကြောင့် အထုံဆက်ပါကာ ဈာန်ပျံနိုင်ကြ၏၊ ကိုယ်ရောင်ကိုယ်ဝါထွန်းလင်းတောက်ပ၏။ လနှင့်နေမရှိသေးသဖြင့် မဲမှောင်နေသော ကမ္ဘာကြီးသည် ကမ္ဘာဦး လူများ၏ ကိုယ်ရောင်ကြောင့် ထွန်းလင်းတောက်ပနေ၏။

ဗြဟ္မစိုရ်တရား၊ ဈာန်တရားများနှင့် နေထိုင်ကြခြင်းကြောင့် လူ့လောကသည် အင်မတန်ချမ်းမြေ့၏၊ ယောက်ျားအင်္ဂါ၊ မိန်းမအင်္ဂါနှင့် ကျင်ကြီးပေါက်များလည်း မရှိကြပေ။ အစာမစားဘဲနေ၍ ရပါလျက် ရသတဏှာ၏တိုက်တွန်းမှုကြောင့် ကမ္ဘာတည်စတွင် ပေါ်ထွက်နေသော မြေဆီလွှာများကို ယူ၍စားကြ၏။

ကြမ်းတမ်းသော အစာများဝင်သွားသောကြောင့် ပြန်ထွက်စရာအနေဖြင့် ကျင်ကြီးပေါက် ကျင်ငယ်ပေါက်များ ပေါ်လာကြ၏။ ထိုသို့ပေါ်လာသောအခါ မိန်းမဘဝအဖြစ်များခဲ့သူများက မိန်းမအင်္ဂါများ ပေါ်လာပြီး ယောက်ျားဘဝအဖြစ်များခဲ့သူများက ယောက်ျားအင်္ဂါများ ပေါ်လာကြ၏။ ထိုအခါ ဆန့်ကျင်ဘက်အင်္ဂါများကို စူးစိုက်ကြည့်ကြရင်း ဖောဋ္ဌဗ္ဗတဏှာများ ပေါ်လာပြီး မထိန်းနိုင်၊ မသိမ်းနိုင်ဖြစ်ကာ အဖိုအမ သံဝါသ အမှုကို ပြုကြ၏။

ထိုသို့သံဝါသပြုသူများကို အရှက်ရှိသူများက တုတ်များ၊ ခဲများဖြင့် ပစ်ပေါက်ကြ၏။ ထို့ကြောင့် ဖောဋ္ဌဗ္ဗာရုံအတွေ့ကို လုံခြုံစွာ ခံစားနိုင်ရန် ဗိုး၊ အိမ်များ ဆောက်လုပ်နေထိုင်သော ဓလေ့ပေါ်ပေါက်လာခြင်း ဖြစ်၏။ ယခုခေတ်မင်္ဂလာဦးညများတွင် ခဲပစ်ကြသည်မှာ ထိုကမ္ဘာဦးက ဓလေ့ပင် ဖြစ်၏။

အချိန်မရွေးယူစား၍ ရသော မြေဆီလွှာများကို လောဘတက်ပြီး နေ့ဖို့ညစာ သိုလှောင်လာကြသောကြောင့် မြေဆီလွှာများ ကွယ်

www.dhammaransi.com



ပျောက်သွားပြီးလျှင် နွယ်ချိုခေါ် လတာနွယ်များ ပေါ်လာ၏။ ထိုနွယ်ချိုများကိုလည်း လောဘတကြီး သိမ်းဆည်းသိုမှီးကြပြန်သောကြောင့် ကွယ်ပျောက်သွားပြန်ပြီး အခွံမဖုံးသော သလေးစပါးပင် ပေါ်ပေါက်လာ၏။

ချက်စရာမလိုဘဲ အသင့်ခူးစားရုံသာ ဖြစ်၏။ ထိုသို့ အသင့်ခူးစား၍ ရပါလျက် လောဘတက်ပြီး သိုမှီးသိမ်းဆည်းကြပြန်သောကြောင့် ကွယ်ပျောက်သွားပြန်ပြီး ယခုခေတ်တွင် တွေ့မြင်ရသည့် စပါးကိုသာ ကိုယ်တိုင်စိုက်ပျိုးပြီး စားသောက်နေကြရခြင်း ဖြစ်၏။ ယခုခေတ်တွင်လည်း ပေါ်ဆန်းမွှေးဆန် အကောင်းစားကို စားချင်ပါလျက် မစားရခြင်း၊ ပဲဆီမွှေးကို စားချင်ပါလျက် မစားရခြင်းတို့သည် အငတ်ဘေး အသေးစားဆိုက်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် မိမိကိုယ်တိုင်ပါဝင်နေသော လောကကြီးကို တကယ်ချစ်ခင်သောသူသည် လောဘကို ပွားအောင် မလုပ်သင့်၊ ပါးအောင်ကုန်အောင်သာလုပ်သင့်၏။

လောဘကိုနိုင်သူသည် လောကကို နိုင်မည် ဖြစ်၏။
လောကကိုနိုင်ခြင်းဟူသည် လောကထက်လွန်မြတ်သော လောကုတ္တရာတရားဖြစ်သည့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရပြီး ရဟန္တာဖြစ်သွားခြင်းကို ဆိုလိုခြင်း ဖြစ်၏။

လောဘဓာတ်သည် ထို့ထက် အလွန်များပြားလာမည်ဆိုလျှင် ကမ္ဘာလောကကြီးသည် မီးလောင်ပြီး ပျက်စီးရ၏။ ကမ္ဘာဖျက်မီးသည် လူသားတို့သန္တာန်မှ လောဘဓာတ်ကြောင့် ပေါ်ပေါက်လာခြင်း ဖြစ်၏။

ငှက်ပျောပင်၊ ပေပင်၊ ဝါးပင်တို့သည် မိမိပင်စည်က ထွက်လာသော အသီးကြောင့် မိမိပြန်လည်သေဆုံးရသကဲ့သို့ ပုထုဇဉ်လူသားများသည်လည်း မိမိစိတ်မှ ပေါ်ထွက်လာသော လောဘဓာတ်ကြောင့် မိမိအပါအဝင် လောကကြီးတစ်ခုလုံး ပျက်စီးရခြင်း ဖြစ်၏။

ထိုလောဘဟိတ်ကို ပယ်သတ်နိုင်သောစိတ်ကား အလောဘဟိတ် ဖြစ်၏။

လောဘဟိတ်သည် ကိုယ့်အတွက် ယူချင်၏။
အလောဘဟိတ်သည် သူတစ်ပါးကို ပေးချင်၏။
လောဘဟိတ်သည် ပြိတ္တာဘုံသို့ ဆွဲချ၏။

www.dhammaransi.com



အလောဘဟိတ်သည် နိဗ္ဗာန်ထိ ဆွဲတင်၏။
လောဘဟိတ်သည် အငတ်ဘေးဆိုက်စေ၏။
အလောဘဟိတ်သည် ဆန်ရေစပါး ပေါများစေ၏။
လောဘဟိတ်သည် ဘ၀အဆက်ဆက် ဆင်းရဲစေ၏။
အလောဘဟိတ်သည် ဘ၀အဆက်ဆက် ချမ်းသာစေ၏။
အရှင်ဒေ၀ဒတ်ကို အဝီစိငရဲကျအောင် လမ်းကြောင်းပေးသူမှာ လောဘဟိတ်ပင် ဖြစ်၏။
သိဒ္ဓတ္ထမင်းသားလေးကို ဘုရားရှင်အဖြစ်သို့ ပို့ပေးသည်မှာ အလောဘဟိတ်ပင် ဖြစ်၏။
တိဿရဟန်း သန်းပြိတ္တာဖြစ်ရသည်မှာ လောဘဟိတ်ကြောင့် ဖြစ်၏။
သုဒ္ဓေါဒနမင်းကြီး -တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရင်း ရဟန္တာ ဖြစ်ရသည်မှာ အလောဘဟိတ်ကြောင့် ဖြစ်၏။

ထိုလောဘဟိတ်ကို ဒါနပြုခြင်း၊ စေတင်ဆောက်တည်ခြင်း၊ အသုဘ ဘာဝနာပွားခြင်း၊ ဝိပဿနာရှုခြင်းတို့ဖြင့် ပယ်သတ်ရ၏။

## ဒေါသ၏ ဆိုးကျိုးသုံးခု

ဒေါသဖြင့် သေလျှင် ငရဲထိကျရ၏။ ဒေါသဟိတ်များ ထိုထက် ပိုများပြားလာလျှင် သတ္တန္တရကပ် ခေါ် လက်နက်ဘေး (စစ်ဘေး) ဆိုက်ရောက်၏။ ဒေါသဟိတ်များ ထို့ထက်များပြားလာဦးမည်ဆိုလျှင် တမ္ဘာလောကကြီးသည် ရေများလွှမ်းမိုးပြီး ပျက်စီးရ၏။ ထိုဒေါသဟိတ်ကို အဒေါသဟိတ်ဖြင့် ပယ်သတ်ရ၏။ အဒေါသဟိတ်ဟူသည် မေတ္တာပင် ဖြစ်၏။

ဂူတစ်ဂူတွင် ခြင်္သေ့နှစ်ကောင် မအောင်းသကဲ့သို့ လူတစ်ဦးတွင် ဒေါသဟိတ်နှင့် အဒေါသဟိတ် နှစ်မျိုးလုံး မအောင်းပေ။ ဒေါသရှိသူတွင် အဒေါသဟိတ် (မေတ္တာ) မရှိနိုင်သကဲ့သို့၊ အဒေါသဟိတ် (မေတ္တာ) အားကြီးသူ သန္တာန်တွင်လည်း ဒေါသဟိတ်နေခွင့်မရပေ။

ဒေါသဟိတ်သည် မိမိသူတစ်ပါးနှစ်ဦးသားလုံး၏ ဆိုးကျိုးကို ဖြစ်စေ၏။

www.dhammaransi.com



အဒေါသဟိတ်(မေတ္တာ)သည် မိမိသူတစ်ပါးနှစ်ဦးသားလုံး၏ ကောင်းကျိုးကို ဖြစ်စေ၏။
ဒေါသဟိတ်သည် ဒုဂ္ဂတိဘုံသို့ ဆွဲချ၏။
အဒေါသဟိတ်သည် သုဂတိဘုံသို့ ဆွဲတင်၏။
ဒေါသဟိတ်သည် အရုပ်ဆိုး အကျည်းတန်စေ၏။
အဒေါသဟိတ်သည် ရုပ်ရည်ချောမောလှပစေ၏။
ဆုပ်ကပ်ကို ဖြစ်စေသည်မှာ ဒေါသဟိတ်ဖြစ်၏။
တက်ကပ်ကို ဖြစ်စေသည်မှာ အဒေါသဟိတ် ဖြစ်၏။
စစ်ပွဲများ ဖြစ်ပေါ်လာသည်မှာ ဒေါသဟိတ်ကြောင့် ဖြစ်၏။
စစ်ပွဲများ ပပျောက်နေသည်မှာ အဒေါသဟိတ်ကြောင့် ဖြစ်၏။
ဒေါသဟိတ်သည် မိမိသူတစ်ပါးနှစ်ဦးသားလုံးကို ပူလောင်စေ၏။
အဒေါသဟိတ်သည် မိမိသူတစ်ပါးနှစ်ဦးသားလုံးကို အေးချမ်းစေ၏။
ဒေါသဟိတ်သည် မသူတော်သန္တာန်၌ အများဆုံးဖြစ်၏။
အဒေါသဟိတ်သည် သူတော်ကောင်းသန္တာန်၌ အများဆုံး ဖြစ်၏။

## မောဟ၏ဆိုးကျိုးသုံးခု

အမှန်မသိမှုမောဟဖြင့်သေလျှင် တိရစ္ဆာန်ဘုံသို့ ရောက်ရ၏။ မောဟဟိတ်များ တိုးပွားလာလျှင် ရောဂန္တရကပ်ခေါ် အနာရောဂါဘေးကြီးဆိုက်ရောက်၏။ ထို့ထက်ပို၍ များပြားလာမည်ဆိုလျှင် ကမ္ဘာလောကကြီးသည် လေဖြင့် ပျက်စီးရ၏။ ထိုဒေါသဟိတ်ကို အမောဟဟိတ်(ပညာ)ဖြင့် ပယ်သတ်ရ၏။

မောဟဟိတ်သည် ဒုစရိုက်အားလုံးကို ဖြစ်ပေါ်စေ၏။
အမောဟဟိတ်သည် သုစရိုက်အားလုံးကို ဖြစ်ပေါ်စေ၏။
မောဟဟိတ်ကြောင့် ဝဋ်ဘုံမှ မလွတ်နိုင်ဘဲ ဒိုနာသေဆင်းရဲကို ခံစားရ၏။

www.dhammaransi.com


အမောဟဟိတ်(ပညာ)ကြောင့် အိုနာသေလွတ်ရာ နိဗ္ဗာန်သို့ ရောက်ရ၏။

မောဟဟိတ်သည် အန္ဓဗာလပုထုဇဉ်ဘဝမှ

အန္ဓပုထုဇဉ်ဘဝသို့ မရောက်အောင် တားမြစ်၏။

အန္ဓပုထုဇဉ်ဘဝမှ ကလျာဏပုထုဇဉ်ဘဝသို့ မရောက်အောင် တားမြစ်၏။

ကလျာဏပုထုဇဉ်ဘဝမှ စူဠသောတာပန် ပုထုဇဉ်ဘဝသို့ မရောက်အောင် တားမြစ်၏။

စူဠသောတာပန် ပုထုဇဉ်ဘဝမှ သောတာပန်ဘဝသို့ မရောက်အောင် တားမြစ်၏။

သောတာပန်ဘဝမှ သကဒါဂါမ်ဘဝသို့ မရောက်အောင် တားမြစ်၏။

သကဒါဂါမ်ဘဝမှ အနာဂါမ်ဘဝသို့ မရောက်အောင် တားမြစ်၏။

အနာဂါမ်ဘဝမှ ရဟန္တာဘဝသို့ မရောက်အောင် တားမြစ်၏။

အမောဟဟိတ်သည် အင်္ဂုလိမာလကဲ့သို့ အန္ဓဗာလပုထုဇဉ် တစ်ဦးအား တစ်ဘဝတည်းဖြင့် ရဟန္တာဘဝသို့ ရောက်အောင် ပို့ဆောင်ပေးနိုင်စွမ်းရှိ၏။

မောဟဟိတ်ကြောင့် မပဏ္ဍာသည် စိတ်ရောဂါသည် ဘဝသို့ ရောက်ရ၏။

အမောဟဟိတ်ကြောင့် စိတ်ရောဂါပျောက်ပြီး ရဟန္တာထေရီမကြီးဘဝသို့ ရောက်ရ၏။

မောဟဟိတ်သည် အကုသိုလ်အလုပ်၌ ပျော်မွေ့စေသည်။

အမောဟဟိတ်သည် ကုသိုလ်အလုပ်၌ ပျော်မွေ့စေသည်။

မလ္လိကာသည် ဘုရားရှင်နှင့်နေ့စဉ် တွေ့ဆုံလျှုတန်းနေရသော်လည်း မဂ်ဖိုလ်မရပဲ ပုထုဇဉ်အဖြစ်နှင့် သေရခြင်းသည် မောဟဟိတ်ကြောင့် ဖြစ်၏။

သာမာဝတီသည် ဘုရားရှင်ကို ပဖူးတွေ့ရသေးသော်လည်း

www.dhammaransi.com



ခုဋ္ဌကထာရာယံမှတစ်ဆင့် တရားနာပြီး သောတာပန်တည်ရခြင်း
သည် အမောဟဟိတ်ကြောင့် ဖြစ်၏။

လောဘဟိတ်ကြောင့် မီးဖျက်သော ကမ္ဘာ၌
အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်
ပထမဈာန်ဗြဟ္မာ့ဘုံသုံးဘုံ လောင်ကျွမ်းပျက်စီးရ၏။
ဒေါသဟိတ်ကြောင့် ရေဖျက်သောကမ္ဘာ၌
နောက်ထပ်ဒုတိယဈာန်ဗြဟ္မာ့ဘုံသုံးဘုံ ပျက်စီးရ၏။
မောဟဟိတ်ကြောင့် လေဖျက်သောကမ္ဘာ၌
နောက်ထပ် တတိယဈာန် ဗြဟ္မာ့ဘုံ သုံးဘုံ ပျက်စီးရ၏။

ဤဟိတ်ခြောက်ပါးကို နားလည်လျှင် ဖော်ပြတော့မည့် ပုထုဇဉ်လေးယောက်ကို သဘောပေါက်မည် ဖြစ်၏။ ပုထုဇဉ်လေးယောက်မှာ-

ဒုဂ္ဂတိအဟိတ် ပုထုဇဉ်
သုဂတိအဟိတ် ပုထုဇဉ်
ဒွိဟိတ် ပုထုဇဉ်
တိဟိတ် ပုထုဇဉ်
တို့ဖြစ်၏။ ထိုတွင်

ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ဟူသည် အပါယ်လေးပါးတစ်ပါးပါး၌ ကျရောက်နေပြီး ကောင်းသော ဟိတ်သုံးပါးလုံး မပါသော သတ္တဝါများကို ဆိုလိုခြင်း ဖြစ်၏။

သုဂတိအဟိတ် ပုထုဇဉ်ဟူသည် ကောင်းသောလူ့ဘုံ၌ ဖြစ်ရသော်လည်း ကောင်းသောဟိတ်သုံးပါးမပါသော မွေးလာကတည်းက ကျိုး၊ ကန်း၊ ဖျင်းအလာသူများပင်တည်း။

ဒွိဟိတ်ပုထုဇဉ်ဟူသည် အလောဘဟိတ်၊ အဒေါသဟိတ် နှစ်ပါးသာ ပါလာသူ ဖြစ်၏။

တိဟိတ်ပုထုဇဉ်ဟူသည် ကောင်းသောဟိတ်သုံးပါးလုံး ပါဝင်လာသူပင် ဖြစ်၏။ ဤနေရာ၌ လူ့ဘုံမှ ပုထုဇဉ်သုံးယောက်အကြောင်းကို အရေးတကြီး သိသင့်သဖြင့် အကျယ်ရှင်းအံ့။ လူချင်းတူပါလျက် အသိဉာဏ်ခြင်း ကွာခြားသွားသည်မှာ အလွန်အံ့သြစရာ ကောင်း၏။

www.dhammaransi.com



သုဂတိအဟိတ်ပုထုဇဉ်သည် မျက်စေ့၊ နား၊ ခြေ၊ လက်စသော အင်္ဂါများချို့ယွင်းလာသည့်အပြင် ကောင်းသော ဟိတ်သုံးပါးလုံး ပါမလာသည့်အတွက် မိမိကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုး၊ လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုး တစ်ခုမှမဆောင်ရွက်နိုင်ဘဲ လေတိုက်ရင်း ပါလာသည့် အမှိုက်စတစ်စပမာသာဖြစ်၏။ ထိုပုထုဇဉ်မျိုးအတွက်-သေသော်မှတည့် ခြော်. . . ကောင်း၏ဟူသောကဗျာ တစ်ပုဒ်ထပ်စပ်သင့်၏။

ဒွိဟိတ်ပုထုဇဉ်ကား. . . အလောဘဟိတ်ပါသောကြောင့် ပေးကမ်းစွန့်ကြဲမှုကိုပြု၏။ အဒေါသဟိတ်ပါသောကြောင့် သူတစ်ပါးကို ပြုစုစောင့်ရှောက်နိုင်၏။ ထို့ကြောင့် ဒွိဟိတ်ပုထုဇဉ်သည် မိမိသူတစ်ပါးအတွက် လောကီကောင်းကျိုးကိုသာ ဆောင်ရွက်နိုင်၏။ အမောဟိတ်ခေါ် ပညာမပါသောကြောင့် မိမိသူတစ်ပါးနှစ်ဦးသားလုံးအတွက် လောကုတ္တရာ ကောင်းကျိုးကိုကား ဆောင်ရွက်မပေးနိုင်။

တိဟိတ်ပုထုဇဉ်ကား ကောင်းသောဟိတ်သုံးပါးလုံးပါသောကြောင့် မိမိသူတစ်ပါးနှစ်ဦးသားလုံးအတွက် လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးနှစ်မျိုးလုံးကို ဆောင်ရွက်ပေးနိုင်၏။ လူ့ဘုံသို့ ရောက်လာရသည်မှာ ကုသိုလ်ကံကြောင့် ဖြစ်၏။ သို့သော် ထိုကုသိုလ်ပြုစဉ်က စိတ်ထားမတူခဲ့ခြင်းကြောင့် ပုထုဇဉ်သုံးမျိုးကွဲပြားရခြင်း ဖြစ်၏။

လူတိုင်းသိသင့်သော ကုသိုလ်လေးမျိုးကို ရှင်းပြအံ့။

## ကုသိုလ်လေးမျိုး

ကုသိုလ်ပြုစဉ်၊ ကံကျိုးမြင်သိ
ဉာဏ်ယှဉ်ဘိက၊ တိဟိတ်ကုသိုလ်
ခေါ်ဆိုရရိုး၊ အကျိုးမမြင်၊
ဉာဏ်မယှဉ်သော်၊ ခေါ်တွင်ဒွိဟိတ်၊
ကုသိုလ်စိတ်တည်း၊ ကြိတ်လိပ်သေ့သပ်၊
ရှေ့နောက်နှစ်ရပ်ဝယ်၊ ညှပ်မှုကုသိုလ်
ဥက္ကဋ္ဌဆိုလော့၊ ထိုထိုနှစ်တန်၊

www.dhammaransi.com



အကုန်ခြံလျှင် တဖန်သြမက
ဆိုတုံကြသည်၊ မှတ်ကြလွယ်ဖို့ အချုပ်တည်း။
(အရှင်ဇနကာဘိဝံသ)

လက်ာပါကုသိုလ်လေးမျိုးကို အများနားလည်အောင် ရှင်းပြအံ့။ ကုသိုလ်သည်

တိဟိတ်ဥက္ကဋ္ဌကုသိုလ်
တိဟိတ်သြမကကုသိုလ်
ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်
ဒွိဟိတ်သြမကကုသိုလ်
ဟုလေးမျိုးရှိ၏။ ထိုလေးပါးတွင်

ဒါနပြုခြင်းဟူသည် ဘဝအဆက်ဆက်က ပါလာသော လောဘ ကိလေသာကုန်ဖို့အတွက် ဖြစ်၏။ လောဘဦးဆောင်သော ကိလေသာ များကုန်မှလည်း နိဗ္ဗာန်ကိုရမည်ဖြစ်၏။ ထို့ကြောင့် ဂုဏ်ရှိဖို့၊ နာမည် ကြီးဖို့၊ ကိုယ်ကျိုးရှိဖို့ကို အဓိကမထားဘဲ တကယ်လိုအပ်သော နေရာ၌ ရှာဖွေလှူဒါန်း၏။

ကုသိုလ်ကံသည် ကောင်းကျိုးပေး၏။ အကုသိုလ်ကံသည် မကောင်းကျိုးပေး၏ဟု ကုသိုလ်ပြုရာ၌ ဉာဏ်ယှဉ်လျက်ပါ၏။ ဒါနပြု ချိန်တွင်လည်း အကုသိုလ်ကြားညှပ်မှုမရှိချေ။ ထိုကုသိုလ်မျိုးသည် အဖြတ် သုံးလည်း ဖြစ် ဟိတ်သုံးပါးလုံးလည်းပါသည့် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ် ဖြစ်၏။ ကုသိုလ်၏ ရှေ့နောက်တွင် အကုသိုလ်ညှပ်ခြင်းဟူသည် လူအထင်ကြီးစေရန် ဆိုင်းငွားခြင်း၊ ဇာတ်ပွဲထည့်ခြင်း၊ သားငါးများကို ပုံသကူသား မဝယ်ဘဲ ကြိုတင်မှာကြားခြင်းမျိုးပင် ဖြစ်၏။

ထိုတိဟိတ်ဥက္ကဋ္ဌကုသိုလ်ကြောင့် လူဖြစ်သောအခါ တိဟိတ် ပုထုဇဉ်လာဖြစ်ရသည်။ ထို့ကြောင့် ကုသိုလ်ပြုတိုင်း ဉာဏ်ယှဉ်ဖို့ အကုသိုလ်ကြားညှပ်မလာဖို့ အထူးဂရုပြုသင့်၏။

ကုသိုလ်ပြုသောအခါ ကံ၏အကျိုးကိုသိမြင်သော ဉာဏ်ကား ပါ၏။ သို့သော် အားမကောင်း၊ အဘယ်ကြောင့်နည်း၊ ကုသိုလ်၏ ရှေ့နောက်တွင် အကုသိုလ်ညှပ်သွားသောကြောင့် ဖြစ်၏။ အကုသိုလ်

www.dhammaransi.com



ညှပ်ပုံမှာ နည်းမျိုးစုံရှိ၏။ မြို့တစ်မြို့မှ ရိပ်သာစွဲ၊ ဆရာစွဲအားကြီးသော ဒကာတစ်ယောက်သည် ရိပ်သာတစ်ခုတွင် အုတ်တံတိုင်းကြီးခတ် လှူ၏။ တစ်ရက်တွင် ထိုရိပ်သာဆရာတော်က ယောဂီများ ဉာဏ်ပညာထက်မြက်စေရန် တခြားဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများကိုပါ ဟောကြားပေး၏။

သူစွဲလမ်းသော တရားနည်းကို မဟောဘဲ တခြားနည်းတွေကို ဟောရပါမည်လောဟု ဒေါသဖြစ်ခါ သူလှူထားသော အုတ်တံတိုင်းများကို အကုန်ဖျက်ဆီးပစ်၏။ ဤကား ပုဂ္ဂိုလ်စွဲ၊ တရားစွဲကြောင့် မိမိပြုသော ကုသိုလ်တွင် အကုသိုလ်ညှပ်ပါသွားခြင်းပင် ဖြစ်၏။ ထိုကုသိုလ်မျိုးကို တိဟိတ်ဩမကကုသိုလ်ဟု ခေါ်၏။ အကုသိုလ်ညှပ်လာမှုကြောင့် ယှဉ်လာသော ဉာဏ်သည် အားသေးညံ့ဖျင်းသွားခြင်း ဖြစ်၏။

ရန်ကုန်မြို့၌ တောတောင်များသို့ လှည့်လည်၍ ဘုရားတည်နေသော သူဌေးတစ်ယောက်ရှိ၏။ တစ်ခါတွင် စစ်ကိုင်းဘက်မှ မိဘမဲ့ကလေးများကို ကျွေးမွေးစောင့်ရှောက်နေသော ပရဟိတဆရာတော်တစ်ပါးသည် ကလေးတွေ များလာပြီး နေဖို့၊ စားဖို့ မလုံလောက်သောကြောင့် ထိုသူဌေးထံ အကူအညီလာတောင်း၏။ ထိုသူဌေးက ဘုရားတည်သည့် သာသနာပြုလုပ်ငန်းသာ ဝါသနာပါသည်။ ကျန်တာ ဝါသနာမပါဟု ပြောလွှတ်လိုက်၏။

ဤသူဌေး၏ ကုသိုလ်မျိုးသည် သူတစ်ပါး ဘုရားတည်တာတွေ့၍ လိုက်တည်ခြင်းသာ ဖြစ်ခြင်းကြောင့် ဉာဏ်ပညာမပါပေ။ သို့သော် ကုသိုလ်၏ရှေ့နောက်တွင် အကုသိုလ်ကား မညှပ်။ ဤကုသိုလ်မျိုးကို ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ဟု ခေါ်၏။ ပြခဲ့ပြီး တိဟိတ်ဩမက ကုသိုလ်ရှင်နှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ရှင်တို့သည် နောက်ဘဝလူဖြစ်သောအခါ ဉာဏ်မပါသော ဒွိဟိတ်ပုဂ္ဂိုလ်များဖြစ်ကြရ၏။

(မှတ်ချက်) သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးသည် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမသာသနာပင် ဖြစ်၏။ ထိုသိက္ခာသုံးပါး လူသားတို့ ရင်ထဲ ရောက်သွားအောင် စာသင်တိုက်များဖွင့်၍ သင်ကြားပို့ချပေးခြင်း၊ ရိပ်သာများဖွင့်၍ ဓမ္မကိုဟောကြားပြသရေးသားပေးခြင်းများသည် သာသနာပြုခြင်းပင် ဖြစ်၏။

www.dhammaransi.com



ထိုစာသင်တိုက်ကြီးများ၊ ရိပ်သာကြီးများ ရေရှည်တည်တံ့အောင် ပစ္စည်းလေးပါးလှူတန်းခြင်း၊ တရားပွဲများ ကျင်းပခြင်း၊ ယဉ်ကျေးမှု စာမေးပွဲများ ကျင်းပပေးခြင်းသည် သာသနာပြုခြင်းပင် ဖြစ်၏။ ဘုရားတည်ခြင်းကို သာသနာပြုခြင်းဟု မခေါ်နိုင်၊ ဒါနပြုခြင်းဟုသာ ခေါ်ရသည်။

ကုသိုလ်လေးမျိုးတွင် ဒွိဟိတ်ဩမကကုသိုလ်ကား အညံ့ဆုံးပင် ဖြစ်၏။ ကုသိုလ်ပြုစဉ်တွင် ဉာဏ်လည်းမပါ၊ ကုသိုလ်၏ ရှေ့နောက်တွင်လည်း အကုသိုလ်ညှပ်နေခြင်းကြောင့် ထိုကုသိုလ်မျိုး အကျိုးပေးသောအခါ မွေးကတည်းက ကျိုးကန်းလာ၊ ဖျင်းအလာသော သုဂတိ အဟိတ်ပုထုဇဉ်မျိုးသာ ဖြစ်ရတော့၏။

ထိုအလှူမျိုးကို မြင်သာအောင် ပုံစံပြအံ့။

မြို့တစ်မြို့မှအလှူရှင်တစ်ဦးသည် သိန်းသုံးဆယ်ကျော် အကုန်အကျခံကာ ရှင်ပြုနားသအလှူလုပ်၏။ ထိုသိန်းသုံးဆယ်တွင် ရှင်လောင်းလှည့်ရန် ဆင်များ၊ မြင်းများ၊ ကားများငှားသည့်အတွက် (၁၅)သိန်းကုန်ကျ၏၊ နာမည်ကြီးဆိုင်းဝိုင်းအတွက် (၆)သိန်းကုန်ကျ၏။ နာမည်ကျော် ဘိသိက်ဆရာအတွက် (၂)သိန်းကုန်ကျ၏။ မဏ္ဍာပ်နှင့် ရှင်လောင်းဝတ်စုံအတွက် (၂)သိန်းကုန်ကျ၏၊ တကယ်ကျွေးမွေးသည်က (၅)သိန်းဖိုးခန့်သာရှိ၏။

ဤငါးသိန်းသာ ကုသိုလ်ရ၏။ ကျန် ၂၅ သိန်းအတွက်ကား မည်သည့်ကုသိုလ်မှမရပေ။ ထိုကဲ့သို့ ဉာဏ်လည်းမယှဉ်၊ အကုသိုလ်လည်း ညှပ်သော ဒါနကုသိုလ်သည် နောက်ဘဝတွင် သုဂတိအဟိတ်ပုထုဇဉ်မျိုးကိုသာ ဖြစ်စေမည်ဟု သေချာ၏။ ထိုကဲ့သို့သော အလှူမျိုးကို ကြည့်၍ ချောက်မြို့မှ ကဗျာဆရာတစ်ယောက်က ဤကဗျာကို ရေးစပ်ခဲ့၏။

## တစ်သိန်းကျော်အလှူ

ရွာစားငှားတာ လေးသောင်းပါ
မင်းသမီးလူရွှင်တော် သုံးထောင်ကျော်

www.dhammaransi.com



ခါတ်ပုံရိုက်ခ ခြောက်ထောင်ကျ
ရှင်လောင်းဝတ်စုံ ငါးထောင်ကုန်
ကျွေးမွေးစရိတ် ကိုးသောင်းအစိတ်
သံဃာတော်မြတ် ငါးဆယ်ကျပ်
အားလုံးပေါင်းသော် ပာစ်သိန်းကျော်
နတ်လူသာဓုခေါ် စေသော်. . .။

စိုးမောင်မောင်(ချောက်)

(၁၉၉၀)ခုနှစ်အချိန်က အလှူပွဲတစ်ခုကို ရည်ညွှန်းစပ်ဆိုထားခြင်း ဖြစ်၏။

ဤကား မဂ်တား၊ ဖိုလ်တားအန္တရာယ်ငါးပါးအနက်မှ ဝိပါကန္တရာယ် အကြောင်းကို အရေးတကြီး သိထားသင့်သဖြင့် အကျယ်ချဲ့ပြခြင်းတည်း။ လေးခုမြောက်အန္တရာယ်မှာ အရိယူပဝါဒန္တရာယ် ဖြစ်၏။အရိယာကို ပြစ်မှားစော်ကားမိပြီး တောင်းပန်ကန်တော့ခြင်း မပြုလျှင် မဂ်ဖိုလ်ကို မရတော့ပါ။ တောင်းပန်ကန်တော့လျှင်ကား အပြစ်များ ပြေပျောက်ပါသည်၊

ပြစ်မှားခံရသော အရိယာပုဂ္ဂိုလ်ရှိသေးလျှင် ရှေ့တွင်သွားရောက်၍ ဝန်ချကန်တော့ရမည်။ သေဆုံးသွားခဲ့လျှင် အုတ်ဂူ၊ မြေပုံကိုကန်တော့တောင်းပန်ရမည်။ မြှုပ်ထားသော နေရာကို မသိခဲ့လျှင် ဆရာတော်၊ သံဃာတော်များရှေ့တွင် ကျူးလွန်မိသည်ကို ဖော်ပြောပြီး တောင်းပန်ကန်တော့ရသည်။

ငါးခုမြောက် အန္တရာယ်မှာ အာဏာဝီတိက္ကမန္တရာယ်ဖြစ်၏။ ဘုရားရှင်၏ ပညတ်တော်မူထားသော ရဟန်းဝိနည်းတော်များကို ဖောက်ဖျက်ကျူးလွန်ပြီး အပြစ်ပြေပျောက်အောင် ကုစားခြင်း မပြုသော ရဟန်းများသာ ဤအန္တရာယ်သင့်ရောက်နိုင်သည်။ လူပုဂ္ဂိုလ်များ မသင့်ရောက်နိုင်။

ရဟန်းတော်များ စောင့်ထိန်းရသော ၂၂၇သွယ် သိက္ခာပုဒ်များတွင်

www.dhammaransi.com



မေထုန်ကျူးလွန်ခြင်း၊
တစ်မတ်၊ တစ်မတ်တန်သော ပစ္စည်းကို ခိုးယူခြင်း၊
လူသတ်ခြင်း၊ အောက်ထစ်ဆုံး ကိုယ်ဝန်ပျက်ဆေးပေးခြင်း၊
ဈာန်မဂ်ဖိုလ်ကို မရဘဲ ရသည်ဟု ပြောခြင်း၊

ဤလေးပါးကို ကျူးလွန်မိလျှင် အပြီးအပိုင် လူဝတ်လဲရသည်။ ဤဘဝတစ်လျှောက်လုံး ရဟန်းပြန်ဝတ်ခွင့်မရတော့ပေ။ ကျန် ၂၂၃ပုဒ်ကို ကျူးလွန်မိလျှင်ကား ပျောက်ကင်းအောင် ကုစား၍ရသည်။

(မှတ်ချက်) ၂၂၇ သွယ် သိက္ခာပုဒ်နှင့် ပတ်သက်သော ဇာတ်လမ်းများကို သိလိုလျှင် အရှင်ဇနကာဘိဝံသရေးသားသော ဘုရားဥပဒေတော်ကြီးစာအုပ်ကိုဖတ်ပါ။

မေး။ နတ်ဝင်သည်တစ်ချို့မှာ နတ်(အစစ်)ဝင်ချိန်တွင် ပင်ကိုယ်စိတ် ပျောက်နေသည်ဟု ဆိုကြပါသည်။ Accident ခေါ် မတော်တဆမှု ဖြစ်ချိန်တွင်လည်း သတိလွတ်စိတ်ပျောက်နေတတ်ရာ ၎င်းသဘောနှစ်ခုတူပါသလား၊ ယိုအချိန်မျိုးတွင်မိမိ၏ ပင်ကိုယ်စိတ်သည် မည်သည့်နေရာများသို့ ရောက်နေနိုင်ပါသလဲ၊ မည်သို့ဖြစ်နေနိုင်ပါသလဲ။

ဖြေ။ ယင်းသဘောနှစ်ခု တူပါသည်။ ပကတိစိတ်သည် ပျောက်သွားသည် မဟုတ်ပါ။ ဝီထိစိတ်မှ ဘဝင်စိတ်သို့ ပြောင်းသွားခြင်းဖြစ်၏။ ဝီထိစိတ်ကား အာရုံငါးပါးကို အာရုံပြုပြီး ကွဲပြားစွာ သိသည်။ ဘဝင်စိတ်ကား ထိုသို့မသိနိုင်။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တစ်မျိုးမျိုးကိုသာ အာရုံပြုနိုင်သည်။

နတ်က လူကို ဝင်ပူးပြီး စကားပြောဆိုသောအခါ အားနည်းနေသော လူ၏ဘဝင်စိတ်ကို အားကောင်းသော သူ၏ ဝီထိစိတ်ဖြင့် မိုပြီး အမိန့်ပေးစေခိုင်းခြင်းဖြစ်သည်။ နတ်ဝင်ချိန်တစ်လျှောက်လုံး ဘဝင်စိတ်သာဖြစ်နေခြင်းကြောင့် လူသည်အိပ်ပျော်နေသည့် သဘောမျိုးဖြစ်နေ၏။

ထို့ကြောင့် နတ်ထွက်သွားသောအခါ အိပ်ယာမှ နိုးလာကာစလူလို ဘာမျှမသိခြင်းဖြစ်၏။ ယို့အတူ သတိမေ့သွားခြင်းဆိုသည်မှာလည်း ဝီထိစိတ်မဖြစ်နိုင်ဘဲ ဘဝင်စိတ်ဖြစ်နေခြင်းသာ။ ထို့ကြောင့်

www.dhammaransi.com



သတိရလာချိန်တွင် သတိလစ်နေစဉ်က အကြောင်းကိုဘာမျှ ပြန်မပြောနိုင်ခြင်းဖြစ်၏။

(မှတ်ချက်)။ မေးခွန်းတွင်ပါသည့်အတိုင်း နတ်ဟူ၍ ဖြေဆိုရသော်လည်း နတ်ပြည်ခြောက်ထပ်၌ရှိသော နတ်များသည် လူများကိုဝင်ပူးဖို့နေနေသာသာ လူတို့၏အပုပ်နံ့ကို မခံနိုင်သောကြောင့် ယူဇနာတစ်ရာ (မိုင်ရှပ်ရာ) အဝေးမှ ရှောင်ကြဉ်၏။ တကယ်ပူးကပ်သူများသည် နတ်အမည်ခံပြိတ္တာများသာ ဖြစ်သည်။

**အရှင်ဇဝန**
**မေတ္တာရှင်**
**(ရွှေပြည်သာ)**